
www.burmeseclassic.com



www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဖခနတျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

5 OCT 2012

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# သျှင်မ

# နန်းထိုက်ဗေဒါ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၅၄၅၁၂၁၁

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၄၈၇၁၂၁၁

အကြိမ် – ပထမအကြိမ်၊
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
နန်းထိုက်မေဒါ/သျှင်မ၊ –ရန်ကုန်။ ရွှေသမင် စာပေ၊
၂၀၁၂။
၄၃၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) နန်းထိုက်မေဒါ



## အခန်း (၁)

မျက်လုံးတွေ ပြာသွားအောင် ပြိုးပြက် ဝင်းထိန်သွားသည့် လျှပ်စီးရောင်ကြောင့် နောက်ဆက်တွဲ ပါလာမည့်အသံကို သိလိုက်ကာ အားသွန်ပြေးနေရင်း နားနှစ်ဖက်ကို ဖိပိတ်ထားလိုက်မိသည်။

"ဂျိမ်း .. ဒလိန်း .. ဒိန်း .."

အသံကြောင့် တစ်ကိုယ်လုံး တုန်ခါမြောက်တက်သွားသလိုပင်။ မိုးခြိမ်းလိုက်တာလား .. မိုးကြိုးပစ်သည်လား ..။

ဘာမှန်းမသိသော်လည်း ထိုအသံ၏ ပြင်းထန်သော တုန်ဟီးမှုမှာ နှလုံးခုန်ရပ်၍ နေရာမှာတင် တုံးခနဲ လဲကျ သေဆုံးသွားချင်သည်။

"ဂျိမ်း .. ဒိန်း .."

မိုးခြိမ်းသံတွေက အနိမ့်အမြင့် မညီညာစွာ ကောင်းကင်ယံမှာ ဒေါသထန်နေဆဲ ..၊

မိုးစက်တို့သည် မြေပြင်ထက်က အရာဝတ္ထုမှန်သမျှကို 'ဒီတစ်မိုးနှင့် မျောပါစေ' လို့များ အပြီးသတ် သုတ်သင်လိုသည်လား မသိ။

ညရယ် .. လေရယ် .. မိုးရယ် .. အငြိုးကြီးကြီးနှင့် စစ်ခင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲမှာ ပြေးနေသည့် သူမကတော့ လျှပ်စီးလက်သွားပြီဆို
နားတွေကိုပိတ်၍ မိုးခြိမ်းသံတွေ ငြိမ်သွားခိုက်မှာ အားသွန်ပြေးရင်း
ခြေချရာ မြေပြင်သည် မြေပြင်မဟုတ်တော့ဘဲ ရေပန်းရေဖွားတွေ ဖွေး
ဖွေးလှုပ် စင်ထွက်နေကြ၏။

အားကောင်းလွန်းသည့် မိုးရေတွေထဲမှာ မျက်ရည်စက်တွေက
အနိုင်လုဖို့ ကြိုးစားပေမယ့် မိုးထဲမှာပဲ ပျောက်ပျက်ကြလေသည်။

'တပည့်တော်မ ဒီဘဝ ဒီဝဋ်ကြွေးနဲ့ပဲ သေဆုံးသွားပါရစေ'

'ဘယ်တုန်းကမှ ကံမကောင်းခဲ့တဲ့ တပည့်တော်မအပေါ် မိုး
လိုက်ရွာမနေဘဲ မိုးကြိုးဆယ်စင်းမက တစ်ပြိုင်တည်း ပစ်ချပေးပါ'

ပြေးနေရင်း တရှိုက်ရှိုက် ငိုမိသည်။ မရပ်မနားပြေးရင်း နောက်
ကို လှည့်ကြည့်မိလျှင် မိုးစက်တို့ကို တိုးမပေါက်နိုင်သော ကားမီးလုံး
နှစ်လုံး၏ မှုန်ဝါးဝါး အလင်းရောင်ကို မြင်လိုက်ရသည်။

ပြေးစမ်း ..

နင့်နောက်မှာ ရောက်နေပြီ၊ ပြေးနေတော့ 'အလွမ်းမခ' ..၊

ဒီလူ့လက်ထဲမှာ ပြန်မိသွားရင် ညည်းဘဝ သွားပြီ ..၊ မပြေးရလွန်းလို့
ခြေထောက်နဲ့ မြေကြီး ထိရဲ့လားလည်း မသိတော့..၊

ကိုယ့်ကိုယ်ကိုယ် ပြေးနေတာလား၊ လေထဲမှာ ပျံဝဲနေပြီလား
ထင်မိသည်။ ခါးထိရှည်သည့်ဆံပင်တွေကြောင့် ရေစိုပြီး ပိုလေးနေ
သလိုလို ..၊ ပြေးနေရင်း နောက်ပြန်ရောက်နေသလိုလို ..၊

"ညည်း ထွက်ပြေးရင်တော့ ငါ့မျက်နှာကို နောက်တစ်သက်ထိ
မမြင်ရတော့ဘူးမှတ် .."

"လူရှုပ်လူပွေ ဘာဖြစ်လဲ .. သူ့ဟာသူ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့
ယောကျ်ားလေးပဲ၊ ပန်းကန်ပေလို့ ဆေးတာကမှ ကြာဦးမယ်၊ ကိုယ့်
လက်ထဲမှာ ကောင်းသွားရင် ပြီးရောပေါ့"

"ညည်း ယူကို ယူရမှာနော်"





"လာခေါ်ရင် လိုက်သွား .. ပြုံးပြုံးရယ်ရယ် ဆက်ဆံ"

"ညည်းရဲ့အိမ်ထောင်ရေးကို ကောင်းအောင် စီစဉ်ဖို့ ငါ့မှာ အခွင့်
အရေး အပြည့်ရှိတယ်၊ ဘယ်သတ္တဝါကိုမှ ငါ ဂရုစိုက်မှာ မဟုတ်ဘူး"

ဟင့်အင်း ..၊ မဟုတ်ဘူး .. အမေပြောတာတွေ ဘာမှမဟုတ်ဘူး..၊

အရူးလို ပြောမိရင်း နောက်ပြန်လှည့်ကြည့်ကာ ထပ်ချပ်မကွာ
ပါလာသည့် ကားမီးရောင်ကြောင့် အံကြိတ်၍ ရှေ့ပြန်အလှည့် ...

"ဒိန်း .."

လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းသံက တစ်ပြိုင်တည်း ..။

မျက်လုံးထဲမှာ ပြာသွားသည်။ ပြာသွားသည့် အာရုံထဲမှာ ဘွားခနဲ
ပေါ်လာသည့် ရှေ့တည့်တည့်က ကားမီးရောင်ကိုတော့ သိလိုက်သေး၏။

"အား!..."

ပိန်းပိတ်အောင် ရွာနေသည့် မိုးရေထဲမှာ သူ့မမြင် ကိုယ့်မမြင်နှင့်
အနီးကပ် ရင်ဆိုင်မိကာမှ ဘယ်ဘက်ကမှ အရှိန်မထိန်းနိုင် ..။တစ်
ယောက်ယောက်ကို တိုက်မိလိုက်ပြီဆိုတာ သူ သိလိုက်သည်။ အရိပ်ပုံစံ
အရ မိန်းကလေးဆိုတာလည်း သိနေ၏။ ထိုးကို ဆွဲယူကာ ကားပေါ်က
ဆင်းတော့ ထီးမပွင့်သေးခင် တစ်ကိုယ်လုံး စိုရွှဲသွားသည်။

"သေပြီလား မသိဘူး"

ကားရှေ့မှာ ပုံကျလဲနေသဖြင့် တိုက်မိလိုက်တာတော့ သေချာ
သွားသည်။ ညအမှောင်ထဲမှာပေမယ့် မိုးကြောင့်သာ ရှေ့ကို မသဲကွဲပေ
မယ့် လမ်းပေါ်မှာ ကားသွားကားလာတွေတော့ ရှိနေသေးသည်။

လူတွေမြင်သွားမှ ပိုရှင်းရခက်တော့မှာမို့ မိန်းကလေးကို လှုပ်နှိုး
မနေတော့ဘဲ ထီးကို ဒီတိုင်း ချထားလိုက်ပြီး သူမကို ပွေ့ယူလိုက်၏။

ထီး ပြန်ကောက်ပြီး ကားထဲဝင်မိချိန်တွင် ကားတစ်စီး ဖြတ်သွား
လျှင် သက်ပြင်းရှည်ကြီး ချလိုက်မိ၏။ ပြီးမှ အတွင်းမီးကို ဖွင့်လိုက်ကာ
ဆားမှာ ခွေခွေခေါက်ခေါက်လေး ပုံကျနေသည့် မိန်းကလေးကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဝင်းစိုသည့် မျက်နှာလေးမှာ မျက်ခုံးလေးတွေက ထူတန်းနေသည်။ နှုတ်ခမ်းလေးတွေကတော့ ပြာမည်းနေလေသည်။

သနပ်ခါးရောင် အပွင့်ရိုပ်လေးတွေပါသည့် ရှန်သားအကျီလေးက သူမကိုယ်မှာ တစ်သားတည်းကပ်နေသဖြင့် မျက်လုံးရောက်သွားသည့်နေရာမှာ အမြင်မတော် ..။

မျက်လုံးကို ချက်ချင်း ပြန်လွှဲ၍ ကားစက်နှိုးလိုက်မိ၏။

မဟုတ်သေးဘူး .. သူမ အသက်ရှိနေသေးလား၊ သေသွားပြီလားဒါ သိဖို့ လိုတာ ..။ မီးပြန်မှိတ်ကာ ဓာတ်မီးသေးသေးလေးကိုပဲ ယူဖွင့်၍ မျက်နှာကွက်ကွက်လေးကို ထိုးထားရင်း ...

"ဟိတ် .. ဒီမှာ .."

သူမ ပါးလေးကို လက်ခုံနဲ့ကပ်တွန်း၍ လှုပ်ခါခါမိသည်။ ထို့ပြင် ကော့ချွန်နေသည့် နှာတံလေးမှာ လက်ညှိုးနဲ့ ကပ်ကြည့်၏။ ကိုယ့်မှာလည်း ဆရာဝန် မဟုတ်တော့ ခက်သည်။ လူသေလူရှင် ဘယ်လိုကွာသလဲဆိုတာလည်း တစ်ခါမှ ကိုယ်တိုင် စမ်းကြည့်ဖူးတာ မဟုတ်။

"ဒီမှာ ညီမ .. ဟိတ် .."

မျက်နှာချင်းနီးအောင် ပိုငုံ့ကြည့်၍ နှာခေါင်းကိုပဲ အသက်ရှူမရှူ သေချာ စမ်းကြည့်ရသည်။ သေချာသွားတာက သူမ မသေသေး ..။

ဆွမ်းခံတုန်း ငှက်သင့်တာ မဟုတ်၊ အပြန်နောက်ကျကာမှ မိုးကြောင့် အကုသိုလ် အတုံးလိုက်ဝင်တာ ဖြစ်သည်။

ဘယ်မှာ ဒဏ်ရာအကြီးအကျယ် ဖြစ်သွားသလဲ မသိရသေးပေမယ့် လူမသေဖို့သာ အရေးကြီးဆုံး ..။

"မသေလိုက်ပါနဲ့ မယ်မင်းကြီးမရယ်"





အခန်း [ ၂ ]

"သတိရလာပြီ .. အန်တီရေ .. သတိရပြီ .."

မျက်လုံးတွေ သေချာဖွင့်လို့မကောင်းသေးခင် မိန်းကလေးသံ စူးစူးလေးကို ကြားလိုက်ရသည်။

"ဒီမှာ အစ်မ .. အစ်မ သတိရတာ ဟုတ်တယ်နော်"

သူမ မြင်တာက ဖြူဝင်းနူမွတ်နေသည့် မျက်နှာလေးဖြစ်ကာ နားကွင်းဝိုင်းကြီး တလှုပ်လှုပ်နှင့် ..၊ ပြီးတော့ မျက်နှာကြက်ဖွေးဖွေး၊ ပြာလဲ့သော လိုက်ကာရှည်ကြီးတွေ တစ်ဖက်စီနှင့် ပစ္စည်းတွေ ရှုပ်ယှက်ခတ်အောင် မရှိဘဲ ခမ်းနားကျယ်ဝန်းသည့် အိပ်ခန်း ..။

ထိုစဉ် တံခါးပွင့်သွားကာ အသက်ငါးဆယ်လောက် လှပချောမွေ့နေဆဲ အမျိုးသမီးကြီးတစ်ဦး ဝင်လာ၏။ သူမနောက်မှာ ယောကျာ်းတစ်ယောက် ..။ သူမ ဘယ်သူ့ကိုမှ မသိ ..၊

"မျက်လုံးတွေကတော့ ကြည်ကြည်လင်လင်ပါပဲ"

အမျိုးသမီးကြီးက ပြောတာဖြစ်ကာ ခုတင်ဘေးက အသင့်ရှိနေသည့်ခုံမှာ ထိုင်လိုက်သည်။

"သူ ဘာမှမပြောဘူး အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချင်း မျက်လုံးချင်းဆုံပြီးမှ ...

"မင်း ကောင်းကောင်း သတိရပြီမို့လား၊ နည်းနည်းပါးပါး လှုပ်ရှားကြည့်လေ .. ဘယ်မှာ ထိခိုက်ဒဏ်ရာ ဖြစ်သွားသလဲလို့"

ထိခိုက်ဒဏ်ရာဆိုကာမှ ကိုယ့်ကိုယ်ကိုယ် ကားတိုက်မိခဲ့တာကို သတိရ၏။ လှုပ်ရှားလိုက်မိသည်နှင့် ခါးစပ်က အောင့်တက်သွားပေမယ့် သူမ မပြောဖြစ်ပါ ..။

"ဟော့ .. မင်းကို မေးနေတာလေ"

မထိုင်ဘဲ ဘေးမှာ စိတ်စောစွာ ရပ်ကြည့်နေသူက စိတ်မရှည်သံနှင့် ထပ်ဆင့်မေး၏။

"ပြောလေ .. မင်းပြောမှ ဘာဆက်လုပ်ရမယ်ဆိုတာ သိမှာ"

"အန်တီ သူ .. သူ ကြည့်နေပုံက ကားတိုက်ခံရပြီး အတိတ်တွေ ဘာတွေများ မေ့ .."

"အို .. မဖြစ်နိုင်တာ"

အန်တီဆိုသည့် အမျိုးသမီးကြီးမျက်နှာမှာ နူးညံ့မှုတွေ ချက်ချင်းပျောက်ဆုံးသွားကာ ...

"ခေါင်းမှာ ဘာဒဏ်ရာမှ မရှိဘူး၊ အဲဒါ သေချာစစ်ကြည့်ပြီးပြီ၊ ဒီမှာ မိန်းကလေး .. ပြောစရာရှိတာကို ပြောပါ၊ ဘယ်သူမှ အလုပ်မရှုပ်အောင်ပေါ့၊ ညဦးလည်းနက်နေပြီ၊ ညဘက်ကြီး လမ်းပေါ်မှာ သွားလာနေတယ်ဆိုတော့ မင်းမှာလည်း ကိစ္စရှိနေမှာပါ၊ ည ဆယ့်နှစ်နာရီ ဆိုပေမယ့် အချိန်မနှောင်းသေးဘူးလို့လည်း သတ်မှတ်နိုင်တယ်လေ၊ မင်း ဒဏ်ရာရသွားသလား .. ရတယ်ဆိုရင် ဒီညတော့ ဒီမှာပဲထားပြီး မင်းအိမ်ကို အကြောင်းကြားပေးမယ်၊ မရဘူးဆိုရင် အချိန်မီ ပြန်ပို့ပေးမယ်"

'ပြန်ပို့မယ်'ဆိုပါလား ..၊ 'မင်းအိမ်ကို အကြောင်းကြားပေးမယ်' ဆိုရင် ဘယ်အိမ်ကို ညွှန်ပြရမှာလဲ ..၊

မျက်ရည်တွေက ဖိတ်စာမယို အကြောင်းမကြားရဘဲ အားကောင်း





မောင်းသန် ပြည့်သိပ်လာကြသည်။ နှုတ်ခမ်းကို ဖိကိုက်ထိန်းချုပ်ပေမယ့် နှုတ်ခမ်းသားတွေကပါ လှုပ်ခတ် ရုန်းကန်နေကြ၏။

"မင်း ငိုနေလို့တော့ မပြီးဘူးနော်"

"ခဏနေပါဦး အန်တီ .. သူ တစ်ခုခု ပြောပါလိမ့်မယ်"

"ပြောပါလိမ့်မယ်ဆိုတာက အန်တီတို့က သည်းခံ စောင့်ဆိုင်းသလို အချိန်တွေက စောင့်နေမှာ မဟုတ်ဘူးလေ၊ မိန်းကလေးဖြစ်နေလို့ ဒါ ပိုအရေးကြီးတာ"

"ကျွန်မ .."

စကားသံလေး ထွက်လာတော့ ပြောလက်စအသံတွေ တိတ်ကျသွားသည်။ ပက်လက်လေးရှိနေရာက ထထိုင်ဖို့ ကြိုးစားလျှင် နားကွင်းဝိုင်းနဲ့ ကောင်မလေးက အနားတိုးလာပြီး ကူညီ၏။

နေရာတကျ ထိုင်လိုက်မိသော်လည်း ခါးညွတ်လို့မရဘဲ တောင့်တောင့်လေး ထိုင်နေလိုက်ရကာ ...

"ကျွန်မနာမည် 'အလွမ်းမခ'ပါ"

'လှသားပဲ'ဆိုသည့်အသံလေး နားကွင်းဝိုင်းလေးဆီက ထွက်လာသည်။

"ကျွန်မ အတိတ်မမေ့ပါဘူး၊ ဒါပေမယ့် ဘာပြောရမှန်း မသိလို့ပါ"

အမျိုးသမီးကြီး မျက်မှောင်ကုတ်သွား၏။ ပြီးမှ ပြေပြစ်အောင် ပြုပြင်လိုက်၍ ...

"မသိပေမယ့် သိနေတာတွေ ရှိမှာပါ၊ တစ်ခုခုကို စပြောလိုက်ပေါ့၊ မင်းမိဘတွေက ဘယ်သူလဲ .."

မခ အသံလေး တိတ်နေပြန်သည်။ အခေါ်ဖြစ်သူ စိတ်တိုင်းမကျတာကို မောင်နှမနှစ်ယောက်စလုံး သိနေကြသဖြင့် ...

"ဒီမှာ ညီမ .. မင်းကို ကိုယ့်ကားနဲ့ တိုက်မိလို့ ဒီခေါ်လာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နာမည်က 'ရလဒ်ကောင်း' .. ညီမလေးက 'ဆုလာဘ်ခင်' .. အန်တီ့နာမည်က ဒေါ်ခင်နွယ် တဲ့၊ အတွေ့ထွေရောဂါ အထူးကု ဆရာဝန်"

ရလဒ်ကောင်း ဆိုသူက သူ့ဟာသူ ခုံဆွဲထိုင်လိုက်ရင်း မိတ်ဆက်ပေးသည်။ စပို့ရှပ်လက်တို အဖြူရောင်၊ ချည်ချောပုဆိုးကွက်စိပ်နှင့် နဖူးက လိုတာထက် ပိုကျယ်နေသလို ထင်ရသည်။

နှာခေါင်းကလည်း နှာတံပေါ်သည်ဆိုတာထက် ခပ်ပွပွနှာခေါင်းကြီးတာမျိုး၊ ဒါပေမယ့် ခပ်သွယ်သွယ်မျက်နှာပေါ်မှာ ထိုအစိတ်အပိုင်းတွေက ညီမျှခြင်း ဖြစ်သွားလျက် လူပြည့်သည့် နှုတ်ခမ်းတွေကြောင့် ကြည့်ကောင်းသည့်ပုံစံမျိုးပဲ ဖြစ်၏။

သူကလည်း မခ မျက်နှာလေးကို ပြန်ကြည့်နေကာ ကျောထက်မှာ ပြန့်ဝဲကျနေသည့်ဆံပင်တွေဆီ ဝေ့ခနဲ ဖျတ်ခနဲ မျက်လုံးရောက်လျက် ...

"ပြောချင်တာက မင်းကို ဒုက္ခပေးသလို ဖြစ်ခဲ့ပေမယ့် အဲဒါကြောင့် အခု ကူညီကြမလို့ မေးနေတာပါ၊ မင်းရဲ့ ကိုယ်လက်အင်္ဂါတွေမှာ အကြီးအကျယ် အနာတရ ဖြစ်မဖြစ် အရင်ပြော၊ ဒါမှမဟုတ် လမ်းလျှောက်ကြည့်မလား .."

မခ မျက်တောင်ဖျားလေးတွေ စိုက်ကျသွားကာ ခေါင်းခါလိုက်မိသည်။

"ဒါဆိုရင် မင်းမှာ ဒဏ်ရာအကြီးအကျယ် မဖြစ်ဘူးလို့ပဲ မှတ်လိုက်ရမှာပေါ့၊ နောက်တစ်ခု ပြောကြရအောင် ...၊ မင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ ရတယ်နော်"

ရလဒ်ကောင်း ကချည်းပဲ ပြောသွားတာပေမယ့် ဒေါ်ခင်နွယ် က မခ ရဲ့မျက်နှာပေါ်က ပြောင်းလဲမှုတွေကို ပိုက်စိပ်တိုက် အကဲခတ်နေခဲ့၏။ ဆုလာဘ်ခင် ဆိုသည့် မိန်းမငယ်လေးကတော့ နားထောင်နေ





ရုံသက်သက် မျက်ဝန်းလေးတွေနှင့် ...

"အစ်မက အခက်အခဲရှိရင် ဆု တို့ကို ပြောလေ၊ ဥပမာ ဒဏ်ရာ မရပေမယ့် သွားလာနေထိုင်ဖို့ တစ်ခုခု အခက်အခဲရှိ .."

"အခက်အခဲဆိုတာကတော့ လူတိုင်းမှာ ရှိတယ်လေ၊ သမီးက စကားမပြောတတ်ဘဲ လူကြီးတွေထဲ ဝင်မပြောရဘူး"

ဒေါ်ခင်နွယ် က တစ်ခါတည်း ဝင်ပိတ်ပစ်လိုက်ပြီး မခ ဘက်ကို လှည့်၍ ...

"ဒီလို ရှိတယ်ကွယ့်၊ လူငယ်တွေက စိတ်ထဲရှိတိုင်း မပြောတတ်တော့ ပြောမှားဆိုမှားတွေ ဖြစ်တတ်တယ်၊ အခု တို့တွေ ရှင်းရမှာက မင်းကို ကားနဲ့တိုက်မိတဲ့အတွက် တာဝန်ရှိတဲ့အတိုင်း ဂရုစိုက် ကုသပေးဖို့လေ၊ အနာရောဂါကင်းပြီဆိုရင်တော့ အိမ်တိုင်ရာရောက် ပြန်ပို့ပေးရမှာပေါ့၊ အချိန်မလင့်ခင် ဘာကို အရေးကြီးဆုံး လုပ်သင့်တယ်ဆိုတာ မင်းလည်း သိမှာပါ"

"ဟုတ် .."

မခ သိပါသည်။ မလိုလားတဲ့မျက်လုံးကိုရော လိုလားတဲ့သူတွေရဲ့ နွေးထွေးမှုကိုရော အေးနေရင် အေးမှန်းသိသလို နွေးတာကိုလည်း နွေးမှန်း သိသည်။ ဒါပေမယ့် ...

"မခ သိပါတယ်၊ ဒါပေမယ့်လေ ကိုယ် ဘာဖြစ်ခဲ့တယ်၊ ဘာလုပ်ရမယ်ဆိုတာ မခ ကိုယ်တိုင် မသိဘူး"

"ဒါဆို မင်း ဘာဖြစ်လို့ တစ်ယောက်တည်း လမ်းပေါ်ရောက်နေတာလဲဆိုတာ ပြော .."

"ဒီလိုမမေးနဲ့လေ သားရဲ့ .. သူများရဲ့ ကိုယ်ရေးကိုယ်တာကို ပြောချင်မှန်း မသိ၊ မပြောချင်မှန်းမသိ မေးတာ ရိုင်းစိုင်းတာ၊ သူက ပြောချင်နေဦးတော့ ကိုယ်လည်း ဘာမှမတတ်နိုင်ဘဲ နားထောင်ပေးရုံ သက်သက်နဲ့ ဘာဖြစ်ဖြစ် အဲဒါ စပ်စုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်နွယ် က မခ ပြန်မဖြေဖြစ်အောင် စကားတွေ ရေပက်မဝင်အောင် ပြော၍ ပိတ်ဆို့ထားလိုက်၏။

ကလေးတွေကိုက အရိပ်ပြလည်း အကောင်းမမြင်၊ မြင်ရက်သားနဲ့ ဇွတ်ကို သိတတ်နေကြတာဆိုလည်း 'ခြေနှစ်ချောင်းလည်း မကယ်နဲ့၊ မင်းလေ့မျောလည်း မဆယ်နဲ့' ဆိုတာ ကြားဖူးနားဝ မရှိဘူးလား ..။

စကားတွေ ပြေပြစ်နေပေမယ့် တင်းမာနေပြီဖြစ်သည့် အခေါ်ဖြစ်သူမျက်နှာကို ရလဒ်ကောင်း က တစ်ချက်ကြည့်လိုက်တာနဲ့ သိသည်။

ဘာတွေပြောချင်နေသည်၊ ဘာကြောင့် ဒေါကန်နေသည် ခံစားချက်အားလုံးက ဒေါ်ခင်နွယ် မျက်နှာပေါ်မှာ စာတမ်းတွေ ပေါ်နေတဲ့အတိုင်း..။

ဒီကိစ္စဟာ ကိုယ့်တာဝန်မဟုတ်ဘူးလို့ သတ်မှတ်နိုင်ပေမယ့် ကိုယ်နဲ့ပတ်သက်ခဲ့ပြီဆိုတော့ သက်ဆိုင်နေသည်လို့ရော ပြောလို့ မရဘူးလား ..၊

ဘာအကြောင်းနဲ့ပဲ လမ်းပေါ်ရောက်နေနေ ရောက်နေရသည့်ထဲမှာ သူ့စိတ်ကူး သူ့အစီအစဉ်နဲ့တော့ ရှိနေမှာ ဖြစ်သည်။ ကိုယ့်ကြောင့် လမ်းကြောင်းချော်သွားခဲ့သည်ဆိုလျှင် သူမ အတွက် အဆင်ပြေအောင် တစ်ခုခု ပြန်လုပ်ပေးသင့်သည်လို့ သူကတော့ တွက်ထားပြီးသား ..၊

"ပြောပါဦး .. မင်း အခု ဘယ်ကို ပြန်သွားမလဲ၊ အချိန်ကြောင့်ဆိုရင် ဒီအတွက် အန်တီတို့ လိုက်ရှင်းပေးလို့ရတယ်နော်"

ဒေါ်ခင်နွယ် ကတော့ ရလဒ်ကောင်း မျက်မှောင်ကုတ်ကြည့်လိုက်တာကို နားလည်ကာ သူမကချည်း ဦးဆောင် ပြောသွားဖို့ ကြိုးစားသည်။ သို့သော် ...

"ကျွန်တော် စခဲ့တဲ့ပြဿနာမို့ ကျွန်တော်ပဲ ရှင်းပါရစေ အန်တီ၊ သူ ပြောတာကို နားထောင်ကြည့်ချင်တယ်၊ အကယ်၍ သူ အိမ်က ထွက်လာတာဆိုရင် အိမ်ကို မပြန်ချင်ဘူးလား၊ ဘယ်ကိုသွားချင်တာ





လဲ၊ အခက်အခဲရှိရင်လည်း ကျွန်တော်တို့ လုံးဝဥဿုံ တာဝန်မယူနိုင်ပေမယ့် တတ်နိုင်သလောက် ကူညီတာမျိုးပေါ့"

"ဟုတ်ပါတယ် အန်တီရဲ့ .. အစ်မ ပြောပါစေဦး"

မောင်နှမနှစ်ယောက်ကိုကြည့်ပြီး ဒေါ်ခင်နွယ် အသည်းတွေယားနေမိသည်။ ကိုယ်က အုပ်ထိန်းသူပဲမို့ အရွယ်ရောက်နေပြီဖြစ်သည့် လူဝယ်တွေကို 'တော်စမ်း၊ တိတ်စမ်း' လို့ ပိတ်ပင်ဖို့လည်း မဖြစ်နိုင်..။

ထို့ကြောင့် ဒီတိုင်းပဲ ကြည့်နေလိုက်ရတော့သည်။ အလွမ်းမခဆိုသည့် မိန်းကလေးဟာ နာမည်က 'အလွမ်းမခ' ဆိုသော်လည်း မျက်နှာတစ်ပြင်လုံးမှာ သောကတွေနဲ့ လောင်မြိုက်နေတာ မီးတွေများ ထတောက်တော့မလား မသိ ..။

"မင်းမှာ မိဘတွေ မရှိတော့ဘူးလား"

ရလဒ်ကောင်း ကို မော့ကြည့်လိုက်မိပြီး မခ မျက်လုံးထဲမှာ ရလဒ်ကောင်း ကို မမြင်၊ အမေ့ရဲ့ပုံရိပ် .. ပြီးတော့ အဖေ ..။ သုံးနဲ့လေးလို ကျောချင်းကပ်လျက် တင်းမာသည့်မျက်နှာထားတွေ တစ်မျိုးစီနှင့် ..။

"ရှိပါတယ်"

"မောင်နှမ မွေးချင်းရော .."

"မောင်လေးတစ်ယောက် ရှိတယ်"

"မင်းမှာ မိသားစုရှုပ်ထွေးမှု တစ်ခုခု ရှိနေလို့လား၊ ဒါမှမဟုတ် မင်းမှာ အိမ်ထောင်ရေးသောကနဲ့ ကြုံနေရတာမျိုးလား .."

မခ ငေးနေပြီးမှ ခေါင်းခါသည်။ ထပ်ကျလာသည့် မျက်ရည်ကို မျက်နှာမမော့ခင် သုတ်ပစ်လိုက်ပြီး ပြန်မော့ကာ ...

"အမေနဲ့ အဖေက ကွဲနေကြတာ ကြာပါပြီ"

"အင်း .."

"မခ တို့ မောင်နှမက အမေ့ဆီမှာပဲ နေကြတာ"

"ဒါဆို မိဘတွေက နောက်အိမ်ထောင် မရှိကြဘူးလား၊ ကွဲနေ



www.burmeseclassic.com

တယ်ဆိုပေမယ့် မိဘတွေက ကိုယ်ကျင့်သိက္ခာ မပျက်ကြဘူးဆိုရင်တော့ မဆိုးသေးပါဘူး"

ဒီလိုမဟုတ်နိုင်မှန်း သိလို့ တမင်ပြောလိုက်တာ ဖြစ်သည်။ မိဘမကောင်းလည်း သားသမီးခေါင်းပဲ ..၊

မိဘကမှ ကိုယ့်သားသမီး အနာဂတ်ကို အရောင်မတင်တတ်လျှင် စွန်းထင်းလွယ်သည့် အဖြူရောင်စက္ကူတစ်ရွက်လို ကျချင်ရာ ကျမည်၊ စွန်းတာစွန်း၊ ကွက်တာကွက်နှင့် အခန့်မသင့်လျှင် မီးသင့်နိုင်သေးသည်။ မိဘရဲ့သမိုင်းကြောင်းဟာ သားသမီးတွေရဲ့ ခေါင်းပေါ်မှာ ..။

"မဟုတ်ပါဘူး .."

မျက်ရည်လေးဝေ့ဝေ့နှင့် ခေါင်းခါလိုက်တာကို မောင်နှမနှစ်ယောက် စိတ်မကောင်းဖြစ်သွားပေမယ့် ဒေါ်ခင်နွယ် က တွက်ပြီးသားမို့ မျက်ခုံးပင့်သွားရုံ ..။

"အဖေက နောက်အိမ်ထောင်နဲ့ပါ"

"အမေကတော့ ဒီတိုင်း ရှိနေတာပေါ့"

"ဟုတ်ကဲ့"

"သြော် ..."

ဆိုပြီး မောင်နှမနှစ်ယောက်ဆီ အကြည့်တစ်ချက် ဝေ့၏။

"ပြောပါဦး .. မင်း ဖြစ်နေတဲ့ အခက်အခဲ .."

"မဖြစ်ပါဘူး"

"ဘာ!..."

"မခ ကို ဒီတစ်ညတော့ ဒီမှာပဲ နေခွင့်ပြုပါ၊ မနက်ကျရင် ပြန်ပါ့မယ်"

"မင်းကို ပြန်ပို့ပေးမှာလေ၊ ဘယ်ကိုပြန်မှာလဲဆိုတာ ပြောမှပေါ့"

"ရပါတယ် .. ကိုယ့်ဟာကိုယ် ပြန်ပါ့မယ်၊ ဒီတစ်ည လုံခြုံမှုပေးထားရင်ပဲ ကျေးဇူးတင်ပါတယ်"





"အေးလေ .. မင်း ဖြစ်တယ်ဆိုရင် ပြီးတာပါပဲ၊ ဒါက ဧည့်သည်အတွက် ထားတဲ့အိပ်ခန်း၊ မင်း အထဲကနေ ဂျက်ချထားလို့ ရတယ်၊ မအိပ်ရဲရင်လည်း ညီမလေးက လာအိပ်ပေးလိုက်ပေါ့"

"ဟုတ်ကဲ့ ကိုကို၊ ညီမလေး ဒီမှာ အိပ်လိုက်မယ်၊ မမနဲ့လည်း စကားပြောရတာပေါ့၊ ဒါနဲ့ မမလို့ ခေါ်လို့ရတယ်မို့လား၊ အသက် ဘယ်လောက်ရှိပြီလဲ မသိဘူး"

"သမီးငယ် စပ်စုတာ အန်တီ မကြိုက်ဘူးနော်"

နေရာမှ ထရပ်ရင်း ဒေါ်ခင်နွယ် က တရားဝင် ဘားမြစ်၏။ ဒီလောက်နဲ့ပဲ ပြီးသွားရမယ့်ဟာကို သင်းကလေးက သံယောဇဉ်တွေနဲ့ တံတားခင်းဖို့ ကြိုးစားနေသည်။ ရှုပ်ရှုပ်ယှက်ယှက် ..၊

ဆံပင်ရှည်တွေနှင့် ချစ်ခင်ဖွယ် မျက်နှာလေးကို ဒေါ်ခင်နွယ် တစ်ချက် ပြန်ငုံ့ကြည့်ရင်း နှာခေါင်းရှုံ့မိသည်။

တောင်ပေါ်က တရိုန်ထိုး ကျလာတိုင်း ရေတံခွန်လို့ မခေါ်နိုင်..၊

အလှအပတွေနဲ့ အလိုအလျောက် ကြည်နူးမှုတွေကို ဖြစ်လာအောင် ပေးစွမ်းနိုင်ဟာက ရေတံခွန်မည်လျက် ရွံ့နှစ်တွေလို ထဲကျင့်ကျင့်ရေတွေ ထိုးဆင်းနေတာကိုတော့ 'တောင်ကျရေ' လို့ ခေါ်ရလေသည်။

ရေသွာအရပ်က ကောင်းမှ ရေစီးရေလာကောင်းမှာ ဖြစ်၏။

ဒီကောင်မလေးရဲ့ ရေသွာအရပ်က ဘယ်လိုလဲ ..၊



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

'ကောင်းမြတ်စံအိမ်'ကြီးကို ကျောခိုင်းထွက်ခဲ့ရင်း နန်းတော်ကြီးတစ်ခုလို ခမ်းနားထည်ဝါမှုတွေကလည်း ခဏတဖြုတ်တော့ ဖျောက်ဖျက်မရဘဲ ရှိခဲ့သည်။

သို့သော် ကြာရှည် စိုးနားခွင့်မရှိသည့်နေရာမို့ သူမအတွက်ကတော့ လမ်းဘေးသစ်ပင်ရိပ် တစ်ခုသာ ...။

"အလွှမ်းမခ"

ခြေလှမ်းတွေကို ငုံ့ငေးနေစဉ် ဘေးမှာ ကားတစ်စီး အသာလေး ထိုးရပ်သွားကာ ...

"မင်း ပြန်မယ့်အထိမဟုတ်ဘဲ တစ်နေရာရာထိတော့ ပို့ပေးလို့ရတယ်မို့လား ...၊ ကားပေါ်တက်ပါ"

တံခါးကိုပါ လှမ်းဖွင့်ပေးသည့် ရလဒ်ကောင်း ၏လည်ပင်းမှ လက်ခနဲ ဖြစ်သွားသည့် ပလက်တီနမ်ကြိုးကို အရင် သတိထားမိသည်။

ပြီးတော့မှ အပြင်သွားဖို့ထွက်လာသော ရှပ်အင်္ကျီလက်တို အပြာနုရောင်နှင့် ဖြူဝင်းသည့်မျက်နှာဆီ ပြန်ကြည့်မိ၍ ...

"ဟင့်အင်း"





မျက်နှာလွှဲရင်း ခေါင်းခါလိုက်သည်။

"နေဦးလေ .. မင်းရဲ့နေရာကို မသိစေချင်ရင် ကိုယ် မစပ်စုဘူး၊ ဒီတိုင်းထွက်သွားတာကို မသင့်တော်ဘူး ထင်လို့ ကူညီရုံသက်သက်ပဲ ဖြစ်တယ်မို့လား .."

"မဖြစ်လို့ပါ"

သူ့မျက်နှာ တင်းသွားတာကို စေ့စေ့မကြည့်မိအောင် မျက်နှာမူရာအရပ်ကိုပဲ တည့်တည့်ပြန်လှည့်ရပ်ကာ '...

"ကျွန်မဘဝက အရမ်းကို ကြမ်းပါတယ်၊ ပြောရမယ်ဆိုရင် ကျွန်မ .. ကျွန်မ ဘယ်ရောက်နေနေ အဲဒီပတ်ဝန်းကျင်မှာ ညစ်နွမ်းသွားမှာပဲ၊ ရှင့်ကို စော်ကားသလို ဖြစ်သွားရင် တောင်းပန်ပါတယ်"

ရင်ထဲမှာ အဟုန်မြင့်မားသည့် မီးတောက်ကြီးတွေ ရှိနေသည့်နှယ်.. လေ ဘယ်အရပ်ကတိုက်တိုက် မီးညွှန့်ယိမ်းသည့်ဘက်မှာ အပူထိသွားတာမျိုး ...။

သောကတွေနှင့် သူမဘဝကြောင့် ဘာလေးဖြစ်ဖြစ် မျက်ရည်က အရင်ပြို၏။ မျက်ရည်ခံထိုးသည်၊ သနားအောင် မြှူဆွယ်သည်၊ 'ဒါမျိုးတွေ ရိုးနေပြီ' စသဖြင့်သော မျက်လုံးတွေထဲမှာ နားလည်လွယ်ဆုံးသော ဒေါ်ခင်နွယ့် မျက်လုံးတွေကို ဖျောက်လို့မရ ...။

ဒါပေမယ့် သူမ ခုလည်း ခြေလှမ်းတိုင်းမှာ မျက်ရည်စက်တို့ စွန်းထင်းနေဆဲသာ ...၊ လူတိုင်း ဘဝအစမှာ အငိုနဲ့စ၍ ဘဝအဆုံးမှာ အငိုနဲ့ ဆုံးကြသည်။

သူမဘဝကတော့ ဘဝတစ်ခုလုံး အစ၊ အလယ်၊ အဆုံး မျက်ရည်တိတ်ရတယ်ဆိုတာ မရှိ။

အေးစက်သော စောင့်ရှောက်မှုတွေအောက်မှာ မိဘရင်ခွင်ဆိုတာလည်း ကျောက်ဖျာတစ်ချပ်နှင့်တူကာ ပတ်ဝန်းကျင်ကတော့ ခွေလယ်မွှန်းတည့် အပူတော'။



www.burmeseclassic.com

www.burmeseclassic.com



မိသားစု သာယာမှုတွေ ဆိတ်သုဉ်းခဲ့ချိန်ဟာ မောင်လေးကို မွေးပြီးခဲ့တဲ့အချိန်...၊ မောင်လေး ကိုယ်ဝန်ရှိမှန်းမသိခင် အဖေနဲ့ အမေ ကတောက်ကဆတွေဖြစ်ပြီး အမေ အိမ်ပေါ်က ဆင်းသွားသည်။

အချစ်ကြီးလို့ အမျက်ကြီးခဲ့သည့်ကိစ္စမှာ အဖေနဲ့အမေ ဘယ်သူက ပိုချစ်မှန်း မသိသော်လည်း အဖေကတော့ 'ဒီမိန်းမမျိုးကို မလွှမ်းလောက်ဘူး' ဟုဆိုကာ 'အိန္ဒြာဇင်' ဆိုသည့် နာမည်အစား မခ က 'အလွှမ်းမခ' ဖြစ်လာခဲ့သည်။

မောင်လေးနဲ့အတူ အမေ ပြန်ရောက်လာတော့ 'မင်းက ငါ့ဘဝအတွက် ပထမဆုံး အနီရောင်စာမျက်နှာပဲ' လို့ ပေါက်ကွဲ အော်ဟစ်ခဲ့ပြီး မောင်လေးကို 'စာမျက်နှာ' လို့ အဖေပဲ ကင်ပွန်းတပ်ခဲ့၏။

ထို့ပြင် ...

'စာမျက်နှာ လို့ ခေါ်လိုက်တိုင်း မင်းကိုယ်မင်း သိ' လို့ ကြိမ်းဝါးသည်။ မောင်နှမနှစ်ယောက်ဟာ နာကျင်မှုတစ်မျိုးစီနှင့် ကြီးပြင်းခဲ့ရတာ ဖြစ်သည်။ အသက်အရွယ်နဲ့ မလိုက်အောင် နုပျိုလှပနေသည့် အမေ့ကို အဖေက သဝန်တိုစိတ်တွေနှင့် တစ်ချိန်လုံး အကောင်းမပြော..။

အမေက ဂရုမစိုက်တတ်သည့် မဲ့ပြုံးနှင့် ဘယ်တော့မှ ဖြေရှင်းခဲ့တယ် မရှိ ..၊ မောင်လေးကိုယ်ဝန် ပါသွားတာကို အမေက သက်သေခိုင်ခိုင်လုံလုံနှင့် ရှိပြီးသားမို့ ကိုယ် မှန်နေတာကို ရှင်းဖို့မလိုဘူးလို့ သူငယ်ချင်းတွေဆီမှာပဲ ရင်ဖွင့်သည်။

ဒါကို တစ်နေ့ရာက်နေ့ ကြားလိုက်သည့် မခ ကိုတောင် 'နင့်အဖေကို သွားရှင်းပြရင် ပါးစပ်ထဲက သွားတွေ အခွေလိုက် ကျွတ်ကျကုန်အောင် ရိုက်မယ်' လို့ ကြိမ်းဝါး တားမြစ်ထားခဲ့၏။

အဖေကိုယ်တိုင်ကလည်း မောင်လေးက သူ့သားမဟုတ်ဘူးလို့ တယူသန်စွဲနှင့် တစ်သက်လုံး မှတ်သည်။





နောက်ဆုံးမှာ အိမ်ထောင်ကွဲခဲ့ရတဲ့အထိ..၊

"မင်းတောင် တခြားကောင်နဲ့ နောက်တစ်ယောက် မွေးနိုင်ရင် ငါက အများကြီး မွေးလို့ရတယ်"

ဆိုသည့် မာနတွေနဲ့ ကြွေးကြော်ကာ အဖေ နောက်အိမ်ထောင်ပြုသည်။ "ငါ့သမီးကြီး ငါ့အိမ်ကို ဝင်ထွက်နိုင်တယ်၊ ဟိုကောင် မလာစေနဲ့" လို့ မှာ၏။

ထိုအချိန်မှာ မောင်လေးက လူမှန်းသိတတ်တဲ့အရွယ်လေး ရောက်နေပြီမို့ မကြင်နာတတ်သည့် မိခင်နှင့် ရက်စက်ရင့်သီးသော ဖခင်ဖြစ်သူရဲ့ ဥပေက္ခာကြားမှာ ..၊

အားလုံးသည် မျက်ရည်နဲ့ နေ့စွဲများသာ ဖြစ်လေသည်။

အမြဲတမ်း ခြောက်လှန့်နေခဲ့သည့် အတိတ်သည် မပြောင်းလဲနိုင်သေးသည့် ပစ္စုပ္ပန်မှာလည်း ဆရာကြီးပဲ ဖြစ်၏။

စာမျက်နှာ ဆိုသည့် ကောင်လေး၏ အနီရောင်စာမျက်နှာများသည် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၄ |

ဒေါ်မိမိ တဲ့ ..။

ဒေါ်တပ်ပြီး ခေါ်ရမှာတောင် အားနာဖို့ကောင်းနေသေးသည်။ ဆံပင် ပခုံးအောက်အဖြောင့်ကို နဖူးကနေ သိမ်းလှန်ပြီး နောက်မှာ ကလစ်လေးနဲ့ ညှပ်ထားလိုက်ခြင်းဖြင့် အသက်အရွယ်ကို ဖန်တီးသည်။

ဒါပေမယ့် နဖူးလှန်ထားရုံနဲ့ မျက်နှာက ရင့်ရော်မသွားခဲ့ပေ။ ခပ်ပါးပါးပြန်ချထားသည့် ဆံစတချို့ကြောင့် ဝင်းစိုနူးမွတ်နေသည့် မျက်နှာဝိုင်းဝိုင်းလေးက နုနုငယ်ငယ်လေးပဲ ဖြစ်နေခဲ့သည်။

ကိုယ်ဟန်သွယ်သွယ်က မော်ဒယ်လေးတွေလောက် မဟုတ်ပေမယ့် အဆီပို သိပ်မတင်ဘဲ တင်းပြည့်နေတာမျိုးသာ..၊

မယ်မင်းကြီးမက သမီးအပျိုပေါက်မလေး ရှိနေတာတောင် ဆံပင်ဖြောင့်တာ မရပ်၊ နှုတ်ခမ်းနီအရောင် မမှိန် ..။

"ရှင်က ဘာလာလုပ်တာလဲ"

ရှေ့မှာ ခြေကားကားချ၍ ခါးထောက်ရပ်လိုက်တာကို ဒေါ်မိမိ က မျက်လွှာပင့်ကြည့်ပြီး ဂရုမစိုက်စွာ မေးသည်။





"ဟိုကောင် အမျိုးယုတ်လေးကို ငါ့အိမ်ထိ ဘာလို့ လွှတ်လိုက်တာလဲ"

"ဘယ်ကောင်လဲ .. ဘာတွေ လာပြောနေတာလဲ"

"ဟာ!.. မင်းမွေးထားပြီး ဘယ်နှစ်ကောင်ရှိတာတောင် မေ့နေပြီလား"

ဒေါ်မိမိ က ခြေချင်းချိတ်ထိုင်နေတာကို ဖြုတ်လိုက်ပြီး ရယ်သည်။

"မမေ့ပါဘူး .. မေ့ချင်းမေ့ ရှင်ပဲ မေ့မှာပေါ့၊ ရှင့်မှာ အကောင်ရေ ပိုများတယ်လေ"

"အေး .. အကောင်ရေ များပေမယ့် ငါ ပခုံးထမ်းထားတဲ့ မိသားစု အတွက် ငါ ကြိုးစားနေတာ"

"ဟုတ်မှာပါ၊ လူရုပ်မပေါ်အောင် ဖြစ်နေတဲ့ ရှင့်ပုံကိုမြင်လိုက် ကတည်းက ဘယ်လောက် ရုန်းနေရသလဲဆိုတာ သိပါတယ်"

"ဟွန်း .."

ဒီစကားကျမှ ဦးခင်မောင် က နှုတ်ခမ်းတွေကို ရှုံ့ရှာသလို မဲ့ပစ် ကာ ...

"ဟုတ်တယ် ...ငါ ဝန်ခံပါတယ်၊ ငါက နွားဆိုရင်လည်း လှည်းကျိုးထမ်းတဲ့နွား မဟုတ်တော့ မင်းလို လုလုပပ မနေနိုင်တာလည်း ဂုဏ်ငယ်ဖို့ မရှိဘူးလေ၊ မင်းသာ မအေတစ်ယောက်ဖြစ်ပြီး သားသမီးတွေကို ဂရုမစိုက်ဘဲ ကိုယ့်ကိုယ်ကိုယ် ကျော့ကော့နေအောင် နေနိုင်တာကို ဂုဏ်ယူ .."

"ကြဲဖန် ဂုဏ်ယူရတာပဲလေ၊ တစ်ယောက်စီ တာဝန်ယူမယ်ဆို တော့ ရှင်က သားကို မလိုချင်ဘူးဆို .."

"ဟာ!... သမီး မိန်းကလေးမှ ဖအေနောက် ပါရတာ မင်းနဲ့နေခဲ့ ရင် ပထွေးစာ မိသွားမှာပေါ့"

"အို .. အဲဒါတွေ ရှင် ပူတာမဟုတ်ဘဲ လျှောက်ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိ နေရာကနေ ဝုန်းခနဲ ထရပ်သည်။

ထိုအခါ ထိုင်နေတုန်းက ကွယ်နေခဲ့သည့် ကုလားထိုင်ကျောမှီက ကြိမ်ကွက် အပေါက်အပြဲတွေဆီ ဦးခင်မောင် က လှမ်းကြည့်ပြီး မဲ့သည်။

အလကားမိန်းမ .. နောက်ချေးပုံပေါ် ကျော့ခင်းပြီး လမင်းကို အိပ်မက်မက်နေတာ၊ ကိုယ် ဘယ်လိုဘဝရောက်နေမှန်း မသိဘဲ တစ်ကိုယ်တည်း ကောင်းစားဖို့ စိတ်ကူးယဉ်ပြီး ဘယ်သူတွေ ဘာဖြစ်ဖြစ်..။

သမီးကြီးတော့ သူ့ ချစ်မိသည်။ ဒါပေမယ့် သူ့မှလည်း ဟိုအိမ်ထောင်နဲ့ သမီးတစ်ယောက်၊ သားနှစ်ယောက် ရှိနေပြီ။

စာမျက်နှာ ဆိုတဲ့ကောင် တီတီတာတာ ခေါ်တတ်ပြောတတ်ပြီဆိုကတည်းက မနှစ်မြို့နိုင်သည့် ဒေါသစိတ်တွေနှင့် တခြားမှာ စိတ်နှစ်ရင်း အပျော်ရှာခဲ့သည်။

ပြီးတော့ သံယောဇဉ်တွေ ရစ်ပတ်ခဲ့ရင်း ထိုမိန်းမကိုပဲ လက်ထပ်ပစ်လိုက်တဲ့အထိ မိမိ ကို ရွဲ့ဖို့အတွက် မြားတစ်စင်းနဲ့ ငှက်နှစ်ကောင် ပစ်ခဲ့မိသည်။

ထို့ကြောင့် ဟိုဘက်မှာ သမီးကြီးက စာမျက်နှာ နဲ့ အသက် သိပ်မကွာပေ ..၊ အငယ်နှစ်ယောက်က အမြွှာတွေမို့ အတူတူ ..။

"မင်းက ဒေါသထွက်နေတယ် ဟုတ်လား၊ ပထွေးနဲ့ မယားပါသမီး အမြင်မတော်ဖြစ်လာရင် တစိမ်းတွေတောင် မနေနိုင်ကြတာ၊ ငါက သမီးရဲ့အဖေ"

ဝင်းတောက်နေသည့် မျက်ဝန်းတွေကို စိုက်ကြည့်၍ ဦးခင်မောင်က သူ့စကားသူ ပြန်ဆက်သည်။ ဒေါ်မိမိ က အလွန်အမင်း စိတ်တိုနေသည်မို့ စကားပြောမရအောင်ဖြစ်ကာ အသက်ရှူသာ ပြင်းနေ၏။

"ခုလည်း ငါ့သမီးကို ငါ ခေါ်နိုင်တယ်၊ ဟိုကောင်သာ မလာစေနဲ့ ငါ့အိမ်ကို"





"ဟိုကောင်က ရှင့်သား မဟုတ်ဘူးဆိုရင် သမီးကလည်း ရှင့်သမီး မဟုတ်ဘူးပဲ မှတ်လိုက်"

"မိမိ .. မင်း စကားပြောတာ မိဘ မဆန်ဘူးနော်"

"မိဘဆန်နေရင် ဝဋ္ဋရားတွေ များလာမှာပေါ့၊ ယောကျ်ားတွေက မိန်းမနဲ့ကွဲရင် ခြေလွတ်လက်လွတ် ထွက်သွားကြတာ၊ ရှင်တို့ကျတော့ ဘာလုပ်လုပ် အကောင်းလား .."

"ဟုတ်တယ်လေ .. ရတဲ့နေရာကိုက 'မိဘ' ဆိုတော့ မိခင်က ရှေ့က နာမည်ကောင်းတော့ ယူထားပြီး ဝဋ္ဋရားကျေဖို့ကျမှ .."

"အရှက်မရှိ ပြောမနေပါနဲ့၊ မှန့်ဝေနေတော့ ရှေ့က[illegible] တန်းစီချင်တယ်၊ တုတ်ဝေတော့ မင်း ရှေ့ကသွား ဆိုတာမျိုး .. ရှင်တို့ နေရာလိုချင်ပြီဆိုရင်တော့ ဘယ်မိန်းမ ဘယ်လိုမကောင်းတာ၊ သားသ[illegible]ကို အဲဒီမိခင် ဘယ်လိုဂရုမစိုက်ခဲ့တာနဲ့၊ ဖအေကောင်းခဲ့တဲ့လူ သန်းပေါင်းများစွာထဲက တစ်ယောက်ကို ဆွဲထုတ်ပြီး ယှဉ်ပြရတာ အမော၊ ဖအေမကောင်းကြောင်း ပြောရင် နာလိုက်ကြတာ ဆတ်ဆတ်ခါ .."

"အခု အဲဒါတွေ လက်တွေ့ပဲလေ .. ငါ့မိန်းမ သိတာ ရောဂါသည်ဖြစ်သွားကတည်းက ဒီသားသမီးတွေရဲ့ ပညာရေး ဘဝအရေး အားလုံးအတွက် ငါ တာဝန်ကျေအောင် ကြိုးစားနေတယ်၊ မင်းနဲ့ ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်ကို မင်း တာဝန်ကျေသလား .."

ဒေါ်မိမိ က စားပွဲနဲ့ ကုလားထိုင်ကြားထဲက ထွက်လာပြီး ဦးခင်မောင် နဲ့ မလှမ်းမကမ်းမှာ ရပ်လိုက်သည်။

"ကျွန်မကို မေးခွန်း မထုတ်ပါနဲ့၊ ရှင်ကရော ဟိုမိန်းမနဲ့ အတူတူနေလို့ အဲဒီမိန်းမက မွေးထားတာတွေကို ရှာဖွေကျွေးနေတာမို့လား၊ ကွဲသွားတာနဲ့ မဆိုင်လှဲရ ဆိုင်လဲရ ဖြစ်လာဦးမှာ၊ ဟွန်း .. ဖအေတွေရဲ့ သတ္တိက အဲ့ဒါပဲ၊ 'မ' ချစ်လို့ 'ဥ' ချစ်တာပြောရင် နာသေးတယ်၊ ရှင်တို့ မေတ္တာတွေက ပေါင်းနေတဲ့မိန်းမရဲ့ မျက်နှာကွက်ကွက်လေးပေါ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ မယုံရင် အိမ်ပြန်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်မေး ..”

ဦးခင်မောင် မျက်နှာကြီးက တင်းမာနီမြန်းလျက် ...

“ပြောပါ .. မိန်းမကောင်းရန်တွေ့ ဆိုပေမယ့် မိန်းမ မကောင်းတာတွေလည်း လျှာစောင်းထက်တာပဲ၊ မင်းလိုမိန်းမမျိုးက ပိုတာပေါ့”

ဒေါ်မိမိ က သူ့မကလည်း ပြောသည်၊ ဦးခင်မောင် ပြောတာကိုလည်း ပခုံးတွန့်လိုက်ပြီး အပြုံးမပျက် ..၊

“မင်းနဲ့ အတူနေကြတဲ့ ကလေးတွေ ဘယ်လိုကြီးပြင်းလာကြမလဲဆိုတာ စောင့်ကြည့်ပါဦး၊ ပြီးတော့မှ အဖြေချင်း ယှဉ်ကြည့်တာပေါ့”

“အဖြေက ထွက်နေပြီးသား .. ဒါပေမယ့် ယှဉ်စရာ မလိုပါဘူး၊ ရှင်က ယောက်ျား၊ ကျွန်မက မိန်းမလေ .. ရှင်က လှည်းကျိုးတွေ လှည်းကောင်းတွေ ထမ်းနိုင်ပေမယ့် ကျွန်မက ပင်ပန်းလာရင် ကိုယ့်ဖိနပ်တောင် သယ်ချင်တာ မဟုတ်ဘူး၊ ရှင် ခေါ်ချင်တဲ့ကလေးရော မခေါ်ချင်တဲ့ကလေးရော ကျွန်မ ဘယ်လိုမွေးမွေး ဘယ်လိုပဲ ကြီးပြင်းလာလာ နောက်ဆက်တွဲတွေကို နားစွင့်မနေနဲ့၊ ဖြစ်လာဖို့ သေချာတာက မိုင်းနက်စ်ပဲ ..”

“ဘာပြောတယ် ..”

ပြောရဲလွန်းသည့် မိန်းမဆိုပြီး နားရင်းတစ်ချက်လောက် လွဲရိုက်ပစ်လိုက်ချင်သည်။ ခုချိန်မှာ ဘာမှမသက်ဆိုင်ကြတော့ လက်သီးဆုပ်မိရုံသာ ..။

“ဖြစ်သင့်တဲ့အတိုင်း တစ်ယောက်စီ ခွဲကြဖို့ ငါ တောင်းတယ်၊ မင်းပဲ ..”

“ဟုတ်တယ် .. သမီး မွေးထားတာ ကိုယ့်အတွက်လေ၊ သားကတော့ သူများနောက်ပါသွားမှာ သေချာပြီးသား၊ ရှင်က သမီးကိုမှ ခေါ်ချင်တော့ ကျွန်မက ဘယ်ပေးနိုင်မလဲ”





“ဟော့ .. ငါက မင်းလို နောင်ကောင်းစားရေးတွေ မျှော်ကိုးပြီး တောင်းတာ မဟုတ်ဘူး”

“ကျွန်မကတော့ မျှော်ကိုးရတယ်၊ အငယ်ကောင်ကို ရှင်တောင်မှ မုန်းရင်မုန်းသလို မခေါ်နိုင်ဘူးလို့ ငြင်းခွင့်ရှိသေးတာ၊ ကျွန်မက ကိုယ်မွေးထားတဲ့ကလေးတွေကို ပေးချင်ရင် ပေးမယ်၊ မပေးချင်ရင် မပေးဘူး၊ အဲဒါ ဘာဖြစ်လဲ ..”

“မိမိ .. မင်းပြောနေတာတွေက မိဘတစ်ယောက်က ပြောတဲ့စကား မဟုတ်ဘူးနော် ..”

“မိဘ မပီသချင်ပါဘူးလို့ ကျွန်မ ပြောခဲ့ပြီးပြီပဲ၊ ဒီ့အထက်ပိုပြီး ဝတ္တရားကျေခဲ့တဲ့ အမေဆိုပြီး ရှင် လူအများသွားချင်ရင် ကလေးနှစ်ယောက်စလုံးကို ခေါ်သွားလေ၊ ရှင် နိုင်ငံကျော်အဖေ ဖြစ်ချင်အောင် ကျွန်မ မိန်းမကြမ်း လုပ်ပေးလိုက်မယ်”

“တောက် ..”

ဦးခင်မောင် တက်ခေါက်သည်။

“လုပ်ပေးဖို့ မလိုဘူး၊ မင်းက အစကတည်းက မိန်းမကြမ်းပဲ”

ပြောဖို့လာတာက တခြား၊ မဟုတ်တာတွေ ပြောမိပြီး ရန်ဖြစ်နေရတာနှင့် ဒေါ်သက ဟိုးအစကအတိုင်း အလုံးအရင်းနဲ့ ထွက်၏။

“ရှင် အခု ကျွန်မ ကြမ်းသလား၊ နုသလား စုံစမ်းဖို့ လာတာလား”

“စိတ်ကို မဝင်စားဘူး”

“ဒါဆိုလည်း ဝင်စားတာကို ပြောလေ”

“တမျက်နှာ ကို ငါ့အိမ် နောက် ဘယ်တော့မှ မလွှတ်နဲ့”

“နောက်ရော ရှေ့ရော ဘယ်တုန်းကမှ မလွှတ်ခဲ့ဘူး၊ သူ့ဟာသူ သွားလာနေတာကိုလည်း ကျွန်မ မတားနိုင်ဘူး၊ ရှင်းတယ်နော် ..”

“ရှင်းဖို့က မင်းကောင် ငါ့အိမ်မလာမှ ဖြစ်မှာ၊ ဒီကောင့်မျက်နှာမြင်တိုင်း .. သူနဲ့ငါ မျက်နှာချင်းဆိုင်မိတိုင်း ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ .."

"ရှက်ဖို့ ကောင်းတာပေါ့ကွ .. သူက မျက်နှာပြောင်တိုက်နေပေမယ့် ငါ ရှက်တယ်၊ သူနဲ့ ငါ ဘာမှမပတ်သက်ဘူးဆိုတာ လူတိုင်းသိကယ်၊ ငါလည်း တစ်သက်လုံး ပြောလာတာ၊ ဒါတောင်မှ .."

"ရှင်က မျက်နှာပြောင်တယ်ဆိုတဲ့စကားကို စာမျက်နှာ ကို ပြောနေတာလား .. ကျွန်မကို စောင်းချိတ်ပြောနေတာလား"

"စောင်းပြောဖို့ မလိုဘူး၊ မင်းမျက်နှာရှေ့မှာ ရပ်ပြီး တည့်တည့်ကြည့်ပြောနေ[illegible]၊ ဒီမှာ မိမိ .. မင်းကောင်ကို မင်း မပြောနဲ့ဆိုနေခဲ့တာအခု ပြောချိ[illegible]န်ပြီ၊ မင်းကိုယ်တိုင် ပြောမှ ငါ သူ့အဖေ မဟုတ်ဘူးဆိုတာ လ[illegible]ခံမှာ၊ အဲဒီတော့ .."

"[illegible]လို့ ပြောရမှာလဲ .. နေပါဦး၊ ရှင့်ကိုရော ကျွန်မက စာမျက်နှာ က ရှင့်သားပါလို့ ဘုရားစူး မိုးကြိုးပစ် ကျိန်ပြောခဲ့ဖူးလို့လား"

"မပြောဘူးလေ .. မင်း ဘာမှမပြောဘူး၊ ငါ့ကိုလည်း ဟုတ်တယ်မဟုတ်ဘူး မပြောဘူး၊ ဟိုကောင်ကိုလည်း ဘာမှမပြောပြဘူး၊ မင်းပါးစပ်ပိတ်နေလို့ အဲဒီပြ[illegible]သနာ ဒီနေ့ထိ တက်နေတာ"

ဖြစ်ရလေ ဆိုသည့် ခပ်မဲ့မဲ့မျက်နှာနှင့် ဒေါ်မိမိ က ခါးတစ်ဖက်ထောက်၏။

"ကလေးမွေးတာ ယောကျ်ားမရှိဘဲနဲ့ လေဥ ဥလို့ ရတယ်များရှင် ထင်နေလား ကိုခင်မောင်"

"မရဘူးလေ .. ငါ သိတာပေါ့၊ ဒါပေမယ့် အဲဒီယောကျ်ားက ငါ မဟုတ်ဘူး"

"ဒါဆို ဘယ်သူလဲ .."

"မင်း အသိဆုံး ဖြစ်မှာပေါ့၊ အဲဒီအဖြေကို မင်း တစ်သက်လုံး ပါးစပ်ပိတ်ထားခဲ့တာ၊ ခုကျမှ မုန်လာဥ လုပ်မလို့လား .."

"တစ်သက်လုံး ပါးစပ်ပိတ်နေခဲ့ပြီး ရှင့်ကိုတောင် ဂရုမစိုက်လို့





ကွာရှင်းပေးလိုက်သေးတာ၊ ကျွန်မက ခုကျမှ မုန်လာဥ လုပ်စရာလား၊ ကာယကံရှင် အသိဆုံးမို့လို့ ပြောပြရင်လည်း ရှင် စွပ်စွဲနေမှာပဲ၊ ကျွန်မမွေးတဲ့ကလေးက ရှင့်သား ဖြစ်ခြင်း မဖြစ်ခြင်းထက် တခြား တစ်ပါးသောယောကျ်ားတစ်ယောက်ရဲ့သား မဖြစ်ဖို့ပဲ ကျွန်မ ဂရုစိုက်တယ်၊ အဲဒါကြောင့် ရှင် လူမဆန်စွာ စွပ်စွဲနေတာကို အလုပ်ရှုပ်ခံပြီး ကျွန်မသားကိုလည်း မဟုတ်တာကို အဟုတ်လုပ်ပြောပြီး ရှင့်ဆီ သွားဖို့ မသွားဖို့အတွက် အချိန်ကုန်ခံ ကြိုးစား[illegible]နိုင်ဘူး၊ ကျွန်မဘက်က အမြဲတမ်း ဒီတိုင်းပဲ၊ ရှင် ဘာသိချင်သေးလဲ .."

ဦးခင်မောင် က စိန်းစိန်းကြီးကြည့်နေရင်းမှ နှုတ်ခ[illegible]နှုတ်လိပ်သွားအောင် မဲ့၍ ...

"လူကြားကောင်းတဲ့ စကားတွေပါပဲ[illegible]ယ့် ဒီကောင် စားပေါက်ချောင်အောင် ငါ့ဆီကို လက်[illegible]ထိုးနေ[illegible]ကတော့ အဖြစ်ကကြာလေ ဆိုးလေ ဖြစ်မှာနော်၊ စာမျက်နှာ ဆိုတဲ့ကောင်ကို ငါ တစ်သက်လုံး လက်မခံဘူး"

"အဖြစ်ဆိုးမယ် ဟုတ်လား .. ဘယ်လော[illegible]ထိလဲ၊ ရှင့်ဆီလာရင် ဓားနဲ့ ပြေးထိုးမလား၊ ရိုက်လွှတ်မလ[illegible]ပ်မှာလေ .. ကျွန်မကလည်း မကောင်းခဲ့သလို ရှင် မိဘမပီဘူးဆိုရင်လည်း [illegible]မက အပြစ်မတင်ပါဘူး၊ သားသမီးဆိုတာ ကိုယ်ကမွေး[illegible] လူဖြစ်လာကြတာ၊ သူတို့ခြေထောက်လေးတွေ ခိုင်အောင်လည်း [illegible]မွေးစောင့်ရှောက်ခဲ့ပြီးပြီ၊ ကိုယ့်ဘဝ ကောင်းချင်ရင် ကိုယ် ကြိုးစား .. ဒါပဲ၊ ရှင့်ကိုလည်း ပြောလိုက်မယ်၊ ဒီလိုမေးခွန်းတွေ ဒီနေရာထိ လာထုတ်တာ ဒါ နောက်ဆုံး ဖြစ်ပါစေ၊ ရှင့်ဆီ သွားဖို့မသွားဖို့ ကျွန်မက ထိန်းကျောင်းပေးမှာမဟုတ်သလို ကျွန်မဆီမှာခေါ်ပြီး ရင်အုပ်မကွာ စောင့်ရှောက်ဖို့လည်း တာဝန်ကျေမှာ မဟုတ်ဘူး၊ အဲဒါကြောင့် အလွမ်းမခ နဲ့ စာမျက်နှာ အကြောင်း နောက်ထပ် ဘာမှလာမပြောနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် .. မင်းကိုယ်မင်းတော့ သိပ်ကောင်းနေတာပါပဲ၊ တောက် .."

"ရှင်က တက်ခေါက်နေရအောင် ကျွန်မက ရှင့်မယား မဟုတ်ဘူးနော်၊ ဒီထရံအိမ်စုတ်ကလည်း ရှင်နဲ့ မဆိုင်တော့ဘူး၊ ကလေးတွေအတွက် သိပ်ရင်နာနေရင် ခေါ်သွားလို့ ပြောပြီးသား၊ ရင်ခွင်တစ်ခြမ်းပဲ့နဲ့ ကျွန်မက လုံခြုံအောင် ထိန်းသိမ်းဖို့ ကြိုးစားနေရင် .. ခြေလွတ်လက်လွတ် ထွက်[illegible]နိုင်တဲ့ ရှင်က အသာရသွားမှာပေါ့၊ ဟွန်း.."

[illegible]ပြီး လက်ပိုက်လိုက်ကာ ဦးခင်မောင် ကို စူးစိုက်ကြည့်၏။ [illegible]လျှော့ဖို့ ခြေလှမ်းလိုက်လျှင် ဆက်ရာရှိနေသည့် ကြမ်းခင်းပြ[illegible]ဖျစ်[illegible]တ်ကျသွားသဖြင့် နောက်ပြန်ဆုတ်ရ၏။

[illegible]လိုက်[illegible]မ်းခင်းကို နှစ်ယောက်စလုံး မျက်လုံးရောက်သ[illegible]း ဦးခင်မောင် က[illegible]တ်ခနဲ မျက်နှာလွှဲ၏။ ထိုမျက်နှာကို အမ[illegible]ကြည့်ပြီး ဒေါ်မိမိ က ပခုံးတွေ လှုပ်အောင် ရယ်သည်။

"တစ်ခုလ[illegible]င်ပစ်မို့လို့ မပြင်နိုင်ဘူးတော့ မထင်နဲ့နော်၊ ကျွန်မမှာ ပိုက်ဆံ ရှိတယ်၊ ဒါပေမယ့် ဒီအိမ်ကို ပြင်လိုက်ရင် ကျွန်မရဲ့ ကိုယ်ကျင့်တ[illegible]ကို[illegible]ခတ်ခံရမယ်၊ လင်မရှိဘဲ တောက်တောက်ပြောင်ပြောင်[illegible]ဖြစ်နေရင် ပါးစပ်တွေက ပြောကြမှာလေ၊ နောက်တစ်ချက်က နှစ်ယောက်[illegible] ပခုံးထမ်းရမယ့်ဝန်ကို ရှင်က ဖြုတ်ချသွားကာမှ ကျွန်မက မ[illegible]နေနင်း ထမ်းမနေနိုင်ဘူး၊ အချိန်တန်ရင် မအေတွေကပဲ သားသမီးနဲ့ တို့လို့တွဲလောင်း ကျန်ခဲ့ရတာဆိုတဲ့ ရာဇဝင်ပျက်သွားအောင်လို့"

"မင်း .. မင်းကွာ .."

"တက်မခေါက်နဲ့နော် .. ရှင် ဒီတစ်ခါ တက်ခေါက်ရင် ကျွန်မပါးရိုက်ပစ်မှာ၊ ပြီးရင် အိမ်ပေါ်ကနေ လေးဘက်ထောက် ဆင်းသွားရမယ်၊ မယုံရင် စမ်းကြည့်လိုက်"





"သိတယ် .. စမ်းလည်း မစမ်းဘူး၊ လွှမ်းလည်း မလွှမ်းဘူး"

ဦးခင်မောင် ချာခနဲ လှည့်ထွက်သွားသည်။ ထိုစဉ် တံခါးဝမှာ ပေါ်လာသည့် စာမျက်နှာ ၏အရိပ်ကြောင့် ဒေါ်မိမိ ကျောခိုင်းထားလိုက်ရင်း နားစွင့်နေမိ၏။

"အဖေ .. အဖေ ဒီကို လာတယ်"

"ဟိတ်ကောင် .. တိတ်စမ်း ..၊ တောက် .."

တက်ခေါက်သံကိုပါ ကြားလိုက်ရပြီး ဒေါ်မိမိ နှာကျင်စွာ မဲ့လိုက်မိသည်။ လူတိုင်းအပြောနဲ့ အဖေက မညီနိုင်ကြဘူးဆိုတာ ဘယ်သူမှမသိအောင် မျက်တောင်တွေ ခတ်၊ အံကြိတ်၍ ပြင်ဆင်ပြီးမှ ရှေ့ပြန်လှည့်၏။

"အမေ .."

ကိုယ့်နောက်မှာ ရောက်နေမှာပဲဆိုတာ သိပြီးသား..၊ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွားကြလျှင် ...

"အဖေ .. အဖေ .. ဘာလာလုပ်တာလဲဟင်"

"မင်းကို နောက်ထပ် အိမ်မလာစေနဲ့လို့ လာပြောတာ"

ဖွေးနုနေသည့် မျက်နှာလေး ငုံ့ကျသွားသည်။ စိမ်းညို့ထူတန်းနေသည့် မျက်ခုံးစပ်လေးတွေပါ နီမြန်းလာပြီး ...

"အမေ မသိဘူးလို့ သား ပြောပါတယ်"

ဟု မပွင့်တပွင့် ပြော၏။ ပြီးတော့ မျက်နှာလေး ပြန်မော့မလာဘဲ ဒီတိုင်းပဲ ငုံ့ထားခဲ့သည်။

စာမျက်နှာ ..၊ ရှစ်တန်းကျောင်းသားအရွယ် ရောက်တဲ့အထိ မအေက မကြြင်နာတိုင်း ချောင်ကပ်ပြီး ရှိုက်ငိုနေတုန်း။ ခုလည်း ဆယ်တန်းကျောင်းသားဆိုပေမယ့် မျက်ရည်ဝဲနေနေပြီမှန်း ဒေါ်မိမိ သိနေသည်။

ငုံ့ထားသည့်မျက်နှာက နဖူးပြေပြေနှင့် မျက်ခုံးစပ်လေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်ရင်း ...

"အေး .. သူ ဘာထင်ထင် ငါကလည်း ဂရုမစိုက်ဘူး၊ မင်းလည်း ဒီလို ပြောဆိုသမျှ ခံနိုင်တယ်ဆိုရင် သွား ..၊ မခံနိုင်ရင် နားလိုက်၊ လူတစ်ယောက်အဖြစ် ရှင်သန်ခွင့်ရနေကာမှ အဖေတစ်ယောက်ကို မဖြစ်မနေ လိုအပ်နေတယ်ဆိုရင် ကြိုးစားကြည့်ပါ၊ ငါ ကြိုပြောနိုင်တာက မင်း ကျောက်ခဲက နို့သုစ်နေသလို ဖြစ်မှာပဲ"

"အမေ .."

မော့လာသည့်မျက်နှာမှာ မျက်ရည်ကြည်တွေ ဝေ့နေလျက် ...

"ကမ္ဘာမြေကြီးက ရပ်တည်ခွင့်ပေးလိုက်ပေမယ့် အဲဒီ ကမ္ဘာမြေကြီးတောင်မှ နေနဲ့လ ရှိမှ အလင်းနဲ့အမှောင်တွေကို ရယူနိုင်တာပါ၊ လူတစ်ယောက်ရဲ့ ရှင်သန်ခြင်းအဓိပ္ပာယ်က မိဘနှစ်ပါးရဲ့အရိပ် မဟုတ်ဘူးလား၊ အမေ့ကိုလည်း ချစ်တယ်၊ အဖေ့ကိုလည်း သားက..."

"တိတ်စမ်း .."

ဒေါ်သကြောင့် လေသံက စားသွားလို ရှုရှနေခဲ့၏။

"ပခုံးပေါ်မှာ လွယ်အိတ် စလွယ်သိုင်းချိတ်တော့ လမ်းပေါ်က ဈေးသည်၊ ပခုံးတစ်ဖက်မှာ သပ်သပ်ရပ်ရပ် တင်ထားတော့ ကျောင်းသား၊ မင်းကို လမ်းပေါ်မှာ ပြေးလွှားနေရတဲ့ ဈေးသည် မဖြစ်အောင် ကျောင်းသားဖြစ်ခွင့် ငါ [illegible]ဘူးတာ၊ သားတဲ့အတိုင်းပဲ နေ .. ငါ့ကို စာသံပေသံနဲ့ လာမည့်နိုးနဲ့ [illegible] ကဗျာလည်း မရှိဘူး၊ စာလည်း မရှိဘူး၊ နူးညံ့တတ်တဲ့လူဟာ သည်းခံခြင်း၊ အနစ်နာခံခြင်းတွေနဲ့ ပျော်မွေ့မယ်၊ ငါ သည်းမခံတတ်တဲ့အတွက် နူးညံ့မှုတွေ အလိုမရှိဘူး၊ မင်း သွားတော့ .."

သွားတော့လို့ ပြောရင်း ကိုယ်တိုင် ထွက်သွားဖို့ ခြေလှမ်းလိုက်လျှင် စောစောက ဒဏ်ရာဖြစ်သွားခဲ့သည့် ကြမ်းခင်းကိုပဲ နင်းမိပြန်ကာ ...





"ဗျုတ် .."

"အမလေး!..."

"အမေ!..."

စာမျက်နှာ ကမန်းကတန်း ပြေးထူသည်။ ခြေကျွံကျသွားသဖြင့် ခြေသလုံးကနေ ဒူးဆစ်နားထိ ပွန်းရှသွားသည့်ဒဏ်ရာက သွေးစို့၍ ချက်ချင်း နီရဲလာ၏။

"အား .. ကျွတ် .. ကျွတ် .."

ဒေါ်မိမိ ကျွံသွားသည့်ခြေထောက်ကို စာမျက်နှာ အကူအညီနှင့် ပြန်ဆွဲတင်၍ ထဘီကို သေချာ မ ကြည့်ပြီးမှ ပြန်ချလိုက်သည်။

"အမေ့ခြေထောက် တော်တော် ပွန်းသွားတာ၊ သား .."

"ရတယ် .. ဖယ် ..၊ အဲဒီကြမ်းပေါက်ကို ပြန်ဖာလိုက်"

တွဲထားသည့်လက်ကို ဖယ်ချပစ်လိုက်တာ ညင်ညင်သာသာ မဟုတ်။ တစ်သက်လုံးက ဒီတိုင်းပဲ ဆက်ဆံခဲ့တာပေမယ့် စာမျက်နှာ အတွက်က မရိုးသားနိုင်သော ရင်နင့်ခြင်းဖြင့် ...

"ဘုတ် .."

လွယ်အိတ်ကို စားပွဲပေါ် ပစ်ချလိုက်ရင်း မျက်ရည်ကျတော့မှာကို လက်မောင်းနဲ့ ပင့်သုတ်ပစ်မိသည်။

ကြမ်းပြင်ကို ဖာထေးဖို့အတွက် ပျဉ်စားထိုးဖို့ ရှာရသည်။ ပျဉ်ရှိတော့ သံက မရှိ၊ နောက်ဖေးထွက်၍ ယိုင်နဲ့နေသော ခြံတိုင်တချို့က ကောက်ထွက်နေသည့်သံတွေကို ကော်ထုတ်ယူသည်။

ဖြောင့်အောင် သေချာပြန်ထုရင်း တဂျုတ်ဂျုတ်မြည်အောင် ဆာနေသည့် ကိုယ့်ဗိုက်ကို ဆုံးမနေရသည်။

ထမင်း ရှိနေတတ်ပေမယ့် ဟင်းကတော့ အဆင်သင့်ရှိနေဖို့ မသေချာ။ ရှိရှိမရှိရှိ အဆာပြေအောင် ဖြစ်သလို ကျုံးသွင်းရမှာဖြစ်ကာ အမေ့ကို မမေးရဲပါ..။



www.burmeseclassic.com

www.burmeseclassic.com



မေးခဲ့ဖူးသည့် တစ်ခါတုန်းက ...

"ဗိုက်ပြည့်အောင် သစ်ဥ,သစ်ဖုပြုတ်သောက်ရင်တောင် ရတယ်၊ အဲဒီမှာ ထမင်းရှိနေတာ မကျေနပ်သေးဘူးလား .. နင်တို့ နှစ်ယောက်စလုံးကို အပြင်မှာ ခိုင်းမစားဘဲ ကျောင်းထားနေရတော့ ငါ့မှာ ဘာမှ အကျိုးမရှိတဲ့အပြင် နစ်နာသေးတယ် နားလည်လား ..၊ အရွယ်လေးတွေ မရောက်သေးလို့ ကြည့်နေတာ၊ အမြဲတမ်း ဟင်းနဲ့ထမင်း စားချင်ရင် ကျောင်းထွက်လိုက်၊ ကျောင်းစရိတ် ပိုထွက်လာတာနဲ့ ဟင်းဝယ်စား၊ နင်တို့အတွက် အားလုံးပြည့်စုံအောင် ငါ ဖန်တီးမပေးနိုင်ဘူး"

အမေက ပြောပြီဆို တိုးတိုးတိတ်တိတ်လေး မဟုတ်၊ သူ့ထက် အသက်ကြီးတဲ့ မမက အပျို့ရွယ်လေးဆိုတော့ ရှက်တတ်နေပြီ ဖြစ်သည်။

"စားလိုက်ပါ မောင်လေးရယ် .. မမ အလုပ်ရှာနေပါတယ်၊ အလုပ်ရရင် မမတို့အိမ်မှာ ဟင်းကောင်းချက်စားကြမယ် နော်၊ အမေ့ တစ်ယောက်တည်း ရှာနေရတာဆိုတော့ ဘယ်လိုလုပ် ပြည့်စုံမှာလဲ"

"မမ .. အမေက ဘာလုပ်တာလဲဟင်၊ မောင်လေးတို့ ဝိုင်းကူလို့ ရတာပဲ"

သူက ကလေးမို့ အလိုက်ကမ်းဆိုးမသိ မေးခဲ့သော်လည်း မမက မဖြေနိုင်ခဲ့ပေ။ လူတိုင်းရဲ့ပါးစပ်ဖျားမှာ အပျို့ရုံးအောင် လှသည်ဆိုသော အမေက တစ်နေ့ တစ်ခါ နစ်ခါတော့ အပြင်ထွက်သည်။

သူတို့မောင်နှမကိုယ်ပေါ်မှာ ကျောင်းစိမ်းဝတ်စုံနွမ်းနွမ်းက ဘယ်တော့မှ မလန်းနိုင်ပေမယ့် အမေ့ကိုယ်ပေါ်မှာတော့ ရောင်စုံဝတ်စုံတွေက မရိုးအီခဲ့ပါ ..။

ဘာပဲဖြစ်ဖြစ် အမေ နောက်အိမ်ထောင် မပြုခဲ့တာကို မမက ဂုဏ်ယူမဆုံး ရှိခဲ့သလို အမေ့ နှုတ်ခမ်းသားလေးတွေ နုအိနေတာ ပါးပြင်တွေမှာ အဖုအပိန့်မရှိ နူးမွတ်နီမြန်းနေတာ အားလုံး ..၊





တင်းပြည့်သွယ်လျသည့် ခြေချောင်း၊ လက်ချောင်းလေးတွေ အထိ သူကတော့ အသေးစိတ် ချစ်ပါသည်။

အမေ လှနေတာကို မော့ငေးရင်း စာကျက်ရတာကို သဘောကျခဲ့၏။ 'အဲဒါ မင်းအမေလား .. တော်တော် အရွယ်တင်တာပဲ'လို့ လူတွေ ပြောတိုင်း တပြုံးပြုံးနှင့် ကျေနပ်နေခဲ့တာ ခုချိန်ထိ ..။

အမေ့ကို ကြည်ညိုမပျက်၊ အချစ်မပျက် ရှိနေဆဲပါ ..။ ဒါပေမယ့် အမေကတော့ စိမ်းကား ရက်စက်နေဆဲ ..။

မေတ္တာဆိုတာ အသွားအပြန် မရှိတော့ဘူးလား၊ မှန်လို ရောင်ပြန်မဟပ်ဘူးဆိုရင်တောင် မိုးစက်လေးတွေလို ကမ္ဘာမြေကြီးရဲ့ရင်ခွင်မှာ စိမ့်သက် တိုးဝင်ခွင့်လေးတော့ ရချင်၏။ ကမ္ဘာမြေကြီးဟာ ပူတာ အေးတာ ဒြပ်ရှိဒြပ်မဲ့ အားလုံးကို ဘာမှငြင်းပယ် ညည်းညူခြင်းမရှိဘဲ လက်ခံ သိမ်းဆည်းနိုင်သည့်ဂုဏ်သတ္တိတွေနဲ့ ထမ်းပိုးထားခဲ့သလိုမျိုး..။

အမေ မကြင်နာနိုင်ရင် နေပါ၊ သားတို့ရဲ့ ချစ်ခင်တွယ်တာခြင်းတွေကို လက်ခံပေးနေရင်ပဲ တော်ပါပြီ ..။

မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေကျပြီးမှ လက်မောင်းနဲ့ ပွတ်တိုက်ပစ်မိ၏။

"ဒုန်း .. ဒုန်း .."

မျက်ရည်ကြောင့် သံရိုက်နေသည့် တူချက်က သံပေါ်ကို တည့်တည့်ကျလိုက်၊ မကျလိုက် ..။

"ဒုန်း .."

သံချင်းခတ်မိသဖြင့် ရဲခနဲ မီးပွင့်သွား၏။

"ဟဲ့ .. ဟဲ့ .. ဒါလေး လုပ်နေတာ နှစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်နေတာ ကျနေတာပဲ၊ မျက်နှာ .."

"ဗျာ .. အမေ"

"ငါ နားတွေ အူနေပြီနော်၊ နင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အမေ .. ပြီးပြီ"

မျက်လုံးကို အထပ်ထပ်ဖိပွတ်၍ တူကို သေချာ 'ဆ'ကိုင်လိုက်ရ သည်။ အသံခပ်အုပ်အုပ်နှစ်ချက်နှင့် အပြီးသတ်ကာ မျက်လုံးတွေကို လက်မောင်းပင့်ပြီး ထပ်ပွတ်မိစဉ် ...

"မျက်နှာ .."

"ဗျာ .."

"ဘာမှမရှိဘူး .. လမ်းထိပ်မှာ တို့စရာပြုတ်နဲ့ ငပိရည် သွားဝယ် လိုက်"

"ဟုတ်ကဲ့"

'ပိုက်ဆံ လာယူ'ဆိုသည့် နောက်ဆက်တွဲစကားကို နားစွင့်နေ သော်လည်း အခန်းထဲမှာ ပန်ကာဖွင့်ထားသဖြင့် လှုပ်ခါနေသည့် ခန် ဆီးစရှည်က အသံတိတ် နှုတ်ဆက်နေ၏။

ဒါသည် ကဗျာမဲ့ ဖြတ်သန်းခဲ့ရသော နေ့စွဲများထဲက နေ့တ နေ့...။





အခန်း | ၅ |

"ဟဲ့ .. မျက်နှာ .. နင် ငါ့စာအုပ်တွေကို ဘာလုပ်နေတာလဲ"

တစ်ဝက်ပြဲလက်စနှင့် စာရွက်က ဒေါ်မိမိ ဆွဲယူလိုက်သည့် အုပ်ထဲမှာ ပါသွားသည်။

"ကြည့်စမ်း .. ဟိုမှာလည်း ဖြဲထားတာ မနည်းဘူး၊ ငါ့စာအုပ် ွေ ကုန်ပါပြီ"

"အမေ မသုံးတော့တဲ့ စာအုပ်တွေပါ အမေရယ် .."

"ဘာ .. ငါ မသုံးတာလဲ .. သုံးတာ မသုံးတာ ငါ့အလုပ်၊ နင် စာအုပ်ကို ဘာဖြစ်လို့ ဆုတ်ပစ်နေတာလဲ"

"သား စာရွက်လိုချင်လို့ပါ"

"စာရွက်လိုချင်တာ စာအုပ်ထဲက ဖြဲရမယ်လို့ နင်တို့ဆရာမတွေ သင်ထားသလား၊ ငါ မပြောလိုက်ချင်ဘူး၊ တောက် .. ကြီးတောင် ားနဲ့ ပါးနားရိုက်ပစ်လိုက်ရ မကောင်းဘဲ ရှိတော့မယ်"

စာရွက်တွေကို မကျေမချမ်းကြည့်၍ စာအုပ်တွေယူပြီး ထွက် သွားသည်။ ကြမ်းပေါ်မှာ စာရွက်တွေကြားထဲ တင်ပလ္လင်ခွေ ထိုင် သားနှင့် စာမျက်နှာ ဒီတိုင်း ကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက စာရွက်တွေ ဖြယူရမယ်လို့ သင်မထားပါဘူး အမေ..၊ ဆရာမရှေ့ကို စာရွက်တွေမပါဘဲ သွားလို့မရလို့ ယူမိတာပါ..။

'နေရာတကာ မျက်ရည်မလွယ်ရဘူး'လို့ မမ မှာထားပေမယ့် စာမျက်နှာ ရဲ့ နေ့စွဲတိုင်းဟာ မျက်ရည်ကပဲ စီနီယာ ဖြစ်နေသည်။

ယောကျ်ားပေမယ့် ငိုချင်နေတာကို ဘယ်လို ထိန်းချုပ်ရသလဲ ဆိုတဲ့ပညာ သူ့မှာ မတတ် ..။

"မောင်လေး .."

ခြေသံဖွဖွနှင့် ယဉ်ပါးနေသည့် သနပ်ခါးနံ့လေး နှာခေါင်းထဲ ဝင်လာသည်။ ဒမမ လာပြီကို သိကာ မျက်နှာငုံ့လိုက်တော့ မျက်ရည်က ပေါက်ခနဲ ကြွေ၏။

"ဘာတွေ ဖြစ်နေတာလဲ"

စာရွက်ဖြူတွေ မသပ်မရပ် ပြန့်ကျနေတာကိုကြည့်ကာ စာမျက်နှာ ဘေးမှာပဲ မမ ဆောင့်ကြောင့်လေး ထိုင်လိုက်ရင်း ...

"မြင်လိုက်ရင် အဲဒီလို ခေါင်းငိုက်စိုက်နဲ့ မျက်ရည်ဝဲနေတဲ့ပုံပဲ ကွာ .. မောင်လေးက ခုနစ်တန်း ရှစ်တန်းအရွယ်လေး မဟုတ်တော့ဘူး၊ ဆယ်တန်းပဲ ဖြေရတော့မယ်၊ တက္ကသိုလ်ကျောင်းသား ဖြစ်သွားတာနဲ့ အရွယ်ရောက်တဲ့ လူငယ်တစ်ယောက် ဖြစ်သွားပြီ၊ မျက်ရည်လွယ်နေတာ ကောင်းသလား"

"မောင်လေး ငိုတာ မဟုတ်ဘူး မမ"

"မငိုဘဲနဲ့ မျက်ရည်တွေက ဘယ်သူ လာထည့်ထားတာလဲ"

စာမျက်နှာ က သူ့အစ်မကို ငေးကြည့်ရင်း မျက်ရည်ဝေ့နေသည့် မျက်လုံးတွေကို ပွတ်မပစ်တော့ဘဲ မျက်တောင်တွေပဲ ဖိခတ်ပစ်၏။ မမ က ပင့်သက်လေးရှိုက်ပြီး ဘေးမှာ ကျကျနန ထိုင်ချပစ်လိုက်ကာ—

"အမေနဲ့ ဘာဖြစ်လို့လဲ .."

"ဘာဖြစ်တယ်ဆိုတော့ ညည်းက ဘာတွေ ဖြေရှင်းပေးမှာလဲ"





ဒေါ်မိမိ ထွက်လာတာ ဝင်သွားတုန်းက ဒေါသတွေအတိုင်း တစ်စက်မှ မလျော့။ လက်ထဲမှာလည်း ဗလာစာအုပ်တစ်ထပ် ပါလာကာ မောင်နှမနှစ်ယောက်ရှေ့မှာ ဘုန်းခနဲ ပစ်ပေါက်ချကာ ...

"စာအုပ်တွေကို ဆုတ်ဖြဲယူထားတယ်၊ အဲဒီမှာ ကြည့် .."

ကြည့်ဆိုပေမယ့် မခ မကိုင်ရဲပါ ..၊ စာရွက်ဖြူတွေ တစ်ရွက်စီနှင့် ပစ်ချလိုက်သည့်စာအုပ်တွေကို ကြည့်ကာ ကိုယ့်ဘာသာ နားလည်သွားခဲ့တာ ဖြစ်သည်။

"ငါ့ပစ္စည်းလို့ သတ်မှတ်ထားရင် ငါဖွင့်ထားတဲ့ ပန်ကာလေတောင် လာမခံနဲ့ .. မကြိုက်ဘူး"

ဒေါ်မိမိ က မောင်နှမနှစ်ယောက်ကို မတ်တတ်ကနေ စီးမိုးကြည့်ရင်း ခါးနှစ်ဖက်ထောက်သည်။

"နင်တို့နှစ်ယောက်ကို ပညာတတ်အောင် ငါ သင်ပေးခဲ့တယ်၊ အဲဒီထိ စေတနာလေး ပျက်မသွားအောင် ငါ ဘယ်လောက် အောင့်အင်း သည်းခံခဲ့ရလဲ သိလား .. ကိုယ် မွေးထားတာပေမယ့် နင်တို့ကို ကျွေးမွေးပြုစုနေရတိုင်း ဟိုသတ္တဝါကောင်ရဲ့ ခြေဖဝါးအောက်မှာ ပိပြားနေရသလိုပဲ၊ သူ ပစ်စလက်ခတ် ထားခဲ့နိုင်သလို ငါကလည်း တောင်းထဲ စုထည့်ပြီး မြောင်းထဲသွားချပစ်ချင်တာ၊ ဒါပေမယ့် ဒီနေ့ထိ ငါ့မှာ ပူဇော်ပသနေရတုန်း"

အတ္တမာနများနှင့် ဒေါ်မိမိ က အံတကြိတ်ကြိတ်ပြောရင်း မျက်ရည်ရောင်တွေ လက်နေရှာသည့် မျက်ဝန်းနှစ်စုံကိုပါ ချန်မထားဘဲ မျက်စောင်းခဲသေးသည်။

"ဖအေဖြစ်ဖြစ် မအေဖြစ်ဖြစ် မှားပြီးရင် မှားတဲ့အပြစ်အတွက် ဆတူ ခံရမှာပဲ၊ နင်တို့ကြောင့် ငါက ဒီသတ္တဝါရဲ့လည်ပင်းနင်း ခံနေရတာ၊ အဲဒါကြောင့် ငါ စိတ်ကောင်းဝင်နေတုန်း ပေးတာကို ယူ လောဘ မတက်နဲ့၊ နောက် ဒီလို လက်ရဲဇက်ရဲလုပ်လာရင် နှစ်ယောက် စလုံး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်က ခေါင်းနဲ့ ဆင်းရမယ်"

ဒေါ်မိမိ အထဲပြန်ဝင်သွားကာ ခဏကြာတော့ ပြန်ထွက်လာ၏။ ယောထဘီအနီရဲရဲ ကန့်လန့်စင်းလေးနှင့် ရှန်သားအနီရဲကို ဝတ်ထားတာက အိမ်နေရင်းပုံအတိုင်းပဲ ဖြစ်လျက် ပိုက်ဆံအိတ်ပြားလေးတစ်ခုပဲ ဝင်ယူလာတာ ဖြစ်သည်။

ဖြူဝင်းနုမွတ်နေသည့် အသားအရေသည် ဒီအရွယ်ထိ ဇရာ၏ အရေးအကြောင်းဆိုလို့ တစ်စက်ကလေး မထင် ..။ လက်မောင်းသားသွယ်သွယ်၊ ကိုယ်လုံး ပြည့်ပြည့်လှလှလေးနှင့် ဘယ်လိုပုံစံလေးနဲ့ပဲ ထွက်သွားသွား အမေ့ကို နှစ်ခါပြန် မကြည့်တဲ့လူ မရှိ ..။

ထို့ပြင် ပခုံးအောက်ထိ အဖြောင့်တိုင်း ဖြန့်ချထားတတ်သည့် ဆံနွယ်လက်လက်လေးတွေက အမြဲ ဂရုစိုက် ယုယထားတာမို့ ကော်ဖီရောင်ရင့်ရင့်နှင့် အားကျလောက်အောင် လှ၏။

အမေ ထွက်သွားတာကို တံခါးဝထိ လိုက်ကြည့်နေရင်း မခ မျက်လုံးတွေ စာမျက်နှာ ဆီ ပြန်ရောက်လာ၏။

မငိုနဲ့ဆိုလို့ မငိုအောင် ထိန်းချုပ်နေရပုံပေါက်သည့် စာမျက်နှာသည် မျက်ခမ်းစပ်လေးတွေ၊ နှာသီးဖျားလေးတွေ ရဲတွတ်နေရှာ၏။

"မောင်လေး .. နင် စာအုပ် မရှိတော့လို့လား"

စာမျက်နှာ က မဖြေ ..၊

"ဘာဖြစ်လို့ အမေ့ပစ္စည်းကို သွားလုပ်ရတာလဲ မောင်လေးရယ်.."

"မောင်လေး အမေ့ကို ပြောပြီး မတောင်းရဲလို့ပါ .."

"မသိအောင်ယူတော့ ပိုမဆိုးဘူးလား"

"ကျောင်းစာအုပ် လိုနေလို့ဆိုရင် ဒီလောက် မဖြစ်လောက်ဘူးမှတ်လို့"

"မောင်လေးရယ် .."

မခ မျက်ရည်ဝေ့နေတာတွေကို မျက်တောင်တွေနဲ့ ပုတ်ခတ်ဖယ်





ခ်ကာ စာရွက် ဆုတ်ယူပြီးသားတွေကို လိုက်ကောက်၍ သေချာထပ်သည်။

"ကဲ .. ဆူပြီးပြီဆိုတော့ ဒါတွေ မောင်လေး သုံးလို့ရပါပြီ၊ မမ ဒေါ်ကျင်နု ဆီမှာ သွားချုပ်ခိုင်းလိုက်မယ်နော်"

စာမျက်နှာ ခါးမတ်သွားကာ မခ လက်ထဲက စာရွက်ထပ်ကို လှမ်းဆွဲလိုက်ပြီး ...

"ပြန်ရွေးစရာမရှိရင် ဒီည မောင်လေး အိမ်စာရေးဖို့ မရှိဘဲနေလိမ့်မယ်၊ ကိုယ့်ဘာသာ စာရွက်တွေကို ဖောက်ပြီး ကြိုးနဲ့ သီထားလိုက်မယ်"

"မဟုတ်တာ မောင်လေးရယ် .."

မခ က စာမျက်နှာ လက်ကို ပြန်ဖယ်ချလိုက်၏။

"အချိန်မီ မမ ပြန်ရွေးပေးမယ်၊ ဒီတိုင်းကြီး ကိုင်ရင် ဆရာမတွေ ဆူမှာပေါ့"

မောင်နှမ နှစ်ယောက်အကြောင်းတို့ ဆရာ၊ ဆရာမ တော်တော်များများကတော့ အတွင်းရေး၊ အပြင်ရေး သိနေကြပါပြီ..။

မခ တုန်းကလည်း ကိုယ့်မှာ မတတ်နိုင်ပေမယ့် စာကြိုးစားနေတာမြင်တော့ ဆရာတွေလည်း မနေနိုင်ကြပေ။

အချိန်ပိုတွေ၊ ကျူရှင်တွေအားလုံး မခ ကို အလကား တက်ခွင့်ပေးခဲ့သည်။ တော်ရုံ အတန်းထဲမှာ ဘာကြေး ညာကြေး ကောက်ပြီဆိုလည်း မခ ကို ဘယ်စာရင်းမှာမှ မထည့် ..။

ထိုနည်းလမ်းဖြင့် မခ ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့သည်။ ဘဝရဲ့ နောက်ထပ် တစ်ဆစ်ချိုးကိုတော့ ဘယ်သူမှ မတတ်နိုင်ခဲ့ပါ..။

"အဝေးသင်နဲ့ဖြစ်ဖြစ် ဘွဲ့တစ်ခုတော့ ပြီးဆုံးအောင် ယူလိုက်ပါသား သမီးရယ် .."



www.burmeseclassic.com

www.burmeseclassic.com



လို့ တပည့်ဟောင်းမို့လို့ ဆရာတွေက နှမြောတသစွာ အကြံပြုကြသည်။ သူမအတွက်က အဝေးသင်ဆိုတာလည်း မလွယ်ကူပါ။

အဝေးလည်း အဝေးမို့လို့ သူ့စရိတ်နဲ့သူ ငွေကုန်ကြေးကျ ရှိတာပဲဖြစ်သည်။ ဒါကိုတော့ ဆရာမတွေကို ပြန်ပြောမပြတော့ဘဲ သူတို့ ပြောတဲ့အတိုင်းပဲ ပြီးစလွယ် ခေါင်းညိတ်နေခဲ့မိ၏။

မရှိတဲ့အကြောင်း ပြောရတာဟာ မိမိကိုယ်ကို နှိမ့်ချလိုခြင်း၊ အရှိကို အရှိအတိုင်း ပြောဆို ဝန်ခံရဲခြင်း၊ ပြီးတော့ တစ်ဖက်က ကူညီလာမှာကို မျှော်ကိုးခြင်း စသည့်သော အဓိပ္ပာယ်တွေ အများကြီး ဖြစ်လို့ ရသည်။

ဆယ်တန်းထိ တောက်လျှောက် လက်တွဲကူညီခဲ့ကြသည့် ဆရာတွေရှေ့မှာ နောက်ထပ် ချို့တဲ့တာတွေ ပြောမိလျှင် ဟိုတုန်းက ထားခဲ့ကြသည့် စေတနာတွေပါ ပျက်သွားနိုင်တာကို တွေးမိသဖြင့် ကိုယ့်ဘဝအကြောင်း ဘာမှ ထပ်မပြောမိအောင် နေခဲ့ခြင်းသာ..။

ဤသို့သော အကြောင်းများကြောင့် မခ ပညာ မဆုံးခဲ့ဘဲ ဘာအလုပ် လုပ်လို့မှလည်း အဆင်မပြေ ..။

အလုပ်လုပ်တိုင်း အတိုက်အခံတွေ အမြဲရှိနေတတ်ကာ ဆိုးဝါးသည့် ကုသိုလ်ကံကြောင့် သူမမှာ ချစ်သူခင်သူ မရှိခဲ့ပေ ..။

မိန်းကလေးချင်းဆို ပြိုင်ဆိုင် မနာလိုကြရင်း အတိုက်အခံတွေဖြစ်ရသလို ယောကျ်ားလေးတွေကျတော့ ထိကပါး ရိကပါး ..။

ချမ်းသာတဲ့ယောကျ်ားတွေက တစ်မျိုး၊ သူလိုကိုယ်လိုလူတွေ သူ့ထက်ငါ ကြိုးစားလာတတ်တာတွေလည်းရှိကာ ဆင်းရဲပြီး လှနေရတာကိုတောင် စိတ်ပျက်လာမိခဲ့သည်။

မခ ရော မောင်လေးပါ မိဘတွေဆီက အဆင်ပြေတာလေးတွေပဲ ရယူထားပြီး နှစ်ယောက်စလုံး ချောချောလေးတွေလို့ ပတ်ဝန်းကျင်က ပြောနေကျ ..။





ငယ်ငယ်တုန်းကတော့ ဒီစကားတွေက ဘဝင်ခိုက်စရာပါ။ ခုကျတော့ လှနေတာကပဲ 'မအေတူသမီး မအေလို လာမှာပဲ'လို့ ပြောချင်သည့် မျက်လုံးရှူးရှူးတွေနှင့် ..။

အမေကရော ဘာတွေ ဖြစ်နေလို့လဲ ..၊ မခ အမေ့ကို ချစ်သည်၊ အဖေ့ကိုလည်း ချစ်ပါသည်။ ဒါပေမယ့် မိသားစုကို ထားရက်ခဲ့သူအဖြစ် အဖေ့ကို စိတ်ကူးထဲက ခဏ ထုတ်နုတ်ထားနိုင်သည်။

အမေကတော့ ကြင်နာသည်ဖြစ်စေ မကြင်နာသည်ဖြစ်စေ အမေ့ရဲ့ တစ်ခြမ်းပဲ့ရင်ခွင်ကြောင့် သူမတို့ လုံခြုံခဲ့ရတာ ဖြစ်၏။

အမေ လှလှပပ နေတတ်တာကိုပဲ လူတွေ ဘာဖြစ်လို့ ကဲ့ရဲ့ချင်ကြမှန်း မသိပါ။ တကယ်ဆို ဒီနေ့ထိ အမေ နောက်အိမ်ထောင်ပြုခဲ့တာ မဟုတ် ..။

အမေနဲ့ပတ်သက်သော စာတမ်းပြုစုရမည်ဆိုလျှင် မခ ပါမောက္ခ ဖြစ်သွားနိုင်၏။

အဲဒီလောက်ထိ ချစ်ခဲ့သည် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၆ |

"ဆွေသင်း .."

ကြမ်းတိုက်အဝတ်ကို နင်းထားပြီး တစ်ကိုယ်လုံး လှုပ်ခါဝှေ့ပတ်၍ ကြမ်းတိုက်ခြင်းအလုပ်ကို ဆောင်ရွက်နေသည့် ဆွေဆွေသင်း က ဖျတ်ခနဲ လှည့်ကြည့်၏။

"အဖေ ရှိလား .."

"နိုး .."

ဒါပဲဖြေပြီး ကက်ဆက်ခလုတ်ဆီ ပြေးသွား၏။ မြူးဇစ် ပြောင်းပြီးမှ 'က'နေရင်း ကြမ်းပြန်တိုက်၏။

ဦးခင်မောင် ရဲ့အိမ်က နှစ်ထပ်တိုက်အိမ် ဖြစ်သည်။ အပေါ်ထပ် အောက်ထပ်နှင့် ဝရန်တာမှာ လျှာထိုးပျဉ်တွေ ခင်းထားသဖြင့် ဆွေသင်း က မိန်းကလေး အကြီးဆုံးမို့ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါလောက်တော့ သူမပဲ ကြမ်းတိုက်သည်။

ဒီအိမ်ရဲ့ ခြံတစ်ဝက်မှာ အရင်က ပန်းစိုက်သည့်လုပ်ငန်းကို ဆွေသင်း တို့အမေ ဒေါ်သီတာ လုပ်ခဲ့တာဖြစ်လျက် ဦးခင်မောင် နဲ့ လက်ထပ်ပြီးမှ ပန်းခြံကို ဖြုတ်ပစ်လိုက်သည်။





နောက်ထပ် ရှိသမျှ ထပ်ထည့်ကာ ပုံနှိပ်တိုက် ထူထောင်၏။ ခုတော့ ပုံနှိပ်တိုက်လည်း ပြုတ်ပြုတ်ပြုန်းသလောက် ဖြစ်နေပါပြီ။ သားသမီးတွေက မိဘမို့ မငြိုငြင်ပေမယ့် ဦးခင်မောင် သူ့အပြစ်လို့တွက်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခံကာ စီးပွားရေးကိုပဲ လုံးပမ်းနေခဲ့၏။

"နင်က ဘာလာလုပ်တာလဲ"

အဖေ ရှိလားလို့ မေးပြီး အထဲဝင်လာတော့ 'က'နေရင်းနဲ့ ဆွေသင်း က မေးသည်။ မလိုလားသည့်မျက်လုံးတွေက ဧည့်ခန်းမှာ ထိုင်လိုက်တဲ့အထိ ပါလာကာ ...

"နင့်ကို အိမ်လာတာ မကြိုက်မှန်း သိရက်သားနဲ့ ကိုစာ..၊ အဖေက စီးပွားရေး အဆင်မပြေလို့ စိတ်က အမြဲတမ်း ညစ်နေတာ၊ ပြန်လာလို့ နင့်မျက်နှာမြင်ရင် ဆူသံပူသံတွေ ကြားရဦးမယ်"

ပြန်တော့လို့ မပြောပေမယ့် ရှုဆောင့် မျက်စောင်းထိုးသဖြင့် စာမျက်နှာ မသိမသာ အံကြိတ်မိသည်။

ဆွေသင်း က သူ့ထက် နှစ်နှစ်လောက် ငယ်သည်၊ သူ့အရပ်က မြင့်မြင့်၊ ဆွေသင်း က သွယ်သွယ်သေးသေးပုံလေးမို့ သုံးလေးနှစ်လောက်တောင် ကွာသည်လို့ တချို့က ထင်ကြ၏။

ဆွေသင်း ကလည်း ခေါ်တာတော့ 'ကိုစာ'ပါပဲ၊ ဒါပေမယ့် ပြောတော့ နင်နဲ့ငါ၊ အငယ်နှစ်ယောက်ကလည်း ဒီတိုင်း ..။

"အမေလည်း နေကောင်းတာ မဟုတ်ဘူး၊ ကိုစာ ဒီကို လာလာနေတာ ဘယ်ဘက်ကမှ ကောင်းဖို့ မရှိဘူးနော်၊ အဲဒါ စဉ်းစားဦး"

ဆွေသင်း က ထပ်ပြောပြီး စိတ်ပျက်သည့်မျက်နှာလေးနှင့် ကက်ဆက်ကိုပါ ချက်ချင်း သွားပိတ်ပစ်သည်။

"ငါ အဖေ့ကို ခဏလေး တွေ့ချင်လို့ပါ"

မပွင့်တပွင့်ပြော၍ နေရာမှ ပြန်ထရပ်လိုက်ရင်း ...

"ငါ သွားတော့မယ်၊ ငါလာတာ အဖေ့ကို မပြောနဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အကုသိုလ်များမယ့်အလုပ်ကို ပြောစရာလား .."

ဆွေသင်း က ဒိုင်ယာနာဆံပင်တိုတိုလေးနှင့် အိမ်နေရင်း ဖူးကျ ဘောင်းဘီပွပွလေးကို ဝတ်ထားသည်။ တကယ့် ကလေးပုံစံလေးပဲ ဖြစ်၏။ ဒီအရွယ်နဲ့ ဒီအရပ်ကို မော့ကြည့်ပြီး ပြောဆိုနေသည့်စကားလုံးတွေက လေးစားသမှု အနည်းငယ်မျှ မပါ ..။

"ခဏာ နေဦး ကိုစာ .."

စာမျက်နှာ က တံခါးနားရောက်မှ ပြန်လှည့်ကြည့်သည်။ ဆွေသင်း က သူ့နားထိ လျှောက်လာ၍ ... .

"အဖေ့ကို တွေ့ပြီး ဘာလုပ်မလို့လဲ"

သူ ဘာပြန်ဖြေရမှန်း မသိ၊ စိတ်ထဲမှာ ရှိတဲ့အတိုင်းဆိုလျှင် အဖေ့မျက်နှာကို တစ်နေ့တစ်ခါတော့ မြင်ချင်သည်။ မျက်နှာချင်းဆိုင် ဖြစ်စေ .. ခပ်လှမ်းလှမ်းက ဖြစ်စေ ခဏာရပ်ကြည့်ပြီးမှ ပြန်ချင်၏။

ဒီအိမ်မှာ အဖေတူ အမေကွဲ မောင်နှမတွေက မကြည်ဖြူကြမှန်း သိနေတာတောင် 'အဖေ့အိမ်ကို ဝင်ထွက်ခွင့်ရှိတဲ့သူ' ဆိုသော ပီတိစိတ်လေးနှင့် ဖြေသိမ့်ချင်တာမျိုး ..။

တခြား အကြောင်းအရာတစ်ခုခုနဲ့ လာခဲ့တာဆိုရင်လည်း ပထမဆုံး ရည်ရွယ်ချက်က အဖေ့ကို တွေ့ချင်တာ ဖြစ်လေသည်။

"မပြောချင်လည်း နေလေ .. တစ်ခုတော့ ရှိတယ်၊ ကန်တော့မခံချင်တဲ့လူကို ငြိုငြင်ခံပြီး လာကန်တော့နေတာ၊ မုန့်လေးတစ်ထုပ်နဲ့ လက်အုပ်ချီရုံပဲဆိုရင် ပြောရတဲ့လူလည်း မကောင်းဘူး၊ ခံရတာလည်း မတန်ဘူးပေါ့၊ သိတင်းကျွတ်ပြီမို့လို့ ကြိုပြောထားတာ"

လွယ်ထားသည့်အိတ်ကို ပခုံးပေါ် အမ်ဆွဲတင်လိုက်ပြီး စာမျက်နှာ ဆွေသင်း ကို ငေးနေမိသည်။ ဆွေသင်း က မေးဖျားကို တမင်ပင့်လိုက်ကာ ခပ်ရိုင်းရိုင်းပုံစံ မဲ့ရွဲ့ပြီးမှ လှည့်ထွက်သွား၏။

ဦးခင်မောင် ရဲ့သားသမီးတွေဖြစ်ပြီး အလွမ်းမခ နဲ့ စာမျက်နှာ





ကျတော့ ဖွေးအု နုမွတ်နေကြသည်။ အရပ်အမောင်းတွေက ကောင်း၊ ကိုယ်လုံးတွေ ဖြောင့်ဖြောင့်နှင့် ..။

သူမတို့ မောင်နှမသုံးယောက်ကျတော့ ဒီလို မဟုတ် ..၊

အငယ် နှစ်ယောက်ဆိုလျှင် အသားညိုတာထက်တောင် ပိုချင်သည်။ ယောက်ျားလေးတွေဖြစ်ပြီး အရပ်အမောင်းလည်း မထွက်၊ ပုတယ်လို့ ပြောမရရုံလေးပဲ ရှိသည်။ သူမကတော့ မိန်းကလေးပီပီ ကိုယ့်ပုံစံကို လိုတိုးပိုလျှော့နည်းနှင့် နေ့စဉ် ဇာသသလုပ်နေလို့ လှတယ်ဆိုတာလောက်တော့ အပြောခံရဖူး၏။

အမေ့ကို လက်ထပ်ပြီး အမေ့နောက်ကို လိုက်လာတဲ့ အဖေမို့လို့ သာ ဟိုက သားသမီးတွေနဲ့ ပြောဆိုဆက်ဆံနေတာကို လက်ခံနေခဲ့ရသည်။ ကိုယ့်အမေက အိမ်ထောင်ဦးဆိုလို့ကတော့ သင်းတို့တွေ အိမ်ရိပ်တောင် လာနင်းခွင့်ရမှာ မဟုတ်ပေ ..။ အိပ်ရာထဲ လဲနေသည့် အမေကလည်း ဒါကို သဝန်မတိုဖို့ တဖွဖွ ပြောနေလို့ ..။

"ငါက တစ်နေ့တခြား ရောဂါတွေ တိုးလာနေပြီ၊ ညည်းတို့ မောင်နှမတွေ ဒီအဖေနဲ့ ကျန်ခဲ့ရမှာနော်၊ ဖအေကိုရော ဟိုကသားသမီးတွေရော ညည်းတို့ ဘာမှ သဝန်မတိုကြနဲ့၊ ဒီလောက်လှတဲ့ မိန်းမကို ပစ်ခဲ့ပြီး ငါနဲ့အတူလာနေတာ သူ သစ္စာမရှိရင် ညည်းတို့ မျက်နှာငယ်ရမှာ သိလား .."

အမေ ပြောသမျှ အဖေနဲ့ သူ့သားသမီးတွေကို တစ်နေ့ ဦး သုံးကြိမ်လောက်ချဖို့ ကောင်းနေတဲ့အကြောင်းတွေသာ ..၊

သူကတော့ ဒီလို မမြင်ပါ ..။

ဒေါ်မိမိ ဆိုတဲ့ မိန်းမကြီး ဒီလောက်လှနေသားနဲ့ ထားပစ်ခဲ့တယ် ဆိုကတည်းက ဘယ်နေရာမှာ ဘယ်လိုဆိုးနေသလဲမှ မသိတာ ..။

ပြီးတော့ ကိုစာ ကို အဖေက သူ့သား မဟုတ်ဘူးလို့ တဖွဖွပြောပြီး မုန်းနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ထောက်ချင့်ကြည့်လျှင် ဒေါ်မိမိ မှာ အထင်ကြီး ကိုးကွယ်စရာ ဘာရှိလို့လဲ ..၊ အမေက အသားညိုညို ရှက်ကြမ်းရေကျိုလောက်ပဲ ရုပ်ရည်ရှိပေမယ့် အဖေ ခုထိ မြတ်နိုးယုယနေတာ ကြည့် ..။

အိမ်ထဲ ဝင်လာပြီးမှ အပြင်ကို ခေါင်းပြူကြည့်လိုက်တော့ စာမျက်နှာ မရှိတော့ပေ ..၊ ဒီတော့မှ ပြန်ထွက်လာပြီး ကြမ်းတိုက်ခြင်းကို ပြန်စလိုက်ရသည်။ ပြောမယ့်သာ ပြောရသည်၊ အဖေ ဘာဖြစ်လို့ မုန်းတီးနေတာလဲ ထင်ရလောက်အောင် မုန်းရက်ဖွယ်မရှိတဲ့အထိ စာမျက်နှာ ရဲ့ မျက်နှာသွင်ပြင်အားလုံးက ရှင်းသန့် ချောမွေ့နေတာ ဖြစ်သည်။

အဖေက အသားလတ်သည်ဆိုပေမယ့် ပင်ပန်းသည့်ဒဏ်၊ ဇရာရဲ့အရိပ်တို့နှင့် ခုချိန်မှာ ခပ်မည်းမည်း ဖြစ်နေသည်။

စာမျက်နှာ ၏ တစ်ကိုယ်လုံး ဝင်းစက်ချောမွေ့နေတာတွေက အဖေနဲ့ လုံးဝ ဆင်ဆင်လေးတောင် မတူသော်လည်း သူ့အမေက အဲဒီလောက်ထိ လှနေတဲ့သူ မဟုတ်ဘူးလား ..။

မအေတူသား ဆိုလည်း ရတာပဲ ..၊ အဖေ့ကို နားမလည်နိုင်သဖြင့် ဒီမေးခွန်းမျိုး အမေ့ကို မေးဖူးသည်။ အမေကတော့ မကောင်းကြောင်း တစ်ခါမှ မပြောခဲ့ဖူးသည့်အတိုင်း ...

"သူ့သားပါအေ .. ညည်းတို့တွေ ငါနဲ့တူလို့ အသားညိုတာ၊ အရုပ်ပုတာ၊ ဟိုကောင်လေးက သူ့အမေက မြင့်မြင့်၊ ဖအေက ရှည်ရှည်၊ ဒါကြောင့် အရပ်ရှည်တယ်၊ မအေက ဖြူနုပြီး မင်းသမီးရှုံးအောင် လှနေတော့ သူတို့တွေ မအေတူပြီး ဖြူဖြူနုနုလေး ဖြစ်နေကြတာ ဆန်းသလား၊ အဲဒါကြည့် .. ညည်းတို့အဖေ သားကို သားလို့ မမှတ်နိုင်တဲ့အထိ အချစ်ကြီးပြီး အမျက်ကြီးနေတာ၊ ငါနဲ့ဆုံခဲ့တာတောင် သူ့အိမ်ထောင်ရေးမှာ အဲဒီလိုစိတ်ကူးနဲ့ ပေတောရှက်လွှင့်နေတုန်း ဆုံကြတာ..။

"ငါကတော့ ပြိုင်ဘက်ဖြစ်ကြပေမယ့် စကားနာ မထိုးခဲ့ပါဘူး၊ သူ့သားနဲ့ သူ့ကြားမှာ ငြိမ်းချမ်းဖို့ အများကြီး ကြိုးစားပေးခဲ့တာ၊ ဘာဖြစ်





လို့လဲဆိုတော့ စာမျက်နှာ ဆိုတဲ့ ကောင်လေးက ပေါက်စလေးကတည်းက ဖြူဖြူနွဲ့နွဲ့ ချူချူချာချာလေးရယ် .. ချစ်စရာလည်း ကောင်းတယ်၊ သနားဖို့လည်း ကောင်းတယ်၊ မအေကို ချစ်သလို ဖအေကိုလည်း ခုချိန်ထိ ပြောမနာဆိုမနာ ခွတ်လိုက်ကပ်နေတာ ကြည့်..၊ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ မျက်နှာလေးပါအေ .. ညည်း အဖေတစ်ယောက်ပဲ မိန်းမစိတ်မွှန်ပြီး ရက်စက်နေတာ"တဲ့ ..။

ထို့ပြင် "သူတို့အိမ်ထောင်ရေး ပြိုကွဲခဲ့တာလည်း ငါကြောင့်ပါ၊ အဲဒီပြစ်မှားကျူးလွန်မှုတွေကို အသက်လေးရလာတော့ ကြောက်မိတယ်"လို့ တဖွဖွ ပြောနေခဲ့၏။ လူတစ်ယောက်ဟာ ကိုယ်ရနေတာကျတော့ မက်မော အလေးထားရကောင်းမှန်း မသိဘဲ မရနိုင်တာကို ဘာဖြစ်လို့ ဘဝနဲ့ရင်းပြီး တောင့်တနေခဲ့တာလဲ ..။

အဲဒီလူဟာ စာမျက်နှာ ဆိုသည့် လူငယ်တစ်ယောက်ဖြစ်၏။ ပြီးတော့ အလွမ်းမခ၊ ဆံပင်ရှည်ရှည်အရပ်မြင့်မြင့်နှင့် မအေတူသမီးဆိုသည့် အချိုးတူအလှများနှင့် မိန်းကလေးချင်းပင် အားကျလောက်တဲ့သူ..။

ဒါပေမယ့် သူမက အလှအပကို အရောင်တင်ဖို့အတွက် အာရုံထားဘဲ မောင်ဖြစ်တဲ့သူကို ကာကွယ်သည်။ မအေကို ကူညီဖို့ပဲ အလေးထား၏။ သူမကို ဘယ်အချိန်ကြည့်ကြည့် နွမ်းဖက်ဖက်ပုံစံ၊ ဆံပင်ရှည်လေး တဝဲဝဲနှင့် ကိုယ့်ကို ဘယ်သူတွေကြည့်နေသလဲ ..၊ ဘာတွေ ပြောကျန်ခဲ့သလဲ ..၊ ဘာကိုမှ ဂရုမစိုက် ..။

စာမျက်နှာ ကျတော့ ယောကျ်ားလေးဖြစ်ပြီး မိန်းကလေးလို ထင်ရတော့အောင် ချောသည်။ ကျားကျားလျားလျားပုံစံ ရှိပေမယ့် မျက်နှာမှာ အားငယ်ရိပ်တွေ အမြဲတမ်း ဖြစ်နေတတ်ကာ တစ်ခါတလေဆို မျက်ရည်တွေပါ ရှိနေတတ်သေးသည်။

ယောကျ်ားလေးပီပီ ပျော်မည်၊ ပါးမည်၊ ကိုယ်ချောလို့ လိုက်ကြင်ပေးမည့် ကောင်မလေးတွေနဲ့ ကြိုက်သလို တွဲမည် ဆိုတာမျိုး ဘာဆို



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိ ..။ သူ့မှာ အဖေ ဘယ်တော့ ပြန်ချစ်လာမလဲဆိုသည့် မျှော်လင့်ချက်တွေ နင့်နေရင်း သေတဲ့အထိ ဘဝကို ဒီတိုင်းပဲ ခရီးဆက်တော့မည်ထင်သည်။ သူတို့မောင်နှမတွေအဖြစ်ကို မြင်နေရရင်း အံ့ပါရဲ့လို့ ခဏခဏ ပြောမိခဲ့သည်။ မိန်းကလေးပီပီ မနာလိုတာပဲပြောပြော ဆွေသင်းမချင့်မရဲ ဖြစ်ခဲ့တာလည်း အမှန်ပင် ..။

ကိုယ်မှာတော့ မလှလို့ လှအောင် အကြိတ်အနယ် ကြိုးစားနေရသည်။ လှနေတဲ့လူတွေက လှတာမလှတာကို မသိသလိုနေတော့ အသည်းယားစ၏။ နာမည်တွေ ဖြစ်လာပုံကိုက ကြည့်ပါဦး ..၊ မိန်းမ အိမ်ကဆင်းသွားတာကို မလွမ်းတဲ့မာနတွေ ပြချင်လို့ ငယ်နာမည်ကို ဖျောက်၍ 'အလွမ်းမခ' လို့ ပေးခဲ့သည်တဲ့ ..။ စာမျက်နှာ ဆိုတာလည်း ထည်ဝါခြင်း မရှိပေမယ့် ခေတ်ဆန်ဆန်လေးတော့ လှနေသည်သာ ..

သူတို့မောင်နှမတွေကို နာမည်ပေးလိုက်တာတွေကျတော့ ဆွေ ဆွေသင်း တဲ့၊ အငယ်နှစ်ယောက်ကို ပေးထားတာ ချစ်ဦးမောင်၊ ချ ဖူးမောင် ..။ နာမည်တွေ ပေးခဲ့တဲ့ ဒါရိုက်တာက ,အဖေတစ်ယော တည်းပဲဖြစ်ကာ ဟိုဘက်ဒီဘက်မှာ ညီမျှလို့လား ..၊

ဆွေသင်း အရွယ်လေး မလောက်လေး မလောက်စားပေမယ့် နှိုင်းယှဉ်ကြည့်တတ်သည့်အကျင့်လေးတော့ ရှိနေသဖြင့် ဒီအဖြစ်တွေ ကို ခဏခဏ တွေးမိသည်။ အမေ နားချလို့ စိတ်ကောင်းလေး ဝင်ေ လည်း ဒါတွေ တွေးလိုက်မိတိုင်း ပျောက်၏။ သူမအမြင်မှာတော့ မောင်နှမဟာ လူဖြစ်ရှုံးနေကြတာပါ ..၊

နေခြစ်ခြစ်တောက်ပူနေသည့် မွန်းတည့်အောက်မှာ ကောင်း ကို မျက်နှာမော့၍ မိုးရွာမှာကို မျှော်နေတာနှင့် တူ၏။

ကန္တာရမိုးကို မျှော်ကိုးနေတာမျိုး ..။





အခန်း ( ၇ )

"သမီး .."

ဘေးမှာ လူရိပ်ကျလာသဖြင့် မခ လှည့်ကြည့်လိုက်တော့ အဖေ အလုပ်ကပြန်သည့်မျက်နှာ ခပ်နွမ်းနွမ်းနှင့် ...

"အလုပ်က ပြန်လာတာလား .."

"ဟုတ်ကဲ့၊ အဖေရော .. အဖေ ဘယ်မှာ အလုပ်လုပ်နေတာလဲ င်"

"ငါ့ကို မမေးပါနဲ့၊ ဒီအချိန်မှပြန်ရအောင် နင့်အလုပ်က ဘာလဲ"

သားအဖ အပြန်အလှန် မေးနေကြရင်း ကားမှတ်တိုင်နား ရောက် ကြသည်။

"မခ မုန့်မျိုးစုံလုပ်ငန်းတစ်ခုမှာပါ၊ ဒီနေ့ အချိန်ပိုဆင်းလိုက်လို့ နောက်ကျတာ"

ဦးခင်မောင် က မျက်မှောင်ကုတ်၍ စိုက်ကြည့်သည်။ သမီးက ေလိုပဲ လှပေမယ့် မအေနဲ့တော့ မတူပါ။ အနေအထိုင်တတ်သည့် တ်ထား နူးညံ့သည်။

ရှိတာလေးနဲ့ လှအောင် ဝတ်တတ်သူမို့ ဘာမှ စိတ်မ စရာ မရှိ။ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



"တခြား မိန်းကလေးတွေလို မက်ကက်တစ်ခုခုမှာ စာရေးမတွေ ဘာတွေ ဝင်လုပ်ပါလား၊ သိက္ခာရှိရှိ သွားလာနိုင်တယ်"

"သိက္ခာရှိပေမယ့် မခ တို့မှာ ရိက္ခာမှ မရှိတာ အဖေ၊ တစ်လ ပြည့်မှ ရမယ့်ပိုက်ဆံကို စောင့်သုံးဖို့အတွက် နေ့စဉ် စားစရာရှိမှ ဖြစ်တာ၊ ပြီးတော့ ခုခေတ်မှာ စာရေးမ ဆိုတဲ့ အဆင့်ကလည်း သေးတာ မဟုတ်ဘူး၊ မခ မှာ သင်တန်းအောင်လက်မှတ်တွေ မပြောနဲ့ ဘွဲ့တစ်ခု တောင် ရခဲ့တာ မဟုတ်ဘူး၊ ဒီအလုပ်က အဆင်ပြေပါတယ်"

မခ မျက်နှာလေးက မချိပြုံးနှင့် နွမ်းနေ၏။ အပြာနုရောင် အပွင့် ရိုက်ရှန်သားလေးနှင့် ဆံပင်တွေ ဖြန့်ချထားသည့်ပုံစံလေးကို ကြည့် ရင်း ကိုင်ထားသည့် မည်းညစ်ညစ် စတီးချိုင့်စုတ်လေးဆီ မျက်လုံး မရောက်ခင် ဦးခင်မောင် မျက်နှာလွှဲမိသည်။

မခ ကလည်း ဦးခင်မောင် မျက်လုံးတွေ ခရီးတို ခရီးရှည်ရွေးရင်း နေလောင်ခပြီး ပြန်လွှဲသွားတာကို နားလည်လျက် ယဲ့ယဲ့လေးပြုံးကာ

"မခ တို့ကို မပူပါနဲ့ အဖေ၊ အဖေ့မိသားစုအတွက် အဖေ ကြိုး စားပါ"

ပေါ်တင် တိုက်ခိုက်လိုက်တာမို့ ဦးခင်မောင် ဖျတ်ခနဲ ပြန်ကြည့် သည်။ ကိုယ်စီးရမယ့်ကား ရောက်လာတာတောင် ဂရုမစိုက်မိလိုက်

"မခ တို့က တရားဝင် စွန့်ပစ်ခံထားရတဲ့သူတွေ .. ဒေါ်သီတာ တို့ သားအမိကတော့ အဖေ တရားဝင်စောင့်ရှောက်နေရတာလေ၊ မမေ့ နိုင်စရာ မရှိပါဘူး"

"ငါ ဘာလုပ်ခဲ့လုပ်ခဲ့ နင့်ရဲ့အဖေပဲ မခ၊ ဒီလို နှုတ်လှန်ထိုးတာတွေ နဲ့ မဖော်ကားနဲ့"

မခ မျက်နှာလေး တည်သွားသည်။

ပက်ခနဲပြောဖို့ ဖြစ်လာသည့်စကားကို လေးနက်ယဉ်ကျေးအောင် သေချာစီစဉ်ပြီးမှ ...





"မခ တို့ မိသားစုက အဖေ ခြေထိုးခံပြီး ဆောက်ခဲ့တဲ့ သဲအိမ် လေးပါ၊ နုတ်ထွက်သွားပြီးမှ ခြေရာပြန်မရှာပါနဲ့ အဖေ၊ အဖေ့ခြေရာ မရှိတော့ဘူး"

"ဘာ!..."

မျက်ရည်ဝေ့ချင်လာတော့ မောင်လေးကို သတိရမိသည်။ ထို့ ကြောင့် အံကြိတ်၍ မျက်တောင်တွေ ခတ်ထုတ်ပစ်ကာ ...

"မခ သွားတော့မယ်"

မိသားစုလိုက်ကို ရက်စက်စွာ ထားရစ်ခဲ့ရုံမက အပြစ်မဲ့စွာ တကောက်ကောက်လိုက်ပြီး မေတ္တာတောင်းခံနေတဲ့ မောင်လေးအပေါ် မှာပါ ရက်စက်လွန်းတဲ့ အကြောင်းတွေ ..၊

အဖေ့ကို အမြဲတမ်း ပြောချင်နေခဲ့တာပါ၊ ဒါပေမယ့် ...

မျက်နှာချင်းဆိုင်မိတိုင်းလည်း မပြောဖြစ်ခဲ့ ..၊ ခုလည်း မပြော ချင်တော့လောက်အောင် စိတ်ပျက် ထိနိုက်လာသဖြင့် ကားမလာ သေးဘဲ ကားရပ်မည့်နေရာထိ သွားရပ်နေလိုက်မိ၏။

ကားလာတာနှင့် အတင်း တိုးကြိတ်တက်ရင်း အဖေ ရှိနေသေး သား မရှိတော့ဘူးလားဆိုတာကို ပြန်ငုံ့မကြည့်မိအောင် စိတ်ကို တင်း ထားရသည်။

ခံယူချက်တွေ အမျိုးမျိုးနှင့် သူတို့ အမှန်တရားတွေအတိုင်း ရက် စက်နေကြသည့် မိဘနှစ်ပါးအလယ်မှာ သူမတို့ကတော့ စိမ်းကားလို့ သည်း မရပါလား ..။

ကားကွေ့ခါနီးတော့ လူတွေရဲ့လက်တွေကြားထဲကနေ မှတ်တိုင် ဘို ကြည့်လိုက်မိ၏။ အဖေ မရှိတော့ပါ..။

မကြည့်လိုက်မိရင် အကောင်းသား ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း | ၈ |

"အမေရေ .. အမေ .."

"မောင်လေး .."

"မမ .."

မီးဖိုချောင်တံခါးဝမှာ မခ ပေါ်လာတော့ ပလတ်စတစ်အိတ်ပါ

နှင့် မုန့်ဘူးကိုဆွဲလျက် စာမျက်နှာ မခ ဆီ အပြေးတစ်ပိုင်းသွား၏။

"မမ အမေရော .."

မခ က အထုပ်ကို အရင် ငုံ့ကြည့်ကာ ...

"အမေ ခုနကပဲ အပြင်ထွက်သွားတာ၊ ဘာတွေလဲ .."

"မောင်လေး အမေ့အတွက် အခေါက်ကင် ဝယ်လာတာ၊

ကင်းစင်တာ အခေါက်ကင်ဆို အမေက ကြိုက်တယ်"

"ဟုတ်လား .. မမလည်း ဒီနေ့ အချိန်ပိုဆင်းရတာနဲ့ အား

စားဖို့ ရွှေဘဲက ဘဲကင်တစ်ခြမ်း ဝယ်လာတယ်"

"ဟား .. ပွတာပဲ"

"နေဦး .."

ပြုံးနေသည့် မခ မျက်နှာက ချက်ချင်း လငပုတ်ဖမ်းသ

ပြောင်းလဲသွားကာ ...





"မင်း .. မင်း .. ပိုက်ဆံ ဘယ်ကရလဲ၊ ဒါ ဘယ်လိုလုပ် ဝယ်လာ ဘာလဲ၊ ပြောစမ်း .."

သတိလက်လွှတ် ပြုံးကြည်နေသည့် စာမျက်နှာ မျက်လုံးတွေ ေးခနဲ စိုက်ကျသွား၏။

"ဟဲ့ .. ပြောလေ"

"မောင်လေး .."

"ပြောလေ .. မြန်မြန်ပြောစမ်း၊ ဘာလုပ်ခဲ့သလဲ .."

"အလုပ်တစ်ခုပါ"

"ဟုတ်ပြီ .. ဘာလုပ်တာလဲ ပြောလို့ မေးနေတာ"

စာမျက်နှာ အခေါက်ကင်ထုပ်ကို ကိုင်လျက်နှင့် ဆံပင်သပ်လိုက်၊ လည်ပင်းပွတ်လိုက် ...၊

"ဟင်!... ပေးစမ်း .. ပြစမ်း .. လက် .."

မခ က မျက်စိလျင်သည်။ အညိုကွက်တွေထနေသည့် လက်ဖဝါး ကို လှစ်ခနဲ မြင်လိုက်သဖြင့် အတင်း လိုက်ဆွဲကြည့်၏။

"အမလေး .. ကြည့်စမ်း .."

အညိုရောင်ပေါက်အောင် သွေးခြည်ဥနေတာတွေ၊ အဆီတဝင်း င်း ထနေသည့် ဒဏ်ရာတွေနှင့် ...

"မင်း .. မင်း .. ဒါတွေ .."

မခ ဆက်မမေးနိုင်တော့ဘဲ ဟီးခနဲ ငိုချလိုက်၏။ စာမျက်နှာ ှာသလဲဖြစ်သွားကာ အထုပ်ကို ထရံကြားမှာ ချိတ်ထားလိုက်သည်။

"မမ .."

"စာမျက်နှာ ရယ် .. နင် ငါ့ကို တုတ်နဲ့ရိုက်ချလိုက်သလို ဲသား၊ အဲဒါတွေ .. အဲဒါတွေ နင် လုပ်ရလောက်အောင် .."

ဘာလုပ်ခဲ့မှန်း သေချာမမေးနိုင်ဘဲ စကားပြောလို့ မရလောက် ောင် ရင်ထဲမှာ နင့်နေသည်။ မခ ကြမ်းပေါ်မှာ ဆော ကြောင့်လေး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလျက် နှုတ်ခမ်းမှာ လက်သီးဆုပ်လေးကပ်ကာ တအင့်အင့် ရှိုက်သည်။ အစကတည်းက မျက်ရည်မခိုင်ခဲ့သူမို့ မခ ကို ချော့ဖို့ ထိုင်ချလိုက်ပြီးမှ စာမျက်နှာ ကိုယ့်မျက်ရည်ကို ပြန်ထိန်းနေရသည်။

"မောင်လေး ဘာမှမဖြစ်ပါဘူး မမရယ် .. နောက်လည်း မလုပ်တော့ပါဘူး"

ယောကျ်ားလေးမို့ မရှိုက်တတ်ပေမယ့် မျက်ရည်ကျလာတာကို လက်မောင်းပင့်၍ ပွတ်တိုက်ပစ်သည်။

"မောင်လေး ကိုယ့်အင်အားနဲ့ ရှာတဲ့ငွေကို ကိုင်ဖူးချင်လို့ပါ"

"ဘာ!..."

"နောက်ပြီးတော့ အဖေနဲ့ အမေ့ကို မောင်လေး ရှာတဲ့ပိုက်ဆံနဲ့ တစ်ခုခု ဝယ်ကျွေးချင်တယ်"

ဒါက ပထမဆုံး လုပ်အားခနဲ့ပါ..၊ နောက်ထပ် အဓိက ရည်ရွယ်တာက သီတင်းကျွတ်ပြီမို့ အဖေနဲ့ အမေ့ကို ကန်တော့ချင်တာ ဖြစ်သည်။

ခါတိုင်းလို မစားမသောက်ဘဲ စုထားသည့် မုန့်ဖိုးလေးနဲ့ မဟုတ်ဘဲ ဆွေသင်း ပြောခဲ့သလို အားလုံး ထိုက်ထိုက်တန်တန် ဖြစ်သွားစေဖို့..၊

"မင်း ခုမှ ဆယ်တန်းကျောင်းသားပဲ ရှိသေးတယ် မျက်နှာ၊ မင်းအတွက် မမ ကျောင်းထွက်ထားခဲ့တာ၊ အမေ့ကို ကူညီချင်လို့ .. မင်းအတွက် တတ်နိုင်သမျှ ပြည့်စုံအောင် ဖြည့်ဆည်းပေးချင်လို့၊ အခုငါ အနစ်နာခံခဲ့တာတွေ ဘယ်ရောက်ကုန်ပြီလဲ .."

"ဟုတ်ပါတယ် .. ဘယ်မှမရောက်ပါဘူး မမရယ် .. မောင်လေးကို စိတ်မဆိုးပါနဲ့၊ မမက အကြီးဆိုပေမယ့် မောင်လေးက ယောကျ်ားလေးပါ၊ မမ အလုပ်တွေ တစ်ခုပြီးတစ်ခု ပြောင်းပြီး မနားမနေ ကြိုးစားနေရတာ မောင်လေး မကြည့်ရက်ဘူး"

"မကြည့်ရက်တော့ အခု ဘာလုပ်မလဲ ပြော .. မင်း ကျောင်း





ထွက်ချင်တာလား"

"မဟုတ်ဘူး မမ .. စာမေးပွဲကို အောင်အောင်ဖြေမှာပါ၊ မမ ဆန္ဒအတိုင်း ဆယ်တန်းအောင်ပြီးပြီဆိုရင် အဝေးသင်နဲ့ဖြစ်ဖြစ် ဘွဲ့တစ်ခုကို ရအောင်ယူဖို့ထိ မောင်လေး ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့် စာကျက်ချိန်၊ ကျောင်းချိန်တွေ မထိခိုက်အောင် မောင်လေး အဆင်သင့်တဲ့ အလုပ်တစ်ခုခုတော့ လုပ်ပါရစေ .."

"နေပါဦး .. မင်း အခု ဘာလုပ်တာလဲ"

စာမျက်နှာ က မခ ပါးပြင်ထက်က မျက်ရည်တွေကို သုတ်ပေးရင်း သူ့မျက်လုံးကိုပါ ပွတ်ပစ်လိုက်သည်။ ပြီးမှ ...

"ဒါက ဒီနေ့ပဲ လုပ်တာပါ၊ ဟို .. ကျောက်ကားချတဲ့နောက် လိုက်ပြီး ကျောက်သယ် .."

"တော်တော့ .."

ဒေါသနှင့်အော်လိုက်ပြီး မျက်နှာ ကို စေ့စေ့ကြည့်ကာ မခ မျက်ရည်တွေ ကျလာပြန်သည်။

"တော်ပါတော့ မျက်နှာ ရယ် .. နင့်ပုံစံနဲ့ အဲဒီလောက်ထိ ကြမ်းတဲ့အလုပ်တွေကို လုပ်ရသလား၊ နင် ငါ့ရင်ကို မီးကင်တဲ့ဓားနဲ့ ခွဲလိုက်တာပဲ သိလား .."

"နောက် မလုပ်တော့ပါဘူး၊ ခုလည်း မောင်လေး ဝေါင်းပန်လွန်းလို့ ကွမ်းယာသည် ဦးလေးကြီးက ကူညီတာနဲ့ လိုနေတဲ့ တစ်ယောက်စာနေရာကို ဝင်လိုက်သွားတာပါ၊ မောင်လေးကို ကျောင်းသားမှန်းသိလို့ သူတို့ကလည်း ညှာပါတယ်၊ အဲဒီထဲက ဦးကြီးတစ်ယောက်ကတောင် သူ့သား ဂျာနယ်ရောင်းနေတာ ရှိတယ်၊ ဂျာနယ်လေးဘာလေး လိုက်ရောင်းပါလားတဲ့၊ သူ ပြောပေးမယ်တဲ့"

"မောင်လေး မင်း အဲဒါတွေလုပ်တာ ပေါ့ပေါ့လေး မ[illegible]နေလားဟင်၊ နေရာတကာမှာ ကျွမ်းကျင်မှု လိုတယ်၊ သူ့နယ်ပယ် သူ့စည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်း ရှိတယ်၊ မလုပ်ရဘူး .. ဘာမှ မလုပ်ရဘူး၊ မင်း စာမေးပွဲပြီးရင် မင်းနဲ့တန်တဲ့အလုပ်မျိုး မမ ဝိုင်းရှာပေးမယ်၊ မမ စကားကို နားထောင်ပါ မောင်လေးရယ် .. နော် ..”

မောင်နှမနှစ်ယောက် စေတနာတွေ ကောင်းခဲ့ပေမယ့် ထိုညမှာ မိသားစု မဆုံဖြစ်ခဲ့ပါ..။

“ဘာလို့ စောင့်နေကြတာလဲ၊ စားပစ်လိုက်ကြ”

ဒေါ်မိမိ က အပြာရောင်ဝတ်စုံနှင့် လင်းလင်းလက်လက်လေး တက်လာပြီး ပြင်ဆင်ထားသည့် ထမင်းဝိုင်းကို တစ်ချက်ပဲ ငုံကြည့်သည်။

“မင်းတို့ကို ငါလည်း မကျွေးနိုင်ဘူး၊ ငါ့ကို ကျွေးတာလည်း မစားချင်ဘူး၊ ဘာလုပ်ဖို့လဲ .. ကြွေးတင်ခံလို့ ..”တဲ့ ..။

ခြောက်သွေ့ခဲ့သည့် ထမင်းစားပွဲလေးပေါ်မှာ မျက်ရည်စက်လေးတွေသာ နွေးထွေးစွာ စွန်းထင်းခဲ့သည်။

ပင်ပန်းဆင်းရဲကြီးစွာ ခြစ်ခြုပ်ဝယ်လာခဲ့ကြသော်လည်း ခြောက်ကပ်နေသည့် လည်ချောင်းထဲမှာ အစာအိမ်ထဲထိရောက်အောင် ကျဆင်းမသွားသည့် စားစရာတွေက တန်ဖိုးမဲ့သွား၏။

စားပွဲပေါ်မှာ ဒီတိုင်း အေးစက်စွာ တစ်ညလုံး စံမြန်းနေခဲ့သည့် ထမင်းဟင်းအားလုံးသည် မနက်ကျတော့ အမှိုက်ပုံးထဲသို့ ..။





## အခန်း [ ၉ ]

“ခြောက်ရာပါကွာ .. မင်းကလည်း၊ ငါ အမြဲ ဝယ်နေတာကို”

“မဟုတ်ပါဘူး ဦးလေးရာ .. ခုနစ်ရာပါပဲ၊ ကျွန်တော်က လူသစ်ပါ၊ ဈေးတင်မရောင်းရဲပါဘူး”

“လုပ်မနေနဲ့ .. အဲဒီမှာ အကြွေတစ်ရာပါ ထည့်ပေးထားတာ၊ ပြန်အမ်းစရာတောင် မလိုဘူး”

ဂျာနယ်သည် အနားရောက်လာတာကိုတော့ သိသည်။ ဒါပေမယ့် ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေသဖြင့် နောက်ခန်းထဲကနေ မော့မကြည့်ဖြစ်ခဲ့ပါ။ ကြည့်လိုက်တော့ ခန္ဓာကိုယ် ရှည်ရှည်ပိုင်းပိုင်းကြီးကို ငုံ့၍ ကားထဲကို ကြည့်ရင်း ပိုက်ဆံတစ်ရာ ပြန်ရဖို့ ခယ တောင်းပန်နေသည့် မျက်နှာ ..။

“မလုပ်ပါနဲ့ ဦးလေးရယ် .. ကျွန်တော့်မှာ အဲဒီ တစ်ရာပဲ စားရတာပါ၊ ဦးလေး ..”

မီးပွိုင့်စိမ်းသွားတာနှင့် ဒရိုင်ဘာက တစ်ချက်မှ ပြန်မကြည့်ဘဲ လျှာခနဲ မောင်းထွက်၏။ ဂျာနယ်တွေပိုက်လျက် လွယ်အိတ် စလွယ်သိုင်းနှင့် အပြေးတစ်ပိုင်း လိုက်တဲ့သူက လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝင်း ဘာလုပ်တာလဲ .. ပိုက်ဆံလေး တစ်ရာကို"

"အလကား ပိုတောင်းနေတာကို ပေးစရာလား ဆုလေး ရဲ့ .."

"ဟာ!... ဘာဖြစ်ဖြစ် ပေးဆို ပေးလိုက်"

ကိုယ့်အိတ်ဖွင့်ဖို့က မလွယ် ..၊ ဂျာနယ်သမားလေးလည်း ရပ်ကျန်ခဲ့ပြီဖြစ်ကာ ကားက လမ်းဆုံကို ဖြတ်ထွက်လာပြီမို့ ထိုပြဿနာကို တစ်ရာအကျန်နဲ့ပဲ ပြီးဆုံးသွားခဲ့၏။

ဆု ဒေါကန်သွားကာ ဒရိုင်ဘာ ထိုင်နေသည့် ကူရှင်ကို နောက်ကနေ တအား ထုပစ်လိုက်၏။

"အဲဒီလို စိတ်မာတတ်မျိုး ဆု မကြိုက်ဘူး သိလား .. ဦးဝင်း ကို အန်တီနဲ့ ပြန်တိုင်မယ်"

"မဟုတ်ပါဘူး ဆုလေး.ရယ် .."

"ဘာ မဟုတ်ရမှာလဲ .. အဲဒီကောင်လေး ဆု တို့ အရွယ်ပဲရှိသေးတာ၊ ကျောင်းတက်ရင်း ဂျာနယ်ရောင်းနေရတာ မတွေ့ဘူးလား"

"မြို့ကြီးပြကြီးမှာ ဒီလိုပုံစံနဲ့ လုပ်စားနေကြတာ ကလေးက မသိလို့ပါ"

"လုပ်စားစား မစားစား သူ့အတွက် ပိုက်ဆံတစ်ရာက အရေးကြီးနေတာ၊ ဆု တို့အတွက် ဘာလိုအပ်လို့လဲ .. ဦးဝင်း ရှေ့က ဘောက်စ်ထဲမှာ အဆုပ်လိုက် ဆွဲယူလိုက်၊ ငါးရာတန်၊ တစ်ထောင်တန်တောင် ပါလာဦးမယ်"

"ကိုယ့်မှာ ပိုလျှံနေတာ သူများပေးဖို့မှ မဟုတ်ဘဲ"

"တော်ပြီ .. မပြောနဲ့တော့"

ဆု ပြောဆိုနေသမျှ ဒရိုင်ဘာ ဦးဝင်း အသံကလည်း စိတ်မရှည်ပုံပါလာ၏။ ထို့ကြောင့် မကျေနပ်ပေမယ့် ပိတ်ပြောပစ်လိုက်ကာ ကျူရှင်ရောက်လို့ ကားပေါ်ကဆင်းတာတောင် တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်မိ၏။





"ဒီနေ့ ဘယ်နှစ်ချိန်လဲ ဆုလေး .. ဘယ်နှစ်နာရီ လာကြိုရမလဲ"

"လာမကြိုနဲ့ .."

လှည့်မကြည့်ဘဲ ပြောကာ ဆု ကျူရှင်ထဲ မဝင်ဘဲ အပြင်ခုံတန်းလေးမှာပဲ ထိုင်ချလိုက်သည်။ ဖုန်းထုတ်ယူလိုက်ပြီး အိမ်ကို ခေါ်၍...

"အန်တီလား .."

"ဟုတ်တယ်လေ .. သမီး ဘာဖြစ်လို့လဲ၊ လမ်းမှာ ကားပျက်နေလား .."

"မဟုတ်ဘူး .. ဦးဝင်း အကြောင်း တိုင်မလို့"

အစချီကာ ဂျာနယ်ဝယ်သည့်ကိစ္စကို သေချာပြောပြနေတာ ဘေးကကျောင်းသူတွေ နားစွင့်နေကြတာကို ဂရုမစိုက် ..။

"သမီးရယ် .. အဲဒါတွေအကြောင်း လူကြီးဆိုတော့ နားလည်နေလို့ ဖြစ်မှာပေါ့"

"လည်လည် မလည်လည် ပိုက်ဆံတစ်ရာ ကိုယ့်ဆီက ပိုပါသွားတော့လည်း ဘာဖြစ်မှာမို့လို့လဲ ..၊ ခုတော့ ဆင်းရဲတဲ့လူက အော်တောင်းပြီး ကျန်ခဲ့တယ်၊ ကိုယ်က ထောင်ကျော်တန်ကားကြီးနဲ့ မောင်းပြေးသလို ဖြစ်သွားပြီ"

တကယ်က အော်ဟစ်ပြီးတော့လည်း မတောင်းရှာပါ၊ နှုတ်ခမ်းအစုံ ပွင့်ဟာလျက် ပစ်ချပေးခဲ့နီးနှင့် အပြေးအလွှား ပါလာခဲ့တာ ဖြစ်သည်။ ပြီးတော့ ဦးဝင်း မျက်နှာပြောင်ပြောင်နဲ့ မောင်းထွက်ခဲ့တာတွေ၊ ဘေးကားတချို့ကလူတွေ လှမ်းကြည့်ကြတာတွေ ..။

"အန်တီ ဘာတွေ သက်ပြင်းချနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ပြန်ရောက်လာရင် အန်တီ ပြောလိုက်ပါဦးမယ်"

"သူ့ကို ဆုံးမနားချပေးဖို့ အန်တီ့ကို တိုင်တာ မဟုတ်ဘူး၊ အဲဒီစိတ်ဓာတ်မျိုးကို ဆု ရွံတယ်၊ လစာကြိုပေးပြီး အလုပ်ကထုတ်လိုက်.."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လွယ်မလား သမီးရယ် .. အလုပ်လုပ်တာလည်း သုံးလေးလပဲ ရှိသေးတယ်၊ သူ့ကို သမီးကိုကိုက ခေါ်လာတာ .."

"ဒါဆို ကိုကိုနဲ့ ပြောမယ်"

"သမီး .. သမီး .."

အန်တီ ပျာယာခတ်သွားတာကို ကြားနေလျက်နှင့် ပိတ်ပစ်လိုက်ပြီး ကိုကို့ကို ခေါ်လိုက်၏။ အလုပ်ထဲမှာဆို တော်ရုံ အရေးကြီးတာ မဟုတ်ဘဲ ဖုန်းလှမ်းဆက်တာ ကိုကိုက မကြိုက် ..။

ဒါပေမယ့် ဟန်းဖုန်းခေါ်ရင်တော့ အရေးကြီးသည်ထင်ပြီး ချက်ချင်းကိုင်မှာပဲဆိုတာ သေချာပေါက် သိထားသည်မို့ ...

"ကိုကို့ .."

"ညီမလေး .. ဘာလဲ .. ကျူရှင်က ဆက်နေတာလား"

"ဟုတ်တယ် .. ကိုကို့ကို ဦးဝင်း အကြောင်း ပြောမလို့"

"ညီမလေးကလွှာ .. အဲဒါတွေ ကိုကို ပြန်လာမှပြောရင် ရရဲ့သားနဲ့ .."

"ခု .. ပြောချင်လို့ပေါ့ ကိုကို၊ အန်တီက ညီမလေးကို ကလေးဆန်တဲ့ပုံစံနဲ့ ဖြစ်သလို နားချနေတာ၊ ညီမလေး ကလေးဆန်တာ မဟုတ်ဘူး၊ ဦးဝင်း ရဲ့စိတ်ဓာတ်ကို အရှည်ကြီး တွေးကြည့်ပြီး ရွံသွားတာ သိလား .."

"ဘာ .. ဘာဖြစ်လို့လဲ .. ဦးဝင်း က ညီမလေးကို ဘယ်လို စော်ကားလို့လဲ၊ မြန်မြန်ပြောစမ်း .."

ကိုကို မတ်တတ်များ ထရပ်လိုက်လား မသိ၊ နည်းနည်းတော့ လန့်သွားမိတာ ..၊

"မဟုတ်ဘူး .. အဲလိုမျိုး မဟုတ်ဘူး ကိုကိုရဲ့ .."

ဆု မြန်မြန်ဆန်ဆန် ရှင်းပြလိုက်ရတာ၊ လျှာ ခလုတ်တိုက်မတတ်..၊ 'ဒါလေးများကွာ' လို့ ပြောပြီး အပြစ်တင်မှာလား နားစွင့်





ကြည့်မိသည်။ ကိုကို အသံတိတ်နေသဖြင့် ...

"ညီမလေးတို့အရွယ်ပဲ ရှိသေးတာ၊ ကျောင်းဝတ်စုံတောင် ပြန်မလဲရသေးဘဲနဲ့ ချေးရောင်းနေတာ ကိုကို သိလား .. ကိုကိုပဲ ပြောဖူးတာလေ၊ လှုကဲခတ်တယ်ဆိုတာ စကားပြောတာကိုပဲ အကဲခတ်လို့ မရဘူးဆို၊ မျက်လုံးထဲမှာ သူ့ရဲ့စိတ်ဓာတ် ရှိတယ်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေလည်း အရေးပါတယ်ဆို၊ ဂျာနယ်ရောင်းတဲ့ ကောင်လေးက သန့်သန့်ပြန့်ပြန့် ရည်ရည်မွန်မွန်လေးပါ ကိုကိုရယ်.. ညီမလေး မြင်လိုက်တာနဲ့ကို အကဲခတ်မိတာ၊ ဦးဝင်း က အတင်းကြီး ဖိနှိပ်ပြောနေတာတောင် ဒေါသမဖြစ်ဘဲ အဲဒီတစ်ရာကို တောင်းပန်ပြီး တောင်းနေတာ၊ မောင်းထွက်လာတော့လည်း အလယ်မျဉ်းကျားပေါ်မှာ ရပ်ငေးကျန်ခဲ့တာ သနားစရာကောင်းတယ်၊ ညီမလေး ရှက်တာကလေ .. ကိုယ်က တစ်ရာမပေးဘဲ ညစ်ပြီး မောင်းပြေးသလို လုပ်ခဲ့မိလို့၊ အဲဒါ ပိုက်ဆံတစ်ရာကိစ္စလေးပေမယ့် သူ့ရဲ့စိတ်ဓာတ်နဲ့ အများကြီး ဆိုင်တယ်နော် ကိုကို၊ ရက်စက်တာ .. မစာနာတတ်တာ၊ သူ့ပိုက်ဆံ မဟုတ်ဘဲနဲ့တောင် တစ်ရာတစ်ထောင်ပေါ်မှာ ဒီလို ကပ်ဖဲ့သပ်နေတာ၊ ဒီလူကြီး .."

"ကဲ .. တော်ပြီ .. တော်ပြီ၊ ကျူရှင်ဝင်မတက်ဘဲ ချောင်ကပ်ပြီး ဖုန်းပြောနေတာလား"

"ဆရာ မလာသေးလို့ပါ၊ ကိုကိုက ညီမလေး ပြောတာကို အလေးမထားတဲ့ သဘောလား .."

"ထားတယ် .. ဒါပေမယ့် ကိုကို ပြန်သွားမှ အဲဒီကိစ္စ .."

"မရဘူး ကိုကို .. အခု ဦးဝင်း ပြန်လာကြိုမယ်ဆိုရင် ညီမလေး လိုင်းကားတိုးစီးပြီး ပြန်မှာ၊ အိမ်ပြန်လို့ အဲဒီလူကြီး ရှိနေသေးရင် နောက်နေ့ အိမ်ကကားနဲ့ ကျောင်းမတက်တော့ဘူး"

"ညီမလေး .."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ .. အန်တီလည်း ညီမလေးကို ဒီလိုပဲ လူရာမသွင်းဘူး၊ ကိုယ့်ခံစားချက်နဲ့ကိုယ် ဘာပြောပြော မှန်တယ်ဆိုတာ ဘယ်တုန်းက ရှိခဲ့သလဲ၊ တော်ပါပြီ .. နောက်ဆို ညီမလေး ကိုယ့်ဘာသာ ကြိတ်ခံစားမယ် .. ဖြေရှင်းမယ်၊ ကိုကိုတို့ကို မပြောတော့ဘူး"

"ဟာ!... အဲဒီလို မလုပ်ရဘူး၊ ကိုကိုက ဘာပြောသေးလို့လဲ၊ ဒီမှာလည်း ဖုန်းတွေ လာနေတယ်ကွာ၊ ဟော့ .. ကိုင်လိုက်စမ်း .."

ကိုကို့ စကားသံတွေထဲမှာ ဖုန်းမြည်သံတွေနှင့် ဆူညံနေ၏။ ပြီးတော့ တစ်ဖက်ကို ခိုင်းလိုက်သံတွေပါ ကြားနေရကာ ...

"ညီမလေး စိတ်တိုင်းကျ ကိုကို အားလုံး လုပ်လိုက်မယ်၊ ထင်ရာတွေ မတွေးရဘူး .. အိုခေ နော်"

"ဟုတ် .."

ဖုန်းကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်ကာ သက်ပြင်းမောလေး ချမိ၏။ ဖျတ်ခနဲ ခဏလေး မြင်လိုက်ရသည့် မျက်နှာတစ်ခုကြောင့် ဆု ရင်ထဲမှာ သနားကရုဏာစိတ်တွေ ရင်နင့်အောင် ဖြစ်သွားခဲ့၏။

ပြီးတော့ အမှန်အမှားတွေ ရင်ဆိုင်ဖြေရှင်းရခြင်းတွေမှာ ရှုပ်ထွေးသွားခဲ့ပြီး အဆုံးသတ်မှာ ထိုမျက်နှာတစ်ခုပဲ စွဲထင် ကျန်ရစ်၏။

သူမ ရပ်တည်ပေးလိုက်ခြင်းဟာ ဖြူစင်ရဲ့လား ..၊

ဖြစ်ရပ်တစ်ခုပေါ်က အမှန်အမှားကို ရွေးထုတ် သုံးသပ်လိုက်ခြင်း သက်သက်လား .. ဒါမှမဟုတ် သနားစရာကောင်းနေတာကိုပဲ ထုတ်နုတ် ခံစားပေးမိတာလား ..။

ခုချိန်ထိတော့ သူမ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ခဲ့ပေ..။

ဖြစ်ချင်ဆုံးဆန္ဒတစ်ခုက သူ မှန်တယ်ဆိုတာကို ဆု မြင်သလို သူများတွေလည်း မြင်စေချင်လို့ ..။





အခန်း [ ၁၀ ]

ဆွေသင်း က သားရေစိမ်းဖိနပ်တစ်ရံနှင့် အမြွှာနှစ်ယောက်ကတော့ နှစ်ယောက် မုန့်ဖိုးပေါင်းပြီးမှ ကော်ဖီမစ်တစ်ထုပ် ဖြစ်သည်။

နေမကောင်းသည့် ဒေါ်သီတာ ကလည်း အပြင်ထွက်၍ ကန်တော့ခံပြီး ကျေနပ်နေသည်။ ဦးခင်မောင် က ဆုတွေပေးပြီးမှ အိတ်ထဲက နှိုက်ထုတ်လိုက်တာ တစ်ထောင်တန် အနည်းငယ်နှင့် ငါးရာတန် နည်းနည်းပါးပါး ..၊

"ကဲ.. ကဲ .. ငါ့သမီးနဲ့ သားတွေကို မုန့်ဖိုးချီးမြှင့်ရဦးမှာ၊ သမီးကြီးက သုံးထောင် .. အငယ်နှစ်ယောက်က တစ်ယောက် နှစ်ထောင်"

"ဟား!... အဖေက ပေါ်တင်ကြီးပဲ"

"ဘာလဲ .. သားရ .."

"မဆွေ ကျတော့ တစ်ယောက်တည်း သုံးထောင်"

အကြီးကောင် ချစ်ဦးမောင် က မျက်နှာသွယ်သွယ် မျက်လုံးသေးသေးနှင့် နှုတ်ခမ်းပါးသလောက် ကပ်ကပ်ဖဲ့ဖဲ့ တိုတိုထွာထွာတွေ ပြောရမည်ဆို သူ့အပြင် မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင် က သားနှစ်ယောက်ကိုကြည့်၍ အပြုံးမပျက်ဘဲ ဆတ်ခနဲ ဆွဲယူပစ်လိုက်သည့် ပိုက်ဆံနောက်ကို မျက်လုံးကပ်ပါသွားပြီးမှ ...

"ကြီးတဲ့လူကို ပိုပေးရတယ်လေ .. မင်းတို့က သူ့ထက် အငယ်"

"အငယ့်ကို ဦးစားပေးတယ်ပဲ ကြားဖူးပါတယ့် အဖေရာ .. မဆွေ က ဖိနပ်ကန်တော့လို့ ပိုပေးတယ်ဆို ပေးတယ်ပေါ့"

"ဟုတ်တယ် .. အဖေက မျက်နှာလိုက်တာ ပေါ်တင်ကြီး"

အငယ်ဆုံးသား ချစ်ဖူးမောင် က ဝင်ပြောလိုက်တော့ ဦးခင်မောင် က ရယ်ကာ ...

"မဟုတ်ပါဘူးကွာ .. အသက်ပိုကြီးတော့ သူက အတန်းကြီးတယ်၊ အတန်းကြီးတော့ အပေါင်းနဲ့အသင်းနဲ့ ပိုက်ဆံကုန်ပေါက်လည်း များလာတယ်လေ၊ ဘယ်လောက်များ ကွာလို့လဲ .."

"ကွာတာပေါ့ .. သားတို့ကျ နှစ်ထောင်စီပဲ"

"သားတို့က ဖအေကို စိတ်မချမ်းသာစရာတွေ မပြောနဲ့တော့လေ၊ ခုချိန်မှာ စီးပွားရေးက အဆင်ပြေတာ မဟုတ်ဘူး၊ လက်ထဲမှာ ငွေပိုသိပ်မထားနိုင်တော့ဘူး"

ဒေါ်သီတာ က ဖေးဖေးမမ ဝင်ပြောပြသော်လည်း ကျွတ်ထိုက်သူမှ ကျွတ်သည် ထင်၏။ ချစ်ဦးမောင် မျက်နှာရှုံ့မဲ့နေလျက် ...

"အဲဒါ ခက်တာပဲ .. အမေတို့က"

"ဘာလဲ .. ဘာခက်တာလဲ ..၊ နင်တို့က ကိုယ့်အင်အားနဲ့ဖြင့် ငွေတစ်ရာရအောင် မရှာနိုင်ဘဲနဲ့ .."

ဆွေသင်း စကားကြောင့် ချစ်ဦးမောင် က လှည့်ကြည့်လိုက်ကာ...

"မဆွေ ကရော .. ဘယ်လောက် ရှာဖူးလို့လဲ"

"မရှာဖူးဘူးလေ .. မရှာနိုင်လို့ မပြောဘဲနေတာပေါ့၊ ငါက မိဘပေးတာနဲ့ပဲ ကျေနပ်နေတာ"





"ကျေနပ်အောင် ပေးနေတာကိုး"

အငယ်ဆုံးက ဝင်ပြောလိုက်တာလည်း ညီအစ်ကိုနှစ်ယောက် တစ်ဆသံတူည်း ..။ ပြီးတော့ ဒီလောက်နဲ့တင် ပြီးမသွားဘဲ..

"အမေကလည်း မိန်းကလေးက အလှအပအသုံးအဆောင်အတွက် စရိတ်စက ပိုတယ် .. လှနေဖို့ လိုတယ်နဲ့၊ အဖေကလည်း အခု ပြောပြန်ပြီ .. အတန်းကြီးလို့ မုန့်ဖိုး ပိုကုန်တယ်တဲ့၊ ခုခေတ်မှာ ယောကျ်ားလေးတွေလည်း မိန်းကလေးတွေအတိုင်း လိုက်ပြင်ကြတာပဲ ..၊ ပြင်လိုက်တာမှ အထီးမှန်းမသိ အမမှန်းမသိ .."

"ဟဲ့!.. သား ဒီလောက်တောင် ပြောရသလား၊ လူကြီးတွေ ရှေ့မှာ.."

"အဲဒီလို သိသာအောင် ပြောလိုက်ရမှ စကားလုံးပြောင်တာ အမေရ..၊ အာလုံး သတ္တဝါတွေပဲဆိုရင် ဒါ မရိုင်းပါဘူး အမေရာ"

ပတ်ဝန်းကျင်မှာလည်း ဒီလိုစကားတွေ ကြားနေရတာမို့ နားထဲမှာ ကန့်လန့်ဝင်သွားတုန်း 'ဟဲ့!..'တစ်ချက် ဝင်ပြောရုံအပြင် ဘာမှ မတတ်နိုင်..။

အငယ်နှစ်ယောက်က ယောကျ်ားလေးတွေမို့ ပိုဆိုးသည်။ ဒီအရွယ်လေးတွေပဲ ရှိသေးသည် စီးကရက် ခဲလို ခဲ .. ရည်းစားစာ ရေးလို့ရေး ..။ အပေါင်းအသင်းစုံသလောက် တတ်နေလိုက်တဲ့ ဘန်းစကားတွေဆိုတာ တစ်ခါတစ်ခါ ဘာပြောလိုက်မှန်းတောင် မသိ ..။

သူ့အဖေလည်း လူယဉ်ကျေးတစ်ယောက် မဟုတ်တာတောင် ရိုင်းစိုင်းနေတဲ့လူတော့ မဟုတ်ခဲ့ပါ။ သူမကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ်တော့ တတ်နိုင်သမျှ ထိန်းသိမ်းခဲ့တာပဲ ဖြစ်သည်။

ဒီကလေးတွေကျမှ ဘာဖြစ်လို့ ဒီလောက်တတ် ဒီလောက်လည်းနေမှန်း မသိ။ ခေတ်စနစ်တွေ တိုးတက်လာတာ ကောင်းတော့ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လူငယ်တွေ ပါးစပ်ထဲမှာ လန်းတာတွေ .. ဂွမ်းတာတွေ မိုးမွှန်နေလျက် မကြားဝံ့မနာသာတွေကို တိုးတက်မှုတစ်ခုလို ဂုဏ်ယူပြီး ရေရွတ်တတ်နေကြတာ ဘယ်ရေစီးကြောင်းနဲ့ မျောနေတာမှန်း မသိ ..။

ဒေါ်သီတာ ၏ ပြုံးနေသည့် မျက်နှာက မကြည်လင်တော့ပါ။ ကိုယ်လည်း အသက်ရှည်ရှည် နေရတော့မှာ မဟုတ်တော့ ကလေးတွေနဲ့ ဒီ့ထက်ပိုပြီး ပဋိပက္ခတွေ မဖြစ်ချင်ပေ ..။

"သားတို့ကို အမေပြောတာက ..."

စိတ်ပျက်ပေမယ့် ကိုယ့်ရဲ့ဆုံးမစကားလေးကိုများ နားဝင်ဦးမလားလို့ ကြိုးစားမိသည်။ ဒါပေမယ့် ...

"ကဲပါ .. အမေရာ .. မုန့်ဖိုးမညီမျှလို့ အပီအပြင် ဖောင်းပွနေတာတွေ အမေ့ရဲ့ဆုံးမတော်မူခန်းကြောင့် ပျက်ကုန်တော့မှာပဲ.. တော်ပါတော့"

ချစ်ဦးမောင် က ဒူးထောက်လျက်ရှိနေရာကနေ ကုလားထိုင်မှာ သွား၍ ဆောင့်ခနဲ ပြန်ထိုင်သည်။ ချစ်ဖူးမောင် ကပါ နေရာမှ ပြန်ထိုင်၍ ...

"မိဘတွေက သားသမီး မုန့်ဖိုးတောင်းတိုင်း အဲဒီလို ညည်းမယ်ဆိုတာချည်းပဲ ...၊ တကယ်ဆို မိဘက မိဘဝတ္တရားအတိုင်း သားသမီးတွေ ပြည့်စုံအောင် ကြိုးစား .. သားသမီးကလည်း ဝတ္တရားအတိုင်း သုံးရဖြုန်းရမယ် .. ဒါပဲ၊ သားသမီးပါဆိုမှ အမေတို့သိသလို ဘယ်လိုလုပ် သိမှာလဲ .."

"အေးလေ .. ခုဆို ငါတို့က ကျောင်းမှာ သူများသုံးသလို မသုံးနိုင်၊ သူများဝတ်သလို မဝတ်နိုင် .."

"နင်တို့က ယောကျ်ားလေးဖြစ်ပြီး အလှအပတွေမှာပဲ အာရုံများနေတာကိုး ...၊ စာမျက်နှာ ဆိုရင် နင်တို့တစ်ဝက်လောက်တောင် မဝတ်





နိုင်ဘူး၊ သူ့မှာ မဝတ်ရလို့လည်း ပူရမယ့်မိဘ မရှိဘူး၊ ကိုယ်တိုင်လည်း ဘာလောဘမှ မရှိဘူး"

ဆွေသင်း ပြောလိုက်တော့ အရောင်ပြောင်းသွားသည့် ဦးခင်မောင် မျက်နှာကို ဒေါ်သီတာ မသိမသာ လှမ်းကြည့်မိသည်။

ဒီအိမ်မှာ မိဘတွေရှိကြပေမယ့် သားသမီးတွေကလည်း ခေတ်လူငယ်တွေ ပွင့်လင်းကြသည်၊ ဆွေးနွေးခွင့်ရှိသည်ဆိုသည့် အခွင့်အရေးတွေနှင့် မပြောရဲတဲ့စကားဆိုတာ မရှိ..။ တကယ်တော့ ဒီမိသားစုနှစ်စုကြားမှာ ဒါဟာ ပြောသင့်တဲ့စကား မဟုတ် ..။

"မအေကို ကြည့်မလား .. ကိုယ့်ကိုယ်ကိုယ် ကျော့ကျော့လေးနေပြီး သားသမီးတွေကို မသေရုံ ကျွေး .. လုံရုံလေးပဲ ဆင် .. အဖေကရော သူတို့မောင်နှမကို အသိအမှတ်ပြုခဲ့လို့လား .."

"ဆွေသင်း .."

ဒေါ်သီတာ နားမထောင်နိုင်တော့ပေ ...။ သူများကိုပဲ ဖိပြောနေပြီး ကိုယ့်မျက်ချေးတော့ ကိုယ် မမြင်ဘူးလား ...၊ တခြားလူတွေကြားလျှင် သူစိုးက လူ လူဟစ်နေတယ်လို့ ပြောကြတော့မည်။

"စကားပြောတာတွေ ဆင်ခြင်စမ်း ...၊ ညည်းတို့က တစိမ်းတွေ မဟုတ်ဘူး"

ဒီအဖေကပဲ မွေးထားကြပြီး မောင်နှမတွေပါလားဆိုတဲ့ အသိသည်း တစ်စက်ကလေးမှ မရှိကြ ..။ ပြောရမယ်ဆို အသိအမှတ်ပြုခြင်းဆိုသည့်စကားက ကိုယ်နဲ့ တန်လို့လား ...၊

ကြားထဲမှာ ငုတ်တုတ်ထိုင်နေရသည့် ဖအေ့မျက်နှာ .. ခိုးထုပ်ခိုးသည်နှင့် လူမိခံလိုက်ရသလို ဖြစ်သွားတာကျတော့ မြင်အောင်မကြည့်ဘတ် ..။

"တော်တော်ခက်တယ် သိလား ညည်းတို့ ...၊ ယောက်ျားလေးတွေမို့ ပြောရခက်သလား မှတ်တယ် .. မိန်းကလေးကလည်း ဒီလေသံပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝနဲ့ကိုယ် အေးချမ်းနေရင် ပြီးရော မဟုတ်ဘူးလား၊ ဘာဖြစ်လို့ သူများကို မတရား ပုတ်ခတ်နေတာလဲ"

"ဟင်!.. အမေ့သားတွေကို သမီးက ပြောပြတာလေ .. သူတို့ဘက်ကလည်း ပြောပြရသေးတယ်"

"မပြောနဲ့ ..၊ အပြောမတတ်တာကမှ အဆဲခံနေရတာနဲ့တူတာ"

"ပြီးတာပဲ .. မပြောဘူး"

ဆွေသင်း က မအေနဲ့ အသံတူ ပြန်အော်ပြီး မဲ့ရွဲ့လှည့်သွား၏။

ဦးခင်မောင် မျက်ခုံးထူထူတွေ တွန့်ကုတ်ကျနေလျက် ...

"ကဲ .. ကဲ .. တော်ကြတော့"

"အဖေ့မိန်းမကို အဖေ ပြောပါ၊ လူမမာသာဖြစ်တယ် သူများကို ဆူဖို့ပြောဖို့ကျတော့ အားအင်တွေအပြည့်နဲ့ .. ဟွန့် .."

ဆွေသင်း က ပွစိပွစိပြောနေတော့ အငယ်နှစ်ယောက်က ပခုံးတွန့် လက်ဖြန့်ရင်း တလှုပ်လှုပ်တရွရွ သဘောတွေကျနေကြ၏။ ဆွေသင်း က ဒီလောက်နဲ့ မပြီးသေး ..။

"အမေကလေ သူများတွေနဲ့ကို မတူဘူး"

"ဘာ!..."

"ဟုတ်တယ် .. အမေ့နေရာမှာ တခြားမိန်းမဆိုရင် အောင်နိုင်သူအဖြစ် လက်မထောင်ပြီး မဲ့ပြုံးပြုံးနေကြမှာ .. ခုတော့ ဒေါ်မိမိ ဆိုတဲ့ ဟိုမိန်းမကြီးကို မျက်နှာချင်းဆိုင် တွေ့တာနဲ့ မျက်လွှာချ .. မမြင်ကွယ်ရာကနေ မြင်လိုက်တာနဲ့ ရှောင်ပြေး .. ဟိုမိန်းမ မျက်နှာကြောတင်းသလို အမေ ဆယ်ဆလောက် တင်းလို့ရတယ်"

"ကြည့်စမ်း .. မိဆွေသင်း .."

ဒေါ်သီတာ မျက်လုံးကြီး ပြူးထွက်လာကာ ခေါင်းတွေပါ တရိပ်ရိပ် မူးလာ၏။ ဒီအဖြစ်တွေကို ကြားလည်း မကြားချင်၊ ပြန်လည် မတွေးချင်ခဲ့ပါ။ ကိုယ် ဘာလုပ်ခဲ့တယ် .. ဘယ်လိုအပြစ်ကို ကျူးလွန်





ထားခဲ့တယ်ဆိုတာ ကိုယ့်စိတ်က သိနေသည်။

ပဋ္ဌာန်းဆက် ဝဋ်ကြွေးတွေလို့ပဲ သတ္တုချပြီး မေ့ဖျောက်လိုက်ဖို့ အကြိမ်ကြိမ်အခါခါ ကြိုးစားခဲ့ပေမယ့် ကျူးလွန်ခဲ့တာက ကိုယ်ပဲ ဖြစ်နေ၏။ ဒီကလေးတွေ မဟုတ်ကဟုတ်ကတွေမှာ အသိလွန် အတတ်လွန် ဖြစ်နေခဲ့ပြီး ကိုယ့်ရဲ့ ဘဝစာမျက်နှာမှာပေါ်နေတဲ့ မှင်နီကြက်ခြေခတ်တွေကိုတော့ မမြင်ကြဘူးလား..။

"သီတာ .. မင်း အိပ်ရာထဲ သွားလှဲနေလိုက်မလား"

မိန်းမမျက်နှာ ချွေးတွေနဲ့ စိုလက်လာတာကို မြင်တော့ ဦးခင်မောင် သဘောပေါက်သွား၏။

"ရပါတယ် .. ကျွန်မဘာသာ သွားလိုက်မယ်"

ဒေါ်သီတာ သည် ဘာစကားမှ နောက်ထပ်မဆိုချင်တော့သည့် မျက်နှာမဲ့မဲ့နှင့် နေရာမှ လေးဖင့်စွာ ထွက်ခွာသွား၏။

ချစ်ဦးမောင် က မျက်နှာစပ်ဖြဲဖြဲနှင့် ...

"မဆွေ .. ငါတို့အမေ ကြာရင် ဘယ်လိုဖြစ်မလဲ သိလား"

သူပဲမေးပြီး ဘယ်သူမှမဖြေဘဲ သူ့ရင်ဘတ်သူဖိ၍ ဖုတ်လိုက်ဖုတ်လိုက် လုပ်ပြကာ ...

"အမလေး .. လေး .. ငါ့ရင်တွေ တုန်လာပြီ .. မူးလိုက်တာ..၊ ဟဲ့!.. သွေးဆေး ယူခဲ့စမ်း"

ဟု အသံနေအသံထားနှင့် အမူအရာတွေ လုပ်ပြလျှင် မောင်နှမသုံးယောက် ဝါးလုံးကွဲ ထရယ်ကြ၏။ ပြီးတော့ ချစ်ဖူးမောင် က အသံတိတ်နှင့် ကြည့်နေသည့် ဦးခင်မောင် ဆီ မျက်လုံးရောက်သွားလျက်...

"အဖေ .. အဖေ့သားကြီး သြရသက အခု လမ်းပေါ်မှာ ဒိုလင်းစတုန်း ဖြစ်နေတယ် သိလား ..၊ ဂျာနယ်တွေနဲ့ တွေ့လိုက် ..ပိန်းတွေနဲ့ တွေ့လိုက် ..၊ ဟွန်း!.. ယောက်ျားဖြစ်နေပြီး ဈေးရောင်းစားသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးက ရုပ်ရှင်ထဲမှာပဲ ကြည့်ကောင်းတာ ..၊ တစ်ပဲခြောက်ပဲ ကိုင်ရကိုင်ရဆိုတဲ့ အောက်တန်းစားစိတ်နဲ့ သူမို့ မရှက်တယ်၊ လုပ်စရာ ရှားလို့"

"အလုပ်တွေရှိပေမယ့် အလုပ်ရဖို့က မလွယ်ဘူးဟဲ့ ..၊ နင်တို့က မိနဲ့ဖနဲ့ မပူမပင်နေရလို့ 'မသိတာ၊ ဟိုက .. သူ ရွာမှ သူစားရတာ..၊ မခ ဆိုတဲ့ တစ်ယောက်ရော ခုလောက်ဆို ဘာတွေလုပ်ကိုင်စားနေပြီ လဲ မသိဘူး ..၊ ရုပ်လေးကတော့ လှတပတ .."

ပြောချင်လွန်းလို့ လျှာယားနေသဖြင့် ပြောခွင့်ရလိုက်တော့ အားပါးတရ ပြောမိ၏။ ပြီးတော့ ဆွေသင်း အဖေ့ကိုလည်း လှမ်းကြည့် မိ၏။ ဒီအဖေက ထိုတစ်ယောက်ကိုတော့ တမ်းတမ်းတတ ရှိခဲ့ဖူးလို့..။

"အဖေ .. အဖေ့ကိုရော အဖေ့သမီးက ကန်တော့ဖို့ ပြောသေး လား၊ ကိုစာ က ဖအေကို ချစ်သလောက် သူက သူ့အမေနဲ့ တစ်ကြော တည်းလို့ပဲ"

ဦးခင်မောင် က သမီးမျက်နှာကို နာကျင်နေသည့် မျက်ဝန်းများ နှင့် ငေးစိုက်နေလျက် ...

"မိဘဆိုတာ ငါ့သားသမီး ငါ့ကိုပြန်ချစ်မှ .. ငါ့အပေါ် သိတတ် မှဆိုတဲ့ တုံ့ပြန်မှုကို မျှော်ကိုးပြီး ချစ်ကြတာမှ မဟုတ်ဘဲ"

"ဒါဆို ကိုစာ့ ကို အဖေ မုန်းနေတာကျတော့ရော .."

ဦးခင်မောင် မျက်ခုံးနှစ်ဖက် တွန့်ခနဲ ဖြစ်သွားပြီးမှ ...

"ဒါက မသက်ဆိုင်တဲ့ တခြားအကြောင်းတစ်ခုပါ ..၊ သမီးတို့ကို အဖေ ပြောမယ် .. အဖေကိုယ်တိုင်က လူကောင်းတော့ မဟုတ်ဘူး..၊ အဲဒါကြောင့် လူလိမ္မာစကားပြောရမှာ လျှာယားပါတယ်"

ဦးခင်မောင် က စကားရှည်ရှည် ပြောခဲ့ဖူးသူမို့ မောင်နှမ သုံး ယောက်စလုံး စိတ်ဝင်စားသွားသည်။

"သူများဒုက္ခရောက်နေပြီး ကိုယ် မရောက်ဘူးဆိုရင် ကိုယ့်ကိုယ်





ကိုယ် ဂုဏ်ယူ ကျေနပ်လိုက်ပါ၊ သူများကို လက်ညှိုးထိုး မရယ်ပါနဲ့..၊ ရဲကြီးတာ အဝီစိရောက်မှာက သေပြီးတဲ့ နောက်ထပ်ဘဝတစ်ခု၊ တူ သောအကျိုးပေးတယ် ဆိုတာက အရမ်းမြန်တယ် .. အဲဒါ နောက်ဘဝ ဘူးတဲ့အထိ စောင့်မှာ မဟုတ်ဘူး"

"အဖေက ကျွန်တော်တို့ ဟိုမောင်နှမကို ကဲ့ရဲ့လို့ သူတို့လိုဖြစ် မယ်လို့ ပြောချင်တာလား .."

"ပြောချင်လို့ မဟုတ်ပါဘူး .. စိုးရိမ်လို့"

"မစိုးရိမ်ပါနဲ့ အဖေ ..၊ အဖေ့သားတွေ ဘယ်တော့မှ လမ်းပေါ် မှာ ဈေးရောင်းမစားဘူး .. စားစရာမရှိရင် သိက္ခာရှိရှိ ခါးပြပဲ လုပ်စား တော့မယ်"

"ခါးပြလုပ်စားတာ သိက္ခာရှိတယ် ဟုတ်လား .."

"ဟုတ်တယ် .. သတ်ရဲဖြတ်ရဲတာ ယောကျာ်း"

"သူ့များပစ္စည်း ခိုးရဲတိုက်ရဲတာ ယောကျာ်းလို့ မင်း ထပ်ပြောရင် တော့ ငါ အခုပဲ ထဘီပြေးဝတ်တော့မယ် ချစ်ဖူး"

ဦးခင်မောင် မျက်နှာက တင်းမာနေ၏။ ချစ်ဖူး က အငယ်ဆုံးပီပီ ဖအေ မျက်နှာတင်းနေတာမြင်တော့ မသိမသာ မျက်လွှာချသွား၏။

"မင်းတို့အရွယ်ကို နို့နံ့မစင်သေးဘူးလို့ မိဘကပြောရင် ခုခေတ် မှာ ရယ်ကြမှာပဲ ..၊ ဒါပေမယ့် ခြေလှမ်းမြန်လေ .. ခလုတ်တိုက်ဖို့ နီးစပ်လေပဲ ..၊ မြန်မြန်ပြေးတော့ ခရီး မြန်မြန်ဆုံးတာမျိုး .. အသိမြန် အတတ်မြန်လာတာဟာ မျက်မှောက်အတွက် ကောင်းတယ်လို့ ထင်ရ ပေမယ့် လောကုတ္တရာအမြင်နဲ့ဆို အရမ်းကို ကြောက်စရာကောင်း တယ်၊ ဘာနဲ့တူသလဲဆိုတော့ ဖြည်းဖြည်းမှန်မှန် လျှောက်သွားပြီး ပတ် ဝန်းကျင်ရဲ့ သာယာအေးမြတာ .. ပူနွေးစိုစွတ်နေတာအစ ခပ်သိမ်းကို ကြည့်မြင် ခံစားသွားသူနဲ့ မျက်လုံးစုံမှိတ်ပြေးတဲ့လူလို ခရီးဆုံးရောက် သွားတဲ့အထိ ကိုယ်လျှောက်ခဲ့တဲ့လမ်း ဘာမှန်းမသိ ဖြစ်သွားမှာ.."



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ဘယ်လို ပြန်ပြီး ချေပရမယ်မှန်း စကားလုံးရှာမရလို့ ငြိမ်နေရပေမယ့် ချစ်ဦး နဲ့ ချစ်ဖူး တို့ မျက်နှာတွေက အချိုးမပြေ ..။

"မိဘတွေကို ဟိုဘက်ခေတ်ထဲက အဘိုးကြီး အဘွားကြီးတွေ–ဒီခေတ်မှာ သုံးစားမရပါဘူးလို့ အိုဗာဒိတ်တပ်ပြီး ချောင်မထိုးပါနဲ့–သူတို့ဘာသာ ချစ်ရည်လူးပြီး မဖြစ်သာတော့မှ ငါတို့ကို မွေးရတာ–တွေးကြည့်ရင် ကျေးဇူးတင်ဖို့တောင် ခပ်ခက်ခက်ဆိုတာမျိုး .."

ချစ်ဖူး ပဲ မျက်နှာမော့လာပြီး တစ်ခုခု ပြန်ခံပြောတော့မလို သုန်သုန်မှုန်မှုန် ကြည့်၏။ ဒီစကားကို ပြောခဲ့တာ သူပဲ ဖြစ်နေသည်။

"ချစ်ဦး .. မင်းပဲ စဉ်းစားကြည့် .. အဖေ၊ အမေ ဖြစ်လာရခြင်း အကြောင်းက ချစ်ကြ ညားကြတာပဲ ..၊ အဖေဖြစ်ဖို့လည်း မပါဘူး၊ အမေဖြစ်ဖို့လည်း မဟုတ်ဘူး..၊ ခေါင်းရင်းအိမ်က အန်တီစုတို့ဆို ကလေး မလိုချင်လို့ဆိုပြီး တားကြဆီးကြ .. ဟိုလုပ်ဒီလုပ်၊ ကြံဖန်ကာကောင်းပြီး လူဖြစ်လာလို့သာ ငါတို့က ကျေးဇူးတွေတင်နေရတာ"

သူ ဒါတွေပြောတုန်းက အနားမှာ လူကြီးတွေမရှိခဲ့ဘူး ထင်သည်။ အဖေက ဘာဖြစ်လို့ သိနေတာလဲ ..၊ မသိဘဲ စောင်းပြောလိုက်သလို တိုက်ဆိုင်သွားခဲ့တာလား ..။

ဦးခင်မောင် က အားလုံးကို ဝေ့ကြည့်လိုက်ကာ ...

"ကျေးဇူးတရားဆိုတာ သိတတ်တဲ့သူမှ သိတာ..၊ ဆပ်တတ်မှ ကျေတာ ..၊ မိဘကျေးဇူးဆပ်ဖို့အတွက် ငွေတွေအပုံလိုက် ရှာပေးဖို့ မလိုပါဘူး၊ ပြောစကားကို နားထောင် .. ယဉ်ကျေးလိမ္မာတဲ့ သားသမီးတွေ ငါ မွေးထားတာပါလားလို့ မိဘစိတ်ထဲမှာ ကြည်နူးပီတိဖြစ်ရင်ပဲ မင်းတို့ ကျေးဇူးဆပ်ရာ ကျနေပါပြီ"

ဦးခင်မောင် စိတ်လက်မကြည်စွာနှင့် ထရပ်လိုက်သည်။ နောက်ထပ် စကားတွေပြောနေလည်း အသိတရားတွေရလာဖို့ မလွယ်သေးတာကို ကိုယ့်သားသမီးတွေမို့ ကိုယ် သိသည်။





အသိတရားဆိုတာ မိဘ ဆုံးမပဲ့ပြင်တာနှင့် သက်ဆိုင်တာပဲ ရှိသည်။ ဆုံးမတိုင်း ရတတ်တာ မဟုတ်ပေ ..။ မိဘ ဆိုဆုံးမမှုမရှိခဲ့လို့ ဆိုးသွမ်းတာတွေ ရှိသလို သန္ဓေစိတ်ကိုက ဖယောင်းသားလေးလို အပုံပေးလိုက်တာနှင့် လိုရာပုံသွင်းနိုင်တာမျိုးလည်း ရှိသည်။

အလွမ်းမခ နဲ့ စာမျက်နှာ ဆိုသည့် မောင်နှမကို မျက်လုံးထဲမှာ မြင်ယောင်ရင်း ခေါင်းငိုက်စိုက်နှင့် အိမ်ထဲကနေ ဆင်းထွက်ခဲ့မိသည်။

ကိုယ့်သားသမီးတွေမှာ အကြီးမှန်းမသိ အငယ်မှန်းမသိ နာမည်တွေကို 'ကို' 'မ' တပ်ပြီး ခေါ်တာပဲရှိကာ စကားပြောတော့ နင်တွေ ငါတွေ မိုးမွှန်နေ၏။ ဘယ်လိုအဖြစ်အပျက် အကြောင်းအရာကို ပြောပြော သူတို့ပါးစပ်ထဲမှာ ဘန်းစကားတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး ..။

သူတို့တွေကို အုပ်ထိန်းခဲ့သော မိဘနှစ်ပါးက ဘယ်လိုအမျိုးအစား ဖြစ်နေလို့လဲ ..၊

မိမိ ဆိုတဲ့မိန်းမ ထိန်းချုပ်ထားသည့် ကလေးနှစ်ယောက်ကတော့ နူးနူးညံ့ညံ့ ရည်ရည်မွန်မွန်လေးတွေရှိလျက် ကြင်နာတတ်လိုက်ကြတာ။ မကြင်နာချင်တဲ့လူတွေနောက်ကိုပဲ လိုက်နေကြတာ တကောက်ကောက် ..၊ ရင်ထဲမှာ ရှုပ်ထွေးနေတာတွေဟာ စိတ်ကို အရပ် လေးမျက်နှာ ဘယ်လိုထွက်ပေါက်ပေးကြည့်လို့မှ မရှင်းလင်းခဲ့ပေ။

မေတ္တာပေးတိုင်း မေတ္တာမရတတ်ဘူးလား .. ဒါမှမဟုတ် သူ ဝင့်လိုက်တာလား ..၊ ခုချိန်ထိ ဘယ်လိုမှ မကျေနပ်နိုင်သေးသည့် အမျက်ကြီးမှုဟာ စာမျက်နှာ ဆိုသည့်ကောင်ကို စေ့စေ့ကြည့်ချင်စိတ် တကယ်ကို မဖြစ် ..။

မိမိ နဲ့ ချစ်သူဘဝမှာကတည်းက မိမိ ကို ခွတ်လုချင်တဲ့ ယောက်ျားတွေ အနားမှာ သက်ဆိုင်သူ ငုတ်တုတ်မြင်လျက်နဲ့ ထိုင်ငေးနေတဲ့ကောင်တွေ ..။

အဲဒါတွေအပေါ်မှာ သဝန်တိုခဲ့ရတာ တစ်နေ့မှ မပြတ်ခဲ့ပေ..၊



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတာက မိမိ ဆိုတဲ့ မိန်းမမှာ ယောကျ်ားလေးတွေအတွက် တင်းမာတဲ့ ဥပေက္ခာဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ခြင်းပင်။ ဒါကိုပြော တော့ ရယ်သေးသည်။

"ချစ်တယ်လို့ ပြောနေတာကို ပါးရိုက်စေချင်တာလား ကိုမောင်၊ ရှေ့မှာ လဲသေနေအောင် ချစ်ပြနေလည်း မိမိ က ပြန်ချစ်မှ ဖြစ်မှာကို ဘာဖြစ်လို့ သဝန်တိုနေတာလဲ"

"မင်းက အဲဒီလောက်လှနေလို့ စိတ်မချတာပေါ့ မိမိ ရာ ..၊ သဝန် တိုတာ ချစ်လို့ပဲ၊ ချစ်တတ်တဲ့လူတိုင်း သဝန်မတိုတတ်ဘူးဆိုတာ မရှိ ဘူး၊ မင်းကို ကိုယ် ရုပ်ဆိုးသွားအောင် ဖန်တီးပစ်ချင်လာပြီ သိလား"

"သြော် .. သြော် ... မိမိ ရုပ်ဆိုးသွားရင်လည်း ရှင်က ချစ်နေမှာ လို့ ပြောချင်တာလား .."

"ဟုတ်တယ် .. မယုံရင် မင်း လုပ်လိုက်လေ"

"ဘာလို့လုပ်ရမှာလဲ ..၊ ရှင့်ကိုမပြောနဲ့ ကိုယ့်ကိုယ်ကိုယ်တောင် မိမိ မယုံဘူး..၊ မှန်ထဲပြေးကြည့်လိုက်တိုင်း ဒီမျက်နှာ လှနေလို့ စိတ် ချမ်းသာနေတာ ..၊ ရုပ်ဆိုးပန်းဆိုးဖြစ်နေရင် ကိုယ့်ကိုယ်ကိုယ် သတ် သေမိမှာ ကိုးဆယ်ရာနိုင်နှုန်းပဲ"

မိမိ သည် ဟိုတုန်းကတည်းက ယောကျ်ားတွေရဲ့ ချစ်ခြင်းကို ပြက်ရယ်ပြုခဲ့သူ ဖြစ်၏။

"လှနေလို့ ချစ်နေကြတာပါ၊ ချစ်လို့လှတယ်ဆိုတာ အလကား၊ ရုပ်ဆိုးတွေနဲ့ ချစ်နေကြတဲ့ စုံတွဲတွေ ရှိချင်ရှိမယ်၊ အဲဒါ အချစ်နဲ့ မသက် ဆိုင်တဲ့ သံယောဇဉ်တွေ .. မှုဒိတာတွေကြောင့် ဖြစ်လာတဲ့ ရင်းနှီးမှု၊ အချစ် ဘယ်လိုကြောင့် ဖြစ်လာတယ် .. ချိုတယ် .. ခါးတယ်ဆိုတဲ့ ဒဿနတွေ အများကြီးရှိတယ်၊ ရှိတာပေါ့ .. လူတွေ သန်းပေါင်းများစွာ ရှိနေတာကိုး..၊ တစ်ယောက်တစ်မျိုး ခံစားရတဲ့အတိုင်း ဖွင့်ဆိုနေကြ တာလေ..၊ မိမိ ရဲ့ဒဿနက အချစ်ဆိုတာ သွာယာလှပမှုနဲ့ပဲ ဆိုင်တယ်"





လို့ သူ့အတွက်နဲ့သူ မှန်နေခဲ့တဲ့ မိန်းမ ..။

"ယောကျ်ားတွေရဲ့ ခယနူးညွတ်မှုဆိုတာလည်း တပ်မက်မှုတစ်ခု ပေါ်မှာပဲ ရှိတယ်၊ မက်စရာမရှိတဲ့တစ်နေ့ ဘီလူးဆိုင်း တီးကြတာပဲ" တဲ့..။ ဒါတွေကြောင့် လက်ထပ်ခဲ့ကြတဲ့အထိ အိမ်ထောင်ရေးမှာ အဆင်မပြေခဲ့ပေ၊ သမီးလေးမွေးလာတော့ မအေတူသမီးလေးမို့ တုန် နေအောင် ချစ်မိသည်။

ဆတ်ဆတ်ထိမခံသည့် မာနတွေနဲ့ ဇနီးဖြစ်သူကျတော့ ရက်သုံး ဆယ်ရှိလို့မှ သုံးရက်လောက်တောင် ကြင်နာခွင့်မရခဲ့တော့ သမီးလေး ကိုပဲ ပွေ့ပိုက်ချော့မြှူရင်း ကြည်နူးနေခဲ့ရ၏။

အကြီးအကျယ်ပေါက်ကွဲခဲ့ကြတဲ့ တစ်နေ့မှာ မိမိ အိမ်က ဆင်း သွားသည်။ တစ်လလောက်ကြာတော့ မနေနိုင်တဲ့သူက လိုက်ရှာခဲ့မိ၏။ ဒါပေမယ့် သူ သံသယရှိခဲ့ဖူးသည့်ကောင်နဲ့ အတူတူရှိနေသလိုလို သတင်း အတိအကျရလာတော့ ဘယ်လိုမှ သည်းမခံနိုင်ခဲ့ ..။

နေပစေ ဒီမိန်းမဆိုပြီး အရက်တွေလိမ့်သောက်၍ မေ့ဖို့ကြိုးစားခဲ့ တာ အရက်သမားကြီးပုံစံ ဖြစ်နေကာမှ ကလေးတစ်ယောက်နဲ့ ပြန် ရောက်လာတဲ့ မိန်းမ ..။

ဒီလောက် မာနကြီးတဲ့မိန်းမဟာ ကလေးတစ်ယောက်ရမှ သူ့ဟာ သူ ပြန်လှည့်လာတယ်ဆိုတော့ သူမဘက်မှာ ချို့ယွင်းချက် ရှိနေလို့ သာ..၊ သံသယက မိုးလောက်ကြီးမားသွားကာ ဘယ်သူ ဘာပြောပြော သူ မယုံတော့ပေ ..။

"မင်း ဘာဖြစ်လို့ ပြန်လာတာလဲ" မေးတော့ ...

"ပြန်ဖို့ လိုအပ်လို့" တဲ့ ..။

သူ လိုအပ်တိုင်း သုံးလို့ရအောင် ဒီကောင်က ကျားရုပ်ပြ .. နားရုပ်လား..။ ရောက်ရောက်ချင်းပဲ ပြဿနာတွေ အကြီးအကျယ် တတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးအပေါ် မယုံကြည်နိုင်သည့် စကားတွေကို သူပြောတိုင်း မိမိ မျက်လုံးတွေ မီးဝင်းဝင်းတောက်နေခဲ့၏။

နှုတ်ခမ်းတွေကတော့ အပြုံးမပျက်ခဲ့ဘဲ ...

"ရှင့်နေရာကို ရှင်ပဲ သတ်မှတ်ပါ၊ ကျားဆိုရင် ကျား .. နွားဆိုလည်း နွားပေါ့ ..၊ ဒါပေမယ့် အရုပ်ဖြစ်ဖြစ် အကောင်ဖြစ်ဖြစ် လေးဘက်ထောက် နေရမှာတော့ သေချာတယ်နော်..၊ ကျွန်မကတော့ ကျွန်မသားရဲ့ အဖေက ရှင်ပဲ ..၊ ရှင်က နွားဆိုရင် နွားနဲ့သန္ဓေပေးခဲ့တဲ့ ကလေးပေါ့"

ပြန်တွေးမိတာနဲ့တောင် ဒေါသကြောင့် တစ်ကိုယ်လုံး ပူနွေးသွားသည်။ ဒီနေ့ထိ ဒီကလေး ဘယ်သူနဲ့ရခဲ့တယ်ဆိုတာကို တစ်ခွန်းမှ မဟ..။ ပိုဆိုးတာက သူမမျက်နှာမှာ စွပ်စွဲလေခြင်း ...စော်ကားလေခြင်းဆိုသည့် ဒေါသမာန အနည်းငယ်မျှ မထင်ဘဲ ပြုံးပြဲဖြေရှင်းတာမျိုးလည်း မရှိခဲ့ ..။ ထို့ပြင် ...

"ဟုတ်တယ် .. ဒီကလေး ရှင်နဲ့မဟုတ်ခဲ့ရင် ကျွန်မ အရမ်းကို စိတ်ချမ်းသာရမှာ" တဲ့ ..။

ဝန်ခံတာမဟုတ် .. ငြင်းလည်း မငြင်း ..၊ ထို့ကြောင့် မုန်းခဲ့သည်။ ဒီနေ့ထိ မုန်းနေဆဲ ...

နောင် ဘယ်သောအခါမှ မပြေနိုင်အောင် မုန်းနေဖို့လည်း အဆင်သင့် ရှိနေသည်။ ဘယ်ကလာခဲ့သည့် အမုန်းမုန်းတော့ မသိ ..။





အခန်း [ ၁၁ ]

"ဟိတ်ကောင် .."

အသံနဲ့လူရိပ်က ရှေ့ကို တပြိုင်တည်း ရောက်လာ၍ ရင်ဘတ်ကို ပုတ်လိုက်သလို ခပ်ဆတ်ဆတ် တွန်းလိုက်ခြင်း ခံရကာ ...

"မင်း ဒီနေ့ ဒိုးတော့ .."

ပြန်သွားဖို့ လက်ခါပြကာ ရှေ့မှာ ခါးထောက်လိုက်သည့်ပုံက တကယ့်လူမိုက်ပုံစံ ..။

စာမျက်နှာ ဂျာနယ်တွေကို တစ်ဖက်က ပွေ့ထားကာ လွယ်အိတ် လွယ်သိုင်းကို ထပ်ဆွဲတင်၍ ...

"ဘာဖြစ်လို့လဲ ..၊ ကိုကြီးက ကျွန်တော့်ကို သူ ပြန်မလာမချင်း ရောင်းလို့ ပြောထားတာ"

"သူ ဘာပြောပြော မင်း ပန်းပင် အေးဆေးရောင်းနေလိုက်တော့..၊ [illegible]မ်းဘေးမှာ ရောင်းရတာချင်းတူပေမယ့် လိုင်းပူးလို့ မရဘူး၊ မင်းက နှစ်ရာသုံးရာတန် ..၊ ခြောက်ခွန်ထဲ မဝင်ချင်နဲ့"

"ခင်ဗျားတို့ကလည်းဗျာ .. ကျွန်တော် ခင်ဗျားတို့နဲ့ [illegible]ကင်း ကို့နေရာထိ သွားရောင်းတာတောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် .. မရဘူးလို့ ပြောပြီးပြီ ..၊ မင်း ရပ်နေမလား - မရပ်ဘူးလား .."

ယောကျ်ားမာနက စိတ်ကို ထိန်းချုပ်ရခက်သွားသည်။ ဒါပေမယ့် ပြန်လည် ချုပ်တီးလိုက်ပြီး ...

"ဒီတစ်ရက်တော့ ရောင်းမယ်ဗျာ .. နောက်နေ့ .."

"မရဘူး .. မင်း စရောင်းကတည်းက ဘယ်သူမှ မကြည်ဘူး ဆိုတာ မင်း သိတယ် ..၊ မင်းကို မြင်နေရတာ ငါတို့ကို လူသတ်မိအောင် နှိုးဆွနေသလိုပဲ"

သူ့ဘေးမှာ 'ဟုတ်တယ် .. မောင်းထုတ်' လို့ ကူပြောမည့်သူတွေ ရောက်လာကြသည်။ လေးယောက် ဝိုင်းကာထားသည့်ရှေ့မှာ စာမျက်နှာ တစ်ယောက်တည်း ..၊

ဂျာနယ်ရောင်းဖို့နေရာထိ မရောက်သေးပါ။ တိုက်က ထုတ်လာပြီး လမ်းကြားထဲမှာပဲ ရှိသေး၏။ ကုန်လှောင်ရုံတွေလို ဖြစ်နေတာမို့ ဒီကြားထဲမှာ ရပ်ထားသည့် ကားတချို့ပဲရှိကာ လူရှင်းနေသည်မို့ ...

"အောင်ချစ် .. သူ့လက်ထဲက ဂျာနယ်တွေ ယူလိုက် .. ကျန်တာပြီးမှ ရှင်းမယ်"

"ဟာဗျာ!..."

မနိုင်တာကို သိနေသော်လည်း ယောကျ်ားချင်းကို ဒီတိုင်း အရှုံးပေးလိုက်ဖို့ကျတော့ မာနက ဖျတ်ခနဲ ခုန်တက်၏။

"ကျွန်တော် ဒီနေ့ ကျောင်းဖျက်ပြီးထွက်လာရတာ ..၊ ဒီနေ့တော့ ရောင်းမှဖြစ်မှာ .."

"ဘာကွ!.."

အောင်ချစ် ဆိုသည့်လူက သူ့လက်ထဲက ဂျာနယ်တွေကိုယူဖို့ ရှေ့တိုးလိုက်ပြီးမှ ရပ်သွားကာ ...

"ကျောင်းဖျက်ထားတဲ့ကောင်က အဖြူအစိမ်းဝတ်ပြီးတော့လား"





သူပြောလိုက်မှ စာမျက်နှာ ကိုယ့်ဝတ်စုံကို ပြန်ကြည့်မိတော့မလို ဖြစ်သွား၏။

"ကျွန်တော်က အိမ်က မသိအောင် ခိုးရောင်းရတာ ..၊ ကျောင်းသွားမယ်ပြောပြီး ထွက်ရတာပေါ့"

"ဟွန်း .."

လေးယောက်စလုံး မျက်နှာတွေမဲ့ကျသွားကာ 'ဟွန့်ခနဲ' 'ဟင့်ခနဲ' ခနဲ့သံတွေ သံစုံမြည်သွားသည်။ စာမျက်နှာ ဆိုသည့် လူငယ်လေးကို ဘယ်လိုမှ ရောင်းခွင့်မပြုနိုင်ကြတာ အဓိကက အဲဒီဝတ်စုံပဲ ဖြစ်၏။

လူတွေကိုက ရန်ကုန်မှာ ဒီလိုမျိုးလုပ်စားကြတာတွေရှိတာ သိသျှက်နှင့် အဖြူအစိမ်းလေးဝတ်ပြီး ပြေးလွှားရောင်းချနေတာမြင်လျှင် ဝိုလိုက်တဲ့ကရုဏာတွေက တလဟော..၊ သူတို့ရှေ့ထိ မျက်နှာအောက် ရောက်အောင် ဂျာနယ်တွေ အထပ်လိုက် ထိုးပြနေတာတောင် ...

"မဟုတ်ဘူး .. ဟိုကောင်လေးကို ခေါ်တာ" ဆိုပြီး ကားကို မှတ်၍ အသံပေးသည်။ ကားယဲကနေ ခေါင်းထွက်ပြီး 'ဟိုကောင်လေး..' လို့ ခေါ်တာတွေ ရှိ၏။ တချို့ကဆို ...

"မင်းက ကျောင်းတက်ရင်း ရောင်းတာလား" လို့ မေးသွားကြသေးသည်။ ကျောင်းသားတချို့လည်း ဒီလိုလုပ်ကြရတာတွေ ရှိပါသည်။ စာမျက်နှာ ဆိုတဲ့ ကောင်ကျမှ ...

"မင်းကို နောက်ဆုံးပြောမယ် ဟိတ်ကောင် .. ဂျာနယ်ရောင်းစားမယ်ဆို မင်း ကျောင်းထွက်လိုက် .. တစ်နေရာ အပိုင်ယူ"

"ခင်ဗျားတို့က အမိပွာယ်မရှိတာတွေ ပြောနေကြတာပဲ၊ ကျောင်းတက်နေရလို့ ကျောင်းစရိတ်ကာမိအောင် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာရတာ .. ကိုယ်ချင်းစာပါဗျာ .."

"မစာနိုင်ဘူး ..၊ ဒီမှာ မင်းကို .."

"တီ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟွန်းသံရှည်ကြီး ဆောင့်ထွက်လာကာ သူတို့ဘေးမှာ ရပ်နေသည့် ကားမည်းလေးထဲက အရိပ်တစ်ခု လှုပ်ရှားသွားသည်။

စတော့ကင် အနီရဲရဲပေါ်မှာ အနီအနက် စလွယ်သိုင်းရစ်ထား သည့် ခါးရှည်လက်တိုကိုယ်ကျပ်ကို ဝတ်ထားသည့် မိန်းကလေး -

နှုတ်ခမ်းလွှာဖူးဖူးမှာ စိုရဲနေအောင် တင်ထားသည့် နှုတ်ခမ်းနီ မှန်လို လက်နေသလိုပင် ..။ နားကွင်းဝိုင်း အနီရဲရဲက တလှုပ်လှုပ် - အပြာနုနှင့် အနက်ရောင်ရစ်ကာ မျက်လုံးလေးတွေကလည်း နက်မှောင် ဖူးလက်နေ၏။

သူမက ကားပေါ်က ဆင်းလာကတည်းက စာမျက်နှာ ရဲ့ မျက် နှာတစ်ခုကိုပဲ ကြည့်၍ ပြုံးပြကာ ...

"နင် ဂျာနယ်တွေ ရောင်းနေတာလား ..၊ ငါ ကျောင်းမှာမတွေ့ လို့ ဒီနေ့ နင့်အတန်းဖော်ကိုတောင် သွားမေးခဲ့သေးတယ်၊ စာမေး နီးနေမှဟာ .. မိဘက မပြေလည်ရတဲ့ကြားထဲ စာမေးပွဲကျနေပါ့မယ်"

သူမက ပြောနေရင်း အနားထိ ရောက်လာကာ ...

"နင်ရှာတဲ့ပိုက်ဆံက နင် တကယ်လို့ စာမေးပွဲကျသွားရင် နစ် မှာနဲ့ ယှဉ်ကြည့်ပါဦး"

သူမက မျက်မှောင်ကုတ်ကြည့်နေသည့် စာမျက်နှာ ရှေ့မှာ တည် တည့်ဝင်ရပ်လိုက်သဖြင့် လေးယောက်ကို ကျော်ပေးပြီးသား ဖြစ်သွ သည်။

"နင့်ကိုမြင်ကတည်းက ငါ ထွက်လာမလို့ ...၊ ငါ့အစ်ကို ရှိနေ စောင့်နေရတာ ...၊ နင့်အတွက် ငါ စာတွေ ကူးထားတယ် ...၊ အဲ လိုက်ယူ .."

"ဟာ!..."

"တော်ပြီ ...၊ နင်ပြောမှာ ငါ သိတယ်"

ခေါင်းခါဖို့ ပြင်လိုက်တာနှင့် သူမက ပိတ်ပြောလိုက်ပြီး ...





"ငါ အဲဒါတွေအတွက် တာဝန်ယူတယ်ဆိုရင် ဖြစ်မလား"

"ဘာ!..."

"ငါတို့ သူငယ်ချင်းတွေပဲဟာ .. နင်က ချို့တဲ့ပေမယ့် ငါက ပြည့်စုံတဲ့သူ .. ဒီလောက်တော့ ကူညီနိုင်ပါတယ် ..၊ ပြီးတော့ ငါ့အစ်ကို ရဲ့ကုမ္ပဏီက ဝန်ထမ်းတွေကို စာပေဒါနပြုတဲ့အနေနဲ့ ဒါတွေ လက် ဆောင်ပေးလိုက်မယ် .. ကုသိုလ်တောင် ရသေးတယ်၊ ကဲ.. လာပါ.. ကားပေါ် တက်ပါ..၊ ငါ အားလုံးဝယ်ပါ့မယ်ဆိုမှ .. တော်ကြာ ငါ့အစ်ကို မြင်ရင် ငါ အဆူခံရမှာနော်"

ဂျာနယ်တွေ ပွေ့ပိုက်ထားသည့် ကောင်လေးကို မင်းသမီးရှုံး အောင် ပြင်ဆင်ထားသည့် မိန်းမလှလေးတစ်ယောက်က ကားပေါ် တင်ခေါ်သွားတော့ ကျန်ခဲ့သည့်လူတွေ မျက်စိတဆုံးထိ ငေး၏။

ပြီးတော့ တစ်ယောက်တစ်ခွန်းပြော ကျန်ရစ်လေသည်။

"ဒီကောင်က ဘာကောင်လဲ ...၊ အနေစုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါ ဆိုတာမျိုးလား"

"ဘာမှမဟုတ်ဘူး ...၊ အနေစုတ်စုတ်နဲ့ ခွေးချေးထုပ်တဲ့ စက္ကူ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၂ ]

"နင်က ငါနဲ့ ကျောင်းအတူတူလား"

လှည့်ကြည့်မေးတော့ ကားမောင်းနေရင်း သူမက ပြုံးသည်။

"ငါ နင့်ကို မသိဘူး"

"အဟွန်း .."

ပခုံးလေးတစ်ဖက် တွန့်သွားပြီး ရယ်သံလေး ထွက်လာသည် ပြီးမှ သူမ လှည့်ကြည့်၍ ...

"နင်ရော ဘယ်ကျောင်းကလဲ .."

"ဘာ!..."

"ဘယ်ကျောင်းကလဲလို့ မေးတာလေ .."

"နင်က ငါ့ကို မသိဘဲနဲ့ .."

"အဟွန်း .."

ရယ်ပြန်ပြီ .. ပါးချိုင့်ရာလေးရေးရေးနှင့် နှုတ်ခမ်းမဖွင့်ဘဲ ရယ် တာက ရယ်တိုင်း ပခုံးလေးတွန့်သွားတာမို့ ကလေးဆန်နေသည်။

ပြီးတော့ တစ်ဖက်သားကို လှောင်ရယ်နေတာနှင့်လည်း တူ ဒါပေမယ့် မျက်ဝန်းလေးတွေကြောင့် သူမ ပုံစံလေးက ဖြူစင်နေပြ ကာ ...





"သိလို့ ကူညီတာပေါ့ ..၊ ဒါနဲ့ နင့်နာမည်က ဘယ်သူလဲ"

သူ ဘာမှမရှင်းလင်းသေးဘဲ သူမကချ ြ မေးခွန်းတွေထုတ်နေ ပြင့် စာမျက်နှာ မျက်ခုံးတွေ မကျေနပ်သည့်အသွင်နှင့် စုကျုံ့သွား ဒါကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီးမှ သူမက ရှေ့ပြန်လှည့်ကာ...

"နင်က မသိပေမယ့် ငါက သိလို့ပေါ့ ..၊ နာမည်မသိပေမယ့် င့်ရဲ့ကျောင်းဝတ်စုံက တံဆိပ်ကြောင့် ဆယ်တန်းကျောင်းသားမှန်း တယ်၊ အဲဒါကြောင့် ငါနဲ့ အသက်တူလောက်ပဲမို့လို့ သူငယ်ချင်းလို့ ောထားလိုက်တာ .."

"နင်ကလည်း ဆယ်တန်းပေါ့"

"အင်း .. ဒါပေမယ့် မိဘလုပ်စာတွေနဲ့ မိန့်မိန့်ကြီးထိုင်ပြီး တဝ ပြဲ စားသုံးနေတာကောင် ဆယ်တန်းအောင်ဖို့ မသေချာသေးတဲ့ လေလေပါ"

ပြောပြီး သွားလေးပေါ်အောင် ရယ်သည်။ ဆယ်တန်းကျောင်းသူ တဲ့ မိန်းကလေးက ကားမောင်းနေလိုက်တာ ကစားကွင်းထဲမှာ စားနေသလိုပင် ..။ ဘယ်အရွယ်ကတည်းက ကားပေါ်ရောက်ပြီး မ်းကျင်နေတာလဲ ..၊

"ငါက အဲဒီလို နေခဲ့ပေမယ့် နင့်လိုလူငယ်တွေမြင်တော့ လေး တတ်ပါတယ်၊ ကိုယ် မလုပ်နိုင်တာမျိုးကို လုပ်နေတာဆိုတော့ င်လည်း ကြီးတယ်"

ပဟေဠိဆန်နေသည့် မိန်းကလေးကိုငေး၍ စာမျက်နှာ ဘာမှမသိ ဘာမှလည်း မမေးဖြစ် ..။ သူမကပဲ ဆက်၍ ရှင်းပြသွားမှ ...

"နင့်ကို ပိုက်ဆံတစ်ရာဈေးဆစ်ပြီး ဓားပြတိုက်သလို လုပ်သွား ကားပေါ်မှာ ငါ ပါတယ်လေ ..၊ နင် ကားထဲကို ငုံ့ကြည့်လိုက်တုန်း ငါ့ကို မြင်သွားပါတယ် .. မမှတ်မိဘူးလား"

သူ အသံတိတ်ပဲ ခေါင်းခါမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာကို ငါ အရမ်းစိတ်ဆိုးသွားတာ သိလား ..၊ အဲဒီလူကြီး ကို ဘာဖြစ်လို့မှန်း မသိဘူး .. အလုပ်စဝင်ကတည်းက သိပ်သဘော မကျခဲ့တာ..၊ ကိုကိုပေါ့ .. ငါ့ဘာသာ ကားမောင်းမယ်ဆို ဘယ်တော့မှ ပေးမမောင်းဘူး..၊ မောင်းတတ်တတ် မတတ်တတ် ဒရိုင်ဘာမပါဘဲ မသွားရဘူးတဲ့"

"ခုကျတော့ရော .."

"မိုးမောင်းလာတာလေ"

"ဒါနဲ့ နင့်အစ်ကို ပါတယ်ဆို"

"ဒါကတော့ .. ဒီလိုပဲ ယုတ္တိရှိအောင် ရှိုးရတာပေါ့"

အရမ်းပွင့်လင်းပုံလေးကြောင့် နာမည်တွေတောင် မသိကြသေးဘဲ စိတ်ချင်းတော့ ရင်းနှီးသွားသလိုပင် ..။

"နင့်နာမည် ဘယ်လိုခေါ်လဲ .. ပြောဦးလေ"

စာမျက်နှာ က တစ်ချက်ကြည့်ပြီးမှ မျက်နှာလွှဲပစ်၏။

"ဘာလဲ မာနကြီးနေတာလား .."

"ငါ သူဌေးတွေနဲ့ သူငယ်ချင်း မဖြစ်ချင်လို့ပါ"

"ဘယ်လို .."

"ပြီးတော့ နင်က မိန်းကလေး .."

"အဲဒါ ဘာဖြစ်လဲ .. ဘယ်လိုလူနဲ့ဖြစ်ဖြစ် ကျားကျား မမ မခွဲ တော့ဘူးလား"

"နင် ငါ့ဂျာနယ်တွေကိုလည်း မဝယ်ပါနဲ့ ..၊ ဒီအလုပ် စလုပ် ကတည်းက ကိုယ်ပိုင်အရင်းအနှီးရှိခဲ့တာမှ မဟုတ်တာ ..၊ မူလပိုင်ရှင် ဆီ ပြန်အပ်လိုက်ရုံပဲ .. အစကတည်းက ငါ ဒီနေ့ ..."

"မရောင်းပါနဲ့တော့ဟယ် .. ငါက ဖြီးဖျန်းပြီး ဟိုလူတွေထဲက ခေါ်ထုတ်ခဲ့တာပေမယ့် ဂျာနယ်တွေရောင်းပြီး နင် စာမေးပွဲကျ စိုးတာကတော့ တကယ့်စေတနာပါ ..၊ ပြီးတော့ နင် ရန်များစရာမလို ဘဲ သက်သက်သာသာ လုပ်လို့ရတဲ့ အလုပ်တစ်ခုခု ငါ အမြန်ဆုံး ရှာ ပေးပါမယ်"





စာမျက်နှာ က သူမ ပြောနေတဲ့ အမူအရာလေးတွေကို အကြာ ကြီး ငေးနေလျက် ...

"နင်က အဲဒါတွေကို တတ်နိုင်လို့လား .."

"တတ်နိုင်လို့ ကတိပေးနေတာပေါ့ ..၊ ကဲ .. နာမည်ပြောလို့ရပြီ လား"

"ငါ့နာမည်က စာမျက်နှာ"

"စာမျက်နှာ .."

သူမက ကားကို လမ်းဘေးထိုးလိုက်ပြီး သစ်ပင်ရိပ်မှာ ရပ်လိုက် ၏။ ပြီးမှ ဒီဘက်ကို ပခုံးတစ်ခြမ်းလေး စောင်းလှည့်၍ ...

"တစ်မျိုးလေးနော် ..၊ နုသလိုလို ရင့်သလိုလိုလေး"

မချိုပြုံးထင်သွားသည့် နှုတ်ခမ်းသားရဲရဲတွေကို မြင်တော့ သူမ မျက်နှာ နားမလည်သလို ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ .. ဒီနာမည်ကို မကြိုက်လို့လား..၊ ချစ်ဖို့ကောင်း ပါတယ်ဟ ..၊ မိဘပေးတဲ့ နာမည်ဆိုတာ မြတ်နိုးတတ်ရတယ်တဲ့"

"မကြိုက်လို့ မဟုတ်ပါဘူး ..၊ ငါ့ဘဝနဲ့ငါ ထိုက်တန်တဲ့နာမည် ဆိုတာလည်း သိတယ် ..၊ ဒါပေမယ့် ..."

သူ ဆက်မပြောတော့ပေမယ့် ဒီနာမည်နဲ့ပတ်သက်သည့် မြစ် ဖျားခံအင်းတွေ သူ့ရင်ထဲမှာရှိနေပြီကို သူမက နားလည်သွားပုံနှင့် ...

"ဒါဆို မှတ်ထားနော် ..၊ ငါ့နာမည်က 'ဆုလာဘ်ခင်' တဲ့..၊ အိမ် မှာခေါ်ကြသလို နင်က 'ဆု' လို့ပဲ ခေါ်ပေါ့"

"ငါ့ကိုတော့ ကြိုက်သလို ခေါ်ပါ"

ချစ်စနိုးနဲ့ နာမည်အဖျားဆွတ်ခေါ်တဲ့သူ မရှိတော့ ဆိုလို့ ပြော စရာ သူ့မှာ မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ဟာ မိသားစုနှစ်စုအတွက် နှစ်လိုခြင်းဖြင့် နူးညံ့တွယ်တာဖွယ် ခေါ်စရာ မဟုတ်ခဲ့ဘူး ထင်သည်။ မိုးကြိုးပစ်သလို အဖေခေါ်သည့် သူ့နာမည်က 'စာမျက်နှာ ဆိုတဲ့ ကောင်..'။

ကိုယ်တိုင်ပဲ ဒီနာမည်ကို နာကျည်းမှုအဓိပ္ပာယ်တွေနဲ့ ပေးခဲ့တယ် ပြောပြီး ခေါ်ဖို့လေးတောင် နူးညံ့မှုကို မပေးချင် ..။

မမက မောင်လေးလို့ပဲ အခေါ်များကာ မျက်နှာ လို့ တစ်ခါတလေမှ ခေါ်ပေမယ့် ကြင်ကြင်နာနာ ..။

အမေကတော့ 'မျက်နှာ'လို့ ခေါ်လိုက်တိုင်း မျက်လုံးထဲမှာ တံလျှပ်တွေလို စူးတောက်နေတတ်၏။

အဖေဘူအမေကွဲ မောင်နှမဆိုတဲ့ ကိုယ့်ထက်ငယ်သူတွေက ခေါ်တော့ 'စာမျက်နှာ' 'ကိုစာ' 'မျက်နှာ ဆိုတဲ့ တစ်ယောက်' 'ဟို တစ်ယောက်' စသဖြင့် ...

မလှပခဲ့သည့်ဘဝဟာ ကဗျာ လင်္ကာ၊ တေးထပ် ဟေးသုပ် ဘာမှ မပါဘဲ တကယ့်ကဗျာလွတ်။

ကိုယ့်အကြောင်းကို မနက်ကနေ မိုးချုပ် အိပ်ရာဝင်တဲ့အထိ မတွေးဖြစ်ခဲ့တဲ့နေ့ဆိုတာ မရှိ ..။

မဖြစ်မနေ တွေးဖြစ်လာရတဲ့ အကြောင်းတွေကတော့ ...



## အခန်း | ၁၄ |

"မင်းကလည်း ဒီတစ်ရက်တော့ လုပ်လိုက်ပါကွာ ..၊ ဒီပန်းကုန်ဖို့ အဓိကမဟုတ်ပါဘူး၊ ငါတို့ ဝွင်တွေရှိတာ မင်းသိသားနဲ့၊ ဟိုကောင်နှစ်ယောက် ပြန်ဝင်လာမှာစိုးလို့ပါ၊ လုပ်ပါ .."

ဆိုပြီး သူ့လက်ထဲကို ပန်းတွေ လာထည့်ပေးသွားသည်။ ဂျာနယ်ရောင်းရသည့် ကျဉ်းကျပ်မှုကို စိတ်ပျက်လို့ ဆုရဲ့အဆက်အသွယ်နဲ့ ရတဲ့အလုပ်ကိုလုပ်ဖို့ သူ ဒီနေ့ နှုတ်ဆက်မလို့လာတာ ဖြစ်သည်။

ဟိုအလုပ်ရတာနဲ့ ဒီဘက်က ကျေးဇူးရှိခဲ့တဲ့လူကို လှည့်တောင် မကြည့်ဘူးဆိုတာမျိုး မဖြစ်ချင် ..။ ဒီကျတော့ တွေ့ရမယ့်လူနဲ့ မတွေ့ဘဲ ပြဿနာက အထုပ်လိုက် လက်ထဲရောက်လာ၏။

ဂျာနယ်လည်း ဂျာနယ်မို့ .. ပန်းလည်း ပန်းမို့ .. စိတ်ပျက်ဖွယ်ပါလား..။ အလုပ်တစ်ခုကို စိတ်ပျက်လွယ်တာမျိုးတော့ မဟုတ်ပါ။ ဒါပေမယ့် မမ ပြောခဲ့သလိုပင် သူ့နေရာနဲ့သူ ကျွမ်းကျင်မှုတွေ စည်းတွေ ဘောင်တွေနဲ့ ..။

စိတ်မပါပေမယ့် လုပ်ရတော့မှာပဲမို့ ထုံးစံအတိုင်း ပခုံးမှပါလာသည့် လွယ်အိတ်ကို စလွယ်သိုင်း ပြောင်းလွယ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ကျူရှင် အလကား ခေါ်သင်ပေးသည်လို့ မမကို ညာပြောထားသောကြောင့် ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တဲ့အချိန် အကွာအဝေးက သူ့အတွက် ပြဿနာမရှိပေ ..။

နေပူရှိန်ရှိနေသေးသည့် ညနေပိုင်းမြင်ကွင်းထဲက ကားတန်းတွေဆီ မျက်လုံးရောက်ရင်း ဟိုဒီလှည့်ပတ် ဝေ့ကြည့်မိလျှင် ...

"အမေပါလား .."

အနီအနက်တွေ ကြိုက်တတ်သည့် အမေ့ကိုယ်ပေါ်မှာ အနက်ရောင် ဆွဲသားစကတ်အရှည်က ပြောင်အိနေ၏။

ကိုယ်လုံးလှတဲ့သူမို့ ပို၍ ပေါ်လွင်နေသလား မသိ..။ ခါးကျရုံ ကိုယ်ကျပ်အနက်ရောင်လေးက လည်ဖော်လက်ပြတ်လေးဖြစ်ကာ ဖြူဝင်းသည့်အသားရောင်ကို အရောင်တင်ပေးထားသလို ဖြစ်နေသည်။

ပြီးတော့ အကျီရဲ့ပခုံးတစ်ခြမ်းကနေ ရင်ဘတ်အပေါ်တစ်ပိုင်းလုံးမှာ ကျောက်ပွင့်တွေကို စလွယ်သိုင်းရစ်ပြီး ထိုးထား၏။

ဆံပင်တွေကို သိမ်းလှန်ထားတာတောင် ရင်ဘတ်တွေပေါ်မှာ ခွေခွေခေါက်ခေါက် ပြန်ကျနေသဖြင့် အမေ့တစ်ကိုယ်လုံးမှာ အသက်အရွယ်ကို အတိအကျ မှန်းချက်ထုတ်နိုင်လောက်အောင် ရင့်ရော်စေတာ တစ်ခုမှမတင် ..။

စာမျက်နှာ ခြေလှမ်းတွေ သွက်သွား၏။ ကားတွေကျပ်နေလို့ စောင့်နေရတာတောင် စိတ်က အမေ့ဆီ ပြေးသွားနေပြီဖြစ်သည်။

အမေသည် သူနှင့်အသက်ရွယ်တူ အမျိုးသမီးတစ်ယောက်နှင့် လမ်းတစ်ဖက်က မားကက်ကြီးတစ်ခုရှေ့မှာ ရပ်ပြီး စကားပြောနေတာဖြစ်သည်။ မိတ်ကပ်ပြေပြေလေးနဲ့ပဲ ဝင်းအိနေသော အမေ့မျက်နှာတစောင်းမှာ မျက်ခုံးတန်းရဲ့ အနားစပ်သွယ်သွယ်လေးက ခပ်လှမ်းလှမ်းကနေ ကြည့်တာတောင် ထင်းနေသည်။

အမေ့ကို ငေးကြည့်နေခွင့်ရတိုင်း လှပလွန်းသည့် အမေ့ရဲ့ မျက်နှာ





မှသည် ခြေဖျားထိ .. အားလုံးသော အစိတ်အပိုင်းတို့သည် သူ့ရင်ထဲက ငါ့အမေဆိုသည့် ကြည်နူးပီတိစိတ်မှဖြစ်သော ဂုဏ်ယူမြတ်နိုးခြင်းတွေကို တရစ်ရစ် တိုးစေခဲ့သည်။ အမေ့မျက်နှာကို မော့ကြည့်နေချင်သည်၊ အမေ့ရဲ့ခြေလက်တွေကို နှိပ်နယ် ပြုစုပေးချင်၏။

ပြီးတော့ သွားတွေပေါ်တဲ့အထိ ပြုံး၍ ငုံ့မိုးကြည့်နေမည့် အမေ့ရဲ့ နူးညံ့ကြည်လင်သော မျက်ဝန်းတွေကို မြင်ချင်သည်။ သူ့ရဲ့တစ်ဘဝလုံးဟာ အဖေနဲ့အမေ့ဆီက အကြင်နာမေတ္တာကို ရမှ ပြည့်စုံမှာပါ ..။

"ဟေး .."

"ဟာ!... ဆောရီးပါ"

အမေ့မျက်နှာကို လှမ်းငေး၍ လမ်းဖြတ်ကူးမိလျှင် ဘရိတ်အုပ်ပစ်လိုက်သည့်ကားက ဝိုက်နဲ့ကပ်မိတော့မလို့ နည်းနည်းပဲ လိုတော့သည်။ ကားတွေက အတန်းလိုက်ကပ်နေတာမို့ တိုက်တော့ မတိုက်မိကြပေမယ့် သူ့ကြောင့် အတန်းလိုက်ကြီး ဗရုတ်သုတ်ခ ရပ်ပစ်လိုက်ရသဖြင့် ထိုနေရာလေးမှ အော်သံဟစ်သံတွေ ဆူသွား၏။

ထိုအခါ အမေ့မျက်လုံးတွေပါ သူ့ဆီ ရောက်လာ၏။

"အမေ့ .."

ဘာမှမဖြစ်ကြောင်း လက်ပြ ရယ်လိုက်ရင်း ရပ်သွားကြသည့် ကားတွေကြားထဲကနေ ပြေးသွားမိသည်။ အမေ့မျက်နှာ ကုတ်သွားတာ.. ပြေပြစ်နေသည့် မျက်နှာတစ်ခုလုံး တင်းသွားတာ သူ ဘယ်လိုမှ ဂရုမစိုက်နိုင်ဘဲ အမေ့နား ရောက်ချင်သည့်ဇောတစ်ခုသာ ရှိခဲ့ပြီး ...

"သား အမေ့ကိုမြင်လို့ ပြေးလာတာနဲ့ .. အဟွန်း .. ဘာမှမဖြစ်ပါဘူး"

လက်ပိုက်မလိုလုပ်တော့ ပန်းတွေကိုင်ထားရသဖြင့် မအောင်မြင်...၊ လက်ဖဝါးချင်းဆုပ်မလို့ ပြင်တာလည်း မဖြစ် ..။

ထို့ကြောင့် လက်တစ်ဖက်တည်းနှင့် ဆံပင်သပ်လိုက် .. လက်



www.burmeseclassic.com

www.burmeseclassic.com



မော်င်းပွတ်လိုက်ဖြစ်ရင်း ...

စာမျက်နှာ တစ်ယောက်တည်း ပျာယာခတ်နေသည်။

ဘေးမှာရှိနေသည့် အမျိုးသမီးက စာမျက်နှာ နှင့် ဒေါ်မိမိ ကို အံ့ဩသလို တစ်လှည့်စီကြည့်၍ ခဏတော့ တိတ်ကျသွားကြ၏။

ပြီးတော့မှ ဒေါ်မိမိ ကိုပဲ တစ်ချက်ကြည့်၍ စာမျက်နှာ ကို နှစ်လိုဖွယ် ပြုံးပြသည်။

"သားက ကျောင်းတက်ရင်း ပန်းရောင်းနေတာလား"

"ဟုတ်ကဲ့ .. အန်တီ"

ဖြေလိုက်ပြီးမှ စာမျက်နှာ ရင်ထဲမှာ ထိတ်ခနဲ ပူရှိန်းသွားသည်။ အမေ့ကို မြင်လိုက်ပြီး ဘာမှသတိမထားနိုင်ဘဲ ပြေးလာခဲ့မိသည့် သူ့အပြစ် ..။ ကိုင်ထားသည့် ပန်းတွဲကြီးနဲ့ တင်းနေသော အမေ့မျက်နှာကို တစ်လှည့်စီ ကြည့်ရဲတဲ့အထိတောင် ခွန်အားမရှိတော့ဘဲ ပန်းဆီကနေ အမေ့မျက်နှာကို မကြည့်မိခင် မျက်နှာလွှဲလိုက်မိသည်။

"သူ ရောက်နေရောပေါ့ စန္ဒာ .. သွားရအောင်"

"ဟင်!... အင်း .. သားလေး အန်တီတို့ မိတ်ဆွေနဲ့ချိန်းထားလို့ သွားဦးမယ်နော်"

မျက်ခမ်းစပ်လေးတွေ ရဲညိုနေသည့် မျက်ဝန်းလေးတွေမှာ ငွေ့ရည်ဖွဲ့နေပြီမှန်း ဒေါ်စန္ဒာ သိလိုက်သည်။ ဒါပေမယ့် နောက်တစ်ခါ ပြန်လှည့်ကြည့်ဖို့လည်း မကြည့်ရက်သလို ဖြစ်ရကာ ...

"မိမိ .."

ရှေ့ကနေ သွားနေသည့် ဒေါ်မိမိ နောက်ကိုပဲ အမှီလိုက်၍ ...

"နင်လည်း တော်တော်ရက်စက်တယ်နော်"

"အဲဒါကို သိရက်နဲ့ ငါ့ရှေ့ရောက်အောင် လာတာကိုက ရိုက်သတ်ပစ်ဖို့ ကောင်းနေပြီ"

တုန်ခါနေသည့်အသံက တင်းမာလွန်းနေတာလား .. ငိုချင်နေတာ





လား..။ နည်းနည်း အံ့ဩသွားကာ ဒေါ်စန္ဒာ မသိမသာ ငုံ့ကြည့်မိသည်။

ကော့နက်သည့် မျက်တောင်ရှည်တွေရှိသော ဒေါ်မိမိ ရဲ့မျက်ဝန်းထဲကို တော်ရုံနဲ့တော့ အကဲခတ်လို့ မရပေ။ သူမ မျက်လွှာတစ်ချက်ချပစ်လိုက်တာနှင့် ထိုမျက်တောင်တွေက သူမ မျက်လုံးထဲမှာ ဖော်ပြနိုင်သည့်အကြောင်းအရာအားလုံးကို ပိတ်ကွယ်ကာဆီးပစ်လိုက်သလိုမျိုး...။

"ဒီလိုတော့ မပြောပါနဲ့ဟာ ..၊ ကလေးရာတော့ မအေကို မြင့်ရင် ခေါ်မှာပေါ့ ...၊ ပြီးတော့ သူက တခြားကလေးတွေထက်ပိုပြီး မေတ္တာ တော်မွတ်ခဲ့တာပါ"

"ဘာ .. ကလေးလဲ စန္ဒာ .. စကားပြောရင် ငါ နားခါးမယ့်စကား မျိုးတွေ မပြောစမ်းပါနဲ့"

ချိန်းထားသည့် အအေးဆိုင်ရောက်တော့ ဒေါ်မိမိ ကပဲ ဦးဆောင်ဝင်သွားပြီး ညာဘက် တတိယစားပွဲမှာ ဟိုင်ချပစ်လိုက်ကာ ...

"တောက်!..."

နောက်ထပ်ပြောမလို့ ပါးစပ်ဟာမိပြီးမှ တက်ခေါက်လိုက်တော့ ဒေါ်စန္ဒာ ပါးစပ်ပြန်ပိတ်သွားသည်။ ကြည့်လိုက်တော့လည်း တက်ခေါက်သည့်သူက မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ ..။

"အဲဒီကောင်လေး ဒါ သက်သက်လုပ်ပြတာ .."

"နင်ကလည်း .."

ဆက်ပြောမည့် စကားက ဖျတ်ခနဲ ဝင့်တက်လာသည့် အကြည့်ကြောင့် တစ်ဝက်နဲ့ရပ်ပြန်၏။ မိမိ နဲ့ သူဟာ ငယ်သူငယ်ချင်း မဟုတ်သော်လည်း ခင်ကြပြီဆိုကတည်းက သူ့အတွင်းရေး ကိုယ့်အတွင်းရေးတွေ ပြောဖြစ်ကြတဲ့အထိ ခင်ခဲ့သည်။

ရွယ်တူမိန်းမသားချင်းတူပြီး ကိုယ့်ထက် ပိုလှသည်။ သတ္တိလည်းရှိသည်။ အထူးသဖြင့် စူးရဲ၍ အကြည့်အားပြင်းလွန်းသော မိမိ ရဲ့မျက်လုံးတွေကို စိတ်ဝင်စားမိတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့သော မိန်းကလေးတွေလို ဟိုလိုဒီလိုအကြည့်မျိုး မဟုတ်ဘဲ ဘယ်သူ့ကိုမဆို ရူးရဲ ထွင်းဖောက်နိုင်စွမ်းသည့်မျက်လုံးတွေ ဖြစ်၏။

ကိုယ်က ယောကျ်ားကို ဆန့်ပြသည့် လက်တစ်ဆစ်လောက်မာန လေးနှင့် အပြင်မှာ အလုပ်ရှာနေတုန်း ဘဝအတွက် တိုက်ပွဲဝင်နေသည့် မိမိ နဲ့ ဆုံဖြစ်ခဲ့ကြသည်။

ထိုအချိန်မှာ သူမက သဘော်သားကတော်ဖြစ်ကာ ကလေးတစ် ယောက်မွေးပြီး အဖက်မတင်ခဲ့သော .. နောက်ထပ်လည်း မရနိုင်တော့ သည့် ကြေကွဲဖွယ် မိန်းမ ..။ မိမိ ကတော့ စာမျက်နှာ ဆိုသည့် ကလေး လေး ခပ်ငယ်ငယ်နှင့် သမီးကြီးလေး ရှိနေသေးတာတောင် 'သူတို့ကို ပွေ့ပိုက်နေလို့ ထမင်း ဝမလား' ပြောခဲ့သူ ..။

ထို့ပြင် သူမ မပွေ့ပိုက်ဘူးဆိုတာက 'သားချစ် ပစ်ရှာ' ဆိုတာမျိုး မဟုတ်ပေ။ အားလုံးသော အိမ်ထောင်ရေး ပျက်ပြားမှုတွေကို ထိုစဉ်က ပြောပြထားခဲ့လို့ သိတာပါ..။

ခုချိန်မှာတော့ ကိုယ်က သူဌေးကတော်ရာထူးနဲ့ပဲဖြစ်ကာ သူမက ရုန်းကန်နေဆဲ ..၊ မကြာခဏ တွေ့ဖြစ်ကြတာလည်း မဟုတ်တော့ သူ့ကလေးဆိုတာ ဘယ်လိုပုံစံတွေမှန်းလည်း မသိ..။

သူ့အိမ်မှာ ဘာတွေ နောက်ထပ်ပြောင်းလဲကုန်သလဲ .. ဒါလည်း မသိပေ။ ခုကျတော့ .. အလွန်အမင်း သိချင်လာပြီဖြစ်ရာ ...

"မိမိ ရယ် .. ငါတို့က သူငယ်ချင်းတွေပဲ ဥစ္စာ .. ပွင့်လင်းစမ်းပါ၊ နင့်လူကြီးလည်း သူ့ဟာသူ နေရာကျသွားပြီ .. ကလေး အဲ .. ကောင်လေး လည်း ဒီအရွယ်ရောက်နေပြီဥစ္စာ ..၊ ဟိုတုန်းက အနာအဆာတွေကို မေ့လိုက်ပါဟာ .. နင် ဘာဖြစ်လို့ ခုထိ အမုန်းတွေ မပျောက်ရတာလဲ"

ဒေါ်မိမိ သည် မျက်တောင်ရှည်တွေ ခတ်ပမ်ရင်း မျက်ရည်စတို့ ကို ဖျောက်ဖျက်၏။ ပြီးမှ ရေခဲမုန့်နဲ့ ဒေါ်စန္ဒာ အတွက် ကက်ပူချီနို မှာလိုက်ပြီး ..





"မုန်းနေတာ မဟုတ်ဘူး စန္ဒာ .. ဒါတွေအားလုံးက သက်သေပြ ချက်တစ်ခုပဲ ..၊ ငါ လုပ်သင့်တာကို လုပ်နေတာ ..၊ ခင်မောင်ထက် ဆိုတဲ့လူ မသေမချင်း ဒါမှမဟုတ် ငါသေသွားမှ အဲဒီသက်သေပြချက် ရပ်လိမ့်မယ်၊ အခွင့်အရေးရနိုင်တဲ့သူချင်း သူတစ်လှမ်းဆို ကိုယ်နှစ် လှမ်းပဲ..၊ သူထားခဲ့တဲ့ ကလေးတွေကို ပွေ့ပိုက်ပြီး ရုန်းကန် ကျွေးမွေး နေရလောက်အောင် ငါ မုန့်ချင်ဘူး"

"နင်ပဲပြောတာ ဖအေတွေက ဒီလိုပဲဆို .. သိနေရဲ့သားနဲ့ သူ ဘယ်လိုနေနေ ထားလိုက်ပေါ့ဟာ ..၊ ကိုယ်က မိခင်ပဲ .."

"ငါ လေနဲ့ဥထားတဲ့ ကလေးတွေ မဟုတ်ဘူး စန္ဒာ"

"ဟုတ်တယ်လေ၊ ဒါကို သူက အထင်လွဲနေတာ မဟုတ်ဘူးလား"

"အဲဒါ အကြောင်းပြ ကောင်းသွားတာပါ..၊ အလကား လူရှုပ် လူပွေ၊ ကလေးမျက်နှာကို ထိုင်ကြည့်ပြီး အဲဒီကလေးနဲ့ ငါ့ကို တစ်နေ့ အခါ ရှစ်ဆယ်လောက် လက်ညှိုးထိုး ဆဲနေလို့ ရတယ် ..၊ ဒါကြောင့် ထားပစ်ခဲ့ပြီး နောက်ထပ် မိန်းမယူသွားဖို့ မလိုဘူး"

"နင်တို့နှစ်ယောက် အချစ်ကြီးလို့ အမျက်ကြီးနေတာပါ ပြော လည်း နင်က ဒေါကန်ဦးမှာ..၊ ဟိုဘက်မှာလည်း သူ ကြံဖန်ကြံဖန်နာနာ ရှိချင်မှ ရှိမှာပါ..၊ ဒါမျိုးက အရွဲ့တိုက်ရင်း မှားသွားတတ်တာတွေ ရှိတယ်ဟ၊ ဘာပဲဖြစ်ဖြစ် သူလုပ်သွားသလို နင် မလုပ်နိုင်ဘူးမို့လား..၊ အဲဒါ နင့်ကိုယ်နင် မုန်းနေတယ် ထင်ပေမယ့် နင့်ရင်ထဲက ကလေးတွေ အပေါ်ထားတဲ့ ငဲ့ညှာစိတ်ပဲ .."

"မဟုတ်ဘူး .."

တင်းမာသည့် ငြင်းဆိုချက် တစ်ခါတည်း ပါလာသော်လည်း နောက်ထပ် တိတ်ဆိတ်သွားခဲ့၏။

"နင် ပိုက်ဆံတွေစုပြီး ဘာလုပ်နေတာလဲ ဟင် .. ဟိုးတစ်ခါ ငါ အိမ်ရှေ့ရောက်ကတည်းက နင့်အိမ်က ရှေ့တစ်ပိုင်းလုံး မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခုထိ မပြင်ရသေးဘူးဆိုတော့ ...''

"အဲဒီကလေးတွေကို ငါက ဘာဖြစ်လို့ ကောင်းရောင်းကောင်း ဝယ် ထားရမှာလဲ''

"နှင့်စိတ်ကူးနဲ့ မာနတွေ နင့်ရဲ့ရင်ထဲမှာ ဘယ်လောက် နိုင်မာနေနေ ပတ်ဝန်းကျင်အမြင်မှာ နင်ဟာ ဘယ်လိုမိခင်မျိုး ဖြစ်နေမလဲ သိလား ..''

"သိတော့ ဘာလုပ်ရမှာလဲ၊ ငါ့ဘဝမှာ ငါ ဒါရိုက်တာ၊ ငါ မင်းသမီး၊ ငါ့ပတ်ဝန်းကျင်ဆိုတာ ငါ့ရဲ့အရိပ်ပဲ၊ ကျန်တာ ဘာမှမရှိဘူး''

"မဟုတ်ဘူးလေ .. ခုပဲ ကြည့်၊ နင့်ဘေးမှာ ရှိနေတာ ငါ မဟုတ်ဘဲ တခြားမိန်းမတစ်ယောက်သာဆို ကိုယ့်ကိုယ်ကိုယ်တော့ ကော့ကျော့နေအောင် ပြင်နေပြီး သားကတော့ ပန်းရောင်းနေရှာတယ်လို့ ထင်သွားမယ်၊ ကွယ်ရာရောက်တာနဲ့ နင့်အကြောင်း ဖောင်းပွနှုန်းတွေ မြင့်သွားမှာပဲ၊ နင်တို့မိသားစုရဲ့ ဖရိန်ကို ဘယ်သူတွေ သိကြလို့လဲ''

"စာမျက်နှာ ဆိုတဲ့ ကလေး ငါ့ကို အဲဒီလူတွေ ပြောလာအောင် လုပ်တာလို့ရော နင် မတွေးမိဘူးလား စန္ဒာ၊ ဟွန်း .. ခုခေတ်လူတွေ နင် ပြောသလောက် မနဲဘူး''

မျက်ဝန်းအိမ်ထဲမှာ မျက်ရည်ရောင်လဲ့နေတာလား .. ဒီအရောင် အတိုင်းပဲလားဆိုတာ စူးစိုက်ကြည့်နေရင်း ခွဲခြားမရ ...။

ဒေါ်စန္ဒာ ပင့်သက်ရှိုက်လိုက်ရင်း စကားနည်းရန်စဲ ဖြစ်သင့်ပြီဆိုတာ ကိုယ့်ဘာသာ နားလည်လိုက်သည်။

"အေးပါ .. နင့်ရင်ထဲမှာ ဒီလောက်ထိ ထုနဲ့ထည်နဲ့ ပြည့်သိပ်နေတဲ့ ခံစားချက်တွေကို ငါ မဝေဖန်တော့ပါဘူး''

တောင်းပန်သလိုပြောကာ နာရီကို ငုံ့ကြည့်၍ ...

"ကိုသစ် လာပါ့မလား .. ခုထိ ဖုန်းလည်း မဆက်ဘူး''

ကိုယ့်ကိစ္စပေမယ့် ဒေါ်စန္ဒာ ဖုန်းနံပါတ်ကို ပေးထားကာ သူ





ချင်းမို့ အားလုံးလည်း တိုင်ပင်ထားခဲ့သည်။ ထို့ကြောင့် ...

"သူ လာမှာပါ''

ဟု တိုးတိုးပြောဖြစ်၍ သူမလည်း နာရီငုံ့ကြည့်မိသည်။ သစ် သူက တကယ်ဆို ကိုယ့်အဆင့်အတန်းနဲ့ ဘာမှမဆိုင်တဲ့သူဖြစ်ကာ သက်လည်း ကိုယ့်ထက် ငါးနှစ်လောက် ငယ်သည်။ ဒါပေမယ့် ကြာရင် မယုံနိုင်လောက်အောင် ခပ်တောင့်တော့င့်နှင့် တုတ်ခိုင်သည့် ယ်ဟန်ကြောင့် ကိုယ့်ထက် အသက်ပိုကြီးနေသလို ထင်ရသည်။

သစ် နဲ့ စတင် ဆုံစည်းပုံကိုက ကိုယ့်ဘက်က မလှပခဲ့တာပါ..၊

တကယ့် အထက်တန်းလွှာတို့၏ စုရပ်ဝှာစ်ခုမှာ သူမ ပါခဲ့သည်။ ယ်တူ မတိမ်းမယိမ်း 'ကတော်'လေးယောက်ထဲမှာ 'ဘာကတော်'မှ ဟုတ်သည့် သူမက အငယ်ဆုံး၊ ပြီးတော့ ယောက်ျားရင့်မာကြီး သုံး ယောက် ပါသေးသည်။

အန်းခနဲ ထဖြစ်ကြတာက မိန်းမသားချင်း မဟုတ် ..၊

"တောက် .. အဲဒါ သက်သက် လိမ်တာ၊ ဒေါ်မိမိ .. ခင်ဗျား ယ်လမ်းကြားကပဲ တက်လာလာ ဒါ လမ်းကြိုလမ်းကြားက ကစား တစ်ဝိုင်းမဟုတ်ဘူးဆိုတာ နားလည်ရဲ့လား ..''

ဘာတွေဖြစ်နေနေ အေးစက်စက် မသိကျိုးနှံကြည့်တတ်သည့် င်း မကြောက်တတ်သောမျက်လုံးတွေက ပြောသည့်လူဆီ တန်းခနဲ..၊

"ဘယ်မှာဝိုင်းတဲ့ ကစားဝိုင်းဖြစ်ဖြစ် ရှုံးရင်း ခံ၊ နိုင်တဲ့လူ စံရတာ ဘာဖြစ်လို့လဲ ..''

"ခင်ဗျားက လမ်းကြားက တက်လာပြီး မိန်းမတန်မယ့် ဒီဝိုင်း မှာ လာလိမ်ရဲတာ တော်တော် သတ္တိကောင်းတာပဲ''

"ဩော .. ခက်တော့တာပဲ''

ဝိုင်းကြည့်နေကြသည့် မလိုလားသော မျက်လုံးတွေရှေ့မှာပဲ သူမ ထားသည့်အိတ်ကို ပခုံးပေါ် ထပ်ဆွဲတင်ပြီး သွားတော့မည့်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်သည်။

"လမ်းကြားကတက်လာတဲ့ မိန်းမက လိမ်တာ ခံရတယ်ဆို
အံ့သြစရာပဲ၊ ကျွန်မသာ ရှင်ဆိုရင် ရက်လို့ ပြောမှာ မဟုတ်ဘူး"

"ဒီနေရာမှာ ကိုယ့်အဆင့်အတန်း ဂုဏ်သိက္ခာနဲ့ စည်းကမ်း
ကစားကြတာ၊ မင်းလို တဲစုတ်ပေါ်ကနေ ဘယ်ကရလာမှန်း မသိ
ငွေထုပ်နဲ့ ခုန်တက်လာတာ မဟုတ်ဘူး"

"အင်း .. အင်း .. အဆင့်အတန်းရှိတဲ့လူတွေရဲ့ ဂုဏ်သ
စကားတွေကို ကြားရတာ မှတ်သားစရာပဲ"

"အေး .. မှတ်သားပြီးရင် မင်းရဲ့အိတ်ကို ချပြီး ပြန်တော့"

"အို!... အဲဒီလို လွယ်လွယ်လေးပြောတိုင်း နာခံတတ်ရင်
သိက္ခာနဲ့ စည်းကမ်းရှိရှိ အနိုင်ကျင့်တတ်တဲ့ ဒီနေရာမျိုး တစ်ယော
တည်း ဘယ်လာမလဲ၊ ကျွန်မ ရှင်တို့ရဲ့မျက်စိအောက်မှာထိုင်ပြီး
တူ ကစားတယ်၊ နိုင်လို့ ယူတယ်၊ ရှုပ်ထွေးမှု ဘာမှမပါဘူး၊ ကျွ
သွားမယ့်လမ်းကို တားဆီးပြီး ရုတ်ရုတ်သဲသဲလုပ်ရင်တော့ ရှ
အားလုံး ဘာဖြစ်သွားမယ်ထင်လဲ၊ ဆင်လည်း ဆင့်အတောင်နဲ့
ကြွက်လည်း ကြွက်အတောင်နဲ့ ကြွက်ပဲ၊ လျှော့မတွက်နဲ့ .."

"တောက် .. ဒီမိန်းမ တော်တော် လူပါးဝပါလား"

"ဟော့ .. ဟော့ .. ဇော်ကို ထားလိုက်တော့၊ ငါတို့မှာ သိက္ခာ
တန်ဖိုးကြီးတာ ဘာမှမရှိဘူး၊ အပျင်းပြေ ကစားကြတာကို အ
တဝင့် မလုပ်နဲ့"

ဒေါ်ယုယနွယ် ဆိုသည့် သူဌေးကတော်က ဒေါ်မိမိ ကို ခ
မင်မင် ပြောဆိုခဲ့ဖူးသမျှ သူမဟုတ်သည့်အတိုင်း အထင်မြင်သေး
မျက်လုံးများနှင့် ကြည့်၍ ...

"သွားဝစေ .. သူ့အတွက် စရိုက်ပျက်ခဲ့ပြီး အရယူရ
ငါတို့အတွက် အပျင်းပြေပါ"





"ဟွန်း .."

ဒေါ်မိမိ တစ်စက်မှ မျက်နှာမပျက်ဘဲ ပြုံးနေသည့်နှုတ်ခမ်းတွေ
ကို သွားတွေပေါ်တဲ့အထိ ရယ်မိသည်။

"ထားလိုက်ပါ ..၊ မိမိ ဆိုတဲ့မိန်းမအတွက် ဒါဟာ အသက်မွေး
ဝမ်းကျောင်းအလုပ်တွေထဲက တစ်ခုဆိုတော့ ရှင်တို့လို အပျင်းပြေ
မဟုတ်တာက သေချာပါတယ်"

ပြောပြီးမှ မျက်နှာ အနည်းငယ် တည်သွားကာ ဒေါ်ယုယနွယ်
ကို ကြည့်၍ ...

"လူတွေ အများကြီးနဲ့ ကစားနည်းက အပျင်းပြေရုံပဲဆိုတော့
တစ်ယောက် နှစ်ယောက်လောက်နဲ့ ကစားတဲ့ တကယ့်ပွဲတက်နည်း
တွေ မယု ဆီက ကျွန်မ ပြန်သင်ရဦးမယ့် ထင်တယ်"

"ဘာပြောတယ်"

ဒေါ်ယုယနွယ် ရဲတွတ်နေသည့် မျက်နှာကြီးနှင့် ထိန်းသိမ်းနိုင်စွမ်း
မဲ့သွား၏။

"မယု မလုပ်နဲ့လေ"

ထိုပွဲမှာ မပါဘဲ နောက်ထပ်ရောက်လာပြီး ဒေါ်ယုယ ကို ဝင်ဆွဲ
တဲ့သူက သစ် ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ မယု .. ပါးစပ်ချင်း ပြောနေကြတာ လက်
မပါနဲ့လေ၊ အဲဒီပုံမျိုးဆို ကိုဇော် တို့တစ်ဖွဲ့လုံး နောက် ဒီခြံကို သုံးခွင့်
မပြုဘူးနော်"

သစ် က ခြံပိုင်ရှင်မှန်း ပွဲပြီးမှ သူကိုယ်တိုင် လိုက်လာပြီး မိတ်
ဆက်လို့ သိခဲ့ရသည်။

"ဘော်ဒါကလွှာနဲ့ ပေးသုံးခဲ့တာပါ၊ အဲဒါတွေ ကျွန်တော် ..ဝ
ါသနာမပါဘူး၊ မိမိ လည်း ဒါတွေထဲမှာ မကျင်လည်ပါနဲ့ ..ဆင်းရဲ
တဲ့လူတွေလည်း ကိုယ်တတ်ထားတဲ့ပညာနဲ့ တစ်ဝမ်း..ခါးတော့



www.burmeseclassic.com

www.burmeseclassic.com

ရှာနေကြတာပဲ၊ ငွေကို လောဘကြီးတာ မကောင်းပါဘူး၊ အထူးသဖြင့် မိန်းမတစ်ယောက်အတွက်ပေါ့"

"ကျွန်မက တစ်ဝမ်းတစ်ခါး မဟုတ်ဘူး၊ သုံးဝမ်း သုံးခါးစာ ရှာရတာ၊ သမီးတစ်ယောက် သားတစ်ယောက်ရယ် ကျွန်မရယ်လေ၊ ကလေးတွေအတွက်ထက် ကျွန်မက မလှရင် မဝတ်ချင်ဘူး၊ မကောင်းရင် မစားနိုင်ဘူး၊ အဲဒါကြောင့် ကျွန်မအတွက် လုံလောက်ဖို့ လိုတယ်"

စတင် ငြိတွယ်ခဲ့တာက ဤသို့ ဖြစ်၏။ မိမိ တို့ နာမည်ကြီးတာက ကားရောင်း၊ အိမ်ရောင်း။ ကိုယ် ကျွမ်းကျင်ကျင် မကျင်ကျင် လူ တစ်ယောက်နှင့်ပေါင်း၍ မရမက ဝင်ရောသည်။

မရရအောင် ယူတတ်သည်။ ချစ်တဲ့သူက ချစ်စင်ကြကာ မလိုတဲ့သူတွေ ပါးစပ်ထဲမှာ မိမိ ဆိုတဲ့မိန်းမ 'မိန်းမလည်'' ..။

အဓိကက ကစားနည်းမျိုးစုံ၊ မိမိ ဖို့ မတတ်တာ မရှိ ..။

သခ် နဲ့ပတ်သက်ခဲ့သည့် ဟိုအစက အကြောင်းတချို့ကို စန္ဒာကို မပြောမိခဲ့တာတွေ ရှိသည်မို့ ပြန်တွေးမိသည့်စိတ်က အတိတ်ကို ခဏလေး တစ်ပတ်ပြန်လျှောက်သွား၏။ တကယ်တော့ သခ် ကမ်းလှမ်းထားသည်က တခြား၊ သူမ လက်ခံဖို့ စိတ်ကူးခဲ့တာက တခြား..

"မိမိ .. နင်နဲ့သူ နှစ်ယောက်တည်း ဖြစ်မလား၊ လက်ထပ်ဖို့ကိစ္စ ဆွေးနွေးမှာဆိုတော့ ငါရှိရင် မကောင်းဘူးထင်တယ်၊ မစောင့်ချင်လို့ မဟုတ်ဘူးနော်၊ ငါ့ယောကျ်ားက အိမ်မှာရှိနေတာ မဟုတ်ဘူး၊ အပြင်မှာ အချိန်ဖြုန်းလို့ ရတယ်"

စန္ဒာ ပြောလိုက်မှ ခုနက ပြောနေကြသည့်စကားကို ပြန်ဆက်ဖို့ သတိရသည်။

"စန္ဒာ .."

"ဟင် .. ဘာလဲ"

"သူ့ကို ငါ လက်ခံမလို့ ချိန်းထားတာ မဟုတ်ဘူး"





"မိမိ ရယ် .. ဘာတွေ လျှောက်လုပ်ဦးမလို့လဲ၊ သခ် က ရှမ်းပြည် ယ်ဘက်မှာ စိုက်ခင်းတွေ ခြံလုပ်ငန်းတွေနဲ့ ရန်ကုန်မှာဆိုလည်း သူပိုင် ဲ့တိုက်တွေ ငှားထားတာ အများကြီးပဲ၊ နင်ပြောသလိုဆို အိမ်ထောင် ်ခါပျက်ဖူးတာပဲ ရှိတယ်၊ တိတ်တိတ်ရှုပ်ထားတာတွေမှ မဟုတ်တာ၊ တော့ အဲဒီအိမ်ထောင်တွေ ဘာကြောင့်ပျက်ခဲ့တယ်ဆိုတာမှာ ဟိုမိန်းမ ွ မကောင်းမှန်း သူ့ပတ်ဝန်းကျင်မှာ စုံစမ်းလို့တောင် ရနေတဲ့ဟာ.."

"ဟုတ်တယ် .. နင်ပြောတဲ့ အရည်အချင်းကောင်းတွေအရ ငါနဲ့ ာန်ဘူးလို့ သတ်မှတ်လိုက်တာ"

"ဘာ!..."

"အသက်ကြီးပေမယ့် ရုပ်ရည် ရှိသေးတယ်၊ ပြီးတော့ သူက နူးညံ့ ယ်၊ ဈေးစပ်တယ်၊ စာရိတ္တကောင်းတယ်၊ ငါ့စိတ်နဲ့သူ့စိတ် ငါဖြတ် ်းခဲ့တဲ့ဘဝနဲ့ သူလက်ခံထားတဲ့ဘဝ၊ အားလုံးက ဆန့်ကျင်ဘက်တွေ"

"နင်ကလည်းဟာ နင့်ကို စတွေ့ကတည်းက သူက ကယ်တင် ်းနဲ့ တွေ့ခဲ့တာပဲ၊ အထင်မြင်မသေးလို့ တဲကောက်ကောက် လိုက် တာပေါ့၊ ချစ်တဲ့စိတ်က အားလုံးကို ကျော်လွှားနိုင်ပါတယ်ဟာ"

"စန္ဒာ ရယ် .. အသက်လေးဆယ်ကျော်နေမှ တက္ကသိုလ်ကျောင်း ်းက ကဗျာစာအုပ်ကြီး ပြန်လှန်နေပြန်ပြီ၊ ချစ်တဲ့စိတ်က အားလုံးကို ကျော်လွှားနိုင်ဘူး၊ အထူးသဖြင့် ငါ့အဖြစ်ငါ ပြန်ဆန်းစစ်ပြီး ပြောမယ်၊ က သူချစ်တဲ့သူနဲ့ လက်တွဲပြီး မသေခင်မှာ မိသားစုဘဝလေးကို ည်ဆောက်သွားချင်တာ၊ ငါက သားအိမ်ရောဂါရှိနေတဲ့ အသက် းဆယ်အရွယ် ရောက်နေပြီ"

ဒေါ်စန္ဒာ စိတ်မကောင်းဖြစ်သွားမိသည်။ ဒါလည်း ဟုတ်တာပဲ တွေးမိနေဆဲ ...

"နောက်တစ်ခုက ငါ့မှာ သမီးအပျိုလေး ရှိတယ်၊ ငါ ဘယ် ာက်လှလှ နုပျိုတဲ့ မိန်းမငယ်လေးကို မြင်တွေ့သွားရင် သူ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ယိမ်းယိုင်သွားမလဲ .."

"ဒါကတော့ ယောကျ်ားတိုင်း ဒီလို မဟုတ်ကြပါဘူးဟာ"

"ငါ့အတွက် ထင်ကြေးတွေနဲ့ ပေသီးခေါက်နေချိန် မရှိဘူး စန္ဒာ၊ ငါ့ရောဂါ အနေအရင့်ကို ငါ သိတယ်၊ အဲဒါကြောင့် ငါ့အနာဂတ်လှဖို့ မလိုဘူး" —

"ပြောပါဦး .. နင် ဒီလိုလူမျိုးကို ငြင်းပြီး ဒီထက်ကောင်းတဲ့ နည်းလမ်းတွေနဲ့ ဘယ်လို ဆက်လျှောက်မှာလဲ"

"ငါ သူ့ကို လက်ခံမှာပါ"

"ဩော် .. ဒါပဲဟာကို"

"ဒါပဲ မဟုတ်ဘူး၊ ငါ လက်ခံမှာက သမီးအတွက် .."

"ဘုရားရေ!..."

ဒေါ်စန္ဒာ အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်၍ ရင်ဘတ် မသိမသာ ဖိသည်။ ဒေါ်မိမိ ကတော့ အေးဆေးသည့် အမူအရာတွေ ရှိနေဆဲ ..၊ အရည်ပျော်နေပြီဖြစ်သည့် ရေခဲမုန့်ကို ဒီတိုင်းပဲ ခပ်စား၏။

ကက်ပူချီနိုကတော့ ဒီတိုင်းနဲ့ပဲ စံနေတော်မူလျက် ...

"တကယ်ပြောလိုက်တာလား မိမိ ရယ် .. နင့်သမီးကရော လက်ခံမှာတဲ့လား၊ ပြီးတော့ အပျိုနဲ့ နှစ်ခုလပ်ကျတော့ အပျိုလေးက နစ်နာတာပေါ့၊ အသက်ကလည်း ကြီးတယ်လေ၊ ကိုသန်း ကိုယ်တိုင်ကရော လွှဲပြောင်းပေးတိုင်း အလွယ်တကူ ယူမှာတဲ့လား၊ ဘာကိုမှ လျှော့မတွက်နဲ့နော် ..၊ ဘာမှဖြစ်မလာဘဲ နင်ပဲ စိတ်ဆင်းရဲမှာ"

"အဲဒီလိုဖြစ်သွားလို့ စိတ်ဆင်းရဲတာ တော်ဦးမှာပါ၊ ဒီလိုလူကို လက်မလွှတ်သင့်ဘူးဆိုပြီး ငါလက်ထပ်လိုက်မှ ထင်သလို ဖြစ်လာရင်—"

"ဘာ ထင်သလိုလဲ..၊ ကိုယ့်သမီးကို ပထွေးနဲ့ မထားချင်ရင် တခြားမှာ ထားပေါ့၊ သူ့ရဲ့ပိုင်ဆိုင်မှုတွေ နင် ပိုင်ခွင့်ရပြီဆိုရင် ကိုယ့်ကလေးတွေကို ကြိုက်သလို ထောက်ပံ့နိုင်တယ်"



"ငါ့လက်နဲ့ အဲဒီကလေးတွေကို ဘယ်တော့မှ မပြုစု မထောက်ပံ့ ..."

ဒေါ်စန္ဒာ အံ့ဩလွန်းလို့ ဘာပြောရမှန်း မသိတော့ပေ။

"ငါ့ကြောင့် သူတို့ သိက္ခာကျ အရှက်မရအောင် ငါ ထိန်းသိမ်းခဲ့ ..ယ်၊ ဘယ်လိုနည်းနဲ့ပဲ စီးပွားရှာနေနေ ငါ့ကိုယ်ကျင့်တရားကို ငါ ..န်းတာမျိုးပေါ့၊ နောက်အိမ်ထောင်ပြုလိုက်ခြင်းကြောင့် ပထွေးရဲ့ ..ာ်မှာရိပ်ကို မှေ့ကြည့်ပြီး တော်ရာမှာနေရတဲ့ဘဝမျိုး သူတို့မရောက် ..ရဘူး၊ သားသမီးအတွက် ငါ ပေးနိုင်တာ အဲ့ဒါပဲ"

"ဟုတ်ပါတယ် .. နင် အဲဒီလို ပြတ်ပြတ်တောက်တောက် နေခဲ့ ..တွေလည်း ရှိတော့ သူ့အိမ်ထောင်ရေးကို သူ သဘောမကျဘဲ နင် ..လုပ်လိုက်ရင် နင့်သမီး နင့်ကို အထင်လွဲသွားမှာနော်၊ မိသားစု ..မှာ ဒီ့ထက် တင်းမာကုန်ရင် .."

"နှုးညံ့ပျော့ပျောင်းဖို့လည်း ငါ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး ..၊ စိတ်လည်း မဝင်စားဘူး၊ အခု ငါ့ရဲ့ကျန်းမာရေးကြောင့် ကျန်ခဲ့ ..ဲ့ သူတို့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးမှာ၊ ငါက စိမ်း ..ကားကားနေပေမယ့် သူတို့မောင်နှမချင်းတော့ ချစ်ကြတယ်"

"နင့်ကိုလည်း ချစ်ကြပါတယ်ဟာ"

ဒေါ်မိမိ က ထိုစကားကို စိတ်မဝင်စားသလိုနေ၍ ရေခဲမုန့်ကို ..နေပြန်သည်။ ပြီးမှ ...

"အကြီးမ ကောင်းစားသွားရင် ဟိုကောင်လေးအတွက်ပါ စိတ် ..မှာ၊ ငါ သူတို့အတွက် နောက်ဆုံး ကရုဏာစိတ်နဲ့ စီစဉ်ပေးတာကို ..လည်ဘူးဆိုရင် သွားပေါ့၊ လုပ်စရာရှိပြီးသားကိုတော့ ငါ ပြီးဆုံး ..င် လုပ်သွားမှာပဲ"

ဒါက နိုင်မာပြီးသား ဆုံးဖြတ်ချက် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

ကြားလိုက်ရတော့ ကိုယ့်နားကိုတောင် မယုံနိုင် ..၊ သားသမီးရယ်လို့ ဘယ်တုန်းကမှ လှည့်မကြည့်ခဲ့ဘဲ ခုကျမှ နောင်ရေးအတွက် စိတ်အေးရအောင် စီစဉ်တာလို့ ဆိုသည်။

အကယ်၍ ဒီလိုစီမံချက်နဲ့သာ မဟုတ်ဘူးဆိုလျှင် အမေ့ရဲ့အကြင်နာတွေ ပေါ်လာပြီဆိုပြီး ထခုန်ချင်အောင် ဝမ်းသာမိမှာ အမှန်ပင် ..။

မခ အမေ့မျက်နှာကို ငေးကာ မယုံမရဲနှင့် ...

"မခ အတွက် စိတ်အေးရအောင် ဟုတ်လား အမေ၊ မခ တို့ မောင်နှမအတွက် အမေ့မျက်နှာကို အမြဲ မြင်နေရရင် အေးချမ်းပြီးသားပါ အမေ၊ မောင်လေးလည်း ခုမှ စာမေးပွဲပြီးတာ၊ အိမ်ထောင်ရေးတွေ မခ မစဉ်းစားပါရစေနဲ့"

"မရဘူး .. ငါက ဒါလုပ်ဆိုရင် လုပ်လိုက်၊ ဘာလဲ .. သန်း က အသက်ကြီးနေလို့လား.. နှစ်ခုလပ် ဖြစ်နေလို့လား ..၊ ဘဝမှာ အချစ်တစ်ခုတည်းနဲ့ အရာရာ မပြည့်စုံနိုင်ဘူးဆိုတာ မှတ်ထား၊ အချစ်ကိုလိုအပ်ရင် သာယာမှုနဲ့ ဖြေသိမ့်ယူလို့ ရတယ်၊ ငွေ မရှိလာရင် ဖန်တီးယူလို့ မရပါဘူး၊ ညည်းတို့ ကဗျာဆန်နေတဲ့ ငါ့ရဲ့မျက်နှာကြီးက ညည်း





တို့ဘဝကို ပြီးဆုံးတဲ့အထိ လိုက်ကြည့်ပေးနေမှာ မဟုတ်ဘူး နားလည်လား ..၊ ဒီလိုအခြေအနေမျိုးနဲ့ အထက်ပါ အောက်ပါ အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့ ယောကျ်ားမျိုး ရဖို့ရော ညည်း အိပ်မက် မက်ခဲ့ဖူးလား .."

'ဦးသန်း နဲ့ လက်ထပ်ဖို့အရေးအတွက် အမေနဲ့ စကားတွေ အများကြီး ပြောခဲ့ရသည်။ နောက်ဆုံးကျတော့ မခ အသည်းမပျော့တတ်ပေမယ့် အမေ့စကားကို နာခံလိုက်ဖို့ပဲ ဆုံးဖြတ်ခဲ့သည်။ သို့သော် ...

"ငါ မင်းကို လက်မထပ်ဘူး အလွမ်းမခ"

အလွန်အမင်း အံ့သြစရာကောင်းသည့် စကားမျိုး ဦးသန်း ဆိုသည့်လူကြီးပါးစပ်က ထွက်လာ၏။

တစ်နေ့လယ်မှာ ဖုန်းဆက်ပြီး မခ နဲ့ ဆွေးနွေးဖို့ အမေ့ဆီမှာပဲ ခွင့်တောင်းသည်။ တွေ့ကြတော့ ပြောဖြစ်သည့်စကားတွေက ဤသို့..။

"သူနဲ့ငါ သုံးခါမြောက်အထိ ဆွေးနွေးခဲ့ပြီးပြီ၊ အဲဒီမှာ သိလိုက်ရတာက မင်း ရှိနေတဲ့အတွက် သူ ငါ့ကို ငြင်းတာ၊ မင်းကို စိတ်ချချင်တာရော .. ငါနဲ့သူ လက်ထပ်ခဲ့ရင် ငါ့ရဲ့စိတ်ကို သူ ယုံကြည်တာရော၊ အဲဒါတွေကို ငါ နားလည်သွားတယ်၊ နောက်ထပ် အကြောင်းပြကောင်း တစ်ခုက သူ့မှာ သားအိမ်ကင်ဆာ ရှိနေတယ်လို့ ပြောတယ်၊ အဲဒါ မင်း သိလား .."

မသိခဲ့တဲ့ကိစ္စမို့ ခေါင်းခါလိုက်တော့ ဦးသန်း က အောင်နိုင်သူလို ပြုံးသည်။

"သူ ငါ့ကို တော်တော် အထင်သေးခဲ့တာပဲ၊ နွားအို မြက်နုကြိုက်သမယ့် ယောကျ်ားနဲ့ နွား မတူဘူးဆိုတာတော့ သိဖို့ကောင်းတယ်၊ ငါ မင်းအမေရဲ့ မကောင်းခြင်းအားလုံးကို ကြားမြင် ခံစားနေရရင်း ချစ်ခဲ့မိတာ၊ ဘဝရဲ့ အနာအဆာတွေကို ဖယ်ပြီး ချစ်ခြင်းနဲ့ ဘဝတွေကို တည်ဆောက်ကြဖို့ စိတ်ကူးယဉ်ခဲ့တာ..၊ အဲဒီစိတ်ကူးတွေကို



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖော်ဖို့အတွက် သူ့နေရာမှာ ဘယ်မိန်းမကိုမှ ငါ အစား မထိုးနိုင်ဘူး"

"လေးစားပါတယ် ဦးသစ်၊ အဲဒီတော့ မခ တို့ ဘာလုပ်ကြမလဲ"

"မင်းနဲ့ငါ ပူးပေါင်းကြံရမှာ မဟုတ်ဘူး အလွမ်းမခ၊ စစ်မျက်နှာ ဖွင့်ရမှာ .."

"ဘယ်လို!..."

"ဟုတ်တယ် .. သူမှား ကြံစည်တာခံရရင်တောင် မိမိ လို မိန်းမ ကို တော်ရုံ လှည့်စားရုံလောက်နဲ့ မျက်စိလည်သွားစေဖို့ မလွယ်ဘူး၊ ငါ ခြေလှမ်းမှားတာနဲ့ သူ့ကို ဆုံးရှုံးရမှာပဲ"

"အဲဒီတော့ ဦးသစ် ဘာလုပ်ချင်တာလဲ .. ပြောပါ"

"မင်း ယောက်ျားယူဖို့ လိုတယ်"

"ဘာ!... ရှင် .."

မခ ဆွေးနွေးခြင်းကနေ ဝုန်းခနဲ ထရပ်မိသည်။

"ရှင်က တော်တော် စိတ်ကူးတဲ့လူပဲ၊ အမေ့ကိုရဖို့အတွက် ကျွန်မ ကို လက်ထပ်ဖို့ တိုက်တွန်းနေတယ်၊ အမေကရော ရှင် ဖျတ်ဖျတ်လူး လိုချင်နေသလို ရှင့်ကို လက်ခံချင်နေပါ့မလား၊ ကျွန်မကရော ရှင့် အတွက်နဲ့ ရရာယောက်ျားကို လက်ထပ်ပေးမယ်လို့ ရှင် ထင်နေလား"

"မင်းက အမေတူသမီးပဲ၊ ရရာယောက်ျား ကောက်ယူရင်တောင် သိပ်မညှံ့နိုင်ပါဘူး၊ အဲဒီအတွက်လည်း ငါ ကူညီနိုင်တယ်"

"ရှင် .. ရှင် .. တော်တော့နော်"

ဦးသစ် ကလည်း အေးဆေးစွာ လိုက်ထရပ်ကာ ကစားကွင်းထဲ က ကလေးတွေနဲ့ မိသားစုတွေဆီ အကြည့်ဝေ့လျက် ...

"တော်ပါပြီ .. ပြောလိုက်ရင် ဒီတိုင်း ဖြစ်မယ်ဆိုတာ သိပြီးသား ပါ၊ ငါ ဖြစ်ချင်တာကို ငါကတော့ ဖြစ်အောင် လုပ်ယူမှာပဲ၊ မင်းနဲ့ ငါ အခု ဆွေးနွေးတာတွေကို မင်းအမေကို ပြေးတိုင်ချင် တိုင်ပါ၊ မင်းအမေ



...မာနနဲ့ အတ္တတွေကို မသိဘူးဆိုရင်ပေါ့၊ ဒါမှမဟုတ် မင်း လိမ္မာမယ် ဆိုရင် ငါ တိုက်တွန်းတာတွေက မင်း ဆုံးဖြတ်ချင်မှ ဖြစ်တာလေ၊ ...သာလောဆယ် မင်းနဲ့ ငါ လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ လျှို့ ...ချက်လေးကိုပဲ သိမ်းထားပြီး မင်း ကြံစည်ဖို့ အခွင့်အရေးတွေ ရှိနေ ...တယ်ဆိုတာ မှတ်ထား၊ အားလုံး အေးအေးဆိုရင် ငြိမ်းချမ်းသွား ...မယ် .."

မခ ဒီလူကြီးကို ယုံကြည်ခဲ့မိသည်။ ယုံကြည်ခဲ့တဲ့အတိုင်း မခ ...သူ တကယ်ကို လက်မထပ်ချင်တာလည်း အမှန်ပဲ ဖြစ်သည်။

ထို့ကြောင့် အမေ ဖွတ်စီစဉ်လိုက်မှ ပိုဆိုးမှာလို့ တွေးပြီး ငြိမ်ငြိမ် ...လား နေခဲ့မိ၏။ တကယ်တမ်းကျတော့ ကိုယ့်ကို ဒုက္ခပေးမည့်သူဟာ ...ဦးသစ် ပဲဆိုတာကို မခ မသိခဲ့ခြင်း ဖြစ်သည်။

တစ်နေ့နေ့မှာ တခြားသော ယောက်ျားတစ်ယောက်နှင့် ချောင် ...တ်ဖမ်း၍ လက်ထပ်ပေးဖို့ ကြိုးစားမယ်ဆိုတာ ကြိုမတွေးမိခဲ့သည့် ...ကိုယ့်ရဲ့ မိုက်ပြစ်ကြောင့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၅ ]

"သမီး .. ဒီက သမီးလေး .. ဟဲ့ ..."

ပခုံးကို ကိုင်လှုပ်လိုက်မှ ကြားနေသည့် နီးလိုက်ဝေးလိုက် ခေါ်သံဟာ ကိုယ့်ကို ခေါ်နေတာမှန်း သိလိုက်ရသည်။

မခ မျက်လုံးတွေ ပွင့်သွားခြင်းနှင့်အတူ မှိလျှော့နေသည့် ပခုံးလေးတွေပါ ကျုံ့သွား၏။

"ဟင် .. အန်တီ .."

"ဂိတ်ဆုံးနေပြီ သမီးရဲ့ .. အိပ်ပျော်နေလို့ နှိုးတာ၊ သမီးက ဘယ်သွားမှာလဲ"

"မခ .. ကျွန်မ .."

ကမန်းကတန်း ထရပ်လိုက်ပြီးမှ ရင်ဝမှာ အောင့်တက်သွားသဖြင့် လူက နွဲ့ခနဲ ငိုက်၏။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

လက်ဆွဲခြင်း ခပ်နွမ်းနွမ်းနှင့် အမျိုးသမီးကြီးက သဘောကောင်းပုံရကာ မခ ကိုနှိုးပြီး တန်းထွက်မသွားဘဲ ရပ်စောင့်နေပေးသည်။



ကားက လှိုင်သာယာကားကြီးဖြစ်ကာ ဂိတ်ဆုံးပြီဆိုတော့ သူမ ဘယ်နေရာရောက်၍ ဘယ်လို ပြန်လှည့်ရမှန်းတောင် မသိတော့ပါ။

မခ ဆံပင်တွေကို သေသပ်အောင် ပြင်လိုက်ကာ ရင်ဘတ်ထဲမှာ အလိပ်လိုက်ထည့်ထားသည့် ပိုက်ဆံလေးကို မသိမသာ စမ်းမိ၏။

ဟိုအိမ်ကြီးထဲက မထွက်ခွာမီ ဆု ဆိုသည့် ကောင်မလေးက လက်ထဲ ထည့်ပေးလိုက်တာ ဖြစ်သည်။

"ကိုကိုက ပြောတယ် .. မမ လက်ထဲမှာ တစ်ထောင်တန် သုံးရွက်ကို ကျစ်နေအောင် ဆုပ်ကိုင်ထားတာတဲ့၊ မမ သွားမယ် .. လာမယ်ဆို ပိုက်ဆံ လိုမှာပေါ့၊ ဒါလေး ယူသွားနော် .. ဆု က ကူညီတာပါ၊ ပြီးတော့ မမ မာနထားတာလေးကိုလည်း သဘောကျတယ်၊ အန်တီပြောတာဆိုတာတွေအပေါ်မှာ စိတ်ကွက်သွားရင် ဆု တောင်းပန်ပါတယ်"တဲ့ ..။

အစ်ကိုက တည်တည်ကြည်ကြည်၊ အဒေါ်ဖြစ်သူက ခွဲခြား ဆက်ဆံတတ်တာမျိုး ..၊ ဆု ဆိုသည့် ကောင်မလေးကတော့ ဖော်ရွေတတ်သည့် မျက်နှာလေးမို့ အမြဲတမ်း ပြုံးချိုနေတာပဲ မြင်ခဲ့ရသည်။

ဒေါ်ခင်နွယ့် သဘောထားကို နားလည်သည်မို့ ထွက်လာခဲ့ပေမယ့် မခ ဘယ်သွားပြီး ဘာလုပ်ရမှန်း မသိတာ အမှန်ပင် ..။ ဒါပေမယ့် အစတည်းက ဦးတည်ရာမဲ့ ပြေးလာခဲ့တဲ့ ခြေလှမ်းတွေပါ။ ဘာပဲဖြစ်ဖြစ် ဘယ်သူ့ကြောင့်ပဲ လမ်းပေါ်ရောက်နေနေ ကိုယ့်သမိုင်းနဲ့ ကိုယ် ..။

"အန်တီက ဒီကလားဟင်"

"မဟုတ်ဘူးကွယ့် .. စက်ရုံက သားကို တွေ့ဖို့လာဟာ၊ ဘာဖြစ်လို့လဲ .. အကူအညီလိုရင် ပြောလေ"

"ရပါတယ် .. ကျေးဇူးတင်ပါတယ်နော်"

ကားဂိတ်မှာ ခဏရပ်နေရင်း နေပူပြင်ကြီးကို လိုက်ငေးကြည့်ရင်း ရန်ကုန်ထဲ ပြန်ရောက်ဖို့ ကား ဘယ်ကပြန်စီးရမှန်းတောင် မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ဆုံးဆိုပြီး လူလည်း မရှိ၊ လိုင်းသာယာကလည်း မြို့သ
ပီပီ လူကျဲသလောက် အိမ်ခြေက ကျိုးတိုးကျဲတဲ ...။

နောက်ဆုံး ကားနောက်မြီးနားမှာ အရိပ်ခို၍ ဆောင့်ကြောင့်ထိုင်
ကွမ်းဝါးနေသည့် ကားသမားတစ်ယောက်ကိုပဲ မေးရသည်။

သူ ညွှန်ပြလိုက်တဲ့အတိုင်း နောက်ထွက်မည့်ကားကို မစောင့်
မှတ်တိုင်တစ်ခုဆီ ထွက်ခဲ့တော့ ခေါင်းပေါ်မှာ နေမင်းက တည့်မတ်
ကြီးစိုး မင်းမူနေ၏။

ခြေဖျားကို ငုံ့ကြည့်လိုက်တော့ အက်ကွဲမတတ် ခြောက်သွေ့
ပူလောင်နေသည့် မြေပြင်က 'လာမကြည့်နဲ့ နင့်ထက် ပိုဆိုးတယ်' 
ပြန်အော်ပြောနေသလိုလို ...။

ဟုတ်မှာပါ၊ လူတွေဟာ ကိုယ့်အပူမှ အပူလို့ ထင်တတ်ကြ
မျိုး ...၊ ခုလောက်ဆို အမေလည်း ဦးသခ်ံ ရဲ့လုပ်ကြံမှုကို မသိ
'ငါ့စေတနာကို စော်ကားထွက်သွားတဲ့ မိန်းမ' ဆိုပြီး ဒေါသမီးတွေ
ဘယ်လောက် ပူလောင်နေပြီ မသိ ...။

မခ အမေ့ကို ချစ်ပါသည်။ နာခံလိုက်ဖို့လည်း ဆုံးဖြတ်ခဲ့ပါ
ဒါပေမယ့် ...

ခွင့်လွှတ်ပါ အမေ ...။





အခန်း [ ၁၆ ]

"မင်း ..."

ပူထူသွားသည့် ပါးတစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်မိရင်း ဒေါသ
နှင့် မယုံကြည်နိုင်ခြင်းတွေကြောင့် သူမကို ဘယ်လို တုံ့ပြန်ရမလဲ
ဆိုတာ မေ့သွားခဲ့၏။

နက်မှောင်သော အပြောင်သားဝတ်စုံ မီးခိုးရောင် စာပါးထပ်ဝတ်
အင်္ကျီနှင့် မိမိ ဆူသော မိန်းမသည် ခွေနွဲ့သည့် မတိုမရှည် ဆံနွယ်တို့ကို
ဖြန့်ကျက် ရဲတောက်နေသည့် နှုတ်ခမ်းသားတို့ကို ကတုန်ကယင် ဖွေ့
ပိတ်ထားရင်း ...

"နာသွားသလား သခ်ံ.. အငိုက်မိလို့ မဟုတ်ဘဲ အပြစ်ရှိပါတယ်
လို့ ရှင် ဝန်ခံပြီး လက်နှစ်ဖက် စုံချထားပေးပါ့မယ်ဆိုရင် ရှင့်ပါးကို
နောက်ထပ် ဘယ်ပြန်ညာပြန် ရိုက်ချင်သေးတယ်၊ ဘယ်လိုလဲ.."

"တောက် .."

ချစ်တာတော့ ချစ်နေဆဲပါ၊ ဒါပေမယ့် ရက်သည့်စိတ်က ဒေါသ
ဖြစ်စေလျက် မျက်လုံးတို့သည် လှရှင်းနေသည့် ပတ်ဝန်းကျင်ကိုပါ
မေ့သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကပဲ လက်မြန်လွန်းတာလား၊ လူကိုက ရှင်းနေတာလား မသိ၊ အနီးအနားမှာရှိသည့် လူတချို့က သူ့အဖြစ်ကို သိလိုက်ပုံမပေါ်..။

ထို့ကြောင့် ပါးမှာ ကပ်ထားမိဆဲ လက်ကို ဖယ်လိုက်ပြီး သူမဘက် ပြန်လှည့်ကာ ...

"မင်းမှ မင်း .. မပြောင်းလဲနိုင်တဲ့ ငါ့မေတ္တာတရားကို ဂုဏ်ယူထိုက်သေးတယ်လို့ မင်း မတွက်ဘဲနဲ့ ရက်စက်လှချေလား မိမိ .."

"ကျွန်မ လိုချင်တာက ရှင့်ရဲ့မေတ္တာတွေကို မဟုတ်ဘူး"

"မင်း မလိုချင်လည်း ငါက မင်းကိုပဲ ပေးချင်တာ၊ မင်း ထင်နေတဲ့ နတ်ငယ်တဲ့ အလှအပတွေဟာ ရင်ခုန်သံမြန်ရင် မြန်လာလိမ့်မယ်၊ ရင်ခုန်တိုင်း အချစ်လို့ မခေါ်ဘူးဆိုတာ မင်း နားမလည်ဘူးလား"

"ရွံစရာတွေ လာရှုတ်မနေစမ်းပါနဲ့"

ဒေါ်မိမိ က အချစ်ဖြင့် ဋီကာချဲ့ခြင်းကို မုန်တွဲ့ ရှုံ့ချ၏။ သခံ မယုံနိုင်စွာ ငေးနေမိခဲ့သည်။ ဒီအသက်အရွယ်တွေ တွေ့ဆုံကြတာ ဖလိုင်းကစ်တွေ လုပ်ပြပြီး မျက်စပစ်ဖို့ လိုသလား၊ ကဗျာတွေ ရေး၊ သီချင်းတွေပို့ သီဆိုကြွေးကြော်ပြီး ပိုးပန်းရဦးမလား ..။

မျက်လုံးချင်း စကားပြောခဲ့ပြီးပြီ။ ကိုယ် လိုအပ်နေတာ သူ သိသည်။ လက်ခံနိုင်လို့ပဲ အဆင်ပြေမှုတွေနဲ့ ချိတ်ဆက်ခဲ့ကြ၏။

လက်ထပ်ပါရစေ ဆိုကာမှ 'ရှင့်ကို သဘောကျခဲ့တာ မှန်တယ်၊ ဒါပေမယ့် ကျွန်မအတွက် မဟုတ်ဘူး' တဲ့။

တော်တော် မြင့်ထန်သည့်ရိုက်ချက် ..၊ သူ့သမီး နုငယ်ချောမောနေတိုင်း လက်ညှိုးထိုးပြလိုက်တာနဲ့ ခေါင်းညိတ်ရအောင် လူကို နွားသိုးကြိုးပြတ်လို သဘောထားနေသည်လား ..၊ မဟုတ်ဘူးဆိုရင်လည်း အနီရောင်မြင်တိုင်း ဦးချိုသွေးတတ်သည့် ကျွဲရိုင်းတစ်ကောင်လား ..၊

တစ်ယောက်သည် အထင်မြင်သေးသည့် ရှုးရဲပြင်းထန်သောမျက်လုံး၊ တစ်ယောက်က အချစ်ဆိပ်ရူး၍ သေအံ့မူးမူးနှင့် အံကြိတ်၍





လည်ကြည့်သည့် မျက်ဝန်းများနှင့် ...

"မင်းကိုလည်း ရွံစရာကောင်းတဲ့ မိန်းမမှန်း ငါ အခုသိပြီ မိမိ"

"သိသိ မသိသိ ရှင့်သဘောထားကို ကျွန်မ စိတ်မဝင်စားဘူး၊ နေမည်လိုခင် ရှင် ကျွန်မသမီးကို ရအောင် ပြန်ရှာပေးမလား၊ ဒါမှ တ် တံတိုင်းတွေနောက်မှာ အေးရာအေးကြောင်း သွားနေမှာလား"

"ဘာ!..."

"မခ ကို လင်းရန်အောင် ဆိုတဲ့ ရှင့်တပည့်တစ်ယောက်နဲ့ ပေးစားဘွက် အတင်းအဓမ္မ ဆွဲခေါ်သွားတဲ့ သက်သေတွေ ကျွန်မမှာ ရှိယ်၊ လင်းရန်အောင် ရဲ့ ပါတနာကောင် နှစ်ယောက်ကိုလည်း ကျွန်မကိုင်ထားပြီးပြီ၊ အဲဒါ ရှင် ယုံလား .."

"ဘာပြောလိုက်တယ်"

အပိုတွေ ထပ်မပြောဘူးဆိုသည့် မဲ့ပြုံးနှင့် ဒေါ်မိမိ က လက်ပိုက်

"ရွံစရာကောင်းတဲ့ မိန်းမတစ်ယောက်မှာ ဘယ်လိုအရည်အချင်း ရှိနေလို့ အရွံခံရတယ်ဆိုတာ ရှင် သိပါတယ် ..၊ အထူးသဖြင့် ပ်နဲ့မနိုင်ရင် ခြေသလုံးဖက်ကိုက်မယ်ဆိုတဲ့ ယောကျ်ားတွေ .. ရရ ရေချိုးပြန်တဲ့ အောက်တန်းကျကျ စကားမျိုးပေါ့၊ ပါးစပ် သာခံ၊ မျက်လုံးကို အစာကျွေးကြတာ .. ရှေ့မှာ မိန်းမ မရှိရင် ာထဲက မင်းသမီးတောင် အလကား မနေရဘူး"

"မိမိ .. မင်းနဲ့ငါ ရန်သူတွေ မဟုတ်ဘူးနော်"

"အခု ရန်သူဖြစ်သွားပြီလို့ မှတ်လိုက်"

"မင်းကို ရယူနိုင်ဖို့အတွက် ငါ့အတွက် အတားအဆီးကို ဖယ် .. မင့်သမီးက အမှိုက်ဖြစ်ခဲ့တာ"

"ဘာလဲ .. ရှင် ချစ်နေတာတွေကို ခံစားပြီး ကျွန်မက ချေနပ်ာင်လို့လား ..၊ ဒီမှာ.. ကျွန်မက သားသမီးအပေါ် မှာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ မိခင်တစ်ယောက်ပဲ၊ ခုချိန်ထိလည်း ကောင်းခဲ့တာ ဘာမှမရှိသေ ဘူး၊ နောင်ကို ကောင်းဖို့တော့ မကြိုးစားပါဘူး၊ ဒါပေမယ့် ကို ကြောင့် သားသမီး နစ်မွန်းသွားစေတာမျိုး အဖြစ်မခံနိုင်ဘူး၊ ရှင် ကျွန် ကို နောက်ထပ် ဘာမှ ရှင်းပြဖို့ မကြိုးစားဘဲ ကျွန်မသမီးကို ခလုတ်မ ဆူးမငြိဘဲ ကျွန်မလက်ထဲ ပြန်ထည့်ပေးဖို့ ကြိုးစားပါ၊ အကယ် အလွမ်းမခ ဆိုတဲ့ မိန်းကလေးမှာ တစ်စုံတစ်ရာ ထိခိုက်မှု ရှိလာခဲ့ တော့ သခ်ံ ဆိုတဲ့လူ ဂုဏ်သိက္ခာစုတ်ပြတ်ပြီး လမ်းဘေးရောက်သွားအော ကျွန်မ လုပ်ရလိမ့်မယ်"

"မင်း လုပ်နိုင်ရင်လည်း တရားခံက လင်းရန်အောင် .. ငါ မဟု ဘူး၊ အဲဒီဇတော့ သဘာဝမကျတာတွေပြောပြီး ခြိမ်းခြောက်မနေဘဲ မ နဲ့ ငါ ရှေ့ဆက် ပြေလည်ဖို့ .."

"တိတ်စမ်းပါ .. ရှင့်ကို ကျွန်မက ခြိမ်းခြောက်တယ် ဟုတ်လာ ရှင် နိုင်းတာပါလို့ အတိအကျ ဝန်ခံထားတဲ့ ရှင့်တပည့်တွေ ကျွန်မ မှာပဲ ရှိသေးတယ်၊ အဲဒါ မယုံလို့လား .."

သခ်ံ မျက်မှောင်ကုတ်သွား၏။ ဒီမိန်းမ ကြွားပြောတတ် အကျင့်တော့ မရှိတာ သူ သိနေသည်။ ဒါပေမယ့် ဒါက မဖြစ်နိုင်

"ရတယ်လေ .. ဖြစ်လာခဲ့တဲ့ အကြောင်းအကျိုးနှစ်ရပ်မှာ ကျွန် တို့အတွက် ဖြစ်လာရတဲ့ အကြောင်းရင်းကို ပြန်ရှာနေဖို့မှ မလိုတော့ တာ၊ ဒီအကြောင်းကြောင့် ဘယ်လိုအကျိုး ဖြစ်လာသလဲဆိုတာ ကြည့် ကြရုံပဲ၊ ရှင် မယုံရင် ဒီညနေ ခြောက်နာရီကျော်သွားတာနဲ့ ကြည့်လို ပေါ့"

ဒေါ်မိမိ က မျက်နှာမော့၍ နဖူးပြင်ကို လက်ခုံနဲ့ ကပ်ပွတ် ပင့်သက်ရှိုက်သည်။ စိတ်အိုက်သလို ဆံပင်တွေ ခါပစ်လိုက်ပြီးမှ

"အလွမ်းမခ ခေါင်းရိုက်ခွဲလိုက်လို့ လေးချက်တိတိ ချုပ်လိုက် တဲ့ဒဏ်ရာကို ဖော်ထုတ်ဖို့လည်း လူသက်သေ၊ ဆေးမှတ်တမ်း၊ အခို





အတိအကျနဲ့တကွ ကျွန်မမှာ ရှိတယ်၊ ရှင်တို့ တိတ်တိတ်လေး ခြေရှင်း လိုက်နိုင်တယ်လို့ ထင်ပေမယ့် အဲဒီဒဏ်ရာ ချုပ်ပေးလိုက်တဲ့ ဒေါက် တာအောင်မိုး က ကျွန်မရဲ့ မိတ်ဆွေအရင်းကြီး၊ သူက ဆေးအပ်ကိုင်မှ အသက်ကယ်နိုင်ပေမယ့် ကျွန်မက သူ့မိသားစုနဲ့ သူ့ရဲ့အရှက်သိက္ခာ အတွက် အများကြီး ကူညီ ကယ်တင်ခဲ့ဖူးတာ၊ ဒါဆို ရှင် သဘော ပေါက်ပြီ ထင်တယ်"

သခ်ံ မျက်လုံးတွေ ပုံမှိ ကျဉ်းမြောင်းသွားရကာ ...

"မင်းဆီမှာ ရှိနေတာ ဘယ်သူတွေလဲ"

"ဪ .. ရှင် မယုံဘူး ထင်တယ်၊ လင်းရန်အောင် ရဲ့ အစေ ပါး အလွမ်းမခ ကို ဝိုင်းဆွဲပေးကြတဲ့ အေးချို နဲ့ ချစ်ဦးမောင်"

သခ်ံ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ လှုပ်လှုပ်ရှားရှား ဖြစ် သွား၏။ ပြီးတော့ ...

"မိမိ .. မင်းကို ငါချစ်လို့ မှားခဲ့တာပါ"

"တော်တော့လို့ ပြောနေတာ ရှင် ပြောတုန်းလား .."

"ဟာ!... မိမိ"

ဒေါ်မိမိ စိတ်သွားတိုင်း ကိုယ်ပါတတ်သည့်အကျင့်အတိုင်း ဒီနား က်ကတည်းက မြင်ထားခဲ့သော အုတ်ခဲကျိုးကို ကောက်ယူလိုက် ည်။ ဘယ်လိုမှ မထင်သည့်ထဲက အမှတ်တမဲ့ လန့်သွားကာ သခ်ံ ်နှာလွှဲ၍ လက်နဲ့ကာလိုက်တာ မျက်နှာကို ..။

"ခွမ်း .."

"ဟာ!..."

ခွမ်းခနဲ ကွဲသွားတာ သူ့ခေါင်းမဟုတ်ဘဲ ပါဂျရိုးကားရဲ့တံခါးမှန် နေ၏။

"မင်း!... မင်း .. ကြည့်စမ်း .."

ကိုယ့်ကားအဖြစ်ကို မြင်ကာ သခ်ံ ရှက်လည်းရှက်၊ ဒေါသတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ထွက်၍ အံ့ဩမကုန်နိုင် ...။

"မင်း ဒီလောက်ထိ မိုက်ရိုင်းတယ်"

"ဟုတ်တယ် .. ရိုင်းတယ်၊ ကျွန်မကို အဲဒီလို ဒေါသဖြစ်ပြီး ကြိုက်တဲ့လက်နက် ဆွဲထွက်ခဲ့၊ ညုသလိုလို ကျူသလိုလိုလေသံနဲ့ မပြောနဲ့ ရှုံ့တယ်"

"တောက် .."

"ရှင် အခု ထွက်သွားမလား မသွားဘူးလား"

"မင်းကွာ .. မင်း မိန်းမ ဖြစ်နေလို့ .."

"ဟွန်း..."

ဟန်ပါပါ မဲ့လိုက်ပေမယ့် နှုတ်ခမ်းသာမကဘဲ မျက်နှာတစ်ပြင်လုံး မဲ့သွားပြီမှန်း ကိုယ့်ကိုယ်ကိုယ် သိနေသည်။

သခ်ီ ၏တက်ခေါက်သံ၊ ကားပေါ်ရောက်သွားပြီး တံခါးပိတ်သံအားလုံးဟာ အသံတွေသာ နားထဲမှာ ကျန်ရစ်ကာ ဗိုက်တစ်ပြင်လုံး လှိုက်ခဲ အောင့်တက်လာသည့် ဝေဒနာကြောင့် မျက်လုံးထဲမှာ မှောင်နက်မည်းမည်း ..။

ရင်ထဲမှာ လှပ်ခနဲဖြစ်သွားတာကို နောက်ဆုံး သိလိုက်ပြီး အဝတ်တစ်စလို ပုံကျသွား၏။

"ဟင်!..."

သခ်ီ ဘီးလိမ့်နေသည့်ကားကို တုံ့ခနဲ ရပ်ပစ်လိုက်ကာ ဘက်ခ်ဆုတ်ဖို့တောင် သတိမရဘဲ တံခါးဖွင့်၍ ပြေးဆင်းသွားမိ၏။

"မိမိ .."

မဆွသောအချိန်လေးကမှ ဒေါသမာန်ဟုန် ပြင်းနေခဲ့သည့် မိမိဆိုသော မိန်းမရိုင်းသည် ခတော့ မညီမညာ မသန့်ရှင်းသည့် မြေပြင်မှာ ခွေခေါက် ပုံကျလျက် ..။

"မိမိ .. ဘာဖြစ်တာလဲ ..၊ ဒီမှာ .."





စိုးရိမ်စိတ်နှင့် မေးဖျားလေးကို လှုပ်လိုက်၊ ပါးကိုပုတ်လိုက်ခေါ်နေမိကာ အနီးဆုံး ဆေးခန်းတစ်ခုကို အမြန်ရောက်ဖို့ အရေးကြီးမှန်း ရုတ်တရက် သတိမရပေ ..၊

သတိရလို့ ကားမောင်းထွက်ခဲ့သော်လည်း လမ်းပေါ်နဲ့ သူမမျက်နှာကို ခေါက်တုံ့ခေါက်ပြန် ပြေးနေရသည့်မျက်ဝန်းက ဝက်အူရစ်နဲ့သာဆို အပြင်ကို ပြုတ်ထွက်လာနိုင်၏။

ဒီမိန်းမနဲ့ ပတ်သက်နေသမျှ မုန်းတီးနာကြည်းလို့ မရနိုင်တာဘယ်လို ဝဋ်ကြွေးလဲ ..၊ ကိုယ့်ကိုယ်ကိုယ် သတိကာရ တွေးဖြစ်သော်လည်း လှပသည့်မျက်နှာထက်က မျက်တောင်ကော့ကော့တို့ဆီမှာ သူ့မျက်လုံးတွေ မကြာခဏ ငေးစိုက်သွားတာ ထိန်းလို့ မရ ..။

အသက်လေးဆယ်သာ ကျော်သည်၊ ပါးမို့လေးတွေ တင်းပြည့်နေရဲနေဆဲ ..။ ချွေးစို၍ မျက်တွင်းကျနေသလို ရှိပေမယ့် ထူနက်သည့်မျက်တောင်တွေက အတုတပ်ထားသလား ထင်ရအောင် ဆွဲညို့နေ၏။

သည်မိန်းမ အဲဒီလောက်လှနေတာ ယောက်ျားတွေကို ဒုက္ခပေးဖို့ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၇ ]

သစ်သီးဆိုင်မှာ ရပ်မိတော့လည်း ပုဆိုးဝယ်ပြီး ပိုသည့်ပိုက်ဆံနှင့် ပန်းသီး လိမ္မော်သီး အလုံးလှလှ ဝယ်ဖို့အတွက် ကိုယ့်အိတ်ကို ပြန်စမ်းရသေးသည်။

အဖေ့ကို ကန်တော့ချင်သည့်ဆန္ဒက လပေါင်းများစွာ ဝေးကွာခဲ့ပြီးမှ အချိန်အခါမဟုတ် ရွာသည့်မိုးနှင့် တူနေပြီလား မသိ ..။ သူ့ဘဝအတွက်က ကိုယ့်ဖခင်အားနှင့် ဝင်ငွေ ဒီလောက်ပိုထွက်လာအောင်မနည်း ရုန်းကန်ခဲ့ရတာမို့ အချိန်ရာသီတွေကိုပါ မေ့ထားခဲ့ရသည်။

"ဟိုပေါ်က ဘယ်လောက်လဲ .."

"အဲဒါ ခုနစ်ရာ .. သုံးလုံး နှစ်ထောင်"

"အောက်ကဟာ .."

"ငါးရာ .. ငါးလုံး နှစ်ထောင်"

"ပန်းသစ်တော်က ဘယ်လောက်လဲဟင်"

"ခုနစ်ရာ ပဲ"

ပန်းသီးအဆင့်ဆင့်ကနေ ပန်းသစ်တော်ကို မေးတော့ ဈေးသည်မျက်နှာက တစ်မျိုးပြောင်းသွား၏။





'မဝယ်နိုင်ဘဲနဲ့ စုံအောင် မေးနေတယ်'ဆိုသည့် စုန်ချီဆန်ချီကြည့် ..။ စာမျက်နှာ သိသည်။ ဒါပေမဲ့ ဒတတ်နိုင်ပါ ..။

အိတ်ထဲက ပိုက်ဆံကို ထုတ်ရေရင်း သစ်သီးတွေဆီ ပြန်ကြည့်မိသည်။ ပစ္စည်းများများပါမှ ကြည့်ရှုကောင်းမည်။ ဒါပေမဲ့ ကြည့်ကောင်းအောင် သွားမှာလား .. အဖေ့ကို ကောင်းကောင်းလေး စားစေချင်တာလား ..။

ကိုယ့်ကိုယ်ကိုယ် မေး၍ ရှုံ့မဲ့ ကဲ့ရဲ့တတ်သည့် ဆွေသင်း မျက်နှာ သတိရသွားသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်နှင့် ခုနစ်ရာတန် သုံးလုံး ယူလိုက်သည်။

"ရော့ .."

ဈေးသည်က လှမ်းပေးတာကို ယူဖို့ ကိုင်ထားသည့် ပုဆိုးအိတ် ချိုင်းကြားညှပ်လိုက်သည်။ ရေတွက်ပြီးသည့် ပိုက်ဆံကို ပြန်လုံး၍ သစ်သီးအိတ်ကို အရင်ယူလိုက်၏။

ထိုစဉ် မျက်လုံးထောင့်မှာ ရင်းနှီးနေသည့် အရိပ်တစ်ခုကို မြင်ကသဖြင့် လှမ်းကြည့်လိုက်မိ၏။

"ဟာ!... မမ .."

မမ ပျောက်သွားလို့ အမေ ခေါင်ချာစိုင်းနေသည်။ သူ ရှာနေခဲ့လည်း တစ်ညလုံး ကောင်းကောင်း မအိပ်ခဲ့ရပါ။

အလုပ်ကလည်း လုပ်ကာစမို့ မဗျက်ချင် ..၊ ထို့ကြောင့် မအိပ်ရသည့်မျက်လုံးတွေက ခုထိ ကျိန်းနေတုန်း ..။

"မမ .. မမ နေဦး"

အပြင်ဈေးက ဆူညံနေသည်။ ဆိုက်ကားပေါ် တက်သွားသည့် မကြားနိုင်ပေ..၊ ထို့ကြောင့် ပျောက်ကွယ်သွားမှာ စိုးသည့်ဇော နှင့် မျက်နှာ အတင်းပြေးလိုက်ခဲ့၏။

"ဟိတ် .. သစ်သီးတွေ ပြန်ထားခဲ့လေ၊ လုပ်ပါဦး .. သစ်သီးတွေ



www.burmeseclassic.com

www.burmeseclassic.com



"နိုက်ပြေးလို့၊ အဲဒီကောင်လေးကို တားပေးကြပါ"

ဈေးတစ်ခင်းလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်သွား၏။ နောက်က ဆူညံသံတွေကြောင့် ဆိုက်ကားသမားရော မခ ပါ ဈေးဘက်ကို ပြ လှည့်ကြည့်လိုက်မိလျှင် ...

"ဟယ် .. မောင်လေး၊ ခဏ ဆိုက်ကားရပ်ပေးပါ"

"ရပ်မှ ဆင်းလေ၊ ဟဲ့ .. ကလေးမ .."

"အား!..."

မခ ဆိုက်ကားနဲ့ပြန်ချိတ်ကာ ဘေးကို ပုံပျက်ပန်းပျက် ပြုတ်ကျ၏။ ခြေသလုံး ညို့သကျည်းမှာ ပြင်းထန်စွာ နာကျင်သွားသဖြင့် တော်တော်နှင့် ခြေမလှမ်းနိုင် ..။

"မလုပ်ပါနဲ့ .. မလုပ်ကြပါနဲ့ .. ကျွန်မမောင်လေးပါ"

မည်းခနဲ ဝိုင်းလိုက်ကြသည့် လူအုပ်ထဲမှာ မောင်လေး အဖြစ်ဆိုးပြီကို သိလိုက်ကာ မခ ခြေတစ်ဖက်ထော့လျက်နှင့် အတင်း ပြေးဝင်သည်။

"မလုပ်ကြပါနဲ့ .. မောင်လေးက သူခိုး မဟုတ်ပါဘူး"

ဟားဆီးရင်း မြေပြင်မှာ ပြန့်ကျဲနေသည့် ပန်းသီးတစ်လုံးကို ခြေထောက်နဲ့ ကန်မိသဖြင့် ငုံ့ကြည့်လိုက်မိသည်။

လူတွေက ဝိုင်းချုပ်ထားကြကာ စာမျက်နှာ က အကျောအကန် ရုန်းနေသဖြင့် ပြင်းပြင်းထန်ထန် ထိုးနှက်ခြင်း မပြုကြသော်လည်း ခေါင်းကို ပိတ်ရိုက်လိုက်၊ ကျောပြင်ကို ထိုးလိုက် ..။

"ဟိတ်ကောင် .. မင်းရပ် မင်းအရွယ်နဲ့ သစ်သီးခိုးတာ မင်း မရှက်ဘူးလား"

"မဟုတ်ဘူး .."

"မဟုတ်ရင် ရှင်းပါလား .. ဘာဖြစ်လို့ ပြေးဖို့ ပြင်နေတာလဲ"

"ကျွန်တော့်အစ်မ .."





"မောင်လေး .."

အစ်မ ပျောက်သွားမှာစိုးလို့ဆိုတာ ပြောပြမလို့ ပြင်ပြီးမှ မခ မရှိနိုင်တော့ထင်ကာ စကားသံရပ်သွားစဉ် သူ့ရှေ့ကို မခ ဘွားခနဲ ရောက်လာ၏။

"မမ .. မမ မောင်လေး ခိုးတာ မဟုတ်ဘူး၊ မမနောက်ကို လိုက်ချင်တာနဲ့ ပိုက်ဆံပေးဖို့ မေ့သွားတာ"

"အလကား ညာပြောနေတာ၊ ဆိုင်မှာ ဈေးတွေလျှောက်မေးပြီး ပိုက်ဆံမပါဘဲနဲ့ အတင်း လုပြေးတာ .. အဲဒီကောင် .."

ဆိုင်ရှင်က ကိုယ်လုံး ဝဝဖိုင့်ဖိုင့်ကြီးနှင့် အပြေးတစ်ပိုင်းလာကာ စာမျက်နှာ အင်္ကျီရင်ဘတ်ကို ဆုပ်ဆွဲ၍ ...

"ပေးမလို့ဆိုရင် ဘယ်မှာလဲ ပိုက်ဆံ .. ပေးလေ .. ခုပေး .."

"ဟုတ်တယ် .. ပေးလိုက်"

စာမျက်နှာ မျက်နှာတစ်ခုလုံး နီရဲညိုပုတ်သွား၏။ ဆုပ်ကိုင်ထားသည့် ပိုက်ဆံသည် လူတွေ ဆွဲလွဲတွန်းထိုးကြသည့်ကြားမှာ ဘယ်ကျသွားမှန်း မသိ ..။

"တွေ့လား သူခိုး .. တေလေဂျပိုး"

"ရှင် ကျွန်မမောင်ကို ခု လွှတ် .."

စာမျက်နှာ ကို ရင်ဘတ်ဆောင့်ဆွဲ၍ ပါးရိုက်မလို့ ရွယ်လိုက်သည့်လက်ကို မခ ဖမ်းဆွဲကာ တစ်ကိုယ်လုံးကိုပါ ဆောင့်တွန်းပစ်လိုက်၏။

"အမလေး သေပါပြီ"

မိန်းမကြီး တအား အော်လိုက်သဖြင့် သတ်ကုန်ကြပြီဆိုသည့် အသံတွေထွက်ကာ အနားမှာ လူအုပ်ကြီး ဖြစ်သွား၏။

"ဒီမှာ .. ရှင့်သစ်သီးဖိုးက ဘယ်လောက်လဲ၊ ရော့ ယူ .."

အသားတုန်အောင် ဒေါသတွေထွက်လျက် ရင်ဘတ်ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကို ဆွဲထုတ်ပြီး အလိပ်လိုက် ပစ်ပေါက်ပေးလိုက်၏။

ပိုက်ဆံက မိန်းမကြီးဆီ အရှိန်နှင့် ပစ်ကျသွားသည်။ မိန်းမကြီး အသံ ရုတ်တရက် ပျောက်သွားသော်လည်း ရှုပ်ယှက်ခတ် ဆူညံနေသည့်ကြားမှာ စွပ်စွဲသံ၊ ငြင်းဆိုသံ၊ ဘာမှ ခွဲခြားမရတော့ဘဲ ...

"ဒီပုဆိုးကရော ဘယ်က ခိုးလာတာလဲ"

"ဟုတ်တယ် .. ပြစမ်း .."

"မဟုတ်ဘူး .. ကျွန်တော် ဝယ်လာတာ၊ မကိုင်နဲ့နော် .. ခင်ဗျားတို့ .."

ဘယ်လိုမှ ရှင်းမရတော့သည့်အဖြစ်နှင့် ဈေးရုံးထိ ရောက်သွားခဲ့ကြ၏။ ဝိုင်းနေကြသည့်လူတွေ ကျန်ရစ်ခဲ့ကာ ဈေးလုံခြုံရေးတို့ ဆွဲခေါ်သွားကြသည့် မောင်နှမဆီ လှမ်းကြည့်၍ လူစုမခွဲနိုင်ဘဲ ပြောလို့မဆုံး ရှိလျက် ..။

"မောင်နှမ ထင်တယ် .. ရုပ်လေးတွေ ချောချောလှလှနဲ့"

"အေးလေ .. ရုပ်ရည်ကြည့် ဆုံးဖြတ်လို့ မရတော့ဘူးဆိုတာ ဒါမျိုးတွေ ရှိနေလို့ပေါ့၊ သူတို့က နှစ်ယောက်သုံးယောက် အုပ်စုဖွဲ့လက်ဆင့်ကမ်းပြီး လုပ်စားနေကြတာ"

"ခိုးတာကလည်း သစ်သီးနဲ့ ပုဆိုးတဲ့ကွာ၊ ဒီကောင်လေး မလည်ရှုပ်သာသာပါ၊ ယောကျ်ားဖြစ်ပြီး မကောင်းမှု ကျူးလွန်ရဲတာတောင် သိက္ခာရှိရှိ မလုပ်ဘူး"

လိုင်းကားတွေက မှတ်တိုင်မှာ နေရာတကျမရပ်ဘဲ ဈေးမှာ လူတားသည့်နေရာမှာပဲ အတက်အဆင်းတွေ လုပ်နေသဖြင့် ဦးခင်မောင် သစ်သီးဆိုင်နှင့်နီးသည့်နေရာမှာ ဆင်းခဲ့မိ၏။

ကားပေါ်ကဆင်းတာနှင့် လမ်းနှုတ်ခမ်းပေါ်က လူစုစုကြားထဲ ရောက်သွားသည်မို့ ပြောနေကြတာတွေကို အားလုံး ကြားလိုက်ရသည်။

သူတို့ လှမ်းကြည့် ရည်ရွယ်နေကြသူတွေကို ရောယောင် လိုက်





ကြည့်မိတော့ တစ်ကိုယ်လုံး ပူထူသွားခဲ့လျက် ...

မဟုတ်ပါစေနဲ့ ..၊

ဆုတောင်းရင်း စူးစိုက် ငေးနေမိ၏။ ကြည့်လေ .. သေချာလေ အလွမ်းမခ နဲ့ စာမျက်နှာ ..။

ဦးခင်မောင် ကိုယ့်ဘေးမှာ ဆိုက်ကားတွေ ဘဲလ်သံ ဆူညံအောင်ပြီး ပွတ်ကပ်ဖြတ်သွားတာရော လူတွေ ပခုံးချင်းကပ် လက်ချင်းက်၍ ရှောင်သွားကြတာရော ပတ်ဝန်းကျင်အားလုံးက ခဏအတွင်း ပျောက်ကွယ်သွားခဲ့လျက် ဘာဆိုဘာမှ မရှိတော့ ..။

ကျောနောက်ပိုင်း အလှမ်းကွာသည့်နေရာကနေ မြင်လိုက်ရတာမယ့် သူ အမြင်မမှားနိုင်ပါ။ မြင်နေရတာတောင် ကိုယ့်မျက်လုံးတွေ မယုံနိုင် ..။

စာမျက်နှာ ဆိုတဲ့ကောင် ဖြစ်ချင်တိုင်း ဖြစ်နေတယ်ပဲထား .. က ဘာဖြစ်လို့ အတူရှိနေရတာလဲ ..၊ ဒီကောင့်ကြောင့် သမီးက ဆစ်ပါသွားရတာလား ..။

မျက်လုံးတွေကို မှိတ်ပစ်လိုက်ပြီးမှ လမ်းမဘေးမှာပါလားလို့ တိရကာ ဟိုမောင်နှမဆီ ထပ်မကြည့်မိအောင် ကျောခိုင်းထားလိုက်၏။

သူရော ဒီနေ့ကျမှ သည်နေရာကို ဘာဖြစ်လို့ ရောက်ခဲ့ရတာလဲ..။ ဖြစ်သင့်သည့် တိုက်ဆိုင်မှု ..။

"ဟာ!... ခင်မောင်"

"ဟင်!..."

တကယ့် ရုပ်ဆွေရုပ်မျိုး ..၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်အထိ ယ်ချင်းတွေ ..၊ ပခုံးဖက် ခေါင်းထုနှင့် လူငယ်တွေလို ပြောဆိုရင်းနှီး ကြကုန်း ..။

"ခန့်ဝင်း"



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ပြန်တွေ့လိုက်တော့ ဝမ်းသာရမည့်ကိစ္စ၊ ဒါပေ
မယ့်...

"ဟုတ်ပါတယ် ခန့်ဝင်း ပါ .. ငါ့ကို မမှတ်မိတာလား၊ မသေသေ
ဘူးထင်လို့လား .. ကြည့်ပုံက အိပ်မက်ကမနိုးဘဲ မျက်လုံးဖွင့်နေ
အတိုင်းကွာ .."

သူငယ်ချင်းတွေမို့ လက်မောင်းကို ခပ်ကြိတ်ကြိတ်ထိုး၍ နှုတ်
ပြော၏။ ဦးခင်မောင် က ပြုံးလိုက်ရပေမယ့် စိတ်တွေက ကျောနော
မှာ ရှိနေဆဲ ...။

"မင်း နေကောင်းရဲ့လား .. မျက်နှာ ချောင်သွားသလိုပဲ၊ လာ
ကွာ .. သစ်သီးဆိုင်တွေနောက်မှာ ကော်ဖီနဲ့ အအေးဆိုင်လေး ရှိတယ်
စကားပြောရအောင် .."

ဦးခန့်ဝင်း ခေါ်တဲ့နောက် လိုက်ခဲ့ရင်း ကိုယ့်စိတ်တွေကို ဆုံး
နေရ၏။ သူခိုးဂျပိုးဖြစ်နေသော သားသမီးရဲ့ မိဘပါလားလို့ ကို
ကိုယ်ကိုယ် တွေးနေမိတာကိုလည်း မဖျောက်နိုင် ...။

"ခိုးသွားတာကလည်း သစ်သီးနဲ့ ပုဆိုးတဲ့ကွာ"

ကြားလိုက်ရတဲ့စကားတွေပဲ နားထဲမှာ အထပ်ထပ် ပြန်ပေါ်
နေ၏။

"ငါတို့ကောင်ကြီး ပြန်လာတော့မယ်ကွ .. မင်း သိလား"

"ဟင်!..."

တွေးနေတာက တခြား၊ ကြားရတာက တခြား ...၊ သူ ထပ်မေး
တော့ ဦးခန့်ဝင်း က ရယ်ချင်သလို ပြန်ကြည့်၍ ...

"ကောင်းမြတ် .. ကောင်းမြတ် ..၊ မင်းနဲ့ငါရယ် သူရယ်ပဲရှိတာ
မှတ်လည်း ထားပါဦးကွာ၊ မင်း ကြည့်ရတာ ငှက်ဖျားပိုးဝင်ပြီး ဂေါ
သွားတဲ့လူနာလိုပဲ"

"ဟုတ်တယ် .. ငါ ရူးချင်နေတာ၊ ရူးတော့မယ်လို့ကို ထင်နေပြီ"





ပြန်ပြောဖြစ်ရင်း လာချပေးသည့် ဖာလူဒါကို ကြည့်ရက်နှင့် မမြင်
သလို ငိုင်နေ၏။

ဦးခန့်ဝင်း ကတော့ အဓိပ္ပာယ်တွေ အကောက်လွဲ၍ ...

"အေးပေါ့ကွာ .. ငါလည်း ကြားပါတယ်၊ မင်းတို့အိမ် စီးပွားရေး
တွေ ကျသွားတယ်တဲ့"

"မင်းရော အဆင်ပြေလား"

"ငါတို့ကတော့ အရင်အတိုင်းပါပဲ၊ သားနှစ်ယောက်ပဲရှိတာ ..
နှစ်ယောက်စလုံးက နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ သွားကြတယ်လေ၊
သူတို့လုပ်စာ ပြန်မပို့ရင်တောင် သူတို့အတွက် လောလောဆယ် မပူရ
ဘူးပေါ့ကွာ"

"ငါကတော့ သိတဲ့ ကျန်းမာရေးက နေ့လားညလား ဖြစ်နေ
တာဆိုတော့ .."

"ဟုတ်လား .."

ဦးခန့်ဝင်း က ခုမှသိတာ ဖြစ်သည်။

"အေးကွာ .. ငါလည်း စီးပွားရေးနဲ့ သားတွေကိစ္စ လုံးပမ်းရနဲ့
မင်းနဲ့ မတွေ့ဖြစ်သလို ဘာမှကို သေချာမသိခဲ့ဘူး၊ ဒါနဲ့ မင်းကရော
သိတာ ကို ဂရုတစိုက် ရှိခဲ့ရဲ့လား"

သူငယ်ချင်းတွေမို့ တစ်ယောက်အတွင်းရေးတွေ တစ်ယောက်က
သိထားကြပြီးသား ...။

"ငါ ဂရုစိုက်ပါတယ်၊ သူ့စီးပွားရေးလေး ရှိတာလည်း ငါ ဂရု
စိုက်ခဲ့လို့ လေလွင့်ပျက်စီးကုန်တာ၊ သူကိုယ်တိုင်လည်း လူမမာ ဖြစ်
နေပြီဆိုတော့ .."

"မင်းဟာကလည်း မဖြစ်သာလို့ ဂရုစိုက်နေရသလိုကြီး"

ဦးခန့်ဝင်း က သူ့အတွက် ဖာလူဒါကို မွှေနောက်ရင်း [illegible]ဖြစ်
သွား ...။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကတည်းက ငါ တကယ် အံ့ဩခဲ့တာ၊ မင်းက မိမိ ကို ရွဲ့တယ်သာဆိုတယ်၊ မသီတာ ကို အတည်ကြီး ယူပစ်လိုက်တော့ .."

ဦးခန့်ဝင်း ရှေ့မဆက်တာကို ဦးခင်မောင် က သက်ပြင်းချရင်း—

"ကိုယ်က မကောင်းခဲ့ပေမယ့် လူယုတ်မာ ထပ်မဖြစ်ချင်လို့ပါ။ ဒါပေမယ့် ယောကျ်ားကောင်း ပီသဖို့ဆိုတာ ပြောရသလောက် မလွယ်ဘူး၊ ငါ ဒီနေ့ထိ သူ့အတွက် ယောကျ်ားကောင်း မဖြစ်ခဲ့ပါဘူး၊ ကလေးတွေအပေါ်ထိ ဖခင်ဝတ္တရား ပျက်ယွင်းသွားမှာတော့ ဘယ်လိုမှ အဖြစ်မခံနိုင်လို့ နောင်တတွေ တနင့်ကြီးနဲ့ ငါ ခုမှ တစ်က ပြန်စပြီး ရုန်းကန်နေရတာ"

ဦးခင်မောင် က ပြောနေရင်း မျက်နှာကြီး ပြုံကျတော့မလို ညိုလာလျက် ...

"နောင်တ ဆိုတာလည်း နောင်မှ ရတာမျိုးကွ၊ ငါ့နောင်တက အရွယ်လွန်အိုမင်းမှဆိုတော့ သေလုံအောင် မောတာပေါ့၊ ဘာပဲဖြစ်ဖြစ်ပါ ဖအေတစ်ယောက်လုံး ရှိနေရက်နဲ့ စီးပွားချို့တဲ့လို့ ကလေးတွေ စာရိတ္တပျက်တဲ့အထိတော့ မဖြစ်စေရဘူး"

မျက်လုံးထဲမှာ မခ တို့မောင်နှမက ကွက်ခနဲ ပေါ်လာတော့ အံကြိတ်မိ၏။ ဒီနှစ်ယောက်ဟာ တစ်ယောက်ကသာ ကိုယ့်ရဲ့သွေး...။

ကိုယ့်ရဲ့သွေး ဆိုတာကရော ကိုယ့်ကို အဖေလို သဘောထားခဲ့လို့လား ..၊ မခ ရဲ့ စိမ်းသက်သည့် မျက်ဝန်းတွေကို သူ ဘယ်တော့မှ မေ့မရခဲ့ပါ။ ကိုယ်ချစ်ရတဲ့သမီးမို့ ပို၍ နာကျင်ခဲ့ရ၏။

ဘယ်လောက်ပဲ ချစ်ပစေ ချစ်မှန်းမသိဘူးဆိုတော့လည်း နေပေါ့၊ ကိုယ့်ကို အဖေလို နေရာထား ကိုးကွယ်တဲ့ သားသမီးအတွက်သာ ဘဝကို မြှုပ်နှံလိုက်ဖို့ သူ ဆုံးဖြတ်ထားခဲ့သည်။

"ခင်မောင် .. မင်း တော်တော် အစွဲအလမ်းကြီးတယ်နော်၊ ငါ လုံးဝ မထင်ဘူး"



မျက်လုံးတစ်ချက် လှန်ကြည့်လိုက်ပေမယ့် ဘာကိုပြောတာမှန်း သိသဖြင့် ဦးခင်မောင် တစ်ခွန်းမှ ပြန်မမေးခဲ့ပေ ..။

"ပြီးတော့ အငြိုးလည်း ကြီးတယ်၊ မိမိ ကို မင်း ခုချိန်ထိ ချစ်နေတုန်းပဲဆိုတာ ဘယ်သူသိသိ မသိသိ ငါတို့က သိနေတော့ အံ့သြတာပေါ့၊ မသီတာ လည်း မင်းနဲ့ပတ်သက်ရင် အလျှော့ပေးရှာတာပဲ၊ မင်း သူ့ကို သနားတာထက် မပိုခဲ့ဘူးမို့လား"

"ပြောမနေပါနဲ့တော့ကွာ .. အချစ်ဆိုတဲ့အက္ခရာနဲ့ ဒီမိန်းမ မတန်ပါဘူး၊ ငါတို့အရွယ်တွေမှာ ဒါတွေပြောနေလို့လည်း မကောင်းတော့ဘူး"

"ဘာလို့ မကောင်းရမှာလဲ..၊ အချစ်ဆိုတာ လူသာအိုတယ်၊ သူက ဘဝရဲ့ အစ အလယ် အဆုံး ဆယ့်ခြောက်နှစ်ထက်မပိုဘဲ ဒီတိုင်း ရှိနေခဲ့တာ"

ဒီစကားကြောင့် ဦးခင်မောင် က ပြုံးလိုက်ကာ ...

"ကလပ်ထဲမှာ အချစ်ရှာနေကြတဲ့ ယောကျ်ားတွေကို မင်း အားကျနေပြီ ထင်ကယ်၊ သူတို့ဘဝက လိုချင်တာ အကုန်ရနေတာ၊ ငါတို့နဲ့ အဝေးကြီးပါ"

"ဒီလူတွေကို ပြောစရာလား ခင်မောင် ရာ .. အဲဒါတွေက အချစ်ရှာတာ မဟုတ်ဘူး .. အသစ်ရှာတာ၊ ငွေဆိုတဲ့ ဒြပ်ရှိကိုကိုင်ပြီး သာယာမှုကိုရတဲ့ ဒြပ်ရှိနဲ့လဲတာပဲ၊ သူတို့လို ငွေမရှိပေမယ့် ငါတို့ရင်ထဲမှာလည်း ရယူပိုင်ဆိုင်လိုခြင်းတွေ၊ သာယာချမ်းမြေ့လိုခြင်းတွေ မရှိရတော့ဘူးလား၊ အခု မင်းရယ် မိမိ ရယ် သီတာ ရယ်ပဲကြည့် .. မင်းက ချစ်လို့ အမျက်ကြီးခဲ့တယ်၊ မိမိ က မာနကြီးကြီးနဲ့ ခေါင်းခါတယ်၊ မင်းက ရွဲ့ပြီး အိမ်ထောင်ပြုလိုက်ပေမယ့် သူ မပြုဘူး၊ ဒါပေမယ့် မင်းကို စိတ်နာပြီး ကလေးတွေကို အလေအလွင့်လို မွေးမြူခဲ့တယ်"

ဒီစကားအရောက်မှာ ဦးခင်မောင် ကျိုခနဲ အံကြိတ်၏။ ဦးခန့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်း က မသိပေ။

"မင်းတို့ အကြီးအကျယ်တိုက်ခိုက်ရင်း မှားယွင်းမှုတွေ အမြောက်အမြားကို မွေးမြူနေချိန်မှာ မသီတာ က အဖြည့်ခံသက်သက်လိုပဲ၊ ငါ သေချာမသိပေမယ့် အတိအကျ ပြောနိုင်တာက မသီတာ ကျန်းမာရေး ချို့တဲ့တာ မင်းတာဝန် မကင်းဘူး .. အဲဒါ ဟုတ်လား .."

"မသိဘူး .. ငါ တတ်နိုင်သလောက် သူကျေနပ်အောင် စွမ်းဆောင်ပေးခဲ့တယ်၊ အခု သူ့အခြေအနေ နေ့လားညလား ဖြစ်နေကာမှ သူ သေသွားခဲ့ရင်ဆိုပြီး မချိမဆံ့ သနားသွားတယ်၊ ဘဝတစ်လျှောက်လုံးမှာ ငါဟာ ဘယ်တော့မှ ပြည့်စုံခွင့်မရတော့ဘဲ သေဆုံးရမယ် ထင်ပါတယ်"

"သေခါနီးလူကို နိမိတ်ဖတ်ပါ၊ ဘယ့်နှယ် ကိုယ့်ကိုယ်ကိုယ် သေချင်စော် နံနေတာလဲ"

"သေသင့်တာက ငါပဲကွ .. ငါ့ဘဝမှာ ဘာသာယာမှုမှလည်း မရခဲ့ဘူး၊ သူများကိုလည်း သာယာအောင် ငါ ဖန်တီးမပေးနိုင်ဘူး၊ ရင်ထဲမှာ အမြဲတမ်း ဒေါသအမုန်းတွေနဲ့ ပူလောင်နေတာ ကြာတော့လည်း ကိုယ့်ရင်ဘတ်ကို ကျောက်ဖျာကြီး ဖြစ်နေပြီလားလို့ စမ်းကြည့်မိသေးတယ်"

"မဖြစ်သေးဘူးမို့လား .."

မေးတော့ ဦးခင်မောင် က ဖာလူဒါ ခပ်စားလိုက်ရင်း ပြုံးသည်။

"မင်း ပေးတဲ့ စာမျက်နှာ ဆိုတဲ့ ချာတိတ်လေးက ဟိုတုန်းတည်းက မင်း ဘယ်လောက် ဆူဆူငေါက်ငေါက် ပုဆိုးစဆွဲ လိုက်နေတာပဲဆို .. ခုရော ဘယ်လိုလဲ .."

"အဲဒါတွေ မမေးနဲ့ကွာ .. ငါ့ဘဝမှာ အမုန်းနဲ့စပြီး ရင်းနှီးခဲ့တာ အဲဒီ စာမျက်နှာ ကနေ စခဲ့တာ၊ အမုန်းနဲ့ ဇာတ်သိမ်းရမယ်ဆိုရင်လည်း အဲဒီ စာမျက်နှာ ကြောင့်ပဲ"





လူမမာအတွက် သစ်သီးဝယ်ဖို့ ရည်ရွယ်ချက်က သစ်သီးဆိုင် တောင် ဖြတ်မလျှောက်ချင်တော့တာမို့ ကိတ်ခြောက်နဲ့ နို့စိမ်း ဘူး ဝယ်ပြီးတော့ပဲ ပြန်ဖို့ ဖြစ်ခဲ့၏။

"ငါလည်း အဲဒီဘက်ကို မလာသေးဘူးကွာ၊ ကောင်းမြတ် ပြန် ကျမှပဲ ငါတို့ လာလည်ဦးမယ်၊ လူမမာ မမေးချင်လို့တော့ မဟုတ် ဘူး"

ဦးကောင်းမြတ် က လူငယ်တွေဘဝကတည်းက အလုပ်စုံ လုပ် ခဲ့သူ ဖြစ်သည်။ သူက မပင်မပန်းဘဲ ဂိုက်နဲ့ စတိုင်လ်နဲ့ ငွေလက်ဖျား ချင်သူ ..။

ဟိုတုန်းကတော့ ပွဲစားလိုလို .. ဝယ်ရောင်းလိုလို .. ခုကျတော့ ကပ်တယ်မရှိဘဲ နိုင်ငံခြားရောက်လိုက်၊ မြန်မာပြည် အထက် ောက် ခြေဆန့်လိုက် ..။

သူ့လိုလူကျတော့ အေးချမ်းလိုက်ပါဘိလို့ ပြောရမလောက်ပင်။ င်မယားနှစ်ယောက်က သားသမီး မထွန်းကားကြသဖြင့် နှစ်ယောက် စီးပွားရှာကြသမျှ ပိုပိုလျှံလျှံ ..။

ဦးခင်မောင် မသာယာခဲ့သော ဘဝရဲ့အနာအဆာတွေကိုပဲ တွေး ဦးကောင်းမြတ် ရဲ့ဘဝကို မှန်းဆပြီး အားကျနေမိသည်။

လူချမ်းသာချင်တာ မဟုတ်ပါ ..၊ စိတ်ချမ်းသာခွင့် တစ်ခုကိုပဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၈ ]

သားသမီးက မိဘကို ပြန်ပြောသည့်စကားကြောင့် ဦးခင်မော ဆက်ပြောမည့်စကားတွေတောင် ဆွံ့အသွားခဲ့၏။

"မိဘ ကျန်းမာရေးမကောင်းတာနဲ့ပဲ အိမ်ထဲမှာပဲ ထိုင်ငိုနေရ လား အဖေရဲ့ .. ဝေဒနာသက်သာဖို့အတွက် ဆေးဖိုးဝါးချဲ့ပဲ လို တယ်၊ ကုလို့ မရတော့ဘူး၊ သေကို သေမှာပဲဆိုရင် သမီးတို့ ဆွဲထာ ရမှာလား .."

"ဟုတ်တယ် .. အဖေကလည်း အမေကိုယ်တိုင်က ဆေးရုံမတ ချင်၊ ဆေးဖိုးအကုန်မခံချင်နဲ့ ဟိုတစ်ညကလည်း မဆွေ ငိုခဲ့ပြီးပြီ တိုင်းပဲ ငိုနေရဦးမှာလား"

ငိုခဲ့မိတာကပဲ စိတ်ထဲကမပါဘဲ ငိုပေးခဲ့ရတာလိုလို ..၊ မောင် နှစ်ယောက် မိခင်အပေါ်မှာ အကြင်နာတွေ အပြိုင်အဆိုင် ပြနေကြ ဒီစကားတွေကို အိပ်ခန်းထဲက လူမမာ မကြားဘဲ နေမလား ..။

အပြင်သွားမလို့ အသီးသီး ရှိုးထုတ် ပြင်ဆင်ထားကြသည့်ပုံ နှင့် လက်ဝါးဖြန့်ကြ၏။

"ကဲပါ အဖေရယ် .. သမီးတို့ နောက်ကျနေပြီ၊ မုန့်ဖိုးပေး





"ကျွန်တော့်ကို ဒီတစ်ခါ လျှော့ပေးလို့ မရဘူးနော်"

"ကျွန်တော်ကလည်း နည်းရင် နိုးပဲ"

ဦးခင်မောင် စိတ်ဆင်းရဲခြင်းတွေကို ပင့်သက်တဝကြီး ရှိုက်၍ ဖြည်းဖြည်းချင်း လျှော့ချပစ်မိသည်။

သားသမီးနဲ့ မိဘ၊ ကိုယ့်မိဘအပေါ်မှာ ကိုယ် ဒီလို ဆိုးခဲ့မိလား..၊ တိုင်းရဲ့ရင်ဘတ်ဟာ သားသမီးတိုင်း ပြေးလွှားနင်းချေခံဖို့အတွက် ပထဝီမြေကြီးနဲ့ တူနေသည်ဆိုရင် တံတွေးထွေးထွေး၊ မီးမွှေးမွှေး ခံ သည်းခံခြင်းသာ ..။

"ဟော .. ဟိုမှာ သူများတွေ ဘာဖြစ်နေမှန်း မသိ၊ လာစေချင်ချင် ချင်ချင် လာမှာပဲဆိုတဲ့ မျက်နှာပြောင် ကိုယ်တော်ကြီး"

ဦးခင်မောင် အိတ်ထဲကိုနှိုက်မလို့ မြှောက်ကြွလာသည့်လက်က သင်း အသံကြောင့် ရပ်တန့်ကာ တံခါးဝကို ကြည့်လိုက်မိသည်။

ဒီကောင် ..၊

စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။ စာမျက်နှာ ဆိုသည့်အသံ သည်နှင့် နားသည် စစ်ချီပုံမောင်းသံကို ကြားရသလိုဖြစ်ကာ တ်ထဲမှာ အမြဲတမ်း စစ်တလင်း ..။

ထို့ပြင် စာမျက်နှာ ဆွဲကိုင်လာသည့် ပလတ်စတစ်အိတ်ထဲမှာ မြင်လိုက်ရသည့် ပုဆိုးနဲ့ သစ်သီးတွေကြောင့် ...

"မင်း .."

လက်ညှိုးက ဆန့်ထွက်သွားသော်လည်း ရုတ်တရက် စကား ..၊ စာမျက်နှာ ကတော့ ပြောလိုက်တာကိုလည်း ကြားသည်၊ မောင် ရဲ့ တင်းမာနီရဲသွားသည့် မျက်နှာကြီးနဲ့ လက်ညှိုးထိုးခြင်း ည်း မြင်ပါသည်။

ဒါပေမယ့် ဒီအိမ်ဟာ သူ့အတွက် မျက်နှာပြောင်ရဲမှ ခွင့်ရ အိမ်မို့ ပြောလည်း ပြောပါစေတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်နှာသုံးခုကို ကျော်ဖြတ်ကာ အဖေ့ရှေ့ထိ ရောက်လာခဲ့

'အဖေ့ကို ကန်တော့ချင်လို့ပါ'လို့ ပြောကာ ကုလားထိုင်မှာ ကျ

နန ထိုင်နေပေးမည့် အဖေ့ခြေရင်းမှာ ဝပ်တွားဦးခိုက်၍ ကန်တော့

သော်လည်း ...

"သား .. အဖေ့ကို လာကန်တော့တာပါ"

တန်းမတ်စွာ ထိုးထားသည့် လက်ညှိုးက တဖြည်းဖြည်း လျှေ

ကျသွား၏။ အရောင်ထွက်မတတ် ရူးရဲနေသော မျက်လုံးတို့သ

စာမျက်နှာ တစ်ကိုယ်လုံးမှာ ထွင်းဖောက်မတတ် ...။

"ဟွန်း .. ကန်တော့တာကလည်း ဘယ်သီတင်းကျွတ်အတွ

မှန်းတောင် မသိတော့ဘူး"

"အေးလေ .. ဟိုသီတင်းကျွတ်နဲ့ မနီး ဒီသီတင်းကျွတ်လည်

မဟုတ်သေး ..၊ ဘာလဲ .."

"ဘာဖြစ်ဖြစ် ကိုးရာတန်မုန့်တစ်ထုပ်နဲ့ လာကန်တော့တာ

စာရင် မဆိုးပါဘူး၊ အဟီး .."

"ဒါကတော့ ဘယ်တူတော့မလဲ၊ အခုက ဈေးသည်ကြီးဆ

ဖြစ်နေပြီလေ .. ဟား .. ဟား .."

ဆွေသင်း တို့ မောင်နှမတွေ လက်ပိုက်ကြည့်ပြီး ကျကျနန

ရင်း ကျေနပ်နေကြသည်။ ဦးခင်မောင် အသံတိတ် ရူးစိုက်နေသ

မျက်လုံးတွေကတော့ စာမျက်နှာ ဆီမှာ ဖြစ်၏။

ဖျတ်ခနဲ မျက်လုံးချင်းဆုံပြီးမှ စာမျက်နှာ မျက်လွှာပြန်ချ

ဘေးမှာရှိနေသည့် ခွေးခြေပုလေးကို သွားယူသည်။

ကန်တော့ခဲ့ရသည့်နှစ်တိုင်း သူ ဝယ်ခြမ်းလာခဲ့ရသည့် စားဖွ

ပစ္စည်းလေးတွေဟာ စားပွဲပေါ်မှာ ခုံညားစွာ စံနေခွင့်မရဘဲ အမြဲတ

ဒီတိုင်းမို့ ခုလည်း အဖေ့ခြေရင်း ခွေးခြေပုလေးပေါ်မှာပဲ ...။

"အဖေ့ကို သား ကန်တော့ပါတယ်"





သူ အဖေ့ရှေ့မှာ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ ...

"အဖေ့အပေါ်မှာ သား ကံသုံးပါးထဲက တစ်ပါးပါးနဲ့ ပြစ်မှား

ကားမိခဲ့တာရှိရင် .."

"ဟိတ်ကောင် .. တိတ်စမ်း"

ဟိန်းထွက်လာသည့် ဦးခင်မောင် အသံကြီးကြောင့် စာမျက်နှာ

င်မကဘဲ ဆွေသင်း တို့ပါ အသံတွေ တိခနဲ တိတ်ကျသွားကြ၏။

"မင်း .. မင်း ငါ့ကို .."

ဦးခင်မောင် လက်ညှိုးထိုးဖို့ နောက်ထပ် ဆန့်ထွက်လာသည့်

က်က တုန်ယင်နေခဲ့လျက် .. ထိုလက်သည် ပြူးထွက်လာသည့်

က်လုံးတို့နှင့်အတူ ခွေးခြေပုလေးပေါ်က ပုဆိုးနဲ့ သစ်သီးထုပ်ဆီ စိုက်

သွားကာ ...

"ဒါတွေနဲ့ .. ထွီ ..."

"ဒုန်း"

ဒီလောက်ထိ ပြင်းထန်စွာ လုပ်ရက်လိမ့်မည်လို့ မထင်ခဲ့သဖြင့်

းခြေပုနဲ့အတူ လွှဲကန်ပစ်လိုက်သည့်အထုပ်ကို စာမျက်နှာ ပါးစပ်

ဟောင်းသားနှင့် လိုက်ကြည့်နေရင်း ဘာစကားမှ မဆိုနိုင် ...။

"ဟာ!... ဟာ .. လိမ့်ထွက်ကုန်ပြီ"

"ချစ်ဦး .. မင်း တားလိုက်လေ"

"ဟုတ်ပြီ .. ဟုတ်ပြီ၊ မင်းဘက်က အလုံးလည်း ကျမသွားစေနဲ့"

"ဟယ် .. နင်တို့ကလည်း စားစရာကို ခြေထောက်တွေနဲ့ .."

"သြော် .. ပြုတ်မကျအောင် အလျင်စလို ဖမ်းရတာကို၊ လုပ်..

ပ် .. ဒီမှာ လာပြီ"

ပန်းသီးနဲ့ လိမ္မော်သီးတွေ ညီအစ်ကိုနှစ်ယောက်ရဲ့ ခြေထောက်

ားမှာ ဘောလုံးတွေလို လိမ့်နေကြ၏။

အစက ကြောင်တောင်တောင် ဖြစ်သွားကြသည့် မောင်နှမတွေ



www.burmeseclassic.com

www.burmeseclassic.com



ခုကျမှ ဘောလုံးပွဲထဲ ရောက်နေသလို ပြေးလွှား ပျော်မြူးနေကြ
သည်။ ပုဆိုးထုပ်ကတော့ အပြန်ပြန်အလှန်လှန် နင်းချေခံနေရလျှ
တံခါးအဆင်းအတက်နားမှာ ဆို့နင့်နေသည့် ရင်ဘတ်သည် ဘာစ
မှ ပြောခွင့်မပြုခဲ့ဘဲ လိမ့်နေသည့် သစ်သီးတွေနောက်မှာ လိုက်ပါ
လျားရင်း မျက်ရည်ကြောင့် ထပ်၍ မှုန်ဝါးလာခဲ့၏။

"ဟိတ်ကောင် ထစမ်း .. ထစမ်း ..၊ မင်း .."

ဦးခင်မောင် က စာမျက်နှာ ရဲ့ အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲ
မျက်နှာချင်းဆိုင် စေ့စေ့ကြည့်သည်။

"မင်းရဲ့ခိုးရာပါပစ္စည်းတွေနဲ့ ငါ့ကို ကန်တော့တယ် ဟုတ်လား

"ဟင်!..."

မဟုတ်ဘူးလို့ အသံမထွက်နိုင်ဘဲ စာမျက်နှာ ခေါင်းခါခြင်း
အရင်ဖြစ်၏။ အဖေ ဘာလို့ သိသွားတာလဲဆိုသည့် အံ့သြခြင်းကြေ
ထိတ်လန့် စိုးရိမ်သွားသည့်မျက်နှာသည် ဦးခင်မောင် ၏ ဒေါသမီး
ကို မီးတောက်ဖြစ်စေခဲ့ပြီး ...

"မျိုးမသန့်တဲ့ မိမစစ် ဖမစစ်ကောင် .. ကဲကွာ .."

စာမျက်နှာ ခေါင်းတစ်ခုလုံး လည်ထွက်သွား၏။ ရင်ဘတ်
ဆုပ်ဆွဲထားသဖြင့် သူ ယိုင်သွားသည့်အတိုင်း ဦးခင်မောင် ယိမ်းယ
ပါလာကာ ...

"မလာနဲ့ဆို ဖွတ်လာ .. မခေါ်နဲ့ဆိုလည်း မရ၊ မင်းက ဒါတွေ
ငြိုးပြီး ငါ့သိက္ခာချဖို့ ဒီနည်းနဲ့ ကြိုးစားတာလား .."

"မဟုတ်ဘူး အဖေ .."

ပြန်လှည့်လာသည့် မျက်နှာမှာ သွေးထွက်နေသည့် နှုတ်
ကြောင့် ဦးခင်မောင် ဂရုမစိုက်မိပေမယ့် ဆွေသင်း တို့ မောင်နှမ
အသံတိတ်သွားပြန်သည်။ ဒီလောက်ထိ လုပ်တာမျိုးကို မမြင်ဘူးသ
ဆွေသင်း မကြည့်ရက်သလို ဖြစ်မိ၏။ စာမျက်နှာ သည် မျက်ရည်





ကို မသုတ်ဘဲ သွေးကို လက်ခုံနဲ့ ကပ်သုတ်ကာ ...

"အဲဒါ သား ခိုးတာ မဟုတ်ဘူး အဖေ၊ သား အဲဒီလောက် .."

"တော်စမ်း .. မင်း ငါ့ကို အဖေလို့ မခေါ်နဲ့၊ မင်းကြောင့် ငါ့သမီး
ကြာရင် ဘဝပါပျက်တော့မယ်၊ လူတွေ သနားအောင် အမူအရာတွေ
လုပ်နဲ့တော့၊ မျက်ရည်တွေ မကျနဲ့တော့ စာမျက်နှာ .."

ဦးခင်မောင် အံကြိတ်အော်ကာ ရင်ဘတ်ကို ဆောင့်လွှတ်လိုက်
၏။ နောက်ပြန် ပစ်စလက်ခတ် လဲကျလာသည့် စာမျက်နှာ ကို
ဆွေသင်း က ဘေးကနေ ခါးဝင်ဖက်လိုက်ပြီး ...

"အဖေကလည်း တော်ပါတော့"

စုစုဆောင့်ဆောင့်လေး တားရင်း အပြင်သွားဖို့ ပြင်ထားသည့်
အိတ်လေးကို ပခုံးကနေ ဖြုတ်၍ လုံးထွေး ကိုင်လိုက်သည်။

ပြီးတော့ ဆံပင်တွေ ပွသွားအောင် လက်နဲ့ ဆွဲလှဲဖွပစ်ပြီး အထဲ
ပြန်ဝင်သွား၏။ ဦးခင်မောင် က စာမျက်နှာ ကိုသာ သည်းကြီးမည်း
ကြီး စူးစိုက်လျက် ...

"မင်းကြောင့် .. လောကကြီးထဲကို စဝင်လာကတည်းက ဒုက္ခ
တွေ သယ်လာတဲ့ မင်းကြောင့် .."

ဦးခင်မောင် အသံတွေတုန်ကာ ဘာဆက်ပြောရမှန်း မသိ၊ ပြော
ချင်နေတာတွေက ပြောလို့လည်း မကောင်း ..။ မပြောဘဲ မျိုသိပ်ထား
ရတဲ့ကာလအလိုက် စာမျက်နှာ ဆိုတဲ့ ကောင်လေးကို မုန်းမိခဲ့သည့်
အမုန်းများသည် ...

"မင်းအတွက် အဖေတစ်ယောက် မဖြစ်မနေ လိုအပ်နေသလား၊
လိုနေရင် မင်းအဖေ ဘယ်သူလဲ သိရအောင် မင်းမအေကို သွားမေး.."

ဖအေကို စေ့စေ့ကြည့်ရင်း စာမျက်နှာ မျက်ရည်တွေကျ
လျက် ...

"အမေက အဲဒီလို မိန်းမ မဟုတ်ဘူး အဖေ၊ အဖေက သားတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေပါ၊ အဖေ အသိမှတ်ပြုပြု မပြုပြု .. ပြန်လည်း မထူးရင်နေပါ၊ အဖေ့ကို အဖေလို့ ..''

''မခေါ်နဲ့ ..မင်း မခေါ်နဲ့ .. ငါ့ကို ..''

''တဲ့ .. အဖေရာ ..''

ချစ်ဦးမောင် က ရှုံ့တွတွမျက်နှာနှင့် အားပါးတရ ရွယ်လိုက်သည့် ဦးခင်မောင် လက်သီးကို ဖမ်းဆွဲထားလိုက်၏။

''အဖေပြောတော့ လူမမာကို ညှာတာရမယ် ဘာညာနဲ့ လူမမာ မပြောနဲ့ တစ်ရပ်ကွက်လုံး ကြားကုန်ပြီ၊ အဖေ မိန်းမများတာ ကြေညာနေသလိုပဲ''

''ဟုတ်တယ် .. သူ့ဟာသူ ခေါ်ခေါ်မခေါ်ခေါ် ကိုယ်ထူးချင်မှ ဖြစ်တာ၊ အဖေ့ဟာက အိုဗာဖြစ်လွန်းနေပြီ''

တစ်ယောက်ပြီးတစ်ယောက် ဝေဖန်ပြီး အိမ်ပေါ်ပဲ ပြန်တက်ကုန်ကြ၏။ မျက်လွှာချလျက် မျက်ရည်စို့နေသည့်မျက်နှာကို ဦးခင်မောင် စိမ်းပြတ်စွာ ကြည့်နေဆဲ ...

အိုဗာဖြစ်နေပြီလို့ ကလေးတွေ ဝေဖန်လာပြီမို့ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်လိုက်ရ၏။ ဒီလောက်ထိ ဒီကောင်လေးကို မုန်းတီးနေခဲ့တာ ဘာကြောင့်ဆိုတာ သူ့ကိုယ်သူ အသိဆုံး ...။

အများ ခံစားကြသလို ဟိုမိန်းမ နွားလုပ်တာ မခံချင်လို့ ကွဲခဲ့ကြသည်။ ဒီအိမ်ထောင်နဲ့ အခြေတကျ ဖြစ်ခဲ့ပြီ၊ အားလုံး ပြီးပြီပေါ့။

တကယ်တမ်းကျတော့ သူ့မှာ မပြီးနိုင် ...၊

ဒီကောင်လေးကို မုန်းသည်၊ သင်းကြောင့် သူ့ဘဝ ပျက်ခဲ့တာ အစိတ်စိတ်အမွှာမွှာ ...၊ ဒါကြောင့် မျက်နှာမြင်တိုင်း မုန်းသည်၊ မမေ့နိုင်အောင် မုန်း၏။

''သွား .. မင်း .. မင်း ထွက်သွားစမ်း၊ စာမျက်နှာ .. ထွက်သွား''

စာမျက်နှာ နောက်ကို တရွေ့ရွေ့ဆုတ်ရင်း လက်မောင်းပင့်၍ မျက်ရည်တွေ သုတ်သည်။ ပြီးတော့ ပြန့်ကျဲနေသည့် သစ်သီးတွေကို မကြည့်ချင် မြင်လျက်သားဖြစ်လျက် ...၊ ခြေထောက်နဲ့ ထိမိတာက မှဆိုး...။ ပုဆိုးကို ရှောင်ရင်း ငုံ့ကြည့်မိစဉ် မျက်ရည်က ပေါက်ခနဲ ဆင်း၏။ မကြည့်ဖြူဘူးဆိုပေမယ့် နှစ်တိုင်း သူ ကန်တော့ခွင့်ရခဲ့သေးသည်။ ခုတော့ မယုံနိုင်လောက်အောင် တိုက်ဆိုင်ခဲ့သည့် ဖြစ်ရပ်ဆိုးတွေကြောင့် ...၊

သူ ကျောခိုင်းသွားသည့် အဖေ့ ကျောပြင်ကို ငေးကာ လက်အုပ်ချီသည်။ အဖေ ဘယ်လိုမုန်းမုန်း ဘယ်လိုပဲ ရက်စက်ပါစေ၊ အဖေ့ကို သား မုန်းလို့မရဘူး အဖေ ...၊ အဖေ ပြောသလို သားမဟုတ်တာ ဘာမှမလုပ်ခဲ့တာမှန်ရင် တစ်နေ့နေ့မှာ အဖေချစ်တဲ့သား ဖြစ်ပါရစေ ...။

အိမ်ပေါ်ကနေ ပြေးဆင်းလာခဲ့ရင်း မျက်ရည်စက်တွေ အသောသော ကျလာသမျှကို လက်နှစ်ဖက်နဲ့ နိုင်အောင် သုတ်မိသည်။

ငါယောက်ျားဆိုတဲ့အသိနဲ့ သူ မငိုမိအောင် ထိန်းခဲ့သည်။ ငိုမိပြီဆိုရင်လည်း ရှက်တတ်ပါသည်။ ဒါပေမယ့် သူ့ကိုယ်မှာ ဆူပွက်နေသည့် နှလုံးသွေးတွေက မီးနားနီးသည့်ဖယောင်းတွေလို ဖြစ်နေခဲ့သည်။

ကြာတော့လည်း ကိုယ့်မျက်လုံးတွေကိုတောင် သံသယဖြစ်လာခဲ့၏။ မျက်ဝန်းအိမ်လား .. မျက်ရည်အိမ်လား ...။

မျက်ရည်တွေ မကုန်ခန်းသရွေ့ အဖေ့ကို သူ ချစ်နေမည်သာ...။ ဦးခင်မောင် ကတော့ ကျောခိုင်းလိုက်ပြီးမှ လက်သီးဆုပ်က ပို၍ ကျစ်ကျစ် မာကျောသွား၏။ သွေးဆိုရင် သွေးက စကားပြောရမည်။

ဒီကောင် ဒီလောက်သေအောင် ငိုပြနေတာတောင် သူ့ရင်ထဲမှာ နာနေပြီးရင်း မုန်းလို့မပြီးနိုင်။ ကိုယ့်သွေး မဟုတ်ဘူးဆိုတာ ဘာသက်သေ သိသေးလို့လဲ ...။

''တောက် ..''







www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တောင် တငင်ငင် လာလုပ်နေတာကို မကျေနပ်နိုင်၊ ပြန်လှည့်ကြည့်လိုက်တော့ စာမျက်နှာ မရှိတော့ပါ ..၊ ဒါတွေဟာ မိမိ နဲ့လည်း မဆိုင်ဘူးဆိုတာ သူ သိသည်။ ဘယ်သူ့ပယောဂမှ မပါဘဲ ကိုယ့်ကိုယ် အဖေလို့ တပ်အပ်စွပ်စွဲပြီး တွန်းတန်းစွဲ ဖြစ်နေတာ ဘာလဲ ..။

အလကားကောင် သူခိုး ကြမ်းပိုးလေး ..။

"အဖေ .. အဖေ ..."

ဒေါသတွေဖြစ်လို့မပြီးခင် ချွေသင်း မျက်လုံးပြူး မျက်ဆံပြူး ထွက်လာကာ ...

"အမေ အသက်မရှိတော့ဘူး"

"ဘာ!..."

ဦးခင်မောင် ရုတ်တရက် ကြက်သေသေသွားသည်။ မနက်က အစားနည်းနည်းဝင်ပြီး စကားပြောနေတာ အကောင်း ..။

အဲဒါ ခွေးသူခိုးလေးကြောင့် ..၊

ကန်းမသား .. အကုသိုလ်ကောင် ..။





အခန်း [ ၁၉ ]

ဆယ့်နှစ်လရာသီထဲမှာ အမုန်းရာသီ ဘာဖြစ်လို့ မပါခဲ့တာလဲ..။

ဝေလိုက်ကြွေလိုက်နှင့် နေရာမရွေ့ဘဲ မျက်လှည့်ပြနေသည့် အရိုးပြိုင်းပြိုင်းကျနေသော သြောင်ပင်မြင့်ကြီးကို မော့ငေးရင်း စာမျက်နှာ မဖြစ်နိုင်တာကို တောင့်တနေမိသည်။

မချစ်တာကို ချစ်ပါရစေလို့တော့ မပြောရဲပေမယ့် မုန်းနေတာကို ကြာကြာခံစားလာရသည့် နှလုံးသားတို့က နင့်ပြီးရင်းသာ နင့်လာသည်။

အထုံအကျင်လည်း မစွဲ၊ အနာရှုတ်ဖြစ်ပြီး မာကျောသွားတာမျိုးလည်း မရှိ၊ ခံစားနေရသမျှဟာ တစ်ကြိမ်ထက်တစ်ကြိမ် လက်ဆတ်ပြင်းထန်လာသည်သာ ရှိခဲ့၏။

ထိုအခါ အမုန်းနဲ့ လေးရာသီ ဖြစ်ပါရစေလို့ ဆုတောင်းမိခဲ့သည်။

ရာသီတွေ ပြောင်းလဲနေသလို အမုန်းတွေ ပြောင်းလဲသွားစေချင်၏။ အမေက မချစ်၊ အဖေက သူ့ကို မုန်းသထက် မုန်းနေခဲ့၏။

မမ အိမ်ကထွက်ပြေးသည့်ကိစ္စကို သူ သေချာ မသိခဲ့ပေမယ့် အိမ်ထောင်ရေးအတွက် အမေ စီစဉ်ခဲ့လို့ဆိုတာထိ သိထားခဲ့သည်။

မမ ပြန်ရောက်လာတော့လည်း အမေက မတုန်မလှုပ်ပင် ..၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုနေသည့်အကြည့်တစ်ချက်နှင့် ကျောခိုင်းနေခဲ့တာ..၊ ချိုတာခါးတာ ဘာမှမပြော ..။ လိုအပ်လျှင် ခေါ်ပြောတတ်သည့် အခွင့်အရေးလေးတောင် ဆုံးရှုံးသွားခဲ့သဖြင့် သူ့ကို အားပေးနေကျ မမ ပါးပြင်မှာ မျက်ရည်တွေ မခန်းခဲ့ပေ ..။

"မမ အပြစ်ပါ မောင်လေးရယ် .."

ဘာကိုမှန်း မသိဘဲ မမ ဒါပဲ တဖွဖွပြောပြီး ငိုသည်။ သူတို့မောင်နှမနှစ်ယောက်ရဲ့ ကုသိုလ်ကံ အကျိုးပေးက ဘယ်လိုမျိုးလဲ ..။

မမကတော့ ငိုနေပေမယ့် သူ့လို မဟုတ်ပါ။ မျက်ရည်သုတ်ရင်း အားပေးစကားတော့ ပြောနိုင်သေး၏။

"မိုးမရွာရင် မရွာတဲ့လပေါ့ မောင်လေးရယ် .. နေပူမယ့်အချိန်မှာ မိုးအုံ့နေလည်း မမတို့က နေရောင်ကို ဆွဲထုတ်ယူလို့မှ မရတာ၊ မရနိုင်သေးတာကို မျှော်ငေးတောင့်တပြီး လေလွင့်နေမယ့်အစား ခံစားချက်တွေ ပြေပျောက်ဖို့ကြိုးစားရင်း အလုပ်ပဲ ကြိုးစားကြရအောင်နော်၊ တို့မောင်နှမကို အမေက တစ်ယောက်တည်း ရုန်းကန်ပြီး ပညာတွေ သင်ပေးခဲ့ပြီးပြီ၊ အခု အမေ အခန်းအောင်းတာ များလာတာ သိလား၊ အမေ့ကျန်းမာရေး သိပ်မကောင်းတော့ဘူး၊ မမတို့ ကြိုးစားမှဖြစ်မှာ"တဲ့ ..။

ဆု ကလည်း နိုင်ငံခြားမသွားခင်လေးမှာ သူ့အတွက် အလုပ်ရအောင် ကြိုးစားပေးခဲ့သည်။ မမလည်း စက်ရုံတစ်ရုံမှာ အထက်လူကြီးတစ်ယောက်၏ သနားကူညီမှုနှင့် စာရေးမရာထူးလေး ရထားပြီမို့ အိမ်ရဲ့စားဝတ်နေရေးအတွက် မပူရတော့ပါ။

အမြဲတမ်းပူနေရသည့်သောကတွေ ပြေဖို့အတွက်သာ ကြိုးစားဖန်တီးယူလို့လည်း မရ၊ ကြာက်ပါပြီ အော်နေပေမယ့်လည်း ပူလောင်ခြင်းက လျော့ပါးသွားတယ် မရှိ ..။

အမေကလည်း ခေါ်ခေါ်ပြောပြောတောင် မရှိတော့ဘဲ အိမ်မှာနေလည်း တံခါးပိတ်နေသည်။ အပြင်ထွက်ပြီဆိုလည်း မောင်နှမနှစ်





ယောက် ထိုင်နေတာတောင် တစ်ချက်မှ စောင်းငဲ့မကြည့် ..။

"အမေ သားတို့ ထမင်းလက်ဆုံ စားရအောင်နော်၊ ဒီနေ့ မမက အလုပ်နားလို့ ရှယ်ချက်ထားတာ"ဆိုတာမျိုး ခေါ်ဖူးတာ အကြိမ်ကြိမ်..။

"မင်းတို့ပဲ စားကြပါ၊ ငါနဲ့က နေရာတကာ တည့်တာ မဟုတ်ဘူး"လို့ ပြောပြီး အမေ ဘာရောဂါမျိုး ဖြစ်နေတာလဲလို့ မေးရင်လည်း မဖြေ ..။ အမေ မျက်နှာချောင်သွားတာ အရင်ထက်ပိုပြီး တည်တင်းခိုင်းသက်သွားတာတွေဟာ မှန်းသထက် မှန်းလာတာ မဟုတ်မှန်း စိတ်ထဲမှာ အလိုလို ခံစားမိနေသည်။ ဘာဖြစ်လို့လဲဆိုတာတော့ မကြာခဏ မေဝ်စုရဲ့ခဲ့ပါ..။

ခုဆို အမေ့အိမ်နားကိုလည်း ဖြတ်လျှောက်လုပ်ရင်း အဝေးကပဲ ကြည့်ခဲ့ရကာ အထဲထိလည်း မရောက်၊ အမေနဲ့ မျက်နှာချင်းမဆိုင်ဖြစ်တာလည်း ကြာပါပြီ ..။

ခုဆို သူတောင်မှ အဝေးသင်နဲ့ ဒုတိယနှစ် ပြီးတော့မည်။

"ဒုန်း .."

အတွေးလွန်နေတုန်းမှာ အိမ်ထဲက အသံကျယ်ကျယ်ကြောင့် စာမျက်နှာကမန်းကတန်း ပြေးဝင်ခဲ့မိကာ ...

"အမေ .. အမေ့ .. သား ဝင်ခဲ့မယ်နော်"

အထဲက ဘာမှမပြောသေးခင် တံခါးတွန်းပြီး သူ ဝင်လိုက်သည်။

"အား!... ကျွတ် .. ကျွတ် .."

"အမေ .. အမေ ဘာဖြစ်သွားတာလဲဟင်၊ လဲကျသွားတာလား"

"အင်း .."

ခေါ်မိမိ အပေါ်အနွေးထည် အဝါရောင်ပါးလေးနှင့် အမြဲတမ်းကျကျနန ရှိနေတတ်သည့် ဆံပင်တွေက မသေမသပ် ..၊ ကြမ်းပြင်ပေါ်မှာ ထိုင်လျက်ပုံစံကနေ ပြန်ထရပ်ဖို့ အားယူရင်း ရုန်းနေသဖြင့် စာမျက်နှာ အမေ့လက်ကို ပခုံးပေါ် ထမ်းလိုက်ပြီး ခါးကိုဖက်၍ တွဲထူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အား!... နေဦး .. ခြေထောက်မျက်သွားတယ် ထင်တယ်"

"ဟုတ်ကဲ့ .. သား မဆွဲဘူး အမေ၊ သားကိုယ်ပေါ်ကို မှီလိုက်၊ ကုလားထိုင်မှာ ထိုင်မလား .. အိပ်ရာပေါ် သွားလှဲမလား"

"ကုလားထိုင်မှာပဲ ထိုင်မယ်"

ဝင်းမွတ်နုဖတ်နေသည့် အမေ့ အသားအရေလေးတွေကို လက်ရာထင်သွားမှာစိုးသည့်အတိုင်း စာမျက်နှာ ဖွဖွသာသာလေး တွဲထူရင်း—

"အမေ မနက်ကတည်းက အပြင်လည်း မထွက်ဘူး၊ ဆယ့်နှစ်နာရီကျော်နေပြီ၊ ဘာမှ မစားရသေးဘူးမို့လားဟင် ..၊ မမ ချက်ထားခဲ့တဲ့ ငါးဆုပ်ဟင်းနဲ့ ကန်စွန်းရွက်ကြော် ရှိတယ်၊ သား သွားပြင်ပြီး ယူခဲ့မယ်နော်"

"နေပစေ..."

ခုလေးတင်ပဲ နွမ်းဖက် မှိုတွဲနေခဲ့သော မျက်နှာသွင်ပြင်သည် နဂိုအတိုင်း ပြန်လည် တည်တင်းခြင်းသို့ဖြစ်လျက် ...

"ငါ့ကို အပြင်မှာပဲ တစ်ခုခု သွားဝယ်ပေး .."

'မမ ချက်ထားတာလေးပဲ စားပါ အမေရယ်' လို့ စိတ်ထဲမှာ တိုက်တွန်းမိပေမယ့် အမေ့မျက်နှာ ဒီ့ထက်ပိုတင်းသွားမှာကို သိနေတော့ မပြောရဲ ...။

ဝယ်ခိုင်းတာက လက်ဖက်ရည်နဲ့မုန့် ဖြစ်နေသဖြင့် ပိုပြီး စိတ်မကောင်း ဖြစ်မိခဲ့သည်။ ထမင်းစားချိန်မှာ ဒါက လူမမာစာ မဟုတ်ဘူးလား ...။ ဒါပေမယ့် အမေ ခိုင်းတဲ့အတိုင်းပဲ သူ ဝယ်ပေးလိုက်သည်။

အပြန်မှာ အမေက ထိုင်လျက်ကနေ ခြေသောက်တွေကို ကုလားထိုင်ပေါ်တင်ကာ ခြေသည်းနီတွေကို ဖျက်နေရင်း ...

"ကျွတ် .. ကျွတ် .. မှုးလိုက်တာ .."

မျက်နှာလေးမော့၍ ဓာက်ချူးသလို ဘယ်ညာစောင်းရင်း မျက်လုံး





ပြန်ဖွင့်လိုက်လျှင် စာမျက်နှာ ပြန်လာတာတို့မြင်ကာ ခြေထောက်ကို ပြန်ချ၏။

"ဒီမှာ ပိုက်ဆံတင်ပေးထားတာ ဘာဖြစ်လို့ ယူမသွားတာလဲ"

မျက်ခုံးလှလှလေးတွေကို အကျည်းတန်အောင် တွန့်ကုတ်ထားသော်လည်း အမယ့် သူ့မျက်လုံးထဲမှာ အမေက လှနေဆဲ ...။

"လက်ဖက်ရည်ဆိုင်မှာ သား ပိုက်ဆံကျန်နေတာ ရှိလို့ပါ အမေ၊ သားက လက်ဖက်ရည်ဆိုင်ထိုင်တဲ့အကျင့်လည်း မရှိတော့ သူတို့ဆိုင်က ဝိတ်တာတွေကလည်း အချိန်ပိုင်းနဲ့ လူလဲနေတာနဲ့ ခုထိ မတောင်းဖြစ်ဘူး၊ ခုကျမှ သား ပိုက်ဆံကျန်တဲ့ဝိတ်တာနဲ့ တွေ့လို့ .."

သူ ရှည်လျားစွာ ရှင်းပြတာတောင် အမေက ကြည်လင်ပုံ မပြ...။

"ဘာဖြစ်ဖြစ် အဲဒီပိုက်ဆံ ယူလိုက် .."

သူ လက်ဖက်ရည်ထည့်နေတုန်း အမေ ပြောပုံက တင်းတင်းမာမာ...။

"ယူပါ့မယ်... အမေ ဆာနေလိမ့်မယ်၊ မုန့်စားဦးလေ"

သူ့စကား နားထောင်တာမဟုတ်ဘဲ မုန့်ကို ယူစားလိုက်ပုံက တကယ်ဆာနေတာဖြစ်မှန်း သိသာ၏။ အမေ ဘာဖြစ်လို့ သူတို့ ကျွေးမွေးပြုစုချင်တာကို လက်မခံတာလဲ ...။

အမေ့ရှေ့မှာ ဒူးထောက်နေရာကနေ မထဖြစ်ဘဲ ဒီမေးခွန်းတွေပဲ ထပ်ထပ် ဖြစ်နေ၏။ ဒါပေမယ့် သူ့မျက်လုံးတွေ လွှဲပစ်လိုက်ရင်း...

"အမေ ငုံ့ကြည့်နေရင် မူးနောက်လာမှာပေါ့၊ သား ဆက်လုပ်ပေးမယ်နော်"

စားပွဲစွန်းမှာ တင်ထားသည့် ဘူးဝိုင်းလေးထဲက လက်သည်းနီဖျက်သည့် ဂွမ်းစလေးတစ်စကို ယူလိုက်သည်။ အမေက ခြေထောက်ကို ရုတ်ပစ်တော့မလို လှုပ်ခတ်သွားပြီးမှ ပြန်၍ ငြိမ်သက်သွား၏။

စာမျက်နှာ ကြည်နူးသွားမိသည်။ သူ့ ငယ်ငယ်တည်းက အမေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေသည်းလေးတွေကို ပုံဖော်ပေးဖူးသည်။ ခြေသည်းနီလည်း ဆိုးပေးခဲ့ဖူး၏။

အဲဒီတုန်းက 'ရှေ့ ဒါယူ၊ ဒီလောက်နဲ့ လောက်အောင်စား၊ လှအောင် ဝတ်' လို့ အမေကိုယ်တိုင် စောင့်ရှောက်ကျွေးမွေးခဲ့သည့်ကာလ..။

ထိုစဉ်အချိန်မှာ အမေ့ဆီက ဒီ့ထက်ပို၍ ဘာမှ ထပ်မရပေမယ့် သူတို့ဘက်ကတော့ အမေ ကြည်ဖြူဖြူ မကြည်ဖြူဖြူ အမေ့နားကပ် ခွင့်ရသည်။ ခုလိုမျိုး အမေ့အတွက် ခြေသည်းလက်သည်းလေးတွေ အလှဆင်၊ အမေစီးမယ့်ဖိနပ်ကို တိုက်ချွတ်ပေးရင်းဖြင့် အနားမှာ ပြုစု ခွင့်ရနေတာကိုလည်း ကျေနပ်နိုင်ခဲ့၏။

ခုကျတော့ မမနဲ့ အမေ အဆင်မပြေဖြစ်ခဲ့တာတွေကြောင့်လား.. အဖေ့ကို သွားကန်တော့တုန်းက ပြဿနာရှိခဲ့တာကို အမေ သိသွား လို့လား ..။ ဘာကြောင့်မှန်း မသိဘဲ အမေ ဒီပုံစံအတိုင်း ဖြစ်သွားခဲ့သည်။

စာမျက်နှာ အမေ့ခြေထောက်တစ်ဖက်ကို ပေါင်ပေါ်တင်၍ ခြေ သည်းနီတွေ ဖယ်ပေးနေရင်း စိတ်တွေက အမေ့မျက်နှာ ပြောင်းလဲခြင်း များပေါ်မှာပဲ ပြေးလွှားနေခဲ့၏။

ထို့ကြောင့် ဒေါ်မိမိ ၏ မျက်ဝန်းတွေ မျက်လွှာချနေသည့် သူ့ထံ မှာ စူးစိုက် အကဲခတ်နေတာကို ဘာမှမသိ ..။

"မျက်နှာ .."

"ဗျာ .. အမေ"

သူ ဖျတ်ခနဲ မော့ကြည့်တော့ ဒေါ်မိမိ မျက်ဝန်းတွေက လက်ဖက် ရည်ပန်းကန်ဆီမှာ တိမ်းစောင်းကျရောက်လျက် ...

"ဒီနှစ် ဟိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို မကန်တော့တော့ဘူးလား"

စာမျက်နှာ အမေ့မျက်နှာပေါ်က ဆိုလိုရင်းကို အပြေးအလွှား ရှာဖွေပေမယ့် မတွေ့ ..။

"မေးနေတာ ဖြေလေ .."





ဖျတ်ခနဲ မျက်ဝန်းတွေ ပြန်ရွေ့လာတော့ သူ အနည်းငယ် တွန့် သွားကာ ...

"သား ..."

"ဟွန်း .."

မျက်နှာ ကို တည့်တည့်ကြည့်၍ မဲ့လိုက်သည့် မျက်လုံးတွေမှာ ချင်နေတာနှင့်လည်း တူသည်။ နာကြည်းဖွယ်စကားတစ်ခုခုကို ရက် ကျက်စက်စက်ပြောချလိုက်တော့မလို ညှိမှောင်နေတာနဲ့လည်း တူနေ၏။

"မှတ်ထားစမ်း မျက်နှာ ..၊ ချည်နှောင်တယ်ဆိုတာ အမျိုးမျိုး ရှိတယ်၊ အဲဒီထဲမှာ ရှုပ်ထွေးမှုတွေနဲ့ နှောင်ဖွဲ့မိရင် သွားပြီ ..၊ မင်းမှာ ချည်နှောင်စရာ နှောင်ကြိုးနှစ်စ မရှိဘူး၊ မင်းဘက်က တစ်ဖက်သတ်နဲ့ ဘယ်လို ချည်နှောင်မှာလဲ .."

ခြေထောက်ကို တစ်ဖက်၊ ဂွမ်းစလေးကို တစ်ဖက်က ကိုင်လျက် အမေ့မျက်နှာကို မော့ငေးနေပြီး စာမျက်နှာ ဘာမှမဖြေနိုင် ..။

"ဘယ်တော့မှ မပြောတော့ဘူးလို့ နေခဲ့ပေမယ့် ပြောခဲ့ချင်တဲ့ အခါတွေ ဖြစ်လာလို့ .."

ဒေါ်မိမိ က ပြောပြရခြင်းအကြောင်း သူ့ဖာသာ ဝန်ခံရင်း ကျော့မို့ ဖြ အသာလေး ကပ်မှီလိုက်ကာ ...

"မရနိုင်တာကို တမ်းတနေတာလောက် မိုက်တဲ့သူ မရှိဘူး၊ နင် မောင်နှမကို ဒီလိုသတ္တဝါရဲ့ သွေးသားတွေမို့လို့ ငါ မုန်းခဲ့တာ၊ အခု ဒီသတ္တဝါကိုမှ တမ်းတ ငတ်မွတ်နေလို့ မုန်းတယ် .."

"အမေ .. သားတို့က အဖေ့ကို .."

"မခေါ်နဲ့ .. ငါ့ရှေ့မှာ .."

ဒေါ်မိမိ ရဲ့ ဒေါသတွေ မူလကအတိုင်း ပြန်လည် ဆူပွက်လာ၏။

"အနှစ်နာခံတယ်ဆိုတာ လွယ်လွယ်လေး မှတ်နေသလား နင်မှာ..၊ အဲဒီထဲမှာ အချစ်အတွက် မေတ္တာ၊ ကရုဏာ၊ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက် အနစ်နာခံတဲ့သူက တစ်ဖက်သတ် ပေးဆပ်ရတာ အနစ်နာဆိုတဲ့အတိုင်း နစ်လည်းနစ်တယ်၊ နာလည်းနာတယ်၊ မေ့ မှာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်ဆိုတာတွေကို စိတ် ယဉ်တာလား ..''

''မဟုတ်ပါဘူး အမေရယ် .. အဖေက သားရဲ့ အဖေအရင်း အခု ဘယ်လိုပဲ အထင်မြင်လွဲနေနေ တစ်နေ့နေ့ ..''

''ဘယ်တော့မှ မင်း လိုချင်တာကို ရလာမှာ မဟုတ်ဘူး၊ မ သေတဲ့အထိ''

ဒေါ်မိမိ က ရက်စက်ရင့်သီးစွာ တစ်လုံးချင်း ပြောသည်။ စာမျ နှာ မျက်ရည်တွေ တရစ်ရစ် နေရာယူလာကြသည်။ မော့ငေးနေရာ နေ မျက်လွှာချလိုက်ပြီး တံတွေးတစ်ချက် မျိုမိ၏။ လည်ချောင်းထဲ ကျပ်ခဲနေလေသည်။

''ဘာဖြစ်လို့လဲ သိလား .. မင်းကို ငါ့သားလေးများ ဖြစ်နေမ လို့ သူ့ခေါင်းထဲမှာ ဖျတ်ခနဲ အတွေးလေးတောင် မရှိခဲ့လို့၊ ဘယ်အ မှလည်း ရှိလာမှာ မဟုတ်ဘူး၊ သူက ချစ်ချင်တာ မဟုတ်ဘူး၊ မုန် ချင်တာ ,,''

စာမျက်နှာ မျက်ရည်စတို့ကို မျက်တောင်ခတ်၍ မရမက ပုတ်ထုတ်ပစ်သည်။ ပြီးမှ မျက်နှာမော့လိုက်၍ ...

''သားတို့ကို အဖေ တစ်ခါ ပြောဖူးတယ် အမေ၊ အမေကိုယ် က အဖေ့သားဖြစ်ကြောင်း သားဘက်က ..''

''တိတ်စမ်း .. မျက်နှာ''

စိတ်လိုက်မာန်ပါ ဆတ်ခနဲ ကိုယ်မတ်သွားပြီးမှ မသိမသာ ကော့သွား၏။ ပြီးမှ ဘာမှမဖြစ်သလို မျက်နှာနှင့် ...

''သူက ဘာကောင်မို့လို့ ငါက ဝန်ခံကတိတွေ ပေးနေရမှာ အဲဒီ သိသယမျက်လုံးတွေ ..ရွှစ်စွဲနေတဲ့ စကားလုံးတွေ .. အားလုံ





ငါ့ဘဝကို အညွှန့်ချိုးခဲ့တာ၊ သူ့ကြောင့် ငါဟာ ပတ်ဝန်းကျင်မှာ ဘာလို ယိမိန်းမတစ်ယောက်အဖြစ် ရပ်တည်ခဲ့ရတာ၊ ဒီလူကို ဘယ်လောက်ထိ နုန်းသလဲဆိုရင် သူရှိရာအရပ်က တိုက်လာတဲ့လေကိုတောင် မုန်းတယ်၊ နင်တို့ ဘယ်သူ့မေတ္တာကိုမှ မရဘူးဆိုတာ အစက မသိခဲ့လည်း ခုက စပြီး မှတ်ထားလိုက်တော့ ..''

''အမေ ..''

ကိုင်ထားသည့် ဖွမ်းစလေးကိုလည်း မလွှတ်မိဘဲ အမေ့ ခြေ ထောက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်၍ ...

''အဲဒီလို ရက်ရက်စက်စက် မပြောပါနဲ့ အမေ၊ သားတို့ကို အဖေ က မချစ်ရင်တောင် အမေက မွေးခဲ့တာပါ၊ သားတို့အပေါ်မှာ အမေ့ရဲ့ မေတ္တာတော့ ..''

''ဟွန်း ..''

ဒေါ်မိမိ က သူ့စကားမဆုံးခင် အသံထွက်အောင် မဲ့ပစ်လိုက်ကာ...

''မေတ္တာဖြစ်ဖြစ် .. ပစ္စည်းတစ်စုံတစ်ရာကိုဖြစ်ဖြစ် ပေးကမ်းလှူယ် ခြင်းဟာ တန်ဖိုးမဲ့ခြင်းပဲ၊ ဒီလူ မသမာဘူးလို့ ငါပြောနေတာတောင် သူ့ဆီက မရနိုင်တာကို နင်တို့ သေလုအောင် တောင့်တနေကြတယ်မို့ လား၊ တန်ဖိုးဆိုတာ ကိုယ်မရနိုင်တော့ဘူးဆိုမှ ပိုသိကြတာမျိုး၊ ငါက အမေဖြစ်နေပေမယ့် ငါ့ဆီက ဘာကိုမှ လွယ်လွယ်ကူကူရမှာ မဟုတ် ဘူး၊ အဲဒါ အမြဲတမ်းအတွက် မှတ်ထား ..''

ပြောတဲ့အတိုင်း လုပ်ပြမယ်လို့ ကြိမ်းဝါးနေသလို အမေ့မျက်နှာ က ပြောတဲ့ စကားလုံးတွေနဲ့ တစ်ထပ်တည်း။ အဖေသည် သတ်ပုတ် တိုက်ခိုက်လိုသော ဒေါသများနှင့် အကြီးမားဆုံး ငြိုးမယ်ဖွဲ့ရန်သူကြီး ယ် သူ့အပေါ်မှာ ဆက်ဆံခဲ့သလို ..၊

အမေကတော့ ရေခဲပြင်မျက်နှာကဲ့သို့ အေးစက် တင်းပြတ်နေ သော တံလျှပ်ရောင်ထနေသည်နှင့်တူသော မျက်ဝန်းတွေနဲ့ ချိန်ပြည့်..၊



www.burmeseclassic.com

www.burmeseclassic.com



အမေ့ခြေထောက်ကို ဆုပ်ကိုင်ထားသည့်လက်တို့ကို ဖိညှစ်ထား မိပြီးမှ ပြန်ဖြေချရသည်။ တုန်ယင်လာသည့်လက်ကို ဒီတိုင်း ဖိဆု ထားလိုက်ရင်း မျက်နှာကို ပြန်ငုံ့၏။

တစ်သက်လုံး ပြည့်သိပ်လာခဲ့သည့် ဒဏ်ရာဒဏ်ချက်တွေက တိုက်မခံလောက်အောင် ပြည့်နှက်နေသည်လား မသိ ..။ ဒါပေမယ့် အမေ့ကို တစ်ဖက်သတ် မျှော်လင့်နေရသည်ဖြစ်ရင်တောင် အမေ့ အကြင်နာကိုတော့ သေချာခြင်းတစ်ရပ်ဖြင့် ကြည်နူးနေချင်တာမို့ ..

"သားတို့ အမေ့ဆီက ဘာကိုပဲရရ မရရ စိတ်မပျက်ပါဘူး"

ထိန်းချုပ်ထားတာတောင် စကားပြောလိုက်တာနှင့် ငိုသံကြေ အက်ကွဲကွဲကြီး ဖြစ်သွားခဲ့၏။

"ဒါပေမယ့် အမေရယ် .. ဘယ်တော့မှ ရမှာမဟုတ်ဘူးလို့တော့ မကြေညာပါနဲ့၊ သားတို့မောင်နှမကို မျှော်လင့် ကြည်နူးခွင့်လေးတော့ ပေးပါ"

စကားသံက တုန်ခါ ထစ်ငေါ့လျက် မျက်နှာငုံ့ထားသဖြင့် ဖိုး ပေါက်ပေါက်ကျလာသည့် မျက်ရည်စက်တို့က ဒေါ်မိမိ ခြေထော ပေါ်သို့ ..။

"တောက် .."

ဒေါ်မိမိ က စာမျက်နှာ ရဲ့ပေါင်ပေါ်ရောက်နေသည့် ခြေထော ကို ဆတ်ခနဲ ရုတ်ပစ်သည်။ ပြီးတော့ နေရာမှ ထရပ်လိုက်ကာ ..

"ဟို လူမဆန်တဲ့အိမ်မှာ နင် အဲဒီမျက်ရည်တွေနဲ့ တံတားခင်း ကြိုးစားနေခဲ့တယ်မို့လား မျက်နှာ ..၊ ဒါပေမယ့် မျက်ရည်တွေနဲ့ ပြန်မျောလာခဲ့တယ်မို့လား .. နင် တစ်ခါသွားငိုတိုင်း ငါ့ရဲ့တန်ဖိုးတွေ အဲဒီမှာ အရည်ပျော်ခဲ့ရတယ်၊ နင်တို့ကိုယ်နင်တို့ ကိုယ့်ကိုယ်ကို ဘာတွေလုပ်နေကြမှန်းရော သိကြရဲ့လား၊ ခြင်းကျားနဲ့ရေခပ် ကန္တာရထဲမှာ အရိပ်ရှာနေကြတာ၊ ရေတော့ ပါလာပြီ၊ အရိပ်တွေ





တော့တယ်ဆိုပြီးတော့လေ ဟွန်း .."

ဒေါ်မိမိကိုယ်တိုင် လက်သီးနှစ်ဖက် ဆုပ်ထားလျက်နှင့် အသံတွေ နေ့ခါနေ၏။

"အမေကတော့ ချစ်ပြီးသားနေမှာပါလို့ အပိုင်တွက်ထားကြတာ"

"အမေ .. သား ပြောပါရစေ"

"မပြောနဲ့ .. ငါပြောတာပဲ နားထောင်၊ အစက ငါထွင်ပေးခဲ့တာ တို့အတွက် အသွားအပြန်လမ်းကလေးတစ်ခုပဲ၊ အခု နင်တို့ မနား မ်းပြေးနေကြတဲ့ လမ်းဆုံးကို ငါ မြင်လိုက်ပြီ၊ ပြေးလက်စအတိုင်း က်ပြေးကြတော့၊ နောက်ပြန်လှည့်ဖို့ နင်တို့အတွက် လမ်း မရှိတော့ "

"အမေ .."

စာမျက်နှာ အမေ့လက်ဖဝါးလေးကို လှမ်းဆွဲလိုက်မိသည်။ ကိုင် ာ့ ကိုင်မိလိုက်ပေမယ့် မရမက ဆုပ်ဆွဲမထားဝံ့သဖြင့် လွှတ်ပေး က်ရကာ ...

"အဲဒီလို အဆုံးမဲ့ မပြောလိုက်ပါနဲ့ အမေ"

အမေ ဝင်သွားသည့် နောက်ခန်းဆီ လှမ်းကြည့်ကာ စာမျက်နှာ ထာက်လျက်နှင့် တတွတ်တွတ် တောင်းပန်နေမိသည်။

"သား .. သား အမေ့ဆီကို သွားနေတာက သားလို့ အမေ အသိ တ်ပြုတာကို လိုချင်လို့ပါ၊ ဘယ်သူ့တန်ဖိုး ဘယ်လိုကြီးတာတွေနဲ့ ဆိုင်ပါဘူး အမေရယ် .. အမေ သားကို မချစ်ပေမယ့် အမေ့သား ရပ်တည်ခွင့်ပေးထားတယ်၊ အမေ့ဘက်မှာ သား ရပ်တည်ခွင့် သေးဘူး၊ အဲဒီအတွက် သား သွားနေတာပါ၊ သားဘဝမှာ အမေ သားလို့ပါ"

အမေ ပြန်ထွက်လာပြီး ပါးနားရိုက်ချင်လည်း ရိုက်ပါစေတော့။ က်နှာ ထိန်းချုပ်မရနိုင်တော့ဘဲ ရှိုက်ငိုပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ခြေသည်းနီတွေ စွန်းထင်နေသည့် ဂွမ်းစလေးက လက်သီးဆုပ်ထဲမှာပဲမို့ နှုတ်ခမ်းနဲ့ကပ်မိလိုက်၊ မျက်ရည်တွေ စိုသွားလိုက် ..။

အမေပြောသလို တကယ်ပဲ ခြင်းကျားကြီးနဲ့ရေသယ်ပြီး ကန္တာရထဲမှာ အရိပ်ရှာနေခဲ့မိတယ်ဆိုရင်လည်း ထိုသူဟာ သူပဲ ဖြစ်မှာပါ။

မမကို အဖေက ချစ်သည်။ ပြီးတော့ သူ့ထက် မမက ပိုပြီး စိတ်ဓာတ်ခိုင်မာ၏။ ခြင်းကျားနဲ့ ရေသယ်နေတဲ့သူလောက် မမ အဖြစ်မဆိုးနိုင်ပေ ..၊

ဘဝမှာ မှင်နီရာတွေ အစအဆုံးပြည့်နှက်နေတဲ့ စာမျက်နှာဆိုတာ သူပဲ ဖြစ်သည်။ ထို့ကြောင့် အပြန်လမ်းမရှိ ပိတ်ပစ်လိုက်သည့် လမ်းပေါ်မှာ .. သူ ..။





## အခန်း [ ၂၀ ]

"ဟာ!..."

"အယ် .. ဆောရီး"

နောက်ကနေ လက်ကို ဆွဲလိုက်သဖြင့် ကိုင်ထားသည့်အထုပ်တွေ ကျတဲ့ဟာ ကျ၊ တို့လို့တွဲလောင်း ကျန်ရစ်တာက အရှိန်နှင့် ...

"မင်း ..."

မိန်းကလေးသံနုနုလေးမို့ အရှယ်ကို စိတ်ထဲမှာပဲ သတ်မှတ်ကာ ဒေါသနှင့် လှည့်အကြည့် ...

"ဆု .."

"စာမျက်နှာ .."

ဆု က ဟိုတုန်းကအတိုင်း မပြောင်းလဲသော မျက်ဝန်းလေးတွေနှင့် ခယ တောင်းပန်နေကာ ...

"ငါ နောက်က လှမ်းမြင်ပြီး အမှတ်တမဲ့ ဆွဲလိုက်မိတာပါ။ တောင်းပန်ပါတယ်နော်"

စကားမဆုံးခင် ငုတ်တုတ်လေး ထိုင်ချလိုက်ကာ သူပြုတ်ကျသွားသည့်ပစ္စည်းတွေကို ကောက်ပေးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ဆေးတွေပဲ၊ ပုလင်းလည်း ကွဲသွားပြီ"

ချောက်ချားသွားသည့် မျက်နှာလေးနှင့် ဖျတ်ခနဲ မော့ကြည့်ကာ...

"စာမျက်နှာ .. ဒါ နှလုံးအားဆေးတွေပဲ၊ ဘယ်သူ ဘာဖြစ်လို့လဲ ဟင် .. ငါ့ကြောင့် ပုလင်းကွဲသွားပြီ"

စာမျက်နှာ ပင့်သက်ရှိုက်လိုက်ရင်း သူမဘေးမှာပဲ ခြေဖျား ထောက် ထိုင်လိုက်ပြီး ကိုယ်ဟာကိုယ် ကောက်ထည့်၍ ...

"ရပါတယ် .. မတော်တဆပဲဟာ၊ နှင့်ဂါဝန် သိမ်းလိုက်ဦး။ သူများတွေ တက်နင်းကုန်ပြီ"

ပန်းနုရောင် ခါးရှုံ့နှင့် ဂါဝန်လက်ပြတ်လေးက လမ်းသွားတာ တောင် တစ်ဖက်စကိုတော့ 'မ'ထားရတာမို့ ပစ်စက်လက်ခတ် ထိုင် လိုက်တော့ လမ်းပေါ်မှာ ဝေ့ဝဲ ပုံကျနေ၏။

ဘေးမှာ သွားလာနေကြသည့်လူတွေကို ပြန်မော့ကြည့်ကာ ဆု က ဂါဝန်စလေးကို စုဆွဲသိမ်းပြီးမှ ဒီတိုင်း ပြန်ထိုင်၏။

"အတင်းကြီး စုမကောက်နဲ့လေ၊ လက်ကို ဖန်ကွဲရှဦးမယ်"

ဆု က စာမျက်နှာ ရဲ့လက်ကို ဆွဲထားပြီး တားဆီးကာ သူမ ကောက်ဖို့ ပြင်လျှင် ...

"ဘာမှမဖြစ်ပါဘူး၊ နင် မကိုင်ပါနဲ့"

သူမလက်ကို စာမျက်နှာ က ပြန်ဖယ်ပစ်၏။ ထိုနေရာမှ ရှင်း လင်းပြီး ပြန်ထရပ်ကာ ရှေ့ဆက်လျှောက်လာတဲ့အထိ ဆု က ဂါဝန် လေး တမမနှင့် ဘေးက ပါလာ၏။

"နင် ဘာဖြစ်လို့ ကုမ္ပဏီက ထွက်သွားတာလဲ၊ လစာနည်းလို့ လား၊ နင် ကျောင်းပြီးသွားရင် ဘွဲ့ရလစာအတိုင်း တိုးပေးဖို့ ငါ အန်ကယ့်ကို ပြောထားပြီးသားပါ"

"မဟုတ်ပါဘူး"

ဆိုပြီး ဘာဆက်ပြောဦးမလဲ စောင့်ပေမယ့် စာမျက်နှာ က ဘာမှ





ပြောသည်မို့ ...

"အန်ကယ်က အပြောဆိုးလို့မို့လား .. သူက စိတ်ရင်းကောင်းပါ တယ်၊ ကိုကိုနဲ့ သိပ်မတည့်တော့ ငါတို့နဲ့ မပတ်သက်ချင်တာမျိုးပါ၊ တို့ဆို သိပ်ချစ်တာ"

"နင့်ကိုချစ်လို့ ငါ့ကို လက်ခံပေးထားတာမှန်း ငါ သိပါတယ်"

"ငါ့ကွယ်ရာမှာ နင့်ကို တစ်ခုခု ချိုးနှိမ်ပြောလို့လားဟင်"

စာမျက်နှာ က နူးညံ့သည့် မျက်ဝန်းလေးတွေနှင့် ဘယ်သောအခါ မျက်နှာတင်းမနေတတ်သော်လည်း မာနစိတ်လေး ရှိသည်။

အကဲခတ်ရသလောက်ဆိုလျှင် သောကရှိနေတာက သူ့ဒုက္ခနဲ့သူ ဖြစ်ကာ စိတ်ဓာတ်ပျော့ညံ့လွန်းတာမျိုး မဟုတ်ပေ..၊

ထို့ကြောင့် ဒီအလုပ်ထဲမှာပဲ သက်သောင့်သက်သာ လုပ်နေဖို့ မေက တိုက်တွန်းခဲ့ရတာ သူမပဲဖြစ်ကာ နိုင်ငံခြားရောက်နေတာ ောင် စိတ်က မဖြောင့် ...။

"စာမျက်နှာ ပြောလေ"

အတူသွားနေရင်း လက်မောင်းကို ကိုင်လှုပ်မေးမှ ပြန်ငုံ့ကြည့် ာရလျက် ...

"ငါ့ကို ဘယ်သူကမှ မနှိမ်ပါဘူး၊ ဒါပေမယ့် ငါ့ကြောင့် အားလုံး က်နှာပျက် အရှက်ရမှာစိုးလို့"

"ဘာ .. နင် ဘာပြောလိုက်တာလဲ"

မပြောချင်တော့သည့်မျက်နှာနှင့် ပြန်ငုံ့ကြည့်၍ စာမျက်နှာ မျက် တွေ တွန့်ကုတ်သွား၏။

"ငါ ကားပေါ်တက်တော့မယ်၊ နင် တစ်ယောက်တည်း ဘယ်ထိ န်ရမှာလဲ"

"ဟာ!... ပြန်လို့ မရပါဘူး"

ဆု က အပြောနဲ့ထပ်တူ သူ့လက်မောင်းကို ပိုင်ပိုင်ဆွဲဆွဲ ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရင်း ...

"ဆေးပုလင်းနဲ့ ကြေမွသွားတဲ့ မုန့်ထုပ်တွေရော ငါ အစားပြ ဝယ်ပေးချင်တယ်၊ ပြီးတော့ နင့်စကား မဆုံးသေးဘူး၊ မရဘူးနော် စာမျက်နှာ .. ငါ ပြန်ရောက်ရောက်ချင်း နင့်ကို လိုက်ရှာနေတာ တစ် ရက်နဲ့ လေးနာရီရှိပြီ၊ ခုထိ ကောင်းသောအိပ်စက်ခြင်းနဲ့ မအိပ်ရသေး ဘူး"

ဆွဲထားသည့်လက်ကို လွှဲရုန်းလိုက်ရင်း စာမျက်နှာ သက်ပြင်း ချမိသည်။ ဆုနဲ့သူ တွေ့ခဲ့ကြတာ ကြာပြီဆိုပေမယ့် ဆုံဖြစ်သည့် အကြိမ် ရေအားဖြင့်တော့ မများလှသေးပါ။ ဒါပေမယ့် ငယ်ပေါင်းကြီးဖော်တွေ လို ခင်ပွယ်မိခဲ့ကြသည်။

သူ့ဘက်က ကိုယ့်ဘဝ အဆင့်အတန်းနဲ့ ကိုယ် ထိန်းချုပ်ဆင်ခြင် နေပေမယ့် ဆု ကတော့ အမြဲတမ်း ဒီတိုင်းလေးပဲ ဖြစ်၏။

သူမသည် သနားကြင်နာတတ်သော၊ ငဲ့ညှာစာနာတတ်သော ထို့ပြင် ပေးကမ်းကူညီတတ်သည့် စိတ်ရင်းကောင်းလေးလည်း ရှိသေး သည်။ ထို့ကြောင့် သူမလေးကို သူ့ကြောင့် ဂုဏ်သရေ မညှိုးစေချင်။

ကုမ္ပဏီမှာ ကိုယ့်အတွက် နေရာကောင်းလေးတစ်ခု ရထားခဲ့ပေ မယ့် သူနဲ့ သူမကို ဘာလိုလိုတွေ ပြောလာကြသည့် အတင်းအဖျင်း တွေက ကြောက်စရာ ...။

"နင် မရှိတော့ဘူးဆိုတော့ အန်ကယ့်ကို ငါက အပြစ်တင်နေ တာ၊ သူ ဘာမှမပြောဘူးတဲ့၊ ဘာကြောင့် ထွက်သွားမှန်းတောင် မသိ ဘူးတဲ့၊ ပြီးတော့ သင်တုန်းကတော့ သင်ပြပေးခဲ့ရပြီး လုပ်ငန်းသဘော နားလည်ကာမှ ထွက်သွားတာ သူတောင် ထိခိုက်သေးတယ်လို့ ပြော သေးတယ်၊ အန်ကယ်ကတော့ တစ်ခုခု ပြောလိုက်တာ မဟုတ်ဘူးမို့ လားဟင်"

စာမျက်နှာ က မဖြေဘဲ သူမချည်းပဲ တွေး၊ သူမပဲ မေးနေ





သည်။ ပြီးတော့ ...

"လာပါဟာ .. ဟိုရှေ့မှာ သစ်ပင်ရိပ်နဲ့ ခုံတန်းလေး ရှိတယ်၊ အဲဒီမှာ ထိုင်ရအောင်"

စာမျက်နှာ က လူတွေရှုပ်နေသည့် ပလက်ဖောင်းပေါ်က အုတ်ခုံ ကို လှမ်းကြည့်လိုက်ပြီး ...

"ဒီမှာပဲ မိုးတိုးမတ်တတ်နေတာ ကောင်းပါတယ်"

လို့ ခပ်တိုးတိုးပြော၍ ...

"ငါက နင့်အကူအညီနဲ့ ဝင်ရတာဆိုတော့ လူတွေအမြင်မှာ နင် နဲ့ငါ့ကို ဟိုလိုဒီလိုတွေ မြင်မှာ စိုးတယ်၊ အထူးသဖြင့် ငါ့ပညာလေးနဲ့ မမှီနိုင်သေးတဲ့အဆင့်ကို တန်းဝင်လိုက်တဲ့အတွက် သင်ရပြရတာတွေ က လူသိရှင်ကြားဖြစ်ကုန်တယ်၊ မတတ်ဘဲနဲ့လုပ်တယ်ဆိုတဲ့ အကြည့် တွေမှာ နင့်မျက်နှာ နောက်ဆက်တွဲ ပါလာမှာကို ငါ မလိုချင်ဘူး၊ ငါလည်း ဟိုတုန်းကလို ဆယ်တန်းကျောင်းသားလေး မဟုတ်တော့ပါ ဘူးဟာ၊ ယောက်ျားပဲ .. တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်အောင် လုပ်နိုင် ရမှာပေါ့"

ပြောသမျှကို ဘေးတိုက်ကနေ မော့မော့လေး ငြိမ်သက်စွာ နား ထောင်နေပြီးမှ ...

"ငါ နင့်ကို တွေ့ချင်တိုင်း ဖက်ဖက်မောအောင် လိုက်ရှာမနေချင် ဘူး စာမျက်နှာ၊ ကြုံရာကျရာတွေ နင် လျှောက်လုပ်မှာလည်း ငါ မကြိုက်ဘူး၊ အဲဒါကြောင့် ငါ သိနေတဲ့နေရာမှာ ထားတာ၊ ငါရှိနိုင် မယ့်နေရာမှာ ရှိစေချင်တာ .."

အံ့ဩစရာတွေ ပြောနေသလိုမျိုး စာမျက်နှာ က မျက်နှာထား ချက်မှမလွှဲဘဲ ငုံ့ကြည့်နေ၏။ ဆု ကလည်း မရှုံ့မတွန့် ပြန်ကြည့်ကာ...

"နင်နဲ့အတူ ငါ့မျက်နှာကြီး နောက်ဆက်တွဲပါနေလည်း ဘာဖြစ် သေး၊ ငါတို့ကို ဟိုလိုဒီလိုတွေ ပြောတော့ရော ငါတောင်မှ ဂရုမစိုက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နင် ဘာတွေ တွေးပူနေတာလဲ၊ ဘာမှမတော်စပ်ကြတဲ့ ယောကျ်ားလေး နဲ့ မိန်းကလေး ရင်းနှီးနေရင် ပြောကြမှာပဲလေ"

ငေးကြည့်နေသည့် မျက်လုံးတွေ လွှဲသွားတော့ ဆု အားမလို အားမရနှင့် ဒီလက်မောင်းကိုပဲ ရိုက်ပုတ်မိပြန်ကာ ...

"ငါ့ကို နင် အရမ်းစိမ်းတာပဲ သိလား .. အွန်လိုင်းဆိုတာ မသိ ဘူး၊ အီးမေးလ်တွေ ဘာတွေ နားမလည်ဘူးဆိုလည်း စာထည့်လို့ရ အောင် ငါ သေချာပြောပြထားတယ်၊ ငါ ဟိုမှာ နှစ်နဲ့ချီပြီးနေတာတောင် စာလေးတစ်စောင် ရေးဖော်မရဘူး"

"စာမပြောနဲ့ နင့်ကို သတိရဖို့တောင် ငါ့မှာ အချိန်မရှိဘူး ဆု၊ အဲဒီလို အမြဲတမ်း မွန်းကျပ်နေရတဲ့ ငါ့ဘဝမှာ သူဌေးသမီးတစ်ယောက် နဲ့ ပတ်သက်မိလို့ ကျရောက်လာမယ့် တွန်းထိုးပုတ်ခတ်မှုတွေကို ထပ်ရ ဦးမယ်ဆိုရင် အသက်ရှုခွင့်လေးတောင် ရတော့မှာ မဟုတ်ဘူး"

"နင် အသက်ရှုလို့ မရတော့ရင် ငါ့ရဲ့နှလုံးနဲ့ အသက်ရှုတဲ့ လမ်း ကြောင်းကို နင် ယူပါ"

ဆု ရဲ့အသံလေးက ဝမ်းနည်းကြေကွဲခြင်းကြောင့် တိုးလျ တုန်ခါ နေ၏။

"နင်နဲ့ငါ ရင်ဘတ်နှစ်ခုနဲ့ နှလုံးသားတစ်ခုပဲ ရှိနေမယ်ဆိုလည်း အသက်ရှုလို့ ရပါသေးတယ်"

စာမျက်နှာ နှုတ်ခမ်းမဟာတဟာနှင့် စကားပြောဖို့ မေ့နေခဲ့၏။

"ခု ခဏလေးမှာပဲတွေ့တွေ့၊ ဟိုအရင် ကွဲစိကွစအရွယ်လေးတွေ တည်းက အတူကြီးပြင်းလာခဲ့တာဖြစ်ဖြစ် ချစ်ခင်တွယ်တာခြင်းကို အချိန်နဲ့တိုင်းတာ ကန့်သတ်ထားလို့ မရပါဘူး၊ ငါတို့ ရင်းနှီးဖို့ အချိန် မလုံလောက်ဘူးလို့ ထင်ရပေမယ့် နက်နက်ရှိုင်းရှိုင်း ခင်ခဲ့ကြတာလေ၊ အဲဒါ မဟုတ်ဘူးလား .. နင် ငါ့ကို ငါ ခင်သလို မခင်ဘူးလား၊ ပြော စမ်းပါ"





လက်ကို ဆွဲလှုပ်ခါနေသဖြင့် သူ အသာလေး ဖယ်ချပစ်လိုက် သာ ...

"ငါ အရမ်းခင်လို့ ပြောနေတာပါ"

"ခင်ရင် ဘာမှမပြောပါနဲ့၊ ရေဆိုတာ နိမ့်တဲ့နေရာကို စီးသွားတာ ပဲ၊ ငါက ပြေလည်လို့ မပြေလည်တဲ့ နင့်ကို ကူညီတာ၊ အဲဒီမှာ ဘာ ပြဿနာမှ မရှိဘူး"

နှစ်ယောက်တည်းပဲ ရှိနေသလို ပတ်ဝန်းကျင်ကိုတောင် မေ့နေခဲ့ ကြသည်။ အရွယ်တွေက ဟိုမရောက် ဒီမရောက်၊ စိတ်ကူးတွေကလည်း ဟိုမဟုတ် ဒီမဟုတ်နှင့် ..။

အသွားအပြန် မျက်ဝန်းလေးတွေက ချိတ်ဆက်မမိဘဲ ဖြစ်နေခဲ့၏။

ထိုထဲမှာ ချိတ်ဆက်မမိအောင် ရှောင်ပြေးချင်တဲ့သူက ဆု မဟုတ် တာတော့ သေချာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၁ ]

အပြေးတစ်ပိုင်း လှမ်းလာခဲ့သည့် ခြေလှမ်းတွေက မန်နေဂျာ၏ မျက်နှာတင်းတင်းကြီးကြောင့် တုံ့ခနဲ ဖြစ်သွားခဲ့၏။

"လာပါ .. ဝင်ခဲ့ပါ"

မန်နေဂျာ ဒေါ်မိုးမြင့် က သူမပါ ထိုင်ရာကနေ ထရပ်လိုက်ပြီး စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်၍ ရှေ့ကို ကိုင်းလိုက်ကာ ...

"အထဲမှာ သူဌေး ရောက်နေတယ်"

"ဟင်!..."

"ဟင် မနေနဲ့ .. ညည်းကို ငါက စန္ဒာ့ မျက်နှာနဲ့ တော်တော်လေး သည်းခံထားခဲ့တာ"

"တောင်းပန်ပါတယ် မမရယ် .. မခ ရဲ့အမေ နေမကောင်းဖြစ် နေလို့ပါ၊ မခ အရင်လည်း ဒီလိုပဲ နောက်မကျဘူးပါဘူး"

"နင့်ဟာက တစ်ကြိမ်တစ်ခါမှ မဟုတ်ဘာ"

လူမမာ ဆိုတာကလည်း တစ်ရက်တည်းဖြစ်ပြီး ပြန်ကောင်းသွား တာမှ မဟုတ်ဘဲ၊ ကိုယ့်ဘက်က အကြောင်းပြချက်တွေ ခိုင်လုံနေပေ မယ့် မခ မှာ ပြောခွင့်မရှိ ...၊





"ယူထားတဲ့နေရာက အဝင်အထွက် အတက်အဆင်းမှာ၊ စားပွဲ မှာ လူမရှိတာနဲ့ ဘယ်ကကြည့်ကြည့် တန်းခနဲပဲ၊ မနေ့က အပြီးသတ် ထားလိုက်ဆိုတဲ့ စာရင်းတွေရော မနေ့က ပြီးရဲ့လား"

"ပြီးပါပြီ မမ၊ ဖိုင်ထဲ မထည့်ရသေး .."

"တော်ပြီ .. တော်ပြီ၊ သူဌေးလာတဲ့နေ့မှ ဒီလိုဖြစ်ရတာ ကိုယ့် ထိုက်နဲ့ကိုယ့်ကံလို့သာ မှတ်လိုက်တော့၊ ညည်းအတွက် ဒီမှာ နောက် နေ့ဆိုတာ မသေချာဘူး၊ အဲဒါ ကြိုတွေးထား"

မခ ငေးကြည့်နေပြီးမှ 'ဟုတ်ကဲ့'လို့ တိုးတိုးလေး ပြောဖြစ်ရင်း လှည့်ထွက်လာခဲ့သည်။ ဒီအလုပ်ကို အန်တီစန္ဒာ က အမေ မသိအောင် ပြောပေး ကူညီထားတာ ဖြစ်သည်။

"ရိုးရိုးသားသား ကြိုးစားရင် တိုးတက်လာမှာပါ၊ သမီး ကြိုးစား မယ်ဆိုတာ အန်တီ ယုံတယ်"

လို့တောင် ပြောသွားလိုက်သေးသည်။ အလုပ်ပေးဖို့ ပြောလာ တတည်းက အန်တီစန္ဒာ ကပဲ မခ ဆီကို ရှာဖွေဆက်သွယ်ပြီး ပြောခဲ့ တာ ဖြစ်သည်။

ခဏတစ်ဖြုတ် အိမ်ရှေ့မှာ အမေနဲ့ပါလာလို့ ပြုံးပြ နှုတ်ဆက်ဖူး တာပဲ ရှိသည်။ မရင်းနှီးခဲ့တာ အမှန်ပင် ..။

"သမီးတို့အမေက မာနကြီးလွန်းလို့ အဆွေအမျိုးတွေနဲ့ အဆိပ် သင့်သွားတာပါ၊ ခဏပါပဲ .. သူ့ရင်ထဲမှာ တကယ်ရှိနေတဲ့ မေတ္တာ တရားတွေ မကြာခင် ပွင့်အံလာမယ်ဆိုတာ အန်တီ ပြောရဲတယ်"တဲ့။

သူကိုယ်တိုင်ကတော့ အမေ မသိအောင် မခ ကို ကူညီခဲ့ရှာတာ ဖြစ်သည်။ ခုလို ဖြစ်ရပြန်ပြီဆိုတာ သိရင် အန်တီ ဘယ်လိုနေမလဲ..။

မန်နေဂျာအပြောအရ 'စန္ဒာ တို့ ပြောင်းသွားကြပြီ'ဆိုတာ ကြား ခဲ့ရသည်။ ဘယ်ကိုမှန်းတော့ မသိပေ ..။

ဒါပေမယ့် အန်တီစန္ဒာ့ ထံမှ နှုတ်၏စောင်မခြင်း ရှိနေသေး၍



www.burmeseclassic.com

www.burmeseclassic.com



သာ မန်နေဂျာက ဆက်လက် ကြည့်ရှုထားခဲ့တာမှန်း သိသာ၏။ ခုတော့ အားလုံး ပြီးသွားပြီလား ...။

သူဌေးက ခေါ်တွေ့တဲ့အထိ စောင့်နေပြီး အသနားခံသင့်သည် လား ဒါမှမဟုတ် ကိုယ့်ဖာသာပဲ စောစီးစွာ လှည့်ပြန်ရမလား ...။

ထမင်းချိုင့်လေး တစ်ဖက်၊ ပလတ်စတစ်အိတ်လေးကို ရင်ခွင်မှာ ပိုက်ထားရင်း မန်နေဂျာရုံးခန်းထဲက ထွက်ခဲ့သည်။

စကြံလမ်းလေးကို ဖြတ်၍ လှေကားအောက်က ဖြတ်စဉ် ...

"မမ .. မမ ခဏ .."

ဘယ်သူ့ကို ခေါ်တာလဲ ...၊

အနားမှာ လှည့်ကြည့်တော့ ကိုယ်တစ်ယောက်ပဲ ရှိတာမို့ နောက် လှည့်ကြည့်လိုက်လျှင် အမြဲတမ်း ပြုံးကြည်နေတတ်သည့် မျက်နှာ လေးနှင့် နားကွင်းဝိုင်းလေး တစ်စုံ...။

အရင်က ဒိုင်ယာနာဆံပင်လေး နည်းနည်းပိုရှည်ကာ ပခုံးထောက် အလန်လေးတွေဖြစ်နေတာမှလွဲ၍ ပြောင်းလဲတာ ဘာမှ မရှိပေ ...။

သူမလေးကို မြင်တာနှင့် သိလိုက်ပေမယ့် နာမည်ကိုတော့ မမှတ် မိတော့ပါ။

"မမ အလွမ်းမခ မို့လားဟင်"

"ဟုတ်တယ် .. ညီမလေးကို တို့ မှတ်မိပါတယ်၊ နာမည်တော့-"

"ဆု လေ မမရဲ့ .. ဆုလာဘ်ခင် ...၊ ကိုကိုက ရလဒ်ကောင်း"

အစ်ကိုနာမည်ကိုပါ ထည့်ပြောလိုက်သေးသည်။ ပြီးတော့ လက် ကို တရင်းတနှီး ဆွဲလိုက်၍ ...

"အပေါ်မှာ ကိုကို ရှိတယ်၊ လာ .. ဆု လိုက်ပို့မယ်"

"ဟင်!... အယ် .. မဖြစ်ဘူး၊ တို့က အလုပ်လုပ်ရဦးမှာ"

ဆု က မခ ရဲ့ပစ္စည်းတွေကို ငုံ့ကြည့်လိုက်ပြီး သွားလေးတွေ ပေါ်အောင် ရယ်သည်။





"အလုပ်ကို ခဏထားလို့ ရပါတယ် မမရဲ့ .. လာပါ .. ကိုကိုနဲ့ တွေ့လိုက်ရင် မမ ပိုအဆင်ပြေသွားမှာ၊ လာ .. လိုက်ခဲ့နော်"

ဆု က ဖော်ရွေလွန်းသဖြင့် ရင်းနှီးမှုတွေကို စုဆောင်းဖန်တီးဖို့ ခလိုဘဲ မြန်မြန်ဆန်ဆန် ရရှိသွားခဲ့သည်။

သူမကိုယ်တိုင် မခ ရဲ့ ထမင်းချိုင့်လေးကို ဆွဲယူလိုက်ပြီး လက် ဆွဲခေါ်သွားတာ သူဌေးရဲ့ရုံးခန်းဆီကို ဖြစ်နေသောကြောင့် ရင်ခုန်သံ တွေ မြန်လာခဲ့လျက် သူဌေးက ဆု ရဲ့အစ်ကို ရလဒ်ကောင်း လား..။

တွေးမိကာ လက်ကို ပြန်ရုန်းမိတော့မလို ဖြစ်သွား၏။ ဒီအလုပ် ကို စဝင်ကတည်းက သူဌေးကို မခ မမြင်ဘူးသေးပေ၊ သူများတွေ ပြောသံကြားတာတော့ သူဌေးက လုပ်ငန်းတွေ အများကြီးနဲ့ ချောချော ခန့်ခန့် လူပျို ...။

မိန်းကလေးတွေ ပါးစပ်ဖျားမှာ တိတ်တိတ်ပြော၍ ကျိတ်ရယ်နေ ကြတာ ဖြစ်သည်။

ထိုသူက ရလဒ်ကောင်း ဆိုသူ ဖြစ်နေသည့်အတွက် ...

"ဟင်!... ဘာဖြစ်လို့လဲ မမ"

အခန်းတံခါးရှေ့ကို ရောက်တာနှင့် မှန်ချပ်တွေရဲ့အတွင်းကို လှမ်း မြင်လိုက်ရသဖြင့် မခ ကယောင်ကတမ်း လက်ကိုရုန်းပစ်လိုက်မိသည်။

ရလဒ်ကောင်း သည် အဖြူပေါ်မှာ အပြာခက်လေးတွေပါသည့် ခေါင်းရုပ်နှင့် စားပွဲနဲ့ ဗီရိုမြင့်ကြီးရဲ့ကြားမှာ ရပ်နေတာဖြစ်ကာ ကိုယ့်ရဲ့ သူဌေးမှန်း သိလိုက်တော့ မျက်နှာက ချောတာမဟုတ်ဘဲ တင်းနေသည် ပဲ မြင်၏။

"တို့ ဒီနေ့ပဲ အလုပ်က ထွက်တော့မလို့ပါ"

"ဘာဖြစ်လို့လဲ .. မမကို ဆု ခေါ်လာတာ ဒီက အလုပ်သမား အနေနဲ့ မဟုတ်ပါဘူး၊ ဆု တို့နဲ့ ခင်မင်ခဲ့တဲ့ မိတ်ဆွေအဖြစ်ပါ"

"မဟုတ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူ ဒီအဆင့်အတန်းချင်း ဘယ်လိုမှ မိတ်ဆွေဖြစ်ဖို့ မရှိ...

မခ ခေါင်းရမ်းလိုက်ပြီး ပြန်ထွက်သွားမလို့ ခြေလှမ်းပြင်လ...
ဆု က ရှေ့ကနေ ပိတ်လိုက်၏။ ပြီးတော့ လက်ကို ပြန်ဆွဲထားကာ...

"မမကလည်း .. ကိုကိုက မမ မြင်လိုက်ရင် အံ့သြသွားမှာ၊ ...
လေးပါနော်"

ပြောနေရင်း ဆု က တံခါးကို တွန်းဖွင့်လိုက်ပြီးဖြစ်ရာ မတ်...
ကနေ ဖိုင်တစ်ထပ်ကို လှန်လှောရှာနေသည့် ရလဒ်ကောင်း မျက်...
ဖျတ်ခနဲ မော့လာ၏။

ဆု ရဲ့နောက်မှာ ခေါင်းငုံ့ရင်း ပါလာသည့် မခ ကို မြင်...
မျက်မှောင်ကုတ်သွားသည်။

"ကိုကို့ ဒီမှာ မမလေ .. အလွမ်းမခ"

ဆွဲလာသည့်လက်ကို ရှေ့တွန်းလိုက်သဖြင့် မခ က ရှေ့ကို ...
လို ရောက်သွား၏။ မျက်နှာ မော့လိုက်မိမလိုဖြစ်သွားပြီး ချက်...
ငုံ့ပစ်တော့ ဆု က ရယ်၍ ...

"ကိုကို ဟိုတစ်ခါပြောတဲ့ နာမည်ဆန်းဆန်းနဲ့ ကောင်မ...
တောင် အပြင်မှာ တစ်ခါမှ မတွေ့တော့ဘူးဆိုတာလေ"

အံ့သြသွားကာ မခ မော့ကြည့်လိုက်မိသည်။ သူကတော့ ...
ငြိမ်သည့်အပြုံးနှင့် ...

"ဟုတ်တယ် .. ရန်ကုန်မှာပဲဆိုတော့ အပြင်မှာ တစ်ခါတ...
ပြန်တွေ့ဖြစ်တာမျိုးတွေ ရှိတတ်လို့လေ၊ မင်း ဒီစက်ရုံမှာ လုပ်နေ...
လို့ ဘယ်လိုလုပ် တွေးမိမှာလဲ"

မခ ရင်ထဲမှာ ဒိန်းခနဲ မြည်သွား၏။ ထမင်းချိုင့်ကို မြင်...
ဝန်ထမ်းမှန်း သိလိမ့်မည်။ ထို့ပြင် ဝတ်စုံကိုမြင်လိုက်တာနဲ့ ...
အဆင့်ကို သူ သိမှာပါ။ ဒါပေမယ့် ...

"ခုပဲ မင်းရဲ့ CV ဖောင်ကို ဖတ်လိုက်မိတာ၊ ထိုင်လေ .."





မခ မထိုင်ချင်တော့ပေမယ့် ထိုင်လိုက်ရသည်။ ဆု က ဘယ်လိုပဲ
...ရှေ့ပေမယ့် သူ့မျက်နှာမှာ ဘယ်လိုဖော်ရွေမှုမှ မရှိပေ..။

ဒီအချိန် ထမင်းချိုင့်နဲ့ ဝင်လာတယ်ဆိုတည်းက ဘယ်အခြေအနေ
...တာ သိနေပြီးလို့ အားမနာတတ်အောင် ပြင်ဆင်လိုက်တာလား ..၊
...ကိုယ့်အတွက်မှာ အားနာကြရမယ့် အကန့်တွေလည်း မရှိခဲ့ဖူးပါ..။

"မင်း ဒီမှာ အလုပ်ဆင်းနေတာ သိပ်မကြာသေးဘူးပဲ"

"ဟုတ် .."

ရလဒ်ကောင်း က ကိုင်ထားသည့်ဖိုင်တွေကို စားပွဲပေါ်မှာ သေချာ
...ပြီးမှ နေရာမှာ ပြန်ထိုင်ကာ ...

"အလုပ်တစ်ခုမှာ ဘယ်လောက်ကြာအောင် လုပ်ခဲ့လဲ"

"ရှင်!..."

မတည်မပြုံးနှင့် စူးရဲနေသည့် သူ့မျက်လုံးတွေကို မခ ကြည့်သည်။
...ယ်က အလုပ်ထွက်တော့ဖို့ ဆုံးဖြတ်ပြီးသားမို့ ပြစ်ချက်တွေ ထပ်
...ာက်လာမှာကို မဖြေချင်တော့ပေ..။

သူကတော့ မခ ဖြေမှာကို မျက်နှာကိုစိုက်ကြည့်ပြီး စောင့်နေခဲ့၏။

"ကိုကိုကလည်း .. ဆု က အဲဒါတွေ မေးခိုင်းဖို့ ကိုကို့ဆီ ခေါ်
...လာတာမှ မဟုတ်တာ"

ဆု က မတ်တတ်လေးရပ်နေဆဲနှင့် မကျေမနပ် ဝင်ပြောသည်။
...ဒ်ကောင်း က ညီမမျက်နှာကို ကြည့်ပြီးမှ မခ ဘက် ပြန်လှည့်၍...

"မင်းကို အလုပ်ချိန် နောက်ကျခြင်း မကျခြင်းအတွက် ဆုံးဖြတ်
...ဖို့ မေးနေတာ မဟုတ်ဘူး၊ အဲဒီကိစ္စတွေကို ပြောဖို့က မန်နေဂျာ
...ယ်၊ အခု .."

"ဒါဆိုရင် ကျွန်မ ပြောပါရစေ"

"ပြော .."

"မန်နေဂျာက နောက်ဆုံးဝမ်တိန်အဖြစ် အလုပ်က ထွက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သတိပေးပြီးပါပြီ၊ ကျွန်မကလည်း တကယ် အပြစ်ရှိ
ကျေနပ်ပါတယ်၊ သွားခွင့်ပြုပါ"

"ဟာ!... မမကလည်း နေပါဦး .."

ဆု က မခ လက်မောင်းလေးကို ဖိဆွဲလိုက်ပြီး ရလဒ်
ကိုလည်း ကြည့်သည်။

ရလဒ်ကောင်း က မခ ကိုပဲ စူးစိုက်ကြည့်လျက် ...

"တခြားမှာဆိုရင် မင်း ဒီလိုနေရာကို ရဖို့ မလွယ်ဘူး
မခ၊ အခြေခံကွန်ပျူတာလောက်နဲ့ ဒီလို အလုပ်ရှုပ်တဲ့နေရာကို
အလုပ်လုပ်ရင်း သင်တန်းပြန်တက်နေရတယ်ဆိုတာ မင်း
ခံနိုင်ရင်တောင် အလုပ်မှာ အများကြီး နစ်နာတယ်"

"ဒါပေမယ့် ကျွန်မ တတ်နိုင်သမျှ ကြိုးစားခဲ့ပါတယ်၊ မ
လည်း မင်း အဆင်မပြေရင် အချိန်မရွေး ထုတ်ပစ်မှာလို့
မျက်လုံး ဒေါက်ထောက်ကြည့်နေတာပါ"

"အဲဒီလို ကြည့်နေရတဲ့အချိန်တွေ ဘယ်က ဖွဲ့ထွက်သွား
မင်း သိမှာပါ၊ ငါ ပြောချင်တာက မင်းရဲ့စားဝတ်နေရေးအတွက်
အလုပ်တစ်ခုမှာ မြဲအောင် ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် မင်း ကြိုးစား

မခ မျက်ဝန်းလေးတွေမှာ ရှုပ်ထွေးခြင်း ဖြစ်နေခဲ့လျက်
ကြည့်နေခဲ့မိ၏။

"ဒီရာထူးမျိုး ဘယ်မှာ သွားလျှောက်လျှောက် ရတယ်ဆို
မျိုး မင်း ထားနေတာ မကောင်းဘူး"

တည့်တည့်ပြောလာမှ နားလည်လိုက်သဖြင့် ရှက်သည်
ရှိန်းခနဲ ပူသွား၏။

ခုအပေါ်မှာ သတ်မှတ်ထားတဲ့ ပညာအရည်
ည်မှုတစ်ခုခုနဲ့ ဝင်လုပ်နေခဲ့တာဆိုရင် သူမ
ပိုသည်းခံရမယ်၊ သူများထက် ပိုကြိုးစားရတယ်"





ပြောနေတာတွေက အမှန်တွေပဲမို့ မခ ရှက်မျက်ရည်တွေ ဝေ့လာ
ကော ဘွဲ့ရပညာတတ် မဟုတ်ပါ။ သင် ..န်းဆိုတာလည်း ဒီမှာ
လုပ်ကာမှ အန်တီစန္ဒာ စီစဉ်ပေးခဲ့လို့ ..နဲ့ပျူတာ တက်ဖြစ်တာ
ည်း

တောင် ကျွမ်းကျင်အဆင့်ကို မဟုတ်သေး ..၊ သို့သော် ...

"ကျွန်မ အတတ်နိုင်ဆုံး သည်းခံ ကြိုးစားခဲ့ပါတယ်"

ကြိုးစားထိန်းချုပ်ပေမယ့် အသံတွေက ငိုချင်နေတာကို ဖော်
လုပ်နေကြ၏။

"လုပ်ငန်းပိုင်းမှာ ကိုယ့်ကြောင့် ဘာမှမ..ပ်ခိုက်ဘူးလို့ ထင်ခဲ့ပေ
က်ပိုင်းမှာ အလုပ်ချိန် နောက်ကျတာတွေ ခဏခဏ ဖြစ်ခဲ့လို့.."

မျက်နှာငုံ့ပစ်လိုက်တာကို မျက်ရည်သုတ်တာမှန်း သိကာ
နှာလေးပါ ငိုတော့မလို မဲ့ကျနေခဲ့၏။

သူမရဲ့ စိတ်ရင်းအခံကိုက အားနည်းသူကို စာနာတတ်တာဖြစ်
လုပ်ရှင်သူဌေးရဲ့ညီမတစ်ယောက် ဖြစ်နေတာတောင် ဒီလိုနေရာ
တော့ သိပ်မလိုက်ဖြစ်အောင် ရှောင်ခဲ့သည်။

ည်းကမ်းဆိုတဲ့စကားက အရမ်းကို မှန်ကန်သင့်မြတ်သော်လည်း
တဲ့သူနဲ့ တိကျပြတ်သားသူတို့ရဲ့ စီရင်ခန်းတွေကို မမြင်ချင်..။

"ပြောပါဦး .. ခဏခဏ နောက်ကျတဲ့အကြောင်း .."

သဒ်ကောင်း က ပြန်စမေးသည်။ မခ သူ့ကိုမကြည့်ဘဲ မျက်
မော့လာကာ ...

"အမေ နေမကောင်းလို့ပါ၊ အဲဒီလို ပြောကြတာ အလုပ်နောက်
န်ထမ်းတွေရဲ့ လက်သုံးစကားလို့ နောက် ... ရမှာစိုး
ဉ်နောက်ကျတိုင်း ..လူမှုရေး ရောလို့မရဘူး ဆိုပေမယ့် အ..
ဒါဆို ဆန်းသစ်တဲ့ ..ထောင်ထားတဲ့ စီးပွားရေးလုပ်ငန်း..မှာ ..
"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းလေးတွေ လက်ခနဲ ပင့်တက်လာသည်။ နည်းနည်း[illegible] နော မာနတော့ မဟုတ် ...။ ရလဒ်ကောင်း က နှုတ်ခမ်းလှုပ်ရုံ[illegible] ပြုံး၍ စိုက်ကြည့်နေလိုက်၏။

"ဘာအကြောင်းမှ ကျွန်မ မပြောပါဘူး၊ နောက်ကျတာကို ခွင့်လွှ[illegible] ပေးပါလို့ အကြိမ်ကြိမ် တောင်းဆိုလို့ မရမှန်းလည်း သိပါတယ်၊ အဲ[illegible] ကြောင့် ဒီနေ့ ကျွန်မ ကျေကျေနပ်နပ်နဲ့ အလုပ်က နုတ်ထွက်မှာ[illegible] တခြားမှာ ဘယ်လိုအလုပ် .. ဘယ်အဆင့်မှာပဲရရ ကျွန်မဘက်[illegible] အခြေအနေမကောင်းသရွေ့ အလုပ်တစ်ခုမှာ ဘယ်လောက်ကြာအော[illegible] လုပ်နိုင်မလဲဆိုတာလည်း မသေချာတော့ .."

"ရှိပြီ .."

ရလဒ်ကောင်း က စားပွဲပေါ်မှာ တင်ထားသည့် လက်နဲ့ပဲ [illegible] တားဆီးကာ ...

"ဒါဆို မင်းအမေက တော်တော် မကျန်းမာဖြစ်နေတာပေါ့"

"ဟုတ်ကဲ့ .."

"ဘာဖြစ်တာလဲ .."

"ရှင်!..."

မသိပါဘူးလို့ ပြောလိုက်ရင် ရှုံ့တယ်လို့ ထင်သွားမလား၊ [illegible] တကယ်ကို မသိပါ...။

"မင်းအမေက ဘာဖြစ်တာလဲလို့ မေးနေတာ"

မခ မျက်လွှာချလိုက်ပြီးမှ ပြန်မော့ကာ အားတင်းထားလိုက်သ[illegible] မျက်နှာလေးနှင့် ...

"အမေ ဘာ[illegible] ဖြစ်နေသလဲဆိုတာ ကျွန်မတို့ တကယ် သိ[illegible] မရပါဘူး၊ [illegible] ပွားသွား၏။ [illegible] ခံနိုင်လွန်းမှ အိပ်ရေး[illegible] [illegible] ခုအပေါ်မှာ သတ်မှတ်[illegible] လို မနေခဲ့တာ"

[illegible] ည်မှုတစ်ခုခုနဲ့ ဝင်လုပ်[illegible] သူမပြော[illegible] [illegible] ယ်၊ ဘယ်နေရာက [illegible]





ဘယ်ဆိုတာလောက်တော့ မင်း သိရမှာပေါ့၊ ဒါဆို ရောဂါကို မှန်းလို့ ရတယ် မဟုတ်ဘူးလား"

အလုပ်အကြောင်းကနေ ဘာဖြစ်လို့ အမေ့ကျန်းမာရေးကို ရောက်သွားတာလဲ ..၊ ဘာမှမဖြေနိုင်တာတွေမို့ မခ ငိုချင်လာပြန်သည်။

"ကျွန်မတို့မောင်နှမကို အမေက ပြုစုခွင့်လည်း မပေးပါဘူး၊ တော်ရာကကြည့်ပြီး အမေ ဘာဖြစ်နေသလဲ ..၊ ဘယ်လို ခံစားနေရတာလဲဆိုတာ ကိုယ့်ဟာကိုယ် ထင်ယောင်ဝါးနဲ့ပဲ တတ်နိုင်သလောက် ပြုစုပေးခဲ့ရတယ်"

ရလဒ်ကောင်း သာမက ဆု မျက်နှာလေးမှာပါ နားမလည်သလို ဖြစ်သွားကာ မခ ဘေးမှာပဲ ဝင်ထိုင်လိုက်ရင်း ...

"ဒါဆို မမတို့ရဲ့မေမေက .."

"တို့ တောင်းပန်ပါတယ်၊ သူဌေးကိုလည်း ကျွန်မ မဖြေနိုင်တာတွေကို မမေးပါနဲ့လို့ မေတ္တာရပ်ခံပါတယ်၊ ကျွန်မကို ဘာပြောစရာ ရှိနေသေးလဲဆိုတာပဲ သိပါရစေ"

"ဟုတ်ပြီ .. ငါ နားလည်ပြီ၊ မင်းရဲ့အိမ်တွင်းရေးကို စပ်စုမိသလို ဖြစ်သွားတဲ့အတွက် ဆောရီးပါ"

ရလဒ်ကောင်း က မှားသွားတာကို တောင်းပန်တော့လည်း ယဉ်မွန်နေပြန်သည်။

"မင်းကို မေးခွန်းတွေမေးပြီး ချိုးနှိမ်နေတာ မဟုတ်ဘူး၊ တကယ် လိုအပ်နေတဲ့သူအတွက် မနစ်နာစေချင်လို့ပါ၊ ဒါပေမယ့် မင်းက တစ်ဖက်မှာ ရင်ဆိုင်လာခဲ့ရတော့ ငါမေးတာတွေက မြင်မြင်ချင်း ဆောက်နဲ့ထွင်းသလို ဖြစ်သွားမှာပဲ"

သူပဲ ထပ်တောင်းပန်ကာ ...

"စီးပွားရေးနဲ့ လူမှုရေး ရောလို့မရဘူး ဆိုပေမယ့် အခြေခံ[illegible] အဖွဲ့အစည်းနဲ့ ထူထောင်ထားတဲ့ စီးပွားရေးလုပ်ငန်း[illegible]မှာ လူမှု



www.burmeseclassic.com

www.burmeseclassic.com



ရေးနှယ်ပယ်ကို မကြည့်လို့ မရဘူး၊ ဒီကုမ္ပဏီမှာလည်း တချို့နေရာတွေမှာ နူးနူးညံ့ညံ့ ကိုင်တွယ်ဖြေရှင်းပေးဖို့ အထက်ဝန်ထမ်းအားလုံးကို မှာထားတယ်၊ အဲဒီတော့ မှန်နေဂျာရှေ့မှာ မင်း ဖြစ်ခဲ့တဲ့ အပြစ် အကြိမ်ရေတွေကို ဖျက်လိုက်ပြီး အခု တစ်ကနေ ပြန်စလိုက်ပါ၊ တတ်နိုင်သမျှ ချို့ယွင်းချက်မရှိအောင် ကြိုးစားပေါ့၊ ဒီလိုပြောလိုက်ရင် ဒီလိုထင်မှာစိုးလို့ဆိုပြီး ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်နဲ့ ရေငုံနှုတ်ပိတ်နေတာမျိုးတော့ မလုပ်မိစေနဲ့၊ အကျိုးဖြစ်လာရင် အကြောင်းရှိရမယ်၊ မင်းမှာရှိတဲ့ အတိုင်း အကြောင်းရင်းကို ပြော..၊ မင်းရဲ့စကား မှန်မမှန် ဆုံးဖြတ်မှာက ဆုံးဖြတ်ခွင့်ရှိတဲ့လူတွေ လုပ်ရမယ့်အပိုင်း၊ ငါပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့ .. သူဌေးကို ကျေးဇူးတင်ပါတယ်"

လှိုက်လှိုက်လှဲလှဲ ပြောမိရင်း လက်ပေါ်မှာ လာထပ်ဆုပ်လိုက်သည့် ဆု ရဲ့လက်ဖဝါးနုနုလေးကို ကျေးဇူးတင်စွာ ပြန်၍ ဆုပ်ညှစ်မိသည်။

ဒုက္ခတစ်ခုကနေ အဆင်ပြေစွာ လွတ်မြောက်ခဲ့ဖူးတာ ဒါ ပထမဆုံး ...။





အခန်း [ ၂၂ ]

စေဒနာကို အသံမထွက်အောင် မျိုသိပ်ခံစားနေရင်း အပြင်ဘက် အသံတွေကြောင့် ဒေါ်မိမိ နားစွင့်လိုက်မိသည်။

"ငါ့မောင်ကို နင်တို့နဲ့ မပတ်သက်စေချင်ဘူးဆိုတာ မမှတ်မိသေး ပ်ပြောလိုက်မယ် ဆွေသင်း၊ နောက်ထပ် မောင်လေးရှိတဲ့နေရာ ရှာဖွေသွားတာမျိုး မလုပ်ပါနဲ့"

"အစ်မကလည်း .. ကိုစာ ကလည်း ဆွေသင်း တို့ အစ်ကိုပါပဲ"

တံခါးဝမှာ ပိတ်ရပ်ထားရင်း ဘောင်နှစ်ဖက်မှာပါ လက်တွေကာ ကိုင်ထားသည့်ပုံစံနှင့် မခ က မဲ့ပစ်သည်။

ဆွေသင်း ကလည်း မခ ထက် အောက်တစ်ထစ်နိမ့်သည့် ားထစ်မှာ ရပ်နေပေမယ့် မျက်နှာလေးက တင်းလျက် ...

"ဆွေသင်း တို့က ကိုစာ ကြောင့် အမေ စောစောအသက်ထွက် တဲ့အထိ ဖြစ်ခဲ့တာတောင် အတေးအမှတ်ထားခဲ့တာ မဟုတ်ဘူး"

"ဘာ!... ကိုစာ ကြောင့်လဲ၊ နင်တို့အမေက အစတည်းက အသက် ည့်ချောင်းဝမှာ တစ်နေတာ၊ အဲဒါ နင်တို့အဖေရဲ့ ဒေါသလုံးကြောင့် င့်ထွက်သွားတာ နေမှာပေါ့၊ ငါ့မောင်လေးနဲ့ ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

"ဆွေသင်း တို့ အဖေက အစ်မတို့ အဖေပါပဲ"

"ဟုတ်လား .. ငါတို့ကတော့ အနိုးခံလိုက်ရတဲ့ ပစ္စည်းတစ်ခုလို့ပဲ သဘောထားခဲ့တာ"

အထဲဝင်ခွင့်မပေးဘဲ မစာမနာပြောနေသည့် မခ ကို ဆွေသင်းက အံလေးကြိတ်၍ ကြည့်၏။

"အနိုးခံရတာပဲ ပြောမနေပါနဲ့ အစ်မရယ် .. နိုးတဲ့လူက အပြစ်လား .. အနိုးခံရအောင် စည်းကမ်းမဲ့တဲ့လူကရော .."

"ဟား!... မေးရဲသေးတယ် ဆွေသင်း၊ အဲဒါကြောင့် နင် ဒေါ်သီတာ့ ရဲ့သမီး ဖြစ်လာတာ ထင်တယ်"

ဆွေသင်း မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

"နင့်လက်ထက်ကျမှ အနိုးခံရတဲ့လူနဲ့ နိုးတဲ့လူအတွက် တတ စီရင်ချက်ချဖို့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းဖို့ ကြိုးစား၊ ငါတို့ကတော့ နိုးတဲ့လူနောက်ကို သက်မဲ့ပစ္စည်းတစ်ခုလို ပါသွားတဲ့ အဖေကိုရော အဲဒီကနေ ဆက်နွယ်လာတဲ့ သွေးသားတော်စပ်ခြင်းတွေကိုရော အားလုံး ခေါင်းထဲက ထုတ်ထားတယ်၊ ငါတို့ဘဝမှာ အမေရှိရင် ပြည့်စုံတယ်၊ ငါ့အမေ ဘာတွေလုပ်လုပ် ဘယ်လိုနေနေ ဘယ်သူတွေ ဘာပြောပြော ငါတို့ဘဝတွေကို လုံခြုံအောင် အုပ်မိုးပေးနိုင်တဲ့ ထာဝရ ကိုးကွယ်ရာပဲ"

ဆွေသင်း က ဆံပင်ရှည်တွေ ဖြန့်ချလျက် ဖြူနုဝင်းစက်နေသည့် မခ မျက်နှာကို စိန်းစိန်းကြည့် ကြည့်၍ လှေကားထစ်ကို နောက်ပြန် တစ်ထစ် ဆင်း၏။

ပြီးတော့ ...

"အစ်မကလည်း အမေတူ သမီးပါပဲ"

လို့ ပြောပြီးမှ မဲ့၍ ...

"လူရော .. စိတ်ရော"





"ဟုတ်တယ် .. မောင်လေးကိုပါ ဒီတိုင်းဖြစ်ဖို့ ကြိုးစား သိမ်းသွင်းဆဲမှာ၊ မေတ္တာစမ်းရေကို ရှာနေရင်တောင်မှ ထာဝရ မခန်းတဲ့ စမ်းရေကို ရှာတတ်ဖို့ .."

အပြန်အလှန် စကားသံတွေကို ကြားနေရင်က မှိတ်ထားခဲ့သည့် ကော့ညွတ်သော မျက်တောင်များတို့အတွင်းမှ မျက်ရည်ပူတွေ တလိမ့်လိမ့် ဆင်းလာခဲ့၏။

ဒါပေမယ့် မျက်နှာကို ခေါင်းအုံးပေါ်မှာ ငုံ့စောင်း ဖိကပ်ကာ မျက်ရည်တို့ကို ဖျောက်ဖျက်ပစ်လိုက်သည်။

ဘဝမှာ အမုန်းဆုံးက ဒီမျက်ရည်စက်တွေ ..။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၂၃ |

"ဆွေသင်း .."

နောက်က ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ စာမျက်နှာ ရယ်..၊ ဆွေသင်း မျက်ခုံးတန်းလေးတွေ တွန့်ကုတ်သွား၏။ မကြည်တဲ့ စကား ပြောမလို့ပေမယ့် ကိုယ့်မှာ ပြဿနာတစ်ရပ် ရှိနေသေးသည်။

စာမျက်နှာ က ရှပ်အင်္ကျီလက်တို အပြာနုရောင်နှင့် ခိုပြာရောင် ရင့်သည့် ဘောင်းဘီရှည်ကို ဝတ်ထား၏။ ရင်ဘတ်မှာ စက်ရုံတံဆိပ် အမှတ်အသားနှင့်ဖြစ်ပေမယ့် ဝတ်စုံကြောင့် လူက ပို၍ ရှင်းသန့်ဖြူနု နေ၏။ ကိုယ်ခန္ဓာသွယ်သွယ် အရပ်မြင့်မြင့်နှင့် မရှည်မသွယ် ဖြူဝင်း သည့် မျက်နှာထက်မှာ မျက်ခုံးထူထူ နှစ်ဖက်က စိမ်းနက် ထူခဲနေ၏။

ကိုယ့်အစ်ကိုပေမယ့် မြင်လိုက်ရတိုင်း ကိုစာ တို့မောင်နှမ ဆု တောင်းကောင်းကြသည့်အဖြစ်ကို ဆွေသင်း တွေးမိခဲ့သည်သာ ..။

"ဘာကြည့်နေတာလဲ .. အဖေ နေကောင်းလား"

ပခုံးကို ကိုင်လှုပ်လိုက်မှ ခေါင်းညိတ်ဖို့ သတိရသည်။

"ကောင်းပါတယ်.. ကိုစာ တို့ မောင်နှမကြည့်ရတာ ဇယားအသစ် ရှေ့ပြီး ပွင့်မိနေကြတယ်ထင်တယ်၊ ဟိုတုန်းကလို မဟုတ်တော့ဘူးနော်"

ပြောပုံက နားထဲကို ထော်လော်ကန့်လန့် ဝင်၏။ စာမျက်နှာ မကြားလိုက်သလိုပဲ နေ၍ ...





"အဖေ စက်ရုံတစ်ခုမှာ အလုပ်လုပ်နေတယ်ဆို.. ဘယ်စက်ရုံလဲ"

"ကိုစာ တို့လို ကုမ္ပဏီစက်ရုံကြီးတွေတော့ မဟုတ်ဘူးထင်တာပဲ"

ဆွေသင်း က လွယ်ထားသည့်ကြိုးရှည်အိတ်ကို ပခုံးပေါ် ထပ်ဆွဲ တင်လိုက်၊ ကိုယ်ကိုလှုပ်၍ ကစားနေလိုက်နှင့် စာမျက်နှာ ကိုလည်း ခြေဆုံးခေါင်းဆုံး ကြည့်သည်။

"ဆွေသင်း တို့လည်း သေချာ မသိဘူးလေ၊ အဖေကလည်း သိစေ ချင်ပုံ မရှိတော့ မမေးဘဲ နေလိုက်တာပေါ့၊ အခုကက စားဖို့သုံးဖို့ မပူပင်ရဘူးဆို ပြီးတာပဲ"

ပြောနေပုံကို ကြည့်ပြီး စာမျက်နှာ မျက်မှောင်ကုတ်သွားသည်။ ဒါကို ဆွေသင်း က ပြန်ကြည့်ပြီး မဲ့သည်။

"သားသမီး လုပ်စားရတာလည်း မလွယ်ဘူး ကိုစာ သိလား၊ မိဘက ရှာပေးသလောက်နဲ့ လှအောင် ဝတ်ရတယ်၊ ဝအောင် စားရ တယ်၊ မလှလည်း ဒါပဲ၊ မဝလည်း ဒါပဲလေ"

"ပိုလှချင်ရင် ပိုရအောင် ရှာပေါ့ဟာ၊ နင်တို့လည်း ကလေးတွေမှ မဟုတ်တော့တာ"

"အို .. ကလေးတွေ မဟုတ်ပေမယ့် ကျောင်းမှ မပြီးသေးတာ ကိုစာ ကလည်း .."

လမ်းဘေးမှာ စကားပြောနေတာမို့ ဆွေသင်း က ကွမ်းယာနဲ့ ငုံးဥပြုတ်ရောင်းသည်တွေဆီ မျက်လုံးဝေ့သည်။ ပြီးတော့ ဟိုအဝေးက ပန်းရောင်းနေသည့် လူငယ်တွေဆီ လှမ်းကြည့်၍ ...

"ခုနေ ဆွေသင်း တို့က အလုပ်လုပ်ပါရစေ ပြောရင်တောင် အဖေ က ခိုင်းစားမှာ မဟုတ်ဘူး၊ သားသမီးဆိုတာ အိမ်ထောင်ရက်သား မကျ မချင်း လက်မလွှတ်သေးတဲ့အရွယ်ပဲတဲ့၊ အားလုံးက မိဘ ဝန်တဲ့ မိဘမပီသတဲ့လူတွေကျတော့လည်း .."

"ဆွေသင်း .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် မလိုက်ဖက်သည့်မျက်နှာဗို့ စာမျက်နှာ ရဲ့မျက်ခုံးတန်းတွေ ကသုတ်ကယက် တွန့်ကျသွားတာပဲရှိကာ မျက်ဝန်းတို့သည် အမြဲတမ်း နူးညံ့နေသည့်အတိုင်း ...

"ငါတို့မိသားစုကို မကူညီချင်ရင် နေပါ၊ ကဲ့ရဲ့ဝေဖန်ခြင်းနဲ့ မနှောင့်ယှက်ပါနဲ့"

"မဝေဖန်ပါဘူး၊ ဟိုမှာ မြင်နေရတာတွေကိုကြည့်ပြီး ပြောပြတာ"

ပြုံးစစ မျက်နှာလေးနှင့် ဆံပင်တွေကို ဟန်ပါပါသပ်လိုက်သေးသည်။ ပြီးမှ ...

"ကိုစာ အမေ့ကိုလာလာချောင်းတယ်မို့လား.. အဲဒါ အမေသိတယ်"

"ငါ ချောင်းတာ မဟုတ်ပါဘူး၊ အဲဒီဘက်ရောက်လာလို့ မြင်ရမလားလို့ ကြည့်တာ ..၊ အမေက ဘာပြောနေလဲဟင်"

ပြောလိုက်ချင်တာက အမှန်အတိုင်း၊ သို့သော် ...

"ဘာမှမပြောပါဘူး .. မျက်နှာကြီးတော့ တင်းနေတာပေါ့၊ ဒါပေမယ့် မျက်နှာတင်းတိုင်း မုန်းနေတာလို့တော့ တွက်လို့ မရပါဘူး၊ ကိုစာ မလာတာကြာပြီဆိုတော့ ရင်ထဲမှာ ဒေါသကြိတ်ဖြစ်နေလားမှ မသိတာ၊ ကိုစာ ပြောနေသလို သွေးသားအရင်းမှန်ရင် တစ်နေ့နေ့မှာ သွေးက စကားပြောမှာပဲဆိုတာ .."

ဖြစ်နိုင်ပါ့မလား ..၊ မဖြစ်နိုင်ဘူးဆိုတာ သိပေမယ့် ရင်ထဲမှာ တစ်ချက်တော့ လှုပ်ရှားသွားသည်။ ဆွေသင်း က အကဲခတ်ပြီး ကြိတ်ပြုံး၏။

"အရင်လိုပဲ ဝင်ထွက်ပေါ့ ကိုစာ ရဲ့ ..၊ ဆူတော့ ရိုက်တော့ ဘာဖြစ်လဲ၊ ကိုစာ မလာရဲဘူးမို့လား .. အန်တီမိ ကို ကြောက်လို့လေ"

"မဟုတ်ပါဘူး .. အမေ့ကျန်းမာရေးက လောလောဆယ် အရေးကြီးနေလို့ပါ"

ပြောနေရင်း စာမျက်နှာ က ဘောင်းဘီအိတ်ထဲက တစ်ထောင်တန် အခေါက်လေးတစ်ခေါက်ကို ထုတ်၍ ...





"ဒီမှာ တစ်သောင်းနှစ်ထောင် နင်တို့ တော်ရုံလိုအပ်တာလောက်ကို အမေ့ကို နားမပူပါနဲ့ဟာ၊ အမေက အသက်ကြီးပြီ"

ပိုက်ဆံကိုမြင်တော့ ဆွေသင်း မျက်နှာ ဝင်းထိန်သွား၏။ ခုချိန်မှာ အလိုအပ်ဆုံးက ပိုက်ဆံ၊ ချစ်သူနဲ့တွေ့ဖြစ်တိုင်း သူကျွေးတာပဲစားနေခဲ့ရသည်မို့ ဒီနေ့အဖို့တော့ ဆွေသင်း ဟန်ကိုယ်ဖို့ လုပ်လို့ရပြီ။

ပိုက်ဆံကို အိတ်လေးထဲ သေချာထည့်လိုက်ပြီးမှ ...

"ဒါဆို အဆင်ပြေတာပေါ့၊ ဆွေသင်း တို့ ဘာပဲလိုလို ကိုစာ့ကို ပြေးပြောလို့ ရပြီ"

အဲဒီလောက်ထိတော့ မတတ်နိုင်တာမို့ ဆွေသင်း ပြောလိုက်တာကို ရင်ထဲမှာ လေးလံသွား၏။ ဒါပေမယ့် သူ 'ဟင့်အင်း'လုပ်လိုက်ရင်လည်း အမေ့ခေါင်းပေါ်မှာ တနင့်တပိုး ..။

"ကိုစာ .."

ဆွေသင်း က ပြုံးချိုသည့်မျက်နှာနှင့် ...

"ဆွေသင်း ချစ်သူနဲ့ မိတ်ဆက်ပေးမယ်"

"ဟာ .. ငါ အချိန်မရပါဘူး၊ ဟိုမှာ ပစ္စည်းချနေတုန်း နင့်ကို တွေ့လိုက်လို့ ပြေးလိုက်လာတာ"

ဒီကောင်မလေး ရည်းစားထားတာကိုပဲ ကြွားစရာလို မြင်နေသလားမသိ၊ ဒါမှမဟုတ် ရွှေထုပ်ကောက်ရတဲ့လူလို ထားစရာမရှိ ဖြစ်နေသလား။

"ကိုစာ ကလည်း အခု သူလာတော့မှာ၊ တကယ်ပဲ ဆွေသင်းကို အထင်မသေးပါနဲ့၊ စိတ်ဓာတ် စာရိတ္တ လုံးဝ ရှယ်ကို ရွေးထားတာ၊ သူကလည်း ချစ်တယ်၊ ဆွေသင်း ကလည်း ချစ်တယ်၊ ရုပ်တော့ သိပ်မချောပါဘူး၊ ဒါပေမယ့် အသွားတစ်ယောက်တည်းနဲ့နေတာဆိုတော့ စကားများရမယ့်အပေါက်အစပ်တွေလည်း မရှိဘူးလေ"

ဆွေသင်း တို့က စကားပြောလည်း ဤသို့ ယဉ်ကျေး၏။

"ကမ်းနားသဘော်ာဆိပ်မှာ ညစောင့်ဆိုပေမယ့် ရေလျှံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး .. နင်တို့က ဘယ်လိုတွေ့ကြတာလဲ"

"တွေ့လား .. စိတ်ဝင်စားသွားပြီ၊ အဲဒါကြောင့် ခဏာ လိုက်ကြ ပါလို့ ပြောတာပေါ့၊ သူက ရုပ်နည်းနည်းဆိုးပေမယ့် ကြည့်ပျော်ရှု ခန့်ခန့်ညားညားပါ၊ တွေ့ကြတာကတော့ ဒီလိုပဲ သွားရင်းလာရင်း

ပြောပြီး ရယ်သေးသည်။ ရုပ်မချောတဲ့အဆင့်ကနေ ရုပ် နည်း နည်းဆိုးသည် ဖြစ်သွားသဖြင့် စာမျက်နှာ ပြုံးလိုက်မိကာ ဆွေသ အလှအပကြိုက်တာကိုလည်း သနားသွားမိသည်။

"ကိုစာ က ဘာပြုံးတာလဲ၊ ဆွေသင်း က ကိုယ့်ဘဝအတွ တကယ် လုံခြုံမှာ အားကိုးရမယ့်လူကို ရွေးထားတာ"

"စာမျက်နှာ .."

သူတို့ စကားပြောနေတုန်း စာမျက်နှာ နှင့် ဝတ်စုံတူတစ်ယော ရောက်လာပြီး ပခုံးပုတ်၍ ...

"ပြီးပြီ .. သွားမယ်"

"ဟင်!... အေး .. အားလုံး အတိအကျလား"

"အတိအကျပဲ .. အားလုံး အိုခေ"

သုတ်သုတ်ပျာပျာ ပြန်ထွက်သွားကြတော့ နှုတ်ဆက်ဖော်ပေ မရတာကို ဆွေသင်း မျက်စောင်းထိုးမိ၏။ ဒါပေမယ့် ခဏာအတွင်း ပြုံးယောင်သမ်းလျက် ပိုက်ဆံတွေ ပြန်ဖွင့်ကြည့်မိသည်။ ဒီပုံစံဆို ကို နီးနီးမှာထားလို့ရအောင် ကြံဦးမှပါ ...။

ငွေလိုတဲ့အချိန် ရှာဖို့က သူ့အလုပ်က ဘယ်မှာမှန်း မသိ၊ အိမ် သွားရှာပြန်ရင်လည်း ဟိုသားအမိကို ကြောက်ရသေးသည်။

ဒီကိစ္စ ဟိုကောင်တွေကို ပြောပြလိုက်ရင်လည်း ဝမ်းသာသွား မှာ သေချာ၏။ အခုက လိုအပ်နေတာက စိတ်အကြိုက် အိတ်နှိုက် နိုင်ဖို့ ငွေတွင်းတစ်တွင်း ...။





## အခန်း [ ၂၄ ]

"စာမျက်နှာ .."

အလုပ်လုပ်နေတုန်းမို့ လှည့်ကြည့်ရုံပဲ ကြည့်မိကာ ကားပေါ်တင် သည့်ပစ္စည်းတွေကို မှတ်ရင်း လက်ပ်တော့ပ်တစ်လုံးနှင့် အလုပ်ရှုပ် နေ၏။ ဆု ကလည်း စာမျက်နှာ ရှေ့လျှားနေတဲ့အတိုင်း မကပ်မခွာ ရှိနေကာ ထပ်မခေါ်တော့ပေမယ့် ပြန်လည်း ထွက်မသွား ...။

"နင် ဘာလုပ်နေတာလဲ ဆု .."

ကလေးဆူသလို ခပ်ကြိတ်ကြိတ် လှည့်ပြောတော့ ဆု က မျက် ဝင်လေးခတ်ရင်း ရှုံ့တွတွနှင့် ...

"ဘာလုပ်နေလို့လဲ .. ဒီမှာ တိတ်တိတ်ဆိတ်ဆိတ် စောင့်နေတဲ့"

"အဲဒါ အပြင်မှာ သွားစောင့်ပါလား၊ ဂိုဒေါင်ရှေ့မှာ သူများတွေ ကြည့်ကုန်ပြီ"

"မကြည့်ပါဘူး .. သူတို့အလုပ် သူတို့ လုပ်နေကြတာ"

ဆု က ခေါင်းမာသည့် မျက်နှာလေးနှင့် ခပ်တည်တည်

"ဆု က ဒီနေရာတွေမှာ ပြေးလွှားကစားပြီး ကြီးပြင်းတာ၊ ဒီလိုပဲ နေနေကျ"



www.burmeseclassic.com

www.burmeseclassic.com



ညာပြောပေးလိုက်သည်။ မဟုတ်ရင် ထွက်သွားပါတော့လို့ ဆ
ကြားချက် ထပ်ပါလာမှာကို သိပြီးသား ..၊ ပြီးတော့ မကျေမနပ်
လှည့်သွားသည့် မျက်နှာပေါ်က ထူနက်သည့် မျက်ခုံးတန်းတို့ကို
ကနေ စိမ်ပြေနပြေ ငေးနေလိုက်၏။

စာမျက်နှာ သည် မိန်းကလေးတစ်ယောက်ရဲ့မျက်နှာလို နူး
နေတာမျိုးတော့ မဟုတ်ဘဲ ကြမ်းရှစေမည့် ဝက်ခြံအဖုအပိန့်တို့ ရှိ
ခြင်းကြောင့် တစိမ့်စိမ့်ကြည့်လေ ချောလေ ..၊

မပြုံးဘဲ ရီဝေစွာ ကြည့်တတ်တာလေးကို စွဲသည်။ ပြုံးရယ်
မျက်နှာမော့သွားတတ်ပုံတွေကို ညအိပ်ရာဝင်တဲ့အထိ ဖျောက်လို့

ပြီးတော့ မြင့်မားသွယ်လျသော အဆီပိုမရှိသည့် ကိုယ်ဟန် ..

ဘယ်သူတွေ ဘယ်လိုမြင်သလဲတော့ မသိ၊ ဆု မျက်လုံးထဲ
စာမျက်နှာ ဟာ ရာဇဝင်တွေထဲမှာ နာမည်ကျော်ခဲ့တဲ့ မင်းသားတွေ
မဟာဆန်သည်။ ခုခေတ် ဇာတ်လိုက်မင်းသားတွေနဲ့လည်း
မဆိုင်..၊ ထို ယောက်ျားလေးသည်။ သူမရင်ထဲမှာ တခမ်းတနား
တခြား နိုဝင် စံမြန်းနေခဲ့တာ စွဲစွဲလမ်းလမ်း ..။

"စာမျက်နှာ .. မင်း ခဏနားလေ၊ ကျော်ဦး တို့ ရှိတယ်မို့

မန်နေဂျာကိုယ်တိုင် လာပြောသဖြင့် လှည့်ကြည့်လိုက်တော့
က မျက်ဝန်းလေးတွေ ဟိုပို့ဒီပို့ ..၊ သူမ ရောက်လာပြီဆို အမြဲ
ဒီတိုင်းသာ ..။

"ငါ မျက်နှာပူလို့ပါ ဆု ရာ .. နင် ထားတဲ့နေရာမှာ ငါ နေ
ကျေနပ်တော့ပေါ့၊ ခဏခဏ ဘာလာလုပ်တာလဲ"

"အံမယ် .. ဘယ်မှာ ခဏခဏလဲ .. တစ်ပတ်မှ တစ်ခါ
တည်း"

နားကွင်းဝိုင်းလေး တလှုပ်လှုပ်နှင့် အဖြူရောင် ချည်သား
လေးရဲ့ကြိုးကို အလုပ်မရှိ ပွတ်လိမ်နေသေးသည်။





အလုပ်လုပ်နေပြီဆို လာခေါ် ..၊ ပြီးတော့ အပြင်မှာ စားကောင်း
သောက်ဖွယ်တွေ လိုက်ကျွေးပြီး ပြန်၊ ဘာလုပ်တာလဲ ..။

"နင် ဒါတွေ ငါ့ကို စားစေချင်တာမို့လား .. စားပြီးပြီးလေ၊ ခဏ
ခဏ စားနေရတာပဲ၊ ငါ ပြောတာ နင့်အတွက်ပါ ဆု ရယ်.. နင် ငါနဲ့
ဆက်ဆံပြီး ပုတ်ခတ်ပြောတာတွေ ခံရရင် ဘယ်လောက် နစ်နာသွား
မလဲ တွေးမိရဲ့လား .."

"မသိဘူး .. ငါ့အတွက်ဆိုရင် မပြောနဲ့တော့၊ ငါ နင့်ကို အကြာ
ကြီး မမြင်ရရင် မနေနိုင်ဘူး"

စားသောက်ဆိုင်ထဲမှာ မျက်နှာချင်းဆိုင် ထိုင်နေကြသဖြင့် နှုတ်
ခမ်းစုတွေးတွေး နီရဲရဲလေးနဲ့ မျက်နှာလေးကို ဒီတိုင်းပဲ ထိုင်ကြည့်နေ
မိသည်။ ဆု ကတော့ သူ့မျက်ဝန်းတွေထဲမှာ ဘာရှိနေသည်လို့ တွေး
ကြည့်သည်မသိ။ အိတ်လေးကို စားပွဲပေါ် တင်လိုက်ပြီး သွားလေးတွေ
ပေါ်အောင် ရယ်၏။

"ခုဆို အန်ကယ့်ကိုလည်း ငါ စည်းရုံးထားတယ် သိလား၊ ငါ့ကို
.. နင့်ကိုရော သူ လုံးဝ မြင်မှာ မဟုတ်တော့ဘူး၊ ပူမနေနဲ့"

"ဆု .."

"ဟင် .."

"နင့်ကို လူတချို့က မိန်းမနောက်ပိုးလို့ ထင်သွားရင် နင် မရှက်
သွား"

"ဘာ!..."

ဆု မျက်နှာလေး တည်သွားတော့ သူ့မျက်နှာကို ပြန်လွှဲချရ
ခပ်လွှဲလွှဲနေရင်း ...

"ငါ့ဘက်က နင့်ကို အလိုက်အထိုက်နေပေးနိုင်တဲ့အင်အား မရှိ
အဲဒီအတွက် နင့်အမှုအရာတွေက တစ်ဖက်သတ် ဖြစ်နေနိုင်တယ်"

"သူများတွေကို ထားလိုက်စမ်းပါ၊ နင်ရော ငါ့ကို ဘယ်လိုထင်



www.burmeseclassic.com

www.burmeseclassic.com



လဲ .."

မျက်လုံးချင်း ပြန်ဆုံသွားကြသည်။ တစ်ယောက်သည် ... စကားလုံး ရွေးနေရလျက် တစ်ယောက်က မျှော်လင့်ခြင်း ..။

"ပြောလေ .. နှင် ငါ့ကို လေတစ်လုံး မိုးတစ်လုံး ဖိယော... တာတွေက နှင့်ကို ငါ ပိုးပန်းနေတယ် ထင်လို့လား .."

စာမျက်နှာ က မဖြေ ..။

"နှင် ငါ့ကို အထင်သေးနေတယ်ပေါ့၊ ပြောစမ်းပါ"

"မသေးပါဘူး .. အရမ်းပွင့်လင်းပြီး စာနာသူ့ာတာတ... သူငယ်ချင်းကောင်းပါ၊ အဲဒါကြောင့် သူများတွေ ပါးစပ်ထဲမှာ... ကြောင့် နှင့်ရဲ့ဂုဏ်ကျက်သရေ ညှိုးမှိန်သွားမှာ စိုးတာ"

ဆု မျက်နှာလေးမှာ စိတ်ပျက်သည့်အမူအရာတွေ ဖြစ်သွားခဲ့လျ...

"သူများတွေ ဘယ်လိုထင်ထင် ငါ ဖြေရှင်းနိုင်တယ် စာမျ... နှင့်ရင်ထဲမှာ ရှိတာတွေကိုပဲ ငါ မပြောင်းလဲနိုင်တာ၊ ခုနက နှင့်ပြော... အလိုက်အထိုက် နေမပေးနိုင်ဘူးဆိုတဲ့ စကားက ဘာလဲ ..၊ ငါ့... အရာတွေ တစ်ဖက်သတ် ဖြစ်နေနိုင်တယ်ဆိုတာကရော ဘယ်အ... အတာထိလဲ"

စာမျက်နှာ အသံတိတ်နေပြန်သည်။ ဆု အားမလိုအားမရ ဖြ... ရင်း ...

"ပြောလေ စာမျက်နှာ .. ငါ့အမူအရာတွေအပေါ်မှာ နှင်... ဘယ်လို ခံစားမိသလဲ ..၊ နှင်က တည်ငြိမ်နေနိုင်ပြီး ငါကတော့ ... ဖြစ်နေတာလေ၊ အဲဒါကို ရိုးရိုးသားသားလို့ပဲ နှင် ထင်နေတာ... မညာနဲ့နော် .."

ခုနကပဲ ငါ့ကို အထင်သေးနေတာလားလို့ မေးနေသေးသည်... ခု ထပ်ပြီး မရိုးသားတာကို အတည်ပြုခိုင်းနေပြန်ပြီ..။ ဆု မေးနေ... တွေကို သူ နားလည်သည်။ ဒါပေမယ့် အကောင်းဆုံးအဖြေကို မသိ...





"နှင် ငါ့ကို အားနာလို့ မဖြေတာလား၊ မနာပါနဲ့ .. သူငယ်ချင်း ...းဆိုတဲ့အဖြေကလွဲရင် နှင် ဘယ်လိုငြင်းတယ် ပြောပြော ငါ ...ဆိုးဘူး"

...သာပြန်ပြီ ..၊ ပွေ့မွေးစပြုလာသည့် မျက်နှာကို တစ်ဖက်လွှဲဖို့ ပြင် ...တာနှင့် ဆု က စားပွဲပေါ်က သူ့လက်ကို ဖတ်ခနဲ လှမ်းပုတ်ကာ...

"နှင် မဖြေရင် ငါ ပြောမယ် .."

...မျက်လုံးချင်း ပြန်ဆုံကြစဉ်မှာ အဖြူရောင်တွေ ညှိုးဖျော့ကုန်လျက် ...လုပ် ပြေးလွှားနေသမျှအရိပ်တွေဟာ ပန်းနုရောင်တွေပဲဖြစ်လျက်...

"ယောကျ်ားတစ်ယောက်အတွက် အချစ်ရဆုံး မိန်းမနှစ်ယောက် ...၊ တစ်ယောက်က သူ့အမေ၊ တစ်ယောက်က သူ့ရဲ့ အချစ်ရဆုံး ...သူ .."

ဆု ရဲ့မျက်ဝန်းလေးတွေထဲမှာ စွဲနစ်လျက် ဟန်ဆောင် တိမ်းရှောင် ...ဖို့ သူ သတိမေ့နေခဲ့၏။ ထူးဆန်းစွာ လှိုက်ခါတုန်ယင်လာသည့် ...တ်ထဲကအသံတွေက တစ်ဆိုင်လုံးမှာ ဆူညံနေသမျှကို ထွင်း ...၍ ...

"မိန်းမတစ်ယောက်အတွက်လည်း ဒီတိုင်းပဲလေ၊ ငါ့ဘဝမှာ ...လို ချစ်ခင်အားကိုးခဲ့ရတဲ့ ကိုကို တစ်ယောက်ကလွဲရင် တစ်စိမ်း ...ယောကျ်ားလေးဟာ နှင်ပဲ ..၊ အဲဒီတော့ ငါ့ရင်ထဲမှာ နှင့်ကို ဘယ်လို ...မှတ်ထားတယ်လို့ ထင်လဲ"

မထင်ချင်ဘူး ..၊ ရင်ထဲမှာ ရှိပေမယ့် ပါးစပ်က လွှတ်ခနဲ မပြော ...မိ ..၊ စာမျက်နှာ မျက်ဝန်းတွေကို တခြားလွှဲပစ်ရင်း ဆံပင်တွေထဲ ...ရောက်၏။

သူမနဲ့ပတ်သက်ခဲ့ပြီးမှ တွေးပူခဲ့ရသည့် မလိုချင်ဆုံးနေ့ဟာ ဒီနေ့...



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၅ ]

"မမ အမေ့အခြေအနေ ဘယ်လိုနေလဲ"

အလုပ်ကပြန်လာတော့ ည ကိုးနာရီခွဲ ..၊

လွယ်အိတ်နဲ့ ကိုင်ထားသည့်အထုပ်ကို ချထားလိုက်ပြီး အ
အိပ်ခန်းဆီ ခြေဦးလှည့်လိုက်သည်မို့ မခ က ဆွဲထားကာ ...

"ဆေးသောက်ပြီး အိပ်နေတယ် မောင်လေး .. မသွားနဲ့.."

မျက်နှာကို မော့ကြည့်ပြောပြီးမှ စာမျက်နှာ သေချာစိုက်ကြ
လိုက်တာနှင့် မခ ချက်ချင်း ငုံ့ပစ်လိုက်၏။ ပြီးတော့ လက်မောင်း
ကိုင်ထားသည့်လက်ပါ ပြုတ်ကျသွားလျက် လှည့်ထွက်သွား၏။

"မမ .."

စာမျက်နှာ မခ ရှေ့ကို ရောက်အောင်သွား၍ ပခုံးလေးနှစ်ဖက်
ကိုင်ကာ မျက်နှာကို သေချာငုံ့ကြည့်သည်။

"မမ ငိုထားတာလား .. အမေ ဘာဖြစ်နေလို့လဲ၊ မောင်လေး
ပြောစမ်းပါ"

"ဘာမှမဖြစ်ပါဘူး၊ ဟိုနေ့တွေကအတိုင်းပဲ"





ပြန်ဖြေပေမယ့် မမ မျက်နှာမကောင်းသေးတာကို သူ သိနေကာ...

"မမကို အမေ တစ်ခုခု ပြောလိုက်လို့လားဟင်"

မခ မျက်ရည်ဝဲ့ဝဲ့နှင့် မော့ကြည့်ကာ ဘာမှမဖြေ ..၊ ပြီးတော့
င်နှမနှစ်ယောက် မျက်လုံးချင်း ဆုံမိကြပြီး ...

"မောင်လေးရယ် .."

ရင်ခွင်ထဲတိုးဝင်ပြီး ငိုချလိုက်သဖြင့် စာမျက်နှာ ပါးစပ်အဟောင်း
အား ဖြစ်သွား၏။ ပြီးတော့ ရင်ထဲမှာ ပူလောင် ပြင်းရှသွားကာ ...

"မမ .."

ပခုံးလေးနှစ်ဖက်ကို ကိုင်လိုက်ပြီး ရင်ခွင်ထဲက ခွာမလို့ဟာ
မျက်နှာချင်းဆိုင် မကြားရဲသလို ဖြစ်ကာ မခွာဖြစ် ..။

အမေ တစ်ခုခုဖြစ်နေပြီကို သူ သိလိုက်ပြီ ..၊ ဘာဖြစ်တာလဲ..။
မမ သိနေနိုင်တာကို တွေးမိပေမယ့် မကြားရဲပေ ..၊ သို့သော်...

"မမ .. အမေ့မှာ ရောဂါတစ်ခုခု ဖြစ်နေလို့လား .. အမေ ဆူလို့
လား .. တစ်ခုခု ပြောပါ မမရာ"

မေးနေပြီး မခ မျက်နှာမော့လာမှာကို မလိုလားစွာ ပခုံးကို သိမ်း
ဖက်ထားမိ၏။ ထို့နောက် မျက်ရည်တွေက တက်ညီလက်ညီ ..၊

စာမျက်နှာ ဘယ်လောက်ထိ တုန်လှုပ်ချောက်ချားသွားတာကို မခ
သိလိုက်သည်မို့ အမေ့ရောဂါအကြောင်းကို ပြောရခက်သွားသည်။

သူမ သိခွင့်ရခဲ့သည်က ဦးသခ် ပြောပြသွားတာဖြစ်ကာ သူက
သည်း ဒါကို အထူးတလည် အသိပေးချင်တာ မဟုတ်ဘဲ အမေက
ငြင်းနေခဲ့သည့် မကျေနပ်ချက်ကို ပြောရင်းနဲ့ ပါလာတာ ဖြစ်သည်။

"သူက သေလူဖြစ်နေပြီတဲ့ .. သူ့မှာ သားအိမ်ကင်န်ဆာ ရှိတယ်
တဲ့ .. ရယ်စရာကြီးနော် ချာတိတ်မ၊ မင်းအမေ အဲဒီစကားပြောခဲ့တာ
နှစ်နဲ့ချီနေပြီ၊ ငါ့မျက်လုံးထဲမှာတော့ မင်းအမေ ပိုပိုလှလာသလိုပဲတဲ့။

အမေ့ကို အပြင်ပန်းက မြင်တဲ့သူတိုင်း ဒီလိုပဲ ပြောကြမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



အတူနေကြသည့် မခ တို့ မောင်နှမတောင် အမေတစ်ခုခု ဖြစ်နေပြီ
တာ သိပေမယ့် ဘာဆိုတာ မသိခဲ့ပေ ..။

အမေ့မျက်နှာက ချောင်ကျသွားလည်း မျက်ခုံးတန်းလေးတွေ
ထင်းသွားကာ မျက်တောင်ကော့တာတွေက ပိုကော့လာသလို ထင်ရ
နှာတံရှိုးလေး ပိုထင်းလာပြီး ဝင်းဖတ်နူးမွတ်နေသည့်အသား
ဖြူဖျော့ဖျော့လေး ပြောင်း၏။ ထို့ပြင် အမေ့မျက်နှာမှာ မာန် အမြဲရှိ
တတ်ကာ လိမ်းခြယ်ပြင်ဆင်နေကျအတိုင်း အားလုံးက ဘာမှမပြောင်း
လဲပေ ..။

ဒါပေမယ့် သိနေသည့် မခ ကတော့ ဦးသန် ပြောတာကို ကြား
လိုက်ပြီးကတည်းက အမေ့အိပ်ခန်းထဲ ဝင်ခဲ့သည်။ စာရွက်စာတမ်း
တွေထဲက အမေ လျှို့ဝှက်ထားသည်ထင်သမျှ စားပွဲတစ်ခုလုံးကို ရှာ
မိ၏။

ထို့ကြောင့် အမေ့ရောဂါကို သိခဲ့ရသည်။ အမေ ပြန်ဝင်လာတာ
နှင့် ပက်ပင်းတိုးတော့ ပခုံးနှစ်ဖက်ကနေ ဆွဲခါပြီး ဘွန်းခံလိုက်ရတာ
စားပွဲနဲ့ခုံကြားထဲမှာ မခ တော်တော်နဲ့ မထနိုင် ..။

"ဘာလဲ .. ငါ သေခါနီးပြီဆိုပြီး သနားမလို့လား .. ငါဆိုတဲ့မိန်းမ
က ကရုဏာမျက်လုံးနဲ့ ကြည့်လာတာဆိုရင် လူမမာ လာမေးတာတောင်
မကြိုက်ဘူး၊ နင်တို့မောင်နှမ မျက်ရည်လေးစမ်းစမ်းနဲ့ ငါ ဆူသမျှ
ပြောသမျှ ခံနေကြတာ ဂုဏ်ရှိပါတယ်၊ ဟွန်း .. ရသလောက် ယူကြပေါ့၊
ငါကတော့ မအေဖြစ်ပြီး အလကားဆိုတဲ့ ဂုဏ်ကျက်သရေတွေ တိုးပြီး
ရင်း တိုးတာလေ"

"အမေ့ကို သမီးတို့ ချစ်တာ ..၊ သမီးတို့ရဲ့ မွေးသမိခင်ကြီးမို့လို့
မြတ်မြတ်နိုးနိုးကိုးကွယ်ပြီး ချစ်နေကြတာပါ၊ ဘာဂုဏ်တွေနဲ့မှ မပတ်
သက်ပါဘူး"

"အေး .. မပတ်သက်ရင် ငါနဲ့ ဝေးဝေးနေ၊ ငါ့ပစ္စည်းတွေ ဘာမှ





တိုင်နဲ့၊ ငါ့နားလည်း မကပ်နဲ့ .."

"အမေရယ် .. အမေ မကျန်းမာနေတာကို သမီးတို့ ဘယ်လို
ဝေးဝေးနေရမှာလဲ၊ အမေ မွေးထားတဲ့ အမေ့သားသမီးတွေပါ၊
ရိုက်ရိုက်နှက်နှက် ဆူဆူပြောပြော သမီးတို့ ခံရမှာပါ၊ သမီးတို့
ည်း မိဘကို .."

"နင်တို့ကိုမှ ငါက သားသမီးလို မမွေးခဲ့ဟာ၊ ငါ့ကိုလည်း မိဘ
သတ်မှတ်စရာ မလိုဘူးလေ၊ ငါ့ကိုယ်ငါ မိဘဂုဏ်းဝင်တယ်လို့
တုန်းကမှ မယူဆခဲ့တဲ့အတွက် နင်တို့ကို ထင်သလို ပစ်ထားခဲ့
"

"အမေ ပြစ်မထားခဲ့ပါဘူး၊ အမေ့အရိပ်ကြောင့် သမီးတို့ မောင်
လူကောင်းသူကောင်းလေးတွေ ဖြစ်လာခဲ့တယ်၊ ပညာတွေ တတ်
ယ်"

"တိတ်စမ်း .. အသံကောင်းဟစ်ပြီး ငိုပြမနေနဲ့၊ ထွက်သွား .. ခု
အခန်းထဲက ထွက်၊ နောက်ထပ် ငါ မသိအောင် ထပ်ဝင်ရင်
ကောင်စလုံး ငါ့အိမ်ရိပ်တောင် ပြန်မနင်းရဘဲ ဖြစ်သွားမယ်၊ မယုံ
"

ပြောပြီး တွေ့ရာပစ္စည်းတွေနဲ့ ကောက်ပေါက်သည်။ တစ်ခုမှ
ယ်ကို ထိမှန်မလာခဲ့သော်လည်း ရင်ထဲမှာ ထိခိုက်နာကျင်ခဲ့ရတာက
ရည်တွေ ကျနေပြီး ရှိုက်ငိုမရခဲ့သည်အထိ ..။

ဒါတွေ ဘယ်လို ပြန်ပြောရမလဲ ..။

မောင်နှမနှစ်ယောက် ဖက်ငိုကြရင်း စာမျက်နှာ ရဲ့ရင်ဘတ်မှာ
ခမ်းနဲ့ဖိကပ်၍ ဖြစ်သမျှကိုပြောဖို့ ကြိုးစားကြည့်သည်။ ရှိုက်သံမပါ
င် ဘယ်လိုမှတားဆီးမရခဲ့ဘဲ မခ ရဲ့စကားသံတွေ ဗလုံးဗထွေးနှင့် ..

"တို့မောင်နှမ ဘဝပျက်ပြီ သိလား .. အမေ မရှိတော့ရင် တို့
သွားပြီ .."



www.burmeseclassic.com

www.burmeseclassic.com



မပြောသင့်ပေမယ့် ဖြေရာမရသည့်ရင်ဘတ်က ဒီတိုင်းပဲ ဖွင့်[...] လိုက်ဖို့ နိုင်းစေနေကြ၏။

စာမျက်နှာ အစ်မဖြစ်သူ ပြောသမျှကို ကြားနေရင်း လူက အ[...] ကြီးကို ရောက်နေသလိုလို ...။

ဒါမှမဟုတ် ခန္ဓာကိုယ်တစ်ခုလုံး ပျောက်ကွယ်သွားခဲ့လျက် စိ[...] တစ်ခုတည်း လေမှာ လွင့်မျောနေသည်လား ...။

မုန်းနေခဲ့သည့် အဖေနဲ့ မချစ်တတ်ခဲ့သည့် အမေ ...။ အမုန်း[...] ပြေစေချင်သလို မကြင်နာရင် နေ၊ ချစ်နေရုံနဲ့ ကျေနပ်ချင်၏။

ခုတော့ မျှော်လင့်ခဲ့ရသလို ဘာမှ ရမလာခဲ့ဘဲ မုန်းတဲ့သူလည်း[...] မပြေ ...၊ မချစ်တဲ့သူက မချစ်တာတွေကို ကြွေးကြော်ရင်း လက်ပြ[...] သည်။ ရင်ခွင်မဲ့ဘဝနှင့် ရှင်သန်လာခဲ့ရသည့်ဘဝတွေက ဒီတိုင်း မပြော[...] လဲဘဲ အဆုံးသတ်ရတော့မည်ဆိုလျှင် ...

ဒီဝဋ်ကြွေး ဒီဘဝနဲ့ပဲ ပြေပါစေ ...၊

ဘဝဆက်တိုင်း သံသရာကျင်လည်ခဲ့ရသည်ရှိသော် အမိအ[...] နှစ်ပါးနှင့်အတူ ချစ်ခင်မြတ်နိုး ကြည်ဖြူစွာ သက်ဆုံးတိုင် ပျော်ရွှင်[...] သော မိသားစုဘဝကို ပိုင်ဆိုင်ရပါလို၏။





## အခန်း [ ၂၆ ]

သူ အိပ်ရာကနေ ထထိုင်လိုက်ကာ စားပွဲတင်နာရီလေးကို ယူ၍ အဆင်သင့်ချထားသည့် ဓာတ်မီးနဲ့ ထိုးကြည့်လိုက်၏။

ည၌ တစ်နာရီတိတိ ...၊ သူ အခန်းပြင်ကို ခြေဖွနင်း၍ အသာလေး ထွက်လိုက်သည်။ အိမ်မှာ ကိုယ်ပိုင်မီးနဲ့ပေမယ့် မီတာ ချေတာရသည့်မို့ ညအိပ်လျှင် ဘုရားမီးတောင် မထားဘဲ မှိတ်အိပ်ကြရသည်။

ထို့ကြောင့် တစ်အိမ်လုံးက မှောင်မည်းနေကာ တခြားအိမ်တို့ဆီမှ လာသော ပတ်ဝန်းကျင်အလင်းရောင်ပျပျကိုပဲ အားကိုးရ၏။

ကိုယ် တစ်သက်လုံး နေလာခဲ့သည့်အိမ်မို့လည်း နေရာထိုင်ခင်းတွေက အလွတ်ရနေပြီးသား။ ကြမ်းခင်းမှာ ဘယ်နေရာ၊ ဘယ်ပျဉ်ချပ်က ခပ်ဆွေးဆွေး၊ ကျိုးလုလုဆိုတာကအစ သိနေသဖြင့် ခြေထောက်ကိုလည်း သတိထားနေရသေးသည်။ အမေ့အိပ်ခန်းရှေ့ရောက်တော့ ခဏရပ်လိုက်ပြီး ကြိတ်၍ ဆုတောင်းမိသည်။

“အမေ့ရဲ့ ခြေထောက်လေးကိုဖြစ်ဖြစ် ခဏလောက် ဖက်တွယ်[...] ဦးခိုက်ပါရစေ၊ အမေ မနိုးပါစေနဲ့”

စေ့ထားသည့်တံခါးကို လက်နဲ့မဟုတ်ဘဲ ကိုယ်နဲ့လွတ်[...]လေး တိုးတိုက် ဖိကပ်ဝင်သဖြင့် သံစနှင့် ငြိမိသွားတာ ပခုံးမှာ [...]ခနဲဖြစ်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောမှာ ဖျင်းခနဲ ဖြစ်လိုက် ...။ အသားနာမှာ စိုးတာထက် အကျီငြိပြီး ပြဲသံထွက်သွားမှာစိုးကာ စာမျက်နှာ ကျောကော့သွားလျက် လက်ထ နာသည့်နေရာကို ကမန်းကတန်း ဖိအုပ်ပြီးသား ဖြစ်သွားသည်။

ပြီးတော့ အမေ့ အိပ်နေသည့်ပုံရိပ်ဆီ အာရုံရောက်နေသဖြင့် ညွတ်ချင်နေသော ပျဉ်ချပ်ကို ခြေဖျားထောက်မိကာ ဖျစ်ခနဲ မြည်သွား၏။ တိတ်ဆိတ်နေသည့် ညဥ့်ယံမှာ ထိခတ်မိသံများနှင့် ထိတ်လန့်နေသည့် ရင်ခုန်သံတွေရောကာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံလာသလို ထင်မိသည်။

စာမျက်နှာ အမေ့အိပ်ရာခြေရင်းမှာ 'ဘုရားတ'၍ ရပ်နေရင်း တော်တော်နှင့် မလှုပ်ရဲ ...၊ ဒါဆို အမေ ဆေးသောက်ပြီး အိပ်မောကျနေတာ ဖြစ်မှာပါ။ မဟုတ်လျှင် အခန်းဝမှာ လူရိပ်မြင်လိုက်တာနှင့် သူဖြစ်ဖြစ် မမဖြစ်ဖြစ် အမေ့မျက်နှာတင်းပြီးသားက 'ဘာလာလုပ်တာလဲ'လို့ မဆိုင်းမတွ မေးနေကျ ...၊

အမေ အိပ်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် အားပေးရင်း မှောင်ရိပ်ခိုနေရသည့်အဖြစ်ကြောင့် ရင်ထဲမှာ နင့်သွားမိသည်။ ခုတင်အစပ်မှာ တစောင်းလှဲအိပ်နေသည့် အမေ့ရဲ့ခြေရင်းမှာ ခြေဖျားထောက်ထိုင်လိုက်ပြီးတာတောင် လှမ်းမိသည့်လက်က တော်တော်နဲ့ မထိရဲခဲ့ ...။

အမေ နိုးသွားရင် ကန်ထုတ်ပစ်လိုက်မလား .. ဒါမှမဟုတ် မမကို ပြောခဲ့သည့် စကားလုံးမျိုးတွေနဲ့ တွေ့ကရာဆွဲပြီး ပစ်ပေါက်မည်လား..၊ စောင်ခြုံထားပြီးမှ ပြန်တွန်းချထားတာမျိုး၊ မသေမသပ် လုံးထွေးနေသည့်စောင်ပေါ်မှာ ဖြူနုသည့် အမေ့ရဲ့ခြေအစုံကို မြင်နေရသည်။

"အမေ .."

တိုးတိုးလေး ခေါ်မိရင်း အမေ့ခြေဖျားလေးကို ဖွဖွလေး ထိကိုင်မိ၏။ ပြီးတော့ နည်းနည်းလေး တိုး၍ ဆုပ်ကိုင်မိကာ မျက်ရည်တို့သည် အသံတိတ် သွန်ကျလာကြ၏။





အငိုလွယ်ပေမယ့် အရှိုက်ခက်တာမျိုး ...။ အမေ့ရဲ့ခြေဖမိုးနုနုမှာ သူပါးကပ်ထားမိလျက် ရှိုက်သံမထွက်ရအောင် အံကြိတ်ထားမိသည်။

အမေ မသေပါနဲ့ ...၊ သားတို့ကို ထားမသွားပါနဲ့ အမေ ...၊

ရင်ထဲမှာ ငိုကြွေးရင်း သူ့နှုတ်များမှ စကားသံတွေ ထွက်နေခဲ့တာ ကိုယ့်ကိုယ်ကိုယ် မသိ ...။

"အမေ့ကို သား ချစ်တယ်၊ အမေက မချစ်လည်း သား ချစ်တယ်၊ အမေ ဒီ့ထက် ရက်စက်ပါ၊ အရင်ကထက်ပိုပြီး စိမ်းစိမ်းကားကား နေပါ၊ အမေ့ကို ဒီတိုင်းလေးပဲ သား မြင်နေပါရစေ၊ ဘာမှမဖြစ်ပါနဲ့ .. ဖြစ်ပါနဲ့ အမေရယ် .."

အမေ့ခြေထောက် နုနုဖြူဖြူလေးကို မျက်နှာပြင်နှင့် ပွတ်တိုက်နမ်းရင်း ရှိုက်သံတွေပါ ရောပါနေခဲ့သည်။

သူ့ကိုယ်သူ ဘာလုပ်နေမိမှန်း သတိမရ၊ ထို့အတူ ...

ခေါင်းအုံးစွန်းကို ဖိဆုပ်ရင်း အံကြိတ်နေခဲ့သည့် မျက်ဝန်းတစ်စုံမှ မျက်ရည်စက်တွေကတော့ အမှောင်ထဲမှာပဲဖြစ်ကာ ...

သူကိုယ်တိုင် ဘယ်တော့မှ ခွင့်ပြုမှာမဟုတ်သည့် ရှိုက်သံကိုပါ ထိန်းချုပ်ထားနိုင်ခဲ့၏။

ပြီးတော့ ဒီည ဒီခေါင်းအုံးထက်မှာ စွန်းထင်းခဲ့သည့် မျက်ရည်စက်တွေအကြောင်း ဘယ်သူမှ မသိစေရ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

"အဖေ .."

အိမ်ရှေ့ဖိနပ်ချွတ်အောက်က တိုင်တစ်ချောင်း နဲ့နေသဖြင့် အုတ်ခ ကျိုးနဲ့ ခုခံထားဖို့ ကုန်းကုန်းကွကွ အလုပ်ရှုပ်နေတုန်း လမ်းဘက်က ရှေ တန်းမတ်စွာ ဝင်လာသူကြောင့် မခ အံ့ဩသွားသည်။

အဖေ့ကိုမြင်လို့ လာဖော်ရရှာသားဆိုပြီး ဝမ်းသာအားရဖြစ်သွား တာတော့ မဟုတ်ပေ။ လှမ်းဝင်လာသည့် အဖေ့မျက်နှာ အမူအရာအ လာခြင်းမကောင်းတာကို သိလိုက်သောကြောင့် လှုကပ္ပါ မတ်မတ်ရပ် ပြီးသား ဖြစ်လျက် ...

"အဖေ တစ်ခုခု ကိစ္စရှိလို့လား .."

"ရှိတယ်"

ဆိုပြီး ဦးခင်မောင် က အိမ်ပေါ်ကို မျက်လုံးနဲ့ လှမ်းရှာသည်။ ပြီးမှ ...

"ဘယ်မှာလဲ ဟိုကောင် .."

"မောင်လေး ဒီနေ့ အိုဗာတိုင်မ် ရှိတယ်၊ ကိုးနာရီ ဆယ်နာရီ လောက်မှ ပြန်လာမှာ၊ ဘာဖြစ်လို့လဲ"

"တောက် .."





ဦးခင်မောင် က မဖြေသေးဘဲ တက်ခေါက်သည်။ နောက်ထပ် အိမ်ပေါ်ကို အကြည့်ရောက်ပြီး ...

"နင့်အမေရော .."

"အမေ မနက်ကတည်းက အပြင်မထွက်ဘူး၊ အဖေ ဘာဖြစ်လို့ လဲ .. မောင်လေးနဲ့ပတ်သက်တာတွေ အဖေနဲ့ ဘာရှိသေးလို့လဲ"

"ရှိတယ် .. ရှိလို့ပြောချင်တာ၊ အခု ပွဲသဘင်နှာပါ ရှာသွားတာ နားလည်ရဲ့လား"

"ဟင်!... မောင်လေးက .."

"ဟုတ်တယ်"

ဦးခင်မောင် က ရှေ့ထပ်တိုးလာ အံကြိတ်သည့် မျက်နှာနီနီနှင့်...

"နင်ကလည်း မအေနဲ့ မောင်ကို အထိမခံဘူး၊ ငါကလည်း မပြော ချင်ပါဘူး၊ အဲဒါကြောင့် အစတည်းက တစ်ခါတည်း ဖယားဖြတ်ထား တာ၊ အခု ဆွေသင်း ကို ကပ်ပေါင်းပြီး အိမ်ကိုပါလာတာ နှစ်ရက် မပြည့်သေးဘူး .."

"မောင်လေးက ဘာလုပ်သွားလို့လဲ"

ဘာတွေလုပ်သွားသွား ကိုယ့်မောင်ဘက်က မှားဖို့မရှိနိုင်ဘူးဆို တာ ယုံကြည်ပြီးသား ..၊ မေးလိုက်သည့် မခ ရဲ့မျက်နှာလေးမှာ ဦးခင် မောင် သဘာဝမကျတာ တစ်စုံတစ်ရာပြောလာတာနှင့် မောင်အတွက် ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်နေတာမျိုး ..။

ဦးခင်မောင် ကလည်း ဖအေတစ်ယောက်လုံးဖြစ်ပြီး သမီးဖြစ်သူ ထိုးနှက်ပြောဆိုသမျှ လိုမ့်ခံခဲ့ရတာတွေကြောင့် ဒီတစ်ခါ ပိုင်နိုင်ပြီးသား ခက်ထန်သည့်အကြည့်တွေနှင့် ...

"နင့်မောင် .. အကြီးကောင် အရောင်းအဝယ်လုပ်နေတဲ့ ရွှေဆိုင် ကို ခိုးသွားတယ်"

"ဟာ!... အဖေက အမိပွားယ်မရှိတာ .."



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီး ငြင်းပယ်လိုက်ခြင်းသည် လက်ထဲမှာ ကိုင်ထား သည့် သံတူရွင်းကိုပါ ဆောင့်လွှတ်ပစ်လိုက်သည်အထိ ..။

"အမိပ္ပာယ်မရှိဘူး ဟုတ်လား .. နင့်မောင် နေ့လယ်က ဆွေသင်း ခေါ်ထားလို့ဆိုပြီး ရောက်လာတယ်၊ သူ့ကိုယ်မှာ ဝန်ထမ်းဝတ်စုံနဲ့ -

"မောင်လေးတို့က ပစ္စည်းတွေ လိုက်သယ် .. လိုက်ချ သူပါရ ပဲ၊ လမ်းကြုံတုန်း ခေါ်ထားတာရှိတယ်ဆိုပြီး ဝင်တာဖြစ်မှာပေါ့၊ အ အိမ်မှာ သားသမီးသုံးယောက်တောင် ရှိတာနော်၊ မောင်လေးကို တ အပ်စွပ်စွဲတာ အရမ်း တရားလွန်တယ်"

"သိတယ် .. မေးလို့ ငါက ပြောပြတာ၊ ဟွန်း .. ဒီကိစ္စ ဒီကော သိတယ်၊ သူနဲ့ပဲ ရှင်းရမှာ"

"အဖေ .."

ချာခနဲ ပြန်လှည့်သွားတော့ မခ အတင်းပြေးလိုက်ကာ ...

"အလုပ်ထဲထိ လိုက်သွားဖို့ မလိုဘူး အဖေ၊ မောင်လေး မဖြစ် ဘူးဆိုတာ သိပေမယ့် ပြန်ရောက်လာရင် မခ မေးပေးမယ်"

"မေးဖို့ မလိုဘူး .. ပစ္စည်းကို ပြန်ချထားပြီး အကြီးကောင် အိမ်ထဲ ခဏဝင်တာ၊ အပြင်မှာ ဘယ်သူမှ မရှိတုန်း သူ ရောက်လ တယ်၊ ရိုက်မောင်းပုတ်မောင်းလွှတ်မှ ပြန်တတ်တဲ့ကောင်က ချက်ချ ပြန်ပျောက်သွားတယ်၊ ရွှေထုပ်က မရှိတော့ဘူး၊ အဲဒါ ပြောလေ - အထုပ်က ခြေထောက်ပေါက်ပြီး ခုန်ချသွားတာလား .."

မခ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ဦးခင်မောင် က ခက်ထန်သည့် မျက်နှာကြီးနှင့် မဲမဲကြီးပြုံး ခြေလှမ်းကြဲများနှင့် ထွက်သွား၏။ ရာသီဥတုက ဘယ်ဘက်ပါမှန်း မသိ ..။





## အခန်း [ ၂၈ ]

အလုပ်ထဲထိ လိုက်မခေါ်ပေမယ့် ညကြီးအချိန်မတော် စက်ရုံ တံခါးဝမှာ ရပ်စောင့်နေကြသည့် ဆွေသင်း တို့ မောင်နှမကြောင့် ကျ်နှာ ဘာမှန်းမသိသေးခင် ရုတ်တရက် စိတ်ပူသွားသည်။

"ဆွေသင်း ငါ့ကို စောင့်နေတာလား .. ဘာဖြစ်လို့လဲ"

ဆွေသင်း က သူ့ကို စူးစူးစမ်းစမ်းကြည့်ကာ အငယ်ကောင် ချစ်ဖူး င် က ခွေစောင်းစောင်း ချိတ်တိတ်တိတ် ရန်လိုစွာ ...

"သိချင် အိမ်ကို လိုက်ခဲ့လေ .. မေးမနေနဲ့"

ချစ်ဖူးမောင် က ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။ သွား က ကားမှတ်တိုင်ကိုဖြစ်ကာ ဒီအချိန်ကျမှ ကားစောင့်မှာနဲ့ ပြန် က်မှာနဲ့ တွက်ကြည့်လျှင် သူ အိမ်ကို ဆယ့်နှစ်နာရီလောက်မှ ပြန် က်မှာ ဖြစ်၏။

ဒီနေ့ အိမ်က ထွက်ကတည်းက မမ အလုပ်မသွားတာကိုမြင်ပြီး ထဲမှာ လေးနေသည်။

"အမေ နေမကောင်းလို့လား မမ၊ မောင်လေး အလုပ်မသွားတော့ လေ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတော့ မခ က ခေါင်းခါသည်။

"အမေက ဒီလိုပါပဲ .. မမက စိုးရိမ်လို့ပါ၊ စိတ်ချလက်ချ သွား စက်ရုံဖုန်းလည်း မမ၊သိနေတာပဲဟာ"

သူ ရှိနေလည်း မမကိုတောင် အခန်းဝ လာမရပ်နဲ့လို့ ပြောခဲ့သည် အမေက ပြုစုခံမှာ မဟုတ်တာ သေချာပါသည်။

ထို့ကြောင့် သူ အလုပ်ဆင်းခဲ့၏။ မမ ဖုန်းဆက်တာ မဟုတ် ဆွေသင်း တို့ လာခေါ်တာဟာ အမေနဲ့ မသက်ဆိုင်နိုင်ပေ။ အမေ ပတ်သက်နေရင်တောင် ကျန်းမာရေးကြောင့် မဖြစ်နိုင်သည်မို့ ...

"ငါ မနက်ကျမှ လာခဲ့မယ် ချစ်ဖူး၊ အမေက သိပ်နေကောင်းတာ မဟုတ်ဘူး"

ပြောပြီးတာနှင့် ဖယ်ရီတွေရှိသည့်ဘက်ကို ခြေဦးလှည့်လိုက် လျှင်...

"ကိုစာ .. မင်း အခု မလိုက်ရင် ပြစ်မှုက ပိုကြီးသွားမှာ လူမမာထက် ပိုအရေးကြီးတဲ့ကိစ္စဆိုတာ မင်း လုပ်ခဲ့တဲ့အပြစ် မင်း သိတယ်"

ဘယ်တုန်းကမှ လေးစားသမှုမရှိခဲ့သော ချစ်ဖူး က သူနဲ့အသက် အများကြီးကွာသည့် စာမျက်နှာ ကိုလည်း အမြဲတမ်း ဆက်ဆံခဲ့တာ ဒီအတိုင်း ..။ ဘာမေးမေး မပြောဘဲ မောင်နှမနှစ်ယောက်က လိုက်ခဲ့ဖို့ ဦးဆောင်နေသဖြင့် စာမျက်နှာ ပါသွားခဲ့သည်။

ည ဆယ်နာရီခွဲပြီးနေသည့်အချိန်မှာ တစ်လမ်းလုံး ရှင်းလင်း တိတ်ဆိတ်နေပြီဖြစ်ကာ အိမ်တိုင်းမှာ မီးရောင်မစုံတော့ဘဲ မှောင်ရိပ် များများ အလင်းနည်းလျက် ...

သူတို့ တစ်အိမ်လုံးကတော့ လင်းထိန်နေခဲ့၏။ ပြီးတော့ အိမ်ဝ မှာ တံခါးဝကို မျက်နှာမူ၍ တောင့်မတ်စွာ ထိုင်နေသည့် ဦးခင်မောင် နှင့် ရေသန့်ဘူးကိုင်လျက် မော့သောက်လိုက် .. မျှော်ကြည့်လိုက်နှင့်





ဦးခင်မောင် ..။

အားလုံးသော အကြည့်တွေက သူ ဝင်သွားတာနှင့် လူတစ်ကိုယ် ကို ထွင်းဖောက်မတတ် ရောက်လာခဲ့သည်။ ပြီးတော့ ...

"ဘယ်မှာ ဝှက်ထားခဲ့ပြီလဲ"

ဦးခင်မောင် နှုတ်ဖျားမှထွက်လာသည့် မေးခွန်းကြောင့် စာမျက် နှာ ခုံးတွေ တွန့်သွား၏။ အဖေ ဘာမေးလိုက်တာလဲ .. ငါ့ကို .. ကိုယ့်ကိုယ်ကိုယ် နားကြားမှားသွားသည်ထင်ကာ ဘေးဘီကို ကြည့်မိသေးသည်။

သူ့အပြင် တခြားလူကို ကြည့်တာမဟုတ်ဘဲ အဖေ့မျက်လုံးတွေ စိုက်နေရာကနေ မရွေ့လျားကာမှ ...

"အဖေ သားကို မေးတာလား"

"မင်းကို မေးနေတာ .. ငါ့သားရဲ့ပစ္စည်းထုပ် 'မ' ပြေးပြီး အခု မှာထားခဲ့ပြီလဲ၊ ရောင်းပစ်လိုက်ပြီဆိုလည်း သုံးလို့ကုန်ပြီလို့ မပြော .. ဒီနေရာမှာတင် မင်း အသက်ထွက်သွားမယ်"

ပြောပြီး နေရာမှ ထလျှောက်လာသည်။ တဖြည်းဖြည်း နားလည် င်း နှုတ်ခမ်းတွေ ပွင့်ဟသွားသည့် စာမျက်နှာ ရှေ့မှာရပ်၏။

"တစ်ကျပ်သား လက်ကောက်နှစ်ကွင်း၊ နှစ်ကျပ်သား ဆွဲကြိုး ကိုး၊ နေ့လယ်က မင်း လစ်ထွက်သွားတာတွေလေ၊ ဘယ်မှာလဲ.."

"ဟာ!... မဟုတ်ဘူး အဖေ၊ သား မယူဘူး .. အဲဒါတွေ သား သိ င် မသိဘူး၊ တကယ်ပြောတာပါ"

"ဘာ တကယ်လဲ .. ခင်းရဲ့ တကယ်ကို ယုံရအောင် ငါတို့က တွေမှ မဟုတ်တာ၊ မင်း တက်လာတယ် .. မင်းထွက်သွားတာနဲ့ ပ်ပျောက်သွားတယ်၊ အမြဲတမ်း မျက်နှာပြောင်တိုက်ပြီး နေနေ ကောင်က ရွှေထုပ်လည်းရရော တချိုးတည်း လစ်ပြေးတာ .."

"မဟုတ်ပါဘူး အဖေရယ် .. သား ချက်ချင်း ပြန်သွားတာက



www.burmeseclassic.com

www.burmeseclassic.com



ဆွေသင်း မရှိမှန်းသိလို့၊ အလုပ်က ကားလည်း စောင့်နေလို့ပါ၊ ပြီး
အိမ်မှာပြန်ပြီး ဝင်ထွက်ခွင့်လေးရတုန်း အဖေ သားကိုမြင်ရင်
ဆိုးသွားမှာ စိုးလို့ပါ၊ သား မညာပါဘူး"

"ကိုစာ .. ဒီလောက် ရှင်းရှင်းကြီးကို မင်း မညာနဲ့နော်၊
မိသားစုချင်း ဖြေရှင်းနေကြတာ၊ တစိမ်းတွေ သိကုန်မှဆို မင်း ဒီ
အရှက်ကွဲပြီ"

လက်ညှိုးတည့်တည့်ထိုးရင်း ခြိမ်းခြောက်ပြောသည့် မျက်နှာ
ချစ်ဦး ကလည်း ရှေ့တိုးလာ၏။ ဆွေသင်း နဲ့ ချစ်ဖူး တို့က ခပ်လှ
လှမ်းမှာ ရပ်နေကြကာ၊ ဦးခင်မောင် နဲ့ ချစ်ဦး သည် စာမျက်နှာ
သုံးပွင့်ဆိုင်ပုံစံ နီးကပ်စွာ ...။

"ချစ်ဦး .. မင်းရဲ့ပစ္စည်းတွေဆိုတာကို ငါ ခုမှကြားရတာ၊
လည်း မသိဘူး၊ သိလည်း သူများပစ္စည်း ငါ ဘယ်တော့မှ မယူဘူး

စာမျက်နှာ အံကြိတ်ထားသည့် မေးရိုးတစ်ဖက်မှာ တင်းခနဲ
သွားပြီး ထူးဆန်းစွာ စူးရဲသော မျက်ဝန်းအစုံက မျက်ခုံးတန်း
အောက်မှာ စာမျက်နှာ အဖြစ်ကနေ အသွင်ပြောင်းသွားသလိုပင်

"ငါ့ကို ကြိုက်သလို မင်း စော်ကားနိုင်တယ် .. ငါ့ရဲ့ကိုယ်
သိက္ခာက ငါ့မိဘရဲ့ဂုဏ်ကျက်သရေ .. မင်း မစော်ကားပါနဲ့"

"အဲမှာ .. မင်းပဲ သားကောင်းရတနာလား"

"အကြီးကောင် .. နေစမ်း"

ဦးခင်မောင် က ရှေ့ထပ်တိုးပြီး စာမျက်နှာ ရှေ့မှာ ခါးနှစ်
ထောက်၍ ...

"မယူဘူးဆိုတဲ့ စကားအပြင် မင်းမှာ တခြား ခိုင်လုံတဲ့အကြော
ပြချက် ရှိသေးလား"

"အဖေ .. သားကို အဲဒီလို မကြည့်ပါနဲ့ .. သား သူများပစ္စ
ဘယ်တော့မှ မခိုးဘူး"





"အမ်မာကွာ .. ငါ့ကို ခံပြောခံဆိုနဲ့ မင်းက လူပါးဝလို့ .."
ဦးခင်မောင် လက်သီးဆုပ်ကြီး ကြွတက်လာသည်နှင့် ...
"ကိုခင်မောင် .. ရှင် အခု လက်ကို ချလိုက်"
ညဦးယံမှာ အမှေ့အသံကို မိုးခြိမ်းသံလို ကြားလိုက်ရကာ စာမျက်
နှာအံ့တသြ လှည့်ကြည့်မိ၏။ တံခါးဝမှာ အမေက ညအိပ်ဝတ်စုံ
ရောင်ဖျော့ဖျော့လေးပေါ်မှာ ချည်သားအင်္ကျီလက်ရှည်လေး ထပ်
ထားး၏။
အိပ်ရာက ထလာမှန်း သိသာစွာ ဆံပင်တွေ ဖရိုဖရဲ ဖြန့်ကျနေ
သည့် တွန့်တွန့်ခွေခွေလေးတွေမို့ ကြည့်ရမဆိုးပေ ...။
ဦးခင်မောင် သည် မီးဝင်းဝင်းတောက် မျက်ဝန်းများနှင့် အော်
ကားလိုက်သော ဒေါ်မိမိ ကို မြင်လိုက်သည်နှင့် မှင်တက်မိသွား
လက်သီးဆုပ်လျက်သားက အလိုလို ပြန်ကျ၏။
"ရှင် .. ကျွန်မသားကို ထိစရာ မလိုဘူး"
ဒေါ်မိမိ က ဒေါသတကြီး လှမ်းဝင်လာကာ လူတစ်ကိုယ် ဝင်
နိုင်ရုံ ကွာသည့် ဦးခင်မောင်နဲ့ စာမျက်နှာ ကြားကို အကြမ်းပတမ်း
ဝင်လိုက်၏။ ပြီးတော့ ...
"သွားပါ .. ရှင် ဝေးဝေး နေစမ်းပါ"
ဟုဆိုကာ ဦးခင်မောင် ရင်ဘတ်ကို လက်ဖဝါးနှစ်ဖက်နှင့် အားရှိ
သလောက် တွန်းချပစ်လိုက်၏။
ဦးခင်မောင် ကိုယ်ကြီး ဒယိမ်းဒယိုင် လန့်ထွက်သွားရင်း ဆက်
ဆဲ ထိမိကာမှ လက်ထောက်လိုက်နိုင်၏။
"မိမိ .. မင်း ..."
"မိမိ ဆိုတဲ့နာမည် ရှင် ခေါ်ဖို့ မလိုဘူး"
ဒေါ်မိမိ က စာမျက်နှာ ကို ကျောနောက်မှာထားရင်း နေရာ
ယူသည်နှင့် ခါးထောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာထိ လိုက်လာပြီး ဟောဒီ မသတီစရာပေါ်မှာ
နေရတာ ကျွန်မသားကြောင့် ..၊ ရှင်က သားသမီးတွေနဲ့ အုပ်
ကျွန်မသားကို စစ်လားဆေးလားနဲ့၊ ဘာတွေ ဘယ်လောက်
လို့လဲ .."

ဦးခင်မောင် အံကြိတ်ထားသည့် မျက်နှာကြီးနှင့် မတ်မတ်
ရပ်လိုက်၍ ...

"မိမိ .. မင်းနဲ့ ငါ မရှင်းချင်ဘူး၊ မင်း ထွက်သွားလိုက်"

"ဘာ .. ပြောတယ်"

ဒေါ်မိမိ ဆတ်ဆတ်ခါသွားသည်။ ပြီးတော့ ရှိသမျှ မျက်နှာ
ကို စုံစေအောင် လိုက်ကြည့်ပြီးမှ ...

"ကျွန်မသားကို ခိုးသားငါးရာအုပ်စုထဲမှာ ထားခဲ့ပြီး ကျွန်
ထွက်သွားရမယ် .. ဟုတ်လား"

"အန်တီ စကားပြောတာ ဆင်ဆင်ခြင်ခြင် .."

"ဟဲ့ကောင် .. တိတ်စမ်း"

စူးရှသည့် တားမြစ်ခြင်းမှာ လက်တစ်ဖက်က ရိုပ်ခနဲ ပါ၏။
ခနဲ ထိခတ်သံနှင့်အတူ ချစ်ဦး ကုန်းကွ စိုက်ကျသွား၏။

အားလုံး 'ဟာ..'ခနဲတောင် မအော်နိုင်ဘဲ တအံ့အသြ ဖြစ်
သည်။ ဒေါ်မိမိ က လက်ဖဝါးကို ဖိဆုပ်ပစ်လိုက်ပြီးမှ ခါထုတ်၍

"ထွီ .. ငါ့လက်နဲ့ ရိုက်လိုက်မိတာ... ရွံလိုက်တာ .."

လို့ မဲ့ရွဲ့ရွံ့ချ၍ ချစ်ဦး ကိုပဲ ကြည့်ကာ ...

"နောက်ကို တော်ရာမှာ နေ .. ကိုယ်နဲ့ တန်တဲ့စကားကို
ငါ အခု နင့်တို့အိမ်ပေါ်ကို လာတယ် .. နင့်ဖအေရှေ့မှာ နင့်ပါး
ရိုက်တယ်၊ နောက်ထပ် ပြောရဲတဲ့ပါးစပ် ရှိသေးရင်လည်း ထပ်ရိုက်
မှာပဲ၊ အဲဒါ သဘောပေါက်လား .."

ဒေါ်မိမိ သည် လူက နွမ်းယဲ့ယဲ့နှင့် နှုတ်ခမ်းတွေပါ တုန်





အောင် လှိုင်းထန်နေသည့်ဒေါသကြောင့် စကားသံတွေက မိုးကြိုးပစ်
နေသည့်နှယ် ...

ထို့ပြင် သားပေါက်လေးတွေပေါ်မှာ စွန်ဝဲနေသဖြင့် တောင်ပံကား
၍ မာန်ဖီနေသော ကြက်သားအုပ်မတစ်ကောင်နှင့်လည်း တူလေသည်။

" 'ကျွန်'မကမွေးတဲ့သား ဘုရင်ဖြစ်နေလည်း မဟာဆီ မဟာ
သွေးက ဘယ်တော့မှ ဦးမခိုက်ဘူး၊ အဲဒါ ငါ့သားနဲ့ နင်တို့ရဲ့ ခြားနား
ချင်းပဲ၊ ဘာမှန်းမသိတဲ့သတ္တဝါနဲ့ ခိုးတတ်တဲ့မိန်းမ ပေါင်းစပ်တဲ့ ဥတွေ
လ ..၊ နင်တို့ အဲဒီဥတွေက ပေါက်တာ"

"အန်တီ .."

ချစ်ဦး ရှူးရှူးရှားရှားနှင့် လက်ညှိုးထိုးဖို့ ပြင်ပြီးမှ လက်ပြန်ချ
၏။ ခြေတကြွကြွ ဖြစ်နေပြီး ရှေ့လည်း မတိုးရဲ ..။

ကျိန်းစပ်နီရဲနေဆဲ ပါးတစ်ဖက်နှင့် ဒေါသကို ပွေ့ပိုက်ထား၍...

"အဖေ .. အဖေနော် .. ဒီမှာ ဘာမှမသိဘဲနဲ့ လာသောင်းကျန်း
နေတာ အဖေ ပြော .."

မနိုင်တော့ နိုင်တဲ့လူကို လှည့်မဲသည်။ ဒေါ်မိမိ က သားအဖ
နှစ်ယောက်ကို တူးဆန်းသတ္တဝါတွေလို လိုက်ကြည့်နေပြီး ကျကျနန
ခဲ့ရွဲ့ကာ ...

"သားက ဖအေကို လက်ညှိုးထိုးလို့ပါလား .."

လို့ မျက်ခုံးနှစ်ဖက်ပင့် ပြောကာ ဦးခင်မောင် ကို လှည့်ကြည့်၍...

"ပြောလေ .. ရှင် ဘာပြောချင်သလဲ"

"မင်းရဲ့သားကို အခု မေးလိုက် .. သူလုပ်တာ သူ သိတယ်"

"မေးဖို့ မလိုပါဘူး၊ သူ မလုပ်ဘူးဆိုတာ ကျွန်မ သိတယ်"

"မိမိ .. မင်း .."

"ရှင် ကျွန်မ နာမည်ကို သားပြော မယားပြော ပိုင်စိုးပိုင်နင်း
မခေါ်ဖို့ ထပ်သတိပေးမယ်၊ ဒီတစ်ခါက ကျွန်မလက်က ရှင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



နော်"

ဦးခင်မောင် မျက်နှာကြီး ရဲသွားသည်။ သားသမီးတွေရှေ့မှာကို ပိုရှက်၏။ ဒီမိန်းမနဲ့သူ ပေါင်းသင်းခဲ့သည့်ကာလမှာလည်း ဘယ်တုန်းကမှ သင့်မြတ်ခဲ့သည် မရှိသလို သူမ အပြောကြွယ်သလောက် အသားတုန်အောင် ဒေါသဖြစ်တာတောင် သူ တစ်ခါမှ လက်မပါခဲ့ဘူး ..။

ထို့ကြောင့် ရှက်ဒေါသကြောင့် မွန်ထူနေပေမယ့် ...

"စာမျက်နှာ .. မင်း ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ၊ ယောကျ်ားဖြစ်ပြီး ကိုယ်လုပ်ခဲ့တာကို ဝန်မခံရဲဘူးလား"

"ကျွန်မသားကို ကျော်ပြီး မမေးနဲ့ .. သူ့ရှေ့မှာ သူ့အမေ ရပ်နေတယ်၊ ကျွန်မကို မေး .."

"မင်းက ဘာသိလို့လဲ..၊ မင့်သား ချစ်ဦး ရဲ့ပစ္စည်းတွေကို ယူသွားတယ် .. အဲဒါတွေက ကိုယ်ပိုင်တာတွေ မဟုတ်ဘူး၊ အားလုံး ရှုပ်ကုန်တော့မှာ .."

"ရှုပ်နေတာက ရှင့်အိမ်မှာ အစတည်းကပဲ၊ အဲဒီပစ္စည်းတွေကို ကျွန်မသား ခိုးသလားလို့ မမေးခင် ရှင့်သား ဘယ်က ခိုးလာသလဲဆိုတာ အရင်မေး .."

"ဟာ!... အန်တီ .."

"တိတ်စမ်း"

ဒေါ်မိမိ အော်ပစ်လိုက်သည်နှင့် ချစ်ဦး အသံတိတ်သွားသည်။ ရူးရူးရဲရဲ စိုက်ကြည့်လာသည့် ဒေါ်မိမိ မျက်လုံးတွေကို တုံ့ပြန်မကြည့်ရဲဘဲ မျက်လွှာချ၍ မကျေမနပ် လွှဲပစ်၏။

"ငါ့သားရဲ့စိတ်ဓာတ်ကို ငါ သိတယ်၊ နင်တို့ဖအေသာ နင်တို့ ဘာတွေလဲဆိုတာကို မသိတာ"

ပြောလိုက်ပြီးမှ မဲ့၍ ဦးခင်မောင် ဘက် ပြန်လှည့်သည်။

"ရှင်ကိုယ်တိုင်က ဖောက်ပြန်ရေးသမားဆိုတော့ သားသမီးတွေ





ကို ဖြောင့်မတ် မှန်ကန်အောင် မဆုံးမနိုင်တာ သိပ်တော့ မဆန်းပါဘူး၊ ဒါပေမယ့် တစ်ခုတော့ သင်ပေးထားစမ်းပါ၊ 'သူ့ဟာကိုစားပြီး သူ့ကို ပြန်မဟောင်နဲ့' လို့ တိရစ္ဆာန်ပေမယ့် ကျေးဇူးသိတတ်ရင် ကုသိုလ်ရပါတယ်"

"တောက် .."

အားလုံးကို သိမ်းပတ် စော်ကားနေသဖြင့် ဦးခင်မောင် အံတကြိတ်ကြိတ်နှင့် အကြောတွေ ဖောင်းပွတက်လာအောင် လက်သီးဆုပ်ထားသည်။

ဖောင်းခနဲ ခွပ်ခနဲ ရိုက်နှက်မပစ်နိုင်ခဲ့တာက ကိုယ့်ဝင်္ကြွေး..၊ ဒေါ်မိမိ က ဂရုမစိုက်သည့် မဲ့ပြုံးနှင့် သူ့မျက်နှာနဲ့ လက်သီးဆုပ်ထားခြင်းကိုပါ သိသာအောင် ငုံ့ကြည့်သည်။ ပြီးမှ ...

"ရှင့်ရင်ထဲမှာ သွေးဆိုတဲ့ ခံစားချက်နဲ့ ပတ်သက်ပြီး ရူးစမ်းခဲ့တဲ့ စိတ်လေးတောင် ဘယ်တုန်းကမှ မရှိခဲ့တာ ကျွန်မ အခု သိပြီ ခင်မောင်"

ဦးခင်မောင် မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ စာမျက်နှာဆီ အကြည့်တစ်ချက် ဝေ့သွားပြီးမှ ...

"မင်း ဘာပြောလိုက်တာလဲ"

"ရှင့်ကို ပြောနေတာ ..၊ အခု ကျွန်မ အဆုံးထိ နားလည်သွားပြီ ဆိုတော့ သားနဲ့ ရှင့်ရှေ့မှာပဲ ပြောလိုက်မယ်၊ ငါ့သား ဖြစ်နိုင်မလားလို့ တောင် မတွေးခဲ့ဘူးတဲ့ ရှင့်ကို အဖေခေါ်စရာမရှိတဲ့ ကောင်လေးတစ်ယောက်က 'အဖေ' လို့ တကောက်ကောက် လိုက်ခေါ်နေလိမ့်မယ်၊ ရှင် မမေ့ထူးပါနဲ့"

ဒေါ်မိမိ စကားသံတွေက သွားကြိတ်သံနှင့်တူကာ တင်းမာပြတ်သားလျက်နေ၏။

"ရှင့်ပါးစပ်ကနေ တမ်းတမ်းတတ ခေါ်ချင်တဲ့စိတ်တွေ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင်လည်း မခေါ်မိအောင် ထိန်း ..၊ စာမျက်နှာ ဆိုတဲ့ ကောင်လေး 'သား..'လို့ ရှင် ခေါ်မိတဲ့နေ့ဟာ ရှင် အဆမတန် ပြန်ပြီး ပေးဆ မယ့်နေ့ပဲ၊ အဲဒါ မေတ္တာစူးတာလို့ ခေါ်တယ်..၊ ရှင့်ကို ကျွန်မ ကျိန် မဟုတ်ဘူးနော် .. သတိပေးတာ"

ဒေါ်မိမိ က နောက်လှည့်မကြည့်ဘဲ စာမျက်နှာ ရဲ့လက်တစ် ကို ဆုပ်ကိုင်ထားသည်။

ထို့နောက် ဆွေသင်း တို့အားလုံးကိုပါ လှည့်ကြည့်လိုက်ပြီး

"ကိုယ့်ပြဿနာ ကိုယ်ရှင်းနိုင်မှ ရှုပ်ရတယ်၊ နောက်ထပ် ငါ့သားကို ဆွဲထည့်ဖို့ ကြိုးစားရင် နင်တို့ တစ်အိမ်လုံးကို မီးပုံရှို မယ်၊ ဦးနှောက်မရှိ အရိုင်းအစိုင်း အောက်တန်းစားတွေ"

ထင်သလို ပြော .. ထင်သလို လုပ်ထွက်သွားတာကို တုတ်တု မှ မလှုပ်ဘဲ ဒီတိုင်းကြည့်နေခဲ့ရ၏။ ဆွေသင်း နဲ့ ချစ်ဖူး တို့ မျက်နှာ မှာ ထိတ်လန့်မှုတွေ ရှိနေဆဲဖြစ်ကာ ချစ်ဦး က ဘယ်သူ့မှမရှိတော့ နှင့် ရှူးကေ့စ်ပေါ်မှာ တင်ထားသမျှ ပစ္စည်းတွေကို တစ်ခုမှမကျန် ရိုက်ချပစ်ပြီး ဝုန်းဒိုင်းကြဲလေသည်။

"အဲဒါ အဖေ့ကြောင့် .. အဖေကိုယ်တိုင် အရှုံးပေးချင်နေ အဲဒီမိန်းမကြီးကို အဖေ ခုထိ ချစ်နေတာ၊ ဒီမိန်းမကြီးကို အထင် ရွံ့ချိုတ်ပြီး အမေ့ကို ယူခဲ့တာတွေ၊ ကျွန်တော်တို့ ဘာမှမသိကြဘူး လို့လား .."

ဦးခင်မောင် အံကြိတ်ထားလျက်နှင့် မျက်နှာလွှဲနေခဲ့၏။ ဒါ ချစ်ဦး က မကျေချမ်းနိုင်။ အစ်မနဲ့ ညီကို ပြန်ကြည့်တော့လည်း တု တုတ်မှ လှုပ်မယ့်ပုံ မရှိ ..။

ဘာတွေ ဖြစ်ကုန်ကြတာလဲ ..၊ နောက်မိန်းမကမွေးတဲ့ သားသ တွေ ဖြစ်တာနဲ့ပဲ ဒေါ်မိမိ ပေါက်တဲ့ဥတွေက မဟာဆီမဟာသွေး ကုန်တာလား ..၊





မိုက်မိုက်ရိုင်းရိုင်းတွေးပြီး တက်ခေါက်ရုံ၊ ပစ္စည်းတွေ ရိုက်ခွဲရုံ အပြင် ဘာမှမတတ်နိုင် ..။

ထင်သလို ပေါက်ကွဲခွင့် မရလေ့ .. မပြီးနိုင်လေ ..။

"အဖေရာ .. အဖေတို့ ချစ်နေကြတိုင်း .. တောက် .."

"ဒုန်း .."

မိဘရှေ့မှာ တက်ခေါက် ကန်ကျောက်ခြင်းတွေ မပြုသင့်တာကို လုံးဝ ဂရုမစိုက်၊ ဖအေကို လည်ပင်းပြေးညှစ်တော့မတတ် ချစ်ဦး လောက်လေး မလောက်စားနှင့် ရိုင်းချင်တိုင်း ရိုင်းနေ၏။

ပေါက်ကွဲ ပျက်စီးသွားခဲ့သော ပြန့်ကျဲကျိုးကြေနေသည့် ပစ္စည်း တွေပေါ်မှာ ဦးခင်မောင် သက်မဲ့ရုပ်တစ်ရုပ်လို စူးစိုက် ငေးမောနေခဲ့ သည်။ သူဟာ ဘယ်လို ဖအေမျိုးလဲ ..၊

ဘယ်လို မိဘ အမျိုးအစားထဲမှာ ရှိနေခဲ့သလဲ ..၊

အတိတ် ပစ္စုပ္ပန် အားလုံးကို မေ့ပျောက်၍ အနာဂတ်ကိုလည်း မသိပါရစေနဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၉ ]

"ဟင်!... အမေ"

မေးခနဲ အိပ်ပျော်သွားသည်ပဲ ထင်ခဲ့မိသည်။ မျက်လုံးတွေ ပြန်ပွင့်လာတော့ ယိုင်နဲ့နေသည့်အမေ့ကို မောင်လေးကတွဲ၍ တံခါးဝမှာ။

"အမေ အပြင်ထွက်သွားတယ် .. ဟုတ်လား"

"မမ .. အမေ မောင်လေးနောက်ကို လိုက်လာတာ၊ အဖေနဲ့ အမေ ပြဿနာတက်ကြတယ်"

"ဟင်!..."

မခ တအံ့တဩ နားလည်သွားရသဖြင့် မျက်လုံးတွေပါ ဝိုင်းသွားခဲ့သည်။ အဖေ လာပြောသွားတုန်းက အမေ ကြားသွားခဲ့တာဆိုရင်တောင် အဖေ ဒီညပဲ မောင်လေးကို ပြဿနာရှာတော့မယ့်အဖြစ်ထိ အမေ ဘာဖြစ်လို့ တပ်အပ် တွက်မိတာလဲ ..။

သူမကတော့ အဖေနဲ့သားပဲဆိုတဲ့အသိနှင့် ဆိုးဆိုးဝါးဝါး မတွေးခဲ့မိပေ..၊ မောင်လေး အိုဗာတိုင်ဆင်းနေသည်ဆိုတော့ ဒီညတော့ ဖြစ်ရိုးမရှိနိုင်ဟု ထင်ခဲ့၏။ အမေနဲ့ မောင်လေးပုံစံကို ကြည့်လိုက်တာနှင့် ဘယ်လောက်ထိ ပြင်းထန်စွာ ဖြစ်ပျက်ခဲ့မှန်း မခ နားလည်လိုက်သည်။



မိခင်တစ်ယောက် ရင်ထဲက သားသမီးအတွက် သိမ်းထုတ်ထားသည့် မေတ္တာကွန်ယက်က မခ ကို အသက်ရှူမှားစေခဲ့၏။

ဘယ်တုန်းကမှ ချစ်ရိပ်မပြခဲ့သည့် အမေ ..၊ မိဘ မပီသအောင်နေခဲ့တာလို့လည်း ကြွေးကြော်ခဲ့ဖူးသေးသည်။ မခ အမေ့ကို ဖေးမတွဲရင်း ကြည်နူးသည့်မျက်ရည်တွေ ဖြိုက်ခနဲ ပြိုဆင်းလာကြ၏။

"မောင်လေး အမေ့ကို အိပ်ရာထဲ ပွေ့နခါသွား .."

"မခေါ်နဲ့ .."

ဒေါ်မိမိ သည် လူက ယိုင်နေသော်လည်း မာနတွေ ဖိတ်လျှမ်းနေသည့်လေသံက နည်းနည်းလေးမှ မလျော့ ..။

မခ လက်တွေကို ပွတ်သပ်ဖယ်ချ၍ စာမျက်နှာ ရှေ့မှာ မတ်မတ်ထိုင်သည်။ မနိုင်မာန်တင်းထားရသည့် ကိုယ်ခန္ဓာက နွဲ့နေကာ ဖိကိုက်ထားလျက်နှင့် နှုတ်ခမ်းသားတို့က တုန်ယင်နေ၏။

ဒေါ်မိမိ သည် စာမျက်နှာ ကို စူးစိုက်ကြည့်နေရင်း မျက်ရည်တွေ ကျက်ဝန်းအိမ်မှာ ပြည့်လျှမ်း၍ ပြိုးပြက်လက်လာ၏။

ထိုခဏလေးအတွင်းမှာ လှုပ်ရှားမှု အသံဗလံတွေအားလုံး ပကတိ ငြိတ်ဆိတ်သွားခဲ့လျက် ...

"မင်း ..."

ဒေါ်မိမိ မျက်တောင်မခတ်ဘဲ မျက်ရည်စက်တွေ အလိုလို ပြိုဆင်းသွားခဲ့ကာ မြောက်တက်လာသည့် လက်သီးဆုပ်က ဖြည်းလေးစွာ ဖြန့်ကားသွားခဲ့ပြီး ...

"မိုက်တဲ့သား .. မင်းကို .. ငါ .."

စကား မဆုံးလိုက်ပေမယ့် ရိုက်ချက်က စာမျက်နှာ ပါးပေါ် ဖြန်းခနဲ ကျ၏။ မျက်လုံးထဲမှာ မီးပွင့်သွားကာ ပူလောင်စပ်ဖျင်းသွားသည်။

သို့သော် ...

"အမေ့ !.."



www.burmeseclassic.com

www.burmeseclassic.com



ခွေခနဲ့ ပြိုကျသွားသည့် အမေ့ပုံရိပ်လေးကြောင့် စာမျက်နှာ အသံ ပြာအောင် အော်မိ၏။

"အမေ .. အမေ့သားကို ကြည့်.. သား ခေါ်နေတယ်လေ၊ အမေ့.."

ဘယ်လိုခေါ်ခေါ် မထူးတော့သည့် ခေါ်မိမိ ၏ ကိုယ်ခန္ဓာသည် သူ့လက်ပေါ်မှာ ပြန်လည်သက်ဝင်လာမှာ မဟုတ်တော့သည့် ဥပေက္ခာ များနှင့် ငြိမ်သက်လျက် ...

"အမေ .. အမေ ဘာဖြစ်လို့ ငြိမ်သွားတာလဲ"

မခ မတ်တတ်ကနေ သေသွားသူကဲ့သို့ စာမျက်နှာ ရင်ခွင်ထဲက အမေ့ကို ငုံ့ကြည့်နေရင်း တတွတ်တွတ် ပြောနေမိသည်။

အမေ့ဘေးမှာ ထိုင်ချလိုက်ဖို့ .. လှုပ်နှိုးကြည့်ဖို့ ဘာကိုမှ သတိ မရဘဲ ကြောင်ငေးနေခဲ့လျက် ...

ည၏ ရက်စက်စွာတုံ့ပြန်သည့် ဥပေက္ခာထဲမှာ အမေကို တမ်းတ ခေါ်နေသည့် သူတို့နှစ်ယောက်အသံများမှအပ ...

"အမေ ဘာလုပ်တာလဲ .. အဲဒီလို မလုပ်ပါနဲ့ အမေရယ် .. ထပါ- သားကို ထပ်ရိုက်ပါဦး"

စာမျက်နှာ အမေ့ကိုယ်ကို သိမ်းကျုံးဖက်၍ သွားတွေ ကျိုးကြေ မတတ် အံကြိတ်သည်။ မျက်လုံးကို ဖိမှိတ်ထားသည့်ကြားမှ မျက်ရည် တွေ တာတမံကျိုးသလို ပြိုဆင်းလာကြ၏။

အမေ ဒီလိုဖြစ်တာ သားကြောင့်လား .. သားကို ကာကွယ်လို့ ဖေနဲ့ သေမလောက် ဖြစ်နေတာကို ဘေးဖယ်ပြီး လိုက်ခဲ့တာလား..။

ပြန်လာခဲ့ပါ အမေ ..၊ သား ကြောက်တာ ထောင်တန်းကျမှာကို မဟုတ်ဘူး၊ အမေ့ကို ဆုံးရှုံးလိုက်ရမှာကိုပါ..၊

ရင်ထဲမှာ စကားလုံးတွေ တောင်လိုပုံနေဖေမယ့် ဘာမှ မပြော နိုင်..။ သူ့ရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး ခုနလေးတင်ပဲ အမေ တိုက် ပွဲဝင်ခဲ့သည်။ ခုတော့ သူ့လက်ပေါ်မှာပဲ ငြိမ်သက်နေခဲ့ပြီ..။





"အမေ .."

ယူကျုံးမရစွာ ခေါ်ရင်း စာမျက်နှာ အမေ့မျက်နှာမှာ ပါးနဲ့ ကပ် ...ခိသည်။

"အမေချစ်တဲ့ အချစ်တွေ သား သိခွင့်ရလိုက်လို့ မိုးကို ဒူးနဲ့ပြေး ...တ်ချင်နေတာ၊ သား ရှုံးမတတ် ပျော်သွားခဲ့တာ အမေရယ် .. သား ...ကို ချစ်သလားလို့ မမေးပါဘူး၊ သားကို ပြောရမှာစိုးလို့ဆိုရင် ...လာခဲ့ပါ အမေ .. သား ဘယ်တော့မှ မမေးဘဲ နေပါ့မယ်"

စကားတွေသာ ပြောနေခဲ့လျက် အသံက ပေါ်လာလိုက် .. ပျောက် ...လိုက် .. အော်ဟစ်ရှိုက်ငိုတာ မဟုတ်ဘဲလည်း ဆို့ကျပ်နေသည့် ...ထဲမှာ မောနေ၏။

သူ အမေ့ မျက်နှာလေးကို စိတ္တဇဆန်စွာ ပွတ်သပ်ထိကိုင်ရင်း ...ရည်ကြောင့် အမေ့မျက်နှာက မှုန်ဝါးသွားနေခဲ့၏။

"သားလေ .. အမေ့မေတ္တာကို မရသရွေ့ ငါ လူမဖြစ်သေးဘူးလို့ ...ထားခဲ့တာ၊ အခု .. အခု သား လူဖြစ်သွားပြီ၊ ဒါပေမယ့် အမေ .."

မွှင့်ထွက်တော့မတတ် လောင်မြိုက်ပူပြင်းနေသည့် ရင်ထဲမှာ ...သံတို့ တိုးတိမ် ပျောက်ရှကုန်သည်။

ငိုသံတွေကြောင့် ပတ်ဝန်းကျင်လူတချို့ ရောက်လာကြတာကို ... သူတို့ ဘာမှမသိ ..။

မောင်နှမနှစ်ယောက်အတွက် ဒီညက ကမ္ဘာပြိုတဲ့ ည ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

"ဘယ်လိုလဲ မခ .. နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ရှင်!..."

တစ်ယောက်တည်း ထမင်းချိုင့်တွေ ဖြုတ်ချပြီး စားချင်စိတ် သည့် ဟင်းတွေကို ငေးနေတုန်း ရလဒ်ကောင်း ရောက်လာသဖြင့် လူ မတ်မတ်စန့်စန့်လေးဖြစ်သွားကာ ချိုင့်အဆင့်တွေကို ဟိုရွှေ့တော့ ဒီရွှေ့တော့ မလို ..။

"နေပါ .. ဘာဖြစ်လို့လဲ၊ မစားရသေးဘူးမို့လား"

"ရှင် .. ဟုတ်ကဲ့ .. ဟို .."

"သက်သောင့်သက်သာ နေပါ၊ ဒီနေရာက ကိုယ့်ရုံးခန်းမှ မဟုတ် တာ"

ကိုယ့်ကိုကျမှ 'ကိုယ်'တွေ ဘာတွေနဲ့ ပြောလာတာကို မခ ဘာ မကျပေ ..၊ လုပ်ပျို လှချောလူလှ သူဌေးတစ်ယောက်မို့ စက်ရုံမှာ ရှိသ မိန်းမလှလေးတွေကလည်း အမြဲတမ်း ကွက်ကြည့်ကွက်ကြည့်ရယ်

ထို့ကြောင့် သူ့လိုလူနဲ့ ရင်းနှီးတဲ့မိန်းမ သူမ မဖြစ်ချင် .. ရှေးခေတ်တုန်းကဆို တကယ့်လူကြီးပိုင်းတွေဟာ ကိုယ့်ရဲ့ သမီး





ကို ရှင်ဘုရင်သဘောကျလို့ 'တော်ကောက်'ခံရမှာကို ကြောက် ကြသည်။

မသိနားမလည်တဲ့ မိန်းမပျိုလေးတွေ မိဖုရားဖြစ်ဖို့ ရူးသွပ်ကြပေ သိတဲ့သူအတွက်က ဒါဟာ အန္တရာယ်အကြီးဆုံးဆိုတာ မြင်သည်။

အတို့အထောင် ဂုံးချောစကားတွေကြောင့် ညရောက်တာနှင့် နေထွက်တာကို မြင်ရပါမလား တွေးပူနေရသည့်ဘဝမျိုး ..။

သူမဘဝကတော့ 'တော်ကောက်'ခံရလောက်အောင်လည်း မလှပ ရလဒ်ကောင်း လိုလူနဲ့ ကိုယ့်ဘဝက မိုးကောင်းကင်နဲ့မြေပြင်လွှာ..။

မတန်မတရာ စိတ်ကူးကြည့်တာ မဟုတ်ပေမယ့် တခြားလူတွေ မျိုးထင်ပြီး ကိုယ့်အပေါ် မနာလို အမုန်းပွားမှာကို ကြောက်မိသည်။

ဒီလိုနေရာတစ်ခုမှာမှ မြဲအောင် လုပ်ခွင့်မရလျှင် အလုပ်ရှာရခြင်း င်းရဲ့မှုများနှင့် သူမ ဒေါင်ချာစိုင်းရဦးမည်သာ ..။

"အလွှမ်းမခ .."

"ရှင် .."

မျက်ခုံးတန်းလေးတွေပါ လန့်ဖျန့်ပင့်တက်သွားတာကို ကြည့်ပြီး ရလဒ်ကောင်း က ပြုံးလိုက်၏။

"ကိုယ် ခဏထိုင်လို့ ရမလား"

"ရှင် .."

မခ မျက်ဝန်းလေးတွေ ပြူးသွားတာ ဖုံးဖိချိန် မရလိုက် ..။

"မင်းအတွက် အခက်အခဲဖြစ်နေလို့လား .. ဘာဖြစ်သွားတာလဲ"

"မ..ဟုတ်ပါဘူး .. ဟို .. ထမင်းစားချိန်ဆိုတော့ သူဌေး ထမင်း ဘဲ ထွက်လာတာလားလို့ စဉ်းစားမိလို့ပါ"

ရလဒ်ကောင်း က မခ လှီးလွှဲပြောလိုက်တာကို နားလည်သည့် ပြုံးနှင့် သူမရှေ့မှာပဲ ဝင်ထိုင်၏။

"ထမင်းစားချိန်ရောက်မှ ကိုယ် စားလို့ရတာ မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ၏။ ရလဒ်ကောင်း ဆိုတာ ကိုယ့်လို ဝန်ထမ်းမှ မ ဘဲ ...။ မခ မျက်နှာပူသွားမိသည်။

"ထမင်းချိုင့်က သေးလွန်းသလားလို့ .. မင်းအိမ်မှာလည်း လောက်ပဲ စားသလား"

ရလဒ်ကောင်း က မခ ဖြစ်ပျက်နေသမျှကို မသိသလိုနေ စားပွဲပေါ်မှာ လက်တင်၍ ချိုင့်တွေထဲကိုပဲ ငုံ့ကြည့်၍ ...

"တောင်ယာသမားတွေစားတဲ့ ပုံစံနဲ့ဆို မင်းရဲ့ထမင်းက လုတ်စာလောက်ပဲ ရှိမယ်ထင်တယ်"

"အဲဒီလောက် မနည်းပါဘူး၊ ချိုင့်သေးပေမယ့် သိပ်ထည့် တာပါ၊ ပန်းကန်တစ်ချပ်စာတော့ ရှိပါတယ်"

"ဟုတ်လား .."

ထမင်းကို သိပ်ထည့်ထားတာ မဟုတ်မှန်း သူ မြင်သည်။ ချင်တာက ထမင်းနည်းတာ မနည်းတာထက် သူမ ခုချိန်ထိ မကျန်းမာသေးတာကို ဖြေသိမ့်ပေးချင်တာပဲ ဖြစ်သည်။ ဒီထမင်း လေးကို စပ်စုမိတဲ့အထိ အလိုက်မသိခဲ့တာကလည်း စေဟနာပါ

"အလွမ်းမခ"

မခ သူ့ကို အားအင်ချိနဲ့နေသည့် လူတစ်ယောက်ရဲ့ မျက်လုံး နဲ့ မော့ကြည့်ကာ ...

"မခ လို့ပဲခေါ်ပါ သူဌေးရယ် .. အစအဆုံးခေါ်ရတာ ရှည်ပါတယ်"

"ဟုတ်တယ် .. ဒါပေမယ့် မင်း သတိရအောင် ဘမင်ခေါ်တာ"

"ဟင်!..."

"အလွမ်းမခ လို့ နာမည်ယူထားပြီး မင်းမျက်နှာမှာ အလွမ်း မပျောက်သလိုပဲ၊ မင်းအမေ ဆုံးသွားတာနဲ့ပတ်သက်ပြီး စိတ် မကောင်းဘူးပေါ့၊ ဒါပေမယ့် အချိန်နဲ့ ကုစားကြည့်မယ်ဆိုရင် တည်တည်ငြိမ်ငြိမ်လေးတော့ ရှိသင့်ပြီလို့ ကိုယ် ဘင်တယ်"





ရက်ကို လစားပြီး နှစ်ကူးတော့မည်ဆိုပေမယ့် မိဘဆိုတာ ရင်း ရနိုင်တဲ့ အရာ ...၊ သူဌေးကို ငေးရင်း မခ ဘာမှတော့ ပြန်မပြော ဘဲ ယှဲ့ယှဲ့လေး ပြုံးသည်။

"မခ ကြိုးစားနေပါတယ် ဆရာ .. အမေ့ နာရေးကိစ္စမှာရော ပြီးတဲ့နောက်မှာ မခ ရဲ့ ချို့ယွင်းပျက်ကွက်မှုတွေအပေါ်မှာပါ နားလည် သည်းခံပေးခဲ့ကြတဲ့ သူဌေးတို့မောင်နှမကို မခ ပြော တတ်အောင် ကျေးဇူးတင်ပါတယ်"

"မဟုတ်သေးဘူး မခ .. မင်းကို အခု ပြောချင်တာ ဒါတွေကို ဖို့ မဟုတ်ဘူး"

ခက်ပါလား ..၊ ရလဒ်ကောင်း တင်းခနဲတော့ ဖြစ်သွားပေမယ့် သည့် မျက်ဝန်းလေးတွေကို မြင်တော့ သူပဲ ပြန်လျှော့လိုက်ရကာ...

"မင်းကို အိမ်ခေါ်လာခဲ့တဲ့ညမှာ အန်တီ ပြောခဲ့တဲ့ အကြောင်း တချို့ကြောင့်ရော .. မင်းနဲ့ ဒီရုံးခန်းမှာ စတွေ့တုန်း မင်း ပြောခဲ့ မင်းအမေရဲ့ ကျန်းမာရေးဆိုတာရော .. အဲဒါတွေနဲ့ပတ်သက်ပြီး အပေါ်မှာ ကိုယ်တို့ ကရုဏာတွေ ဖြစ်ခဲ့တာပါ၊ မင်းဟာ ဖြူစင်တဲ့ လေးဆိုတာ ကိုယ်တိုင် လက်ခံသေချာလို့ စိတ်သန့်သန့်နဲ့ ကူညီ ဒါတွေကလည်း ကိုယ့်ဘက်မှာ အကြီးအကျယ် ဘာမှ စိုက်ထုတ် မဟုတ်ဘူး၊ မင်းကို ပြောဖူးလား မသိဘူး၊ ဝန်ထမ်းတွေအတွက် ရေးဆိုတာ ကိုယ့်စက်ရုံမှာ အစတည်းက သီးသန့်ရှိခဲ့တာ"

"ဟုတ်"

မခ ခေါင်းလေးညိတ်၍ ချိုင့်တွေကိုပဲ မျက်လွှာချ ကြည့်နေမိ ။ ဖြစ်စေချင်ဆုံးက သူဌေး ဒီနားကနေ အမြန်ဆုံး ထွက်သွား — သူမ ဘာဖြစ်လို့ စကားမပြတ်အောင် အမေးအဖြေတွေ လုပ်နေမိ လဲ ...၊ စိတ်ထဲမှာ တွေးနေရင်း မဟုတ်ဘူးလို့ နားလည်လာမိနေသည်။

သူက ကိုယ့်ရဲ့ ထမင်းရှင် သူဌေး ...၊ ရလဒ်ကောင်း ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ဌေးမှာ ဒီလိုနာမည်ပျက် ရှိခဲ့သည်လို့လည်း မကြားခဲ့ဖူးပါ ..။ ထို
စိတ်ကူးတွေက စော်ကားသလို ဖြစ်သွားပြီ ထင်သည်။

"မင်း ထမင်းစားလေ .. ကိုယ် ထိုင်နေလို့လား"

"မဟုတ်ပါဘူး .. မခ အစတည်းက စားချင်စိတ် မရှိတာ"

"အမေ့ကိုပဲ လွမ်းနေတာလား"

"အမေ့ကိုပဲတော့ မဟုတ်ပါဘူး၊ မောင်လေးအတွက် တွေးနေမိ

"မောင်လေးက ဘာဖြစ်နေလို့လဲ"

မခ မျက်တောင်ဖျားလေးတွေ ပင့်တက်လာပြီး သူ့ကို ကြည့်
မယ့် တော်တော်နဲ့ မဖြေ ..။

"ကိုယ် စပ်စုတာ မဟုတ်ပါဘူး .. မိတ်ဆွေကောင်းတစ်ယော
အနေနဲ့ပေါ့၊ မဖြေချင်လည်း ဖြစ်ပါတယ်"

"မဟုတ်ပါဘူး သူဌေးရယ် .. မခ တို့ မောင်နှမရယ် .. အ
ရယ် .. အမေရယ် .. အားလုံးက သိပ်ကို ပြောရခက်တဲ့ နယ်ပယ်
စီနဲ့ ရပ်တည်လာခဲ့ကာမို့လို့ ဘာက စပြောရမှန်း မသိလို့ပါ၊ အဲ
ပြောရခက်နေတာတွေကြောင့်ပဲ မခ ကို စေတနာထားခဲ့တဲ့ လူတ
အထင်လွဲသွားခဲ့ကြတယ်၊ ကူညီချင်လို့ မေးတာ၊ ရင်းနှီးကြလို့ မေး
သူတို့တွေဘက်က ဖြူစင်မှုတွေအမျိုးမျိုးနဲ့ပေါ့၊ မခ မဖြေတတ်တော့

"အင်း ကိုယ် သိပြီ၊ အခု မင်း ကိုယ့်ကိုလည်း ပြောပြချင်တ
ပြောဖို့ခက်နေတယ် .. ဒီလိုလား .."

"ဟုတ်ပါတယ်"

"ဒါဆို နောက်တစ်ခါ 'မင်း မိသားစုအကြောင်း' ဆိုတဲ့ ခေါင်
နဲ့မဟုတ်ဘဲ ကိုယ်က စပြီး စပ်စုမယ်၊ မင်း တကယ် မငြိုငြင်ဘူးဆို
ပြန်ဖြေပေးပေါ့၊ မင်း စရခက်နေတာတွေ ပြောဖြစ်သွားအောင်လေ

မခ ခေါင်းလေးညိတ်ပြရင်း ပြုံးမိသည်။ ရလဒ်ကောင်း ကယ်
ပြုံးပြရင်း ကြည့်နေ၏။ ဘယ်နေရာမှာ ရှိနေနေ တစ်သွေးတစ်မွေး





ား‌ပေါ်လွင်နေတဲ့ မိန်းကလေး၊ ကိုယ်ဟန်သွယ်သွယ်၊ အရပ်လေး
င်နှင့် လမ်းလျှောက်သွားလည်း လှသည် ..၊ ထိုင်နေလည်း လှသည်။
မျက်တောင်ရှည်တွေ ကော့တက်ပင့်ကပ်နေအောင် မျက်လွှာပင့်
ပြီဆို မျက်နက်ဝန်းလေးတွေက ပြုံးပြက်လက်သွားသည့်အတိုင်း..။
ပြီးတော့ နုမှုန်ဝင်းစက်နေသည့် ပါးမို့လေးတွေက ရယ်လိုက်တိုင်း
း ဒီလောက်လှနေသည့် တော်ဝင်ပန်းကလေးဟာ ဘဝအခြေမလှခဲ့
သာကတွေ ပတ်လည်ဝိုင်းလောက်အောင် ဘာကြောင့် ကံခေခဲ့ရတာ
'အလှအပဆိုတာ ခဏခဏမြင်ရင် ရိုးတယ်' လို့ ပြောကြသည်။
ဒီစကားမှန်လျှင် သူမကို ခဏခဏ ပြေးကြည့်ထားဖို့တော့ လိုပြီ
။ မဟုတ်လျှင် လူတွေ သတိထားမိလောက်အောင် သူ ငေးနေ
သွားပြီ ..၊ ကိုယ့်အတွေးနဲ့ကိုယ် ရယ်ချင်ကာ နှုတ်ခမ်းတွေပါ
သွားသလား မသိ ..။

"ကိုယ် သွားမယ်"

"ဟုတ် .."

မြန်မြန်ဆန်ဆန် 'ဟုတ်' သံမှာ ခေါင်းညိတ်တာ မြန်လွန်းတော့
ပြုံးမိပြန်သည်။ သူမ ဘယ်လောက်ထိ စိတ်ကျဉ်းကျပ်နေသည်ကို
မိလိုက်၍ ဖြစ်သည်။

"ဒါပေမယ့် ပြောဖို့ ကျန်သေးတယ်"

သူ ထိုင်ရာက မထသေးဘဲ စားပွဲပေါ်မှာပဲ လက်ပြန်တင်၍...

"ကိုယ်တို့ ရင်းနှီးခဲ့ကြတာ ခုလိုမျိုး မိတ်ဆွေလို မျက်နှာချင်းဆိုင်
ဆိုနေကြတဲ့အထိဆိုတော့ အလုပ်သဘောသက်သက် ခေါ်ပြောနေ
ကြီးက သိပ်မကောင်းဘူး ထင်တယ်"

သူ တစ်ခုခုပြောဖို့ စလိုက်တိုင်း အပြစ်ကျခံရတော့မည့်သူလို
ငေးစိုက်နေတတ်သည့်မျက်ဝန်းလေးတွေကို အားနာနာနဲ့ပဲ ပြုံးပြ
ရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို သူဌေးလို့ ခေါ်တာကြီးတော့ ပြင်ပေးပါ"

"ဟင်!..."

"နာမည်ကို အဖျားဆွတ် တစ်ခုခု ခေါ်ဖို့ ပြောတာ"

"ဟို .. သ .. သူဌေးနာမည်က အဖျားဆွတ်ခေါ်ဖို့မှ မရှိတာ"

'ကိုရ'ဆိုလည်း မကောင်း ..၊ 'ကိုရလဒ်' ဆိုတာလည်း အဆ မပြေ..၊ 'ကိုကောင်း' .. 'ဦးကောင်း' ဘယ်လိုခေါ်ခေါ် အဆင်ပြေ မရှိတာ ဖြစ်သည်။ မခ ဖြေတာကြောင့် သူက ရယ်ကာ ...

"ကိုယ့်ရဲ့ငယ်နာမည် ရှိတယ်၊ ကိုကို တဲ့"

"ရှင်!..."

"ပြောပြတာလေ .. မင်း အဆင်ပြေသလို ခေါ်ကြည့်ပေါ့၊ သူ လို့ ခေါ်တာကလွဲရင် .."

"သူဌေးကလည်း ဘယ်လိုလုပ် အဆင်ပြေအောင် ခေါ်မလဲ"

သူက အသံထွက်အောင် ရယ်တော့ မခ မျက်မှောင်ကုတ်သွ ကာ ပတ်ဝန်းကျင်ကို လှမ်းကြည့်မိမတတ် ဖြစ်သွားသည်။

"ဦးကိုကို လို့ ခေါ်လေ .. ဘယ်လိုလဲ"

'ဟုတ်'လို့ ပြောလိုက်ရပေမယ့် ဘယ်သူမှ မသိတဲ့ နာမည်ကြီး ခေါ်တော့ ဘေးက လူတွေမေးရင် ဘယ်လိုပြောရမလဲ ..။

စိတ်ညစ်သွားသည့် မျက်နှာလေးကိုစိုက်ကြည့်ပြီး သူ နှုတ်မဆ ဘဲ ထွက်လာခဲ့သည်။

ငါနဲ့ စကားပြောနေရတာကို စိတ်ညစ်တာ မင်းတစ်ယောက် ရှိသေးတယ် အလွမ်းမခ ..၊ မိန်းမတစ်ယောက်ရဲ့ ငြိုငြင်ခံခဲ့ရတာလည် မင်းနဲ့ကျမှပဲ ..၊

မင်းက စိတ်ဝင်စားဖို့ကောင်းတဲ့ ကြယ်ကြွေနတ်သမီးလေးပါ



## အခန်း [၃၁]

"ဒီမိန်းမကြီး သေသွားတာ ကြယ်ကြွေသွားတယ် ထင်တာလား၊ ဟုတ် ကမ္ဘာကြီး ငြိုးကျသွားပြီလို့ သတ်မှတ်လိုက်တာလား .. ရင် ငါထင်တယ်၊ သူ့ကိုယ်သူ သတ်သေတော့မှာ"

"ချစ်ဦး .. နင် ဘယ်လိုဖြစ်နေတာလဲ"

"ဖြစ်သင့်လို့ ဖြစ်နေတာ .. လာမတားနဲ့ မရဘူး၊ ပြောမှာပဲ"

"မင်း ပြောတာကလည်း အဖေ့ကိုမြင်တိုင်းပဲကွာ .. မပြောသင့် လို့ တားနေတာ မဟုတ်ဘူး၊ နားငြီးနေပြီ"

ချစ်ဖူး ကလည်း ပါးစပ်ထဲ ဝီကေထည့်လိုက်ပြီး စက္ကူအိတ်ခွံကို ကာ အိမ်ထဲမှာပဲ ရောက်ချင်ရာရောက် လွှဲပေါက်ပစ်လိုက်၏။

အမြွှာညီအစ်ကိုပီပီ စိတ်တူကိုယ်တူ အမြဲဘမ်း မဖြစ်ကြတာ င် တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ အများမယောက်ကြ ညီအစ်ကိုနှစ်ယောက်ကိုကြည့်၍ ဆွေသင်း စိတ်ညစ်နေမိသည်။

တို့ကြောင့် ခေါင်းကုတ်လိုက် .. လမ်းထလျှောက်လိုက်နှင့် တာတွေလည်း မပြောဖြစ်၊ မပြောချင်တာတွေလည်း ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



"ငါ တောင်းပန်ပါတယ်ဟာ .. ဒေါ်မိမိ နဲ့ အဖေ့ပြဿနာတွေ ကို ထားနိုက်ပါတော့၊ ကိုစာ ကလည်း သူ့အသိနဲ့သူ ငါတို့ကို ထောက် ပံ့နေတာပဲ"

"ဘာ သူ့အသိနဲ့သူလဲ .. သူ နောက်ထပ် ဆယ်နှစ်လောက် ထောက်ပံ့တာတောင် သူ ခိုးထားတဲ့တန်ဖိုး ပြည့်မှာမဟုတ်ဘူး၊ နာမည် ကြီးတော့ သူ ထောက်ပံ့နေတယ်တဲ့၊ ဟွန်း .. အဲဒါ နင့်ကြောင့် .."

အစ်မကိုလည်း 'မဆွေ'လို့တော့ ခေါ်ပြီး နင်လုံးငါလုံး ထပ်လျက်—

"ဒီကောင့်ကို ကျေးဇူးရှင်လို့များ မှတ်နေသလား"

"ချစ်ဦး .. ငါ ယူလာတာတွေ နင်တို့လည်း သုံးကြတာပဲနော် ငါ မပြောချင်လို့ ကြည့်နေတာ"

"ဟား .. ဆာနေတဲ့သူက ထမင်းပွဲမြင်ရင် စားမှာပဲလေ"

"စားပြီးရင်လည်း ကျေးဇူးတင်တတ်ရတယ်ဟဲ့ .. ကွယ်ရာမှာ ဆိုပြီးတော့ အဖေ့ကို ပြောရင်လည်း နင်ပဲငဆ .."

"ပြောစရာဖြစ်အောင် လုပ်ရင် ပြောရမှာပဲ၊ အမေ သေတုန်းက ထမင်းစားတောင် မပျက်ဘူး၊ အခု ဒီမိန်းမကြီးသေတာကို ပုလင်း ထောင်ပြီး ရူးသွပ်နေတာ နင် မမြင်ဘူးလား"

"မြင်တော့ရော ငါတို့က သားသမီး .. ဘာသွားပြောလို့ ရမှာလဲ ပြီးတော့ အရက်သောက်တာ သပ်သပ် .. သူ့ဝတ္တရား သူ ကျေတယ်"

"ဘာဝတ္တရားလဲ .."

ချစ်ဦး က ရှာဖွေ စုဆောင်းထားပြီးသား ပြစ်ချက်ဒဏ်ရာတွေ ကို ပါးစပ်တစ်လုံးကြီး အစီအစဉ်တကျ ထည့်စဉ်းစားထားသကဲ့သို့ ခပ်လတ်လတ်အသားရောင် ညိုညစ်သွားတဲ့အထိ မျက်နှာကို ရှုံ့တွ—

"ကျေတဲ့ ဝတ္တရားတွေ နင် ရွတ်ပြစမ်းပါ၊ မိန်းမမျက်နှာနဲ့ သူ မှန်းနေတဲ့ကောင်ကိုတောင် သူခိုးမှန်းသိရက်နဲ့ မဖမ်းဘူး၊ ငါ သူများ ကို ပြန်လျော်ဖို့ အမေ့လက်ဝတ်လက်စားတွေကို သူ ချပေးခဲ့တာလေ"





"ချစ်ဦး ရယ် .. အဲဒါ ငါတို့အဖေပါဟယ်၊ အမေ့ လက်ဝတ် လက်စားလည်း အဖေပဲ ပိုင်တာပဲ၊ ဘယ်လိုနည်းနဲ့ပဲ ဖြေရှင်းပေးပေး ...လျော်လိုက်နိုင်တယ်မို့လား .."

"မဆွေ .. နင့်ကို ငါအစ်မမို့လို့နော် .. နင် .. တောက် .."

ချစ်ဦး က တက်တခေါက်ခေါက်နှင့် ခြေဖမိုးပေါ် ပုံကျနေသော ...ဘောင်းဘီက ခါးကနေ လျှောကျမတတ် ပွယောင်းလျက်၊ ဘယ် ...ကြည့်ကြည့် ကြည့်လို့မကောင်း ...။

ချစ်ဖူး က အစ်ကိုဖြစ်သူ ဒေါကန်နေတာကို 'တော်တော် ပင်ပန်း ...ကောင်'ဆိုသော ကဲ့ရဲ့ကြည့်နှင့် မဲ့၏။

"တကယ်ဆို .. သူတို့မိသားစုတွေကြားမှာ ငါတို့သားအမိတွေ ...အဖြည့်ခံတွေပဲ၊ လူက ဒီမှာနေပြီး စိတ်က ဟိုမှာလုံးလုံး .."

"အေး .. အဲဒါသိရင် ပြောမနေနဲ့တော့လေ .. မုန်းနေတယ် ဆိုပေ... သူ မုန်းနေတာပဲ ရှိတာ၊ ကိုစာ က အဖေ့သားမှန်း လူတိုင်း ...တယ်"

"ဘယ်သူမှ မသိဘူး.. အပိုတွေ မပြောနဲ့၊ ယောကျ်ားတစ်ယောက် ... ကိုယ့်ကလေး ဟုတ်တယ်မဟုတ်ဘူးဆိုတာ သေချာ အသိဆုံး၊ ...လုတာလေးနဲ့ လုပ်စားသွားတဲ့ အဲဒီမိန်းမကြီးကရော ဘယ်လောက် ...တိုယ်ကျင့်တရား ကောင်းမှာလဲ ..၊ သူသိလို့ သူမုန်းနေတာ၊ သူ့သား ...တ်မှန်း သိနေလို့ သားလို့ မသတ်မှတ်တာ၊ ငါ မခံချင်တာက ဟို ...မ သေသွားတာတောင် ဒီကောင့်ကို ထောင်မချဘူး၊ ကြီးလိုက်တဲ့ ...ကိမှာ .. ပုလင်းထောင်လာခဲ့တာလည်း နှစ်နဲ့ချီပြီ၊ ခုချိန်ထိ လွှမ်းလို့ ...ဘူး၊ ငါတို့မှာ မိဘ လက်ဝတ်လက်စားလေးတောင် မရှိတော့ဘူး၊ ...မှာ အခွံချည်းပဲ ကျန်တော့တယ်၊ အဲဒါ သူ ထပ်သောက်နေဦးမှာ ... .. မေးမှဖြစ်မယ်၊ ရှင်းကို ရှင်းမှာ"

"ချစ်ဦး .."



www.burmeseclassic.com

www.burmeseclassic.com



ဆွေသင်း ချစ်ဦး ရှေ့ကို ဆိုးဆိုးဆတ်ဆတ် ရောက်သွားကာ...

"နင် ငါ့ထက်တောင် ငယ်သေးတယ်၊ ပြောကဲ့စကားတွေက မိုက်ရိုင်းလှချေလား"

"ရိုင်းတော့ ဘာဖြစ်လဲ"

"နင့်လိုကောင်ကို ငါက ဘာမှ မလုပ်ရဲပါဘူး၊ ဒါပေမယ့် နင် အဖေ့ကို တိုက်ရိုက်စော်ကားလာရင်တော့ ငါ ကြည့်နေမှာ မဟုတ်ဘူး"

"ဟား .. ဟား .. ဟား .."

"တိုက်ရိုက် စော်ကားလာရင် ဟုတ်လား .. သူ ငါတို့ကို တိုက်ရိုက်လှည့်စားပြီး တမျက်နှာ ကို လွှတ်ပေးလိုက်တာကျတော့ ထည့် မပြောဘူးလား ...၊ အဲဒါ ဟိုမိန်းမကြီးကို သစ္စာတွေ ရှိပြနေတာ .."

"ရှိပေ့စေ .. အဲဒီအဖြစ်တွေကို ငါတို့အမေကိုယ်တိုင်က ကျေနပ်ခဲ့တာ"

"အမေ ကျေနပ်ပေမယ့် ငါ မကျေနပ်ဘူး၊ ခုချိန်ထိ အရက်ပုလင်း ထောင်ပြီး ငြိမ့်နေတာကို အသေမုန်းတယ်"

သူ ပြောနေတုန်းမှာ လှေကားပေါ်က ဆင်းလာသည့် ခြေသံကို ကြားလိုက်ရ၏။

လှမ်းကြည့်လိုက်တော့ ဦးခင်မောင် က မို့အစ်နီးမြန်းနေသည့် မျက်နှာကြီးနှင့် မှိန်ဖျော့သောမျက်ဝန်းတွေက ချစ်ဦး ကိုကြည့်၍ --

"မကျေနပ်ဘူးဆိုရင် အဖေ့ကို ကြည့်ပြောပါ၊ ဘာလုပ်ပေးစေချင်လဲ"

ချစ်ဦး မျက်နှာ မထားတတ်သလို ဖြစ်သွားပြီးမှ ပေစောင်းစောင်း ပြန်မော့ကြည့်ကာ ...

"အဖေ အရက်မသောက်ပါနဲ့"

"ဒါပဲလား .."

"ရှိတော့ ရှိသေးတယ်၊ ဒါပေမယ့် မပြောတော့ပါဘူး"





"ရှိသေးရင် ပြောစမ်းပါ၊ ဖအေက အရက်သမားဖြစ်နေတော့ သားသမီးရဲ့လက်ညှိုးထိုးခံရတာ သဘာဝကျပါတယ်"

ပြောနေရင်း ဦးခင်မောင် က လှေကားတစ်ဝက်ကနေ အောက် ခပ်ဖြည်းဖြည်း ဆင်းလာကာ ...

"မင်းတို့အမေရဲ့ပစ္စည်းတွေ ကုန်သွားတဲ့အတွက် အဖေ စိတ် ကောင်းပါဘူး၊ အဲဒီအတွက် .."

"အဲဒီအတွက် အဖေ ဘာတွေ ဆောင်ရွက်ပေးမယ်လို့ ပြောမလို့ လား .. အဖေ ဒီအသက်အရွယ်ကျမှ ငွေ တစ်ဆယ်သားဖိုးလောက် ယ်လို ပြန်ရှာမလဲ၊ နောက်ပြီး အဖေ မသိလိုက်ဘဲ ကျွန်တော်တို့ သာ ဖြေရှင်းလိုက်လို့ ကုန်သွားတဲ့ အိမ်ထောင်ပရိဘောဂတွေ .."

"ဟုတ်ပါတယ် .. အဲဒါတွေကလည်း အဖေ ဝတ္တရား မကျေခဲ့ ပါ"

BURMESE CLASSIC .com

ဦးခင်မောင် မျက်နှာကြီးက အနီရောင်ရင့်နေသည်မှလွဲ၍ မျက် အစုံက တောက်ပမှုတွေ ကင်းမဲ့နေခဲ့သည်။ ပြီးတော့ ဘယ်သူ့ ာ်နှာကိုမှ မကြည့်ဘဲ ငေးနေကာ ...

"မိမိ ဆုံးသွားတဲ့နောက်မှာ အဖေ ပုလင်းထောင်ခဲ့တာ မှန်ပါ ယ်၊ ဒါပေမယ့် သူ့ကို အဲဒီလောက်ထိ မေတ္တာရှိနေတုန်းဆိုတာ တော့ အားလုံး မမှန်ဘူး"

မြင်မြင်သမျှ အရပ်မျက်နှာ မြင်ကွင်းအားလုံးက ကိုယ်နှင့် စိမ်း က်နေသလို ဦးခင်မောင် တစ်အိမ်လုံးကို လျှောက်ပတ် ဝေ့ကြည့်၏။

ညှော်ခန်းကျယ်ကြီးထဲမှာ ယှဉ်လျက်ထားခဲ့သည့် ငွေနှင့်သွန်းဆစ် သော ဆယ့်ရှစ်လက်မအမြင့်နှင့် ဆင်ရုပ်တုကြီး နှစ်ကောင် ..၊

ထိုနေရာမှာ ပလတ်စတစ်ပန်းခြင်းလေးသာ ရှိတော့၏။

ပြီးတော့ ဘယ်ဘိုးဘွားလက်ထက်ကမှန်း မသိ ဒေါ်သီတာပိုင် ခဲ့သော ခုခေတ်ပေါက်ဈေးဆို သိန်း ရာချီတန်နေပြီလို့လည်း သိထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် စစ်သမိုင်းပန်းချီကားကြီး ဒါလည်း ခုတော့ မရှိတော့ပါ။ ပန်းချီကား နေရာယူထားခဲ့သော နံရံကျယ်ကြီးက ပြောင်သလင်းခါလျက်။

ဦးခင်မောင် မျက်လုံးတွေ ထိုနေရာတွေကိုပဲ စူးစိုက်သွားခဲ့ပြီး မျက်လုံးတွေ ပို၍ ရီဝေသွားသည်။ အလုပ်က ပြန်လာတာနှင့် အိမ်ပေါ် တက်သည်၊ ဝရန်တာထွက်ပြီး အရက်သောက်၏။

အလုပ်သွားချိန်တန်လျှင် ရေချိုး မျက်နှာသစ်ကာ ကိုယ့်စိတ်ကို ကြည်လင်သည်ဖြစ်စေ မကြည်သည်ဖြစ်စေ မပျက်ကွက်အောင် ကြိုး စားခြင်းတစ်ခုမှလွဲ၍ ...

ဒီအိမ်တံခါးက ဝင် .. ဒီလှေကားပဲ ဆင်းထွက်သွားပေမယ့် အိမ်မှာ ဘာတွေ ယုတ်လျော့သွားသည်၊ ဘယ်လိုပျက်စီးနေသည် သူ ဘာ့ကိုမှ သတိလည်း မထားမိ၊ မြင်လည်း မမြင် ..၊ ဒီနေ့ ချစ်ဦးမောင် အကြီးအကျယ် သောင်းကျန်းနေပါမှ ...

"အဖေက အားလုံးထဲမှာ အပြစ်အရှိဆုံးလူပါ"

တိတ်ဆိတ်သွားပြီးမှ ဦးခင်မောင် စကားသံ ပြန်ထွက်လာသည်။

"မင်း ပြောနေသလိုပဲ မင်းတို့အမေအပေါ်မှာ အဖေ မှားခဲ့တယ် အဲ့ဒီထက်အရင် မှားခဲ့တာက မိမိ ဆိုတဲ့ မိန်းမအပေါ်မှာ .."

ဒီနာမည် ပါလာတာနှင့် ချစ်ဦး မျက်နှာမဲ့သလို ချစ်ဖူး က ပီကေ ဝါးတာလား၊ မဲ့လိုက်တာလား မသိ ..။ ဆွေသင်း က ကြည့်နေတာမို့ မြင်ပေမယ့် ဦးခင်မောင် က ဘယ်ကိုမှ မကြည့် ..၊

"အဖေ့ရဲ့ မှားယွင်းမှုတွေကြောင့် ဆက်တိုက်ဖြစ်လာခဲ့တဲ့ ဆိုးကျိုး တွေကို ဘယ်လို ဖာထေးဖို့မှ မဖြစ်နိုင်တော့လို့ အဖေ စိတ်ဖြေရာ ရှာခဲ့ တာပါ၊ ဒီနေ့ကစပြီး အဖေ့ကိုယ်အဖေ ပြင်ပါ့မယ်၊ မင်းတို့တွေ အဖေ့ ကြောင့် စိတ်မညစ်စေရဘူး .. သိက္ခာ မထိခိုက်စေရဘူး၊ တစ်ခုတော့ မင်း ပြောသလို အဖေ အာမခံဖို့ မလွယ်သေးဘူး"

ဦးခင်မောင် က ချစ်ဦး မျက်နှာ မှုန်တေတေကို ကြည့်၍ ...



BURMESE CLASSIC .com



"အဲဒါက အဖေ မိုက်လို့ ကုန်ခန်းသွားတဲ့ ပစ္စည်းတွေအတွက်.."

"မဟုတ်ဘူး အဖေ .. အဲဒါတွေကို သမီးတို့က အဖေ ပြန်ရှာပေး စေချင်တာ မဟုတ်ဘူး၊ ချစ်ဦး ကလည်း အဖေ ကိုစာ့ ကို သက်ညှာ လိုက်တယ်ဆိုပြီး ကလေးဆန်တဲ့စိတ်နဲ့ ပြောနေတာ"

"ကလေးဆန်တာ မဟုတ်ဘူး .. အဖေ အဲဒီအတိုင်း လုပ်ခဲ့တာ၊ တကယ်တမ်းကျတော့ အဖေ့သားတွေ ဒီမှာ ဇွဲဖြစ်ကုန်ခဲ့ပြီ၊ စာမျက် နှာ ဆိုတဲ့လူက သုံးဖြုန်း ကောင်းစားသွားတယ်၊ ခုဆို သူက ကုမ္ပဏီ တစ်ခုမှာ ရာထူးရာခံနဲ့ .. အဆင့်အတန်းနဲ့ .."

ချစ်ဦး ကတော့ ဘယ်လိုမှ ဖြေသိမ့်ပေးဖို့ မလွယ်တော့သည့် အတွေးများနှင့် မကျေနပ်တာကို ပြောနေဆဲ ..၊ မိဘဖြစ်ပြီး သားသမီး အပြစ်တင်သမျှကို လည်စင်းနေရသည့် ဖခင်အတွက် ဆွေသင်း မမြင် ရက်တော့ဘဲ ...

"တကယ်ဆို .. အဖေ ဆုံးဖြတ်ခဲ့တာက မျက်နှာလိုက်ခဲ့တာ ဟုတ်ဟုတ်မဟုတ်ဟုတ် မမှားပါဘူး"

"ဘာ!..."

လာပြန်ပြီ ..၊ ချစ်ဦး ၏ စိတ်မရှည်သည့်မျက်နှာ ဆွေသင်း ဆီ ရောက်သွား၏။ ဒေါ်မိမိ ဆိုသည့် မိန်းမကြီးက ဆုံးသွားပြီပြီ၊ စာမျက်နှာ ကိုလည်း အဖေက ဂရုစိုက်ခဲ့တာ မဟုတ် ..၊

ဇာတ်လမ်းက ကန့်လန့်ကာချထားလိုက်ရုံပဲ မဟုတ်ဘူးလား..၊ ခုထိ အမျှင်တန်းနေသည့် စာမျက်နှာ နဲ့ ပတ်သက်နေဆဲကို ဖြတ်ချနိုင် ခဲ့ဖို့အတွက်သာ ကြိုးစားဖို့ ရှိသည်။

ဒီအစ်မ ဘာဖြစ်လို့ အဖေ့ဘက်က ဒီလောက် ရပ်တည်ချင်နေရတာ လဲ ..၊ 'နာနာချစ်ရင် မချစ်သလို နေပါ' တဲ့..။ ဒါတွေ မကြားဖူးဘူးလား..၊ အဖေနဲ့ ဒီမောင်နှမ နောက်ထပ် အမျှင်မတန်းဖို့သာ အဓိက..။

ချစ်ဖူး ကလည်း ဘာမှမပြောဘဲနေခဲ့ပေမယ့် ချစ်စိတ်လောကျမှ



www.burmeseclassic.com

မဆွေ အဖေ့ကိုပဲ ဖာထေးကာကွယ်ခဲ့တာတွေ များလာမှန်း သတိထ
မိလာသည်။

ထို့ကြောင့် ပီကေဝါးနေရင်း ဆွေသင်း ကိုပဲ စိုက်ကြည့်နေခဲ့၏
ဆွေသင်း က မောင်နှစ်ယောက်ဘက်ကို တည့်တည့်မဟုတ်
မျက်လုံးဝေ့ကာ ...

"အပြစ် တကယ်ရှိတဲ့သူက သမီးပါ အဖေ"

"ဟင်!..."

"မဆွေ .. နင် .. ဘာ!..."

"နင့်ပစ္စည်းတွေကို ငါ ယူခဲ့မိတာ"

"ဟား!.."

"ထင်သားပဲ .."

ချစ်ဖူး က မဲ့မဲ့ရွဲ့ရွဲ့နှင့်သံယောင်လိုက်၏။ ချစ်ဦး က မယုံနိုင်သေ

"နင် .. နင် .. ကြည့်စမ်း .."

"ဘာ ဒီလောက်ပြုံးပြနေတာလဲ ..၊ အံ့သြစရာကျနေတာပဲ"

ချစ်ဦး ပြုံးပြနေတာကို ချစ်ဖူး ကပဲ ကဲ့ရဲ့သည်။ ချစ်ဦး
ချစ်ဖူး ရဲ့ မထူးဆန်းသလို နေနိုင်သော မျက်နှာကို ဖျတ်ခနဲ ငဲ့ကြည့်
မှ ပြန်လှည့်ကာ ...

"အံ့သြတာက သူ ဒီလောက်အကြာကြီး ပါးစပ်ပိတ်ထားနိုင်တာ
ကို အံ့သြတာ .."

ချစ်ဦး တကယ် ထိတ်လန့်သွားတာက ဒေါ်မိမိ ရဲ့ ပက်ပက်စ
စက် အနိုင်အမာ တိုးနက်ပြောဆိုသွားသည့်စကားတွေကို မမေ့နိုင်သေ
လို့ ဖြစ်သည်။ ခုတော့ ဒီမိန်းမကြီးက အောင်နိုင်သူ ဖြစ်သွားပြီပေါ့
အဖြစ်တွေက ကြာခဲ့ပေမယ့် အနိုင်အရှုံး အဖြေပေါ်သွားတော့
အဖေ့ရှေ့မှာ မျက်နှာငယ်ရခြင်းက လတ်လတ်ဆတ်ဆတ်ကြီး ..။

ဆွေသင်း ကလည်း ချစ်ဦး ရဲ့ရှုက်ဒေါသတွေ သူမဆီ ဦးတည်





ဦးမှန်းသိကာ အဆင်သင့်ပြင်ထားပြီးသည့် သေချာခြင်းတစ်ရပ်ကို ဆုပ်
ကိုင်၍ ...

"ငါ ယူရဲတာက နင်လည်း ဒီပစ္စည်းကို အကွက်ရွှေ့လာခဲ့တာပဲ၊
အလျော်အစားတွေအတွက် အိမ်မှာ ဒီလောက် ဗျာများသွားမယ် မထင်
ဘူး"

ဦးခင်မောင် သည် ခုချိန်ထိ ဘာတစ်ခွန်းမှမဟဘဲ မောင်နှမ
သုံးယောက်ကိုသာ ငြိမ်သက်စွာ ကြည့်နေခဲ့၏။

"မဆွေ စကားကို ကြည့်ပြောနော်၊ ကိုယ့်အကန့်နဲ့ကိုယ် ဆိုင်တာ
ပဲ ပြော .."

"ဆိုင်တာပဲပြောတော့ နင်က ငါ့ကို သူခိုးဆိုတဲ့ မျက်လုံးနဲ့ ကြည့်
မှာလေ .."

"မဆွေ မနိုးလို့လား"

"နင်လည်း ဖဲဝိုင်းက သူများအထုပ်ကို 'မ'လာတာပဲ၊ အရောင်း
အဝယ်လုပ်နေတယ်ဆိုတဲ့ နင့်အလုပ်က တကယ်တော့ သူများ ထင်
သလိုမှ မဟုတ်တာ၊ လောင်းကစားသမားတွေကို ရေပူရေချမ်း ကမ်း
ရမ်းပြီး အရှိအရှောင် တောင်းစားနေတာပါ"

"အဲဒါတွေ မဆွေ က မောင်နှမချင်း ဘာဖြစ်လို့ လုံးစေ့ပက်စေ့
သိကျုံးနေတာလဲ"

ချစ်ဖူး က အစ်ကိုကိုဆီတော့ နှာပုံပေါ်သည်။ နေရာမှ ထလာပြီး
ချစ်ဦး ဘေးက ရပ်၍ ဆွေသင်း ကို စေစောင်းစောင်းကြည့်၏။

"တကယ်ပဲ အစ်မဖြစ်ပြီးတော့ မတော်ရဘူး"

"ပြောပါစေကွာ .. အပြစ်ရှိတဲ့လူက သူများအပြစ်ရှာပြီး ဦးအောင်
ပြောကြတာပဲ"

ချစ်ဦး ကလည်း နှာကျင်သည့်အကြည့်နှင့် ထပ်ပြောသည်။ ပြီး
တော့ ဟွန့်ခနဲ မဲ့၍ ...

www.burmeseclassic.com



"ဒီလိုပေါ့၊ ကုန်းကောက်စရာမရှိအောင် မွဲတေနေတဲ့ကော
ကြိုက်နေတော့ ရှေ့ရေးမျှော်တွေးပြီး အိမ်ကပစ္စည်းခိုးတာ မဆန်းပါဘူ

"အေး .. ငါက ဟုတ်ပါတယ်၊ နင်ကတော့ ရှေ့ရေးကိုတော
မတွေးဘဲနဲ့ အဖေ ချပေးတဲ့ပစ္စည်းတွေကို တကယ်ယူ၊ တကယ် ဖြ
ပစ်ခဲ့တာပဲမို့လား၊ ဘယ်သူ့ကိုမှလည်း ပြန်လျော်ရတာ မဟုတ်ဘဲ
မိဘကို မညှာတာ .."

"မိဘက မညှာလို့ သူများအတွက်နဲ့ ရှိတာထိုးကျွေးပြီး ဖာ
တာပဲ၊ ငါက ဘာညှာရမှာလဲ"

မောင်နှမတွေ အစဆွဲထုတ်လိုက်သည့် ချည်ငင်စက အလိပ်လို
ဆန့်ထွက်လာပေမယ့် အဆုံးရောက်တာနှင့် အစက ပြန်ကောက်
မှာ ဖြစ်သည်။

ဦးခင်မောင် ထိုနေရာကနေ လှည့်ထွက်လာခဲ့မိသည်။ ဒီအ
တွေကို ဆက်လက် မကြားရဲတော့သလိုဖြစ်လျက် အားလုံးသောအ
တွေဟာ ကိုယ့်မှာသာ ရှိသည်လို့ မြင်လာသည်။

သားသမီးတွေ ဒီလိုဖြစ်ကုန်ကြတာ ဘယ်သူ ဝတ္တရားပျက်ခဲ့
လဲ ..၊ မင်းကိုယ်မင်း ဘယ်လို ပြင်ဆင်ပြောင်းလဲမယ်ဆိုတာ စဉ်း
တော့ ခင်မောင် ..။





အခန်း (၃၂)

သိန်းပေါင်း တစ်ရာနှစ်ဆယ့်ငါးသိန်း ..၊
တစ်သက်နဲ့တစ်ကိုယ် မမြင်ဘူးခဲ့သော ငွေကြေးပမာဏပေမယ့်
နှမနှစ်ယောက်ရဲ့ မျက်လုံးထဲမှာ ဝမ်းသာသွားကြသည့် အရိပ်
ောင် ဘာမှဖြစ်မသွားခဲ့ ..။ ဒေါ်စန္ဒာ က မျက်နှာလေးတွေကို
နေရင်း သက်ပြင်းချလိုက်ကာ ...

"သူ့အသက်နဲ့ရင်းပြီး လဲယူထားရတာမျိုးမှ မဟုတ်တာ သမီး
ယ်.. ဒီငွေပုံက သားတို့အပေါ် သူထားခဲ့တဲ့ မေတ္တာထုထည်တွေပါ"

"ဟုတ်ပါတယ် .. အဲဒါ အမေ့မေတ္တာတွေပါ၊ ဒါပေမယ့် သားတို့
င်တာ အဲဒီငွေတွေ မှဟုတ်ဘူး အန်တီ၊ အမေ မရှိတော့ကာမှ
ွ ..."

စာမျက်နှာ မျက်နှာကြီး နီရဲလာပြီး ဆက်မပြောနိုင်တော့ပေ..၊
ာ စာမျက်နှာ လက်မောင်းကို ဖက်ထားလိုက်ပြီး ပါးလေးကပ်
် ...

"မောင်လေးကို အမေက ချစ်တယ်လို့ ပြောသွားတာပါ၊ အဲဒီလိုပဲ
လိုက်ပါတော့ မောင်လေးရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေကို မြင်ကာမှ ဝေဒနာတွေ အသစ်ပြန်ဖြစ်သွားသ
မောင်နှမနှစ်ယောက် အံကြိတ်နေရင်း မျက်ရည်ကျနေကြတာ
တော် ကြာသွားခဲ့၏။

ဒေါ်စန္ဒာ ငေးကြည့်နေရင်း မျက်ရည်တွေ ဝေ့လာခဲ့သည်
အဖြစ်ကမှ ကိုယ့်သူငယ်ချင်းတစ်ယောက်လုံး ဆုံးသွားတာကို
မသိလိုက်တဲ့အထိ ..၊ သိလို့ ပြေးလာခဲ့တော့ မောင်နှမဘဝက သ
စရာလေးတွေပါ။ ပြီးတော့ စိတ်ချမ်းသာဖို့လည်း ကောင်းသည်

အိမ်က သိပ်မသေးပေမယ့် ခပ်စုတ်စုတ် ..၊ မိမိ ရှိနေကတည်း
လုံးဝမပြင်မဆင်ဘဲ ထားခဲ့တာမို့ စားဖို့တောင် အနိုင်နိုင် ရုန်းကန်
ရသည့် ကလေးတွေအနေနဲ့လည်း ပြင်ဆင်နိုင်ဖို့ မလွယ် ..။

သူ ရောက်လာတော့ ပိုစုတ်သွားသည်ဟုထင်ရသည့် အိမ်လေး
မှာ မောင်နှမနှစ်ယောက် ..၊ တစ်ယောက်က အဝတ်လျှော်နေကာ
ယောက်က အိမ်အတက်အဆင်း လှေကားထိပ်မှာ ဇကာလေးနဲ့ထိုး
ဟင်းရွက်ခြွေနေ၏။ ဒီကလေးနှစ်ယောက် အစကတည်းက ယဉ်ကျေး
လိမ္မာကြသည်၊ ကြင်ကြင်နာနာ ရှိကြသည်ဆိုတာ သိပြီးသားမို့ အ
မရှိတော့ပေမယ့် ဒီတိုင်းလေး မပြောင်းမလဲ မြင်လိုက်ရတော့ ကြည်
သွားမိသည်။ ပါလာသည့်ငွေတွေက မိမိ အပ်ထားခဲ့သည့် ငွေ
ဆိုလည်း မများသလို ငွေတွေကို အတိုးအရင်း ပွားလာအောင် သူ
လှုပ်ရှား ကူညီခဲ့တာဆို ပိုမှန်လိမ့်မည်။

"အန်တီ .."

"ဟင် .."

မခ က မျက်ရည်သုတ်လိုက်ရင်း တစ်သျှူးအသစ်နှင့် စာမျက်
မေးဖျားမှာ ခိုတွဲနေသည့် မျက်ရည်စတွေကိုပါ လှမ်းသုတ်ပေး၍ –

"အဲဒီငွေတွေကို အမေက ဘယ်လို စုဆောင်းခဲ့တာလဲဟင် –
မေးလိုက်တာ မသင့်တော်မှန်း သိပေမယ့် ...





"မခ မေးလိုက်တာ အမေ့ကို စော်ကားလိုက်သလို ဖြစ်သွားမှန်း
သိပါတယ် အန်တီ၊ ဒါပေမယ့် မခ အဲဒါကို သိချင်နေတယ်"

"သိချင်မှာပေါ့ကွယ်၊ မိမိ က သိပ်ကို လျှို့ဝှက်တဲ့ မိန်းမတစ်
ယောက်ပဲ၊ အန်တီ့ကိုတောင် နေရာတကာ တိုင်ပင်ခဲ့တာ မဟုတ်ဘူး၊
ဒါပေမယ့် သမီးရယ် .. သူ့ရဲ့လှုပ်ရှားသွားလာမှုတွေဟာ ပတ်ဝန်းကျင်
ကို ဂရုမစိုက်တာတွေ ရှိချင်ရှိမယ်၊ သူများအပေါ် ဗိုလ်ကျသလို အနိုင်
ဖြစ်တာမျိုးလည်း ရှိနိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ် သူက အရမ်းတော်တဲ့
မိန်းမပါ၊ သူ့ကိုယ်သူ ဘယ်လိုဝတ်ဝတ် ဘယ်လိုဆင်ဆင် အလှအပ
မှာ သာယာစိတ်သက်သက်နဲ့ မဟုတ်ဘူး၊ ကိုယ်ကျင့်တရားမပျက်
အောင် ထိန်းနိုင်ခဲ့တာလည်း သူပါပဲ၊ ယောကျ်ားတွေပဲ ဝင်ဆံ့တဲ့ စီးပွား
ရေးဝိုင်းတွေမှာ သူ့ကိုကျတော့ နေရာပေးမယ့်လူ မရှားဘူး သမီးရဲ့.."

ဒေါ်စန္ဒာ က သဘောကျ ချစ်ခင်နေသည့်အပြုံးနှင့် ဒေါ်မိမိ ကို
သတိရနေပုံလည်း ရှိကာ ...

"နောက်တစ်ခု ပါရမီထူးတာက ယောကျ်ားဆိုတာကတော့ မိန်း
မလေးတစ်ယောက်ကို ဘာမှမဆိုင်ဘဲနဲ့ ရိုးသားစွာ ကူညီတယ်ဆိုတာ
ရှားလေ၊ မိမိ ကိုကျတော့ မရိုးသားခွင့် မရရင်လည်း အငြိုးထားသွား
တဲ့လူ သိပ်မရှိဘူး၊ ပြောပြီဆို မိမိ က ခပ်ရင့်ရင့်ပဲ၊ အဲဒါလည်း သူတို့
လက်သွတ်နိုင်ကြတာပဲ၊ တစ်ခုတော့ရှိတာပေါ့ သမီးရယ် .. ယောကျ်ား
တွေနဲ့ ရင်ဘောင်တန်းလိုက်ရတဲ့ အချို့နေရာတွေမှာ လူပြောတော့ ခံရ
တာပေါ့၊ သမီးတို့အမေအတွက် သမီးတို့ ဂုဏ်ယူပါ၊ သူကိုယ်တိုင်က
လည်း သမီးတို့ကို အစိမ်းရောင်နယ်ထဲမှာ ကွင်းခတ်ထားပေမယ့် သမီး
မောင်နှမရဲ့ အနာဂတ်အတွက် သူ့ခေါင်းထဲမှာ အမြဲရှိနေတယ်"

ရှုပ်ထွေးမှုလေးတွေဖြစ်သွားသည့် မခ မျက်ဝန်းတွေကို ဒေါ်စန္ဒာ
အကဲခတ်၍ ...

"သူ့ရုပ်ရည် နုပျိုလှပနေတာနဲ့ အားကိုးရှာမလား .. သာယာမှု



www.burmeseclassic.com

www.burmeseclassic.com



နောက် လိုက်မလာ .. အများကြီး ရွေးလို့ရတယ် သမီး၊ သူ ဆုံးသွား
အထိ သစ္စာထားခဲ့တာ .. အဲဒါ သမီးလေး ပထွေးနဲ့ ဘယ်တော့မှ
စေရဘူးဆိုတဲ့ မိခင်မေတ္တာပါ''

ဒေါ်စန္ဒာ ၏အကြည့်တွေက တစ်နေရာကိုငေး၍ မျက်ရည်
နေသည့် စာမျက်နှာ ဆီ ဝေ့သွားကာ ...

''သားသမီးကိုတောင် ပြန်မကြည့်ချင်လောက်အောင် မုန်း
ယောကျ်ားကိုတောင် သားဖြစ်တဲ့သူက 'အဖေ'လို့ ဘကောက်ကော
လိုက်ခေါ်နေတာကို သူ မတားခဲ့ဘူး၊ အဲဒါလည်း သူ့သားလေးကို
ဝတ်စိတ်မှာ သနားနေခဲ့တဲ့ ခွင့်လွှတ်နားလည်ခြင်းပဲ၊ ဘာပဲဖြစ်ဖြစ်
ကို ဘယ်တော့မှမငြိုငြင်ရဘူး.. မပြစ်မှားကောင်းဘူး၊ ဒီငွေတွေက
'မ'တည်လိုက်တာကို အန်တီနယ်ပယ်မှာ အန်တီကိုယ်တိုင်
အရင်းပွားအောင် ကူညီပေးခဲ့တာ၊ အဲဒါကြောင့် တဖြည်းဖြည်း စုမိ
တာတွေပါ''

''ဒါတွေကို မခ တို့အတွက်လို့တော့ အမေ ပြောဖူးမှာ မဟုတ်
ပါဘူး၊ ဟုတ်တယ်မို့လား ဟင် ..''

''သားတို့သမီးတို့အတွက်ပေါ့ကွယ်၊ သူ မကျန်းမာတာတော
အတော်ကြီးတည်းက ဒီရောဂါဖြစ်နိုင်တာ သိရက်နဲ့ ဘာမှမစစ်ဆေ
ဘူး၊ စစ်ကြည့်လို့ အဖြေသိရတော့လည်း ကိုယ့်ကိုယ့်ကိုယ် အသက်
အောင် မွေးမြူလို့ ရတယ်၊ သူ ဂရုမစိုက်ဘူး၊ အန်တီ ဘယ်လိုပြော
ဒီငွေကို လုံးဝ ထုတ်မယူဘူး၊ အဲဒါ ဘယ်သူ့အတွက်ဖြစ်မှာလဲ စဉ်း
ကြည့် ..''

အမေက ဒီငွေတွေက ငါ့သားနဲ့ သမီးအတွက်လို့ မမှာခဲ့ဘူး
တာတော့ သေချာသွားပါသည်။ သစ္စာဖြောင့်မှန်စွာ လာပေးခဲ့သ
ဒေါ်စန္ဒာ ကို သူတို့ လေးစားပါသည်။ အမေ့ရဲ့စေတနာတွေကိုလည်း
ပိုသိလာလေ ကြေကွဲရလေ ..။ ထို့ကြောင့် အိမ်စုတ်စုတ်ကြီးထဲမှာ





က ဒေါ်စန္ဒာ ချပေးတဲ့အတိုင်း နေရာမရွေ့ ရှိနေခဲ့၏။

''အန်တီက ဒီငွေကို ဆက်ထိန်းထားပေးချင်ပါတယ်၊ ဒါပေမယ့်
ယောက်နဲ့တစ်ယောက် နေကြတာက ဝေးတယ်လေ၊ မိဘမရှိတဲ့
မှာ သားတို့မောင်နှမမှာလည်း လိုအပ်တာတွေ ရှိလာမှာပေါ့၊
ထားလိုက်နော်၊ ဒီမှာ မမိ အန်တီ့ကို သိန်းလေးဆယ် စပြီးအပ်ခဲ့တဲ့
လက်မှတ်၊ သူငယ်ချင်းတွေဆိုတော့ စာချုပ်စာတမ်းတွေ မရှိဘူး၊
နောက်ထပ် သိန်းနှစ်ဆယ် ထပ်သွင်းတာ၊ နောက်ဆုံး နှစ်ဆယ့်
သိန်းနဲ့ သုံးရစ်မှာ ကြာတဲ့ကာလတွေကိုလည်း ကြည့်နော် ..''

ပထမဆုံးက ဗလာစာရွက်လေးမှာ အကျိုးအကြောင်း ရေးထား
လည်းပါကာ သိန်းလေးဆယ် သိမ်းထားဖို့ ဖြစ်သည်။

နောက်ထပ်ကျတော့ ဖိုင်လေးနဲ့ ဖြစ်သွား၏။ ဒါပေမယ့် ငွေ ဆက်
သွားဖို့ အမေ စိတ်ကူးထားပုံပေါ်ကာ အောက်မှာ နေရာလွတ်
ယ်ကြီး ချန်ထားကာလည်း ရှိသည်။

ဒေါ်စန္ဒာ ကတော့ သူမဘက်က စောင့်ထိန်းခဲ့ခြင်းကို စာရွက်
မ်းနှင့်တကွ သေချာ လာအပ်သွားခဲ့သည်။ အားလုံးက မရှိးသား
ဘာမှမရှိတာမို့ ကျေးဇူးလည်း တင်ပါသည်။

ခက်နေသည်က ဒီငွေတွေကို မောင်နှမ နှစ်ယောက်စလုံး ထိကိုင်
တ် မရှိအောင် ကြေကွဲနေခြင်းပင် ..။ ငွေတွေကို မသိမ်းဘဲ တစ်အိမ်
တံခါးတွေပိတ်ကာ နှစ်ယောက်စလုံး ထမင်းစားဖို့ နောက်ဖေးခန်း
ရောက်လာတော့လည်း ငွေကို စိတ်ပူရမှန်း မသိ ..။

''စားလေ မောင်လေး ..''

ငါးရှ့ အကောင်ကြီးကြီးကို သုံးလေးပိုင်းပဲ ပိုင်းကာ တစ်ပိုင်းချင်း
မန်လာဥပိုးတီလုပ်သလို ဓားနဲ့ အရစ်လိုက်ခွဲ၍ လှလှပပ
ထားသည်။

ခင်းကောမကြိုက်သည့် မောင်လေးအတွက် အချဉ် ချိုး စပါးလင်



www.burmeseclassic.com

www.burmeseclassic.com



ရောထည့်၍ ဆီပြန်လေး သေချာချက်ထားတာ ဖြစ်၏။ ပြီးတော့ ကြ
တောင်ပံနဲ့ လည်ချောင်းကို ငံပြာရည်နဲ့ ရေခန်းအောင် ပြုတ်ပြီးမှ ပြန်
ကာ မုန်လာဥနဲ့ အဖြူထည် ဟင်းခါးပုံစံလေးလည်း ချက်ထားသည်
အသားတွေနဲ့ ဖွတ်ပြုတ်ဆို ညှိတယ်လို့ ညည်းကာသည့် မောင်အတွ
အရည်ဖြစ်ဖြစ် .. အဖတ်ဖြစ်ဖြစ် မွှေးနေစေဖို့ ဖြစ်သည်။

သူမ ဘာတွေပဲ လုပ်ထားထား စာမျက်နှာ က ထမင်းပွဲကို ကြ
ပြီး ငိုင်နေမည် ..၊ ပြီးတော့ လက်ဆေးခြင်းကို ကြာရှည်စေကာ ထ
တွေကို တွန်းလိုတွန်း၊ ဆွဲချလို ချ၊ ဖွခြင်း အမျိုးမျိုးနှင့် ဖွနေဦးမည်

စားလေလို့ တိုက်တွန်းပြီး မခ နောက်တစ်ကြိမ် ဟင်းထည့်
အားနာပါနော တို့တိတိလောက် ပါးစပ်ထဲ သွင်းမည်။ ဒါတွေ
စားပွဲပေါ်မှာ ဖွယ်ဖွယ်ရာရာဖြစ်ခြင်း မဖြစ်ခြင်းကြောင့် ပြောင်းလဲ
မှာ မဟုတ်သော စာမျက်နှာ ရဲ့ အမြဲပာမ်းနေ့ဖွဲ့တွေ ဖြစ်သည်။

မောင်ဖြစ်သူကို ငေးကြည့်ရင်း မခ မျက်ရည်တွေ ဝေ့တက်လာ
သည်။ ရှေ့ဆောင်ဦးရွက်ခြင်းဖြင့် မြိန်ရှက်စွာ စားပြဖို့ ကြိုးစား
သူမ လက်တွေသာ ထမင်းနဲ့ ဟင်းတွေ ဖေပြီး စေးကပ်လာခဲ့သည်
ပါးစပ်ထဲကို တစ်လုတ်မှ မရောက်သေး ..။

ထိုစဉ် စာမျက်နှာ က အမှတ်တရ လှည့်ကြည့်လိုက်ပြီး ...

"မမ .. မမလည်း စားလေ .."

ပြောလိုက်ကာမှ မျက်ရည်တွေက ပါးပေါ်ထိ ရဲတင်းစွာ ဖြ
ဆင်းလာကြ၏။

"ဟာဗျာ!... မမကလည်း .."

စာမျက်နှာ လက်ပြန်ဆေးပြီး လက်သုတ်ပဝါနဲ့ သုတ်လိုက်သည်
ပြီးတော့ မခ လက်မောင်းလေးကို ကိုင်လိုက်ကာ ...

"မမ ဘာဖြစ်လို့ ငိုတာလဲ"

"မင်း အဲဒီလို ဖြစ်နေတာ မမ ဘယ်လိုနေရမလဲ၊ မင်း .. မင်





ပါတော့ မောင်လေးရယ် .."

မခ မျက်ရည်တွေနဲ့မော့လာပြီး စာမျက်နှာ ရဲ့လက်ပေါ်ကို ထပ်
ကိုင်ကာ ...

"မောင်လေးကို မမ နားလည်ပါတယ် .. ဒါပေမယ့် ထားတဲ့သူက
ရစ်ခဲ့ပြီ၊ ရှိနေတဲ့သူက ပြန်လှည့်မကြည့်ဘူး၊ မမတို့ဘဝက ငိုနေရုံနဲ့
ဂုံသွားမှာလား .. ပြီးခဲ့တာတွေပဲ တွေးပြီး တရိပ်ရိပ် ခံစားနေတာနဲ့
ဆင်းရှင်တစ်ယောက် ဘွားခနဲ ပေါ်လာနိုင်သလား"

"မောင်လေး သိပါတယ် .. အလုပ်တွေလုပ်နေရင်လည်း အလုပ်
နေတဲ့စိတ်မှာ နှစ်ပြီး မောင်လေး ကြိုးစားတာပဲ၊ ဒါပေမယ့် အိမ်
ရောက်လာရင် အိမ်ဆိုတဲ့ အမိုးရိပ်အောက်ကို ဝင်လိုက်ပေမယ့်
လုံခြုံသွားတယ်လို့ စိတ်ထဲမှာ မထင်ဘူး"

"မောင်လေး အခုနကို ကမ်းတနေတာ မမ သိတယ်၊ နောက်ပြီး
ငံတာကို တွေးပြီး ဝမ်းနည်းနေတယ်"

စာမျက်နှာ မျက်နှာ မသိမသာလွှဲ၏။ မခ က လိုက်ကြည့်နေ၍...

"အမေက မောင်လေးကို မပြောရက်ပေမယ့် အဖေ့နောက်ကို
တာ လိုက်ခေါ်နေတာ မကြိုက်ဘူး၊ အဲဒါ မောင်လေးပဲ ဆင်းရဲ
နေရမှာကို သိလို့ပါ၊ ဘာဖြစ်လို့ ဒါကိုပဲ အစွဲအလမ်းကြီးနေရ
လဲဟင်၊ ကိုယ့်ကိုမခေါ်လည်း မမတို့ အဖေ့ကို မြင်နေရသေးတယ်
.. နှစ်ခု ပူနေရမယ့်အစား တစ်ပူကို အရင်ဖျောက်ကြည့်စမ်းပါ"

စာမျက်နှာ သည် မခ မျက်နှာကို ဆွေးဆွေးမြည့်မြည့် ငေးနေပြီး
ည်းဖြည်း တစ်ခွန်းချင်း ပြော၏။

"အမေ့ကိုလည်း မြင်နေခဲ့ရတာပဲ၊ မောင်လေးရဲ့ လက်တစ်ဖက်
ပြီး မိုးခြိမ်းသလို အောင်မြင်ခန့်ညားတဲ့ စကားတွေနဲ့ အ
ည်းထဲကနေ ဆွဲထုတ်ခဲ့သေးတယ်၊ ဒါပေမယ့် ခဏလေးတွင်း
ဆောင်လေးလက်ပေါ်မှာ နှုတ်မဆက်ဘဲ ထွက်သွားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲ အလယ်မှာထားကာ မျက်ရည်စက်တွေသာ ... ထင်းခဲ့လျက် ...

"အမေ့မေတ္တာကို သိရတဲ့အချိန်မှာ မောင်လေးကို အ... ထာဝရ ထားရစ်ခဲ့တယ်၊ အမေ့ကို အဲဒီလို ဆုံးရှုံးလိုက်ရရင် .."

"အမေ့ရင်ထဲမှာ အမေ့လို မျိုသိပ်သိုဝှက်ထားနိုင်တယ်လို့ ... ထင်နေသလား မောင်လေး"

"မရှိနိုင်ဘူးလို့ မမ ပြောလည်း မောင်လေးရဲ့ မျှော်လင့်ချက်... က ပျက်သွားမှာ မဟုတ်ဘူး၊ အဖေက မောင်လေးရဲ့အဖေအရင်း... ဒါကို သိလာတဲ့နေ့ အဖေ့မေတ္တာကို မောင်လေး ရမှာ၊ တစ်နေ့နေ့... ဒီအမှန်တရား ပေါ်လာမှာပါ"

အမှန်တရားကို သိထားတဲ့ ကာယကံရှင်က ရှိတော့လို့လား ...

မောင်လေးကို မခ မမေးရက်တော့ပေ၊ သူ့ယုံကြည်ချက်လေး... သူ ရှိပါစေတော့။ တကယ်တော့ လူကြီးတွေရဲ့ပဋိပက္ခမှာ 'အမေ... မာနကြီးကြီးနဲ့ အရွဲ့တိုက်ပြောခဲ့၍သာ သေချာ ရှင်းပြလျှင် အဖေ... လက်ခံမည်'ဆိုသည့် တချို့တစ်ဝက်သော စကားတို့ကို သိထား... မောင်လေး ဒါကို အသေမှတ်ထားတာ ဖြစ်သည်။ ထို့ပြင် အမေ ဆုံး... သွားပြီးသည့်နောက်ပိုင်းမှာ တစ်ခါ ပြောသေးသည်။

"အမေက ရှင် ဘယ်တော့မှ 'သား'လို့ မခေါ်နဲ့လို့ ပြောလိုက်... တော့ အဖေ မျက်နှာပျက်သွားမယ် မမ၊ အဖေ့ရင်ထဲမှာ မောင်လေး... ရှိပါတယ်"တဲ့ ...။

ကြုံဖန်ပြီး ရှိချင်နေသည့် တမ်းတမျှော်လင့်ခြင်းတွေကို ဘယ်... သိမ်းထားခိုင်းမလဲ ...။





အခန်း | ၃၃ |

အရပ်တိုတိုလေးနှင့် ကိုယ်ကျပ်ခါးရှည် အဖြူကျားကို ဝတ်ထား သဖြင့် အရပ်က ပိုပုနေသလို ထင်ရ၏။

ပို့ဒင်ဒေါက်ချွန်ကြီး စီးထားတာတောင် ယောကျ်ားနှစ်ယောက် အလယ်မှာ သူမက ပုပုသေးသေးလေး ဖြစ်နေသည်။ ကားပေါ်ကဆင်း ပြီးမှ ဆု ရှေ့မတိုးဖြစ်တော့ပေ။ စာမျက်နှာ ဆီကို ရောက်လာတိုင်း ... ရမက စောင့်ခေါ်ရတာပဲ ရှိခဲ့တာမို့ အပြင်မှာ လှမ်းတွေ့လိုက်တော့ ...မ်းသာသွားတာတောင် ဘယ်ရောက်သွားမှန်း မသိ ..။

ထိုသူမနှင့် ယောကျ်ားတစ်ယောက်က တစ်ဖက်ဖြစ်ကာ စာမျက် ...မှာ တစ်ဖက် ..၊ ကြည့်နော်တုန်းမှာပဲ နှစ်ယောက်က ဒီဘက် ထွက်လာ သဖြင့် ဆု သေချာလိုက်ကြည့်နေမိသည်။

ကောင်မလေးက ဆု တို့ထက် ငယ်မည်ထင်သည်။ အသားညိုညို ဆံပင်တွေလည်း ကောက်ထား၏။ သူတို့စကားပြောလာသဖြင့် အနား ...က ဖြတ်သွားတော့ စကားသံတချို့ ကျန်ရစ်လေသည်။

"ဘာဖြစ်လို့ အဲဒီလို ပြောလိုက်တာလဲ ဆွေ ရယ် .. ကိုကြီး... ...တော့ လူသိမခံရဲတဲ့ကိစ္စမျိုးကို သိပ်သဘောမကျဘူးနော်၊ ဘာ...မျိုသိပ် ...ရော လိုလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မသိပါဘူး"

စကားသံတွေ ဝေးသွားတဲ့အထိ နားစိုက်ထားခဲ့ပေမယ့် မကြား ရတော့ပေ ..။ သူတို့က စက်ရုံဝင်းထဲက ကားပါကင်ရဲ့အစွန်ဆုံးကားဆီ သွားနေကြတာ ဖြစ်၏။ ဒီထဲမှာ ဒီလူတွေကို ဆု တစ်ခါမှ မမြင်ဘူးခဲ့..

"ဆု ဒီကိုလာတာလား .. အထဲမပေါ်ဘဲ ဘာလုပ်နေတာလဲ"

သူများကို စပ်စုနေမိတာနှင့် ဦးလေး ကားတာမိစီးလုံး ထွက်လာ တာကို မမြင်လိုက်မိ ..။

"အန်ကယ်လ်က ဘယ်ကိုလဲ"

"ဘယ်မှမဟုတ်ဘူး၊ ဟိုဘက်ကို ခဏပဲ"

ဟိုဘက်ဆိုတာက ကုမ္ပဏီဘက်ကို ပြောတာဖြစ်သည်။ စက်ရုံနှင့် ကုမ္ပဏီက တစ်ဝင်းတည်းပေမယ့် အလယ်မှာ အဆောက်အဦးနှစ်ခု ခြားနေသေး၏။

"အန်ကယ်လ် နေဦး .."

ဆု ကိုယ့်ကားထဲ ကိုယ်မဝင်သေးဘဲ ဦးလေးဘေးကို ကပ်သွားမိ ကာ ခါးလေးကိုင်း၍ ငုံ့ကြည့်ရင်း ...

"အန်ကယ်လ်က ဒီရက်ပိုင်းထဲမှာ စာမျက်နှာ ကို စက်ရုံထဲမှာ ချည်း ခိုင်းနေတာပဲ"

"အဲဒါကို ခိုင်းတယ်မထင်နဲ့ .. သူ့မှာလည်း ပညာတိုးတယ်၊ နောက်ပြီး ဒီကောင်လေးက စိတ်ချရတယ်"

"အန်ကယ့်လ် ပြောလိုက်ရင် ဒါပဲ"

ကားမှန်ကိုပုတ်၍ မဲ့ရွဲ့ကာ ဆု မတ်မတ်လေး ပြန်ရပ်၏။ အန် ကယ်လ် ဦးမိုးညိုအောင် က ချော့မော့သည့်အပြုံးနှင့် မော့ကြည့်လျက် –

"တွေ့လား .. ဆုလေး နော်၊ ညည်း သူငယ်ချင်းဆိုပြီးတော့ .."

"ဘာဖြစ်လို့လဲ"

"ခေတ်နာတွေ ပိုနေပြီ"





"ပိုရမှာပဲ .. သူ့ခမျာ မောင်နှမနှစ်ယောက်ပဲ ရှိတာ၊ သူ ဒီမှာ အောနိုက်ဆင်းနေရင် အိမ်မှာ သူ့အစ်မက တစ်ယောက်တည်းရယ်.."

"သူ အောနိုက်ဆင်းရတာတွေလည်း သိတာပဲလား၊ ဆုလေး.. ဆုလေး .."

"အန်ကယ်လ်နော် .. နောက်ကို စက်ရုံမှာပဲ ခေါ်ခေါ်ခိုင်းပြီး အိုဗာ တိုင်တွေ မခိုင်းနဲ့"

"သူကိုယ်တိုင်က လုပ်ချင်နေတာပါ ဆရာမရယ် .. အလကား ဆုပ်ရတာမှ မဟုတ်တာ၊ တစ်ညဆင်းတာနဲ့ တစ်လစာရဲ့ လေးပုံတစ်ပုံလောက် ရတာ"

ဒါလည်း ဟုတ်သားပဲ၊ စာမျက်နှာ က ကြိုးစားတဲ့သူဆိုတော့ အလုပ်ဆိုရင် လုပ်မှာပဲ ဖြစ်သည်။

"ဒီမှာ ဟိတ် .."

ဦးမိုးညိုအောင် က တစ်ဝက်ချထားသည့် မှန်ပေါ်မှာ တံတောင် ဆစ် ကွေးတင်လိုက်ပြီး မေးဆတ်ခေါ်ကာ ...

"ငါ့ကို ခုပဲ ဂိတ်က တိုင်တယ်၊ ညည်းရဲ့သူငယ်ချင်းအကြောင်း.."

"ဟင်!... ဘာဖြစ်လို့လဲ"

ဆု ဘာမှမသိရသေးဘဲ ပျာပျာသလဲ ဖြစ်သွားခဲ့၏။

"ခုနက ထွက်သွားတဲ့နှစ်ယောက် မမြင်လိုက်ဘူးလား"

"ဟုတ် .. မြင်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါ ညည်းကောင်လေးရဲ့ ညီမတဲ့ .."

"ညီမ .."

"ဟုတ်တယ် .. ညည်း ခုနက ပြောတော့ အစ်မတစ်ယောက်ပဲ ရှိတာဆို .."

"ဝမ်းကွဲနေမှာပေါ့၊ အဲ .. သူ့မှာ အဖေတူ အမေကွဲ မောင်နှမတွေ ရှိသေးတယ်၊ အခု ဘာဖြစ်နေလို့လဲ ပြောလေ .."



www.burmeseclassic.com

www.burmeseclassic.com



အဖေတူ အမေကွဲလို့ ပြောလိုက်တာနှင့် ဦးမိုးညိုအောင် က နှာခေါင်းရှုံ့၏။

ဒီလိုမိသားစုမျိုးက စိတ္တဇဆန်ဆန် ကောင်လေးတစ်ယောက်ကို တူမဖြစ်သူက စိတ္တဇဆန်ဆန် ခင်တွယ်နေမှန်း သိနေလို့ ဖြစ်သည်။

ထို့ကြောင့် ကားသော့ဆီ လက်က ရောက်လျက် ...

"ဟာ!... အန်ကယ်လ် ပြောဦးလေ .. စာမျက်နှာ ဘာဖြစ်လို့လဲ"

ဆု က ကားသော့နဲ့ ဦးမိုးညိုအောင် လက်ကိုပါ လှမ်းကိုင်ထား လိုက်ပြီး ခွတ်မေးသဖြင့် ပြန်မော့ကြည့်မိကာ ...

"ဂိတ်က လူတွေက ပြောတာပဲ၊ ကောင်မလေးနဲ့ပါလာတဲ့လူက နှာမည်ပျက် ရှိဖူးတယ်တဲ့၊ ကောင်မလေး အထဲကိုဝင်သွားတုန်း အပြင်မှာ လှောက်ကြည့်နေတာ နဲ့နေတာပဲလို့ ပြောတယ်"

တကယ်ဆို စက်ရုံထဲထိ ဇည့်သည်ခေါ်တွေခွင့် မရှိပေ။ ဆု မျက်နှာပျှသွား၏။

"ဟို စာမျက်နှာ က ခေါ်သွားတာလားဟင်"

"မဟုတ်ဘူးလို့ ပြောတာပဲ၊ ကောင်မလေးက ရပ်စောင့်မလိုလို့နဲ့ သွားပြောပေးတဲ့လူနောက်က ကပ်လိုက်သွားတာတဲ့၊ ဘာဖြစ်ဖြစ် နောက်မဖြစ်စေနဲ့...၊ ညည်းကောင်လေးကို အုပ်ချုပ်ရေးမှူးတွေ ပြောခံထိမှ ပိုဆိုးမယ်နော်၊ ပြောပြထား"

တော်ရုံ အောက်ပိုင်းကကိစ္စတွေကို အထက်လူကြီးတွေက သိတောင် မသိကြပေ။ စာမျက်နှာ ဒီကိစ္စကြောင့် မျက်နှာပျက်ရပြီဆို ဘယ်သူမှ ကယ်နိုင်မှာ မဟုတ် ..။

ဒါပေမယ့် ဆု ကတော့ စာမျက်နှာ အတွက်ဆို မေခလာနတ်သမီး ဖြစ်ချင်သူ ..။





အခန်း [ ၃၄ ]

လက်သမားတွေကို ပြုပြင်ဖာထေးဖို့ နေရာတွေ ပြပေးနေရင်း အားကနေ ဟိုလိုက်ကြည့် ဒီလိုက်ကြည့်နှင့် မခ အိမ်ရှေ့မှာပဲ မိုးတိုးတတ်တတ်လေး ဖြစ်နေခဲ့သည်။ ထိုစဉ် ...

"တီ .."

ကားဟွန်းသံက ကျယ်ကျယ်လောင်လောင်ကြီးမို့ နောက်လှည့်ကြည့်မိလျှင် ...

"ဦးလဒ် .."

မခ မျက်နှာလေးပျက်သွား၏။ ဆပ်ဖ်အနက်ရောင်က နေရောင်မှာ မျက်စိကျိန်းအောင် လက်လက်တောက်နေလျက် မောင်းလာတဲ့သူက သူဌေးဆိုသည့် စာတမ်းကပ်ထားဖို့ မလို ..။

ရလဒ်ကောင်း သည် နက်ပြာရောင်ပေါ်မှာ မိုးပြာရောင် မတ်တတ်စင်းတစ်ကြောင်းတည်းပါသော စပို့ရှပ်လက်တိုနှင့် မျက်မှန်နက်ကို တပ်ထား၏။ ဝင်းမှုန်နေသည့်မျက်နှာက မျက်မှန်နှင့်လိုက်ဖက်ကာ အနဲ့ လှုနဲ့ ပေါင်း၍ ထည်ဝါခြင်းက ငိုက်မြည်းနေသည့် ပန်းဝန်းကျင်ကို ပုတ်နိုးလိုက်သလိုပင် ..။



www.burmeseclassic.com

www.burmeseclassic.com



မခ ဘောဝန်းကျင်ကို မကြည့်ဖြစ်ပေမယ့် စိတ်က ချက်ချင်းတွေ မိကာ ပြုံးပြနေသည့်မျက်နှာကို ပြန်ပြုံးပြဖို့ သတိမရ ..။

ဒီတိုင်းဖြစ်သွားတတ်တာကို သိနေသူကလည်း 'ဘာဖြစ်ဖြစ် ကိစ္စမရှိ' ဆိုသည့် ခပ်လွန့်လွန့်အပြုံးနှင့် ဆင်းချလာသည်။

"မင်း ခွင့်ယူထားတာ အိမ်ပြင်နေတာလား"

"ဟုတ်ကဲ့ ဦးလဒ်"

သူ အနားရောက်လာတော့ ကားရပ်ကတည်းက လှမ်းကြည့်ကြသည့် လက်သမားတွေက သေချာထပ်ကြည့်ကြသည်။

ခြေရင်းကခြံကို နံရံခတ်ထားတာမို့ မသိပေမယ့် ခေါင်းရင်းက သံဆူးပဲ ခတ်ထားသည့်အိမ်က အဝတ်ရတ်သလိုလို အမှိုက်ကောင် သလိုလိုနှင့် လူရိပ်တွေ များလာ၏။

ပတ်ဝန်းကျင်ဆိုတာ မလိုသူ ရှိသလို လိုတဲ့သူက မရှိသလောက် ပါ။ မခ တို့လို မိသားစုအတွက်က လိုလားတဲ့သူဆိုတာ မရှိ ..။

မျက်နှာသည် ဘယ်လိုမှ ကြိုးစားပြင်ဆင်လို့မရအောင် ပျက်ရ လျက် မခ မလှမပ ပြုံးမိရင်း ...

"မောင်လေးနဲ့ မခ နဲ့ တစ်လှည့်စီ ခွင့်ယူပြီး ပြင်ရတာလေ၊ အိမ် က တော်တော်ယိုင်နဲ့နေတော့ တစ်ခုပြင်လိုက်တာနဲ့ ပြင်စရာတွေ အများကြီး ဖြစ်လာတာ"

"အင်းပေါ့"

ရလဒ်ကောင်း က မျက်မှန်ကိုချွတ်လိုက်ပြီး အဲတ်ဖိနပ်ခံနှင့် မှန် ဆောင်ပြိုင်ပုံစံ တစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို သေချာကြည့်သည် ပြီးမှ...

"စရိတ်စကက သိပ်မှ မထူးတော့တာကွာ .. အားလုံး ဖျက်ချလိုက် ပြီး အသစ်ပြန်ဆောက်ပါလား"

ပြောနေရင်း အိမ်ကိုကြည့်၍ ခေါင်းရင်းဘက် လျှောက်သွားသဖြင့်





ဘိုဘက်က နားစွင့်နေကြသူတွေနဲ့ နီးသွားကာ မခ ပြောမည့် စကားတွေ လည်း မပြောဖြစ်လိုက် ..။ မကြည့်ချင် မြင်ရက်သား ဆိုသလို ကားနဲ့ သူကို ခေါက်တုံ့ပြေးနေသည့် မျက်လုံးတွေဆီ မခ လှမ်းကြည့်လိုက် မိ၏။ သူကတော့ အေးဆေးလျှောက်ကြည့်နေတာ ဆောက်လုပ်ရေးစီမံ ကိန်းထဲမှာ စစ်ဆေးရေး ဝင်နေသလိုလို ..။

ပြန်လှည့်လာတော့လည်း လက်သမားတွေရှေ့မှာ မဆင်မခြင်..။

"သစ်တို့ ဝါးတို့ဆိုတာ ဆွေးမြေ့ပျက်စီးလွယ်တယ်၊ မောင်နှမ နှစ်ယောက်ပဲ နေကြတာဆိုတော့ တစ်ထပ်တိုက်ပြားလေး ဆောက် လိုက်ပါလား၊ ကျစ်ကျစ်မာမာလေး လုပ်ထားရင် ဆေးရောင်ပြောင်းလဲ သွားမှာပဲ ရှိမယ်၊ ပြင်ဆင်ဖို့အတွက် အရိပ်တကြည့်ကြည့်နေစရာ မလို တော့ဘူး"

မခ ခေါင်းခါသည်။ ထပ်ပြောမည့်စကားကျတော့ သူက မစောင့် ဘဲ အိမ်ကို လက်ညှိုးထိုး၍ ထွက်ချက်ပြနေသေးသည်။

"တိုက်ဆိုတဲ့အရှိန်ကို မကြောက်ပါနဲ့..၊ တကယ်တမ်းကျတော့ စိတ်က သိပ်မကွာဘူး၊ အဲဒါ သဘောကျရင် စိတ်ချရတဲ့ ကန်ထရိုက် တွေ ရှိတယ်၊ ကိုယ် အပ်ပေးမယ်"

"အဲဒီလောက် မလုပ်ချင်လို့၊ မခ ဒုက္ခများခံပြီး ပြင်နေတာပါ ဆရာ"

ခန့်ညားသွားအောင်လို့ ပါးစပ်ထဲတွေ့သလို ခေါပစ်လိုက်သည်။ သူ သတိထားမိလား .. မထားမိလားတော့ မသိ ..။

"မဟုတ်ဘူးလေ .. မင်း ခုပဲ ပြင်ထားပြီးတဲ့အပိုင်းကို ကြည့်..၊ ဒိုင်အတိုင်း သေသေသပ်သပ် ခန့်ခန့်ညားညား ထွက်လာသလား၊ တင်နေရင်းနဲ့ တစ်အိမ်ယုံး အကောင်းတိုင်း ပြန်လုပ်ရတဲ့အထိနည်း ဖို့ ရှိသေးတယ်၊ ငွေကြေး လိုအပ်ချက်ရှိရင် .."

"မလိုဘူး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



မခ မျက်နှာလေး တင်းနေတာကိုကြည့်ပြီး ရလဒ်ကောင်း မျှော် မှောင်ကုတ်သွား၏။

"လိုလိုမလိုလို မခ တို့အမေ ခေါင်းချသွားခဲ့တဲ့အိမ်၊ ပြီးတော့ ဒါ အဖေနဲ့အမေတို့ ပထမဆုံး ကိုယ်ပိုင်ထူထောင်နိုင်ခဲ့တဲ့အိမ်ပါ၊ ဒီအိမ် မှာ အမေ့ရဲ့ခြေရာလက်ရာ အငွေ့အသက်တွေ ရှိတယ်၊ အဲဒါကြောင့် ဘယ်လောက်ပျက်စီးနေနေ အိမ်လုံးဖြိုချပစ်တဲ့အထိ မခ ဘယ်တော့မှ မလုပ်ဘူး၊ မောင်လေးလည်း လုပ်မှာမဟုတ်ဘူး၊ ဆရာပေးတဲ့ အကြံ ဉာဏ် ကောင်းပေမယ့် မခ တို့ အဲဒီလိုစိတ်ကူး မရှိတဲ့အတွက် စေတနာ စော်ကားသလို ဖြစ်သွားရင် တောင်းပန်ပါတယ်"

သူ မချိတရိ ပြုံးမိသည်။

"မင်း အမြဲတမ်း စော်ကားခဲ့တာပဲ မခ ရယ် ..."

နှုတ်ခမ်းတွေစေ့ကာ သူမကို စိုက်ကြည့်ရင်း မျက်လုံးတွေနဲ့ ပြောဖြစ်ခဲ့သည်။ စံကားဝါရောင်ဖျော့ဖျော့လေးက အဖြူဘက်ကို ရော နေသည်။ ထိုဝတ်စုံလေးကြောင့် သူမရဲ့ပါးပြင်လေးတွေပါ စံကားဝါ ရောင် သမ်းနေသလိုပင် ..။

ပြီးတော့ ဆံပင်တွေကို နောက်မှာ ကလစ်နဲ့ စုညှပ်ထားသဖြင့် ဆံဖျားတို့က သေးသွယ်သည့် ခါးစပ်အောက်မှာ တန့်နွဲ့ရှိနေကြသည်။

မျက်နှာမှစ၍ ခြေဖျားအထိ ဖြူစင်ဝင်းနှစ်နေသည့် သူမရဲ့ အဆု တရားတွေကို သူ ထိုင်ကြည့်နေချင်စိတ်တွေ ဖြစ်လာခဲ့တာ သိပ်မကြာ သေးဘူး ထင်သည်။

မြင်နေရင်းနဲ့ ပျောက်ကွယ်သွားတိုင်း.. မြင်ချင်နေလျက်နှင့် မမြင် ရတိုင်း မကျေနပ်သလို ဖြစ်နေတတ်သည့်စိတ်တွေကလည်း ဘယ်က ရောက်လာမှန်း မသိ..။ သူမဘက်ကတော့ သူနဲ့ဆန့်ကျင်ဘက်တွေပါ

စကားသွားပြောလည်း မကြိုက်၊ အရေးပေးလိုက်ပြီဆိုလည်း မနှစ်မြို့သလိုလို ...၊





ခုတော့ သူ စေတနာပိုမိလို့ မလိုပါဘူးလို့ ပြောခံထိခဲ့ရပြီ ..။

ပြောပါစေ ..၊ မချိတရိအပြုံးကနေ ကျေကျေနပ်နပ် ခံယူသွား သည့်အပြုံးနှင့် သူမကို ခြေဆုံးခေါင်းဆုံး ကြည့်မိသည်။ ပြီးတော့ အသံ ...ိုးဖြင့် ...

"ရပါတယ် .. စော်ကားခံရရင်လည်း ခံချင်လို့ကို လာခဲ့တာမို့လို့ ...င်းပန်ဖို့ မလိုဘူး၊ ဒါဆို ကိုယ် ပြန်မယ်နော်"

'ဟုတ်ကဲ့'လို့ တက်ကြွစွာ ခေါင်းညိတ်လိုက်တာလေးကို ပြန်ငဲ့ ...ည့်ရင်း ပြုံးမိပြန်သည်။ ထို့ကြောင့် ကိုယ်တစောင်း ပြန်လှည့်ရပ်

"ဒီနေ့ မင်းရဲ့ခွင့်ရက် နောက်ဆုံးနော် .. မေ့နေမှာစိုးလို့"

ပြုံးလက်စနှင့် လှည့်ထွက်ခဲ့ရင်း စိတ်ထဲမှာ ပြောနေမိသည်။

'မင်းနဲ့ ရှေ့ဆက်ချင်လို့ ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၅ ]

"ဘာ!... ဟုတ်တယ် .. ဟုတ်လား .."

"ဟုတ်တယ် ကိုကိုရဲ့ .."

နောက်ထပ် ခေါင်းညိတ်လိုက်တော့ ဒေါသဖြစ်ရခက် ခွင့်လွှ[illegible] ခက် ..၊ အန်ကယ်လ် ဦးမိုးညို က သတင်းပေးလိုက်တာ မနက်က[illegible]

"ကောင်လေးကတော့ ရည်ရည်မွန်မွန်လေးပါ၊ ဒါပေမယ့် ဆု[illegible] နဲ့ ပတ်သက်တဲ့သူမို့လို့ ငါ နားစွင့်ကြည့်တော့ မိသားစုသမိုင်း [illegible] မကောင်းဘူးကွ၊ ခုနေတော့ မရိုးမသားရှိကြပုံ မပေါ်ပါဘူး၊ ဒါ[illegible] ကြာလာရင် ကောင်းဖို့မရှိဘူး၊ ဆုလေး ကို သေချာမေးကြည့်ဦး" [illegible] မေးကြည့်လိုက်တော့ သူငယ်ချင်းလား .. ဘာလားတောင် ခွဲခြား [illegible] ရသေးဘဲ 'ဟုတ်ကဲ့' ချက်ချင်း ထွက်လာ၏။

ရလဒ်ကောင်း ပေါင်ပေါ်မှာ တင်ထားသည့် လက်ပ်တော့[illegible] ပိတ်၍ စားပွဲပေါ် ချထားလိုက်သည်။

"ဘာဟုတ်တာလဲ ညီမလေး ..၊ ကိုကို ဘာမှ မမေးရသေးဘဲ[illegible]

"ကိုကိုပဲ အဲဒီကောင်လေးက ညီမလေးနဲ့ပတ်သက်ပြီး ဝင်[illegible] တာဆို..လို့ မေးတာ"





"ဟုတ်တယ်လေ.."

"ဟုတ်လို့ ခေါင်းညိတ်တာလေ ကိုကိုရဲ့ .. ညီမလေး သူ့ကို [illegible]နားလို့ ကူညီခဲ့တာ"

ရလဒ်ကောင်း က ညီမမျက်နှာလေးကို စူးစမ်း အကဲခတ်လျက်...

"မိန်းကလေးဆိုတာ သနားလွယ်တတ်ပေမယ့် ယောကျ်ားတစ်[illegible]ယောက်ကို မသနားရဘူး၊ သနားခံရတာကို သာယာနေတဲ့ယောကျ်ား[illegible]ကို အထင်မကြီးတတ်တဲ့အမြင်လည်း ရှိရတယ်"

ဆု က သူပြောတာတွေကို စိတ်ညစ်နေသလိုလေးကြည့်ကာ မျက်[illegible]လေး မှဲ့နေ၏။

"အဲဒီကောင်လေးနဲ့ ညီမလေး ဘယ်လိုပတ်သက်တာလဲ"

"သူငယ်ချင်းပါ"

"ကျောင်းမှာ ညီမလေး ယောကျ်ားလေးသူငယ်ချင်း မရှိခဲ့ဘူး၊ [illegible]ဆို သိတယ်"

"ကျောင်းနဲ့မဆိုင်တော့ဘူး ကိုကို ..၊ ဟိုလေ .. သူက ကိုကို [illegible]သိသေးလား မသိဘူး၊ ညီမလေး ဆယ်တန်းနှစ်တုန်းက ဂျာနယ် [illegible]ရောင်းတဲ့ ကျောင်းသားဆိုတာလေ .."

ရလဒ်ကောင်း မျက်မှောင်ကုတ်သွားတာကိုကြည့်ပြီး ဆု က [illegible]င်လေးဖွ၍ မျက်လွှာချလိုက်ကာ ...

"ဒရိုင်ဘာကိုတောင် အလုပ်ဖြုတ်ပစ်လိုက်တာလေ၊ ဂျာနယ်ဖိုး [illegible]ကို .."

"သိပြီ .. တော်တော့"

အစ်ကိုဖြစ်သူ မျက်နှာမှာ ရာသီဥတု မကောင်းတော့၊ ဆု ပျာပျာ [illegible] ဖြစ်သွားကာ ...

"သူက အရမ်းကို ရိုးသားတဲ့သူပါ၊ ပြီးတော့ စာလည်း ကြိုးစား[illegible] ကိုကို၊ မိဘ အထောက်အခံ မရှိဘဲ သူ့အားသူကိုးပြီး ပညာယူခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူ၊ ကိုကို ပြောသလို မိန်းကလေးတစ်ယောက်က သနားတာ
သာယာနေတာလည်း မဟုတ်ပါဘူး၊ ဂျာနယ်ရောင်းနေတာက
ခဏခဏဆုံဖြစ်ရင်းနဲ့ အလုပ်ရှာရင်း ဒုက္ခရောက်နေတာတွေ့လို့ ညီ
လေးက ကူညီခဲ့တာပါ၊ အဲဒါတောင်မှ သူက အလုပ်ပြောင်းတော့
ပဲ တကဲကဲ လုပ်နေတာ"

"ဘာဖြစ်လို့လဲ .."

ကရားရေလွှတ် ပြောသွားတာပေမယ့် ညီမလေး ဘယ်တော့
မဟုတ်တာကို စီကာပတ်ကုံး မပြောတတ်မှန်း သူ ယုံကြည်သည်။

ညာပြီဆိုရင်လည်း ခဏလေးအတွင်းမှာပဲ 'ညီမလေး ညာ
တာ'လို့ ကိုယ်တိုင် ဝန်ခံတတ်၏။ ခုလည်း ညာဖို့ကြိုးစားနေသ
မျက်လုံးတွေကို မျက်တောင် တဖျပ်ဖျပ်ခတ်၍ ခဏ ငြိမ်သွား
သည်။ ပြီးမှ ...

"ဟိုလေ .. ညီမလေးက သူ့ဆီ ခဏခဏ လာနေလို့တဲ့"

"သြော် .. သြော် ..."

ဘယ်လိုပုံစံမှန်း မသိအောင် ဖျတ်ခနဲ အရောင်ပြောင်းသွားသ
ရလဒ်ကောင်း မျက်နှာကြောင့် ဆု လက်လေးနှစ်ဖက် ပျာပျာသ
ကာလိုက်ရင်း ...

"မဟုတ်ဘူး ကိုကိုရဲ့ .. ဒီလိုပါ၊ ဟို .. သူက .. သူကလေ
ခဏခဏ လာနေရင်တဲ့ သူများတွေ တစ်မျိုးထင်ကြမှာတဲ့၊ အဲဒီကျ
သူလည်း နေရာကျဉ်းမယ်၊ ဆု လည်း သိက္ခာကျမယ်တဲ့၊ သူက ညီ
လေးအတွက် ပြောတာပါ ကိုကိုရဲ့ .. မျက်နှာကလည်း အရမ်းတည
တာ၊ ညီမလေးက တရင်းတနှီးခေါ်ပြောချင်တာတောင် သူက တည
တည်ကြီး .."

ကိုကို စိတ်မချမှာစိုး၍ သူ့ရဲ့ဂုဏ်ပုဒ်တွေကို ဆွဲထုတ်ပြောပြရင်
အားပါလာတော့ ဟန်တွေပန်တွေဖြစ်ကုန်ကာ အစ်ကိုတစ်ယောက်ရဲ





ယ်လိုကြည့်နေတယ်ဆိုတာကို ပြန်မကြည့်ဖြစ် ...။

"သူက အရမ်းချောတာ ကိုကိုရဲ့ .. ဒါပေမယ့် တည်တည်တံ့တံ့
ာယ်၊ ညီမလေးတင်မကဘူး ဘယ်မိန်းကလေးကိုမှ .. အဲ ..."

မျက်လုံးချင်း ဆုံသွားတော့ ဆု စကားလက်စနှင့် ရပ်သွား၏။
ာော့ ခေါင်းလေးငုံ့သွားပြီး ပခုံးတွန့်မိသည်။

ရလဒ်ကောင်း က မျက်နှာတည်ကြီးနှင့် ကြည့်နေဆဲ ဒေါခင်
ည် ခပ်မိန့်မိန့်ကြီး လှမ်းထွက်လာကာ ...

"မောင်နှမနှစ်ယောက် ပြောနေတာတွေ ကြားရသမျှ တစ်ခုမှ
ကောင်းကျောက်ကောင်းအကြောင်း မပါပါလားကွယ်၊ ကန်စွန်းရိုး
ားရိုးတွေကိုပဲ စိတ်ဝင်စားနေကြရင်တော့ စောင့်လေမျိုးနွယ်ဆိုတဲ့
ွေရားကို ဖောက်ဖျက်ရာကျမှာပဲနော်၊ အန်တီကတော့ အမှန်းခံပြီး
ာမှ ပြောဆိုတားဆီးနေမှာ မဟုတ်ဘူး၊ ပြောမရတဲ့နေ့ မိုးကုတ်ကို
ရုံပဲ"

ဖြတ်လျှောက်လာခဲ့ရင်း ဒီစကားတွေကိုတော့ ပြီးဆုံးအောင် ပြော
ားခဲ့သည်။ တိတ်ဆိတ်ကျန်ရစ်သည့် မောင်နှမကို ကျောခိုင်းကာ
ိမ်ရှေ့ခြံထဲ ဆင်းခဲ့ရင်း စိတ်ထဲမှာ ပိုမို တင်းကျပ်ခဲ့၏။

ဟိုအရင်တုန်းက ဘယ်ကမှန်းမသိ ညကြီးသန်းခေါင် လမ်းပေါ်
မှာ ပြေးနေလို့ ကားနဲ့တိုက်မိပြီး အိမ်ပါလာဖူးတဲ့ မိန်းကလေး ...။

ဒီမိန်းကလေးကို ညီမက မမေ့တာလား .. အစ်ကိုက မမေ့တာ
ားတော့ မသိ ...။ ခုတလော အိမ်မှာ ဒီနာမည်နဲ့ သူမအကြောင်းတွေပဲ
ကြားနေရတာ ခဏခဏ ...။ ခုလည်း ညီမဖြစ်တဲ့သူက ပြောလာပြန်ပြီ..၊
ဂျာနယ်ရောင်းတဲ့ ကောင်လေး ချောလိုက်တာတဲ့ ...။

အစ်ကိုက ရှေးခေတ်ဘုရင်တွေကို အားကျနေသလားမှ ဒါမှ
မဟုတ် ညီမကပဲ ခိုးသားကို ချစ်လှချည်ရဲ့ဆိုပြီး ထီးနန်းပြသာဒ်ကို
စွန့်ခွာခဲ့တဲ့ မင်းသမီးကို အတုယူစရာလို့ မြင်နေသည်လား ...။



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာကြတဲ့ ခေတ်အမြင်ဆိုတာ ဒါတွေလား ..။

ဒေါ်ခင်နွယ် ဘယ်လိုကြည့်သွားသည်ကို ရလဒ်ကောင်း ကလျ
မသိလို့ မဟုတ်ပေ ..။ လူကြီးတစ်ယောက်အနေနဲ့ ဘယ်ကကြည့်ကြ
အမြင်တော်မှာ မဟုတ်ဘူးဆိုတာ နားလည်နေသည်မို့ မသိသလို
လိုက်တာ ဖြစ်သည်။

သူ့အတွက်ကတော့ ဒီညီမလေးတစ်ယောက်တည်း ရှိတာ၊ အ
တမ်းလည်း အလိုလိုက်ထားခဲ့တာမို့ လွတ်လပ်ပွင့်လင်းစွာ ရယ်
တတ်တဲ့ ညီမလေးအပြုံးလေးတွေ ပျောက်ရှသွားမှာ စိုးသည်။

"အဲဒါလေ .. ညီမလေးက ကိုကို့စက်ရုံမှာပဲ သူ့ကို .."

"ဘာ!..."

"ကိုကိုကလည်း .. လန့်လိုက်တာ"

သူလည်း မျက်နှာတည်ထားသည့်၊ အန့်တီ ပြောသွားတာကိုလည်
မကြားတာ မဟုတ် ..။

ဒီကောင်မလေး အစ်ကိုကိုလည်း ကြောက်ရမှန်း မသိ ..။

"ညီမလေးတို့က ရိုးသားပါတယ်၊ ဒါပေမယ့် ဟိုကို ခဏခဏ
သွားနေတယ်လို့ အတိုင်ခံရတော့ ကိုကိုက မယုံသင်္ကာဖြစ်ဦးမှာလေ

"ညီမလေးက ခဏခဏ သွားနေမှာပဲလို့ ပြောလိုက်တာလား

"မဟုတ်ပါဘူး .. ဟို .. ဒါပေမယ့် ကိုကိုကလည်း ကိုယ် သွင်
ပေးထားတဲ့လူဆိုတော့ သူ မကောင်းရင် ကိုယ့်ခေါင်းပေါ်ပဲ ကျမှာလေ
သူ ကောင်းကောင်းမွန်မွန် နေရဲ့လား၊ အလုပ်ထဲမှာ အဆင်ပြေရဲ့လာ
ဆိုတာလောက်တော့ သွားကြည့်ရမှာပေါ့၊ ဘာဖြစ်ဖြစ် ကိုကို့မှာလည်
စက်ရုံတွေ ထောင်ထားတာ ပွထနေတာပဲဟာ၊ သူ့ကို ခေါ်လိုက်
ကိုကိုရယ် .. နော် .."

"သူ ရိုးရိုးသားသားဆို ပြီးတာပဲ၊ အန်ကယ့်လ်ဆီမှာလည်း အ
အဆင်ပြေနေတာပဲမို့လား"





"ဟာ!... မပြောပါဘူး၊ အန်ကယ်လ်က ညီမလေးသွားတိုင်း လိုက်
က်ကြည့်နေတာ"

"မသွားဘဲနေပေါ့၊ သူ အဆင်ပြေအောင် ကူညီထားတာ မဟုတ်
လား၊ ဘာသွားလုပ်မှာလဲ"

"ဟုတ်တော့ ဟုတ်ပေမယ့် ကိုကိုကလည်း .."

ပူဆာနေကျမို့ ပူဆာမိပေမယ့် ဆု မျက်နှာလည်း မမော့ရဲတော့
။ ဘာပဲဖြစ်ဖြစ် သူ့ကို ကိုကို့ရဲ့စက်ရုံတစ်ခုခုမှာ ထည့်ပေးဖို့အတွက်
က်လက်တောင်းဆိုဖို့တွေ ရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃၆ ]

"ဟယ်!... ကိုစာ .."

စာမျက်နှာ ကို မြင်လိုက်တာနှင့် ခြံကို သော့ခတ်နေသည့်လက် က မြန်မြန်ဆန်ဆန် ပြီးသွားကာ ဒီဘက်လှည့်လိုက်၍ ...

"အထဲပြန်ဝင်မလား .. ဘယ်ကို လာတာလဲ"

ဆွေသင်း မျက်နှာ ပြုံးချိုနေတာကို မြင်တာနှင့် အိမ်မှာ ဘာလို နေပြီမှန်း သူ သိလိုက်သည်။

"အိမ်မှာ တစ်ယောက်မှ မရှိကြဘူးလား"

"မရှိဘူးလေ .. ဒီအချိန် အဖေက အလုပ်သွားပြီ"

"အဖေက ဘယ်မှာလုပ်တာလဲ"

"မသိပါဘူး၊ ဆန်ပွဲရုံမှာ စာရင်းစစ်လို့ ပြောတာပဲ၊ အဖေ့ပုံစံ ကြည့်ရတာ သက်သက်သာသာ လုပ်ကိုင်သွားလာနေတာနဲ့လည်း မတူ ပါဘူး"

ဒါနဲ့များ အဖေ ဘာတွေလုပ်နေသလဲ၊ ဘယ်မှာလဲဆိုတာ သိ အောင် ဘယ်သူမှ မစုံစမ်းကြဘူးလား ..။ စာမျက်နှာ ရင်နင့်သွားမိသည်။ မိဘဆိုတာ ကိုးကွယ်ရာပဲ ..။ ဒီအချိန်မှာ မိဘက အိမ်ဦးခန်းမှာ စာအုပ်





ထူကြီးကိုင်ပြီး ခန့်ခန့်ညားညား စာဖတ်ရင်း ငြိမ်းချမ်းစွာ နေဖို့သာ ရှိသည်။

"ကိုစာ လာတာ အတော်ပဲ၊ ဆွေသင်း ကို ပိုက်ဆံ နည်းနည်း လောက် ပေးစမ်းပါ"

"မနေ့ကလည်း ငါ ချစ်ဖူး ကို တစ်သောင်း ပေးလိုက်တယ်၊ ဒီကောင် ဘာတွေလုပ်နေတာလဲ"

"ချစ်ဖူး က တောင်းတာလား"

"ဟုတ်တယ် .. ရုံးကကားနဲ့ လမ်းဆုံမှာ တွေ့လို့"

ဆွေသင်း မျက်ခုံးပင့်ပြီး မဲ့သည်။ ညီအစ်ကိုနှစ်ယောက် ကွယ်ရာ မှာတော့ မျိုးချစ်ပုဂ္ဂိုလ်တွေလို သူ့အမေက ဘာဖြစ်တယ်၊ ငါ့အမေ ဘာဖြစ်သွားတယ်နဲ့ သူ့ဘက်ကိုယ့်ဘက် တိုင်းတာတွက်ချက်ပြီး မိုး လားကဲလားတွေ ပြောလို့ ..။ အချိန်တန်တော့လည်း ကိုစာ့ ဆီမှာပဲ လက်ဝါး ပြေးဖြန့်နေကြသည်။ ရှက်လည်း မရှက်ကြ ..၊ မောင်နှမချင်း ပေမယ့် စိတ်ထဲမှာ ကဲ့ရဲ့လိုက်မိသည်။

"ဆွေသင်း ငါမေးတာ ဖြေလေ"

"ဘာလဲ .. မသိပါဘူး၊ သူတို့ညီအစ်ကိုက အဖေ့ကိုလည်း အကောင်းတစ်ခွန်းမှ ပြောတာ မဟုတ်ဘူး၊ ကျောင်းလည်း တက်တယ် မရှိပါဘူး၊ သွားချင်ရာ သွားနေကြပဲ၊ အဖေက ဆူလိုက်ရင် မပြည့်မစုံ နဲ့ ကျောင်းတက်ရတာ မျက်နှာငယ်လို့တဲ့၊ အဖေကလည်း ရှာတော့ ရှာပေးနေတာပါပဲ"

"ငါလည်း ရှိရင်ရှိသလို လာပေးနေတာပဲ၊ အဲဒါ အဖေ့ကို နားပူ စိတ်ဆင်းရဲမှာစိုးလို့ အဖေ့အတွက် ငါ ဝင်ကူနေတာ"

"ဟုတ်တယ်လေ .. ဒါပေမယ့် အဖေလည်း အလျှင်မီအောင် မရှာ နိုင်သလို ကိုစာ လည်း ဆွေသင်း တို့ လုံလောက်အောင် ပေးနိုင်ပါ့မလား.."

"ငါတို့ဘဝတွေမှာ အားလုံး ပြီးပြည့်စုံနေကြတယ်ဆိုတာ ရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လား ဆွေသင်း .. ငါတို့မောင်နှမဆိုရင် နင်တို့ထက် အများကြီး ရှ
ကန်ခဲ့ကြရတာ"

"ကြွားမနေပါနဲ့ .. အခု ပိုက်ဆံပါလာလား၊ ပေးမှာလား .. မ
ဘူးလား"

"ခြောက်ထောင်ပဲ ပါတယ်၊ အဲဒါ အိမ်အတွက် ငါးထပ်သ
ဝယ်မလို့ ယူလာတာ"

ဟု ပြောရင်း အိတ်ထဲက ထုတ်ပေးလိုက်သည်။ ယူလိုက်ရ
မယ့် ဆွေသင်း က ရှုံ့မဲ့လျက် ...

"ဒါဆိုရင်တော့ ညနေ အဖေပြန်လာရင် နားပူရဦးမှာပဲ"

ထပ်ပြော၍ အသနာကိုင်သည်။ သိတော့ သိနေပေမယ့် 'အ
ဆိုတဲ့အသံ ကြားလျှင် သူ့ရင်ထဲမှာ ဘာကိစ္စဖြစ်ဖြစ် အသာလေး ဖ
ထားလိုက်လို့ မရ ...။

"နင်က ဘာကိစ္စနဲ့ ဘယ်လောက်တောင် လိုနေလို့လဲ"

'သိသားပဲ'ဆိုသည့်အပြုံးနှင့် ဆွေသင်း မသိမသာ ပခုံးတွန့်သည်

ဒီလိုလူကို အကွက်ရွှေ့ရတာ ဖျင်းစရာတောင် ကောင်းပါ
သည့်လို့ တွေးမိရင်း ...

"နှစ်သောင်း လိုတယ် .. ဘာကိစ္စလဲဆိုတော့ မှတ်ပုံတင် ပျော
သွားတဲ့ကိစ္စအတွက် အဖေပေးထားတဲ့ ပိုက်ဆံကို ချစ်ဖူး တို့ ယူသုံး
လိုက်တယ်လေ၊ ဆွေသင်း ပြန်ပြောလိုက်ရင် အဖေကတော့ သူ့သ
တွေကို ဆူမှာ မဟုတ်ဘူး၊ အဲဒီပိုက်ဆံကို ထပ်ရှာပေးမှာပဲ၊ ဆွေသင
မပြောချင်လို့၊ အခု အပြင်ထွက်ရင်း ကိုစာ နဲ့တွေ့ရင် ကောင်းမှာပဲလို့
တွေးနေတုန်း .."

စာမျက်နှာ မျက်မှောင်ကုတ်နေရင်း တော်တော်နဲ့ အဖြေမပေ
နိုင် ...၊ အဖေ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖို့ သူ ဘာဖြစ်ဖြစ် ပေးနိုင်
သည်။ ဒါပေမယ့် လကုန်ခါနီးရက်မို့ သူ့မှာ အဲဒီလောက်ငွေ မရှိတော့





.. မမကလည်း အမေထားခဲ့သည့်ငွေတွေကို အိမ်ပြင်ဖို့အတွက်
တ်နုတ်ထားပြီး အားလုံးကို ဘဏ်မှာ အပ်ထားလိုက်ပြီဖြစ်၏။

သူ့လခကိုတောင် လခကိုပဲ မမကို ပြန်အပ်ကာ အိုဗာတိုင်ဆင်း
တွေ၊ အောနိုက်ဖြစ်သွားတာတွေအတွက် ရတဲ့ အပိုငွေကို သူပဲ
ထားခဲ့၏။ ဒါလည်း အဖေ့အတွက် လိုအပ်တာလေးတွေ ကူညီချင်
ပါလို့ မမကို ဖွင့်ပြောထားပြီးသား ...။

"အဖေ့ဆီ သွားမတောင်းပါနဲ့တော့၊ ဒါ ယူထားလိုက်လေ ..
နေ ငါ စောစောပြန်ရမှာ၊ ဒီကိုပဲ ငါ လာပေးမယ်"

"ပြီးရော.. ဒါနဲ့ ကိုစာ.. အဖေရှိတုန်း လာလည်းရပါတယ်၊ အဖေ
အခု နန်းကျဘုရင်ကြီးလိုပဲ၊ ဟိုတုန်းကလို လုံးဝမဟုတ်တော့ဘူး"

နောက်ထပ် ရင်ထဲမှာ နင့်ရပြန်သည်။ အဖေက 'နန်းကျဘုရင်'
ပဲဆိုတော့ ဖအေကို လူရာမသွင်းလောက်အောင် ဘယ်သားက နေရာ
အနိုင်ယူနေသလဲ ...။ သူ ဒီကို မလာချင်ပါ ...၊

လာမိတိုင်း ကြားရသမျှက ရင်ကို အေးချမ်းစေတာ မရှိပေ ...၊
ပေမယ့် သူ တစ်ခါတလေ အဖေ ထိုင်နေတာကို လှမ်းမြင်ရတတ်
ည်။ အဖေကလည်း လှမ်းကြည့်ပြီးမှ မျက်နှာလွှဲသွားတတ်၏။

အဖေ ငါ့ကိုမြင်တာနဲ့ ဖျတ်ခနဲ ဆိုးဆိုးဆတ်ဆတ် ထထွက်မသွား
လားဆိုသည့် ကြည်နူးစိတ်လေးနှင့် လာကြည့်ရကျိုးနပ်သည်လို့ ဖြေ
မ့်ခဲ့ရတာ သူပဲ ဖြစ်သည်။

ဒါတွေကို ပြောပြတုန်းက ဆု ကတော့ အကြံပေးခဲ့ဖူးသည်။

"အဖေ့အတွက် အဖေ သက်သာစေချင်လို့ဆိုပြီး သူတို့လက်ထဲ
ည့်ပေးနေတော့ နင် ပေးနေတာတွေ အရာထင်ပါ့မလား စာမျက်နှ
ယ် .. သူတို့အတွက် ငွေတွင်းတစ်တွင်း ပေါ်လာသလို ဖြစ်မှာပေါ့တဲ့။

သိတော့ သိပါသည်။ ဒါပေမယ့် အဖေ့လက်ထဲကို သူကိုယ်တိုင်
ည့်ပေးခွင့် မရှိသည့်ဘဝမှာ ဆု ပြောတဲ့ အခြေအနေအောင် ဖန်ဟီး



www.burmeseclassic.com

www.burmeseclassic.com



ယူဖို့ သူ့မှာ အချိန်ရှိလို့လား ..။ အဖေ့ရဲ့ လက်ခံကြည်ဖြူမှုကို စောင့်
ရင်းနဲ့ပဲ အမေ့လို အဖေ ဖြစ်သွားခဲ့လျှင် ...

"တီ .."

ဆွေသင်း နဲ့စကားပြောပြီး ပြန်လာခဲ့ရင်း ခံစားချက်တွေနဲ့
နေသဖြင့် ပတ်ဝန်းကျင်ကို အမှတ်တမဲ့ ဖြစ်သွားသည်။

ပလက်ဖောင်းပေါ်မှာ လျှောက်နေသားနှင့် ကားကြားထဲ
ကူးမိသည့်လူလို ဟွန်းသံကြောင့် လန့်ဖျန့် ရှောင်လိုက်မိ၏။

ကားက ပလက်ဖောင်းဘေးမှာ ကပ်ရပ်သွားကာ ...

"ဆောရီးနော် .. ဆု က ဆု ရဲ့ကားသံမှန်း သိနေမှာပဲလို့ ထင်လို့"

"ဆု .."

အဖြူရောင်ကိုင်းလေးနဲ့ မျက်မှန်နက်လေးကြောင့် ဆု မျက်နှာ
လေးက ပိုလှနေသလိုပင်။ ပြီးတော့ နားမှာ ပန်ထားသည့် နား
ပန်းပွင့်လေးတွေကလည်း အဖြူအနက်ကျားလေး ..။

"လာလေ စာမျက်နှာ .. ဒီမှာ ကားရပ်လို့ မရဘူး"

"ဘာလုပ်မလို့လဲ .. ဒီနေ့ ငါ အလုပ်နားတယ်၊ ညနေမှ လူ
ခဏဝင်ပေးရုံပဲ"

ဆက်လျှောက်မလို့ လှည့်လိုက်တော့ ဆု က ပျာပျာသလဲ လှမ်း
တားကာ ...

"အိမ်ပြန်မှာမို့လား.. ဒီက သူ့အိမ်ကို သေချာမေးပြီး လာရတာကို"

"ဘာ!..."

"လာပါ .. ကားပေါ်ကျမှ ပြောပြမယ်၊ လာပါဆို .. နင်ကလည်း
ငါ လိုင်စင်သိမ်းခံရတော့မှာပဲ"

တံခါးဖွင့်ပေးပြီး ဖွတ်ခေါ်မှ စာမျက်နှာ ကားပေါ်ရောက်လာ၏။

"ညက တစ်ညလုံးအလုပ်လုပ်ထားပြီး မအိပ်ဘဲ ဘာလုပ်နေ
တာလဲ"





"အိပ်ပြီးပါပြီ .. သွားစရာရှိလို့ ထွက်လာတာ၊ နင်က အိမ်ကို
ဘာလို့ ရှာနေတာလဲ"

"ဪ .. အိမ်လာလည်မလို့ပေါ့၊ သူငယ်ချင်းရင်းတွေပဲ မလာ
ဘူးလား .."

စာမျက်နှာ ဘာမှမပြောတော့ဘဲ ရှေ့ပြန်လှည့်နေတော့ ဆု က
အားမောင်းရင်း ရယ်သည်။

"ပြောစရာလည်း ရှိလို့ပါဟယ်၊ ဖြစ်သွားလိုက်တာ မျက်နှာကြီး
.. ကိုယ့်သူငယ်ချင်း မှင်ရည်ကြဲမှန်း သိပြီးသား"

"မှင်ရည်ကြဲတာ မဟုတ်ပါဘူး၊ ငါ .."

"ပြောလေ .."

"မပြောဘော့ဘူး"

စာမျက်နှာ တစ်စုံတစ်ခုကို ချီတုံချတုံပုံစံနှင့် ပါးစပ်ပြန်ပိတ်၏။
ဆု က သူ့ကိုပဲ လှည့်ကြည့်နေရင်း တသိမ့်သိမ့် ကြည်နူးနေသည့် နှုတ်
ခမ်းလေးတွေက ပြုံးနေခဲ့သည်။

"နင်တို့အိမ် ပြင်နေတယ်ဆို .."

"ဟုတ်တယ် .. ဖာရုံထေးရုံပါ၊ အိမ်က အရမ်းနဲ့နေတော့ ပြင်
လိုက်ရင် အားလုံးဖျက်ရတဲ့အထိ ဖြစ်သွားမှာ"

"ဒါဆိုလည်း ဖျက်လိုက်ပေါ့ စာမျက်နှာ ရယ် .. မောင်နှမနှစ်
ယောက်တည်းဆိုလည်း အိမ်ကြီးကနေ အိမ်ခပ်သေးသေး တောင့်
တောင့်လေး ဆောက်လိုက်ပေါ့၊ ဘာမှ သိပ်စိုက်ရမှာ မဟုတ်ပါဘူး"

"အဲဒါကို ငါတို့ တွေးမိပါတယ်၊ ဒါပေမယ့် ဒီအိမ်ပုံစံကိုပဲ မပြင်
ချင်ဘာ၊ ဒီအိမ်က ငါတို့မိဘတွေ အခြေချထားခဲ့တဲ့ အိမ်၊ သူများအိမ်
ကို ပြန်ဝယ်ထားတာမျိုး မဟုတ်ဘူးလေ၊ အမေနဲ့အဖေတို့ လက်ထပ်
ပြီးမှ ဝယ်ထားတဲ့ အိမ်သေးသေးလေးကို အဲဒီပုံလေး ပြန်ပြင်ထားတာ.."

"ဟုတ်လား .."



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဆောင်ပြိုင်ပုံစံ မျက်နှာချင်းဆိုင်လေ .. တစ်ခြမ်းက ဘုရား[illegible] စင် ထားတယ်၊ တစ်ခြမ်းမှာ ဧည့်ခန်းပေါ့၊ အိမ်က သိပ်မကြီး[illegible] အိပ်ခန်းကလည်း နှစ်ခန်းပဲ ပါတာပါ၊ နောက်ဖေး မီးဖိုချောင်က[illegible] မီးဖိုချောင်နဲ့ ထမင်းစားပွဲပေါ့"

"နင်တို့မိသားစုက နွေးထွေးခဲ့သားပဲနော်၊ ချစ်လည်း ချစ်ကြပုံ[illegible]"

စာမျက်နှာ ငုံ့ကျသွားကာ အံကြိတ်လိုက်သလို မေးတစ်ဖက်[illegible] တင်းခနဲ ဖြစ်သွား၏။

ထို့ကြောင့် ဆု ကိုယ့်စကား မှားသွားမှန်း သိလိုက်ကာ ...

"ဆောရီးပါဟာ .. ငါက .."

"မလိုပါဘူး ဆု ရာ .. နင် ထင်တာ မှန်ပါတယ်၊ အဖေရော[illegible] အမေရယ် မမရယ် ငါမမွေးခင်အထိတော့ သိပ်ကို နွေးထွေးချစ်ခင်[illegible] ပျော်စရာကောင်းခဲ့မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ အမေက အရမ်း[illegible] တယ်၊ အဖေက အမေ့ကို သိပ်ချစ်တယ်၊ မမက အမေတူသမီးလေး[illegible] ခုချိန်ထိ အဖေက မမကိုဆို ဂရုစိုက်နေတုန်း"

"မမကရော .."

"မမကတော့ ငါ့ကို သနားလို့ ထင်တယ်၊ အဖေ့ကို နည်းနည်း[illegible] စိမ်းသွားတယ်"

ဒီမိသားစုအကြောင်း ပြောပြခဲ့ပြီးပြီမို့ ဆု ကားမောင်းရင်း စိတ်[illegible] မကောင်းဖြစ်နေမိသည်။ စပ်စပ်စုစုသွားစမိတာကိုက မှားတာ၊ ဒီပါးစပ်[illegible]

"ငါ မမေးတော့ပါဘူး စာမျက်နှာ ရယ် .. ဟိုလေ .. ငါ ပြော[illegible] ဖို့ရှိတယ်ဆိုတာ ဘာလဲ သိလား .."

သိလားဆိုပြီး စာမျက်နှာ ဘာမှမဖြေရသေးဘဲ မျက်နှာမော့လာ[illegible] တာနှင့် ဆု က ပြုံးလိုက်ပြီး ...

"နင့်ကို ဟိုနေ့က နင့်ညီမနဲ့ပတ်သက်ပြီး မေးလားမြန်းလား[illegible] လုပ်နေတာ နင် စိတ်ညစ်တယ်မို့လား"





"မညစ်ပါဘူး .. ငါက အလုပ်သမားပဲ၊ အလုပ်ရှင်က သဘော[illegible]ကျတာတွေ့ရင် ဆူမှာ ပြောမှာပေါ့၊ ငါ နားလည်ပါတယ်"

ဆု နှာခေါင်းလေးတွန့်၍ ရှုံ့တွတ္တ ဖြစ်သွား၏။

"စိတ်မညစ်ပေမယ့် လူတွေရှေ့မှာ သတိပေးခံရတာ ဘယ်သူ[illegible]ကျော်မှာလဲ စာမျက်နှာ ရယ် .. မောင်နှမဆိုတာကလည်း အဆက်အဆံ [illegible]လုပ်လို့ ရမှာ မဟုတ်ဘူးလေ၊ နင် ရှိနေရင် သူ လာမှာပဲ"

"တစ်ခါမှ မလာဘူးပါဘူး၊ နောက်မလာဖို့လည်း ပြောထားပြီးပြီ"

"သြော် .. လာခဲ့သည်ရှိသော် အဲဒီလို အဖော်အလျော်ဆိုတာလည်း [illegible]ပါဘူး မပြောနိုင်ဘူးမို့လား .."

"ပြောနိုင်ပါတယ် .. ငါ မေးပြီးပြီ၊ သူ ခေါ်လာတာ မဟုတ်ဘူးတဲ့၊ [illegible]လည်း သူ့ဧည့်သည် ဒီမှာ အလုပ်လုပ်နေတာဆိုပြီး အတူတူ ဝင်လာ [illegible]ဖြစ်တာတဲ့"

ဆု စိတ်မရှည်တော့ဘဲ ကားကို မီးပွိုင့်ကျော်အောင် မောင်းထွက် [illegible]လိုက်ပြီးမှ ...

"ငါ ပြောသမျှ ခေါင်းခါနေရမှ စိတ်ချမ်းသာမယ်ဆိုလည်း ပြော[illegible] [illegible]ပြီးအောင်တော့ စောင့်ပါဦး ကိုယ်တော်ရယ် .. တကယ်ပဲ ဘာမှဖြင့် ပြောရသေးဘူး"

စာမျက်နှာ ကို ဘယ်လိုနေနေ ဘာတွေပြောပြော နားလည်နေတဲ့ [illegible]မို့ စိတ်မရှည်သံ ပါပေမယ့် ဆု ရဲ့မျက်ဝန်းတွေက ချစ်စနိုး ရယ်မြူး [illegible]တွေနှင့်သာ ..။

"နင်က သည်းခံနိုင်ပေမယ့် နင် အပြောအဆိုခံရတော့မှာပဲဆိုပြီး [illegible] အိမ်မှာ နေလို့မရဘူး သိလား .. အဲဒါကြောင့် ကိုကို့ကို ငါ ပြောပြီးပြီ၊ [illegible]တို့စက်ရုံမှာ နင့်ကို ပြောင်းခေါ်ဖို့ .."

"ဘယ်လို!..."

"ငါတို့စက်ရုံမှာလေ .. သံရည်ကျိုစက်ရှိတဲ့ စက်ရုံ[illegible]ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သံရည်ကျိုဘက်မှာ နင့်ကို မထားဘူး၊ စက်ရုံထဲမှာပဲ ဒုတိယ စာရင်းကိုင် ထားမယ်"

"ငါ မလုပ်ချင်ဘူး"

"ဟင်!... ဘာဖြစ်လို့လဲ"

စာမျက်နှာ က မျက်ခုံးတွေ တွန့်နေလျက်နှင့် ကားအပြင်ဘက်ကို မျက်နှာလွှဲ ငေးရင်း ...

"နင့်ရဲ့အမှီနဲ့ နေရာတစ်ခု ရယူထားခဲ့ရတဲ့အဖြစ်က ငါ့ခေါင်းထဲမှာ ခုမှ ပျောက်မလို့ပဲ ရှိသေးတာ၊ ဒီနေရာမှာ ငါ မြဲနေပါပြီ၊ နောက်ထပ် ငါ အနေကျပ်အောင် မလုပ်ပါနဲ့၊ ငါ့အတွက် နင် အများကြီး ကူညီပြီးပြီ ဆု .. တော်ပါတော့"

"အို .. မတော်နိုင်ပါဘူး၊ နင် ငါ့ကိုဆို အမြဲတမ်း စည်းခြားဖို့ ကြိုးစားတယ် စာမျက်နှာ .. ငါ နင့်ကို ဘာဖြစ်လို့ ကူညီချင်နေတယ်လို့ နင် ထင်လို့လဲ"

ထပ်မေးလာပြန်ပြီ ဒီမေးခွန်း ..၊ စာမျက်နှာ ပင့်သက်ရှိုက်မိ၏။ စိတ်ထဲမှာ မိန်းမတစ်ယောက်အတွက် နေရာပေးပြီး အချိန်ကုန်ခံဖို့ အထိ မဝင်စားနိုင်ပါ ..။ သူ့အတွက် တကယ် ငတ်မွတ်နေတာက တစ်ထောင့်ငါးရာသော ချစ်ခြင်းမေတ္တာ မဟုတ် ..။

"ရောက်ပြီ .. ရှေ့ကလမ်းထဲပဲ၊ အိမ်မြင်ဖူးအောင်ဆိုရင် ငါ ဒီမှာပဲ ဆင်းတော့မယ်လေ၊ ထိပ်ဆုံးတစ်အိမ်ကျော်က ငါတို့အိမ်ပဲ"

ဆု က ကားကို လမ်းထဲဝင်ဖို့ ခေါင်းတိမ်းလိုက်ပြီးမှ မဲ့ရွဲ့ပြီး လှည့်ကြည့်သည်။

"ငါက အိမ်လိုက်ကြည့်ပြီး ပြန်လှည့်ရအောင် အခွန်ဦးစီးရုံးက ရာဖြတ်မှ မဟုတ်တာ၊ အလည်လာပါတယ်ဆိုမှ မလိုက်ဖို့ချည်း ဆန္ဒ ပြနေတယ်၊ လိုက်ကို လိုက်ဦးမှာ .."

ဆု မျက်နှာလေး မဲ့ရွဲ့နေတာကိုကြည့်ပြီး စာမျက်နှာ က ပြုံး





သည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်လိုက်ရင်း ...

"အိမ်မှာ ငါတစ်ယောက်တည်းရှိတာ မကြောက်ဘူးလား"

ရယ်သံလေး ထွက်လာပြီး ဆု က ပခုံးလေးပါ တွန့်ပစ်၏။

"ကြောက်ချင်လွန်းလို့ပါနော် .. ကြောက်ပါရစေ"

နှစ်ယောက်သား ရယ်ရင်း ကားက အိမ်ရှေ့ထိ ရောက်လာ၏။ အကယ်တော့ ခြံက တစ်ခြမ်းပျက်နေသဖြင့် ကားဝင်လို့ရတာ ဖြစ်သည်။ အိမ်ပြင်ပြီးမှ ခြံပြန်ခတ်မယ်လို့ ထားတာမို့ ခုချိန်ထိ ဒီတိုင်း..။

"အိမ်လေးက ချစ်စရာလေးနော်၊ ဘေးမှာလည်း ခြံကျယ်လေးတွေ ရဲ့ ရပ်ကွက်ကလည်းသန့်သားပဲ၊ အိမ်ရှေ့လမ်းသွယ်လည်း ကျယ်တယ်"

"မကောင်းတာ တစ်ခုတလေ ရှာကြည့်ပါဦး"

စာမျက်နှာ က တံခါးဖွင့်နေရင်း လှည့်နောက်သည်။ ဆု က နားသော့လေး တယမ်းယမ်းနှင့် ခေါင်းခါလိုက်ပြီး ...

"ကောင်းနေတာပဲဟာကို"

"လမ်းက အဖုအထစ် ချိုင့်ခွက်တွေနဲ့မို့ လှိုင်းစီးသလို မောင်းလာ ရတာရော .."

"ဒါကတော့ လမ်းသွယ်ဆိုတာ ကောင်းခဲပါတယ်၊ လမ်းမကြီး တွေပေါ်မှာရော တဖြောင့်တည်း ကောင်းနေတာ ရှိလို့လား"

စာမျက်နှာ က ပြုံးနေ၏။ ဆု က သူနဲ့အတူ အိမ်ထဲ လိုက်ဝင်လာ တာ ...

"အဲဒီလို ပြုံးနေစမ်းပါ စာမျက်နှာ ရယ် .. နင်ကလေ မျက်မှောင် ကုတ်နေရင်လည်း ချောတယ်၊ မျက်ရည်လေးတွေ ဝေ့နေရင်လည်း သောကျားပီသနေတဲ့ပုံက ပျောက်မသွားဘူး၊ မပျောက်တဲ့အပြင် မျက် ခေါင်တွေက ထူပြီး နက်နေတော့ မျက်ရည်တွေနဲ့ဆို ပိုတောင် ကြည့် ကောင်းသေးတယ်"

"ငိုပဲ ငိုနေရတော့မလိုပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို မဟုတ်ပါဘူး၊ အခု နင် ရှားရှားပါးပါး ရယ်လိုက်တော့ အရမ်းချောတာကို ပြောချင်တာ၊ နင့်ရဲ့သွားတန်းလေးတွေက နှုတ်ခမ်း ဘယ်လောက်ဖွင့်ထားထား ကြည့်ကောင်းတာပဲ၊ ပြုံးပြုံးရယ်ရယ် နေ ဟာ .. နင့်မှာ စည်းစိမ်မချမ်းသာပေမယ့် ချမ်းသာတာတွေ အများကြီး ပါ၊ စည်းစိမ်ချမ်းသာတဲ့ ယောက်ျားလေးတွေ တော်တော်များများ နင့် ချမ်းသာတာမျိုးကို အရမ်းလိုချင်နေကြတာ သိလား၊ လူ့ဘဝဆို နေတတ်ရင် ကျေနပ်စရာတွေ အများကြီးပဲ"

ယားလိုက်ပါတော့ ဆိုသည့် မချိုပြုံးနှင့် စာမျက်နှာ က ဆု ထို ကြိမ်ကုလားထိုင်လေးကို မေးဆတ်ပြပြီး အထဲဝင်သွား၏။

အိမ်ထဲမှာ ဆံပင်အဖျားတွေ အခွေလိပ်တွန့်တွန့်လေးနှင့် ဖက်စောင်း သိမ်းလှန်ကာ နှုတ်ခမ်းစေ့၍ ခပ်စူးစူး စိုက်ကြည့်နေသော အမျိုးသမီးပုံတစ်ပုံပဲ ချိတ်ထားတာ တွေ့သည်။

အကျႌအနက် လည်ကပ်မှာ အပါးသားလေးမို့ ဘယ်ဘက်ရင် မှာ စီးကွင့်ထိုးထားသည့် ပန်းတွေသာမပါလျှင် ရင်ဘတ် တော် ဟိုက်သည့်အကျႌလို့ ထင်ဖွယ်ရှိ၏။

နှုတ်ခမ်းနီက ကြက်သွေးရောင် မှောင်နေကာ တင်းတင်းစေ့ထား သဖြင့် ပုံကျလှပသည့်နှုတ်ခမ်းအစုံက မိန်းကလေးချင်းတောင် အား မိသည်။ ဒါ စာမျက်နှာ ရဲ့အစ်မတော့ မဖြစ်နိုင်ပေ။

ဒီအိမ်က အိမ်သားတစ်ယောက်ယောက်ဆိုတာ သေချာနေ တောင် ဓာတ်ပုံထဲမှာ ပြေပြေလေးညီနေသည့်မိတ်ကပ်နှင့် ဝတ်စား ပုံ ကြည့်ပုံတွေက အရပ်သူတစ်ယောက်နဲ့ လုံးဝမတူအောင် လှနေ၏

ဒါဆို အမေလား .. 'အမေက အရမ်းလှတယ်' လို့ ပြောထားသည် မို့ အမေပဲ ဖြစ်လိမ့်မည်လို့ တွက်မိကာ ဆု မော့ငေးရင်း အံ့ဩနေ တော့သည်။ ဒါကြောင့် စာမျက်နှာ ဒီလောက် ချောနေသည်ပဲ၊ ဒါ သူ့အစ်မ ဆိုတာရော သူ့အမေလို လှနေသလား ...။





"ပျင်းနေပြီလား .. ရော့ .. ဘာမှမရှိလို့ ရှိတာယူလာတာ"

စာမျက်နှာ အပြင်ပြန်ထွက်လာတော့ တစ်ဖက်မှာ အသည်းပုံ ဘူးပေါင်းကြီးကို ဖက်ကိုင်ထားကာ တစ်ဖက်မှာ ချောကလက် မုန့်ဘူးနှင့် ...

"မမက ချောကလက် ကြိုက်တယ်၊ ဒါပေမယ့် ချောကလက် ပဲကျတော့ မုန့်ပေါ်အုပ်ထားတာလောက် များများ မစားချင်ဘူး ဒါ သူ ဝယ်ထားတာ"

"နင်ရော .."

"မကြိုက်ဘူး"

ပြောပြီး စာမျက်နှာ က ဆု ရဲ့ဘယ်ဘက် နှစ်ယောက်တွဲခုံ အစွန်း ဝင်ထိုင်လိုက်သည်။ စပြီး ထိုင်ဖို့နေရာပေးကတည်းက တစ်ယောက် ခုံလေးမှာ ဆု ကို နေရာပေးခဲ့တာမို့ သူ ဟိုဘက်မှာ ထိုင်လိုက်တော့ က တစ်ယောက်တည်း ပြုံးသည်။

"ဘာပြုံးတာလဲ"

"ဟွန်း .. ဘာမှမဟုတ်ပါဘူး၊ ချောကလက်ဆိုတာ ခုခေတ် ရာသက်သက် မဟုတ်တော့ဘူး သိလား ..၊ သူ့မှာ အထိမ်းအမှတ် ရှိတယ်"

စာမျက်နှာ ပြုံးနေသည့်မျက်နှာ ဖျတ်ခနဲ ပြောင်းသွား၏။ ဒါပေ ခဏလေးပဲဖြစ်ကာ ...

"မမက ပြောတယ်၊ ခေတ်ဆိုတာ ရေစီးကြောင်းတဲ့ .. ရေစီး ကြောင်းဆိုတာ ရေတစ်ခွက်မှောက်ကျသွားရင်လည်း ရေစီးကြောင်း တယ်၊ လက်ဆေးဇလုံ တိမ်းစောင်းသွားရင်လည်း ရေစီးကြောင်း တာပဲတဲ့၊ ခေတ်ရေစီးကြောင်းဆိုတာ ကိုယ် လိုက်ပြီး မျောရမှာ ဟုတ်ဘူးတဲ့၊ ခုခေတ် အထိမ်းအမှတ်နေ့တွေ အမျိုးမျိုး ပေါ်လာ အထိမ်းအမှတ်ပစ္စည်းတွေက ဈေးကွက်ကြီးတစ်ခုလို့ ကျယ်ပြန့်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြည့်တဲ့"

ဆု က စဉ်းစားနေသည့် မျက်နှာလေးနှင့် ခေါင်းတော့ မညိ
ပါ..။ ပြောချင်တာက ဒီချောကလက်လေးနဲ့ ချစ်သူများအနာဂတ်
ပုံပေါ်သွားဖို့ ..၊ ကိုယ်က စလိုက်ရုံပဲ ရှိသေးသည် သူ့မှာ ချေပဖို့အ
သက်သေ သာဓကတွေနဲ့ ..။

"ဟုတ်လည်း ဟုတ်တာပဲ၊ ဆု နှင် စဉ်းစားကြည့်လေ .. ချမ်း
တဲ့လူရော ဆင်းရဲတဲ့လူရော အဲဒီ အထိမ်းအမှတ်ဆိုတဲ့နေ့လေး
ရောက်လာရင် စားစရာမရှိ လျော်စရာရှိ၊ ဒါတွေဝယ်ဖို့အတွက်က
လာတာပဲ၊ ဟက်ပီးနယူးရီးယားဆိုရင် သောက်ကြစားကြနဲ့ ရန်
ဖြစ် .. သတ်ပုတ်ကြတဲ့အထိပဲ၊ တစ်နှစ်ပြီးတစ်နှစ် ကုန်သွားတာ
ထူးခြားမှုမှ မဟုတ်တာ၊ ဒီ အထိမ်းအမှတ်နေ့တွေ တိုးလာတာ ဂု
ဝမ်းမြောက်ဖို့ မရှိပါဘူး"

"နင်လည်း လူငယ်လေးပဲ ရှိပါသေးတယ် စာမျက်နှာ ရယ်
ဘာပဲဖြစ်ဖြစ် ပျော်ရွှင်စရာ နေ့ရက်လေးတွေပါပဲ၊ နင့်မှာ ချစ်သူရှိလာ
တစ်နေ့ကျရင် အဲဒီအထိမ်းအမှတ်နေ့တွေထဲက တစ်နေ့ကို နင်
ရမှန်း သိလာမှာပါ"

စာမျက်နှာ က ဆု မျက်နှာလေးကို စိုက်ကြည့်ပြီး နှုတ်ခမ်း
ဘဲ ပြုံးသည်။ မုန့်ဘူးထဲက ဝေဖာတစ်တောင့် ယူပေးလိုက်တော့
က ခေါင်းခါ၍ ...

"ခွာပေး .."

လို့ တောင်းဆိုလျှင် သူက ပွေ့ပိုက်ထားဆဲ အသည်းပုံ ပူပေါ
ကြီးကို ငုံ့ကြည့်ပြကာ ...

"လက်မအားဘူး"

လို့ အကြောင်းပြ၏။ ဆု ကပဲ အလျှော့ပေး၍ မုန့်ကို ယူလို
ရကာ ...





"ဘာလဲ .. အဲဒါက .."

"စုဘူး .."

"ဟင်!... စုဘူး ဟုတ်လား"

ဝေဖာခွာနေသည့် လက်လေးတွေတောင် ရပ်သွား၏။

"ဘယ်က ထည့်ရပာလဲ၊ တကယ် စုဘူး ဟုတ်လို့လား"

"ဟုတ်တယ် .. ဒီထဲမှာ ငါးရာတန်လေးတွေတောင် ရှိတယ်၊
ထည့်ထားတာ"

"ဘယ်လိုထည့်လဲ .."

"ဒီထိပ်ဝမှာ လေထိုးတဲ့ပြွန်လေး ရှိတယ်၊ အဲဒါလေးကို ပိုရှည်
အောင် ငါ့ဘာသာ လုပ်လိုက်တယ်၊ အဲဒီကနေ ပိုက်ဆံကို အသေးလေး
အောင် လိပ်ပြီး ထည့်ရတာ"

ဆု က တအံ့တသြနှင့် ပူပေါင်းလေးကို လှမ်းယူပြီး သေချာကြည့်
ည်၊ အနီရောင်ရဲနေသည်မို့ အထဲမှာ ဘာရှိနေသည်ကို မမြင်ရပေ..။
ကိုင်ပြီး လှုပ်ကြည့်လိုက်တော့ တစ်စုံတစ်ခု လှုပ်ခတ်သွားတာကို
မှ ...

"ခက်ခက်ခဲခဲ စာမျက်နှာ ရယ် .. ဒီပြွန်လေးကနေ ဆံ့အောင်
ချာထည့်နေရမှတော့ ပိုက်ဆံ အများကြီး ထည့်ချင်ရင်တောင် ဘယ်
လုပ် ထည့်မလဲ"

"အများကြီး ထည့်နိုင်တာမှ မဟုတ်တာဟာ၊ ငါ့အတွက် အရမ်း
ဓိပ္ပာယ်ရှိတဲ့ စုဘူးပါ"

"ထည့်နိုင်တဲ့တစ်နေ့ကျတော့ ဒီလို တစ်လိပ်စီ တန်းစီထည့်နေ
င် သေပြီပေါ့၊ တခြားဘူးနဲ့ ထည့်ပါဟယ်"

စာမျက်နှာ က လေးနက်သည့်မျက်နှာနှင့် ခပ်ဖြည်းဖြည်း ခေါင်း
ခါ၏။

"အသည်းပုံစုဘူးကို ရွေးထားကတည်းက ငါ့အဓိပ္ပာယ်နဲ့ ငါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

စာမျက်နှာ က နောက်မှီက ခပ်လျောလျော မှီလိုက်ကာ မျက်[...]
တစ်ဖက်လှည့် ငေးနေရင်း ...

"ငါ ငယ်ငယ်ကတည်းက စွဲလမ်းခဲ့ရတဲ့ သူငယ်ချင်း၊ အခု[...]
ငါချစ်နေတဲ့သူပေါ့ .."

ဆု မျက်နှာလေး ငယ်ကျသွားသည်။ ရင်ထဲကို ရေနွေးပူပူ[...]
စီးဝင်သွားသလို ပူလောင်ခြင်းက ခံရခက်သွား၏။ ဒါ ဖြစ်နိုင်လို့လား[...]
အချစ်အကြောင်း ဘယ်တုန်းကမှ မပြောခဲ့၊ စောစောတုန်းကအချိန်[...]
လည်း အချစ်မသိတဲ့စကားတွေပဲ ဆိုနေတဲ့ သူ ..။

"သူက ဘယ်သူလဲ စာမျက်နှာ .. ငါ မယုံဘူး .."

"မတတ်နိုင်ဘူးဟာ.. သူက အရမ်းချမ်းသာသွားလို့ ငါ မှန်းလည်း[...]
မမှန်းရဲတော့ပါဘူး၊ ဒါပေမယ့် ငါ သူ့ကိုပဲ ချစ်တယ်၊ သူ့ကို တင့်တော[...]
တင့်တယ် ထားနိုင်ဖို့ ကြိုးစားချင်တဲ့စိတ်တွေ ဖြစ်နေလို့ ဒီစုဘူးလေး[...]
စပြီး စုခဲ့တာ၊ ဒီထဲမှာပဲ သိန်းထောင်ကျော်တဲ့အထိ ငါ စုမယ်"

ခေါင်းလေး ခါမိပြီးမှ ဆု မခါရက်ဘဲ သူ့မျက်နှာကို ငေးကြည့်[...]
သည်။ ပြီးတော့ မျက်တောင်ဖျားလေးတွေ စင်းကျသွားကာ စုဘူးလေး[...]
ကို ငုံ့ကြည့်မိပြန်၏။

သူမ ပြန်မော့တော့ စာမျက်နှာ က တစ်ဖက်ကို လှည့်နေဆဲ[...]

"ဆက်ပြောလေ စာမျက်နှာ ..၊ ငါ့ဘက်ကို လှည့်ပြီး ကြည့်[...]
ပါ..၊ ငါတို့က သူငယ်ချင်းတွေပဲဟာ .. နားထောင်ပေးမှာပေါ့"

စာမျက်နှာ က မျက်နှာလှည့်သလို ဖြစ်သွားပြီးမှ ဆု ကို မကြည့်[...]
မျက်လွှာချနေရင်း ဆက်ပြော၏။

"မဖြစ်နိုင်တာ ဖြစ်နိုင်တာကတော့ ငါတို့ရဲ့အနာဂတ်ပေါ့[...]
စကတည်းက ငါ့ဘက်က စိတ်ကူးယဉ်ခဲ့တာပဲ"

"နင်က တစ်ဖက်သတ် ချစ်နေတာလားဟင်၊ သူကရော .."





စာမျက်နှာ က လှည့်ကြည့်ပြီးမှ မျက်နှာပြန်လွှဲကာ ...

"သူလည်း ငါ့ကို ချစ်တယ်"

လို့ တိုးတိုးပဲ ဖြေသည်။ ဆု က သူ့မျက်နှာကို စိုက်ကြည့်ပြီး
[...]သလို မဲ့သလိုဖြစ်ကျက် ...

"နင်ပြောတော့ နင့်ဘဝမှာ အချစ်က ဘယ်နေရာမှာမှ မပါခဲ့
[...]လား၊ ချက်ချင်း စွဲလမ်းရမယ့်သူ ရှိလာတာ အံ့သြစရာပဲနော် .."

စာမျက်နှာ က မနေတတ်မထိုင်တတ် ဖြစ်သွားသလို ထိုင်နေ
[...]ည့် ကိုယ်ကိုပါ 'ကြွ'တော့မလို 'ထ'တော့မလို ဖြစ်သွားကာ ပြီးတော့
[...] ဆံပင်ပါစ်ချက်သပ်၍ ...

"အစက မပြောဖြစ်တာပါ၊ ခုတောင်မှ သူဌေးသမီးကို ငါလိုလူ
[...] စိတ်ကူးယဉ်နေတယ်ဆိုပြီး နင် ကြိတ်ရယ်ချင်နေပြီမို့လား"

"မရယ်ပါဘူး၊ အံ့တောင် အံ့သြသေးတယ်"

သူ ဖျတ်ခနဲ ကြည့်လိုက်တော့ ရှုးရဲလက်တောက်နေသည့် ဆု
[...]မျက်ဝန်းလေးတွေနှင့် ဆုံမိသွား၏။ မျက်နှာလွှဲလိုက်ဖို့ မေ့နေခဲ့စဉ်...

"ငါ့စိတ်နဲ့နှိုင်းပြီး အံ့သြတာပါ၊ ငါ့သာဆိုရင် မိုက်တယ်၊ ရူးတယ်
[...]ယ်သူဘာပြောပြော နင့်ကို 'စဉ်းစား ကြိုးစား'စာရင်းထဲမှာ မထားဘူး"

ဆု က တစ်ချက်မှ အကြည့်မလွှဲ ..၊ မျက်တောင်မခတ်ဘဲ ငေး
[...]တ်၍ ...

"နင့်နဲ့ အတူတူနေရဖို့ပဲ ကြိုးစားမှာ"

သူ မျက်နှာလွှဲပစ်လိုက်မိသည်။ ဆု နဲ့သူ ဒီလိုစကားတွေ ပြောဖြစ်
[...]ခြင်းဖြင့် ရင်မဆိုင်ချင်ပါ..၊ ဆု ကို သူ ဘယ်သောအခါမှ စိတ်ကူးယဉ်မိ
[...] မဟုတ်သလို သူမထံမှ ဒီစကားတွေ ကြားနေရတာကိုလည်း မျှော်
[...]ဝ်ဝှက်ယူဖွယ်လို့ မမြင် ..။

"ကဲပါ အချစ်ရှိနေတယ်ဆိုတာ စိတ်ညစ်စရာမှ မဟုတ်တာ၊ နင်
[...]ငါ့ကို သူငယ်ချင်းလို တိုင်ပင်လို့ ရပါတယ်၊ ဒီမှာ ငါ့ကိုကြည့်.."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဆိုမှ လှည့်ကြည့်ဖြစ်၏။ ဆု က စောစောကလို မျက်နှာမျိုး နှင့် လုံးဝ ခြားနားလျက် ...

"ဒီစုဘူးလေးကို ငါ ယူထားပေးမယ်"

"ဘာ!..."

"ဟုတ်တယ်လေ .. နှင့်အတွက် ငါလည်း စိတ်ကူးယဉ်ပြီး အတူ တူ ပျော်ကြည့်လို့ ရတာပေါ့၊ သူနဲ့ မြန်မြန်နီးအောင် ငါလည်း ဝိုင်းကူ ပြီး စု .."

"ဟာ!... မလုပ်နဲ့ .. မလုပ်နဲ့ .."

ပျာပျာသလဲ လက်ကာ၍ စုဘူးကို လှမ်းဆွဲတော့ ဆု က လက်ကို လွှဲပစ်လိုက်ပြီး ...

"ဘယ်လိုဖြစ်တာလဲ .. မထည့်နဲ့ဆို ပြီးတာပဲဟာ"

စာမျက်နှာ က အလိုမကျသည့် မျက်နှာကြီးနှင့် နေရာမှာ ပြန်ထိုင်သည်။ ပြီးမှ ....

"ငါ့စိတ်ကူးနဲ့ငါပဲ နေချင်တယ်၊ အကောင်ပေါ်ဖို့ မဖော်ဖို့တွေ မပါချင်ဘူး"

ဆု က စိုက်ကြည့်ပြီး ခေါင်းညိတ်၏။

"အေးပါ .. ချစ်သူကို ပိုင်ဆိုင်ရဖို့တောင် မပြည့်နိုင်တဲ့ စုဘူးနဲ့ထား တယ်ဆိုတော့ ငါကလည်း မဗေဒါရေဘူးကို ချဲ့ပေးတဲ့ ဘုရင်လို မလုပ် တော့ပါဘူး၊ ဒါပေမယ့် ငါ့ဆီမှာပဲ ထားပါ၊ နှင် ထည့်မယ့်ပိုက်ဆံကို လက်မှတ်လေးတင်ပြီးမှ ပေးလေ၊ ငါ လက်မှတ်အတုလုပ်ပြီး မထည့် ဘူး၊ ကတိပေးတယ်"

စာမျက်နှာ ခေါင်းခါပြန်သည်။

"ငါက နှစ်လ သုံးလ တစ်ခါတလေ နှစ်ဝက်လောက်ကြာမှ ငါးရာလောက်ပဲ ထည့်ဖြစ်တာ"

"ဟင်!..."





"စုနိုင်တဲ့အထိ ငွေလည်း မပိုဘူး၊ သူ့ကို သတိရနိုင်တဲ့အချိန် လည်း မရှိလို့ပါ"

"ဟုတ်ပြီလေ .. နှင့်လက်မှတ်ပါတဲ့ ပိုက်ဆံကို ခဏခဏ လာယူ ခွင့်မရှိရင်လည်း ငါကတော့ လာနေမှာပဲ၊ အဲဒီတော့ ကိစ္စမရှိပါဘူး၊ ငါ ကူညီခဲ့တာတွေကို ကျေးဇူး တကယ်တင်တယ်ဆိုရင် ငါ စိတ်ချမ်း သာအောင် ဒါလေးတော့ သိမ်းထားခွင့်ပေး"

"ဒါ သိမ်းထားမှ နှင် စိတ်ချမ်းသာမယ်ပေါ့"

"ဟုတ်တယ်"

"ငါက နှင် စိတ်ဆင်းရဲသွားမယ် ထင်တာ ..၊ ပြောဖို့တောင် ဆော်တော် အားယူလိုက်ရတယ်"

နှင်ကမှ မညာတတ်ဘဲ စာမျက်နှာ ရယ် .. ငါ့ကို ငုတ်တုတ်ထား ပြီး ညာလိုက်ရတာ နှင် ချွေးပြန်နေပြီပေါ့ ..။

ဆု အသံတိတ်စကားတွေဆိုရင်း ပျော်သလိုလို ငိုချင်သလိုလို...၊ ကိုယ်ချစ်ရတဲ့သူက သူဌေးသမီးတစ်ယောက်ကို အခွင့်အရေးယူ ယုတ်မာ တတ်တဲ့စိတ် မထားဘဲ ရှောင်ထွက်ဖို့ နည်းလမ်းများစွာ သုံးနေသည်က ကြည်နူးဖွယ်ပေမယ့် နောင်လည်း ဘယ်သောအခါမှ ချစ်မိကြဖို့ မလွယ် အောင် မပြည့်နိုင်သည့် စုဘူးလေးနှင့် စည်းခြားပြလိုက်တာမို့ ငိုချင်၏။

"စာမျက်နှာ .."

"ဟင် ..."

ဆု ခြောက်ကပ်ကပ်ဖြစ်သွားသည့် လည်ချောင်းကို တံတွေးတစ် ချက် မျိုချမိရင်း ...

"နှင့်မှာ ချစ်သူ အဲ .. ချစ်ရမယ့်သူ ရှိနေတာ ငါ သိပါပြီ၊ ငါ ကူညီမယ်ဆိုတာတွေကိုလည်း နှင် နောက်ထပ် စိတ်သန့်သန့်နဲ့လက်ခံ နိုင်ပြီ ထင်တယ်"

စာမျက်နှာ စိတ်မကောင်းဖြစ်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မယ့် သူ့လုပ်ရပ်တွေ အောက်တန်းကျသွားပြီလား ဆု နဲ့ သူ့ကြားမှာ အမေးအဖြေတွေ မရှိခဲ့သေးပေမယ့် နားလည်နေကြ တာတွေ ရှိသည်။ သို့သော် သူ နားမလည်ချင် ...

"အဲဒါကြောင့် ငါ့အစ်ကိုရဲ့စက်ရုံမှာပဲ ပြောင်းလုပ်ပါ၊ ငါ့ဘက်က နင့်ကို သူငယ်ချင်းကောင်းပီသချင်တာပဲဆိုတာလည်း သက်သေပြပြီး သား ဖြစ်သွားတာပေါ့"

စာမျက်နှာ က ခေါင်းမညိတ်ဘဲ ကြည့်နေပြီး ဘာမှမပြော၊ ဆု က စုဘူးလေးကို ခပ်ဖွဖွလေး ဖက်ထားကာ ...

"မဖြစ်သာလို့ ဟိုအရင်က ငါ ကူညီတာကို လက်ခံခဲ့ရပြီး ရှေ့ အလုပ်တစ်နေရာလေးပဲ မြဲအောင်နေတော့မယ်လို့ နင် ဆုံးဖြတ်ထား တာမို့လား"

မေးပြီး ဖြေတာကိုလည်း မစောင့်ဘဲ ...

"နောက်ထပ်မြင့်တဲ့ အလုပ်တစ်ခုခုရလည်း မလိုချင်တော့ဘူး ငါနဲ့ ရင်းနှီးပတ်သက်နေရတာကိုလည်း မကြိုက်တော့ ဒီစုဘူးလေး ထုတ်ပြပြီး .."

"မဟုတ်ပါဘူး ဆု ရာ .. အဲဒါ မဟုတ်ဘူး တကယ်၊ ငါ တစ်ခါ သားအပေါ် ဘယ်တော့မှ ချိုးဖဲ့မကြည့်ခဲ့ဘူး၊ နင်က ငါ့ရဲ့ အကောင်းဆုံး သူငယ်ချင်း၊ ကျေးဇူးရှင်ပါ"

"မဟုတ်ဘူးဆို ပြီးတာပဲလေ၊ နောက်ဆို ဘာပဲကူညီကူညီ ငါ့ကို နင် မငြင်းရဘူး"

စာမျက်နှာ ခေါင်းညိတ်လိုက်ရသည့်အဖြစ်သို့ ရောက်ခဲ့၏။ လှသ သန့်စင်သည့် ဆု ရဲ့မျက်နှာလေး ပြုံးသွားတာကို ငေးကြည့်နေပြီး မျက်နှာလွှဲမိသည်။ အချစ်ဆိုတာ ငါ့ဘဝ စာမျက်နှာမှာ မှင်စိုသား ပြီးသားပါ ဆု ရယ် ..။





## အခန်း [ ၃၇ ]

"ကိုစာ .. ရှူး .."

ဖယ်ရီပေါ်ကို လက်ခုပ်တီးတာရော .. ပါးစပ်ကပါ အသံပြုလိုက် သဖြင့် ငုံ့ကြည့်လိုက်တော့ စက်ရုံရှေ့မှာ ရပ်နေသည့် ချစ်ဖူး ကို မြင် လိုက်သည်။ ထို့ကြောင့် ကားပေါ်က ဆင်းတာနှင့် အပြင်ကို ပြန်ထွက် လာခဲ့မိသည်။

"ဟဲ .. ဟဲ .. ကိုစာ ကျွန်တော့်ကို မြင်လိုက်တာနဲ့ လန့်သွားတာ လား"

"မလန့်ပါဘူး၊ စောစောစီးစီးမြင်လို့ အံ့သြသွားတာ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ ကိုစာ့ ဆီလာတာလည်း မဟုတ်ဘူး၊ ကျွန်တော် ဆိုဘက်က ဆိုက်ဘာကဖေးကို သွားမလို့"

မနက် ခုနစ်နာရီပဲ ရှိသေးသည်။ ဒီအချိန်ကြီး ဘာလုပ်ဖို့လဲ..။

သူ့မျက်နှာကို ကြည့်လိုက်ပြီး ချစ်ဖူး က ဟက်ခနဲ ရယ်သည်။

"ဒီအချိန်ကြီးမှာ အွန်လိုင်းထိုင်ပြီး သူများ လိုက်ရှိုးနေရမှာပေါ့ ကိုစာ ရယ်.. နေ့ခင်းပိုင်းကျတော့ မအားလို့၊ ညနေပိုင်းမှာလည်း အလုပ် ရှိလို့ ဒီနေ့ မဖြစ်မနေ အကြောင်းကြားစရာ သတင်းတစ်ပုဒ်လည်း ရှိ နေလို့ .."



www.burmeseclassic.com

www.burmeseclassic.com



သူ လာရသော အကြောင်းရင်းတွေကို တင်ပြနေပေမယ့် စာမျက်နှာ နားမလည်သေးပေ ...။

"ဒီမှာ ပြောပြမယ်"

ဆိုပြီး ရှယ်ကူသူငယ်ချင်းတွေလို ပခုံးကို ခပ်ရိုင်းရိုင်း ဖိဆုပ်ကိုင်သည်။ မယဉ်ကျေးတတ်သည့်အကျင့်ကြောင့် မိအောင် ဖမ်းဆုပ်လိုက်ပေမယ့် လူက အရပ်ပုပုမို့ စာမျက်နှာ ပခုံးပေါ်မှာ လက်က တောင်တက်လမ်းကဲ့သို့ ထောင်တန်းနေ၏။

တကယ်ဆို အမြွှာဆိုပေမယ့် ချစ်ဖူး က ချစ်ဦး ထက် အရပ်ပိုရှတာ ဖြစ်သည်။ ချစ်ဦး တောင် စာမျက်နှာထက် လေးလက်မလောက်နိမ့်သေးတာမို့ ....

"မဆွေ တို့ ဇာစပ်တော့မှာ .."

ဟု ဆိုပြီး လက်ကို ပြန်လွှတ်သည်။ ပြီးတော့ ဘောင်းဘီပွပွထဲ လက်နှစ်ဖက် ထည့်လိုက်ပြီး ခြေဖျားထောက်၍ တစ်ကိုယ်လုံး ကြွခနဲ မြင့်တက်သွားပြီးမှ ...

"အဲဒါ သိလား .."

လို့ မေး၏။

"မသိဘူး .. ဆွေသင်း နဲ့ တွေ့တုန်းကလည်း မပြောပါဘူး၊ ဘယ်သူနဲ့လဲ"

"သူဌေးဗျ .. တကယ် ရေလျှံတယ်၊ ချောချောခန့်ခန့်ပဲ ဇာစပ်ပွဲကို အဖေက ဖိတ်ခိုင်းရင်တော့ ဖိတ်လိုက်မယ်လေ၊ ဘယ်သူဆိုတာ ဖိတ်စာပေါ်မှာပဲ ဖတ်တော့"

ချစ်ဖူး က အစ်မ သူဌေးနဲ့ဇာစပ်တော့မည့်ကိစ္စအတွက် အတော်ကြီး ဝမ်းမြောက်ဂုဏ်ယူနေပုံရှိလျက် ...

"ကိုစာ့ ကို နောက်ထပ် စိတ်ညစ်စရာ ဘာမှထပ်မပေးတော့ဘူး ဟဲ .. ဟဲ .. ဒါလေ .."





လက်ညှိုးနဲ့ လက်မကို ကွင်းဝိုင်းလုပ်ပြ၍ ...

"ကိုစာ နဲ့ကျွန်တော်တို့ ကြွေးမြီကင်းတော့မှာပါ"

ပြောပြီး ထောက်ကြွထောက်ကြွပုံစံနှင့် လျှောက်ထွက်သွားသည်။ ထက်ဝါးဖြန့်လာသမျှ ချေးပါငွားပါလို့ ဘယ်တုန်းက ပြောဖူးလို့လဲ..၊

ဘာပဲဖြစ်ဖြစ် သူတို့မောင်နှမတွေ အဆင်ပြေသွားပြီဆို ကျေနပ်ရပါ ..၊ အဖေတစ်ယောက်တည်း ဒိုင်ခံ ဆင်းရဲပင်ပန်းနေတာထက်စာလျှင် ဆွေသင်း ဘက်က အကူအညီရလာတယ်ဆို အိမ်မှာ အများကြီးပြည့်စုံသွားမှာ ဖြစ်သည်။

ခုချိန်ထိ သူ့ကို မကြည့်မလင် ခပ်တည်တည်နေခဲ့သော ချစ်ဦးကို မျက်လုံးထဲမှာ ပြန်မြင်ရင်း သူ စက်ရုံဝင်းထဲ ပြန်ဝင်ခဲ့သည်။

ဆွေသင်း တို့ မောင်နှမကို သူ ပေးပြီဆိုရင်တော့ ယူသုံးတတ်သည်လို့ ဆို၏။ မျက်နှာချင်းဆိုင်မိချိန်ဆိုလျှင် စကားမပြောချင်သလိုလို အဖက်မတန်သလိုလို ..။ ဒီအိမ်သားတွေဆိုလျှင် အဖေ့ရဲ့ စိမ်းကားဖြတ်တောက်မှုများမှစ၍ ဘယ်သူ့ဆက်ဆံရေး ဘယ်လိုကျဲနေနေ သည်းခံ နားလည်ခဲ့ရတာတွေ သူလည်း အကျင့်ပါနေပါပြီ ..။

အမြဲတမ်း ပြောင်းလဲနေတဲ့ လောကသဘာဝထဲမှာ သူကိုယ်တိုင်ကစ၍ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် မတူဘဲ ပြောင်းလဲခဲ့တာတွေ လက်တွေ့ ..။ ပြောင်းလဲခြင်းအားလုံးဟာ ကောင်းသောပြောင်းလဲခြင်းတွေသာ ဖြစ်ပါစေ ..၊

ဆွေသင်း ရဲ့ ဖူးစာရှင် ဘယ်သူမှန်း မသိသေးပေမယ့် သူတို့မောင်နှမတွေ ကံဇာတာမြင့်မားဖို့ ကြုံရသလို သူလည်း ကံကောင်းတာပဲ ဖြစ်သည်။ စက်ရုံဝင်းထဲကို ရောက်တဲ့အထိ သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်နေဆဲ..။



www.burmeseclassic.com

## အခန်း [၃၈]

"စာမျက်နှာ .. ဒီနေ့ လစာထုတ်ပေးရမှာကွ၊ အစ်ကို့ကို လာ[illegible] ပါဦး၊ စာရေးတစ်ယောက် နေ့တစ်ဝက်နဲ့ ပြန်သွားလို့"

"ခင်ဗျာ .. ဟုတ်ကဲ့"

တစ်ချက်ပဲ မော့ကြည့်ပြီး စာမျက်နှာ ခေါင်းညိတ်လိုက်သည်။ လက်စသတ်နေသည့်အလုပ်တွေကို သေချာသိမ်းလိုက်ရင်း နာရီကြည့် တော့ ရုံးဆင်းချိန် ...။

ဒီစက်ရုံကိုရောက်တာ ရက်ပိုင်းပဲရှိသေးပေမယ့် သူ့ကို အထ[illegible] လူတွေက ချစ်ကြသည်။ သူကိုယ်တိုင်ကလည်း စက်ရုံပြောင်းခဲ့တာ[illegible] ရှိကာ လုပ်ငန်းသဘောတွေကို နားလည် ကျွမ်းကျင်နေခဲ့၏။

ထို့ကြောင့် ဘယ်မှာဖြစ်ဖြစ် အဆင်မပြေဖို့တော့ မရှိပါ။

"ကိုယ့်လူကတော့ ကြိုးစားတယ်ကွာ .. ဒီမှာလည်း ဒီရက်လို[illegible] မှာ ဝန်ထမ်း အလဲအလှယ် မလုပ်ဘူးကွ၊ မင်းကို လူစားထည့်လို[illegible] တော့ .."

စာရေး ကိုဇော်ချို က ပြောနေရင်း ရယ်သည်။ စာမျက်နှာ [illegible] တော့ မျက်နှာပျက်လေသည်။





"မင်းက သူ့ညီမသူငယ်ချင်းမို့လို့ ဖြစ်မယ်၊ ငါတို့သူဌေးက [illegible]သဘောကောင်းပေမယ့် စည်းကမ်းရှိတယ်"

ဒီစကား ရှေ့မဆက်ပါစေနဲ့လို့ ဆုတောင်းရင်း လစာထုတ်ပေး[illegible]ည့် စားပွဲကို သူ ကူးခဲ့သည်။

"ဒီမှာ မင်းက တိုင်၊ သူတို့လက်မှတ်ထိုးတာကို စစ်ကြည့်ပေးရုံပဲ [illegible]တစ်ယောက်တည်းလည်း ရပါတယ်၊ ရုံးဆင်းချိန်မှာ အဖော်မင်တာ [illegible]ကျင့်ပါနေလို့ပါ၊ ဒါနဲ့ မင်း အပြန်နောက်ကျရင် ဖြစ်ရဲ့လား .."

"ဖြစ်ပါတယ် အစ်ကို .. ကျွန်တော်က အလုပ်မှာ အချိန်ပိုရှိရင် [illegible]ာင် အချိန်ပြည့်အောင် ဆင်းခဲ့တာပါ"

"အေး .. အေး .. ကောင်းတယ်၊ မင်းက လူငယ်ပေမယ့် သူများနဲ့ [illegible]တာပဲ ငါတို့ အကဲခတ်မိပါတယ်၊ အဟွန်း .. မင်းသားဖြစ်နိုင် [illegible] ရုပ်ရည်လေးက အစပေါ့"

ပြုံးလိုက်ရပေမယ့် သူ ရင်ထိတ်သွားပြန်သည်။ ဘာလိုလို ဦးလာ [illegible]သည့် စကားလမ်းကြောင်းတွေဆို စိတ်ထဲမှာ အလိုလို ထင့်သွား [illegible]တာ ဆု နဲ့ပတ်သက်ပြီးမှ စွဲကပ်လာသည့်ရောဂါ ဖြစ်သည်။

ဒါပေမယ့် ကိုဇော်ချို က ဘာမှဆက်မပြောဘဲ စာရင်းတွေ စစ် [illegible]ဖြင့် သူက ငွေတွေကို အကောင့်ဖွင့်ပြီးသားဖိုင်ထဲက စာရင်းနဲ့ [illegible]စစ်နေလိုက်၏။

ကွန်ပျူတာကအစ သူ ဘာသင်တန်းမှ မတက်ခဲ့ရဘဲ အလုပ်လုပ် [illegible]င်း သင်ပေးသွားခဲ့သည့် ဦးမိုးညိုအောင် တို့ ကျေးဇူးကြောင့် သူ [illegible]ကျင်စွာ ကိုင်တွယ်တတ်ခဲ့သည်။ အားလုံးဟာ ဆု ရဲ့ကူညီမှုတွေ [illegible]နှိုး ဆု က သူ့ဘဝရဲ့ မေခလာနတ်သမီး ..၊

"ဟော် .. စိုးအောင် ရေ .. လခထုတ်ဖို့ လွှတ်တော့"

ကိုဇော်ချို့ စကားသံကြောင့် တံခါးဖွင့်သွားတာကိုပါ လှမ်းကြည့် [illegible]မိသည်။ လခထုတ်မည့် ဝန်ထမ်းတွေကို နှစ်ယောက်တစ်တွဲ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးသဖြင့် ကိုဇော်ချို့ ဆီမှာ ငွေထုတ်ကာ သူ့စားပွဲမှာ လက်မှတ် လာထိုးကြ၏။ အားလုံး အလှည့်ကျ ထုတ်ယူသွားကြတာ အဆင်ပြေ သော်လည်း ...

ဦးခင်မောင် ...၊

လက်မှတ်ထိုးရမည့်နာမည်ကို ဖတ်လိုက်မိသည့်အချိန်တွင် ကိုယ့် ရှေ့မှာ ခြေစုံရပ်ပြီး လက်မှတ်မထိုးဘဲ ငြိမ်သက်နေသူကိုပါ ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။

"အဖေ .."

သူ့ကို မြင်ထားပြီးဖြစ်ပုံရသည့် ဦးခင်မောင် ၏မျက်လုံးတွေ အေးစက်မှုများနှင့် စူးရဲနေကာ သူခေါ်လိုက်တာနှင့် ဘေးကို ခြေထောက် လှမ်း ရွေ့၏။

ကိုဇော်ချို့ စားပွဲမှ မမြင်အောင် ပိတ်ကွယ်လိုက်ခြင်းဖြစ်၍ --

"မင်း လူလိုသိတတ်ရင် ငါ့ကို အဲဒီလိုနည်းနဲ့ အရှက်မခွဲပါနဲ့"

"အဖေ .. သား .."

စာမျက်နှာ နှုတ်ခမ်းလှုပ်ရုံတော့ ထပ်ခေါ်မိ၏။ ပြီးတော့ အဖေ့ မျက်နှာကို မော့ငေး၍ မယုံနိုင်သော ကြေကွဲရသောမျက်ဝန်းတို့နှင့်

"အဖေ ဒီမှာ ..."

"မင်းရှိနေမှန်းသိရင် ငါ လုပ်မှာ မဟုတ်ဘူး"

စာမျက်နှာ ဖျတ်ခနဲ မျက်ဝန်းတွေ တိမ်းသွားသည်။ အဖေ့မျက်နှာ ကို ကြည့်နေမိလျှင် နောက်ထပ် အဖေလို့ ပါးစပ်က ထွက်သွားနိုင်သော တာမို့ ပြန်မော့မကြည့်တော့ဘဲ နှုတ်ခမ်းတွေကို ဖိပိတ်၍ အံကြိတ်ထား သည်။

"သွားလေရာမှာ အဖေခေါ်မယ့်ကောင်တွေရှိနေရင် ခင်ဗျား ဆိုတဲ့ကောင်က ဘာလဲ .."

သူ မော့မကြည့်ဘဲ ခေါင်းညိတ်လိုက်၏။



"ဟုတ်ကဲ့ပါ၊ သား .. ကျွန်တော် နောက် မခေါ်မိအောင် ဆင်ခြင် ပါ့မယ်"

တိုးသက်စွာပြောရင်း ဒေါသဖက်၍ ဆွဲလွဲခြစ်သွားသော အဖေ လက်မှတ်ထိုးသည့်လက်ကိုတော့ ငေးကြည့်နေမိသည်။

ပစ်ချသွားခဲ့သော ဘောလ်ပင်နံလေး ကိုယ့်ရှေ့ထိ လိမ့်ထွက်လာ တာကိုလည်း သူ့မျက်လုံးတွေ ရွေ့လျားပါလာခဲ့၏။

အဖေလို့ခေါ်တဲ့ကောင်တွေက အဖေ့ရဲ့သားသမီးတွေပါပဲ အဖေ..၊ ကိုယ့်အဖေမဟုတ်ဘဲ အဖေလို့ခေါ်ကြရင်တောင် အဲဒါ မြတ်နိုးလေးစား မှုတွေနဲ့ အဖေလို သဘောထားပြီး ခေါ်ကြတာပါ..၊

အရှိုက်ခက်ပေမယ့် အငိုလွယ်သော မျက်ဝန်းတွေက စိုစွတ်စေဖို့ ကြိုးပမ်းလာကြ၏။ ထိုအခါ ငိုတာကိုမကြိုက်တတ်သည့် မမကို သတိရ ကာ မျက်တောင်တွေ ခတ်ပစ်ရင်း အမျိုးမျိုးသောနည်းတို့ဖြင့် ဖြေရာရှာ သည်။

ငိုတတ်တဲ့ကလေး နို့ဝတယ်ဆိုပေမယ့် ...၊ သူ ငိုခဲ့ရသမျှ ရခဲ့တာ ဘာမှမရှိ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၉]

ထမင်းစားနေတုန်း သူ့ ဖုန်းပြောရင်း လျှောက်လာတာမြင်

မခ မျက်လုံးတွေ ပတ်ဝန်းကျင်ကို မသိမသာ ဝေ့သွားမိသည်။

ရုံးခန်းရဲ့အပြင် စားပွဲလေးမှာဆိုပေမယ့် ဒီစားပွဲကို အထဲ

လှမ်းမြင်နေရတာပဲ ဖြစ်သည်။ ပြီးတော့ သိပ်လည်းဝေးတာ မဟု

"အဲဒီလောက်ထိ မလိုပါဘူး အန်တီရာ .. ညီမလေးစိတ်ကို

တော် သိပါတယ်"

"... ... ..."

"ဟုတ်ကဲ့၊ ချာတိတ်ကလည်း ကြိုးစားနေတဲ့လူငယ်တစ်ယော

ပါ"

"... ... ..."

"ရှိုးသားပါတယ် အန်တီ"

"... ... ..."

"ဘာပဲဖြစ်ဖြစ် သူ့သူငယ်ချင်းပါလို့ ဖွင့်ပြောပြီး ကူညီပေးဖို့

တဲ့ဟာ၊ ကိုယ်ကစပြီး သံသယမျက်လုံးနဲ့ကြည့်လိုက်ရင်း သတိပေး

ဖြစ်သွားမှာပေါ့၊ အန်တီ မပူပါနဲ့ ...၊ ကောင်လေးကိုက ရိုးသားတဲ့





"... ... ..."

"ဟုတ်ကဲ့ပါ .. လိုအပ်ရင်ပြောမှာပါ၊ ဒါပဲနော် အန်တီ၊ ကျွန်တော်

သည်နဲ့ ပြောစရာရှိလို့"

သူမရှေ့မှာပဲ ခဏရပ်ပြောနေကာ ဖုန်းပိတ်ပြီးမှ ဘေးမှာခုံဆွဲထိုင်

သည်။

"စားပြီးသွားပြီလား၊ ဒီနေ့ ဘာဟင်းလဲ"

"ငါးဆုပ်နဲ့ ပန်းပွင့်ကြော်ပါ၊ ဦးလဒ် စားပြီးပြီလား"

ဦးလဒ် ဆိုတော့ ရလဒ်ကောင်း က စိုက်ကြည့်ပြီး ပြုံးသည်။ ဒီလို

ါသံလေး ထွက်လာတာ ဦးကိုကို လို့ ပြောမိတည်းက ဖြစ်သည်။

အစကတော့ ရလဒ်ကောင်း' ဆိုတဲ့နာမည်က ဘယ်နေရာမှာမှ

ျားဆွတ်ခေါ်လို့ မကောင်းဘူးလို့ သူမပဲ ပြောခဲ့တာ ..၊

တွေးရင်း ပြုံးမိပြန်သည်။ ဒါပေမယ့် ဒါကို မပြောဖြစ်ခဲ့ပါ။

"ညီမလေးလေ .. ကိုယ့်ညီမက သူများကို သနားရမယ်ဆို ဝိတ်ပဲ

သူငယ်ချင်း ချာတိတ်တစ်ယောက်ကို ကူညီပေးပါဆိုလို့ ကိုယ်ကိုယ်

အလုပ်ပေးလိုက်ရတယ်၊ အန်တီက အဲဒါကို ခုမှ သေချာသိပြီး

ရှာနေတာ"

သူများမိသားစုအရေးကို ခေါင်းညိတ်ခေါင်းခါ လုပ်နေရပေမယ့်

ကိုမဝင်စားတာမို့ နေရခက်နေခဲ့၏။

ပြီးတော့ သူ့ ဒီမှာလာရပ်ပြီဆို အားလုံးက သတိထားနေကြသည်။

တစ်ဖြုတ်မို့ မတ်တတ်ရပ်ရုံ၊ ဘာချက်လဲ .. စားပြီးပြီလား .. ဘာညာ

ခေါ်ပြောရုံဆို တော်သေးသည်။

"မခ .."

"ရှင် .."

"ဘာတွေ စဉ်းစားနေတာလဲ၊ ကိုယ်ပြောနေတာတွေ စိတ်မဝင်စား

လား .."



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်မေးတော့လည်း အားနာသွားကာ ...

"မဟုတ်ပါဘူး၊ မခ အလုပ်ကြွေးရှိသေးလို့"

"အခု သွားလုပ်ရမယ်ပေါ့"

မျက်လုံးချင်း ဆုံသွား၏။ သူက သူ့ခိုးဖမ်းသည့်အပြုံးသဲ့သဲ့နှင့် --

"ဒါဆိုလည်း ကိုယ့်ကိုထားခဲ့ပြီး မင်း ထသွားရင် လူမြင်မကောင်းဘူးထင်တယ်၊ ခဏတော့ နေပေးပါဦး"

"ဟုတ်ကဲ့ပါ"

"မင်း စိတ်မဝင်စားပေမယ့် ညီမလေးကတော့ မင်းကို ခဏခဏမေးပါတယ်၊ သူလည်း သူ့သူငယ်ချင်းအတွက် အလုပ်ရှုပ်နေလို့ မလာဖြစ်တာ"

ကိုယ့်ကို အများကြီးကူညီခဲ့သည့် မိန်းကလေးမို့ မခ ပျာပျာသလဲခေါင်းခါမိကာ ...

"မခ ဆု အကြောင်းကို စိတ်မဝင်စားလို့ မဟုတ်ပါဘူး ဦးလင်းရယ် .. ကိုယ့်စိတ်ကူးနဲ့ကိုယ် တစ်ခါတစ်ခါ စိတ်တခြား လူကခြားဖြစ်ဖြစ်သွားတာပါ၊ မခ နေပုံပြောပုံတွေ အဲဒီလိုပုံစံဖြစ်နေရင် တောင်းပန်ပါတယ်"

ရလဒ်ကောင်း က ရယ်လိုက်ကာ ...

"သူလည်း သူ့စိတ်ကူးနဲ့သူ အလုပ်ရှုပ်နေတာပါပဲ၊ ကိုယ့်စာကြည့်စားပွဲပေါ်မှာ မင်းရဲ့ CV ဖောင်ကနေ ကူးယူထားတဲ့ မင်းဓာတ်ပုံတွေပြီးကတည်းက .."

"ဘယ်လို!..."

"ဆောရီး .."

ရလဒ်ကောင်း မျက်နှာလည်း နီမြန်းမြန်းဖြစ်သွားလျက် မျက်နှာခပ်လွှဲလွှဲနေရင်း လည်ပင်းကို တစ်ချက်ပွတ်၏။

"ကိုယ့်မျက်လုံးထဲမှာ စွဲနေအောင်လှတဲ့ပုံမို့လို့ ကူးယူထားလိုက်





တာ .. ဆောရီးပါ"

မခ မျက်နှာပျက်ပျက်နှင့် ရပါတယ်လို့လည်း ဟန်ဆောင်နိုင်စွမ်းမရှိတော့ပေ။ မရိုးသားတဲ့အကြောင်း တိုက်ရိုက်ဖွင့်ချပြလိုက်တာလား။

သူ့လိုလူဆိုက ဒီစကားမျိုးကို မျှော်လင့်နေသည်လို့ ထင်ထားသည်လား ..၊ ဒါမှမဟုတ် ဒီလိုကြားလိုက်ရလို့ ပျော်ရွှင်သွားမယ့် မိန်းကလေးတွေထဲက တစ်ယောက်ပဲလို့ ကိုယ့်ကို ထည့်သွင်းထားသည်လား ..၊

မေးခွန်းပေါင်းများစွာဖြစ်လာရင်း ပြတ်သားသည့်အဖြေတစ်ခုကမခ ရင်ထဲမှာ စည်တီးနေသလို အောင်မြင်စွာ မြည်ဟီးနေ၏။

ယောကျ်ားတစ်ယောက်အပေါ် ရှုမက်ဆန်သောချစ်ခြင်းဖြင့် ဘယ်သောအခါမှ ငြိတွယ်ဖို့ စိတ်မကူး ..။

"ဆရာ လေဆိပ်က ဖုန်းဆက်နေတယ်၊ ဆရာနဲ့ပဲ ပြောချင်လို့တဲ့"

ခဏလေး တိတ်ကျသွားသည့်အချိန်မှာ ဖုန်းလာတော့ နှုတ်ဆက်ပြီး သူ ထရပ်၏။

"စိတ်အနှောင့်အယှက်ပေးမိသလိုဖြစ်သွားရင် ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ်မှာ အနှောင့်ယှက်ခံနေရတာလည်း မင်းနဲ့ စတွေ့ကတည်းကပဲ ဖြစ်နေလို့ .."

သူ စကားအဆုံးမသတ်ဘဲ လှည့်ထွက်သွားသည်။

ထိုနေ့လယ်က ထမင်းစားချိန်ပြီးလို့ မခ စားပွဲကို ပြန်လျှောက်လာစဉ် ...

"ရိုးမရိုး ပုံစံတွေက အသိသာကြီးပါဟာ"

"လှတော့လှပါတယ်၊ ဒါပေမယ့် လှတိုင်းတော့ တော်ဝင်ပန်းတစ်ပွင့် မဖြစ်နိုင်ဘူးဆိုတာ လှတဲ့မိန်းကလေးတွေ မသိကြဘူးနော်၊ ခုန်းလိုက်ပြီဆို ခေါင်ပဲ"

"သြော် .. အဆင်ပြေတဲ့လူတွေလည်း ပြေသွားကြတာပါဟာ၊ စိတ်ကူးယဉ်ကြတာပေါ့၊ ထမင်းစားတာကိုက ကြည့်ပါလား၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဝိုင်းဖွဲ့စားခဲ့လို့လဲ၊ အဲဒီလို အသွားအလာတွေ လွယ်အောင် သီးသန့်လေး ထွက်စားတာ"

"ဟုတ်တယ် .. ဟုတ်တယ်၊ ဒီအလုပ် စဝင်ကတည်းက သူ့မှာ Plan ရှိပြီးသားဟ"

ခေါင်းချင်းမဆိုင်ပေမယ့် ဝိုင်းဖွဲ့နေကြတုန်းမို့ ခပ်ကြိတ်ကြိတ်ပြော နေကြတာ ဖြစ်သည်။ အနားကဖြတ်လျှောက်ခဲ့ရင်း ကိုယ့်စားပွဲ ပြန် ရောက်တဲ့အထိ ပီပြင်စွာကြားနေရတာကတော့ မခ ရဲ့ကံကြမ္မာပဲ ထင် သည်။

ထမင်းချိုင့်ကို နောက်စင်လေးပေါ်မှာ ချလိုက်ပြီးမှ လွှတ်ဖို့ မေ့နေ ၏။ ခံပြင်းရက်ရွံ့ခြင်းကြောင့် နှုတ်ခမ်းကိုက်ထားတာတောင် ငိုချင် လာသည်။ ဒီလိုတွေပြောလာကြမှာစိုးလို့ 'လူများလို့ စကားများတယ်' မဖြစ်ရအောင် တစ်ယောက်တည်း နေတတ်အောင် နေခဲ့သည်။

'လုံးလွန်းရင် မုန်းရတတ်တယ်'ဆိုတာမျိုးလည်း မဖြစ်ချင်ပါ။

ဒါကြောင့် မိန်းကလေးပီပီ အဖော်အလျော်လိုချင်ပေမယ့် မေးထူး ခေါ်ပြောလောက်နဲ့ပဲ ကျေနပ်အောင်နေတတ်ဖို့ ကြိုးစားခဲ့၏။

ခုတော့ .. ဒါတွေက ရည်ရွယ်သလို မဖြစ်ခဲ့ပါလား ..။





အခန်း [ ၄၀ ]

"မမ ဘာဖြစ်လို့လဲ"

"ဟင်!..."

မီးပူတိုက်ရင်း အလုပ်လုပ်တာထက် ငိုင်နေတာပဲများတော့ အကဲ မိသွားသည့် စာမျက်နှာ က ရှေ့မှာ ဝင်ထိုင်လိုက်ကာ ...

"အလုပ်ထဲမှာ တစ်ခုခု ဖြစ်လာလို့လား .."

မခ စာမျက်နှာ ကို မျက်လွှာပင့်ကြည့်ပြီး မီးပူဆက်တိုက်နေရင်း

"ဟုတ်တယ် .. မမ အဲဒီအလုပ်က ထွက်တော့မယ်"

"အဲဒီလောက်ထိလား ..၊ ဘာဖြစ်လို့လဲ မမ"

တခြား အပြစ်ပြစရာမရှိတော့ မခ အသံတိတ်သွား၏။ ပြီးတော့မှ ကို ဘေးမှာထောင်လိုက်ပြီး ပလပ်ဖြုတ်ထားလိုက်ကာ ...

"ပြဿနာဖြစ်တယ်ဆိုတာမျိုးတော့ မဟုတ်ပါဘူး မောင်လေး ဒါပေမယ့် မမရင်ထဲမှာတော့ အဲဒါ ပြဿနာအကြီးကြီးပဲ"

"မောင်လေးကို ပြောပြလို့မရတာမျိုးလား၊ ဘာလဲ .."

"ရပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပြီးမှ စရခက်နေသည်။ အချိန်သိချင်တာမဟုတ်ဘဲ
လုံးက နာရီဆီရောက်သွားတော့ ညကိုးနာရီတိတိ။

မောင်နှမနှစ်ယောက် ဘယ်သူ ဘယ်လောက်ပဲ ပင်ပန်းနေ
ညဘက် နှစ်ယောက်ဆုံဖြစ်ကြသောအချိန်လေးမှာတော့ မျက်နှာ
ဆိုင် စကားပြောဖို့၊ ထမင်းလက်ဆုံစားဖြစ်ဖို့၊ ဘယ်သူ့ဘက်ကမှ
ကွက်စေခဲ့ပေ ..။

တစ်ခါတလေ ဒီညလို စောစောနားဖြစ်ကြလျှင်လည်း
မကုန်နိုင်။ ခုလည်း ကိုယ့်မောင်လေးပေမယ့် ဒီနှစ်ယောက်တည်
တော့လည်း ညီအစ်မလိုပဲသဘောထား၍ ရင်ဖွင့်မိသည်။ ထို့ကြောင်

"ငါတို့မောင်နှမကိုက ကုသိုလ်ကံဆိုးတာ ထင်တယ်နော်"

"ဘာဖြစ်လို့လဲ မမ"

"ရောက်တဲ့နေရာမှာ အတိုက်အခံ၊ အပြိုင်အဆိုင်တွေနဲ့ အ
အဆိုလွတ်တယ်ဆိုတာလည်း မရှိဘူး"

"မမကလည်း .. ဒါတွေက ဘဝရဲ့လောကဓံတွေပဲမို့
မောင်လေးတို့ဘဝကိုက ရုန်းကန်ခြင်းက အဓိပ္ပာယ်ပဲလို့ မမပဲ
ခဲ့တာ .."

မခ မချိပြုံးလေးနှင့် စာမျက်နှာ ကို ကြည့်သည်။ ပြီး
စောင်လျှော်ရင်း ရေစိုသွားလို့ ဖြန့်ချထားခဲ့သည့်ဆံပင်တွေကို အ
သင့်ချထားသော ခေါင်းစည်းကွင်းလေးနှင့် ဖြစ်သလို လိမ်ပတ်
လိုက်ပြီး ...

"မမတို့သူဌေးနဲ့ မမကို တချို့က အတင်းအဖျင်း ပြောနေ
တယ်"

"မမနဲ့ သူဌေးက ရင်းနှီးကြလို့လား .."

"ဟင့်အင်း .. မရင်းနှီးချင်လို့ မမ အများကြီး ကြိုးစားခဲ့တာ

"ဒါပေမယ့် သူဌေးကိုယ်တိုင်က မမကို သဘောကျတဲ့အမှု





တွေပြနေလို့ ဘေးလူတွေက ပြောကြတာဖြစ်မှာပေါ့"

မသိဘဲနဲ့ တန်းခနဲပြောလိုက်သဖြင့် ကိုယ့်မောင်ကိုတောင် တအံ့
တဩ ကြည့်မိသည်။

'ငါ့မောင်လေးက ငါထင်ထားသလို ကလေးဆန်ဆန် စိတ်ကူး
တွေနဲ့ မဟုတ်တော့ပါလား' လို့လည်း တွေးမိကာ ကျေနပ်ရမလိုလို
နှိုးရိမ်သွားသလိုလို။ ထို့ပြင် ထပ်ကြားလိုက်ရသည့်စကားကြောင့် အံ့ဩ
ခြင်းတွေ ထပ်ဆင့်တိုးလေသည်။

"မောင်လေးလည်း အဲဒီလိုအခက်အခဲမျိုး ကြုံနေရတာပဲ"

"ဘယ်လို .. မောင်လေးမှာ .. ဟုတ်လား"

စာမျက်နှာ က ခေါင်းညိတ်လိုက်ပေမယ့် အလွန်အမင်း မပြော
မဆိုချင် ဖြစ်သွားသည့်ပုံနှင့် ...

"ဒီတိုင်းပါပဲ မမရာ .. မောင်လေးကို အများကြီး ကူညီခဲ့တဲ့
သူငယ်ချင်းကောင်းပေါ့၊ သူက ပွင့်လင်းတယ်၊ ဖြူစင်တယ်၊ ဘာဖြစ်
ဖြစ် စိတ်ထဲမှာရှိတာကို ထိမ်ချန်ဟန်ဆောင်ပြီး သူ မပြောတတ်ဘူး၊
ဂရုမစိုက်တတ်တဲ့အကျင့်ကတော့ မွေးကတည်းက စိန်ခဲရွှေခဲတွေကိုင်
ပြီး တစ်သက်လုံး အလိုလိုက် ယုယခံလာရတဲ့ လူချမ်းသာတွေရဲ့ စရိုက်
တစ်မျိုးပါပဲ၊ သူက ရိုးသားတဲ့ဂုဏ်ကို ဆုပ်ကိုင်ပြပြီး ဂရုမစိုက်တတ်
ပေမယ့် မောင်လေးရဲ့ တ်ဂန်းကျင်မှာ ပြောဆိုလာကြရင် ဘာတွေဖြစ်
လာမလဲ"

'ယောကျ်ားလေးပဲ မောင်လေးရယ်'လို့ မပြောချင်ပါ။ သူတို့
မောင်နှမမှာ လူတိုင်းနဲ့ မတူညီနိုင်တဲ့ခံစားချက်တွေ ရှိခဲ့ကြသည်။
နောက်လည်း ရှိနေဦးမှာပဲ ဖြစ်သည်။

"မမ ..."

"ဟင် .."

"အလုပ်တစ်နေရာမှာ အဆင်ပြေဖို့ဆိုတာ မလွယ်ပါဘူး မမရာ၊



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာကုန်တဲ့အထိတော့ မမ သည်းခံကြည့်ပါဦး"

မခ မျက်မှောင်ကုပ်သွားတော့ စာမျက်နှာ က ခေါင်းခါပြကာ—

"သူဌေးဆိုတဲ့လူက ဘယ်လိုလူလဲဆိုတာ ကြည့်ပါဦး၊ အထင်မြင်သေးတဲ့စိတ်နဲ့ မဟားတရား ရှုပ်ပျက်လောက်အောင် ကြိုးစားလာနိုင်သလား၊ မကြည်ဖြူမှန်းသိရင် နောက်ဆုတ်သွားမလား .. အဲဒါကိုလေ၊ အေးကျပ်နံကျပ်ဖြစ်လောက်အောင် ကြုံရဖို့ရှိလာရင်တော့ မမ သဘောပါ"

စာမျက်နှာ က သူ့စကားသူ အဆုံးသတ်ကာ မခ ပြန်ပြောမှာကို မစောင့်တော့ဘဲ ...

"မမ ကို မောင်လေး ပြောစရာရှိလို့ .."

"ပြောလေ .. ဘာလဲ"

"အဖေ ဘယ်မှာအလုပ်လုပ်နေတာလို့ မမ ထင်လဲ"

စာမျက်နှာ ရဲ့မျက်လုံးတွေကို တစ်ချက်ကြည့်လိုက်တာနဲ့ မခ သဘောပေါက်သည်။ ဒါပေမယ့် ထင်တာကိုမပြောဘဲ သူ့ကိုပဲ မေးဆတ်ကာ ...

"ဘယ်မှာလုပ်နေလို့လဲ"

"မောင်လေးတို့ စက်ရုံမှာ .."

စာမျက်နှာ က တင်ပလ္လင်ခွေထိုင်နေရင်း လက်နှစ်ဖက် နောက်ပစ်ထောက်၍ မကြည်လင်သောမျက်နှာနှင့် ...

"အရမ်းပင်ပန်းတဲ့ အလုပ်ကြမ်းအဆင့်မှာ လုပ်နေတာ၊ အဲဒီနေရာက လစာများတယ်၊ အန္တရာယ်လည်း များတယ်၊ မောင်လေး အဖေ့ကို ဘာလုပ်ပေးရမှန်း မသိတော့ဘူး"

"ဘာလုပ်ပေးပေး လက်ခံတဲ့သူက လက်ခံမှ ပေးလို့ရမှာ .."

မခ မျက်နှာလေး တည်တည်တင်းတင်းလေး ဖြစ်သွားခဲ့လျက်—

"မင်း အဖေ့အိမ်ကို ခဏခဏသွားနေတယ်ဆိုတာ မမ သိတယ်





…ာ်နှာ၊ မကြိုက်ပေမယ့် အမေ ခွင့်လွှတ်ခဲ့သလို မမ ခွင့်လွှတ်နေခဲ့…၊ ဒါပေမယ့် အမေ ဘယ်လောက်ထိမကြိုက်ခဲ့သလဲဆိုတာ နောက်…မှာ မင်း သိခဲ့တယ်မို့လား၊ အမေ့လောက် .. အမေ့လို မာနမျိုးနဲ့…တ်ပေမယ့် မမလည်း မကြိုက်ဘူး၊ အဖေ မမကို ခေါ်ပြောလက်ခံ…တာတောင်မှ မင်းအပေါ်မှာထားတဲ့ ဥပေက္ခာတွေကို ခံစားရလို့ မမ …ချောင်ငံ မဆက်ဆံခဲ့ဘူး သိရဲ့လား ..၊ အဲဒါ ငရဲကြီးမယ်ဆိုရင်လည်း …နည်းမှာ မဟုတ်ဘူး"

စာမျက်နှာ မျက်လုံးတွေ ဒီဘက်ရောက်မလာတော့ဘဲ လွှဲပြီးရင်း…နေတာဟာ မမ ဘာပြောပြော မောင်လေး အဖေ့ကို မေ့ထားမပျက်…သို့ ပြောနေသကဲ့သို့ ပြောင်မြောက်ပါ၏။

မခ ကလည်း မောင်လေးကို အပြစ်မမြင် ချစ်ခင်ဆဲနှင့် ပြောနေ…တွေကိုလည်း မရပ် ..၊

"မင်း သွားနေတာတွေ အဖေ သိရဲ့လား ..၊ အဖေ့ရှေ့ထိရော …သွားရဲခဲ့သလား"

စာမျက်နှာ မဖြေ ..၊

"အဖေ့တစ်မျက်နှာတည်းနဲ့ ဆွေသင်း နဲ့ အမြွှာနှစ်ယောက်…ပေါ်မှာ မင်း ထောက်ပံ့ကူညီနေတာတွေ၊ ဘယ်လောက်ထိ သည်းခံ…တာတွေ .."

"အဲဒါတွေ မပြောပါနဲ့ မမရယ် .. မောင်လေးတို့မှာ အဖေ ခေါ်…လေး ရှိနေတာကိုပဲ ..."

ကိုယ့်အတွက် အထာမကျသည့်စကားမို့ ဆုံးအောင်မပြောဖြစ်…တ်ပေ။ ထို့ကြောင့် အဆင်ပြေအောင် စဉ်းစားပြီးမှ ...

"မောင်လေးက အဖေလို့ ခေါ်ခွင့်မရပေမယ့် ငါ့အဖေ သက်ရှိ…ရှားရှိနေတယ်ဆိုတဲ့ စိတ်နဲ့ပါ၊ မိဘဆိုတာ မသေခင်မှာပဲ ပြုစု…မွေးခွင့်ရတာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တာမဟုတ်ပေမယ့် မခ ခေါင်းညိတ်ပေးလိုက်သည်။

"ထားပါတော့၊ အခုရော .. စက်ရုံတစ်ခုတည်းမှာ မျက်နှာချင်းဆိုင်နေပြီ၊ မင်း အဖေ့မျက်နှာ ထိုင်ကြည့်ပြီး မျက်ရည်လည်နေပြီးလား"

စာမျက်နှာ ခေါင်းခါပြသည်။

"အဖေက ဟိုဘက်ရုံထဲမှာပါ၊ မောင်လေးတို့က စာရင်းကိုင်ရုံးခန်းထဲမှာ သပ်သပ် .."

"အဖေနဲ့ မျက်နှာချင်းဆိုင်ပြီးပြီလား"

စာမျက်နှာ မဖြေတော့ မခ က သဘောပေါက်သွားကာ နောက်မေးခွန်းတစ်ခု ထပ်ပါလာ၏။

"မမကို အမှန်အတိုင်းပြောပြစမ်း၊ မင်းကို အဖေ ဘာတွေ ထပ်ကြိမ်းသွားသလဲ"

ဖျတ်ခနဲ မော့ကြည့်လိုက်ကာ စာမျက်နှာ ချက်ချင်းပြန်လွှဲ၏။

"ပြောလေ .. အဖေ့ကိုမြင်လိုက်တာနဲ့ မောင်လေး ခေါ်မှာပဲ၊ အဲဒါမမ သိတယ်၊ အဖေ တစ်ခုခု ပြန်ပြောသွားတယ်မို့လား .."

စာမျက်နှာ မျက်နှာလွှဲလျက်နှင့် တစ်လုံးချင်း ဖြေ၏။

"မောင်လေးတို့ကို ဘယ်သူမှ သတိမထားမိကြပါဘူး" တဲ့။

မခ ရင်ထဲမှာ နင့်သွားသည်။ ပိုက်ဆံတွေရှာရသမျှ ကိုယ့်ထဲမှာ နည်းနည်း၊ ဟိုကိုများများရောက်နေတာ မသိလို့မဟုတ်။

ဒါပေမယ့် အဖေက အဖေပဲဖြစ်ကာ ကန်ရေပြင်အောက်ခြေမှာ တစ်လုံးပြီးတစ်လုံး စုပုံထပ်နေသည့် ကျောက်စရစ်ခဲလေးတွေလို မောင်လေးရင်ထဲက မျှော်လင့်နေခဲ့သည့် နှစ်ချို့ဝေဒနာတွေကို နားလည်ပေးသည်မို့ ခွင့်လွှတ်နိုင်ခဲ့သည်။

ကြိုးစားသမျှ အရာထင်နေရင်တော့ တစ်မျိုး။ ခုတော့ လှုပ်လေမြုပ်လေ ဖြစ်နေရှာတာက ကိုယ့်မောင်လေးပဲ ဖြစ်၏။





အဖေသည် မောင်လေးမျက်နှာမြင်တိုင်း တစ်စုံတစ်ယောက်သော သူ၏ မျက်နှာနှင့် ထပ်တူပြုကာ အမုန်းငြိုးတွေသာ ရစ်ပတ်ခဲ့သည်။ မြင်ပြင် အမေ ဆုံးသွားတော့လည်း သေဆုံးတဲ့အချိန်ထိ မုန်းခဲ့ကြရတာ မောင်လေးကြောင့်ဆိုသည့် နောက်ထပ်အမုန်းတွေ ထပ်ဆင့်ခဲ့၏။

ဒါတွေကို မောင်လေး သိမှာမဟုတ်ပေမယ့် မခ သိနေသည်။ ပြီးသေချာနေတာက မောင်လေးကို အဖေ ဘယ်သောအခါမှ မေတ္တာ စက်ဝင်လာဖို့ မလွယ်ခြင်း။

ရင်နာခြင်းကို ဖြေဖျောက်ဖို့ ခက်သည်မို့ မခ မျက်နှာလွှဲလိုက်မိတဲ့အထိ ရင်ထဲမှာဖြစ်ခဲ့သည်။ ဘဝကို ခက်ခဲပင်ပန်းစွာ ရုန်းကန်ခဲ့ရင်း အက်သောင့်သက်သာ ကူးခတ်ရုံနဲ့ အသက်ဆက်နိုင်ခဲ့၏။ နောက်ထပ် ပြီး ပြည့်စုံချမ်းသာတဲ့အထိ ကြိုးစားသွားဖို့လည်း ခွန်အားတွေ ရှိနေပါပြီ။

ဒါပေမယ့် မေတ္တာငတ်မွတ်နေသူတစ်ယောက်အတွက်တော့ ဘယ်လိုကြိုးစားလို့မှ အရာမထင်။

ကမ္ဘာပေါ်မှာ တိုးတက်ပြောင်းလဲခြင်းတွေ ဖြစ်လာခဲ့ပေမယ့် ချစ်ခြင်းမေတ္တာကို လိုသလို ချုံ့ချဲ့ရယူနိုင်တဲ့အထိတော့ မပြောင်းလဲသေးဘူးလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၁ ]

"မခ ရေ .. သူဌေး ခေါ်နေတယ်"

မန်နေဂျာ ဒေါ်မိုးမြင့် က သူဌေးရုံးခန်းကနေ လာပုံပေါ်
အခန်းထဲမဝင်ခင် လှမ်းပြောသွားတာ ဖြစ်သည်။ အားလုံး ကြ
သည်မို့ မျက်လုံးတွေ ပြူးပြူးကြက်လက်ကုန်၏။

မခ ဂရုမစိုက်တော့ပါ။ ဒီနေ့ သူမ ဆုံးဖြတ်ထားပြီးသား။

ထို့ကြောင့် အဆင်သင့် ရေးထားပြီးသား ထွက်စာကို သူဌေး
ယူသွားရမယ့်ဖိုင်ထဲမှာ ညှပ်လိုက်ပြီး ထထွက်လာခဲ့သည်။

"မခ .."

"ဟင်!..."

ကြူကြူ ဆိုသည့် စာရေးမလေးက လှမ်းခေါ်ကာ ...

"တို့ညီမ နေ့တစ်ဝက်မဆင်းတာကို မပြောလိုက်နဲ့နော်၊ အန်
မြင့် တောင် မသိသေးဘူး၊ တော်ကြာ ရုံးဆင်းတော့မှာမို့လို့ .."

"သြော် .. ကြူကြူ ကလဲ မခ က အလုပ်အကြောင်းတွေ ပြော
ရပါ့မလားဟယ်"

"မစုမြတ်နိုင် .."





အရုပ်မြင့်မြင့်၊ ကိုယ်လုံးလှသလို လူကလည်း လှပါသည်။ ဒါပေ
မယ့် ဒီလူတွေထဲမှာ ဘာသံပဲထွက်လာလာ သူမအသံပဲ ဖြစ်သည်။ မခ
ချတ်ခနဲ လှည့်ကြည့်လိုက်တော့ ပျာပျာသလဲ ပြုံးပြ၍ ...

"ဟုတ်တယ်လေ .. သူဌေးက ခေါ်ကတည်းက ပြဿနာတစ်ခုခု
ရှိလို့နေမှာပေါ့၊ ကိုယ့်ကိစ္စနဲ့ကိုယ် သွားကြတဲ့ဟာ၊ သူများအကြောင်း
တိုင်ပြောဖို့ သတိရပါ့မလား၊ အဟွန်း .. ပြီးတော့ တို့တွေက သူများမှ
ဟုတ်ကြတာ၊ အချင်းချင်းတွေပဲဟာ .."

"ဟုတ်ပါတယ်၊ မခ မပြောပါဘူး"

မခ မျက်နှာလေးမှာ အေးစက်သည့်အပြုံးနဲ့ စိုက်ကြည့်သွားတာ
ကို ကြူကြူ က သေချာမှတ်ထားလိုက်၍ ကျောပြင်လေးကို တစ်စ
ခေါ်ဆုံး လိုက်ကြည့်သည်။

ကုမ္ပဏီဝတ်စုံဖြစ်သည့် ပန်းသွေးရောင်ရင့်ရင့် ဒူးကျစကတ် ချပ်
ချပ်ကပ်ကပ်လေးက တော်ရုံ အသားဖြူရုံနဲ့လည်း မလှ၊ ကိုယ်လုံးမလှ
တဲ့သူဆိုလည်း ကြည့်လို့မကောင်းပေ။

မခ ရဲ့ကိုယ်ပေါ်မှာကျတော့ မျက်နှာလေးကနေ ခေါက်မြင့်ဖိနပ်
လေးအထိ ပြစ်မျိုးမဲ့မထင်အောင် လှ၏။ ရှေ့၊ နောက်၊ ဘေးတစောင်း၊
ဘယ်လိုကြည့်ကြည့် လှနေတာ ဖြစ်သည်။

တကယ်ဆို ဆုတောင်းကောင်းခဲ့ကြသည့် ပါရမီရှင်တွေဟာ
အခြားသူတွေ ဘယ်လိုမှ လိုက်မမှီနိုင်အောင် တော်ကြ၊ လှကြသည်
သား။ ဒါကို မနာလိုဖြစ်နေတိုင်း သူ့မှာပြည့်စုံနေတာတွေ ကိုယ်ရလို့
သား။

မနာလိုဖြစ်ပေးနေရသည့်အတွက် သူ့မှာ ဒါတွေ ယုတ်လျော့
ကုန်ဆုံးကုန်သည်ဆိုလည်း ထားတော့။ သူမတို့အားလုံး စုမြတ်နိုင်
ခေါင်းဆောင်နေသမျှ လိုက်ပြော၊ လိုက်ဆို လုပ်နေကြတာတွေ ကုန်
ပြီသားလို့ တွေးမိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းရှိလွန်းလို့ တွေးမိတာတော့ မဟုတ်ပါ။ ဒါပေမယ့် ကိုယ့်အတွက် အကျိုးယုတ်လာမည်ဆိုလျှင်တော့ ...

"လုလိုက်တာနော် .. မနက်၊ နေ့လယ်၊ ညနေအထိ တို့ပတ် တစ်ချက်မှ ရိုက်တာဖိတာ မတွေ့ဘဲ နုမှုန်နေတာပဲ"

ကြူကြူ တွေးနေတုန်း စိုးပြည့် ဆီက အသံထွက်လာ၏။ သူ လည်း ကိုယ့်လိုပဲ မျက်စိတဆုံး ကြည့်နေတာပဲ ဖြစ်မည်။

မခ ဘယ်ကိုသွားသွား၊ ဘယ်သူမှ လိုက်ငေးမကြည့်ဘဲ နေကြမှာ မဟုတ်ပေ။ ဒါကို ကိုယ်တွေက မကောင်းပြောတတ်တဲ့အကျင့်ကြောင့် ပြောချင်နေတာပေမယ့် အလှချင်း ပြိုင်နေသည့် စုမြတ်နိုင် ကတော့ မနာလိုဟာပဲ ဖြစ်လိမ့်မည်။ ထို့ကြောင့် ...

"အဲဒါပြောတာပေါ့၊ သူများအတင်းတုပ်တာလည်း ကြည့်တုပ် ကြဦး၊ ပြီးတော့ မကြားတကြားဖွဲ့တာက ရှိသေးတယ်၊ ခုနက မခ ပြန်ကြည့်သွားတာ တွေ့လား .."

အားလုံး ကြူကြူ့ စကားကို စိတ်ဝင်စားသွားကြသည်။ စုမြတ် နိုင် ကတော့ မျက်မှောင်ကုပ်လျက် ...

"ဘာဖြစ်သွားလို့လဲ .."

"ထူးခြားလို့လေ ..၊ မခ ဘယ်တုန်းက ငါတို့ကို အဲဒီလိုကြည့်ဖူး လို့လဲ၊ တို့ ဘာပြောပြော သူ့ဟာသူ မသိသလို မကြားသလို နေတာ"

"ဟဲ့ .. ကြောင်သူတော်ဆိုတာ ဒီလိုပဲလေ၊ လူရှေ့မှာ မခုတ်တတ် တဲ့ကြောင်လိုပဲ"

"သူ့ဟာသူ ကြောင်သူတော်ဖြစ်နေလည်း အစက ဘာမှမဖြစ်ဘူး နော် မိန်းမ၊ အခု ကြည့်သွားပုံက သူ့ဘက်မှာ လုံးဝပိုင်နေတဲ့ပုံ သိသာ တယ်၊ တော်ကြာ သူ့ဒွေးကတော် ထဖြစ်သွားမှ ငါတို့ အတွဲလိုက် ပြုတ်မှာ ..."

"အမလေး .. ဒါများ စိုးရိမ်နေသေးတယ်"





"ဘာလဲ .. မဖြစ်နိုင်ဘူးထင်လို့လား"

ကြူကြူ မေးတာကို စုမြတ်နိုင် မဖြေပေမယ့် စိုးပြည့် က ထောက် ...၊

"ဟုတ်တယ်ဟ .. မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး၊ မခ က အထင်သေး ...ရအောင် လှတာတော်၊ ငါတို့ ဆက်ဆံရေးပြောင်းဖို့သင့်ရင် ပြောင်း ...ယ်"

စုမြတ်နိုင် က မဲ့နေပေမယ့် ဘာမှမပြော။

အားလုံးက သူမကို မျက်စပစ်ပြပြီး ပြုံးနေကြသည်။ ရယ်စရာ ...တော့ အကောင်းသားလို့ တွေးနေမိကြလျက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၄၂

"မမ .."

မှန်တံခါးကို တွန်းဝင်လိုက်သည်နှင့် ပြုံးနေသည့်မျက်နှာလေး မြင်လိုက်ရ၏။ ထို့ကြောင့် စိတ်ရှုပ်တွေးခြင်းများနှင့် အဆင်မ မဟုတ်သည့်မျက်နှာကို ပြေပြစ်အောင် ပြင်ဆင်လိုက်ရသည်။

"ညီမလေး ရောက်နေတာလား .."

"ဟုတ် .."

ဆု က မခ လက်ကလေးကိုလာဆွဲ၍ ကိုင်ထားသည့်ဖိုင်ကိုယူ စားပွဲပေါ်မှာ လှမ်းချထားလိုက်ကာ ...

"မမကို မတွေ့တာကြာလို့ ..၊ ပြီးတော့လေ .. စက်ရုံဘက်မှာ ရဲ့သူငယ်ချင်း ရှိတယ်၊ မမနဲ့မိတ်ဆက်ပေးမလို့"

"ဪ ..."

မခ လိုက်လာသည့်အကြောင်းရင်းကို ပျောက်ပျက်မခံနိုင်သ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဆု က နာရီငုံ့ကြည့်ကာ ...

"ရုံးဆင်းတော့မှာပဲ ကိုကို၊ မမကို ဆု ခေါ်သွားမယ်နော်၊ ဟို စက်ရုံတင်ပဲဟာ .."





အစ်ကိုဖြစ်သူကို လှည့်ပြောလိုက်တော့ ခွင့်ပြုလိုက်ဖို့ရှိနေသည့် ရလဒ်ကောင်း မျက်နှာကို လှမ်းကြည့်မိပြီး ...

"နေ .. နေပါဦး ဆု ရယ် .. နော် .. မမ ဒီညနေ အလုပ်ကိစ္စ အရေးကြီးတဲ့စကား ပြောစရာရှိလို့ပါ၊ ညီမလေး မိတ်ဆက်ပေးမှာဆိုရင် နောက် တစ်နေ့နေ့ပေါ့နော်"

ဆု မျက်နှာလေးပျက်သွားသည်။ ပြီးတော့ သူမကိုယ်တိုင်ချထား ပေးလိုက်သည့်ဖိုင်ကို လှည့်ကြည့်၍ ...

"မမ ကို ကိုကိုက ခေါ်တာ မဟုတ်ဘူးလား၊ အဲဒါ ဆု က ခေါ်ခိုင်း တာ"

"ဟုတ်ပါတယ် .. ဒါပေမယ့် မမကိုယ်တိုင် ရုံးမဆင်းခင် လာဖို့ရှိ တာလေ .. အရေးကြီးလို့ပါ ညီမလေးရယ် .. နော် .."

"အင်း .. ပြီးရောလေ .. ဒါဆို နောက်တစ်ခါ လန့်ချ် အပြင်မှာ ထိုက်စားရမယ်၊ အဲဒီမှာ ဆုံကြမယ်၊ ကိုကို နှစ်ယောက်စလုံးကို ခွင့်ပြု ပေးရမှာနော်"

ဆု က အလျှော့ပေးသွားရှာသည်။

မခ စိတ်တော့မကောင်းပါ။ ဒါပေမယ့် နောက်ထပ်လည်း ပတ် သက်ကြဖို့မရှိအောင် စိတ်ဆိုးစရာဖြစ်သွားလည်း သွားပါစေတော့ ..။

"ဘာအရေးကြီးလို့လဲ မခ .. ကိုယ်ကတော့ မင်းကို အရေးတကြီး ခေါ်စရာ ဘာမှမရှိဘူး ထင်တယ်၊ ထိုင်လေ .."

ဆု ထွက်သွားတဲ့အထိ စောင့်ပြီးမှ မခ က ထိုင်သည်။ ပြီးတော့ ချထားခဲ့သည့်ဖိုင်ကို ရှေ့မှာ ပြန်ဆွဲယူ၏။ သူကတော့ ဖိုင်ကို စိတ်မဝင် စားပါ။ ဆံပင်တွေကို လက်ကိုင်ပဝါအဖြူလေးနဲ့ နောက်မှာ စည်းထား သဖြင့် လည်ပင်းနဲ့ မေးရိုးနားလောက်မှာ အဖြူရောင်ပဝါစလေးမွေ့ အွန်းထွက်နေတာကို မျက်နှာလေးနဲ့ ရောငေးနေမိသည်။

စိတ်မဆိုးဘူးသာဆို 'မင်း သိပ်လှတာပဲ' လို့ နေ့ရှိသမျှ ပြောနေချင်



www.burmeseclassic.com

www.burmeseclassic.com



ချ၏။ ခဏခဏ မြင်ခွင့်ရရင်လည်း ခဏခဏ ပြောချင်သည်။

သူ့စိတ်ထဲမှာ တိတ်တိတ်လေး ကြိတ်ပြီးရှိနေခဲ့တဲ့ကောင်မလေး အခါအခွင့်ကြုံတိုင်း ရောက်တတ်ရာမှာ မသိမသာ ရှာဖွေမိခဲ့တာလည်း ဘယ်သူမှ မသိခဲ့ပါ ..။ သူမလေး ကိုယ့်ရှေ့ပြန်ရောက်အောင် ဆော ကြဉ်းပေးခဲ့သည့် ညီမလေးကိုတောင် သူ ကျေးဇူးတင်နေမိသေးသည် ဒါပေမယ့် ...

"အရေးကြီးတယ်ဆိုတာက မှန်ပါတယ်"

မခ စကားစလိုက်သဖြင့် သူ့စိတ်ကူးတွေ ပြတ်တောက်ကုန်သည် စူးစိုက်ထားမိသည့် မျက်ဝန်းတွေကိုပါ တည်တည်ငြိမ်ငြိမ် ရုတ်ဖယ် လိုက်နိုင်တာ ကံကောင်းလို့ ..။

"နောက်ပြီး ဆု လည်း မသိစေချင်လို့ပါ"

"ညီမလေးနဲ့ကိုယ်က မောင်နှမ ဆိုပေမယ့် ညီမလေးက အစ် ကို မအေလို အစ်မလိုသဘောထားပြီး ဆိုးနွဲ့ခဲ့တာ၊ အရမ်းပွင့်လင်းတယ် ပြီးတော့ ဉာဉ်ဆိုးတစ်ခုမှမပါတဲ့ မိန်းကလေးပါ"

"အဲဒါ မခ သိပါတယ်၊ ဒါကြောင့် ..."

"ခုလည်း သူငယ်ချင်းလို့ပြောတဲ့ ကောင်လေးကို သူ့ဘက် စေတနာပိုနေမိတဲ့အကြောင်းတွေ အစ်ကိုကို ရင်ဖွင့်နေတာ"

ပြောပြရင်း ရလဒ်ကောင်း မျက်နှာပူသလို ခပ်ငုံ့ငုံ့ဖြစ်သွားရ ရယ်ကာ ...

"အန်တီကတော့ ကိုယ်တို့မောင်နှမကို စိတ်ပျက်ပြီး မိုးကုတ် သွားနေတော့မလို့ပြင်နေပြီ၊ ဘယ်လိုလုပ် တတ်နိုင်မှာလဲကွ၊ ကိုယ့် ညီမလေးတစ်ယောက်ပဲရှိတာ ..။ ကိုယ့်ညီမ တစ်သက်လုံးအတွက် သာပြည့်စုံအောင် ကိုယ် တာဝန်ယူနိုင်တယ်၊ သူ မေတ္တာရှိနေတဲ့ လူ လေးကလည်း အကောင်းဆုံးဆိုတဲ့အဆင့်ထိ အမှတ်ပေးလို့ မရ ပေမယ့် သူ့အကြောင်း စုံစမ်းကြည့်တော့ အားလုံး ကာလီးယားပဲ၊ ငွေ





ကြိုး တိုးတက်လာကြတာမှ မဟုတ်တာ၊ ယောကျ်ားကောင်းတစ် ယောက်လို့ သတ်မှတ်ဖို့အတွက် လောလောဆယ် ငွေက အဓိကနဲ့ ကိုယ် မဆုံးဖြတ်ချင်ဘူး"

ခေါင်းညိတ်ပေး ... ပေမယ့် ကိုယ်ပြောချင်တာတွေကိုပဲ ရင်ထဲ စကားလုံးစီနေမိတာမို့ သူပြောတာတွေက နားထဲကို မဝင်တစ်ချက် ဝင်တစ်ချက် ..။

"ရှင်းရှင်းပြောရရင် ညီမလေး စိတ်ချမ်းသာမယ် .. ကောင်လေး ရိုးသားပြီး ထူးချွန်တိုးတက်အောင် ကြိုးစားချင်တဲ့စိတ် ရှိနေမယ် ဆိုရင် ကိုယ် လက်ခံပေးဖို့ ဆုံးဖြတ်ထားတယ်၊ အန်တီက အဲဒါတွေကို သဘောမကျလို့ ညကပဲ မပြေမလည်တွေ ပြောဖြစ်ကြတာ ..၊ သူ ကတော့ မိုးကုတ်မှာပဲ သွားနေတော့မယ်ဆိုရင်လည်း ကိုယ် မတားပါ ဘူး ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အတွက်က စိန်ရွှေငွေ ဘာမှထပ်မလို တော့ဘူး၊ စိတ်ချမ်းသာစွာ နေထိုင်ရင်းနဲ့ ဘဝကို ဖြတ်သန်းသွားဖို့ အတွက် ညီမလေး စိတ်ချမ်းသာရေးကိုပဲ ဦးစားပေးမှာ"

စကားရပ်လိုက်ပြီး မျက်တောင်တွေခတ်ရင်း ငြိမ်နေသည့် မခ ကို စိုက်ကြည့်သည်။

"ကိုယ် ဒါတွေ မင်းကိုပြောပြနေတာ အကြောင်းမဲ့ မဟုတ်ဘူး၊ ကိုယ် အဆင့်အတန်းဆိုတဲ့ စည်းခြားမှုကို မင်း သိပ်အလေးထားတယ်"

ကိုယ့်ဘက်လှည့်လာကာမှ မခ မျက်နှာလေးမော့လာ၏။ သူက မျက်ဝန်းလေးတွေကို အကဲခတ်၍ ...

"မင်းရဲ့အယူအဆတွေကြောင့် ကိုယ်တို့ရဲ့ဆက်ဆံရေးက ဒီ့ထက် ပြီး နွေးထွေးလာဖို့ မလွယ်ဘူး၊ နောက်တစ်ခုက မင်းကို ကိုယ်တို့ရဲ့ သားစုဝင်လိုသဘောထားပြီး အကူအညီတောင်းချင်တာ ရှိတယ်"

မခ နဲ့ မျက်လုံးချင်းဆုံပြီးမှ သူက ဆက်၍ ...

"ညီမလေးအတွက် အစ်မတစ်ယောက်လိုပေါ့၊ အစ်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ပြောဆိုဆုံးမရခက်တာတွေကို မင်း ပြောပြပေးပါ၊ အခု မိတ်ဆက်ပေးချင်နေတာ ကိုယ်က ခွင့်ပြုလိုက်လို့လေ၊ အဲဒါက မင်း ယုံကြည်လိုက်တာ၊ ကိုယ့်ကို ကူညီပါလို့ ထပ်ပြောပါရစေ၊ ကောင် ကို မင်း အကဲခတ်နိုင်မှာပါ၊ ကိုယ်ကတော့ ညီမလေးအပေါ်မှာ အ အရေးမယူတာ၊ ဆင်ခြင်တတ်တာတွေကို ဘေးလူ ပြောပြကတည် စဉ်းစားသင့်တဲ့စာရင်းထဲမှာ ထည့်ခဲ့တာပဲ၊ အဲဒီတော့ ...”

“ဦးလဒ် ..”

မခ သူ့စကား ရှေ့မဆက်ဖြစ်တော့အောင် ခပ်ရိုင်းရိုင်းပဲ ကြားဖြ ဝင်လိုက်သည်။ သူက ဆက်မပြောတော့ဘဲ မျက်ခုံးပင့်ကြည့်၏။

“မခ ကူညီချင်ပါတယ်၊ ဆု အတွက်မို့လို့ လာရင်းကိစ္စ ပြီးခဲ့ တောင် သပ်သပ်ကူညီပေးချင်တဲ့စိတ်တွေ ဖြစ်သွားခဲ့တယ်၊ ဒါပေမ ဦးလဒ် ပြောတဲ့ အကူအညီဆိုတာက မခ ရဲ့အနာဂတ်နဲ့ သက်ဆိုင် အဓိပ္ပာယ်တွေဖြစ်နေလို့ တောင်းပန်ပါတယ်လို့ပဲ ပြောပါရစေ”

ရလဒ်ကောင်း မျက်နှာမှာ အနီရောင်သမ်းသွား၏။ ဒါပေမ ဘာမှမပြောဘဲ နားထောင်နေခဲ့၏။

“ဒီမှာ ဆု ကို မသိစေချင်တဲ့ မခ ရဲ့ လာရင်းကိစ္စပါ”

ဖိုင်ကြားထဲက ထွက်စာလေးကို သူ့ရှေ့မှာ တလေးတစား ချ လိုက်ကာ ...

“မခ ဒီအလုပ်ကနေ ဒီနေ့ပဲ နုတ်ထွက်စာတင်ခဲ့ဖို့ ဆုံးဖြတ် ခဲ့တာ”

“ဘာ!...”

ရလဒ်ကောင်း ရဲ့အသံက ကျယ်ကျယ်လောင်လောင် မဟုတ် ဘယ်လိုမှမထင်မှတ်ခဲ့သလို တိုးတိမ်လျက် ...

“မင်း ဘာပြောလိုက်တယ် မခ .. ဒီနေ့ပဲ ထွက်စာတင်တယ် ဟု လား ..”





မခ မျက်လွှာချလိုက်ပြီးမှ ...

“ဟုတ်ကဲ့”

“မရဘူး ..”

ရလဒ်ကောင်း နေရာမှထရပ်လိုက်ကာ စားပွဲပေါ်မှာ လက်နှစ်ဖက် ထောက်သည်။

ပြီးတော့ မျက်နှာငုံ့လိုက်ပြီး ခပ်ကြိတ်ကြိတ်လေသံနှင့် ...

“မင်းကို ဒီကုမ္ပဏီမှာ အလုပ်ခန့်ထားတာမဟုတ်ဘူး၊ ငါ့ရင်ထဲမှာ အပိုင် နေရာပေးခဲ့တာ”

“ဘယ်လို!...”

မခ ဆဲ့ခနဲ ဖြစ်သွားသည်။

ပြီးတော့ ထိုင်ရာကနေ ဖြည်းလေးစွာ ထရပ်၏။ မရိုးသားဘူးဆိုတာ သည်၊ ဒီလိုထိ ပြောချလိုက်လိမ့်မယ်လို့ မထင်၊ အစီအစဉ်တွေ ဒီ က်ထိ ဖြစ်နေခဲ့တာကိုလည်း မယုံနိုင် ..။

“ဦးလဒ် .. ရှင် ...”

“ဟုတ်တယ် .. မင်း နားကြားမှားသွားတာ မဟုတ်ဘူး၊ ရလဒ် င်း ကိုယ်တိုင် ပြောနေတာ”

“နေပါဦး... ရှင် အဲဒီလိုပြောလိုက်ရင် ကျွန်မက ခုန်ပေါက်ပျော် သွားမှာပဲလို့ ရှင် အပိုင်တွက်ထားခဲ့တာလား ..ဟင် .. ပြောစမ်းပါ”

“အပိုင်တွက်ထားရင် မင်း ထမင်းစားနားတဲ့အချိန်လေးမှာ ကြိုက် မသိ မကြိုက်မှန်းမသိ မျက်နှာချိုသွေးပြီး စကားတွေနဲ့ လာဖော်နေ ၊ ဒီလောက်ထိ စကားတွေ သိုင်းဝိုင်းပြီး လှည့်ပတ် စည်းရုံးနေ ၊ မင်း ဒီလောက်မအဘူး မခ .. ကိုယ့်ကို ချောင်ပိတ်မမေးနဲ့”

“ဟွန့် ..”

မခ က မဲ့ပစ်လိုက်ပြီး ထိုင်သည့်ခုံနှင့်လွတ်အောင် ဘေးမှ ရွှေ ။



www.burmeseclassic.com

www.burmeseclassic.com



"မအပေမယ့် ကျွန်မမှာ အရက်သိက္ခာရှိတယ်၊ ကြိုက်မရက် [illegible] မရက် ဆိုတာကြွေကလည်း ကြိုက်ချင်ငိုက်ချင်တဲ့သူတွေအတွက် [illegible] ကျွန်မ အချစ်တွေ မေတ္တာတွေကို စိတ်မဝင်စားဘူး၊ ဒါကြောင့် မဟာ [illegible] ဘဲနဲ့လည်း သူဌေးကို အပိုင်ကြံသွားတယ်လို့ အပြောမခံနိုင်ဘူး၊ [illegible] စာတင်တဲ့အထိဖြစ်တာ အဲဒါကြောင့် ..၊ ရှင့်ကို ကျွန်မ မမက်ဘူး"

"မင်း မမက်ပေမယ့် ကိုယ်က မက်တယ်၊ မင်းဘက်မှာ အ[illegible] သိက္ခာတွေအတွက် အဲဒီလောက်ထိ ဆုံးဖြတ်ပစ်ဖို့ရှိနေရင် မင်း[illegible] ကိုယ် လက်ထပ်ခွင့်ရဖို့ အမြန်ဆုံး စီစဉ်ရတော့မယ်"

"ဘာ .. ပြောတယ်"

ရလဒ်ကောင်း သူမဘေးကို ရောက်သွားသည်။ နီးနီးလေးကပ်[illegible] ရပ်လိုက်တော့ မခ က နောက်ဆုတ်၏။

"ကိုယ် မင်းအပေါ်မှာ မရိုးသားဘူးဆိုတာ မင်း သိပါတယ်"

"အို .. မသိဘူး"

"မခ .."

"ရှင် .. လူကိုမထိနဲ့"

မခ လှည့်ထွက်လိုက်တာနှင့် ရလဒ်ကောင်း က လက်မောင်း[illegible] ကို ဖမ်းဆွဲပစ်သည်။ ဒါပေမယ့် မခ ပုတ်ချပစ်လိုက်တဲ့အတိုင်း လွှ[illegible] ပေးလိုက်ကာ ...

"မင်းကို ကိုယ် ချစ်တယ်"

"ရှင့်ကို ကျွန်မ အခုရော နောက်ရော ဘယ်တော့မှလည်း ပြန်ချ[illegible] မှာမဟုတ်ဘူး၊ အဲဒါ ပြောင်းလဲမှာမဟုတ်တဲ့ စကားပဲ၊ အချစ်ဆိုတာ[illegible] လည်း မယုံဘူး၊ ယောက်ျားတွေကိုလည်း မယုံဘူး၊ ရှင် ကျွန်မကို တ[illegible] စိမ့်ငေးနေတာ သိနေကတည်းက မုန်းခဲ့တာ၊ အဲဒီအမုန်းဟာ ကျွန်မဘ[illegible] အစကတည်းက သန္ဓေတည်ခဲ့တဲ့အမုန်း၊ အလှအပမက်တဲ့ ယောက်[illegible] တိုင်းကို မုန်းလည်း မုန်းတယ်၊ ရွံလည်း ရွံတယ်၊ အဲဒီလူတွေဟာ သူ[illegible]





ခက်မောတဲ့အလှကို ရတနာလိုထုပ်ပိုးပြီး အရုပ်တစ်ရုပ်လို ထားသလို နေမှ .."

"မင်းပြောပြဖူးတဲ့ မင်းမိဘတွေရဲ့ အိမ်ထောင်ရေးအကြောင်းတွေ လား မခ"

"ဟုတ်တယ် .. အချစ်ကိုရော အိမ်ထောင်ပြုခြင်း၊ လက်ထပ်ခြင်း တွေကိုရော ကျွန်မ ဘယ်တော့မှ စိတ်ဝင်စားမှာမဟုတ်ဘူး ဦးရလဒ် ကောင်း၊ အထူးသဖြင့် ကျွန်မက မအေတူသမီး"

"ကိုယ်ကတော့ မင်းအဖေနဲ့ မတူဘူး၊ မင်းပြောခဲ့သလို မင်းရဲ့အနာ တော်နဲ့သက်ဆိုင်ဖို့ ကြိုးစားတာလည်း မဟုတ်ဘူး၊ ကိုယ်ပဲ ပိုင်ဆိုင်ထိုက် တဲ့လူလို့ လုံးဝ အတိအကျ သတ်မှတ်ပြီးသား၊ မင်းက ငြင်းပယ်လိုက် တဲ့အတွက် ကိုယ်ကလည်း စကားကုန်ပြောလိုက်မယ်၊ မင်း ကိုယ့်ကို အခု ငြင်းခွင့်ရှိတယ်၊ ဒါပေမယ့် အလုပ်က ထွက်ခွင့်မပြုနိုင်ဘူး"

တင်းမာနီရဲနေသည့်မျက်နှာလေးကို သူက ပြန်စိုက်ကြည့်၍ ...

"မင်း ထွက်ပြေးရင်လည်း ခွေးသေကောင်ပုပ် လည်ပင်းမှာချိတ်ခံ ရတဲ့ မာရ်နတ်လိုတော့ စကြဝဠာကို ပတ်မပြေးနိုင်ဘူးထင်တယ်၊ ပြေး မယ်ဆိုလည်း ပြေးတဲ့နောက် ကိုယ်ကလိုက်မှာ..၊ အဲဒီကျမှ မင်း မလို သားတဲ့အဖြစ်မျိုး၊ ကား ထည်လဲစီးပြီး သူဌေးတစ်ယောက်က လိုက်နေ တယ်ဆိုတဲ့ အတင်းအဖျင်းတွေ ..."

"ရှင် .. ရှင်က အဲဒီလိုလူစားလား၊ ရှင့်ကို ကျွန်မ မထင်ခဲ့ဘူး သိလား .."

မခ စိတ်တိုလွန်းသဖြင့် မျက်ရည်တွေပါ ဝေ့၏။ အချစ်ဆိုတာကို သူမ မုန်းခဲ့သည်။ အချစ်ကြီးလို့ အမျက်ကြီးကြသည့် သဝန်တိုချစ်ခြင်း တွေဟာ အလှအပမက်မောခြင်းတွေက စတာလို့ ဆင်ခြင်မိတဲ့နောက် မှာ ကိုယ့်ရဲ့အလှအပကိုပါ မုန်းမိ၏။

ရလဒ်ကောင်း ကို သူမ အနည်းငယ်မျှပင် စိတ်မဝင်စားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း တည်သည်ရယ်သည် မမည်သော မျက်နှာနှင့်ရှိလျက်—

"ကိုယ့်ကိုသောင် ဘာမှန်းမသိအောင် မေ့ထားပြီးပြီဆိုတော့ မင်း မဝေဖန်ပါနဲ့၊ တစ်ခုတော့ စိတ်ချပါလို့ ကိုယ် ကတိပေးတယ်၊ မင်းပြော တဲ့အိမ်ထောင်ရေးမျိုး ဘယ်တော့မှဖြစ်မလာစေရဘူး၊ ကိုယ်ကလည်း မင်း ထင်နေတဲ့ယောကျ်ားမျိုး မဟုတ်ဘူး"

မခ နားတွေကိုပိတ်ပစ်လိုက်သည်။ ပြီးတော့ ခေါင်းတွင်တွင်ခါ ရင်း မျက်ရည်တွေ သွန်ကျလာကြသည်။

အလှအပတွေကြောင့် မိန်းမတွေ အကျဉ်းကျခဲ့ရသည်ဆိုလျှင် ဤ အလှအပတွေကိုလည်း မုန်းသည်။

အချစ်နဲ့ အလှအပဟာ သူမဘဝအတွက်တော့ ရန်သူသာ ဖြစ် လျက်...။





အခန်း | ၄၄ |

စိတ်ထဲမှာ ထွေနေသည်။ ညတည်းက အိပ်ရေးပျက်ထားသဖြင့် ...က်ကြီးသူမို့ မနက်လင်းလာတော့ ခေါင်းထဲမှာ မူးဝေနေ၏။

အလုပ်လုပ်ရင်း ဦးခင်မောင် ထမင်းစားနားချိန်ကိုပဲ မျှော်နေမိ ...ည်။ ထို့ပြင် ဆွေသင်း ရဲ့ပြဿနာကိုပဲ သတိရနေသည်က လူတခြား ...တခြား ဖြစ်နေစေခဲ့၏။

"သူက လူကုံထံဆိုတော့ သမီးတို့အတွက် မလိုပေမယ့် သူ့အသိုင်း ...ိုင်းက ရှိသေးတယ် အဖေ၊ စေ့စပ်တုန်းကလည်း သူပဲ အကုန်ခံပြီး ...သာက်ဆိုင်ကြီးထဲမှာ အကြီးအကျယ် စေ့စပ်ခဲ့တာ၊ လက်ထပ်ဖို့ ...ွက်တော့ သူ့ချည်းပဲ မတွက်ကပ်ချင်ဘူး၊ သမီးတို့ မိသားစုရဲ့ ...ာ်အစား အသုံးအဆောင်လောက်ကို သူ့အကူအညီမပါဘဲ တောက် ...က်ပပ ဖြစ်ချင်တယ်"တဲ့။

ပြောနေတာလည်း မှန်တာပဲမို့ မိဘဖြစ်သည့် သူ့အတွက် ခေါင်း ...ရက်နိုင် ...၊ သမီးမွေးထားတာလည်း သမီးရှင်အဖြစ် ဟန်ကိုယ်ဖို့ ...ိုမှ ဖြစ်မည်သာ ...၊ သူ ခေါင်းညိတ်လိုက်သဖြင့် ဝတ်စုံဖိုးတွေချည်း ...င်လိုက်တာ သုံးသိန်းနီးပါး ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဆွေသင်း ထည့်ပြောသွားသည့် ဘာညာကွိဇတွေ မပါ သေးပေ။ သတ်မှတ်ထားပြီးတဲ့ တိုတောင်းသောကာလအတွင်းမှာ ဒီ လောက်ငွေကို သူ ရအောင် ရှာရမည်။

"ဦးခင်မောင် .."

"ဟေ!.."

"ခင်ဗျားဗျာ မနက်ကတည်းက ကျွန်တော် ကြည့်နေတာ အလုပ် ကို တစ်ချက်မှ ကောင်းကောင်းလုပ်တယ် မရှိဘူး၊ နားနေလိုက်တာနဲ့ လက်ကနေးတာနဲ့"

ဒီတစ်ဆိုင်းရဲ့ခေါင်းဆောင် မာန်ဝင်း က မျက်နှာကြီးရှုသိုးသိုးနှင့် ထိုင်နေသည့် ဦးခင်မောင် ဘေးမှာ ခါးထောက်ရပ်၏။

"ကျွန်တော့်ဆိုင်းမှာ ခင်ဗျား အသက်ကြီးဆုံးမို့လို့ သည်းခံနေတာ များနေပြီ၊ အမြဲတမ်း အလုပ်လုပ်ရင် ခိုခိုကပ်ကပ်နဲ့ .. ဒီနေ့ အဆိုးဆုံးပဲ"

"ငါ့မှာ ခိုကပ်တဲ့အကျင့် မရှိဘူး မာန်ဝင်း၊ ဒီနေ့ နေမကောင်းလို့"

"လုပ်မနေနဲ့ .. ခင်ဗျား အလုပ်ကောင်းကောင်းလုပ်တာ တစ်နေ့မှ မရှိဘူး၊ ကိုယ့်အသက်အရွယ်နဲ့ မဟာန့်ဘူးထင်ရင် ဒီအလုပ်မျိုး မလုပ်နဲ့ ပေါ့၊ ခင်ဗျားကြောင့် ကျုပ်ဆိုင်းထဲမှာ ဘယ်လောက်နစ်နာလဲ သိလား"

"ငါ့ကြောင့် မင်း မနစ်နာစေရဘူး မာန်ဝင်း၊ မင်း ငါ့သားလောက် ရှိသေးတယ် မမိုက်ရိုင်းနဲ့"

ဦးခင်မောင် က ဒေါသနှင့်ပြောရင်း ထိုင်ရာက ထရပ်လိုက်၏။ ထို့ပြင် ထိုင်ခဲ့သည့်ပုဆိုးဖင်နေရာကို ပုတ်ယုတ်ခါပစ်ပြီး မတ်မတ်ရပ် လိုက်ပုံက ချဲလန်းခေါ်သလို ဖြစ်နေခဲ့ရာ ...

"ရိုင်းတော့ ခင်ဗျားက ဘာဖြစ်ချင်လို့လဲ .. လုပ်စမ်းပါ"

"ဘာကွ .."

ဦးခင်မောင် ရှေ့ကိုတိုးလိုက်သည်နှင့် မာန်ဝင်း ရဲ့အင်္ကျီရင်ဘတ်ကို ဆုပ်ဆွဲပြီးသား ဖြစ်သွား၏။ မာန်ဝင်း ကလည်း လက်သီးတစ်လုံး ဖ





သွင်းလိုက်ဖို့ အားရပါးရ ရွယ်လိုက်လျှင် ...,

"မလုပ်နဲ့ .."

အသံနှင့်အတူ စာမျက်နှာ ပြေးလွှားရောက်သွားလျက် မာန်ဝင်း ရဲ့ လက်သီးဆုပ်ကြီးကို ဖမ်းကိုင်ထားလိုက်၏။

ကြက်သွေးရောင် ဘောင်းဘီရှည်၊ ရှပ်အင်္ကျီအဖြူလက်ရှည်မှာ ကြက်သွေးရောင်လည်စည်းနှင့်။ ဒီဝတ်စုံက စက်ရုံဘက်မှာ ဒုတိယ အမြင့်ဆုံးရာထူးအဆင့်ကို သတ်မှတ်ထားတာမို့ စာမျက်နှာ ကို မသိ သေမယ့် မာန်ဝင်း လက်သီးဆုပ်ကြီး ချက်ချင်းပြေကျသွား၏။

"အဖေလည်း လွှတ်လိုက်ပါ၊ ဒီကိစ္စ ကျွန်တော် ရှင်းပေးပါ့မယ်"

ဦးခင်မောင် က မလွှတ်ဘဲ နှစ်ဆတိုးသွားသည့်မျက်နှာကြီး ဖြစ် သွားကာ တစ်ဖက်လူကိုလည်း ဆုပ်ကိုင်ထားဆဲနှင့် စာမျက်နှာ ကို ရူးရူး နဲ့ ကြည့်၏။

"ကျွန်တော် တောင်းပန်ပါတယ် အဖေ၊ လွှတ်ပေးလိုက်ပါ"

ပြောနေရင်း သူပဲ ထိုလက်ကို ရအောင် ဖြေယူလိုက်ရသည်။

"သူက လူကြီးမို့လို့ အနားပေးလိုက်ပါ၊ ခင်ဗျားတို့ဆိုင်းအတွက် ကျွန်တော် လူစားထည့်ပေးမယ်"

အဖေလို့ခေါ်တာ ကြားလိုက်သဖြင့် မယုံနိုင်ဖြစ်သွားသော ပါးစပ် ပေါက်ကြီးကို ကမန်းကတန်းပြန်ပိတ်၍ မာန်ဝင်း ပျာပျာသလဲ ခေါင်းခါသည်။

"ရပါတယ် ဆရာ၊ ကျွန်တော်က အလုပ်နောက်ကျမှာစိုးလို့ သတိ ပေးတာပါ"

ဘေးမှာအလုပ်လုပ်နေကြသည့်လူတွေပါ သယ်ပိုး တွန်းရွှေ့နေကြ ခြင်း သူတို့ကို တစေ့တစောင်း လှမ်းကြည့်နေခဲ့ကြသည်။

ဦးခင်မောင် လက်ပြုတ်ကျပြီး နောက်ဆုတ်နေလိုက်သော်လည်း ဒေါသမျက်နှာကြီးနှင့် ရှိနေဆဲ။ ထို့နောက် အလုပ်သမား အားလုံးထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့အတွက် ထိုနေရာမှာပဲ စီစဉ်ပေးနေခဲ့သည့် စာမျက်နှာ တ
ယောက်တည်း ဖွဲ့ထွက်လာချိန်ကို စောင့်ကာ ...

"ဟိတ်ကောင် .."

အမှတ်တမဲ့မို့ လက်ကို အကြမ်းပတမ်း ဆောင့်ဆွဲလိုက်ေ
စာမျက်နှာ တစ်ကိုယ်လုံး တစ်ပတ်လည်သွား၏။ တစ်ဆက်တည်
ဆီလှောင်ကန်ကြီးဘေးမှာ ကျောပြားလိုက် အင့်ခနဲ ပစ်ကျသွားကာ

"အဖေ .."

သူ့မျက်နှာရှေ့မှာ ဦးခင်မောင် ၏မျက်နှာကြီးက အံတကြိ
ကြိတ် ..၊ ပြီးတော့ လည်ပင်းအစ်လောက်တဲ့အထိ အင်္ကျီကော်
နှစ်ဖက်စကို တင်းကျပ်အောင် ဆုပ်ဆွဲ ဆောင့်ခါ၏။

"မင်း .. မင်း .. ငါ့ကို အဲဒီလိုမခေါ်နဲ့၊ မင်းကြောင့် .. မင်းကြော
ငါ အခု ..."

ကျိုခနဲ အံကြိတ်ပြီး တက်ခေါက်သည်။

"မင်း ဟီးရိုးဝင်လုပ်လိုက်လို့ ငါက ကျေးဇူးတင်သွားမယ် ထင်
သလား"

လည်ပင်းအစ်နေခြင်းကြောင့် စာမျက်နှာ ရဲ့မျက်နှာ တဖြည်းဖြ
နီရဲညိုပုပ်လာသည်။ ရင်ထဲက နာကျင်မှုကြောင့် မျက်ရည်တွေက ဗိ
ဖိတ်စင်စင် ပြည့်တက်ခဲ့ပြီး ...

အဖေ ကျေနပ်အောင် ခေါင်းခါပြချင်ကလွဲလို့ ဘာမှမတတ်နိုင်

"စာမျက်နှာ .. မင်းကို ငါ ဘယ်တော့မှ ငါ့သားလို့ သတ်မှတ်
မဟုတ်ဘူး၊ အဲဒါကို တစ်သက်လုံး မှတ် ..၊ သေပြီးတဲ့နောက်ဘဝ
မှတ် ..၊ နောက်ကို ငါ ဘာဖြစ်နေနေ မင်း မလာနဲ့၊ ငါသေရဖို့အ
ဖြစ်လာရင်တောင် မင်းမျက်နှာကို မြင်ရမှာလောက် ငါ မကြောက်ဘူ

လေပူငွေ့တွေ ပြေးဟပ်နေတဲ့အထိ နီးကပ်စွာရှိနေသော ဦး
မောင် မျက်နှာကို စာမျက်နှာ စိုက်ကြည့်နေရင်း ဆုပ်ညှစ်ထားသ





လက်ပေါ်မှာ တပ်ကိုင်ထားခဲ့သည့် သူ့လက်တွေကိုပါ တွဲလွဲချပေးလိုက်မိသည်။ တစ်ခါတည်း အသက်ပါသွားအောင် ဖိညှစ်ပစ်လိုက်ပါလား အဖေ..၊ အဖေ့ရဲ့ စိမ်းကားရက်စက်တဲ့စကားတွေကို ဒါ နောက်ဆုံးကြားရတာဆိုရင် နောက်ဆုံးထွက်သက်အထိ သား နားစွဲသွားမှာပါ။

မျက်ရည်ပူတွေ တလိမ့်လိမ့်စီးကျလာခဲ့ရင်း လည်ပင်းအစ်နေခြင်းအတွက် ကျေနပ်စွာခံယူနိုင်ဖို့ တရားနှလုံးသွင်းလိုက်သည်။ ထိုစဉ်...

"သေပါပြီ .. အမလေး .."

စူးစူးဝါးဝါး အော်သံနှင့်အတူ မခ ပြေးဝင်လာ၏။ ဆု သည် ပစ္စည်းကြီးတွေ ကာရံထားသည့်မျက်ကွယ်လေးမှာ မထင်မှတ်သည့်မြင်ကွင်းကြောင့် မျက်လုံးလေး အဝိုင်းသားနှင့် နေရာမှာတင်ရပ်လျက် ကျန်ရစ်၏။

စာမျက်နှာ နဲ့ မိတ်ဆက်ပေးမလို့ မခ ကို ခေါ်လာခဲ့သည်။ ပြီးရင် အပြင်မှာ ခနေ့လယ်စာ အတူတူသွားစားကြဖို့..၊ သို့သော် ...

"အဖေ .."

မခ ဦးခင်မောင် လက်ကို ဆွဲဖြုတ်ပစ်လိုက်ပြီး အာခေါင်ခြစ် အော်ဟစ်လိုက်တာပေမယ့် အော်သလောက် မထွက်ဘဲ အသံက တုန်ခါပျောက်ကွယ်သွား၏။

"အဟွတ် .. အဟွတ်"

စာမျက်နှာ ခါးညွတ်ကျသွားကာ ချောင်းတဟွတ်ဟွတ် ဆိုးနေသဖြင့် မခ နိုးရိမ်တကြီး ဖက်ထားလိုက်ကာ ...

"မောင်လေး .. ဖြစ်ရလေ မောင်လေးရယ် .."

ယူကျုံးမရစိတ်ကြောင့် မျက်ရည်တွေ ကျလာခဲ့၏။ မျက်ဝန်းတို့သည် အဆွတ်အထိပ်ထိ မြင့်တက်သွားသော နာကျင်မှုများနှင့် ဦးခင်မောင် ထံ ရောက်သွားပြီး ...

"အဖေ့ကို အဖေလို့ခေါ်တာ ဘာဖြစ်လို့လဲ၊ မကြိုက်ရင် ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပေါ့၊ ဘယ်လိုခေါ်ခေါ် မထူးဘဲနေလိုက်ငို့လည်း ရတယ်၊ အဖေ အရမ်းကို ရက်စက်တယ် သိလား၊ မောင်လေးက အဖေ တစ်ခါခေါ် မိတိုင်း တန်အောင် ပြန်ပြီးပေးဆပ်ရခဲ့တယ်"

ပြောနေရင်း မခ အင့်ခနဲ ရှိုက်သည်။ မပြောတော့ဖို့ ပခုံးကိုဆွဲဖက် လှုပ်ခါနေသည့် စာမျက်နှာ လက်တွေပေါ်မှာ ထပ်ဆုပ်ကိုင်လိုက်ပေ မယ့် မျက်လုံးတွေက တည်တင်းစွာရပ်နေဆဲ ဦးခင်မောင် ဆီမှာပဲ ရှိ လျက် ...

"တစ်စိမ်းလူကြီးတွေတောင်မှ အဖေအရွယ်မို့ အဖေခေါ်လိုက်ရင် အပြုံးတစ်ချက်တော့ နှစ်သိမ့်ဆု ပြန်ပေးကြတယ်၊ ယဉ်ကျေးရည်မွန် လိုက်တာလို့ ခေါင်းပွတ်ပြီး သာဓုခေါ်သွားမယ်၊ အဖေ့မှာ အဲဒီလို..."

"ငါ့မှာ ဘာမှမရှိဘူး၊ ငါ့ဘဝမှာ စာမျက်နှာ ဆိုတာလည်း မရှိဘူး"

ဦးခင်မောင် အသံက အံကြိတ်ရင်း ပြောသည့်အတိုင်း ဆို့နစ်ကျပ် ခဲလျက် ...

"လူတစ်ယောက်ရဲ့ဘဝဟာ စာအုပ်တစ်အုပ်ဆိုရင်တောင် ငါ့ရဲ့ ဘဝ စာအုပ်မှာ ရှေ့ဖုံးတစ်ချပ်ရယ် .. နောက်ဖုံးတစ်ချပ်ရယ် ဒါပဲ၊ အထဲမှာ စာမျက်နှာဆိုတာ မရှိဘူး၊ ဘာစာရွက်မှ မရှိခဲ့ဘူး၊ နောက် လည်း ဘယ်တော့မှရှိမှာ မဟုတ်ဘူး"

"အဖေ့မှာ မရှိပေမယ့် စာမျက်နှာ ဆိုတာကို အဖေပဲ ကင်ပွန်းတပ် ပေးခဲ့တာ"

"သမီး .. နင် တိတ်စမ်း .."

"တိတ်ရမယ်ဆိုရင်တော့ အဖေနဲ့ ဝေးဝေးနေဖို့ပဲ ရှိတယ်၊ လာ- မောင်လေး"

ဒေါသနှင့် လှည့်ဆွဲလိုက်ပေမယ့် မောင်လေးမျက်နှာကိုမြင်တော့ သနားကရုဏာတွေဖြစ်လာရင်း ရင်ထဲမှာ နင့်၏။ ထို့ကြောင့် ကိုယ့် ထက် မြင့်မားနေတဲ့အရပ်ကြီးကိုပဲ တယုတယ ပွေ့ဖက်ထားမိကာ-





"မမစကားကို နားထောင်စမ်းပါ မောင်လေးရယ်"

စာမျက်နှာ ရဲ့ ပုံပျက်ကြေမွနေသည့် အင်္ကျီရင်ဘတ်ကို လက်တို့ ...နယ်ယင်လျက် ပြုပြင်ပေးရင်း မျက်ရည်စတို့ ကြွေဆင်းလာ၏။

"ဘဝမှာ မွေးဖွားရှင်သန်ခွင့်ရဖို့ အဖေဆိုတာ ရှိရမှာပေမယ့် ဘဝ ...အစအလယ်အဆုံးထိ မရှိမဖြစ်လိုအပ်နေတာတော့ မဟုတ်ဘူး၊ အဲဒါ ...ာင်လေး မှတ်ထား .."

ဦးခင်မောင် မျက်နှာကြီး ပြုံတော့မည့်မိုးလို ညိုမှောင်သွား၏။ မခ ...ည် မျက်ရည်ကျနေတာက သပ်သပ်၊ ဂရုမစိုက်သည့်အကြည့်တွေက ...စိမ်းရှောင်ရင့်လျက် ...

"သစ္စာစူးရင် ရူးတတ်တယ် အဖေ၊ အဖေကိုယ်တိုင် သစ္စာမဆိုခဲ့ ...ပေမယ့် ငါ့အဖေဆိုတဲ့ ခိုင်မြဲတဲ့သစ္စာတရားနဲ့ ဆူဆဲထုရိုက် အမျိုး ...ခဲ့ပြီး မောင်လေးက အဖေ တစ်ယောက်အပေါ် မေတ္တာမပျက် ထားခဲ့ ...၊ အဖေ တစ်နေ့နေ့ မောင်လေးရဲ့မေတ္တာ စူးလိမ့်မယ်"

"မခ ..."

ဦးခင်မောင် လှုပ်လှုပ်ရှားရှားကြီးဖြစ်သွားကာ သွေးရူးသွေးတန်း ...သစ်လိုက်၏။ ပတ်ဝန်းကျင်ကိုရော အခြေအနေအရပ်ရပ်ကိုပါ မေ့ ...လျက် ...

"နင် .. နင်တို့ .. သွားကြ .. ထွက်သွားကြစမ်း .."

"သွားရအောင်ပါ မမရယ် .. လာပါ"

စာမျက်နှာ မခ ပခုံးလေးကိုဖက်၍ နေရာမှထွက်လာခဲ့သည်။ ...ကနေ တက်ခေါက်လိုက်သံက ကျောပြင်ကို ထွင်းဖောက်၍ ...ဘက်ရင်အုံမှာ စူးခနဲ အောင့်သွား၏။

"စာမျက်နှာ .."

လူတွေ ဗရုတ်ဗရက်ဖြစ်ကုန်တဲ့အထိ ပြဿနာကြီးသွားခဲ့သည် ...င်ရာဖြစ် မခ က ဘယ်ကိုမှ ငဲ့မကြည့်ဘဲ စာမျက်နှာ ရဲ့လက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပခုံးပေါ်ကနေ တွန်းချပစ်လိုက်၏။

"မင်း တိတ်စမ်း .. မကျနဲ့တော့ .. အဲဒါတွေ"

စက်ရုံအပြင်ကိုရောက်လာတော့လည်း အပြင်မှာ လူတွေက တ
တသြနှင့်။ မောင်နှမနှစ်ယောက်ရဲ့ဘေးမှာ သံပတ်ရုပ်လေးလို လိုက်
လာရင်း ဆု က ဘယ်သူ့ကိုမှလည်း ဝင်မတား၊ ဝေလည်း မဝေဖန်ခဲ့
မခ က၊ စာမျက်နှာ ရဲ့ပါးနှစ်ဖက်ကို လက်ဖဝါးတွေနဲ့ ဖိကပ်လျှ
ယူ၍ ...

"အဲဒီမျက်ရည်တွေ ငါ မမြင်ချင်ဘူး၊ မရနိုင်တာကို ရင်ကွဲနာ
သေတဲ့အထိ နင် တမ်းတသွားမှာလား၊ နင့်ကြောင့် .. နင့်ကြေ
ငါလည်း မိဘကိုစော်ကားခဲ့မိပြီ၊ နင် ဒီကိုင်း ထပ်လုပ်နေသမျှ ငါ
လည်း စော်ကားရဦးမှာပဲ"

"မမ .."

"မပြောနဲ့ .. နင် ငါ့ကို ကတိတစ်ခုပဲ ပေး"

"မပေးပါရစေနဲ့ မမရယ် .. အဖေက မောင်လေးရဲ့အဖေပါ၊ 
ရင်ထဲက သံသယအစိုင်အခဲတွေ ကြီးမားနေလို့ မောင်လေးကို 
စက်နေတာ .. အဲဒါ မောင်လေး ခံနိုင်တယ်"

"ဘာ .. ပြောတယ်"

"အမေလည်း မောင်လေးကို 'သား..'လို့တောင် မခေါ်ခဲ့ဘဲ 
သွားတယ်၊ အဖေ့ဆီက အသိအမှတ်ပြုတဲ့ 'သား..'ဆိုတဲ့ ခေါ်သံကို
မောင်လေး ကြားချင်တယ်၊ အဲဒီအသံကိုကြားရဖို့ မောင်လေး ကြိုး
ပါရစေ"

"မျက်နှာ .. မင်း ..."

"မမ .."

ဆု မနေသာတော့ဘဲ မောင်နှမနှစ်ယောက်ရဲ့အလယ်မှာ မရဲ
လေး ဝင်ရပ်လိုက်သည်။





သူမကို ခုမှ သတိထားမိသလို စာမျက်နှာ ငုံ့ကြည့်၏။ ဆု လက်
မှာ သူ့ရဲ့အသည်းပုံစုဘူးလေးကို ဖက်ထားလျက်သား ..။

"နင် တော်ပါတော့ စာမျက်နှာ ရယ် .. မမက နင့်အတွက်နဲ့
ပြောမှားဆိုမှားတွေ ဖြစ်ခဲ့ရတာလေ"

သူ့ကိုချော့မော့သည့်မျက်နှာလေးနှင့်ပြော၍ မခ လက်ကိုပါ ဆုပ်
ိုင်လိုက်ကာ ...

"မမကလည်း သူ့မျှော်လင့်ချက်တွေကို နားလည်ပေးလိုက်ပါ မမ
ယ် .. နော် ..၊ အခု ပြီးလိုက်ကြတော့လေ၊ ဆု လည်း လန့်၍ သွားမစား
တော့ဘူး၊ မမတို့ကို အိမ်ပြန်ပို့ပေးမယ်"

"အို ... မဟုတ်တာ .. ရပါတယ်"

မခ ခေါင်းခါလိုက်ရင်း မျက်ရည်တွေ သုတ်ပစ်မိသည်။ 'သူ့ကို
အကဲခတ်ပေးနော်'ဆိုပြီး ဒီထိခေါ်လာခဲ့တာ ဆု ပဲ ဖြစ်သည်။

'သူ'ဆိုတဲ့တစ်ယောက်ဟာ ကိုယ့်မောင်လေး ဖြစ်နေလိမ့်မယ်လို့
င်မိပါ့မလား ..၊ နာမည် ထည့်ပြောခဲ့သလား၊ မပြောခဲ့တာလား မသိ
က်ပေမယ့် စာမျက်နှာ ဆိုတဲ့ နာမည်ကို ကိုယ့်ရှေ့မှာပဲ မေးသံကြားမှ
အံ့တသြကြီး ဖြစ်ခဲ့ရ၏။

"ဒီက စာရင်းကိုင်တစ်ယောက်ရော .. စာမျက်နှာ လေ"လို့ ဆု
လိုက်မှ ဒီနာမည်ဟာ ကိုယ့်မောင်လေးမှလွဲ၍ တခြားလူ မဖြစ်နိုင်
း သိလိုက်၏။

ဒါပေမယ့် မေးချိန်တွေးချိန်မရခဲ့ဘဲ ဆု လက်ကို ဆွဲခေါ်သွားတဲ့
တိုင်း ပါသွားတော့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် မခ အသက်ရှူ
မှားကုန်၏။

မောင်လေးက လောင်စာကန်ကြီးဘေးမှာ ပိကပ် ပြားနေရှာက
ကြိုးကော်လံနဲ့လည်စည်းကို မဟားတရား ဆုပ်ဆွဲထားရုံအပြင်ရင်
ပေါ်မှာပါ အဖေက လက်ဖျံနဲ့ကပ်ဖိထားသေးသည်။ ဒါကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုမျက်လုံးမျိုးနဲ့ကြည့်ပြီး နူးညံ့စွာ ဖြေရှင်းရမလဲ ..။

မိဘကို စော်ကားသည့်အပြစ် ကျခံရမည်ဆိုလျှင် အဝီစိငရဲ မဟု

သေးဘဲ ချက်ချင်း လက်ထိပ်ခတ် လာဖမ်းသွားမည်ဆိုရင်တောင်

နောက်ပြန်သုတ်မှ မဟုတ်ပေ..။

"စာမျက်နှာ .. ဟို .. ငါ အိမ်လိုက်ခဲ့မယ်နော်"

ဆု ရဲ့အသံလေး ကြားဖြတ်ဝင်လာကာမှ မခ လှည့်ကြည့်မိ

ဆု ခမျာ မျက်နှာမကြည်လင်နေသည့် ဆရာရှေ့မှာရပ်ရင်း ပြော

ဆိုမှားဖြစ်သွားမှာစိုး၍ ဒူးတုန်နေတာမျိုး ..။

အသည်းပုံပူပေါင်းလေးကို ခေါင်းအုံးပိုက်ထားသလိုပိုက်လျ

မျက်နှာချိုသွေး၏။

"ငါတို့ အပြင်မှာ လန့်ချီစားကြမလို့ နင့်ကို လာခေါ်တာဟ၊

မစားဖြစ်တော့တဲ့အကြောင်း ပြောပြီး အိမ်ကိုပဲ စားစရာတွေ ပို့ခိုင်း

ကိုကို့ကို ဖုန်းဆက်လိုက်မယ်"

"ဟာ!... မဟုတ်တာ"

ကိုကို ဆိုတာ ကိုယ့်ရဲ့သူဌေး ..။ စာမျက်နှာ မျက်ရည်မခြောက်

ဘဲ ,နောက်ထပ် ချောက်ချားစရာတစ်ခု တိုးသွား၏။

ဆု က မခ ကို အကူအညီတောင်းသည့် မျက်ဝန်းလေးတွေ

လှည့်ကြည့်သည်။ မခ မျက်နှာကို လက်ဖဝါးတစ်ဖက်နဲ့ ဖိပွတ်

လိုက်ပြီး သက်ပြင်းရှိုက်၍ ...

"မောင်လေးက မမရဲ့မောင်လေးဖြစ်နေပြီဆိုတော့ မမတို့ လာ

ကိစ္စ ပြီးသွားပြီလို့ပဲ မှတ်လိုက်တော့နော် ..။ နောက်တစ်နေ့နေ့

လက်ဆုံစားဖြစ်ကြတာပေါ့၊ အခု မောင်လေးကို မမ ပြောထားလို

ပါ့မယ်"

"မမရယ် .. ဆု က မမတို့မောင်နှမ အိမ်ထိ ဒါတွေပဲပြောဖြ

စိတ်ညစ်နေရမှာစိုးလို့ပါ၊ ဆု လိုက်ခဲ့မယ်လေနော် .. ဒီနေ့ ရုံးဆင်





ဒီ ကိုကိုက ဆု ကိုလည်း အချိန်ပေးပြီးသားပါ၊ မမတို့နဲ့ လိုက်သွား တယ်ဆို ပြီးတာပဲ"

ဆု က တောင်းပန်သည့်မျက်နှာလေးကနေ စာမျက်နှာ ဘက်လှည့် လိုက်တော့ ချက်ချင်း ပြုံးရွှင်ရယ်မြူးသွားကာ ...

"နင်နဲ့ငါ စုဘူးထဲမှာ ပိုက်ဆံထည့်ကြမယ်လေ .. နင့်ပိုက်ဆံ အဟောင်းနဲ့အသစ် လဲပေးမလို့ ငါ့မှာ ငါးရာတန်အသစ်လေးတစ်ရွက် ပါတယ်၊ ငါ့ရှေ့မှာပဲ နင် ထည့်လေနော်"

ကြည့်တာ မကြည့်တာ မသိဘဲ ဖွတ်ပြော ဖွတ်ရယ်နှင့် ကောင်မ လေးကြောင့် မခတို့ မျက်ရည်တွေ ဘယ်ဆီလမ်းကြောင်းလွှဲကုန်သည် သိ။

ဖြစ်သမျှအကြောင်း အကောင်းပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၄ ]

"ကိုယ် ဒီမှာထိုင်ရမလား ..၊ မင်း အပြင်ခဏလိုက်ခဲ့မလား"

"ဘယ်လို!..."

မကြားလိုက်တာမဟုတ်ဘဲ နည်းလမ်းနှစ်ခုစလုံးက ကြားရချင်မသက်သာ ..။

"မင်း အလုပ်မဆင်းလောက်အောင်ဖြစ်သွားတာ .. အကြောင်းရင်းကို ညကမှ ညီမလေး ပြောပြတာ .. အဲဒါတွေ ကိုယ်တို့ပြောဖို့ ရှိတယ်လေ"

မခ မျက်နှာလေး ပျက်သွားသည်။ သိသာသိစေ မမြင်စေနဲ့တဲ့ မခ ဆင်းရဲတာကို သိပေမယ့် အဖေရော မောင်ရော သူ့ရဲ့အလုပ်သမားတွေအဖြစ် လူသိရှင်ကြားဖြစ်သွားခဲ့တော့ ရှက်တော့ ရှက်သွားမှာပါ။

ဘာဖြစ်လဲဆိုပြီး သူ ကိုယ့်ကို မရိုးသားစွာ ဆက်ဆံခဲ့တာတွေခုလောက်ဆို ရှက်ဖွယ်လိလိ ဖြစ်နေမှာပင်။

ကိုယ့်စိတ်ကိုတင်း၍ မခ ထမင်းချိုင့်လေးကို ထွာခြေရရလေး ပြဆင့်သည်။ ပြီးတော့ ချိုင့်အိမ်လေးထဲထည့် ဇာစ်သေချာပိတ်ပြီးမှ --

"ရှင် သွားနှင့်ပါ၊ မခ ဒါ သွားထားလိုက်ဦးမယ်"





သူက ရပ်စောင့်နေရင်းကနေ လက်ပိုက်လိုက်သေးသည်။

"ထားမနေနဲ့လေ .. မင်း ထမင်းစားချိန်ပဲ .. တစ်နေရာမှာပြန်စားပေါ့ သွားမယ် .."

ကြည့်နေသည့်မျက်လုံးတွေကို သတိရပေမယ့် မခ မျက်လုံးအရောက်အောင် ထိန်းလိုက်သည်။ မနေ့တစ်နေ့က သတင်းတစ်ရပ်အတွက် ဟိုဘက်စက်ရုံကနေ ဒီဘက်ကုမ္ပဏီထဲထိ သတင်းပေါက်ကြားတာ မြန်လွန်းသည်။

မနေ့က အလုပ်မဆင်းသူမို့ မချိမဆံ့ မျှိုသိပ်နေကြရသည့်ပါးစပ်တွေ ဒီနေ့ မခ ကိုမြင်လိုက်တာနှင့် အပျော့အမာ နည်းမျိုးစုံနဲ့ မေးမြန်းစမ်းလာကြတာ တစ်နေ့လုံး။ ခုလို သူနဲ့ နှစ်ယောက်တွဲထွက်သွားတဲ့အထိ မြင်လိုက်ကြပြီဆိုတော့ ဘာတွေ ပြောကျန်ရစ်ကြမလဲ ..၊

"ထမင်းစားချိန်ဆိုတော့ ဟင်းတွေပဲ မှာလိုက်မယ်နော်"

သူက မီးနူးဖွင့်လိုက်ပြီး ခမော့မကြည့်ဘဲ ပြောသည်။ မခ ကိုယ့်ချိုင့်လေးကိုတောင် ဒေါးကိုထပ်၍ တွန်းထားလိုက်ကာ ...

"ရှင် စားမယ်ဆိုရင် မှာပါ၊ ကျွန်မ စားချင်စိတ် မရှိလို့"

"ဟင်!..."

မျက်လွှာပင့်ကြည့်လာပြီး ချိုင့်ဆီ အကြည့်ရောက်သွား၏။ ပြီးတော့ မီးနူးကိုပြန်ပိတ်၍ ...

"စားသောက်ရင်း စကားပြောကြဖို့ မင်းကို ဒီခေါ်လာတာ၊ ငုတ်တုတ်ကြီး ထိုင်နေမလို့လား"

"ဟုတ်တယ် .. ကျွန်မ ရှင်နဲ့ အတူထွက်လာကတည်းက စိတ်နဲ့ကိုယ် မကပ်တော့ဘူး၊ အတင်းမျိုချရင်တောင် လည်ချောင်းထဲမှာပဲ တစ်နေမှာ ..၊ ရှင်ပြောစရာရှိတာကို ပြောပါ၊ အားနာစရာလည်း မလိုဘူး၊ အချိုသော့ သကာတွေခင်းပြီး စိစဉ်ပြင်ဆင်နေဖို့လည်း မလိုဘူး၊ ကျွန်မ အားလုံးကို နားလည်ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး .. ကိုယ် ဘာပြောမယ်ထင်လို့ မင်း ဒီစကားတွေ ပြောနေ တာလဲ"

မခ မဖြေခင် သူက ခေါက်ဆွဲကြော်တစ်ပွဲနဲ့ ကုတ်ဒ်တစ်ဘူးထို ပြီးစလွယ် မှာလိုက်ကာ ...

"ဖြေလေ မခ .. အားမနာတမ်းပြော ဆိုရင်တော့ မင်းရဲ့သော တွေကို ခဏထားလိုက်ပါဦးဆိုပြီး ကိုယ်က လက်ထပ်ခွင့်တောင်းမှာ"

"ဘာ!..."

ဒီလိုမထင်ခဲ့လို့ ကောက်ခနဲ ထလိုက်လာခဲ့တာကို စော်ကားလိုက် သည်လား ...၊

"ကျွန်မက မနေ့ကဖြစ်ခဲ့တဲ့ပြဿနာအကြောင်း ရှင် တစ်ခုခုပြော ဖို့ ရှိနေပြီထင်လို့ လိုက်ခဲ့တာ"

"ကိုယ်ကတော့ မင်း ကိုယ့်အတွက် ငွေညှာဖော်ရလာပြီထင်ပြီး ကျေနပ်သွားခဲ့တာ"

"ရှင် ကျွန်မကို ကပ်ရိနေတာတော့ မဟုတ်ပါဘူးနော်"

"ကိုယ့်မျက်နှာမှာ အဲဒီလို ဗရုတ်သုတ်ခပုံတွေ ဖြစ်နေသလား မခ သေချာကြည့်ပါ .."

ကြည့်ပါဆိုမှ ဆတ်ခနဲ မျက်နှာလွှဲပစ်သဖြင့် မချင့်မရဲဖြစ်လာရင်း လက်ခုံနုနုလေးကို ထပ်ဆုပ်ကိုင်လိုက်မိ၏။

"ဦးလဒ် .. ရှင် ဘာလုပ်တာလဲ"

"မင်းကို ချစ်ခွင့်တစ်ခုတည်း တောင်းခံနေတာမဟုတ်ဘူး၊ မြတ်နိုး ခွင့် .. ယုယကြင်နာခွင့် .. တစ်သက်လုံး ကြည်ဖြူလိုက်လျောပြီး နား လည်မှုများစွာနဲ့ ပေးဆပ်ခွင့်အတွက်ပါ"

"ကျွန်မလက်ကို လွှတ်ပါ"

မလွှတ်ချင်ပေမယ့် လွှတ်လိုက်ရသည်။ စားသောက်ဆိုင်ထဲမှာ စားပွဲတစ်လုံးချင်းအတွက် ပျဉ်ထရံကွက်အတိုလေးတွေနဲ့ လျှာထိုးပိုင်း





ကန့်ထားတာမို့ စားပွဲပေါ်မှာ လက်ချင်းထပ်ဆုပ်ထားတာလောက်တော့ ဘေးလူ မမြင်နိုင်ပါ။ ဒါပေမယ် ...

"ကျွန်မတို့ရဲ့မိသားစုဟာ အတွင်းလှိုက် ရှုပ်ထွေးနေတဲ့ ဒေါသ မောဟ မျဉ်းကောက်တွေနဲ့ပါ၊ အဖေကိုယ်တိုင်က အမေ့ရဲ့ကိုယ်ကျင့် သိက္ခာကို သံသယတွေနဲ့ တစ်သက်လုံး စွဲချက်တင်ထားခဲ့တာ၊ အဲဒီ ဂယက်ကြောင့် မောင်လေးဟာ ခုချိန်ထိ အမှဖခေါ်ခွင့် မရခဲ့ဘူး"

"အဲဒါတွေ ညီမလေးလည်း ပြောပြီးပြီ၊ မင်းပြောခဲ့တာတွေနဲ့ဆို ကိုယ် အားလုံး သိပြီးသားတွေပါ၊ မင်းက အဲဒါကြောင့် ကိုယ် နောက် ဆုတ်သွားမယ် ထင်လို့လား .."

စိတ်မရှည်သည့်အကြည့်နှင့် မခ မျက်ဝန်းလေးတွေ ရူးရူးရဲရဲ ဖြစ် သွား၏။

"ဒါတော့ ရှင့်သဘောပဲ၊ ကျွန်မတို့ဘက်က သေချာတာက အချစ် ကိုရှာဖွေဖို့အတွက် ဘယ်သူမှ စိတ်ဝင်စားမှာမဟုတ်ဘူး၊ အဲဒါ အမြဲ တမ်းအတွက် သေချာနေမယ့် အဖြေ"

"မင်းရဲ့မောင်အတွက်ပါ သေချာလိုက်တာလား .."

"ဟုတ်တယ် .. ဆု ကို ကျွန်မ နားလည်တယ်၊ သူ့ကိုတွေ့ရင်လည်း ဒီလိုစကားတွေ ပြောလို့ထွက်မှာ မဟုတ်ဘူး၊ အဲဒီတော့ ရှင်ကိုယ်တိုင် အဆင်ပြေအောင် ပြောပြပေးပါ"

"ကိုကိုတို့မောင်နှမ ပျော်ပျော်ကြီး အသည်းကွဲကြစို့ ဆိုပြီးတော့ လား"

နာကျင်ရိပ်တွေ စွန်းထင်းလာသည့်မျက်နှာက တင်းမာစပြု၏။ ပြီးတော့ နှုတ်ခမ်းစေ့၍ နှုတ်ခမ်းတို့ ခပ်တွန့်တွန့်မဲ့လျက် ...

"ဟုတ်ပါတယ် .. ကိုယ်တို့မောင်နှမရဲ့ ဝဋ်ကြွေးပါ"

လို့ တိုးသဲ့သည့်လေသံနှင့်ပြောကာ မျက်နှာလွှဲပစ်လိုက်ပြီး ...

"ရှင်းရှင်း ဝန်ခံရရင် မင်းက မိန်းကလေးမို့ မာနတွေကြီးနေတာ



www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးဖို့ ကောင်းပါတယ်၊ ယောက်ျားလေးတစ်ယောက်အနေနဲ့ဆိုရင် သူ့ဘက်ကစပြီး မမျှော်လင့်ရဲတာမျိုး ဖြစ်ချင်ဖြစ်မယ်၊ အခွင့်အရေးရှိလာပြီဆိုရင်တော့ ကျေနပ်သွားမှာပဲလို့ ကိုယ် တွက်ခဲ့တာ"

မခ အားနာသွားပေမယ့် မျက်တောင်ဖျားလေးတွေက စိုက်ချထားရင်း နှုတ်ဆိတ်နေလိုက်၏။

"ညက ညီမလေး ငိုတယ်"

မခ 'ဟင်..'ခနဲ ဖြစ်သွားသည်။ ပြီးတော့ အမြဲတမ်းလိုလို ပြုံးရယ်နေတတ်သည့်မျက်နှာလေးကို မျက်ရည်တွေနဲ့ မြင်ယောင်ကာ စိတ်မကောင်းခြင်းက နက်ရှိုင်းစွာ တိုးဝင်၏။

"အစတည်းက ( )လင်းခဲ့တဲ့ မိန်းကလေးပါ၊ သူ ကိုယ့်ကို အမှန်အတိုင်း ပြောတယ်၊ ဘာတွေပြောမယ်လို့ မင်း ထင်လဲ .."

မခ မျက်နှာမှာ ဒေါသဟန်ပန်တွေ မရှိတော့ပါ။ ဆု ကို သူမ အမှန်တကယ် ချစ်သည်မို့ ...

"မခ သိပါတယ်၊ ဒါပေမယ့် ..."

ဘာပြောရမှန်းလည်း မသိဘဲ မျက်တောင်တွေပဲ ခတ်နေမိကာ...

"အကောင်းဆုံးကတော့ မခ တို့မောင်နှမကို ရှင်တို့ မေ့လိုက်ပါ၊ မခ တို့ကြောင့် ရှင်တို့မှာ ဘာဂုဏ်ကျက်သရေမှ တိုးတက်လာမှာ မဟုတ်တဲ့အပြင် ပတ်ဝန်းကျင် ပုတ်ခတ်တဲ့စကားတွေကြောင့် ..."

"အဲဒါတွေ မင်း မပြောနဲ့ မခ .. ပတ်ဝန်းကျင် ပြောကြတဲ့ ထောင်သောင်းမကသောစကားတွေက နားစည်ကို လာပြီး ရိုက်ပုတ်သွားတာလောက်ပဲ ရှိတယ်၊ မင်းရဲ့ ဟင့်အင်းဆိုတဲ့စကားတစ်ခွန်းကြောင့် ကိုယ် ရှုံးသွားနိုင်တယ်၊ အဲဒါ မင်း သိလား"

"ရှင် ဟိုးတိုးပြောပါ"

သူ့စကားက ကျယ်လောင်တာမဟုတ်ဘဲ မခ မျက်နှာပူပူနှင့် ငုံ့ပစ်လိုက်မိသည်။





"လေးစားပါတယ် ..၊ စာမျက်နှာ ဆိုတဲ့ မင်းရဲ့မောင်က ရှေ့ဆုံးကပါ၊ မင်းတို့ အချစ်မသိဘူးဆိုတာကိုလည်း တကယ်ယုံသွားပြီ၊ ဒါပေမယ့် အချစ်မရှိဘူးလို့ မပြောနဲ့ ..၊ အဲဒါ ကိုယ် လက်မခံဘူး"

မျက်နှာချင်းဆိုင် ထိုင်နေကြသည့် အလယ်မကျတကျဘေးမှာ ခေါက်ဆွဲပန်းကန်က အငွေ့တထောင်းထောင်းနှင့် ရောက်လာ၏။

ထို့ပြင် ရေသီးတွေ တစ်ကိုယ်လုံး လွှမ်းခြုံနေသည့် ကုဒ်ဘူးကဖန်ခွက်တစ်လုံးရဲ့လျက် ဘေးမှာ အတူတူ။ ပူခြင်းအေးခြင်းတွေ ပြင်းထန်လွန်ဆွဲနေကြသည့် သူတို့ဘေးမှာ ခေါက်ဆွဲပန်းကန်ကြီးနဲ့ အအေးဘူးက မျက်နှာပြောင်ပြောင်နှင့် အခန့်သား နေရာယူ၏။

ဝိတ်တာ ပြန်လှည့်သွားကာမှ ရလဒ် က ပြောလက်စကို ဆက်၍...

"ညီမလေးအတွက် နှစ်သိမ့်ဖို့လည်း ကိုယ့်မှာ မျက်နှာပြောင်ဖို့နည်းလမ်းမရှိဘူး၊ ကိုယ့်အတွက်ကိုလည်း မရှက်တတ်အောင် ကြိုးစားထားတယ်၊ အဲဒါ မင်းက ချစ်ချစ်မချစ်ချစ် ကိုယ့်ကို လက်ထပ်ခွင့်ပြုပါ၊ ရွှေစင်ရုပ်လေးတစ်ရုပ်လို မင်းရဲ့နှလုံးခုန်သံ ငြိမ်သက်နေမယ်ဆိုရင် မင်းက စကားတစ်ခွန်းမှ ပြန်မပြောလည်း မင်းရှေ့မှာ ကိုယ် နေ့စဉ်ချစ်တဲ့စကားတွေ တတွတ်တွတ် ပြောနေမယ်၊ မင်းရဲ့ဘယ်ဘက်ရင်အုံမှာ ပူနွေးလာမယ့် တစ်နေ့နေ့ထိ .."

မခ ခေါင်းမခါသေးပေမယ့် မျက်ဝန်းလေးတွေ လှုပ်ရှားလာတာကို ကြည့်တာနှင့် နားလည်နေမိကာ သူမလက်ကလေးကိုပဲ ထပ်ဆုပ်ကိုင်မိလျက် ...

"မင်းကို ကိုယ် အရမ်းမြတ်နိုးတယ်"

ဒီတစ်ခါ ပြန်ရန်းပေမယ့် လွှတ်မပေးဘဲ အတင်းဖိဆုပ်ထားမိသည်၊ ပြီးတော့ ဖျတ်ခနဲ ငုံ့နမ်းလိုက်ရင်း ...

"မငြင်းပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၄၅ |

"ဦးပွကြီး ပြောပြလို့ ကျွန်တော်တို့အားလုံး သိပြီးပြီ အဖေ၊ အဖေ့သမီး အဖေ့ကို ကျိန်စာတိုက်သွားတာတွေ"

ဖန်ခွက်ထဲကို ပုလင်းထဲက လက်ကျန် အကုန်လောင်းထည့်လိုက်ပြီး စားပွဲပေါ်ကို ဒိုင်းခနဲဆောင့်ချလိုက်သည့် ပုလင်းသံကြောင့် ချစ်ဦး အသံတိတ်သွား၏။

ဦးခင်မောင် ၏ ငုံ့နေသည့်မျက်နှာ ဘေးတစောင်းအတိုင်း လှည့်လာလျှင် ချစ်ဦး ကလည်း မတ်တတ်ကနေ စိုးမိုးလျက် မျက်လုံးချင်းမဆုံမချင်း စောင့်နေလိုက်သည်။

ချစ်ဖူး လည်း ရှိနေကာ ဘာမှမပြောပေမယ့် ဦးခင်မောင် ရဲ့စကားကို နားစွင့်နေတာပဲ ဖြစ်သည်။ သို့သော် ဦးခင်မောင် က ဇွဲစောင်းငုံ့ကြည့်နေပြီး ဘာမှမပြောဘဲ ရှေ့ပြန်လှည့်၏။

ဖန်ခွက်ကိုဆုပ်ကိုင်၍ ငေးနေပြီးမှ တရှိန်ထိုး မော့သောက်သည်။ ညီအစ်ကိုနှစ်ယောက် ထိုအချိန်ထိ စောင့်နေသေးသည်။ ဘာမှပြောမလာတော့မှ ...





"အဖေ့အစား ကျွန်တော်တို့ တကယ်တင်းတယ် အဖေ၊ ကိုစာ့ကို ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကိုလည်း ကူညီခဲ့ဖူးလို့ ထားလိုက်ပါ၊ အလွမ်းမခ ဆိုတဲ့ အဖေ့သမီးက ဒေါ်မိမိ နဲ့ တစ်လေသံတည်း .."

"ချစ်ဖူး .."

ဦးခင်မောင် က လှည့်မကြည့်ဘဲ ဇမ်းခေါင်းသံပေါက်အောင် အော်ပစ်လိုက်သည်။ ရုတ်တရက်မို့ လန့်ဖျန့်တိတ်သွားပြီးမှ ချစ်ဦး မျက်နှာတင်းသွား၏။

"အဖေ့သမီးအကြောင်း ပြောရင် အဖေ ဒါပဲ ..၊ အဲဒီတစ်ယောက်ကို အဖေ ကျွန်တော်တို့သုံးယောက်ထက် ချစ်တယ်"

"ဘယ်က တစ်ယောက်ကမှာလဲ .. ကို့စာ ကိုလည်း ချစ်တာပဲ၊ သေအောင်မုန်းနေတာကိုက အချစ်လွန်နေတာ"

ချစ်ဖူး က မကြားတကြားပြောပြီး ဦးခင်မောင် ထိုင်နေသည့်ကျောပြင်ကို ကြည့်၍ ...

"အချစ်တွေရဲ့အစက ဒေါ်မိမိ ဆီကပဲ ..၊ အဖေ့ရင်ထဲမှာ ဒေါ်မိမိ တစ်ယောက်ကလွဲရင် ဘာမှမရှိဘူး၊ သူတို့လင်မယားကွဲရတာ ကိုစာ့ကြောင့်ဆိုပြီး နင်းကန် မုန်းနေတာ"

ဦးခင်မောင် ၏ ဖန်ခွက်ကိုဆုပ်ကိုင်ထားသည့် လက်တစ်ဖက်တဆတ်ဆတ် ဟုန်ယင်လာတာကို ချစ်ဦး က စိုက်ကြည့်နေပြီး ချစ်ဖူးကို မပြောတော့ဖို့ ခေါင်းခါပြ၏။ ချစ်ဖူး က ပခုံးတွန့်ပြီး မဲ့သည်။

"မင်းတို့ မရိပ်မိတာကို ငါက ထောက်ပြတာပါ၊ တကယ်ဆို သူတို့မိသားစုအတွက် ငါတို့သားအမိတွေက အဖြည့်ခံသက်သက်ပဲ၊ အဲဒါအပြင် အမေပိုင်တဲ့ပစ္စည်းဥစ္စာတွေတောင် ကုန်သေးတယ်"

ဦးခင်မောင် နေရာမှ ထရပ်လိုက်သည်။ ချစ်ဖူး အသံတိတ်သွား၏။

"မပြောချင်ပေမယ့် ပြောရတော့မယ်၊ ပြောဖို့ မရှည်ရွယ်လို့..၊ ငါဘယ်တုန်းကမှ ဒါတွေကို ခေါင်းထဲထည့်ခဲ့တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင် မျက်နှာကြီး နီရဲနေပေမယ့် ယိမ်းထိုးမနေပါ။ ချစ်ဦးတို့ကို မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး စားပွဲစွန်းကို တင်ပါးနဲ့ နောက်ပြန်မှီ၍ ...

"အဲဒါတွေက မင်းတို့အမေရဲ့ပစ္စည်းတွေချည်းပဲ မဟုတ်ဘူး"

ဦးခင်မောင် မျက်နှာမှာ တကယ်ကို ပြောရခက်နေပုံပေါက်ကာ ပြောလည်း မပြောချင်သည်မို့ စကားလုံးတွေက လေးဖင့် ဝေးကွာနေကြ၏။

"ပြောရမယ့်စကား မဟုတ်ပေမယ့် မင်းတို့တွေ ဒါကိုပြောတိုင်း ငါ မိတဆိုတဲ့နေရာကနေ ရှုံ့မ်းထိုးဆင်းသွားသလိုပဲ၊ ငါ သုံးဖြုန်းပစ်ခဲ့သမျှ ငါ့ပစ္စည်းတွေချည်းပဲ၊ မင်းတို့အမေနဲ့ ငါ လက်ထပ်ဖို့ မဖြစ်နိုင်တဲ့အတွက် ငါ့ဘက်က တတ်နိုင်သမျှ သူ ပြည့်စုံအောင် ဖြည့်ဆည်းပေးခဲ့တာတွေပါ"

မိမိ ကို ရွဲ့နေရင်းနဲ့ သူ တကယ်လွှန်ကျွံမိလာတဲ့အထိ သီတာဆိုတဲ့ မိန်းကလေးကို လက်ထပ်ဖို့ စိတ်ကူးထဲမှာတောင် မရှိခဲ့ပေ ...၊

ဒါကြောင့် ဒီမှားယွင်းမှုဟာ တောင်းပန်ရုံနဲ့ ပြီးဆုံးသွားမှာမဟုတ်သော်လည်း သူ တတ်နိုင်သမျှ စုပုံပေး၍ တောင်းပန်ခဲ့သည်။ သီတာကတော့ သူ့မ လိုချင်တာဟာ အချစ်တစ်ခုသာဖြစ်ကြောင်း တွင်တွင်ဆိုခဲ့၏။

သီတာ့ ကို သူ လက်မထပ်နိုင်ပါ။ သို့သော် စာမျက်နှာ ဟာ 'ရှင့်သား မဟုတ်ဘူး' လို့ မိမိ ပါးစပ်က ကိုယ်တိုင်ပြောပြီး 'ရှင် ဘာလုပ်မလဲ' လို့ မေးခဲ့သည်။ ထို့ကြောင့် သီတာ့ ကို သူ လက်ထပ်ခဲ့လိုက်၏။ ဇာတ်လမ်းက ဒါပါပဲ။

"ငါ့ပစ္စည်းတွေ ငါဖြုန်းတယ်ဆိုတာမျိုး မဟုတ်ပါဘူး၊ ဒါပေမယ့် အခု ဖွင့်ပြောလိုက်ရပြီဆိုတော့ အဲဒီပုံစံအတိုင်းပဲ ဖြစ်သွားပြီ"

ဦးခင်မောင် က ချစ်ဖူး မျက်နှာကို ကြည့်လိုက်ကာ ...





"မင်းတို့တွေ ကိုယ့်သဘောနဲ့ ဖြုတ်တုတ် အရည်ဖျော်လိုက်တာတွေကတော့ မင်းတို့အမေ ပိုင်တာတွေပါ၊ ဒီနေ့ကစပြီး ငါ့ကို မင်းတို့အမေရဲ့ပစ္စည်းတွေကို သုံးဖြုန်းနေတယ်၊ ဟိုလူတွေကိုပဲ ချစ်တယ်ဆိုတဲ့ စကားတွေ မပြောပါနဲ့"

"ဒါကတော့ အဖေ့အမူအရာတွေက ဒီအတိုင်း ဖြစ်နေတာကိုး...၊ အခု အဖေ အနောက်ပြန်သောက်ပြန်ပြီ၊ အဲဒါ ဟိုမောင်နှမနဲ့ ပြဿနာဖြစ်လာခဲ့တဲ့အတွက်ကြောင့် မဟုတ်ဘူးလား"

ချစ်ဖူး ကပဲ ထပ်ပြော၏။ တစ်အိမ်လုံးမှာ အေးဆေးနေတတ်ဆုံးလို့ ထင်ရပေမယ့် တကယ်တော့ ချစ်ဖူး က သွေးအေးခြင်းသာ ဖြစ်သည်။ အငယ်ဆုံးပီပီ မဆိုင်သလိုနေတတ်သလောက် ဟိုလူကောင်းတာ ဒီလူဆိုးတာ ဘာကိုမှ သိပ်စိတ်မဝင်စားတာ ဖြစ်သည်။

ဒါပေမယ့် သူနဲ့ပတ်သက်ပြီး ထိခိုက်လာနိုင်သည်ဆိုလည်း ထွက်ပေါ်လာသည့်စကားလုံးတွေက လူနဲ့မတန်အောင်ပင် ...၊

ချစ်ဦး နဲ့ ဆွေသင်း တို့က ပြောပြောဆိုဆို ပြီးပြီးပျောက်ပျောက်ရှိသော်လည်း သူက ဒီလိုမဟုတ် ...၊

"နင်တို့ လူစုမိရင် ဒါပဲ၊ ငါ့ကိစ္စကို ပြောရတယ်လို့ကို မရှိဘူး"

နောက်ထပ်တစ်ယောက် ဝင်လာတော့ ဦးခင်မောင် လှည့်မကြည့်ဘဲ နေရာမှာပဲ ပြန်ထိုင်သွား၏။ ချစ်ဖူး က မကြည်ကြည့်နှင့် အပြင်ကို ထွက်သွားသည်။ ချစ်ဦး က နေရာမှာပင်ရပ်လျက် ...

"ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ .. မင်္ဂလာပွဲရက်ကနီးနေပြီ၊ ငါ့မှာ ပွဲအတွက် စိတ်ပင်ပန်းနေရတာ တစ်မျိုး၊ အဖေ့သားကြီးက တစ်မျိုး"

"ဘယ်သူလဲ .."

ချစ်ဦး က မေးလိုက်ပြီး ဒီတိုင်းငုတ်တုတ်ထိုင်နေသည့် အဖေ့ကိုသည်း လှမ်းကြည့်သည်။



www.burmeseclassic.com

"ကိုစာ ပေါ့ .. ဘယ်သူနဲ့ယူမှာလဲ .. ဘာလဲညာလဲနဲ့ အတင်းမေးနေတာပဲ၊ သူ့ကို ငါ ဆယ်တန်းလောက်ကထားခဲ့တဲ့ ဟိုကောင်က အပိုကပ်နေတာလေ"

"ဘယ်ကောင်လဲ .. နင်ကလည်း ပွထနေတာပဲနော်၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာကို လက်ကိုင်ထားတာလား"

အရေးထဲမှာ ချစ်ဦး က ကဲ့ရဲ့နေသေးသည်။ သားသမီးတွေရဲ့ ဘာအရေးညာအရေးအပေါ် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သလို ကြားလည်း မကြားသလိုနေခဲ့သည့် အဖေ့ကိုတော့ ဆွေသင်း တို့ မောင်နှမက မပြောရဲတာလည်း မရှိ၊ ကြောက်ရွံ့ နောက်တွန့်ခြင်းလည်း အလျှင်းကင်း၏။

"တစ်ထောင်မပြောနဲ့ ငါးယောက်တောင် မပြည့်ပါဘူးဟယ်၊ ရည်းစားဆိုတာလည်း ထားဖူးမှ၊ ရည်းစားရှိလားလို့ တစ်ယောက်က မေးလာရင် 'ဟင့်အင်း'ဆိုလိုက်တာနဲ့ ကြိုက်မယ့်သူ မရှိသေးပါလားဆိုတဲ့အကြည့်က အရင်လာတာ၊ ဒါမျိုးမဖြစ်အောင် ထားကြည့်ရတာသိလား၊ အဲဒါကို ဒါ ငါ့ရည်းစားလို့ တစ်ခါပဲပြလိုက်မိပါတယ် ကိုစာအသေမှတ်ထားတော့တာပဲ၊ ငါ့ကို သစ္စာမဖောက်ပါနဲ့ ...၊ ဟိုကောင်သနားပါတယ်နဲ့ လိုက်ကျပ်နေတာဟာ အရမ်းစိတ်ပျက်ဖို့ကောင်းတာပဲ"

စကားပြောနေရင်း ဆွေသင်း မျက်နှာတွေက ဦးခင်မောင့် ဆီကိုပဲ ဝေ့နေ၏။ ချစ်ဦး က သတိထားမိပြီး တစ်ခုခုပြောမလို့ပြင်တော့ တိတ်တိတ်နေဖို့ လက်ကာပြကာ ...

"ငါနဲ့ငြိခဲ့ဖူးတာဖြင့် ကြာပြီဥစ္စာ၊ ပြီးတော့ နင် စဉ်းစားကြည့်ပါဦး၊ ငယ်စိတ်နဲ့ကြိုက်ခဲ့တဲ့လူကို သစ္စာအလံကြီးထူပြီး လက်ထပ်ဖို့ထိ ရွေးချယ်ရမှာလား၊ ဟိုက ကမ်းနားမှာညစောင့်လေ၊ ငါယူမယ့်လူက သူဌေး"

ကျောခိုင်းနေသည့် ဖအေနောက်မှာ ချစ်ဦး ကို အလိုက်အထိုက်ပြောဖို့ လက်ဟန်တွေပြနေသဖြင့် ချစ်ဦး က ပြုံးလိုက်ကာ ...





"အဲဒါ အသိသာကြီးပဲ၊ သူတို့မောင်နှမက ရာထူးကိုယ်စီနဲ့ တခမ်းးဖြစ်နေပြီလေ၊ အလွှမ်းမခ ကလည်း သူဌေးနဲ့ ဘာလိုလိုဆိုတော့ ာ သူဌေးနဲ့ညားသွားရင် သူတို့ထက် သာမှာစိုးလို့ပေါ့"

"ဟုတ်တယ် .. အဲဒါကြောင့် ငါ ပိုတင်းတာ"

တကယ့်အဖြစ်မှန်က ဤသို့မဟုတ်ပေ။ ဟိုတုန်းက ချစ်ခဲ့သူတွေ ညာလည်း စာမျက်နှာ က သိတော့ပုံ မပေါ်ခဲ့ပါ။ ဆွေသင်း ကို း:တကပြောသွားတာက 'ဒီလူက လူကောင်းမဟုတ်ဘူး'ဆိုတာပဲ ၏။

"နာမည်ပျက်ရှိတာမှ ဒီလူ့အကြောင်းကို သိပ်တောင်မပြောရဲကြ ငါလည်း ဘာမှန်းမသိလို့ နင့်ကို သေချာပြောမပြနိုင်ဘူး၊ ငွေပေါ ကို မမက်ပါနဲ့ ဆွေသင်း ရာ .. လူလည်ရင်ငွေရှာရတာ လွယ်ပါ ယ်၊ ဘယ်လောက်လည်နေသလဲ၊ ဘာတွေလုပ်နေသလဲဆိုတာ သိဖို့ပဲ တယ်၊ အဲဒီလူ လုံးဝ မရိုးသားဘူး"

လို့ ပြောသွားသည်။ မရိုးသားလည်း မတတ်နိုင် ...၊ သူပေးခဲ့တာ ကိုယ်ယူခဲ့တာလည်း နင့်နေပြီ။ ပြီးတော့ စေ့စပ်ထားပြီးသား၊ ယ်တောင်မှ သိနေတာတချို့ကို မသိချင်ယောင်ဆောင်နေခဲ့တာ ဒီလူ သူဌေးမို့လို့ ...။

ကိုယ့်ရုပ်ရည်ပုံပန်းအရ သူလိုသူဌေးက တကယ်ချစ်သည်၊ လက် ်ယူသည်ဆိုတာ နည်းတဲ့ဂုဏ်လား ...၊

အဓိကက လောကမှာ ချမ်းသာကြွယ်ဝနေဖို့ ...။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၆ ]

အိမ်ရှေ့မှာ ကားရပ်လိုက်ကတည်းက အထဲမှာ ပျာယာခတ်
သွား၏။

"အဖေ ပြီးပြီလား .. ချစ်ဦး တို့ရော ..."

"အားလုံးပြီးနေပြီ၊ ခေါင်းရင်းအိမ်က အန်ကယ်လ်တိုးတို့ လ
မယားနဲ့ ရပ်ကွက်လူကြီးတွေလာမှ သွားမှာ"

သိပ်ပျာမနေနဲ့ဆိုသည့်မျက်နှာနှင့် ချစ်ဦး က မျက်စောင်းရှယ်၏
လှငယ်တွေဝီဝီ စပို့ရှပ်ပွပွ၊ ဘောင်းဘီရှည်တွေနဲ့ သစ်လွင်နေသလို ဦးခင်
မောင် က အကောင်းစားချည်ချောပုဆိုးနှင့် ရှပ်အင်္ကျီလက်ရှည်အပြ
တိုက်ပုံအဖြူ ...

ဆွေသင်း က ပုစွန်ဆီရောင်ဖျော့ဖျော့ ပိုးချိတ်ပေါ်မှာ ဇာပါးလေး
တွဲစပ်ကာ အလှဆုံးပြင်ထားဝဲ ဖြစ်သည်။

ဧည့်ခံပွဲကို စားသောက်ဆိုင်တစ်ဆိုင်လုံး နာရီပိုင်းနဲ့ချုပ်လိုက်ပြီး
တခမ်းတနားလုပ်ခဲ့သလို ဒီမနက် လက်မှတ်ထိုးပြီးတာနှင့် မင်္ဂလာ
အတွက် မြို့ထဲမှာပဲ အကြီးအကျယ် ကျင်းပမှာ ဖြစ်သည်။





ဆွေသင်း တို့ အိမ်မျက်နှာစာက သိပ်မကျယ်သည်မို့ သတို့သား
ဘက်မှာပဲ ဧည့်ခံပွဲလုပ်မှာဖြစ်လျက် ဘာပဲဖြစ်ဖြစ် ကဲ့ယ့်အတိုင်းအတာ
နဲ့ကိုယ်၊ ဒီလောက်ကပဲ ခမ်းနားကြီးကျယ်နေပြီ ဖြစ်သည်။

"ကိုကြီးတို့က နှစ်ယောက်တည်းလား"

"ဟုတ်တယ် ဆွေ ရဲ့ .."

သတို့သား မျိုးဆက် က လှမ်းပြောကာ ဃူတို့နဲ့ပြိုင်တူ ရောက်လာ
ကြသည့်လူကြီးတွေကို နေရာဖယ်ပေးပြီးမှ သူတို့ လိုက်ဝင်လာသည်။

ဧည့်ခန်းထဲမှာ လူတွေစုံသွားပြီဖြစ်သည်။ အသီးသီး နေရာယူ
လိုက်ကြပြီးမှ မျိုးဆက် က ဦးခင်မောင် ကိုကြည့်၍ ခပ်ရိုရိုပုံနှင့် ...

"ကျွန်တော့်ဘက်က လူကြီးနည်းပေမယ့် ငါးယောက်တော့ ပါပါ
တယ် အန်ကယ်လ်၊ သုံးယောက်က ရုံးကပဲစောင့်မှာမို့လို့ ထားခဲ့တာ
ပါ၊ နောက်ပြီး ကျွန်တော့်မှာ မိဘမရှိတော့တဲ့အတွက် မိဘသဖွယ်
အုပ်ထိန်းသူတွေကိုပဲ ခေါ်လာရတာ တောင်းပန်ပါတယ်"

ဦးခင်မောင် က တည်ငြိမ်စွာကြည့်၍ ခေါင်းညိတ်သည်။

"ရပါတယ်"

လို့ပြောပြီး မျက်နှာလွှဲ၏။ ဒါပေမယ့် အသားလတ်လတ် မျက်နှာ
ချိုချိုနှင့် အသက်ကြီးမှန်းသိသာသလို ချောချောမောမောရှိသည့်ပုံရိပ်ကို
တော့ တစ်ခါတည်း အလွတ်ရသွား၏။

'ကိုကြီးက အသက်ကွာပေမယ့် ချောပါတယ်၊ ငါနဲ့တွဲသွားရင်
လိုက်တယ်တဲ့'။ ဘယ်သူက ချီးမွမ်းလိုက်သည်တော့ မသိ၊ မောင်နှမ
တွေ ပြောနေကြတာကိုလည်း ကြားခဲ့ဖူးသည်။

"ဒါက ဆွေသင်း အတွက် ကျွန်တော် တင်တောင်းတာပါ
အန်ကယ်လ်၊ လက်ခံပေးပါ"

ကတ်ထူဘူးကို အများရှေ့မှာချလိုက်ပြီးမှ အဖုံးဖွင့်၏။ အားလုံး
အကြည့်တွေ ရောက်သွားကြလျှင် မျက်လုံးတွေမှာ အရောင်တကြီး အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာတွေ ဖုံးဖိမရကြ ..၊ ရှည်မျောမျောလက်တစ်ဝါးသာသာ မြင့်သည့်ဘူးထဲမှာ ငါးထောင်တန်တွေ အစည်းလိုက် ငါးစည်းတောင်။

တစ်စည်းကို ဆယ်သိန်းလား .. ငါးသိန်းလား ..၊

သိန်းငါးဆယ်လား .. သိန်းအစိတ်လား ..၊

ဘယ်လောက်အထူလောက်ဆို ဘယ်နှစ်သိန်းဖြစ်မှန်း မြင်တာနှင့် မသိနိုင်သည်မို့ ချစ်ဦး တို့ တဲတွေး တွင်တွင်မျိုရင်း မှန်းလို့မပြီးနိုင်။

သူတို့အတွက်က ဒီလောက်ငွေဆိုတာ တကယ့်အများကြီးပါ။

“ဒါ တကယ်တော့ အရမ်းနည်းပါသေးတယ်၊ ဆွေသင်း ကို ဟိုတယ်တွေ ဘာတွေမှာ တခမ်းတနား မင်္ဂလာပွဲ ကျင်းပမပေးနိုင်တာကိုလည်း တောင်းပန်ရင်းနဲ့ပါ အန်ကယ်လ်၊ ကျွန်တော့်ဘက်မှာ အခက်အခဲတွေ အများကြီးရှိနေလို့ပါ၊ နောက်ဆိုရင် ဒီမိသားစုအတွက် လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးသွားနိုင်ဖို့ ကျွန်တော် ကြိုးစားပါ့မယ်”

ဦးခင်မောင် က ခေါင်းပဲညိတ်လိုက်ပေမယ့် ရပ်ကွက်လူကြီး တစ်ယောက်က ဝင်၍ ...

“ဒါ သိပ်ကို မင်္ဂလာရှိတဲ့စကားပဲကွယ့်၊ ကောင်းပါတယ်ကွာ .. မိဘတွေ မပါနိုင်တာလည်း အပြစ်ကြီးတစ်ခု မဟုတ်ပါဘူး၊ လက်မှတ်ထိုးကြမယ် .. ညည့်ခံပွဲလုပ်ပေးမယ်ဆိုတာလည်း ပြည့်စုံနေတာပါပဲ”

“ဟုတ်ပါတယ် .. ကိုခင်မောင့် အတွက်လည်း သမက်ဆိုတာ သားပါပဲဗျာ၊ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မယ့် ဆွေမျိုးတစ်ယောက် တိုးတာပေါ့”

ဦးခင်မောင် ခေါင်းညိတ်လိုက်ရင်း ပြုံးသည်။ ခုတည်းက ဒီက ညီအစ်ကိုနှစ်ယောက်စလုံးအတွက် ထောက်ပံ့ ပေးကမ်းနေတာတွေ နည်းတာမှ မဟုတ်ဘဲ။

နေရာတကာ လက်ဝါးဖြန့်၍မရလျှင် ရှုံ့မဲ့ညည်းတွားကာ ကဲ့ရဲ့တာလည်း ရှိခဲ့ကြသော သားနှစ်ယောက်ရဲ့စကားသံတွေကို တိတ်ဆိတ်





စေခဲ့သူဆိုလည်း မမှားပေ ..၊

မျိုးဆက် ဆိုသည့်လူငယ်ကို သူ့အတွက် သဘောမကျစရာမမြင်ပါ။ မိဘ မရှိတာထက် ဘယ်မှာနေထိုင်သည်၊ ဘာတွေလုပ်ကိုင်သည် ဆိုတာ အတိအကျမသိရခြင်းအပေါ်မှာပဲ နည်းနည်းဘဝင်မကျနိုင်တာ ရှိသည်။ အားလုံးက ကျေနပ်စရာလို့ပဲ မြင်နေကြတဲ့အတွက် သူလည်း ကျေနပ်လိုက်ဖို့ ပြင်ဆင်ပြီးသား။

ထို့ပြင် သမီးဖြစ်သူက မိုးမမြင်လေမမြင် ဂုဏ်ယူဝမ်းမြောက်နေရှာသည်မို့ ငြိငြင်စရာလည်း မပြောချင် ...။

“ကိုင်း .. ဒါဆိုရင် သတို့သားဘက်က တင်တောင်းတာကို ကိုခင်မောင် တို့ဘက်က ကျေနပ်ကြည်ဖြူစွာ လက်ခံပေးလိုက်ပါ၊ ဒီနေ့ လက်ထပ်လက်မှတ်ထိုးဖို့အတွက် အားလုံး အေးချမ်းစွာ ပြီးမြောက်အောင်မြင်သွားရအောင်”

“ဟုတ်ကဲ့ပါ .. ကျွန်တော်တို့ဘက်က ...”

“အဖေ ..”

ဦးခင်မောင် စကားမဆုံးသေးခင် ကြားဖြတ်အသံတစ်ရပ် ဝင်လာသည်။ ဘယ်သူမှန်း သိလိုက်ကြကာ မျက်နှာတွေပျက်ကုန်ကြ၏။ မသိတဲ့လူတွေက ခေါင်းထောင်ကြည့်လိုက်ကြလျှင် ...

“ခဏနေပါဦး .. အဖေ ဒီပွဲကို ဖွတ်မလုပ်ပါနဲ့”

လူကြီးတွေ တအံ့တဩဖြစ်ကုန်ကြကာ မျိုးဆက် နဲ့ ဆွေသင်း တို့ မျက်လုံးချင်း ဆုံသွား၏။ ရုတ်တရက် ဆွေသင်း ဘာလုပ်ရမှန်း မသိဘဲ နေရာမှ ထရပ်လိုက်မိ၏။

“ကိုစာ ..”

“ဆွေသင်း .. နင် ဘာမှမပူနဲ့”

စာမျက်နှာ သည် ဆွေသင်း ထရပ်လိုက်သည်ကို အားလုံးတကြီး ဝမ်းသာအားရဖြစ်သွားရှာသည်ထင်ကာ ဆွေသင်း ရဲ့လက်တစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်၍ ...

"ဆွေသင်း မှာ ချစ်သူရှိတယ် အဖေ၊ သူ့ချစ်သူကလည်း မချမ်းသာပေမယ့် ရိုးသားကြိုးစားတဲ့လူပါ၊ ဆွေသင်း ကိုလည်း ချစ်တယ်၊ သူ့ချစ်သူနဲ့သူ လက်ထပ်ပါစေ အဖေ၊ ဒီလူက ..."

"ခွပ် .."

မျက်လုံးထဲမှာ မီးပွင့်တွေ ဖြာထွက်သွား၏။ သူ့မျက်လုံး မဖွင့်ရသေးခင် ရင်ဘတ်အင်္ကျီစမှာ တင်းကျပ်သွားကာ လူက ဆွဲတဲ့အတိုင်းပါသွားခဲ့၏။

"ဟိတ်ကောင် .. ကြည့်စမ်း ငါ့ကို ..."

အဖေ့မျက်နှာက သူ့ရှေ့မှာ ထိကပ်တော့မတတ်ရှိကာ ...

"မင်း အရေထူနေပြီလား စာမျက်နှာ .. ဒါမှမဟုတ် ငါကပဲ မင်းကိုမြင့်တိုင်း လက်ယားနေတာလား"

ဘေးမှာ တိတ်ဆိတ်စွာ ငေးမောနေကြသည့်လူတွေ မကြားလောက်အောင် လေသံမျှနှင့် ကပ်ပြောကာ ...

"ပရိသတ်လူထုအလယ်မှာ ငါ့ကို ခွေးဖြစ်သွားအောင်လို့လား"

"မဟုတ်ဘူး အဖေ"

"မင်း ငါ့သမီး ကောင်းစားသွားမှာစိုးလို့ အချိန်ပီ ပြေးလာဖျက်တာ .. လူယုတ်မာ .."

"အဖေ အဲဒီလို သားကို မပြောပါနဲ့"

"ပြောတော့ ဘာဖြစ်ချင်လဲ .. ဆွေသင်း က မင်းညီမ မဟုတ်လို့ အရှက်တကွဲဖြစ်အောင် မင်း ဒီလိုလုပ်တာ"

စာမျက်နှာ ခေါင်းခါနေရင်း ပက်တွေပါလာ၍ ...

"မဟုတ်ပါဘူး .. အဖေ့ကို ထိခိုက်လာမှာစိုးလို့ပါ၊ ငါ စီစဉ်ခဲ့တာဆိုပြီး နောင်တစ်ချိန်မှာ အဖေ နောင်တရမှာ၊ ဒီလူက လူကောင်း မဟုတ်ဘူး အဖေ"





"ဟာ!... ပြောနေရင်းနဲ့တောင် .. ကဲကွာ .."

နောက်ထပ် လက်သီးတစ်ချက်မှာ စာမျက်နှာ ပြိုကျသွား၏။ နှုတ်မ်းထောင့်မှ သွေးတွေစိမ့်ထွက်လာခဲ့ပြီး မျက်ရည်တို့သည် တားဆီးချုပ်တည်းနေသည့်ကြားမှ သစ္စာမဲ့ကြ၏။

"အဖေ သားကို ကြိုက်သလောက်ထိုးပါ၊ ဆွေသင်း ကိုတော့ ဒီလူ့သက်ထဲ မထည့်ပါနဲ့၊ သားပြောတာကို ဒီတစ်ခါပဲ လက်ခံပေးပါ အဖေ၊ အဖေ စိတ်ဆင်းရဲမှာစိုးလို့ပါ"

"စာမျက်နှာ .. မင်း ..."

ဦးခင်မောင် လက်သီးဆုပ်ကြီး ထပ်ဖြစ်လာတော့ အားလုံး သက်ငင် လှုပ်ရှားလာကြကာ ...

"ကိုခင်မောင် တော်ပါတော့ဗျာ .. အားလုံး မှားကုန်ပါ့မယ်"

"ဟုတ်ပါတယ် .. ဒီသူငယ်လေးက ဒီမှာ အဝင်အထွက်ရှိပါတယ်၊ ခင်ဗျားသားပဲလား .."

"ဟုတ်လို့ ဟိုက အဖေလို့ ခေါ်နေတာပေါ့"

မေးလိုက်တာလား ...၊ ဝေဖန်နေကြတာလား မသိ၊ ထိုစကားသံတွေ ထွက်လာသည်နှင့် ဦးခင်မောင် မျက်နှာမှာ သပြေသီးမှည့်လို ညိုပုပ်သွားခဲ့ပြီး ...

"မင်း ..."

စာမျက်နှာကို လက်ညှိုးထိုးလိုက်တော့ ထိုလက်က ဆတ်ဆတ်တုန်နေလျက် ...

"မင်းကို ငါ့ သတ်မိတော့မယ်၊ မင်း .. မင်း .. ခု ထွက်သွား၊ ထွက်သွား .. ဟိတ်ကောင်"

အသက်ရှူတွေပြင်းကာ ဦးခင်မောင် ဘစ်ကိုယ်လုံး တုန်ယင်လာ၏။

"ပွဲပျက်အောင်ဖျက်ဖို့ မင်းသားခေါင်းဆောင်းပြီး ရောက်လာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာတဲ့ကောင် .."

"ကဲ .. ခင်ဗျားကလည်း မသွားသေးဘဲနဲ့ မျက်နှာပြောင်လှ
လား"

ချစ်ဦး က ရှေ့ဝင်လာပြီး စာမျက်နှာ ရင်ဘတ်ကို တွန်းလိုက်သည်။ အနိုင်နိုင်ရပ်နေရသည့် ကိုယ်က တွန်းလိုက်ရုံနှင့် နောက်ဆုတ် ယိ ယိုင်သွားကာ မျိုးဆက် ရဲ့ရင်ဘတ်ပေါ် နောက်ပြန်ကပ်မိသွား၏။

မျိုးဆက် ကလည်း ချိုးဖဲ့ပြောဆိုခံထားရသူမို့ ဒေါသနှင့် ပြ ဆောင့်တွန်းလိုက်လျှင် ဦးခင်မောဝ် ရှေ့မှာ ဒူးတုပ်လျက် ပြန်ကျ သည်။

"ချစ်ဦး ဒီကောင့်ကို ဆွဲထုတ်သွားစမ်း"

"အဖေ .."

"ခေါ်မနေပါနဲ့ .. ခင်ဗျား .."

ချစ်ဦး က ချစ်ဖူး ကို မျက်စပစ်၍ စာမျက်နှာ ရဲ့လက်တစ်ဖက် ကို ဆွဲထုတ်လိုက်ကြ၏။

"ဆွေသင်း .."

တုတ်တုတ်မျှမလှုပ်ဘဲ ချောင်ကပ်နေသည့် ဆွေသင်း ထံ မျက်လုံး ရောက်ကာ မျက်ရည်တွေပြည့်နေသည့် မျက်ဝန်းတစ်စုံသည် ...

"ငါ မကူညီနိုင်တာ ခွင့်လွှတ်ပါဟာ"

စာမျက်နှာ ပါးပြင်ကို မျက်ရည်သုတ်ဖို့ထိ ကိုင်မိတာနှင့် အ မတန် နာကျင်သွားကာ လက်က ဒီတိုင်းပြန်ကျ၏။ ပြီးတော့ အဖေ့ ပြန်လှည့်ကြည့်၍ ...

"ဆွေသင်း က သားညီမလေးပါ အဖေ .. သား မယုတ်မာပါဘူ
အဖေတို့ကို ဒုက္ခရောက်အောင် သား ဘယ်တော့မှမလုပ်ဘူး အဖေ"

"ကဲဗျာ .. ပြောနေရင်းနဲ့တောင်မှ ..."

ချစ်ဦး တို့က စိတ်လိုက်မာန်ပါ ဆောင့်ဆွဲခေါ်၏။





လူငယ်တွေလက်ထဲမှာ တစ်ချက်ပဲ ခါထုတ်ပစ်ရုံနှင့် ဒီလက်တွေကို ခွာပစ်လို့ရသည်။ ဒါပေမယ့် သူ့စိတ်တွေက ဆွဲချုပ်ခံထားရသည့်အဖြစ် မှာ ရှိမနေခဲ့ပေ ..။

အဖေ့မျက်နှာကို ကြည့်သည်၊ ဆွေသင်း ကို တောင်းပန်ရင်း ကြည့်၏။ ပြီးတော့ အားလုံးကိုဝေ့ကြည့်ပြီး ကျောခိုင်းလိုက်သည်။

ပေါက်ပြဲ ကွဲရှသွားသည့်ဒဏ်ရာမှ ထွက်လာသောသွေးတို့သည် ဒဏ်ရာမထင်ဘဲ ကျနေကြသည့်မျက်ရည်စက်တို့၏အင်အားကို မီမည် မထင် ..။

"နောက်ထပ် မင်း အဖေရှိရာကို ရှာဖွေပြီး ထိုးကြိတ်မခံပါနဲ့တော့.."

"အဖေလို့ခေါ်ပြီး မင်းရဲ့မျက်နှာနုနုလေးမှာ ဒဏ်ရာထင်မခံပါနဲ့တော့ မောင်လေးရယ် .."

"မမ တောင်းပန်ပါတယ်၊ မမစကားကို နားထောင်ပါ"

နားထဲမှာ မမရဲ့ငိုရှိုက်သံတွေနဲ့ လုံးထွေးနေခဲ့သည့်စကားတွေ ပြန်ကြားလာခဲ့သည်။

နောင်တတွေနဲ့ သတိရတာမဟုတ်ဘဲ စိတ်ထဲမှာ တောင်းပန်နေမိတာ ဖြစ်သည်။ မုန်းရမယ့်ဝတ္တရားအတိုင်း အဖေက မုန်းနေတာပါ။

သားသမီးရဲ့ဝတ္တရားအတိုင်း အဖေက အဖေပါပဲ။

မမ မောင်လေးကို ခွင့်လွှတ်ပါ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၄၅ |

အားလုံးကတော့ ပြီးဆုံးသွားပြီဖြစ်သည်။ မပြီးတာက သူ့အတွက် ပုလင်းတစ်လုံးနဲ့ ဖန်ခွက်သံသရာ။

မျိုချပြီးရင်း မျိုချချင်နေသည်။ များများမူးမှ မြန်မြန်မေ့မည်ထင်ခဲ့ပေမယ့် မူးတော့မူးနေပြီး ဘာကိုမှလည်း မမေ့ ...၊

"အဖေ .."

"အဖေ .."

"အဖေ ..."

ခေါင်းသံတွေက နားစည်ကို ပြင်းထန်စွာ ရိုက်ပုတ်နေကြသည်။ ပြီးတော့ နီရဲသောမျက်ခမ်းစပ်လေးတွေနှင့် မျက်ရည်ပြည့်လျှမ်းနေသော ဖြူနုနုမျက်နှာတစ်ခု ...၊

"မဟုတ်ဘူး အဖေ .."

"ဆွေသင်း က သားညီမလေးပါ"

"အဖေ ကြိုက်သလောက်ထိုးပါ"

"သားပြောတာကို ဒီတစ်ခါပဲ လက်ခံပေးပါ အဖေ"

"တောက် .."





ဘယ်ကရှန်းကြွလာမှန်း မသိသည့် ဒေါသနှင့် တက်ခေါက်မိကာ ဖန်ခွက်ကိုပါ ပေါက်ခွဲပစ်လိုက်ဖို့ တအား လွှဲမြှောက်မိ၏။

ပြီးတော့ ထိုလက်က လေထဲမှာပဲ ရပ်တန့်သွားပြီး ခရီးမဆက်နိုင်။

ထို့နောက် တဖြည်းဖြည်း ပြန်ကျလာကာ စားပွဲပေါ်မှာ ဒိုင်းခနဲ ဆောင့်ကျခြင်းဖြင့် အဆုံးသတ်၏။ ဦးခင်မောင် စားပွဲစွန်းကို လက်နှစ်ဖက်နှင့်ကိုင်ကာ ဟာအင့်အင့် ရှိုက်ငိုမိသည်။ ,

အရက်သမားမို့ ငိုလွယ်ရယ်လွယ်တာလား ...၊ ဒါမှမဟုတ်လည်း ဒီမျက်ရည်တွေဟာ သူ အရက်တွေမျိုချမိတိုင်း ဗုန်းပေါလအော ဘာကြောင့်ကျတတ်ခဲ့တာလဲ ...၊

'အရက်မူးတော့ ကျွဲခိုးပေါ်သည်' တဲ့။ သူ့မှာ ခိုးဝှက်သိမ်းထားခဲ့တာတွေ ရှိလို့လား၊ မျက်ရည်တို့ရဲ့ လေညှာအရပ်ကို သူကိုယ်တိုင် မသိပေ..၊

သိနေတာက မှန်းနေခဲ့တဲ့မိန်းမကြောင့် သူ ငိုခဲ့ရသည်။ မာနတွေ ဒေါသတွေနှင့် တက်ခေါက်နေခဲ့သမျှ ကွယ်ရာမှာ ပုလင်းထောင်မိတိုင်း ယောကျ်ားတန်မယ့် သူ ငိုခဲ့ရ၏။

ဒီမိန်းမ သေဆုံးသွားခဲ့သည့်နောက် အားလုံး နိဂုံးချုပ်သွားခဲ့ပြီး ထင်ခဲ့ပေမယ့်လည်း သူ ငိုနေရဆဲ ...၊ သူမကို လွမ်းနေဆဲလား .. မုန်းနေတုန်းလား ...၊ ရင်ထဲမှာ ဘာမှမပြီးနိုင်သေးဘူးဆိုရင်တောင် ရှိုက်ငင်ငိုကြွေးရတဲ့အထိ ပူလောင်ပြင်းပြဖို့အချိန် မဟုတ်တော့ပေ ...။

ဒါပေမယ့် ရင်ထဲမှာ လှိုက်ခါ တုန်ယင်နေသည်။ တက်ခေါက်လိုက်လို့လည်း မပြေ။ အံကြိတ်ထားလို့လည်းမရ၊ အရက်ကို မသောက်ဘဲ ဖြတ်ထားနိုင်ခဲ့ပြီး ပြန်သောက်ဖြစ်သည့်အချိန်တွေကို ဆန်းစစ်ကြည့်လျှင် စာမျက်နှာ ကို ခေါင်းမဲ ထိုးကြိတ်ပစ်ခဲ့မိတိုင်း ...၊

ဒီကောင် ဘာကောင်လဲ ...၊ ဘယ်လောက်ထိ ငြိုငြင်နေပစေ ဖေစက်ကလေးမှ နောက်မဆုတ်..၊ ကြာလာတော့ တမင်တကာ အရွဲ့တိုက်ပြီး မလေးမစား လုပ်နေသည်ဟု ခံစားမိလာတဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ရှင့်သား မဟုတ်ဘူး၊ အဲဒါ ရှင် ဘာဖြစ်ချင်လဲ"

ဒါကိုပဲ မေ့မရရှိခဲ့လျက် စာမျက်နှာ ဆိုတာ သူ့ရင်ဘတ် ဘ
နေရာမှာမှ မရှိခဲ့တဲ့ကောင် ..၊ ဒါပေမယ့် လမ်းမရှိသည့်တောရိုင်းနေ
မှာတောင် တစ်ကြောင်းတည်း သွားပါများလျှင် ခြေရာထင်လာတ
သေးသည်။

မှန်းတီးနေသည့်ရင်ထဲမှာ စာမျက်နှာ ဆိုသည့် မျက်နှာတစ်ခု
အမုန်းတွေနဲ့ပဲ တစ်ရစ်ရစ် ပေါ်နေခဲ့၏။ သူ့ကို တစ်ခါထိုးကြိတ်မိ
အရက်သောက်ဖြစ်ခဲ့သည်လားလို့ တွေးမိလာပေမယ့် ဒီအဖြေကို
မသိချင်ပေ..၊ ဒီကောင်နဲ့ သူ ဘာမှမဆိုင်..၊

"အဖေ .."

တကျိုကျိုမြည်အောင် အံကြိတ်နေသည့်အေးမှာ ချစ်ဦး လာရပ်
ပြီးတော့ သက်ပြင်းရှည်ကြီးချလိုက်ပြီး သူ့ဘာသာ ခုံဆွဲထိုင်လိုက်ကာ

"အဖေ့သမီး လုပ်ချလိုက်ပြန်ပြီ"

ဘာဖြစ်လို့လဲဆိုသည့်မေးခွန်းတစ်ခုက အသံမပါဘဲ အကြည့်တွေ
ချစ်ဦး ထံရောက်လာ၏။ ချစ်ဦး သည် တစ်ခါမှမရှိခဲ့ဖူးသည့် နှုးညံ့ခြင်း
များနှင့်ဖအေကိုကြည့်ရင်း အရက်ပုလင်းတွေဆီ မျက်လုံးဝေ့သွားကာ

"အဖေ့သမီးက ရည်းစားတွေထားပြီး သုံးဖို့စွဲဖို့မရှိတိုင်း ကိုစာ့ ဆီ
က ပြေးတောင်းတယ်၊ သူ ရည်းစားထားတာကို ကိုစာ ကလည်း
ဆင်ခြင်ဖို့ပဲ အမြဲဆုံးမတယ်တဲ့၊ အဲဒါ အခု လက်ထပ်ဖို့ဖြစ်တာက တ
ယောက်ဆိုတော့ သူ့ဟာသူ မျက်နှာပူတာနဲ့ အဖေက ဖွတ်စိစဉ်လို့ မ
ရမှာ ဘာညာတွေ ရှိုးထားခဲ့တာ .."

ဦးခင်မောင် မျက်နှာ ဖြည်းလေးသည့်နှုန်းနှင့် ရှေပြန်လှည့်သွား၏။
ချစ်ဦး က ချထားသည့်ဖန်ခွက်နှုတ်ခမ်းကို လက်ချောင်းထိပ်နဲ့ ပွတ်
တိုက်ဆော့နေရင်း ...

"အဖေ့သမီးကိုက အလုပ်မဟုတ်တာတွေ များနေပြီ အဖေ သိ





လား ..၊ ဟိုတစ်ခါ ကိုစာ အထိုးခံရတာလည်း သူ့ကြောင့်ပဲ၊ ကျွန်တော်
က ကိုစာ့ ကို သိပ်ကြည့်ရလို့ ပြောနေတာ မဟုတ်ပါဘူး၊ ဒါပေမယ့်
ခဲ့တာတွေကို ပြန်ကြည့်ရင် ကိုစာ က စိတ်ကောင်းရှိတဲ့လူပါ၊ အဖေ
ချင်း မှားတာမှန်တာတွေနဲ့ မဆိုင်ဘဲ ပြောရရင် ကိုစာ့ ကို အဖေ
နေသရွေ့ အဖေချစ်တဲ့ အဖေ့သမီးကြီးကို အဖေ ဆုံးရှုံးနေရမှာပဲ၊
မောင်ကိုထိတော့ အဖေ့ကိုတောင် အဖေစာရင်း မသွင်းသလို နေခဲ့တာ
ဟုတ်ဘူးလား"

ဦးခင်မောင် တုတ်တုတ်မျှ မလှုပ် ..၊

"သေခါနီးတဲ့လူ အမြင်မှန်ရတယ်ဆိုတဲ့အတိုင်း ပြောရရင် ကျွန်
တော် သေတော့မသေသေးပေမယ့် နိုင်ငံခြားကို ထွက်တော့မှာ အဖေ"

ဦးခင်မောင် သူ့ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ချစ်ဦး က မျက်လွှာ
ချထားလိုက်ရင်း ...

"ကိုမျိုးဆက် က ကျွန်တော် နိုင်ငံခြားကိုထွက်နိုင်အောင် အစစ
အရာရာကူညီထားခဲ့လို့ ကျေးဇူးတင်ပေမယ့် ကိုစာ သိထားတဲ့အတိုင်း
တော့မဟုတ်ဆိုတာလည်း မသေချာပေမယ့် သိပ်တော့မဟုတ်ဘူးလို့
ကျွန်တော် ထင်တယ်"

ဘာတွေလဲ ..၊ ဦးခင်မောင် မျက်လုံးတွေမှာ ရီဝေခြင်းတွေ တစ်စ
တစ်စ ပျောက်ဆုံးလာခဲ့၏။

"မင်း ဘာပြောတာလဲ"

ဆိုသည့် တိုးလျသည့်မေးသံမှာ မူမမှန်ချင် ...။

"ချစ်ဦး .. ပြောလေ .."

"မသိဘူး အဖေ၊ ဒီလူရဲ့ဘက်ခ်ရောင်းက ခန့်မှန်းရခက်လောက်
အောင် ကြီးမားတယ်၊ သူ့ဌေးဆိုတဲ့စတိုင်နဲ့ သူ သုံးစွဲပုံတွေက ဘယ်သူ
မှ ဆရာခေါ်ဖို့ မလိုဘူး၊ ဒါပေမယ့် သူ ကြောက်ရတဲ့လူတွေ ရှိနေ
တယ်၊ ကျွန်တော် ခရီးထွက်ဖို့ကိစ္စနဲ့ သူနဲ့ ရက်ပိုင်းလောက် အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေထိုင်ခဲ့တာတွေမှာ အဲဒါတွေကို အကဲခတ်မိတာ၊ ဒါပေမယ့် ထင်မှမထင်တာ အဖေ၊ ကျွန်တော့်ခေါင်းထဲမှာ ဘာမှမရှိခဲ့ဘူး၊ အဖေ့ သမီးကိုယ်တိုင်က ဝန်ခံမှ ...”

“ဘာ!...”

“သူ့ယောက်ျား ဘယ်လိုလူမှန်း သူလည်း ဘာမှသေချာမသိရဘူး တဲ့၊ ဒါပေမယ့် မယူလို့မဖြစ်လို့ သူ လက်ထပ်ဖို့ ကြိုးစားခဲ့ရတာတဲ့ တစ်ခုတော့ မဆိုးဘူး ပြောရမှာပဲ၊ ကိုမျိုးဆက် က သူ့ကိုတော့ ချစ်တဲ့ ပုံစံပါ”

မောင်နှမမို့ အေးဆေး ဝေဖန် စဉ်းစားနေနိုင်ပေမယ့် မိဘတစ် ယောက် ရင်ထဲမှာတော့ ဗလောင်ဆူသွားခဲ့၏။

“ကိုစာ အိမ်ပေါ်ရောက်လာတုန်းက ‘နင့်ကို မကူညီနိုင်တာ ခွင့် လွှတ်ပါ’ လို့ပြောသွားတာ ကြည့်ပါလား၊ ကိုစာ က တမင်လာရှုပ်တာ မဟုတ်ဘူး၊ သူပြောတာတွေကို အဟုတ်ထင်ပြီး ဒီလူ့သတင်းတွေကိုပါ ကြားလို့ ...”

“တော်စမ်း .. ချစ်ဦး”

ဦးခင်မောင် ပိတ်အော်လိုက်တော့ ချစ်ဦး က နှာခေါင်းတွန့်သွား တဲ့အထိ မဲ့ကာ ...

“ကျွန်တော်ကလည်း ပြောချင်လွန်းလို့မဟုတ်ဘူး အဖေ၊ ကျွန် တော် ထွက်သွားပြီးရင် ကျန်ခဲ့တဲ့လူတွေ စိတ်ချမ်းသာပါစေလို့ စိတ် ကောင်းလေးနည်းနည်းဝင်ပြီး ပြောနေတာ ..၊ သွေးက စကားပြော တယ်ဆိုတဲ့ စကားဟာ အလကားရှိခဲ့တာ မဟုတ်လောက်ပါဘူး၊ ဘာ တွေပြောနေနေ ကိုစာ က အဖေ့သားပါ”

“ဟိတ်ကောင် ..”

“ပြောတာလေးတော့ နားထောင်လိုက်ပါ အဖေရာ .. အခု ကိုစာ လည်း ရှိနေတာ မဟုတ်ပါဘူး၊ သူ့အမေက အဲဒါ မင်းအဖေလို့ ပြောခဲ့





လို့သာ အဖေ့ကို အရိုးကွဲအောင် အရိုက်ခံပြီး အသည်းစွဲအောင်ချစ်နေ တာပါ၊ အဖေ လက်မခံပေမယ့် အဖေတို့အကြောင်း သိတဲ့လူတိုင်း ကိုစာ အဖေ့သားမှန်း ...”

“မင်း .. တော်တော့”

“ဝုန်း”

“ချွမ်း”

စားပွဲတစ်ခုလုံး တစ်ခြမ်းလုံးမြောက်ကြွပြီး ပုလင်းတွေ ဝုန်းဒိုင်း ကြဲကုန်မှ ချစ်ဦး အသံတိတ်သွား၏။ ထိတ်လန့်သလို ဖြစ်သွားသည့် မျက်နှာမှာ စိတ်ပျက်ခြင်းတွေ ဖြစ်လာခဲ့ပြီး နေရာမှထရပ်သည်။

“သွားပြီ ..၊ အဖေ နားထောင်နိုင်တဲ့အင်အားတောင် မရှိတော့ဘူး၊ ဒါတောင် သဘောမပေါက်သေးရင် အဖေ ခံပေါ့”

ထလည်းထ၊ ပြောတာကိုလည်း မရပ်ဘဲ ...

“အဖေ့ရင်ထဲမှာ မျိုသိပ်ထားတာတွေ များလွန်းပြီး အနည်းကျ ကျောက်တွေ ဖြစ်ကုန်ပြီ၊ အဲဒါကို ဂရုမစိုက်လို့ကတော့ ...”

ခေါင်းတခါခါ ဖြစ်သွားပြီးမှ ...

“ရှောစ် အကြီးကြီးနော် ..”

စိတ်ကောင်းလေးထားပြီး လာပြောပေမယ့် ကောင်းကောင်း လက် မခံတော့ မဲ့တာရွဲ့တာတွေဖြစ်ကုန်ကာ ချစ်ဦး ခေါင်းခါ ရှုံ့မဲ့နေဆဲနှင့်...

ဧရာမကြောက် ဘာမကြောက် ပါးစပ်က တိုးတိုးပြောသွားသေး သည်။ ‘ကျိန်တဲ့လူက ကျိန်သွားတာ နည်းသေးတယ်’



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃၈ ]

"ဘယ်လို!..."

ဆွေသင်း မျက်လုံးတွေ ပြူးကျယ်ကုန်၏။ အိပ်ချင်မူးတူးနှင့် ယောက်ျားကို ဆိုးနွဲ့ချင်သည့်စိတ်တွေ ပျောက်ကုန်လျက် အိပ်ရာထဲမှာပဲ ငေါက်ခနဲ ထထိုင်လိုက်မိသည်။

"သူတို့က လူကောင်းတွေ မဟုတ်ဘူးလား ..၊ ဒါဆို လူဆိုးတွေပေါ့"

"ဩော် .. မင်းကလည်း နားဝေးလိုက်တာ"

မျိုးဆက် က ခုတင်ပေါ်ကထကာ ရှစ်အင်္ကျီ ပြန်ဝတ်နေရင်း ...

"မင်းယောက်ျားကလည်း အဲဒီလိုလူပဲ၊ မင်း ဘာသိချင်သေးလဲ"

"ခုမှသိရတော့လည်း မထူးဘူးလေ ကိုကြီးရဲ့ .. ဒါပေမယ့် သေချာ ပြောပြစမ်းပါ၊ သူတို့က ဘာတွေလုပ်နေကြတာလဲ ..၊ ကိုကြီးနဲ့ ဘယ်လို ပတ်သက်နေတာလဲ"

မျိုးဆက် က အင်္ကျီကြယ်သီးတပ်နေရင်း ခုတင်ပေါ်မှာ နောက်ပြန်ထိုင်လိုက်၏။





"မင်း ဘာမှမသိချင်နဲ့ ဆွေ ..၊ သိပြီဆိုရင် အဲဒါ နှံ့နှစ်ပြီ မှတ်၊ သူတို့ ဘာလုပ်တာ၊ ဘယ်မှာနေတာ ဘယ်သူမှမသိဘူး၊ သိတဲ့လူလည်း အသက်မရှည်ဘူး"

"အဲလောက်တောင် .."

"ပိုသေးတယ်၊ အဲဒီတော့ သူတို့အလုပ် ဘယ်လောက်အရေးကြီးသလဲဆိုတာ မင်း မှန်းကြည့်ပေါ့၊ ငါ ဘာလုပ်နေနေ မင်း မသိသလိုပဲနေ၊ သူတို့နဲ့များ မတော်တဆ ငါနဲ့ဆုံတုန်း မင်းရှိနေရင် မသက်ဆိုင်သလိုလားတဲ့အကြည့်နဲ့ တစ်ချက်မှ မကြည့်မိစေနဲ့"

ဘုရားတရင်း ဆွေသင်း ပြူးနေသည့်မျက်လုံး နေရာမှမကျနိုင်။ အသံတိတ်သွားတော့ မျိုးဆက် က ပြန်လှည့်ကြည့်ပြီး ခေါင်းကို ချစ်စနိုး ပုတ်လိုက်၍ ...

"မင်း နေတတ်ရင် ကျေနပ်သွားမှာပါ၊ စပ်စုတာလေးတစ်ခုကိုပဲ ပင်း စွန့်လွှတ်လိုက်၊ လိုချင်တာအားလုံး မရတာ မရှိစေရဘူး"

"ကိုကြီးက သူတို့ခိုင်းတာ လုပ်ပေးနေရုံနဲ့ ဒီလိုချမ်းသာနေတာပေါ့ .. ဟုတ်လား .."

ဆွေသင်း က သူ ပြောနေတာကို စိတ်ဝင်စားပုံမရှိဘဲ ထပ်မေးလိုက်တော့ မျိုးဆက် မျက်နှာမှာ စိတ်မရှည်ခြင်းတွေဖြစ်သွားလျက်..

"မင်း တော်တော်မနေတတ်တဲ့ မိန်းမပဲ"

လို့ ပြောကာ ရှေ့မှထထွက်သွား၏။ ဆွေသင်း အိပ်ရာပေါ်ကနေ ပျောက်ကွယ်သွားဆဲဆဲဖြစ်သော သူ့နောက်ကို ပြေးလိုက်ခဲ့မိသည်။

ပြီးတော့...

"လင်နဲ့မယားပဲ ကိုကြီးရယ် .. အေးအတူပူအမျှပေါ့၊ လင်မယားကြားမှာ ကွယ်ဝှက်ထိမ်ချန်မထားသင့်ပါဘူး၊ ကိုကြီး ဘေးဒုက္ခဖြစ်ရင် ဆွေ က ထိုင်ကြည့်နေပါ့မလား"

လျှောက်နေသည့်ခြေလှမ်းက ဆွေသင်း ကြောင့် မဟုတ်ဘဲ မှန်း



www.burmeseclassic.com

www.burmeseclassic.com



မြည်သံကြောင့် တုံ့ခနဲ ရပ်သွား၏။ ဒါပေမယ့် ရုတ်တရက် ဖုန်းမကိုင်ဖြစ်ဘဲ ...

"ငါ ဘာမှဖြစ်ဖို့မရှိဘူး ဆွေသင်း ..၊ မင်း ဖြစ်မှာစိုးလို့ ပြောတာ၊ ပြီးတော့ ငါလည်း ငါလုပ်ရတဲ့အပိုင်းကလွဲပြီး ဘာမှမသိဘူး၊ မင်း ငါ့ကို ဘယ်လောက်ယုံပြီး ဘယ်လောက်ထိ အားကိုးနေသလဲဆိုတာ သိလို့ သနားပြီး လက်ထပ်ခဲ့တာ၊ ဒီကိစ္စကိုတောင် သူတို့သိရင် ကျေနပ်မှာ မဟုတ်ဘူး"

"ဘယ်လို!..."

"ဖယ်စမ်းပါကွာ .. ပြောလေ ရှုပ်လေ ဖြစ်နေမှာပဲ၊ မင်း ဘာမှ သိမှာ မဟုတ်ဘူး၊ မေးမနေနဲ့"

ပခုံးကို ခပ်ဖိဖိတွန်းဖယ်ကာ ဖုန်းကိုင်ဖို့လုပ်တော့ ဆွေသင်း က ရှေ့က ကာထားကာ ...

"သနားလို့ .. ဟုတ်လား ကိုကြီး၊ ဆွေ့ ကို လုံးဝမချစ်ဘူးပေါ့"

"ဟ .. မချစ်ဘဲနဲ့တော့ ဟုတ်မလားကွ၊ မင်း ဘယ်လောက် ချမ်းသာချင်တယ်၊ ငါ့ကို အထင်တကြီးဖြစ်နေတယ်ဆိုတာ အသိသာကြီး အဲဒီလို သိသာအောင် ဖြစ်နေတာကိုပဲ မင်းရဲ့ ရိုးသားမှုလို့မြင်ပြီး ငါ သနားခဲ့တာ၊ ဒီမှာ .. စုခေတ်မှာ ငွေရှိဖို့ပဲ လိုတာ ..၊ ငွေရှိနေရင် မင်း ထက်အများကြီးချောတဲ့ မိန်းကလေးတွေကို လက်ဖျစ်တစ်ချက်တီး တစ်ယောက် ရတယ်၊ အပိုင်ဝယ်ပြီး ပခုံးပေါ်ထမ်းတင်ထားဖို့ မလိုဘူး"

ဆွေသင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြကာ ...

"ချမ်းသာချင်တာလည်း အေးအေးချမ်းချမ်း သာသာယာယာရှိနေမှ အဓိပ္ပာယ်ရှိမှာပေါ့၊ အသက်ကို ဖက်နဲ့ထုပ်ပြီး စိန်တွေရွှေတွေ သီးနေရရင် ဘာလုပ်မှာလဲ"

"အသက်ကို ဖက်နဲ့မထုပ်ချင်ရင် နောက်ထပ် မစပ်စုနဲ့၊ ဖယ် ပေး .."





ဒီတစ်ခါ တွန်းဖယ်လိုက်တော့ ဆွေသင်း ယိမ်းယိုင်သွားကာ သူက ဖုန်းကိုင်၏။

"ဟလို .."

"ဒီလောက်အကြာကြီး ဖုန်းမကိုင်တာ ဘာဖြစ်နေလို့လဲ ရွှေကျေး"

အဖွဲ့သားချင်း စကားပြောလျှင် နာမည်ရင်းတွေ မသုံးကြတာမို့ ဘယ်သူဆက်တာလဲဆိုတာ သူ သိလိုက်သည်။

"ဆရာ .. ကျွန်တော်တို့က .."

"တော်ပြီ .. တော်ပြီ၊ ငါ မင်းဆီက အကြောင်းပြချက် တောင်းနေတာ မဟုတ်ဘူး၊ ငါတို့ကလည်း အိမ်ထောင်မပြုရလို့ တားမြစ်ချက် ထုတ်မထားမိတော့ ထားလိုက်ပါ၊ ဒါပေမယ့် ကိုယ်လုပ်နေတဲ့အလုပ် အကြောင်း မင်း နားလည်ရင်တော့ စဉ်းစားသင့်တာပေါ့ကွ"

"စဉ်းစားပါတယ် ဆရာ၊ သူ့အတွက် လုံးဝစိတ်ချပါ၊ ကျွန်တော် သူ့ကို တာဝန်ယူ .."

"အိုခေ .. ရပြီ၊ မင်း တာဝန်ယူရမှာပဲ၊ ဒါပေမယ့် ဘာတာဝန်လဲ ဆိုတာတော့ အချိန်တန်မှ သိရမယ်၊ အဲဒါ ငါလည်း ပြောခွင့်မရှိဘူး၊ ဒို့နေ့ကျရင်တော့ တည်ချက်မှာ ဆုံမယ် .. ဒါပဲ"

ဖုန်းချသွားတာ ဂွပ်ခနဲ မြည်၏။ သူ ဖုန်းချလိုက်ရင်း ဆွေသင်း ဆီ ငုံ့ကြည့်မိသည်။ မျက်ရည်မခြောက်သေးသည့် မျက်လုံးလေးတွေ အဝိုင်းသားနှင့်...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၉ ]

အလုပ်သွားမလို့ ပြင်ဆင်ပြီးတာတောင် မသွားနိုင်ဘဲ မျက်နှာချောင်ချောင်လေးနှင့် ဧည့်ခန်းမှာထိုင်နေသည့် စာမျက်နှာ အေးမှာဝင်ထိုင်လိုက်မိသည်။

"မောင်လေးကို ညက မမပြောထားတာ နားထောင်မယ်မို့လားဟင် .."

တက်ကြွခြင်းမရှိသည့် မျက်လုံးတွေ မခ ဆီ ရောက်လာသည်။ ပြီးတော့ ရှေ့ပြန်လှည့်သွား၏။

"မောင်လေး ..."

လွှယ်ထားသည့် ဆလင်းဘက်ခ်ကိုပါ စားပွဲပေါ်ချလိုက်မိသည်။ မတုန်မလှုပ်ဖြစ်နေသည့်လက်မောင်းကို ဆွဲလွဲခါပစ်လိုက်မိသည်။

"မမ သွားရတာ မဖြောင့်အောင် မလုပ်ပါနဲ့ မျက်နှာ ရယ် - ပြောစမ်းပါ၊ မောင်လေး အဖေ့ဆီ မသွားဘဲနေမယ်မို့လား၊ နီးနေနေ ဝေးနေနေ အဖေ လို့ ခေါ်လိုက်ရသည်ဖြစ်စေ .. မခေါ်ရသည်ဖြစ်စေ အဖေက ရှိနေတာပဲ မောင်လေးရယ် .. မင်း သွားလိုက်တိုင်း အဖေ့ဆီက ရရလာတာ မင်းလိုချင်တဲ့ မေတ္တာတွေလား .."





စာမျက်နှာ သည် အတိတ်မေ့နေသူလို မခ ဆွဲကိုင်လှုပ်နေသည့်အတိုင်း ဟိုဘက်ဒီဘက် ယိမ်းယိုင်နေတာပဲရှိကာ ဘာမှပြန်မပြော။

"မင်းကို မမ မတားတော့ပါဘူး၊ တစ်သက်လုံး မေ့လိုက်ဖို့မဟုတ်ဘဲ အခြေအနေ အချိန်အခါလေးတစ်ခုကို စောင့်နေလိုက်ရုံပဲ၊ ရေပြင်ပေါ်မှာတင်နေတဲ့ ပစ္စည်းတစ်ခုကို လိုချင်ရင် ရေကို ဂယက်ထအောင် မလုပ်ရဘူး၊ ဂယက်ထလေ ဝေးလေဖြစ်မှာကို အရင် သိထားရမယ်၊ မောင်လေး ဒီလောက်ထိ ကိုယ်တိုင်ခံစားလာခဲ့ရတာ နားမလည်နိုင်ဘူးလားဟင်"

"နားမလည်ဘူးလို့ပဲ ထားလိုက်ပါ မမရာ .. မောင်လေးကို နားမချပါနဲ့၊ အဖေ့ကို မောင်လေးချစ်တယ် .. အဖေက ချစ်ချစ်မချစ်ချစ် ချစ်တယ်၊ အဖေ့ကို ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ထားချင်တာ၊ ချစ်ဦး တို့ ဆွေသင်း တို့ကြောင့် အဖေ ရုန်းကန်ပင်ပန်းနေရတာကို ဘယ်လိုမှ မကြည့်ရက်ဘူး"

"မောင်လေး ..."

မခ က ဒဏ်ရာတို့၏ ရုပ်ကြွင်းတချို့ရှိနေသေးသည့် စာမျက်နှာရဲ့မျက်နှာကို မျက်ရည်ဝေ့ဝေ့နှင့် ငေးကြည့်ကာ ...

"ဒါဆို မမတို့ ဘဏ်မှာအပ်ထားတဲ့ ပိုက်ဆံတွေထဲက မောင်လေး ကြိုက်သလောက် .. အို .. အကုန်လုံးဖြစ်ဖြစ် အဖေ့ကိုပေးလိုက်ကွာ .. အဖေက မမတို့ရဲ့အဖေပါ၊ မမ ကျေနပ်တယ်၊ မောင်လေးလည်း စိတ်ချမ်းသာသွားမယ်မို့လား၊ အဖေတို့ အဲဒီငွေနဲ့ ပြေလည်သွားကြရင် မင်း မမြင်ချင်တဲ့ ရုန်းကန်ခြင်းတွေ အဖေ မလုပ်ရတော့ဘူးပေါ့ .. မဟုတ်ဘူးလား၊ မမကို မောင်လေး ကတိတစ်ခုပဲ ပေး.."

အံ့ဩသည့်အကြည့်နှင့် စာမျက်နှာ အကြာကြီး ကြည့်နေ၏။ ပြီးတော့ မျက်နှာမှာ ပျော်ရွှင်ခြင်း၊ နာကျင်ခြင်း စသည့်ခံစားချက်တွေ ရှုပ်တိုက်ပြေးလွှားနေခဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မမ ..."

"မမအတွက်ရောလို့ မင်း ပြောမလို့လား၊ မလိုပါဘူး မောင်လေးရယ် .. မမတို့မောင်နှမ မဆင်းရဲဖူးတာမှ မဟုတ်ဘဲ၊ အခု ဒီငွေတွေ မရှိလို့လည်း ဒီ့ထက်ပိုပြီး အခြေအနေဆိုးမသွားနိုင်ပါဘူး၊ အမေကိုယ်တိုင် နူးညံ့ကြင်နာမှုမပေးခဲ့ဘဲ ဒီငွေတွေကျန်ခဲ့တာကို မောင်လေးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခဲ့တာ မဟုတ်ဘူး၊ မမလည်း လောဘတကြီး မမက်မောပါဘူး၊ မိဘကို ထောက်ပံ့ကျွေးမွေးရတာမို့လို့ ကုသိုလ်လည်း ရတယ်၊ အားလုံးပေးလိုက်ပါ"

"မဟုတ်သေးဘူး မမ၊ မမ ခွင့်ပြုမယ်ဆိုရင် မောင်လေးဝေစုလို့ သတ်မှတ်တဲ့ တစ်ဝက်လောက်ပဲ အဖေ့ကို ..."

မခ က မျက်ရည်ဝေ့နေရင်း ရယ်လိုက်ပြီး စာမျက်နှာ ခေါင်းကို ကလေးလို ဖိမွှတ်ပစ်လိုက်သည်။ ပြီးတော့ ကိုယ့်ထက်မြင့်နေသည့် ခေါင်းကိုပဲ ဆွဲယူကာ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်၏ ...

"မောင်လေးရယ် .. မင်းကလေ .. အဖေနဲ့ပတ်သက်လာရင် နို့သက်ခံဖို့စောင့်နေတဲ့ ကလေးလေးလိုပဲ"

မောင်နှမနှစ်ယောက်စလုံး ငိုနေသည့်မျက်ဝန်းတွေနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး ရယ်မိကြသည်။

"ဟုတ်ပြီ .. မောင်လေး စိတ်ချမ်းသာသလို လုပ်ပေးမယ်၊ နောက်ဆို အကြောင်းကြီးငယ် မရှိဘဲ မမကိုလည်း အသိမပေးဘဲ အဖေ့ဆီ မသွားပါဘူးလို့ ကတိပေး .."

"ပေးပါ့မယ် .. ခုလည်း မမ အလုပ် ဖြောင့်ဖြောင့်သွားပါ၊ ပြီးတော့ ..."

မခ ခေါင်းညိတ်ပြီး တစ်ရှူးလေးနဲ့ မျက်ဝန်းထောင့်တွေကို တို့သုတ်နေစဉ် 'ပြီးတော့ ..' ဆိုပြီး နောက်ထပ် ဘာစကားမှ ထပ်မဆိုသဖြင့် ...





"ဘာလဲ .. ပြီးတော့ ဆိုတာက .."

ပြန်လှည့်မေးတော့ စာမျက်နှာ က မျက်လုံးတွေ ဟိုလွှဲဒီလွှဲနှင့်...

"မဟုတ်ပါဘူး၊ ဟို .. သူ့ဒွေးက မမကို .."

"ကြည့်စမ်း .. အဲဒါတွေ မောင်လေးက ဘယ်လိုလုပ် သိသွားတာလဲ"

"မမ အလုပ်ထွက်ချင်တယ် ပြောတုန်းကတည်းက ဒီလိုကိစ္စပဲဆိုတာ မောင်လေး တွေးမိတာပါ၊ အခု .. ဆု က ပြောတာ"

မခ ဖျတ်ခနဲ မျက်နှာလွှဲပစ်သည်။ ကိုယ်က အကြီးဖြစ်ပြီး ဒီလိုကိစ္စတွေကို မောင်တစ်ယောက်က ပြောလာတာ မျက်နှာပူမိ၏။

"မောင်လေးက မမကို ကဲ့ရဲ့ချင်လို့ မဟုတ်ပါဘူး၊ မမ သိက္ခာရှိရှိ နေတတ်တာကို မောင်လေး သိတယ်၊ ဆု ကလည်း သူ့အစ်ကိုဘက်က တစ်ဖက်သတ် ဘယ်လောက်ချစ် ..."

"တော်ပါတော့ မောင်လေးရယ် .. မမ အဲဒါကို လုံးဝ စိတ်မဝင်စားဘူး၊ အချစ်ဆိုရင် အခု မောင်လေးနဲ့မမတို့ ချစ်ကြဟာလေ၊ အဲဒီအချစ်လောက် ဘယ်အချစ်မှ မအေးချမ်းဘူး၊ အဖေနဲ့ အမေတို့ရဲ့ အိမ်ထောင်ရေးမီးတောင်ကြီးဟာ တို့မောင်နှမအတွက် ဘယ်တော့မှ အချစ်မီး မမွေးမိဖို့ ထာဝရလောင်မြိုက်နေမယ့် သတိပေး မီးတောင်ကြီးပဲ"

မခ ရဲ့ ပြုံးရယ်ခြင်းတို့အားလုံး ဆိတ်သုဉ်းသွားခဲ့ပြီး ...

"အမေဟာ ယောကျ်ားတစ်ယောက်ရဲ့ ဥပေက္ခာနဲ့ပြိုင်ပြီး ကိုယ့်ရင်သွေးတွေကိုတောင် ချစ်လျက်နဲ့ ပစ်ပယ်ထားခဲ့တယ်၊ ဒါပေမယ့် သူ ဘယ်လိုပဲ ပြိုင်ဆိုင်နေပစေ .. မိခင်စိတ်ကို လုံးဝ ထုတ်နုတ်မပစ်နိုင်ခဲ့တဲ့အတွက် မမတို့ဘေးမှာ အရိပ်မိုးပြီး ထာဝရအဖြစ် ရှိနေပေးခဲ့တယ်၊ မာနတွေပြိုင်ပြီး မဟုတ်တာကို ဟုတ်သလို ရွဲ့ပြောခဲ့ဘဲ်တာတို့ မဟုတ်သလို ခြေနဲ့ ပတ်ဝန်းကျင်မှာ သွားပုပ်လေလွင့်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ဘွေလည်း ခံခဲ့ရတာပဲ၊ အဖေက စွပ်စွဲလေ၊ အမေကရွဲ့လေ ဖြစ်ခဲ့တာ ဒါတွေရှိခဲ့ပေမယ့်လည်း တို့မောင်နှမ ပထွေးကို အဖေ မခေါ်ခဲ့ရဘူး မိန်းမတစ်ယောက်ရဲ့ ချို့ယွင်းချက်က အဲဒါပဲ မောင်လေးရဲ့"

မိခင်တစ်ယောက်ရဲ့ မေတ္တာပမာဏတွေကို တိုင်းတာရေရွတ်နေရင်း တကယ်လောင်မြိုက်လာသည့် သောကမီးကြောင့် မျက်ရည်ဝေမိပြန်သည်။

"တကယ် အကျင့်ပျက်တာဖြစ်ဖြစ်၊ ရွဲ့တာပဲဖြစ်ဖြစ် မိခင်စိတ်ကတော့ ရှိနေကြတာပဲလေ၊ မမ ပြောချင်တာက အိမ်ထောင်တစ်ခုမှာ ဖွဲ့စည်းမှုမှားယွင်းပြီဆိုရင် အများဆုံးပေးဆပ်ကြရတာ မိန်းမပဲ၊ နစ်နာတဲ့ဘက်မှာ အမြဲရှိနေတဲ့အတွက် မမက အိမ်ထောင်ရေးကို ခေါင်းထဲထည့်ဖို့ ဘယ်တော့မှ စိတ်ကူးမှာမဟုတ်ဘူး"

"မမရယ် ..."

"ဘာလဲ .. လူတိုင်း ဒီလိုကံမဆိုးနိုင်ဘူးလို့ ပြောမလို့လား"

စာမျက်နှာ ဘာမှမပြောရသေးဘဲ မခ က ဆက်မပြောနိုင်အောင် ခေါင်းခါလိုက်၏။

"ယောကျ်ားနဲ့အပြိုင် လိုက်ရွဲ့တော့ ပတ်ဝန်းကျင်မှာ ပိုးထိုး လောက်ကိုက်ဖြစ်အောင် ကဲ့ရဲ့ခံရတယ်၊ ကိုယ်တိုင်တရော .. သား သမီးကို ယောကျ်ားရဲ့ဥပေက္ခာမျိုး ထားနိုင်ခဲ့တာမှမဟုတ်တာ၊ အဲဒီလို ဟိုမရောက်ဒီမရောက် ဥပေက္ခာနဲ့ သံယောဇဉ်ကြားမှာ နှံ့နှစ်ရတဲ့ အမေ လိုဘဝမျိုး မမ ဘယ်တော့မှ အရောက်မခံဘူး"

"ဒါဆို မမက အပျိုကြီးပဲ လုပ်သွားမှာလား"

"ဟုတ်တယ်၊ မောင်လေးကတော့ ယောကျ်ားလေးဖြစ်တဲ့အပြင် မမမောင်ရဲ့စိတ်ဓာတ် သိမ်မွေ့နူးညံ့တာကို မမ နားလည်ပြီးသားလေ အဲဒါကြောင့် ဆု အတွက် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်မှာပဲလို့ ယုံကြည်တယ်၊ အဖေနဲ့အမေတို့ရဲ့ အိမ်ထောင်ရေးဂယက်ကို မောင်





လေးက အရိုးစွဲနေစရာ မလိုဘူး"

"မောင်လေးက ဆု ကို သဘောကျနေမှာပဲလို့ မမ ထင်နေတာလား"

"ထင်တယ်၊ မောင်လေး ဆု ကို ဘယ်လိုပုံစံနဲ့ ချစ်နိုင်မချစ်နိုင် မသိပေမယ့် သံယောဇဉ်တော့ ရှိနေမှာပါ"

ပြောနေရင်း အကဲခတ်လိုက်တော့ စာမျက်နှာ ဘာမှမဖြေဘဲ မျက်နှာလွှဲသွား၏။ မခ စိုစွတ်နေဆဲမျက်တောင်တွေကို လက်ခုံနဲ့ အသာလေး ထိကပ်ပွတ်ကာ ...

"ဆု က မမကို အကုန်လုံး ရင်ဖွင့်ထားတယ်၊ မင်းကို မမရဲ့ မောင်လေးမှန်း မသိခင်ကတည်းက သူချစ်နေတဲ့ ကောင်လေးတစ်ယောက်အကြောင်း ပြောပြခဲ့တာ ..၊ မင်းကို သူ အထင်မြင်သေးခြင်းလုံးဝကင်းပြီး ခင်မင်တွယ်တာတဲ့စိတ်နဲ့ ချစ်နေတာ၊ အဲဒါ သေချာတယ်၊ သူ့ရဲ့အစ်ကိုကလည်း မောက်မာတဲ့သူ မဟုတ်ဘူးလို့ မမ ထင်တယ်၊ မောင်လေးအတွက် စိတ်ဆင်းရဲရမယ့် အိမ်ထောင်ရေးမျိုး ဖြစ်မလာနိုင်ပါဘူး"

"ရယ်စရာတော့ ကောင်းနေပြီ"

"ဘာ!..."

စာမျက်နှာ က မခ ရဲ့ပခုံးလေးကို ဖက်ထားလိုက်ပြီး နဖူးချင်း မထိတထိတိုက်၍ ရယ်သည်။

"ဟုတ်တယ် .. မောင်လေးကလည်း ယောကျ်ားလေးပဲလေ၊ ခုတောင်မှ အလုပ်ကို အချိန်ပြည့်ဆင်းရင်းနဲ့ အလုပ်ထဲမှာပဲ အိပ်လို့ရတယ်၊ မမကိုပဲ စိတ်မချဖြစ်နေမိတာ"

ကိုယ့်ဘက်လှည့်လာမှာကို သိလိုက်သဖြင့် မခ မျက်စောင်းအေး ရှယ်ပြီး ငေးကြည့်နေ၏။ စာမျက်နှာ က မျက်နှာချိုသွေးသလို ရယ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မမက အရမ်းလှတာ၊ အပျိုကြီးလုပ်တော့မယ်လို့ မမ ဘယ်လောက်ပဲ ပြတ်သားစွာ ဆုံးဖြတ်နေနေ၊ အဲဒါကို ခွင့်မပြုနိုင်တဲ့လူတွေက ကြံဖန် နှောင့်ယှက်မလာဘူးလို့ ပြောနိုင်မလား၊ အလံမရှိတဲ့ ရထား၊ တံခွန်မရှိတဲ့ .. အဲ .. ဘာဆိုလား"

"မပြောတတ်ဘဲနဲ့ကွာ .. တော်စမ်းပါ၊ မမ အလုပ်သွားတော့မယ်"

"နေပါဦး .."

မခ က ထရပ်လိုက်လျှင် စာမျက်နှာ က လက်ကိုဆွဲထား၍ မော့ကြည့်ကာ ...

"မမ သူ့ဘက်လှည့်လာလို့ ပြေးပြီ တွေ့လား"

"ဘာမှမဟုတ်ဘူး၊ နောက်ကျမှာစိုးလို့ .."

"နောက်ကျတော့လည်း မမကို ဆူမယ့်သူ မရှိပါဘူး"

"မောင်လေးနော် .."

"မမရာ .. မမရဲ့သူဌေးကို ဆု ရဲ့အစ်ကိုအနေနဲ့ကျတော့ မမ အကောင်းမြင်နေသားနဲ့ ကိုယ့်အတွက်ကျမှ .."

"မောင်လေး ..."

မခ မျက်နှာ တကယ်တည်သွားတော့ စာမျက်နှာ ကိုင်ထားသည့် လက်ကိုလွှတ်၍ ဆံပင်သပ်လိုက်၊ နဖူးပွတ်လိုက်။

ဒီလိုကျတော့လည်း မခ စိတ်မကောင်းဖြစ်သွား၏။ မောင်လေး မျက်နှာ ကြည်ကြည်လင်လင်လေး ကျန်ခဲ့မှ သူ့မ ဖြောင့်ဖြောင့်သွားနိုင်မှာ ဖြစ်သည်။

"မဆိုင်တာတွေ ပြောမနေနဲ့တော့၊ မမက မောင်လေးကိုတောင် အရိပ်တကြည့်ကြည့်နဲ့ ချစ်လို့မဝသေးဘူး၊ အိမ်ထောင်ရေးကို ခေါင်းထဲ ထည့်စရာလား .."

ပြန်ဖြေပေမယ့် စာမျက်နှာ မျက်ဝန်းလေးတွေက စောစောကလို



ရယ်မြူးရိပ်တွေ ကျဲပါးသွားပြီဖြစ်၏။

မခ စိတ်ဆင်းရဲသွားသည်။ ထိုစဉ် ...

"မမ ..."

"ဟယ် .. ဆု"

စောစောစီးစီး ဆု ကို မြင်လိုက်ရသဖြင့် အံ့ဩရုံမကဘဲ မခ အကြီးအကျယ် ဝမ်းသာသွားသည်။ မောင်လေး စိတ်ပြောင်းသွားမှာပါ ..၊

"လာလေ .. ညီမလေး၊ တစ်ယောက်တည်းလား"

"ဟုတ် .. မမ"

ဆု က အဖြူနဲ့အပြာနုလေးတွေ ရစ်သိုင်းနေသည့် အင်္ကျီခါးရှည်၊ ဘောင်းဘီရှည် အပြာနုကျပ်ကျပ်လေးနဲ့မို့ ကောင်းကင်ဆန်ဆန်လေး လှနေ၏။

ပြီးတော့ မျက်ရစ်လေးတွေ၊ မျက်တောင်ကော့လေးတွေမှာပါ အပြာရောင်လက်နေသည်။ လက်ကောက်နှင့် နားကပ်ပန်းပွင့်လေးတွေကလည်း အပြာရောင် ..။

"ညီမလေးက အရမ်းလှနေတာပဲ၊ စောစောစီးစီး သွားစရာရှိလို့ပဲ ဖြစ်ရမယ်၊ မောင်လေးကို လိုက်ပို့ခိုင်းဖို့ လာခေါ်တာလား၊ ဒီနေ့ မနက်ပိုင်း နားရမယ့်နေ့ဖြစ်ပေမယ့် သူ အိပ်ပြီးနေပြီ"

ရှေ့ကချည်းပြောပြီး စီရင်ချက်တွေပါ ထည့်သွင်းမိန့်ကြားသွားသဖြင့် စာမျက်နှာ က မသိမသာ ခေါင်းကုတ်၍ မျက်နှာငုံ့သွား၏။ ဆု က သူ့မျက်နှာကို သေချာလိုက်ကြည့်နေရင်း ...

"သွားစရာတော့ မရှိပါဘူး၊ ဟိုလေ .. ကိုကိုက ညနေပိုင်း အလုပ်ဆင်းရင် စာရင်းကိုင်ကြီးဆီက ဖိုင်အားလုံးယူခဲ့ပြီး အိမ်ကိုလာခဲ့ဖို့ စာမျက်နှာ ကို ပြောခိုင်းလို့ပါ"

"ဟင်!..."

မှင်မပျက်နေလိုက်ရပေမယ့် အံ့ဩသွားသည့်စိတ်က ဆု ကို

www.burmeseclassic.com

www.burmeseclassic.com



အားနာဖို့တောင် မေ့သွားခဲ့၏။ ရလဒ်ကောင်း ပြောခဲ့တာကို သတိရ လိုက်၍ ...

"မင်းတို့မောင်နှမနဲ့ ကိုယ်တို့မောင်နှမလက်ထက်မှာ ထုံးစံတွေ ကလနားတွေကို ပြောင်းပြန်ပြင်ရဖို့တော့ သေချာနေပြီထင်တယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ အစ်မလိုပဲ မောင်ကလည်း နေစိမ့်ဖို့သေချာနေတော့ မနေတတ်တဲ့ ညီမအတွက် အစ်ကိုဖြစ်တဲ့သူက ရှေ့မျက်နှာ နောက် ထားရတော့မှာ ..၊ ဒါပေမယ့် ကိုယ်မရှက်တတ်အောင် ကြိုးစားမှာပါ၊ တစ်ခေတ်မှာတစ်ခါ ကြုံရခဲ့တဲ့ .. မချစ်တတ်တဲ့ အသည်းရိုင်းပိုင်ရှင် တွေဆိုတော့လေ .." တဲ့။

ဒါ အလုပ်အတွက် သက်သက်ခေါ်တာလား၊ မောင်လေးကို အနီး ကပ် သေချာလေ့လာချင်လို့ ခြေလှမ်းပြင်လိုက်တာလား၊ ဘာမှတော့ မသေချာပေမယ့် ...

"ဟုတ်လား.. ကောင်းတာပေါ့၊ မောင်လေးလည်း သိပ်နေမကောင်း တာနဲ့ အိမ်မှာအလုပ်လုပ်ရရင် သက်သောင့်သက်သာရှိမှာပဲ၊ ညီမလေး ရော .. အေးဆေးနေဦးလေ၊ နောက်ဖေးခန်းထဲမှာ စားစရာတွေ ရှိတယ်၊ အဆင်သင့်တော့ မဟုတ်ဘူး၊ ကြိုက်တာ သွားလုပ်စားနော်"

"ဟုတ် .."

ဆု က မနေတတ်သည့်မျက်နှာလေးနှင့် ခေါင်းညိတ်၍ စာမျက် နှာ ကိုလည်း ကြည့်သည်။ နှစ်ယောက်တည်းကျန်ခဲ့သည်နှင့် မျက်လုံး ချင်းဆုံသွားကာ ...

"ကားပါလား"

"ပါတာပေါ့၊ ငါက ဒီအတိုင်းလာပါ့မလား"

"မဟုတ်ဘူး .. ဒရိုင်ဘာပါလား မေးတာ"

"မပါပါဘူး၊ ဘာလဲ .. ပြန်လွှတ်ဦးမလို့လား"

"ပြန်တော့ ပြန်သင့်တာပေါ့၊ မမ ထွက်သွားတာနဲ့ ငါတို့နှစ်





ယောက်တည်း ကျန်ခဲ့မှာကို ပတ်ဝန်းကျင်က သိကြမှာ၊ နင် သိက္ခာ ကျမှာစိုးလို့ .."

ဆု မျက်နှာလေး တင်းခနဲဖြစ်သွားကာ သူ့ဘေးမှာပဲ ဆတ်ခနဲ ထိုင်ချလိုက်၏။

"ကျမေ့စေ .. နင့်တန်ဖိုးတွေ ပိုကြီးသွားတာပေါ့၊ သူဌေးကောင် မလေးက တကောက်ကောက်လိုက်နေရတယ်ဆိုပြီးတော့ ..."

စာမျက်နှာ မျက်မှောင်ကုပ်ကြည့်တော့ ဆု က မျက်စောင်းထိုး သည်။ ပြီးတော့ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာလျက် ချက်ချင်းကြီး ငိုချပစ်လိုက်သည်။

"ဟာ!... ပြဿနာပဲ ဆု ရာ .. မျက်လုံးမှာ ခြယ်ထားတာတွေ မျက်ကုန်ပြီ၊ မလှဘဲနေတော့မယ် .. ဘာဖြစ်သွားတာလဲ၊ ငိုစရာမဟုတ် တာကို .."

လက်မောင်းလေးကို ဆွဲလှည့်ပြီး မျက်ရည်သုတ်ပေးတော့လည်း ဆု က ငိုနေရင်း ငြိမ်သက်စွာ ခံယူနေရှာကာ ...

"ငိုစရာမို့လို့ ငိုတာပေါ့၊ နင် ငါ့ကိုဆို သူတောင်းစား နှင်သလို ခွေးမောင်းသလို ..."

"ဟာ!..."

"အလှူခံ အိမ်ရှေ့ရပ်တာမြင်လို့ ရှုံ့မဲ့သွားတာမျိုး ..."

"လုပ်ပြီကွာ .."

"အသံကြားတာနဲ့ လှည့်ပြေးဖို့ပြင်ရတဲ့ ခွေးရူးတစ်ကောင်လို.."

"ဟား!... တော်ပါတော့ကွာ၊ ဘာကစပြီး ဖြေရှင်းရမှန်းကို မသိ တော့ဘူး"

မျက်ရည်သုတ်ပေးသည့်လက်တွေကို ပြန်ရုတ်ပြီး တည့်တည့် ကြည့်ထိုင်လိုက်တော့ ဆု ကပဲ ပခုံးချင်းတိုက်ပစ်လိုက်ကာ ...

"စာမျက်နှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"နှင် အဲဒီလို မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး ထင်ရင်လည်း ပြေပြေလည်လည် အရင်မေးပါလား ဆု ရာ .. စုံအောင်စေ့အောင်ပြောပြီး ငိုချလိုက်တာ မျက်ရည်တွေမှ ဟုတ်ရဲ့လားတောင် ထင်ရတယ်၊ အဟုတ် .."

"အဟွန်း .."

မျက်ရည်တွေနဲ့ ပူးတွဲနေဆဲ မျက်တောင်တွေကို တဖျပ်ဖျပ်ခတ်ရင်း ရယ်လိုက်တော့ စာမျက်နှာ အလန့်တကြား လှည့်ကြည့်မိသည်။

"ဘာလဲ .. ငါ့ကို ရူးသွားပြီထင်လို့လား"

"မထင်ပါဘူး .. လုံးဝ မထင်ဘူး၊ ထပ်တော့ မငိုလိုက်ပါနဲ့"

"ငိုတာကို မကြည့်ရက်လို့လား .. နားငြီးလို့လား"

လာပြန်ပြီ ..၊ မေးခွန်းတစ်ခု ကြားရတိုင်း ခေါင်းကြိုးနေရသည်မို့ ...

"ဘာမှမဟုတ်ဘူး၊ နှင် အလုပျက်ကုန်မှာစိုးလို့၊ ပြီးတော့ ငါ ခဏခဏငိုနဲ့ရလို့ ထင်တယ်၊ သူများငိုတာကို ငါ မမြင်ချင်ဘူး"

ကျေနပ်စရာအဖြေမဟုတ်ပေမယ့် ဆု က ကျေနပ်စရာလို့ပဲ မှတ်ယူကာ ဝင်လာကတည်းက လှမ်းတင်ထားခဲ့သည့် အသည်းပုံစုဘူးလေးကို ဖျတ်ခနဲ ထယူလိုက်၏။ ပြီးမှ အနားမှာ ပြန်ထိုင်လိုက်ပြီး...

"ဒီနေ့ နှင် စုဘူးထဲကို ပိုက်ဆံထည့်မှာမို့လား၊ ငါ ယူလာခဲ့တယ်"

"ဘာလဲ .. ငါ ဒီနေ့မထည့်ဘူးဆိုရင် ငိုဦးမှာပဲဆိုတဲ့ အဓိပ္ပာယ်လား"

"အင်း .."

လို့ပြောပြီး ဆု က ရယ်သည်။ သိပ်လှတာမဟုတ်ပေမယ့် ဆု က ချစ်စရာလေးပါ။ ပြီးတော့ ကလေးဆန်ပြီး ဖြူစင်သည့်ပုံလေးကြောင့် ပိုပြီး နှစ်လိုဖွယ်ကောင်းနေ၏။





သူ စိုက်ကြည့်နေတာကို မော့ကြည့်ပြီး ဆု က ရှက်သွားသည့် မျက်နှာလေးနှင့် နှာခေါင်းဆွဲလိမ်၍ ...

"မကြည့်နဲ့ .. ဟိုဘက်လှည့် နားထောင်"

သူ့မေးဖျားကိုပါ တွန်းပစ်လိုက်၏။ ပြီးမှ ...

"ငါ ဒီစုဘူးအကြောင်း မမကို မေးပြီးပြီ"

မျက်နှာလွှဲနေရင်း စာမျက်နှာ ပြုံးကာ ...

"ဘာတဲ့လဲ .."

"နှင် ညာခဲ့တာတွေ ပေါ်လာတာပေါ့၊ မောင်လေးမှာ မိန်းကလေးသူငယ်ချင်း မပြောနဲ့၊ ရင်းရင်းနှီးနှီး စွဲမြဲခင်တဲ့ ယောကျ်ားလေး သူငယ်ချင်းတောင် မရှိဘူးတဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"နှင် စွဲလမ်းနေတဲ့ သူ့ဌေးသမီးကောင်မလေးဆိုတာ မရှိခဲ့ဘူးလို့ ပေါ်လာတာပေါ့"

"ငါ့မှာရှိနေတာ ငါပဲ သိတယ်"

"ဒါဆို ပြောပြ.."

"ဘာလို့ ပြောရမှာလဲ"

"စာမျက်နှာ ..."

ဟိုဘက်လှည့်ပါဆိုတာလည်း သူမ၊ ဒီဘက်ပြန်လှည့်ဦးဆိုတော့လည်း သူမပဲဖြစ်ကာ မေးဖျားကနေ ပြန်ဆွဲလှည့်၍ ...

"အဲဒီကောင်မလေးက အဆင့်အတန်းမတူတဲ့သူမို့လို့ နှင့်ဘဝမြင့်မားအောင် ကြိုးစားရဦးမယ်လို့ နှင် ပြောခဲ့တယ်နော်"

"ဟုတ်တယ်"

"အဲဒါ ဘယ်သူလဲ"

ထပ်မေးလိုက်ပေမယ့် စာမျက်နှာ က မဖြေ။ ဆု က သူ့မျက်နှာကို မော့ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မလေးက ငါပဲ မဟုတ်လားဟင်"

မျက်လုံးချင်းဆုံသွားကြတာ သံလိုက်မှာ ငြိတွယ်သွားသလိုပင်။ စာမျက်နှာ မျက်ဝန်းတွေ လွှဲဖယ်သွားတော့ ဆု က စုဘူးလေးကို တစ်ဖက်က ဖက်ထားရင်း သူ့လက်မောင်းကို တစ်ဖက်နှင့်ဆွဲ၍ ...

"ပြောလေ .. နင် ဝန်ခံစမ်းပါ စာမျက်နှာရဲ့ .. အဲဒီကောင်မလေးက ငါပါဆိုရင်လည်း ငါက နင်ပေးသလောက်နဲ့ပဲ ကျေနပ်မယ့်သူပါ"

စာမျက်နှာ သည် ဆု ကို ငုံ့မိုးကြည့်နေပေမယ့် နှုတ်ခမ်းတွေကို စေ့ပိတ်ထားဆဲ ...၊

"ငါလေ .. နင့်ရဲ့စုဘူးလေးကို နင့်ပစ္စည်းလေးမို့လို့ သိမ်းထားပေးတာပါ၊ ဒီဘူးထဲကို မြန်မြန်ပြည့်အောင်ဆိုပြီး ငါ့လက်နဲ့ ငါ့ပိုက်ဆံတစ်ပြားတစ်ချပ်မှ မထည့်ဘဲ နေပါ့မယ်"

မျက်ရည်တို့နှင့် စိုလက်လက်လေးဖြစ်လာသည့်မျက်ဝန်းတွေက ချစ်ခြင်းတို့ဖြင့် ပိုလှနေခဲ့၏။ သူမသည် သူ့လက်မောင်းကို ဖွဖွလေးဖက်ထားလိုက်ပြီး ...

"ဒီစုဘူးထဲမှာ နင် သတ်မှတ်တဲ့ အတိုင်းအတာအထိ ပြည့်လာမှ ငါတို့ အတူတူနေရမယ်ဆိုရင်လည်း မဖေဒါရဲ့အိုးလေးလို နင့်ရဲ့လက်နဲ့ နင်ကိုယ်တိုင် ပြည့်စေချင်တဲ့အချိန်အထိ ငါ စောင့်မယ်၊ ဆံဖြူသွားကျိုးတဲ့အထိပဲ ဖြစ်ဖြစ် .."

"အဲဒီအတွက် ငါ ဘာလုပ်ပေးရမလဲ"

"ငါ့ကို နင့်ရဲ့ အချစ်ဆုံးချစ်သူ ဖြစ်ခွင့်ပေးပါ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းနဲ့အတူ မျှော်လင့်ခွင့်တွေ ရှိနေကြမယ်ဆိုရင် ပေါင်းကြရဖို့က အဓိကမဟုတ်ဘူး၊ နင့်ကို ငါ စောင့်နိုင်တယ်"

စာမျက်နှာ က ဆု ဖက်တွယ်ထားသည့်လက်ခုံလေးပေါ်ကနေ ထပ်ဆုပ်ကိုင်လိုက်ပြီး မျက်နှာလေးကို ငုံ့ကြည့်ကာ ...

"အချစ်ကို ငါ အထင်မကြီးဘူး ဆု၊ အထင်ကြီးစရာ မဟုတ်သလို





ကိုးကွယ်စရာလည်း မဟုတ်ဘူး ..၊ နင့်ကို ငါ သူများနဲ့မတူအောင် တွယ်တာမိခဲ့ရင်လည်း အဲဒါ သံယောဇဉ်ပဲ၊ အချစ် မဟုတ်ဘူး"

အမြဲတမ်း နူးညံ့နေတတ်သည့်မျက်နှာမှာ ခံယူထားခဲ့သည့် အမှန်တရား၏အငွေ့အသက်ကြောင့် နူးညံ့မှုတွေ ပျောက်ဆုံးနေခဲ့၏။

စာမျက်နှာ ဆိုသည့်ဘဝအစမှ ဒီနေ့အချိန်အထိ အားလုံးကို နားလည်ထားခဲ့သော ဆု အတွက်ကတော့ သူ ဘာတွေပြောနေနေ၊ သကာလိုမချိုနိုင်ပေမယ့် တမာလိုတော့ မခါးခဲ့ပါ ..။

ထို့ကြောင့် ရင်ထဲမှာမကောင်းသော်လည်း ခေါင်းညိတ်ပေးခဲ့မိသည်။

"ငါ နင့်ကို အားလုံးထက် ထူးကဲတဲ့သံယောဇဉ်နဲ့ တွယ်တာခဲ့တယ်၊ မမကိုချစ်တဲ့အချစ်မျိုးနဲ့ မဟုတ်ဘဲ အဲဒီလောက်ထိ စွဲစွဲထင်ထင် ရင်ထဲမှာ ရှိခဲ့တာမျိုး .."

ဆု နှုတ်ခမ်းလေးတွေ ပြုံးသွားသည်။ တကယ်ကြည်နူးသွားသည့် မျက်ဝန်းလေးတွေက မျက်ရည်တွေ ပြည့်အိုင်လာလျက် ...

"ငါ ကျေနပ်ပါတယ်၊ ငါကတော့လေ .. နင့်လို အခြေခံ ခံစားချက်ချင်း မတူခဲ့တဲ့အတွက် ချစ်တာကို အချစ်လို့ပဲ မြင်တယ်၊ နင် ယုံချင်ယုံ မယုံချင်နေ၊ ငါ နင့်ကို သိပ်ချစ်တယ်"

ယုံသည် မယုံဘူးကို ဖြေတာမဟုတ်ဘဲ ဘာမှန်းမသိသည့် မဲ့ပြုံးနှင့် စာမျက်နှာ က ခေါင်းညိတ်၏။

"အချစ်ကို ငါ ယုံကြည်လာတဲ့နေ့ကျရင် နင့်လိုပဲ ငါပြောနိုင်မှာပါ၊ ပြီးတော့ ..."

"ဟင်!... ပြီးတော့ ဘာလဲ .. ပြောလေ"

"ယောက်ျားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် အချစ်မစစ်ရင် နစ်နာကြတာပဲ၊ ငါ့ကိုယ်ငါထက် နင့်ကို မနစ်နာစေချင်ဘူး"

"စာမျက်နှာရယ် .. နင့်ဘဝမှာ သူစိမ်းတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး တွယ်တာခဲ့တာ ငါပဲလို့ သိရတာနဲ့ပဲ အားလုံးအတွက် ကျေ နပ်တယ်၊ နင်နဲ့ပတ်သက်လာရင် ဘာအတွက်ဖြစ်ဖြစ် နစ်နာတယ်လို့ ငါ ဘယ်တော့မှ ထင်မှာမဟုတ်ဘူး။ လာပါ … ငါတို့ စုဘူးထဲမှာ ပိုက်ဆံ ထည့်ရအောင်”

ပြုံးမူနေကျအတိုင်း ဆု က လက်ဝါးလေး ဖြန့်ထားပေးလိုက်၏။ စာမျက်နှာ က ရှပ်အင်္ကျီအိတ်ထဲက ငါးရာတန်လေးတစ်ရွက်ထုတ်၍ လက်မှတ်ထိုးလိုက်သည်။ ပိုက်ဆံကို ဆုပ်ကိုင်လိုက်ပြီးမှ ဆု က စာမျက်နှာ ကို ခွင့်တောင်းသလို မော့ကြည့်တာ …

“ဒီနေ့ ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တစ်ဖုံ တစ်ခုသောသက်ဆိုင်မှုတွေ ရှိသွားကြပြီဆိုတော့ အထိမ်းအမှတ်အနေ နဲ့ နင့်လက်မှတ်ရဲ့အောက်မှာ ငါ့လက်မှတ်လေး ထပ်ထိုးလိုက်မယ်နော် နေ့စွဲလည်း ရေးမယ်လေ”

စာမျက်နှာ ရယ်မောလိုက်ပြီး ကိုင်ထားသည့်ဘောလ်ပဲန်ကို ဆု လက်ထဲ ထည့်ပေးလိုက်သည်။ ပိုက်ဆံရဲ့ နေရာလေးတစ်နေရာမှာ စာမျက်နှာ နှင့်အတူ ယှဉ်တွဲခွင့်လေးရလိုက်သဖြင့် လက်မှတ်ထိုးပြီး ကာမှ အကြာကြီး ငုံ့ကြည့်နေမိသည်။

“ဟွန်း …”

ရယ်တော့ရယ်လိုက်တာ ဖြစ်သည်။ ဒါပေမယ့် ပခုံးလေးတွန့် သွားကာ လက်မှတ်ပေါ်သို့ ဆု ရဲ့မျက်ရည်စက်လေးတစ်ပွင့် လွင့်ကျ ၏။ စာမျက်နှာ က မြင်လိုက်ကာ ဆု ရဲ့ခေါင်းလေးကို မနာအောင် ထု၍ …

“အရူးမလေး … ငိုတာလား … ရယ်တာလား၊ မျက်နှာမော့ …”

“ဘာလို့ငိုရမှာလဲ၊ ရယ်နေတာကို …”

မော့လာသည့် မျက်နှာလေးသည် မျက်ရည်ကြောင်းလေးတစ် ဖက်နှင့် ရယ်လည်း ရယ်နေလျက် …





“စာမျက်နှာ …”

“ဟင်!…”

“နင်က ငါ့အတွက်တော့ နတ်သားလေးတစ်ပါးပါ စာမျက်နှာ ရယ် …”

“အဲလောက်ထိ ချောနေလို့လား”

“ဟုတ်တယ် … နင့်ရဲ့ရုပ်ရည်၊ နင့်ရဲ့စိတ်နဲ့ နင့်ဘဝအားလုံးကို ငါ အထင်ကြီးတယ်၊ မြတ်နိုးတယ်၊ အချစ်စစ်မစစ် ငါ မခွဲခြားတတ် သေးပေမယ့် နင့်ကို ချစ်တယ်”

စုဘူးနဲ့ သူ့လက်မောင်းကို အတူတူပွေး၍ ဖက်ထားလိုက်မိကာ စာမျက်နှာ ရဲ့ပခုံးစွန်းနားမှာ ပါးလေးနဲ့ ဖေးကပ်ထားလိုက်၏။

ပြီးတော့ မျက်နှာနည်းနည်းလေး ပြန်ငဲ့၍ ပခုံးစွန်းလေးက ရှပ် အင်္ကျီလေးကိုပဲ ဆု နိုးနမ်းလိုက်မိသည်။

အချစ်ခုံရုံးမှာ တရားဝင်ချစ်ခြင်းတွေဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ရှိခဲ့ပြီဆိုလျှင် …

ချစ်၍နမ်းခဲ့မိသော နိုးယူမှုမှ အပြစ်ကင်းပါစေ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၀ ]

"အဖေ .."

သူ ဖယ်ရီပေါ်ကဆင်းဖို့ နစ်မှတ်တိုင်လိုသေးသည်။ အဖေ့ကို အထုပ်ကြီးတစ်ထုပ်ကိုထမ်းလျက် မြွေရေခွံအိတ်ကြီးတစ်အိတ်ကို တစ်ဖက်က ဆွဲလျက်သား မြင်လိုက်ရသည်။

ထို့ကြောင့် အဖေလို့ ရေရွတ်မိခြင်းနှင့်အတူ ထမင်းချိုင့်ကို လက်ကကိုင်လိုက်ပြီး ဖြစ်ကာ ...

"ဆင်းမယ် ဦးလေး"

ကားက ထွက်ကာစပဲ ရှိသေးသည်၊ ပြန်ရပ်သွား၏။ သူ ကားပေါ်ကဆင်းခဲ့နေခဲ့ပြီး နောက်ကို ပြန်ပြေးသွားမိသည်။

ဦးခင်မောင် က လမ်းမီးတိုင်အောက်တည့်တည့်မှာ လက်ထဲက အထုပ်ကို ခြေထောက်နားမှာချလိုက်ကာ ပခုံးပေါ်ကအထုပ်ကို ထမ်းထားလျက်နှင့် ဟိုကြည့်ဒီကြည့် လှမ်းမျှော်နေ၏။

အချိန်က ည ဆယ်နာရီခွဲပြီမို့ လမ်းပေါ်မှာ လူသွားလူလာ မရှိသလောက်ဖြစ်ကာ အနေးယာဉ်၊ အမြန်ယာဉ်တွေလည်း ရှင်းလင်းနေ၏။





"အဖေ .."

ကြိုးသိုင်းအိတ်ရှည်နှင့် ထမင်းချိုင့်ကိုင်လျက် ဝတ်စုံနဲ့အတိုင်း သူ့ကိုမြင်လိုက်တော့ ဦးခင်မောင် မျက်နှာ ချက်ချင်းလွှဲ၏။

"အဖေ .."

အမှတ်တမဲ့တွေ တစ်လုံးတစ်ဝနှင့် 'အဖေ'လို့ ကရားရေလွှတ်ခေါ်နေမိပြီးမှ အဖေ မျက်နှာလွှဲလိုက်တာကို သတိထားမိသွား၏။

နောက်ဆုံး 'အဖေ' ခေါ်သံမှာ အဖျားရှူးသွားကာ စာမျက်နှာစကားတွေပါ ထစ်ငေါ့ကုန်၏။ ပြီးမှ လမ်းကိုမျှော်ကြည့်၍ ...

"ဘယ်ကပြန်လာတာလဲ၊ အထုပ်ထဲက ဘာတွေလဲဟင်၊ သားသိုက်ပို့မယ်လေ"

"မလိုဘူး .. မင်းလမ်း မင်းသွား .."

"သားက ရှေ့လမ်းဆို ရောက်ပြီလေ၊ အဖေက အဝေးကြီးသွားရမှာ .."

အဖေတို့အိမ်ကိုရောက်ဖို့ ဒီလမ်းဆုံမှာ ကားပြောင်းစီးရမှာဖြစ်သည်။ ဒီအချိန်ကြီးမှာ ဟိုဘက်ဆက်သွားမယ့်ကား ရောက်လာဖို့က...

"အဖေ .. ဟို .."

ခေါ်လိုက်မိတိုင်း ပါးစပ်ပြန်ပိတ်ရမလို၊ ခေါင်းကုတ်မိမလိုဖြစ်သွားလျက် ပြောဖို့စကားတွေလည်း ဒီနေရာမှာ တစ်ထောက်နားသွားတော့၏။ စာမျက်နှာ အဖေ မကြိုက်တာကို ဆင်ခြင်ဖို့ပဲသိကာ နာကျင်ဝမ်းနည်းဖို့တွေလည်း သတိမရနိုင် ...၊

"ဒီအချိန် ဘာမှမရှိတော့ဘူး၊ စောင့်နေလည်း အိမ်ပြန်ညဉ့်နက်သွဲ့ရှိတယ်၊ သား လိုက်ပို့ပါ့မယ်"

"ဖယ်စမ်းပါကွာ"

ပခုံးပေါ်ကအထုပ်ကို လှမ်းဆွဲဖို့ပြင်သည်နှင့် ဦးခင်မောင်က ကိုယ်တစ်ပတ်လည်အောင် ရှောင်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ လာလုပ်မနေနဲ့ကွာ .. ငါ မပြန်နိုင်ရင် လမ်းပေါ်မှာပဲ အိပ်လိုက်လို့ရတယ်"

စာမျက်နှာ မြှောက်ထားဆဲလက်တွေကို ပြန်ချမိကာ အဖေ့ပခုံးပေါ်ကအထုပ်ကြီးကို ဘယ်လိုပြောင်းယူရမှန်းမသိ ဖြစ်သွားသည်။

"ဒါဆို .. အ .. အဲ .. ခဏလေး စောင့်နော်၊ ဒီဘက်ထိပ်နားမှာ သားနဲ့သိတဲ့ ဆိုက်ကားတစ်စီး ရှိတယ်၊ သားခေါ်ပြီး ခုပဲ ပြန်လာခဲ့မယ်"

စာမျက်နှာ လွယ်အိတ်ကို ပခုံးပေါ်ထပ်ဆွဲတင်၍ လမ်းမကြီးကို ပြေးလွှားဖြတ်ကူးသွား၏။ အကျပ်အသိပ်ထည့်ထားပုံရသည့် အထည်ထုပ်ကြီးကို မချိမဆန့်ထမ်းရင်း လမ်းဟိုဘက်ကနေ ဒီဘက်ကို စလွယ်ဖြတ်ကူးလာရတာတောင် ခေါင်းတွေမူးနေပြီ ဖြစ်၏။

အငယ်ကောင် ချစ်ဖူး က သူ့သူငယ်ချင်းနှင့်တွဲကာ အထည်ရောင်းချင်သည်ပြောသဖြင့် ငွေလေးရှိတုန်း ရင်းနှီးပေးလိုက်ဖို့ စိတ်ကူးမိတာ ဖြစ်၏။

မလုပ်ဖူးတဲ့အလုပ်မို့ မင်္ဂလာဈေးမှာ အထည်ဖြတ်စတွေ ဘယ်လိုကောက်ရသလဲ၊ ဘယ်လိုဝယ်ရသလဲမသိတော့ နေ့လယ်ကတည်းက ရောက်သွားပြီး တစ်နေကုန်မှ အလုပ်ဖြစ်သည်။

ချစ်ဖူး တို့က သူငယ်ချင်းက ဈေးသည်လူလည်ဆိုပြီး ပူးပေါင်းလုပ်ကြပါလားပြောတော့ ခေါင်းခါသည်။

"မလုပ်တတ်မကိုင်တတ်ပုံစံနဲ့ အားကိုးရင် သူငယ်ချင်းပေမယ့် ကိုယ့်ကို ကပ်လိုးသွားမှာပဲ၊ ဒီကောင်တွေက လမ်းဘေးမှာ ဂျင်ခြေလည်နေတဲ့ကောင်တွေ၊ ကျွန်တော်က ရောင်းတတ်၊ ဝယ်တတ်အောင် သင်ပဲ လုပ်မယ်လို့ ပြောထားတာ၊ ဒါတောင် စားကျက်ဖွဲ့ပေးရတဲ့အတွက် ဆိုပြီး ငါးစာချလိုက်ရသေးတယ်၊ အဖေပဲ လမ်းသွားကြည့်ပေးပါ အဖေ ရာ၊ နှစ်ခေါက်လောက်ဆို ကျွန်တော့်ကို ခေါ်ပြထားလိုက်ရင် ပြီးပြီ အဖေနော် .. အဖေနဲ့ ကျွန်တော် နှစ်ယောက်ပဲကျန်တော့တာ၊ အဖေ့





သစ္စာရှိစွာ ရှာဖွေကျွေးမွေးမယ့် သား .. မငြိုငြင်နဲ့"

သားသမီးက ဘယ်လိုပြောပြော မိဘကတော့ သူတို့ပူဆာလိုက်တာနှင့် ဖြည့်ဆည်းပေးချင်တာမျိုးသာ ..၊

လုပ်ကိုင်ကျွေးမွေးမယ့်သားသမီးရယ်လို့ မြှောက်ပေးချင်တာမျိုး ဟုတ်ပါ့လေလား။ ထို့ပြင် ချစ်ဦး နဲ့ ချစ်ဖူး က ပညာရေးကံပါရမီလည်း နည်းကြသည်။

ဘယ်လိုကျက်ကျက် မမှတ်နိုင်။ ဘယ်လိုဖြေလို့မှလည်း အတန်းတိုင်းမှာ ရှောရှောရှူရှူ အောင်မြင်ခဲ့တာမရှိ။

မီးရောင်ဖွေးဖွေးနှင့် ညဥ့်လေအေးမှာ အထုပ်ကြီးထမ်း၍ ဒီတိုင်းရပ်နေရင်း စာမျက်နှာ ပျောက်ကွယ်သွားသည့် လမ်းထိပ်ဆိုသော မှောင်ရိပ်ဆီကိုပဲ လှမ်းကြည့်နေမိသည်။

တကယ်တော့ စာမျက်နှာ ဆိုတဲ့ကောင်လေးရဲ့ အသိ၊ ဒီကောင်လေးရဲ့ ကြိုးစားအားထုတ်မှုမျိုးဟာ ဆင်းရဲတဲ့လူငယ်တွေ အများစုထဲမှာ ရှားပါးသွားပါပြီ။

တော်မှန်း တတ်မှန်းသိနေပေမယ့် စာမျက်နှာ ဟာ ကိုယ်နဲ့မပတ်သက် မသက်ဆိုင်သူမို့ ဒီဂုဏ်ထူးတွေက သူ့အတွက် ဂုဏ်ယူဖွယ် မဟုတ်။ ထို့ပြင် ဂုဏ်ယူဖွယ် ဘာမှမရှိသည့် ကိုယ့်သားသမီးတွေ ရှေ့မှာ ဒီကောင် ရောက်ရောက်လာတိုင်း စိတ်ထဲမှာ ရှက်မိသည်။ ထိုမှတဆင့် ကူးစက်သည်က ဒေါသ ..၊

သူဟာ အရမ်းသိတတ်လိမ္မာနေသည့် လူငယ်တစ်ယောက် အပေါ်မှာ ငါနဲ့ ဘာမှမသက်ဆိုင်ဘူးလို့ ဖွတ်အတင်း ခေါင်းခါ ငြင်းဆန်ရင်း သဝန်တိုစိတ်တွေနှင့် ရှုးသွပ်နေခဲ့သည်လား ..။

ငါပိုင်သင့်သည်ဟု ထင်နေပါလျက်နှင့် မပိုင်ဆိုင်လိုသော စာဆုပ်ဖွယ်များကြောင့် ကိုယ့်စိတ်ကို ဖွတ်အတင်း ဖိနှိပ် ငြင်းဆန်နေမိသည်လား ..။



www.burmeseclassic.com

www.burmeseclassic.com



"ကယင် .."

ကိုယ့်ရှေ့ထိ ရွှေ့လျားလာသည့် ဆိုက်ကားကိုကြည့်နေပြီး အတွေးနယ်လွန်ကာ ဘဲလ်တီးလိုက်မှ သတိရသည်။ ဆိုက်ကားနင်းလာသူက စာမျက်နှာ ကိုယ်တိုင် ..။

"မင်းက ..."

"ဟုတ်တယ် အဖေ .. အဲ .. ကိုမျိုးကြီး က မလိုက်ချင်တော့ဘူးဆိုလို့ သူ့ဆိုက်ကားကို သား ယူနင်းလာတာ၊ ရပါတယ် .. ချက်ချင်းပြန်ပို့ပေးလိုက်မှာ"

စာမျက်နှာ က ဆင်းလာပြီး သူ့ပခုံးပေါ်က အထုပ်ကြီးကို ဝိုင်းဆွဲ၍ ဆိုက်ကားပေါ်တင်သည်။ ချထားသည့်အိတ်ကိုလည်း သူပဲ ပြေးဆွဲပြီး သေချာတင်၏။

ဘယ်လောက်ထိ ဘဝတွေစုံလာခဲ့သည့် မသိ၊ စာမျက်နှာ ဆိုက်ကားနင်းနေတာကို ထိုင်စီးရင်း ဦးခင်မောင် ပထမဆုံး စိတ်မကောင်းဖြစ်သွားမိခြင်းက ဆူးတစ်ချောင်းလို နင့်ခနဲ ..။

လမ်းဘေးမှာ ဈေးသည်ဖြစ်သွားခဲ့တုန်းက လူပျိုပေါက်စအရွယ်။ ဆိုက်ကားသမားဖြစ်သွားခဲ့တာ ဘယ်အရွယ်တုန်းကလဲ ..။

ထိုအချိန်မှာ သမီးကြီးမှာ ဘာတွေဖြစ်နေပြီး ဘယ်လိုရုန်းကန်နေခဲ့သလဲ။ မိမိ ဆိုတဲ့မိန်းမ ယောကျ်ားကိုအရွဲ့တိုက်ခဲ့တာ အဲဒီလောက်အထိ ..။

ဦးခင်မောင် အထုပ်ကြီးထမ်း၍ လေးလံပင်ပန်းနေရခြင်းထက် အဆများစွာ ပြင်းထန်သော ပူလောင်မောလျခြင်းက ထိုင်နေရင်းနှင့် ငုတ်တုတ်သေသွားသည့်အတိုင်း ..။





အခန်း [ ၅၁ ]

"ဟုတ်ပါပြီ .. ကြိုက်တာဝယ်ပါ၊ စိတ်ချမ်းသာသလို လုပ်စမ်းပါ၊ ဒါပေမယ့် မမ ခြေထောက်တွေ ညောင်းနေပြီနော်"

"မမကလည်း မောင်လေးက ဝယ်ဖို့ကို စိတ်ကူးပြီးသားပါ၊ မမနဲ့ တွေ့တူလျှောက်ကြည့်နေရတာကို စိတ်ချမ်းသာလို့ .."

"အေးပါ .. အေးပါ .. ခုချိန်မှာ ငါ့မောင်လေးကို ငါပိုင်သေးတာ ..ိုး၊ တီတီတာတာတွေ ပြောခွင့်ရနေသေးတာပေါ့၊ နောက်ကျမှ .."

မခ စကားမဆုံးခင် နောက်ကခေါ်သံလေး ပျံ့လွင့်လာတာက တိုက်တိုက်ဆိုင်ဆိုင် ..။

"မမ .."

ဆု သည် မခ ကိုခေါ်ပြီး 'စာမျက်နှာ' လို့ ခေါ်၍ အနားရောက် ..သော၏။

"တိုက်ဆိုင်လိုက်တာ၊ ဆု လေ .. စိတ်မပါဘဲနဲ့ လှည့်ဝင်လာတာ၊ ..တို့ ဘာဝယ်မလို့လဲဟင်၊ စာမျက်နှာ ကရော .."

မခ က စာမျက်နှာ နဲ့ ဆု ကို တစ်လှည့်စီ ကြည့်လိုက်ပြီးမှ ..

"အတော်ပဲ .. မမလည်း ညောင်းနေပြီ၊ မောင်လေးနဲ့ ဆု တို့ ..ွားကြည့်ကြည့်၊ ဝယ်စရာရှိတာ ဝယ်ကြလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .."

ဆု က ရှင်မြူးသွက်လက်စွာ ခေါင်းညိတ်သော်လည်း စာမျက်နှာက ခေါင်းခါ၏။

"မဟုတ်တာ .. အတူတူသွားမှာပေါ့၊ မမက တစ်ယောက်တည်း ဘယ်မှာ ဘာလုပ်နေမှာလဲ"

"ဩော် .. သွောင်းလို့ပါဆိုမှ အသွောင်းဖြေမှာပေါ့၊ မမ အောက်ထပ်က ပိုးထည်ဆိုင်တွေမှာ ခဏလျှောက်ကြည့်နေမယ်၊ ပြီးရင် ကျွန်းနစ်ဆိုင်မှာ စောင့်နေမယ်"

ပြောရင်းလက်ပြရင်း ကိုယ့်ဘာသာပဲ ပြန်ဆင်းလာခဲ့သည်။ သူမ ရပ်နေလျှင် မောင်လေး ထွက်သွားမှာမဟုတ်တာကို သိနေလို့ ဖြစ်သည်။

ကိုယ့်မောင်လေးကို ဒီတိုင်းပဲ ချစ်နေချင်ပေမယ့် အချိန်တန် အရွယ်ရောက်ခဲ့ပြီမို့ မိဘနေရာမှာရှိနေသည့် သူမမှာ တာဝန်ရှိသည်။

ပြီးတော့ ဆု နဲ့ မောင်လေးဟာ လိုက်ဖက် သင့်တော်ဆုံး။

"မခ .."

"ဟင်!..."

အေးမှာ ဖျတ်ခနဲပေါ်လာသလို ကိုယ့်အတွေးနဲ့ကိုယ်မို့ လန့်သွား၏။ ကြည့်လိုက်တော့ ရလဒ်ကောင်း ...၊

ရင်ဘတ်မှာ အဖြူနဲ့အပြာကွက် စိပ်တွေပါသည့် ရှပ်အင်္ကျီလက်ရှည်အဖြူကို ဘောင်းဘီနက်ပြာရောင်နှင့် ဝတ်ထား၏။ ဆံပင်တွေကို သိမ်းလှန်ဖြီးထားပေမယ့် ယောကျ်ားပီသသည့် မျက်နှာဝင်းဝင်းက ရင့်ရော်မသွားပေ ...။

"ဦးလဒ် က ဆု နဲ့ .."

"ဟုတ်တယ် .. ညီမလေးကို ဒီထဲဝင်ဖြစ်အောင် ကိုယ် လိုက်ပို့ပေးတာ ..."

"ဟင်!..."





မခ သူ့ကိုမော့ကြည့်တော့ ပြုံးလိုက်ပြီး ...

"ကိုယ်တို့နဲ့တွေ့တာ တိုက်ဆိုင်တယ် ထင်လို့လား .."

သူနဲ့ပတ်သက်တိုင်း ပြန်လှန်မေးခွန်းတွေကို ရှောင်ဖို့ ဆုံးဖြတ်ပြီးသည့်အတိုင်း မခ မျက်နှာ ဖြန်လွှဲလိုက်ပြီး ဘယ်ကိုမှန်း မရည်ရွယ်ဘဲ ဆက်လျှောက်ခဲ့၏။ သူကလည်း ဘေးကနေ ပါလာကာ ...

"မင်းတို့မောင်နှမ ဒီထဲဝင်သွားတာတွေ့လိုက်လို့ ကိုယ်တို့ပြန်မလို့ဟာကို ပြန်ခေါက်ပြီး ညီမလေးလည်း ဝင်ဖြစ်သွားအောင် ပို့ပေးလိုက်တာ .."

လမ်းသွားနေရင်း ငုံ့ကြည့်ရင်းနှင့် သူပဲ စကားတွေ ပြောလာ၏။

"ညီမလေးကိုမြင်လိုက်ရင် မင်း နောက်ကျန်ခဲ့မယ်ဆိုတာလည်း သိတယ်လေ၊ ကိုယ်လေ .. အစ်ကိုတစ်ယောက်ဖြစ်ပြီး ညီမလေးကို တွန်းပို့သလိုတော့ ဖြစ်သွားမယ်ထင်တယ်၊ ဒါပေမယ့် မင်းနဲ့ပတ်သက်သမျှအားလုံးကို လေးစား တန်ဖိုးထားတာပါ၊ ပြီးတော့ ချာတိတ်ကိုလည်း ကိုယ်ကိုယ်တိုင် ယုံကြည်လို့ .."

သူပဲ ရှင်းပြလာတာကို မခ တစ်ခွန်းမှပြန်မမေးဘဲ မျက်လုံးကို အလုပ်မရှိအလုပ်ရှာကာ လက်ကလည်း ဟိုဟာကိုင်မိ၊ ဒီဟာကိုင်မိ။

"ဘာမှမဝယ်ဘူးလား"

"ဟင့်အင်း .."

"မောင်နှမ အတူတူဝယ်ခြမ်းဖို့ စိတ်ကူးထားတာမို့လို့လား .. ကိုယ် စပ်စုတာ မဟုတ်ဘူးနော်၊ ကိုယ့်ကြောင့် အစီအစဉ်ပျက်သွားတာဆိုရင် ..."

"မဟုတ်ပါဘူး .. မောင်လေးက အဖေ့ကိုကန်တော့ဖို့ လက်ဆောင်ပစ္စည်း ဝယ်ချင်တယ်ဆိုလို့ လာခဲ့ကြတာ၊ သူ့စိတ်ကြိုက်လေး ဝယ်စေချင်လို့ သူ့ကိုပဲ ဝယ်ခိုင်းထားတာ"

တကယ်ပေးမယ့်လက်ဆောင်က သိန်းငါးဆယ် ကြိမ်သည်။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



အဖေက မယူမှာစိုးလို့ မခ ရဲ့မွေးနေ့နဲ့လည်း တိုက်ဆိုင်နေတာကြောင့် မခ ရဲ့မွေးနေ့မို့ ကန်တော့တာပါဆိုပြီး သူ့အတွက်လို့ သူကိုယ်တိုင် သတ်မှတ်သည့်ငွေကို မခ နာမည်နဲ့ ကန်တော့မှာဖြစ်၏။

"အဖေ ဆင်းရဲနေတာကို မကြည့်ရက်လို့ပါ၊ ချစ်ဖူး ကလည်း လိုချင်တာရှိရင် အဖေ့မျက်နှာကို ပြန်ကြည့်တာမဟုတ်ဘူး မမ၊ မောင်လေးရဲ့ဂေစု အဖေ့လက်ထဲရောက်သွားရင် မောင်လေး ဘယ်လိုပုံစံနဲ့ နေရနေရ ကျေနပ်နိုင်တယ်၊ မမ ပြောသမျှကိုလည်း နားထောင်မယ်" တဲ့..။ ပေးချင်နေတဲ့လူက ဘယ်လိုပုံစံနဲ့ပဲ ပေးရပစေ၊ ပေးခွင့်ရမှာကိုပဲ ပျော်မဆုံးဖြစ်နေပေမယ့် ကြည့်နေရတဲ့လူက စိတ်မချမ်းသာစရာပါ။

ဒါပေမယ့် ပြုံးနေတဲ့မျက်နှာလေးကို မှဲ့မသွားစေချင် ..၊

သူ့ဝေစုလို့ သတ်မှတ်ပြီးပေးရမှ သူ ကျေနပ်ရှာမှာမို့ ခေါင်းညိတ်လိုက်ရတာပဲ ရှိသည်။ တကယ်တမ်း ရည်ရွယ်တာတွေထဲမှာ မခ ရဲ့ အနာဂတ်အားလုံးဟာ မောင်လေးပဲဖြစ်ကာ သူ့မထံမှ ချစ်ခြင်း သံယောဇဉ် .. ဒြပ်ရှိဒြပ်မဲ့ ပိုင်ဆိုင်သမျှတို့ဟာ မောင်လေးအတွက်သာ။

"မခ ..."

"ဟင် .."

"နည်းနည်း စပ်စုလို့ရဦးမလား"

"ဘာလဲဟင် .."

"မင်းတို့သားအဖတွေ ပြေလည်သွားကြပြီလားလို့"

မခ ချက်ချင်းမဖြေနိုင်။ ရလဒ်ကောင်း က ငုံ့ကြည့်ပြီး ကျွတ်ခနဲ ဖြစ်သွားလျက် ....

"ဆောရီး .. အဲဒါ ကိုယ်မမေးဘူးလို့ပဲ ထားလိုက်တော့"

"ရပါတယ်၊ ဦးလဒ် တို့က တခြားသူစိမ်းတွေမှ မဟုတ်တာ၊ မခ တို့ရဲ့ ကျေးဇူးရှင်တွေဥစ္စာ .."

"ဟာ!... ပိုဆိုးပြီ၊ ကိုယ်က အဲဒီလိုပုံစံနဲ့ သိချင်တာမဟုတ်ဘူး"





"ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် မခ မှာလည်း ပြောဖြစ်ဆိုဖြစ်ရင်း ပေါ့ ပါးသွားတာပေါ့၊ အဖေနဲ့မောင်လေးက အဆင်မပြေသေးပါဘူး၊ ပြေလာဖို့လည်း မရှိဘူး၊ ဒါပေမယ့် မောင်လေးကတော့ ရူးသွပ်နေရှာတာ ပေါ့"

မခ အသံလေးတိမ်ဝင်သွားတော့ သူ စိတ်မကောင်းဖြစ်သွား ကာ...

"ဒီမှာ တစ်ခုခု ဝယ်ချင်မလားလို့ ခဏကြည့်ပါလား"

"အို!..."

လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်သဖြင့် မခ ဖျတ်ခနဲ မော့ ကြည့်ကာ ချက်ချင်း ပြန်ရုန်း၏။

"မင်း စိတ်ပြောင်းသွားအောင်လို့ပါ၊ ဆောရီးနော် .."

မခ မျက်နှာလေး မကြည်လင်တော့ပေ။ ပြီးတော့ ခြေလှမ်းတွေ မိုကျဲသွားကာ ဘယ်မှာမှလည်း မရပ်တော့ ..။

"မခ .. ကိုယ့်ကို စိတ်ဆိုးသွားတာလား"

"ရပါတယ်"

လေသံကမာနေသဖြင့် ရလဒ်ကောင်း မျက်မှောင်ကုတ်သွား၏။ ဗလာဇမှာ လူတွေရှုပ်နေသလောက် တချို့က ကိုယ့်စိတ်ကူးနဲ့ကိုယ် သွားနေကြတာဖြစ်ကာ တချို့ကျတော့ ဝယ်စရာကိုမကြည့်ဘဲ လူတွေ ကိုပဲ လိုက်ကြည့်နေတာမို့ သူတို့အဖြစ်က ကြည့်နေကြတဲ့လူတွေအမြင်မှာ အတင်းလိုက်စကားပြောနေတာလိုလို .. လိုက်ချော့နေရတာလိုလို..။

"ကိုယ်တို့ တစ်ခုခုစားရင်း စကားပြောရအောင်"

"မဖြစ်ဘူး ဦးလဒ်၊ မောင်လေးနဲ့ ပြန်ချိန်းထားတယ်"

"ကိုယ့်ညီမလေးလည်း သူနဲ့အတူရှိနေတာပဲ မခ၊ ကိုယ်တို့ပြန် ဆိုမှ အားလုံး ဒီကနေ ပြန်ကြမှာ မဟုတ်ဘူးလား"

မခ ဘာပြောမလဲလို့ စောင့်နေရင်း သူ ပြုံးလိုက်မိသည်။ 'ဟင့်



www.burmeseclassic.com

www.burmeseclassic.com



အင်း’ဆိုရင်လည်း ဒီနေရာက အပိုင်အနိုင် လက်ဆွဲခေါ်ထုတ်သွား ဆုံးဖြတ်ပြီးသား ..။

နံ့သာရောင် လည်ကပ်လက်ရှည်ကိုယ်ကျပ်လေးနှင့် ကျွန်းရောင် နုနု စကတ်ရှည်ပျော့ပျော့က မခ ရဲ့ ကိုယ်ဟန်သွယ်သွယ်မှာ ကော ကြောင်းလေးတွေ ပေါ်နေတဲ့အထိ ချပ်ချပ်ကပ်ကပ်လေးနှင့် လှနေ၏။

ပြီးတော့ ဒီနေ့ ဆံပင်တွေကို ဖြန့်ချထားသဖြင့် မျက်နှာသွယ် သွယ်လေးက ပိုလှနေသလိုပင်။

“ဒိုးနပ် ကြိုက်လား .. ကြက်ဆီထမင်းဆို ထမင်းစားချိန်မဟုတ် တော့ ...”

“ဖြစ်ပါတယ်၊ မခ လည်း အပေါ်ပြန်တက်မလို့ပဲ”

“လှေကားက ဒီဘက်မှာ ...”

ဆန့်ကျင်ဘက် သွားနေတာမို့လို့ လက်ဖဝါးလေးကို ဆွဲထား လိုက်တာပါ။ မခ ပြန်ရုန်းလိုက်မှ သတိရသွားပြီး သူပြုံးလိုက်မိသည်။

ဘယ်တော့များမှ ရမှာလဲ ..၊ ပိုင်ပိုင်နိုင်နိုင် ကြင်နာခွင့်။

“ဘာမှမဝယ်တော့ဘူးလား ..၊ ကိုယ်တို့ဆုံတုန်း အမှတ်တ တစ်ခုခုတော့ ဝယ်ပေးချင်တယ်”

“ဟင့်အင်း .. လာကတည်းက မခ ဘာမှဝယ်ဖို့ စိတ်ကူးမရှိဘူး အဲဒီလို ရှော့ပင်ထွက်တာတွေကို ဝါသနာကို မပါတာ”

“ဝါသနာမဟုတ်ဘဲနဲ့ အခု ကိုယ့်ကို အားနာလို့ဖြစ်ဖြစ်ကွာ - တန်ဖိုးကြီးတာ မဟုတ်ဘဲနဲ့ တစ်ခုခု ..”

မခ မျက်နှာလေး တင်းခနဲဖြစ်သွား၏။ စက်လှေကားခြေရင်း မှ မတက်ဖြစ်ဘဲ သူ့ကို အားနာရမှန်းမသိ မော့ကြည့်မိ၍ ...

“ဦးလဒ် လက်ဆောင်ဝယ်ပေးချင်နေတာဆိုရင်တော့ လူမှား ပြီ ထင်တယ်”

“မမှားပါဘူး၊ ကိုယ် ဒီလိုနေရာမျိုးကို တွဲသွားဖူးတာ ညီမလေး





နဲ့ မဟုတ်ရင် မင်းတစ်ယောက်ပဲရှိတယ်၊ လူမှားလောက်အောင် မများ သေးဘူး”

မျက်နှာလေး ဖျန်းခနဲ နီသွားတာကို သူ စိုက်ကြည့်မိသည်။ လှေကားပေါ်တက်မယ့်လူတွေ သူတို့ကို ရှောင်သွားနေရတာလည်း နှစ်ယောက်စလုံး သတိမထားမိ ..။

“အလွမ်းမခ ... မင်းကို ကိုယ်က ပိုင်ဆိုင်ခွင့်တောင်းထားပြီးတဲ့သူ၊ သွေးရင်းသားရင်းလို သဘောထားလို့လည်း မိသားစုနှစ်စုကို တစ်စု တည်း ပေါင်းစည်းဖို့ မင်းနဲ့ပဲ တိုင်ပင်ခဲ့တာ ..”

“ဟုတ်တယ်၊ အဲဒီကိစ္စအတွက်လည်း တစ်ဖက်ခြမ်းကိုပဲ မခ သဘောတူခဲ့တာ၊ ဦးလဒ် နဲ့ မခ ...”

“မင်းနဲ့ကိုယ်က အဖေနဲ့အမေဖြစ်မှ မိသားစုဘဝ ပြည့်စုံသွားမှာ၊ အဲဒါ မင်း မတွေးဘူးလား”

ဘယ်လိုပြန်လှည့်လှည့် ဒီစကားပဲလား ..၊

မခ စိတ်တွေ ရှုပ်ထွေးလာကာ သူ့ကို ဘာမှပြန်မပြောချင်တော့ ဘဲ လှေကားဘက်ကို ဦးတည်လိုက်မိသည်။ သို့သော် ...

“အမေ့!...”

လှုပ်ရှားနေသည့်လှေကားထစ်ပေါ်ကို ခြေချလိုက်တာနှင့် လှကို ခြေထောက်ကနေ ဆွဲခါပစ်လိုက်သလိုဖြစ်ကာ နောက်ပြန်ယိုင်ကျသွား ၏။ သူမ နောက်ကနေပါလာသည့် ရလဒ်ကောင်း ၏ရင်ခွင်ထဲကို မှီချလိုက်သည့်နှယ်။ သူ ထိန်းဖက်ထားလိုက်တာကို သိပေမယ့်လည်း ရုတ်တရက် ပြန်ခွာမရပ်နိုင်ဘဲရှိရာ ...

“မင်း လဲသွားမှာစိုးလို့နော်”

နားနားမှာ သူ ကပ်ရိုသွား၏။

ပြီးတော့ လှုပ်တစ်ပြက် ပြုံလဲသွားသည့်ခဏလေးမှာ စကားပြော လိုက်သလိုနဲ့ ခိုးနမ်းသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးခနဲ ထိကပ်သွားသည့်နှာသယ်စပ်လေးကို ကယောင်ကတမ်း ကိုင်လိုက်မိရင်း မခ ဓာတ်လိုက်သွားသလို တုန်ခါသွားသလား မသိ။

ထို့ပြင် လူတွေအများကြီး ရှိနေကြတာကို မှောင်အတိကျသွား သလို ဘာမှမမြင်။ မျက်နှာလေးမှာ ဖြစ်ပျက်နေခြင်းတွေကို ငုံ့ကြည့် လျက် ရလဒ်ကောင်း ပြုံးလိုက်မိသည်။ သူ့ရင်တွေ လှိုက်ခုန်သွားတာ ကတော့ ကြည်နူးစိတ်တွေနှင့် ပရမ်းပတာ ..။

မွှေးပျံ့နွေးအိနေသည့်ကိုယ်လေးကို အသာလေး လွှတ်ပေးကာ သူမ လက်ဖဝါးလေးကိုတော့ ဆုပ်ကိုင်ထားမိသေးသည်။ မရှုန်းမဖယ် ဘဲ ငြိမ်သက်နေခဲ့တဲ့အထိ အတိတ်မေ့လွင့်ပြင်ကို ဖြတ်သန်းနေဆဲ မျက်နှာလေးက သနားစဖွယ်ပင်။

အဲဒီလောက်ထိ အချစ်နဲ့ စိမ်းသက်ခဲ့သည့် သူမကိုမှ သူ မြတ်နိုး နေမိသည်။ ပြီးတော့ ပိုင်ဆိုင်ဖို့ ကြိုးစားနေမိ၏။

"အချစ်ရှိမှ အသက်ရှည်တယ်ဆိုတာလည်း မခ အတွက်တော့ ရယ်စရာကြီးပဲ ဦးလဒ် ရဲ့ .. အချစ်ကြောင့် အသက်တိုတာ .."

လို့ သူမ ပြောခဲ့ဖူးသည်။ အချစ်ရဲ့ပြည့်စုံလှပခြင်းတွေကို ဒီ ရင်ဘတ်ကြီးထဲထိ မြင်နိုင်အောင် သူ ဘယ်လိုထုတ်ဖော်ပြရမလဲ ..။

နေရာကကာ 'ရလဒ်ကောင်း' တို့ နာမည်နဲ့ထပ်တူ အောင်မြင် ကျော်ကြားခဲ့သည်။ 'အလွမ်းမခ' ဆိုသော အချစ်မသိတဲ့ကောင်မလေး ကျမှ 'ရလဒ်ကောင်းတာ တစ်ခုမှ မရှိခဲ့'။

'အလွမ်းမခ' ဆိုတဲ့အတိုင်း မလွမ်းတတ်အောင် နေတာလား..။

ဘာပဲဖြစ်ဖြစ် လွမ်းတတ်အောင် သင်ပေးဖို့အတွက် သူ့ဘက်မှာ လက်နက်ခဲယမ်းတွေ အပြည့်..။





အခန်း [၅၂]

"ကိုစာ .."

"ဆွေသင်း .. ဘယ်လဲ"

ပန်းသည်းတွေချနေသည့် ကားနောက်မြီးမှာ ခါးထောက်ရပ်နေရင်း ..ကက်ထဲကထွက်လာသည့် ဆွေသင်း ခေါ်သံကြောင့် စာမျက်နှာ ..ည်ကြည့်ရင်း မေးသည်။

ဆွေသင်း သည် ဟိုတုန်းကထက် အများကြီး တောက်ပချောမွေ့ ..နေမယ့် ဟိုတုန်းက မျက်နှာမျိုးလိုတော့ မဟုတ်တော့ပေ။ သူ့ကိုတွေ့ ..ာနှင့် တကယ့်အစ်ကိုရင်းတစ်ယောက်ကို လွမ်းဆွတ်နေတုန်း တွေ့ ..သလို အထုပ်တွေ မနိုင်မနင်းဆွဲရင်း အနားကို ပြေးလာ၏။

"ကိုစာ နဲ့တွေ့တာ အတော်ပဲ၊ ဆွေသင်း ခရီးသွားစရာရှိလို့ သိ ..း.. အရေးကြီးလို့တဲ့လေ၊ အဖေတို့ကိုတောင် သွားပြောချိန် မရ ..ာဘူး"

"ဘယ်ကိုလဲ"

အထုပ်အပိုးတွေကို ငုံ့ကြည့်မေးတော့ ဆွေသင်း ကလည်း ဆွဲ ..းတာတွေကို လက်နှည်းနည်း ပင့်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး၊ လမ်းမှာ လိုမယ်ထင်တာတွေပါ"

"နေပါဦး .. နင်က ဘယ်ထိတောင် သွားမှာမို့လို့လဲ"

"ဆွေ ..."

ဆွေသင်း မဖြေခင် မျိုးဆက် က အနားရောက်လာကာ စာမျက်နှာ ကို ခပ်တင်းတင်းစိုက်ကြည့်၏။ လက်မှတ်ထိုးသည့်နေ့က စာမျက်နှာ လာဖျက်ခဲ့တာကို ဘယ်လိုမှမကျေနပ်နိုင်သည့် မျက်လုံးတွေနှင့် ဖြစ်၏။

ထို့ပြင် လက်ဝတ်လက်စားတွေနှင့် တောက်ပထည်ဝါနေသည့် ဆွေသင်း နဲ့ သူ စကားပြောနေတာကို မတူတန်သည့်ပုံစံဖြင့် လက်ဆ ဆတ်ခနဲ ဆွဲကာ ...

"သွားမယ် .. အချိန်ကုန်ခံလို့"

တည့်တည့်ကြည့်ပြီး ပြောသွားသည်။ ဆွေသင်း ကတော့ ကားနားရောက်တာနှင့် လက်ကိုရှန်း၍ ...

"ကိုကြီးကလည်း .. ဆွေ က အဖေတို့ကို ပြောခိုင်းစရာရှိလို့ပ

"ပြောခိုင်းစရာရှိတော့ရော ဒီကောင့်ကို မင်းအဖေက လူရာသွ ပြီး နားထောင်မှာမို့လို့လား၊ မိအုပ်လျက် ဖအုပ်လျက်မရှိဘဲ လမ်းဘေ မှာ တစ်ယောက်တခြား လေလွင့်ကြီးပြင်းလာတဲ့ကောင်တွေ .. ဖွ

သွေးဆိုသည့်အသိက လက်သည်းဆိတ်တော့ လက်ထိပ် ချင်၏။

"ဘွိုထွမ်လုပ်ရယောက်အောင် ကိုစာ က ဘာဖြစ်နေလို့လဲ ကို ရဲ့ .. ပြောရရင် ကိုစာ က ဆွေ တို့မောင်နှမထက်တောင် အသိတ ရှိသေးတယ်၊ သန္ဓေစိတ်ဆိုတာကလည်း မိဘဆိုဆုံးမမှုကြားက ထွက်လာပြီး ဆိုးသွမ်းရိုင်းပျတာတွေမှ အများကြီး၊ ကိုစာ မိဘမဲ့ ပေမယ့် သူ့မှာ အဖရော အမေရော ရှိပါတယ်"

"အံမာ ..."





မျိုးဆက် က ဒေါသသံရှည်ကြီးနှင့် ကားကို ဆောင့်ထွက်ရင်း လှည့်ကြည့်သည်။

"မင်းက ဒီကောင့်ကိုထိလို့ နာနေတာပေါ့"

"မဟုတ်ပါဘူး"

"ဟုတ်လည်း ငါ ဂရုမစိုက်ဘူး ဆွေ၊ ကိုယ့်ယောကျ်ားအတွက်မှ မကြည့်တတ်တဲ့ မင်းကိုလည်း အံ့သြတယ်၊ ဒီကောင် မင်းနဲ့ ငါ့ရဲ့ကိစ္စ ကို လာဖျက်ခဲ့တာ ကြည့်စမ်း ..၊ မင်းအဖေကသာ နားယောင်သွားရင် မင်းနဲ့ဝေးရလို့ မသေနိုင်ပေမယ့် ငါ့သိက္ခာ၊ ငါ့ဘဝတွေ သေပြီ"

ဆွေသင်း မျက်နှာငယ်လေးနဲ့ ငြိမ်နေလိုက်ရ၏။ မျိုးဆက် က သူမအပေါ်မှာ အတည်တကျ တင့်တင့်တယ်တယ် လက်ထပ်ယူခဲ့တာ လေးပဲရှိကာ ကြင်နာယုယစွာ ပေါင်းသင်းဆက်ဆံခဲ့တာမျိုးတော့ မရှိ ခဲ့ပေ ..။ စိတ်ကောင်းလေးဝင်နေလျှင် နူးနူးညံ့ညံ့ရှိတတ်ကာ စိတ်တို လာပြီဆို သူ့ပါးစပ်က ပြောလို့မထွက်တာ ဘာမှမရှိ ..။

"မင်းကို သနားစိတ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့တာ .." ဆိုသည့် စကားကို တွင်တွင်သုံး၏။

"ငါထားသလို နေစမ်းပါ၊ ငါ့ကိစ္စတွေမှာ ဝင်မပါနဲ့" ဆိုတာတွေ က မရှား။ အဆိုးဆုံးက အဖေ့အိမ်ကို လုံးဝ အသွားမခံတော့ခြင်းပင်။

"မင်းအဖေကို ငါ ငွေတစ်သိန်းပို့ပေးလိုက်တယ်၊ မနက်က မင်း မောင် အငယ်ကောင်နဲ့တွေ့လို့ မုန့်ဖိုးငါးသောင်း ပေးလိုက်တယ်၊ နှစ် ယောက်ခွဲသုံးဖို့လည်း မှာလိုက်တယ်"

စသဖြင့် ဆွေသင်း ပါးစပ်မဟရသေးခင် သူကချည်း လုပ်ပြသွား ကာ အဖေ့ဆီ ခဏသွားဦးမယ်ပြောလျှင် "ဘာသွားလုပ်မှာလဲ"လို့ မေးတတ်မြဲ ..။

လက်ထပ်ခဲ့ကြတာလည်း မကြာသေးဘူးဆိုတော့ ဒါတွေကိုသူမ သည်းခံခဲ့ပါသည်။ ပြီးတော့ မျိုးဆက် ကို သူမကိုယ်တိုင်အထင်



www.burmeseclassic.com

www.burmeseclassic.com



တကြီးရှိခဲ့တာမို့ ချစ်လည်းချစ်သလို လေးစားနေသည့်စိတ်က သည်းခံနေရတာကို သိမ်ငယ်သည်လို့ မထင်တာမျိုး။

ခရီးထွက်သည်ဆိုကာ ဂျစ်ကားစုတ်စုတ် သေးသေးလေးပေါ် ပြောင်းတင်ပြီး ဆွေသင်း တစ်ယောက်တည်း လွှတ်လိုက်တဲ့အထိ ဘယ်ကိုသွားကြမှာလဲလို့ မမေးမိအောင် သူမ သည်းခံနှုတ်ပိတ်နေခဲ့ပြီး...

"ဒီမှာ .."

စကားတစ်လုံးမှမပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့သည့် ကားသမားက လှည့်ကြည့်သည်။ ကိုမျိုး နဲ့ စကားတွေပြောနေကြတုန်းက ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့ စိတ်ချပါ ဆိုတာတွေနှင့် ခေါင်းက ပုတ်သင်ညိုလို ..။ ခုကျတော့ လျှာဖြတ်ခံထားရသည့်အတိုင်း ..။

"အခု ဘယ်ထိသွားရမှာလဲ"

"မြဝတီနယ်စပ်အထိ"

"အဲဒီမှာ ကျွန်မက တစ်ယောက်တည်း နေရမှာလား၊ ကျွန်မယောကျ်ားရော .."

"အဲဒါ အစ်မကို ဆရာက မပြောလိုက်ဘူးလား၊ ကျွန်တော်လည်း ဘယ်သိမလဲ"

ဆွေသင်း ပါးစပ်ပိတ်နေလိုက်ရပြန်သည်။

ကိုယ့်ယောကျ်ားရဲ့အလုပ်အကိုင်တွေ မှုမမှန်ခြင်းကို ရိပ်မိနေပေမယ့် သူကလည်း မေးမြန်းစပ်စုတာ မကြိုက်။ ကိုယ်တိုင်ကလည်း နှိုက်နှိုက်ချွတ်ချွတ် သိချင်စိတ်မျိုး မရှိခဲ့ပေ..။

တစ်ကိုယ်ကောင်းဆန်တယ်ပြောပြော ကိုယ် လိုအပ်နေတာက ရုပ်ရည်အသင့်အတင့်နှင့် တင့်တောင်းတင့်တယ်ထားနိုင်မည့် ခင်ပွန်းကောင်းပဲ ဖြစ်သည်။

ထို့ကြောင့် ကိုယ့်အတွက် ပြည့်စုံနေတာနဲ့ပဲ သူမ နေတတ်သလိုနေခဲ့တာ ဖြစ်သည်။ ခုကျမှ စိတ်က ဟိုတွေးဒီတွေးနှင့် ထိတ်လန့်လာ





သလိုလို ..။

"ရောက်ပြီ၊ အထဲမှာ အားလုံးရှိတယ်နော်"

ကားပေါ်က ဆွေသင်း ပစ္စည်းတွေကို ဗျဉ်ထောင်အိမ်ပုပုလေးရှေ့ အဆင့်ပေါ်မှာ ချပေးခဲ့ပြီး ကားပြန်ထွက်သွား၏။

"မင်း သွားနှင့်၊ ငါ နောက်က ပါလာမယ်" တဲ့။

သွားနှင့်ဆိုတာ ရှေ့နောက်သိပ်မကွာဘဲ သူလိုက်လာမှာမျိုး၊ ဒါမှမဟုတ် မြို့ပြင်မရောက်ခင် တစ်နေရာမှာ သူမီလာမည်ဆိုလျှင် ပြဿနာမရှိ ..။ ခုတော့ သူမ အိမ်တံခါးဖွင့် ပစ္စည်းတွေသွင်းနေတုန်း ကားကလည်း ပြန်ထွက်သွား၏။

ပတ်ဝန်းကျင်မှာ အိမ်လေးတွေမြင်နေရပေမယ့် အရမ်းကွာနေတော့ ကိုယ့်အိမ်ကို တံခါးပိတ်ပြီးတော့ပဲ ခရီးပန်းလာသမျှ အိပ်ရာထဲဝင်လှဲနေလိုက်မိ၏။ သူ ရောက်လာတော့ ညကိုးနာရီ။

"သွားမယ် .. ထ"

"ဟင်!.. သွားဦးမယ်၊ ဘယ်ကိုလဲ .."

ပခုံးတစ်ဖက်မှာ အိတ်မည်းကြီးတစ်လုံးနှင့် မျိုးဆက် မျက်နှာက အလွန်အမင်း အရေးကြီးနေမှန်း သိသာလျက် ...

"ထပါဆိုကွာ .. လမ်းကျမှပြောမယ်"

"ကားတန်းစောင့်ရတယ်ဆို .."

"မင်းကို ဘယ်သူလာပြောသွားတာလဲ"

"ညနေက အကြော်သည် ခေါ်ဝယ်တုန်းက ပြောသွားတာ"

ပတ်ဝန်းကျင်နဲ့ ခေါ်ပြောမိတာတောင် ဒေါသထွက်သွားသည့် မျက်နှာနှင့် ဖျတ်ခနဲ လှည့်ကြည့်၏။ ဘာမှတော့မပြောပါ။ သို့သော်.. ညကြီးမင်းကြီး နောက်ထပ် ဝက်စ်ဂွန်းကားလေးနှင့် ခရီးဆက်ကြရင်း ...

"လမ်းကလည်း ကြမ်းလိုက်တာ၊ ဘယ်လိုဖြစ်လဲ၊ ကြီးလဲ၊ ဘား



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မှောင်မည်းနေတာပဲ"

"ဘယ်သွားနေတာလဲလို့ မင်း မေးချင်နေတာလား"

"မေးချင်တာပေါ့၊ ကိုကြီးက ခုချိန်ထိ ဆွေ့ ကို ဘာများပြောခဲ့လို့လဲ"

"အေး .. မပြောတာက များများသိရင် မြန်မြန်သေမှာစိုးလို့"

ပြောပြန်ပြီ ဒီစကား ..၊

ရှေ့မှာ ကားမီးတန်းလေးအတိုင်း မြင်နေရတာကလွဲလျှင် သ ရွက်သစ်ခက်တချို့မှလွဲ၍ ပတ်ဝန်းကျင်မှာ ဘာမှမရှိ။ ညနေ အကြော်သည်ကတော့ ပြောသွား၏။

"တောင်ပေါ်ကို ကားတန်းနဲ့ပဲဖြတ်ကြတာ၊ ဘေးက ဖြတ်လမ်း တွေရှိပေမယ့် လူကောင်းသူကောင်းတွေ မသွားကြပါဘူး" တဲ့။

"ကိုကြီး ..."

"ဘာလဲ .."

"အခု ဆွေ တို့က ဟိုဘက်နယ်အထိ သွားကြမှာပေါ့"

"ဟုတ်တယ်"

"အလုပ်ကိစ္စနဲ့လား"

"မဟုတ်ဘူး .. အပြီးထွက်လာတာ"

"ဟင်!..."

"ဒီမှာ ဆွေ ..၊ မင်းရဲ့ဘဝကို ကယ်ဆယ်ဖို့အတွက် ငါဒီလော သက်စွန့်ဆံဖျား ကြိုးစားနေရတာ၊ မင်း သေချာသိရင် ထိုင်ရှိခိုးချင်စိ တောင် ပေါက်သွားလိမ့်မယ်"

"ရှိခိုးရလောက်အောင် ကျေးဇူးကြီးမားနေရင် ခေါင်းပြန်မ ဘဲ တစ်နေ့လုံး ဦးခိုက်နေပါ့မယ် ကိုကြီးရယ် .. ဘာတွေလဲဆို ပြောပြစမ်းပါ"

မျိုးဆက်က ရှေ့ကိုပဲ သည်းကြီးမည်းကြီး ကြည့်မောင်းနေရင်





"ပြောပြမယ် .. နားထောင်"

ဆွေသင်း သူပြောတာတွေကို နားထောင်ရင်း တစစ ပြူးကျယ်လာခဲ့သည့်မျက်ဝန်းတွေ ပေါက်ထွက်မတတ် ရှိလာခဲ့လျက် ...

"ကျွန်ပ်သော် သူ့ကို အတည်တကျ လက်ထပ်ယူလိုက်ကတည်းက ဆရာတို့ သိမှာပါ၊ သူ့ကိုတော့ ..."

"မရဘူး မျိုးဆက်၊ ငါတို့အဖွဲ့သားတွေမှာ 'မ'ဆိုရင် ကိုယ့်လက်မကိုပေါင် အကျိုးအမြတ်ရဖို့ ရှိလာရင် အချိန်မရွေး ခုတ်ဖြတ်ပစ်ရမယ်၊ မိန်းမကို မိန်းမလို့ပဲမြင်၊ အစ်မ၊ နမ၊ မိန်းမ ဘာအတွက်မှ အခွင့်အရေး မပေးရဘူး၊ ငါတို့ ဒီတစ်ခေါက်အတွက် တစ်ယောက် လိုနေသေးတယ်၊ မင်းမိန်းမက နုနုငယ်ငယ် လတ်လတ်ဆတ်ဆတ်လေးဆိုတော့ အတော်ပဲ"

"ကျွန်တော် တောင်းပန်ပါတယ် ဆရာ၊ သူက တကယ့်ကို ကလေးသာသာပါ၊ ဆင်းရဲပေမယ့် ဖြူစင်တယ်၊ ကျွန်တော့်ကို လေးစားပြီး ထားသလိုနေရှာတဲ့ မိန်းကလေးပါ၊ သူ့အစား ကျွန်တော် ဖန်တီးပေးပါ့မယ်"

"ဟ .. အဲဒီအတွက် အချိန်တွေ၊ ငွေတွေလိုလာမယ်၊ အန္တရာယ်ဆိုတာက ကျောနောက်မှာ အမြဲတမ်းကပ်နေတာ၊ မဗိုက်ရှင်စမ်းနဲ့ကွာ.. မင်း မိန်းမယူလိုက်တာကိုက ဒီလိုကြုံလာရင် အဆင်သင့်ရှိနေဖို့ အရင်ကြိုးစားထားသင့်တာ"

"ပြီးတော့ .. သူ့အဖေကလည်း ..."

"မပြောနဲ့တော့၊ မင်း ငွေလိုချင်နေတုန်းကတော့ ဒီအဖွဲ့ဝင်ဖြစ်ရဖို့အတွက် သစ္စာတွေပြု၊ ကတိတွေအထပ်ထပ်ပေးနဲ့ မင်းယောကျ်ား မဟုတ်ဘူးလား၊ ဒီကောင်မလေး မင်းအတွက် သိပ်တန်ဖိုးကြီးနေရင်တော့ .. ပြလိုက်စမ်း"

သူ့ရှေ့ကို အတက်ချိုကော့စ်ကြီးတစ်လုံး ပွင့်လျက်သား ချ၍လျား



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ အထဲမှာ ငွေစက္ကူတစ်ရွက်မှမပါဘဲ ဒေါ်လာတွေချည်း မနည်းမနော။

"မင်း ယူလိုက် .. အဲဒါ မင်းကို ငဲ့ညှာပြီး ပုံပေးလိုက်တာ၊ မိန်းမတွေ ပေါပါတယ်ကွာ .. မင်းမှာ ဒါတွေ အထပ်လိုက်ရှိနေရင် ဟောတစ်ယောက် ဟောတစ်ယောက် ရင်ခုန်နေလို့ရတယ်"

ပါးစပ်ဇွေ့လို့မရတော့အောင် ထိတ်လန့်အံ့သြရင်း ဆွေသင်း မျက်လုံးတွေ ကားနောက်ခန်းက ဆိုဖာအောက်ဆီ ရောက်သွား၏။ ဒီထဲမှာ ငွေတွေ ထည့်ပိတ်ထားလိုက်တာ သူမ သိထားသည်။ ဒီငွေတွေက --

"ဒါ .. ဒါဆို ကိုကြီးတို့က မိန်းကလေးတွေကို .. ဟို .."

"ဟုတ်တယ်၊ အခု မင်းကိုကယ်တင်ချင်လို့ ငါ အဖွဲ့ကို သစ္စာဖောက်ခဲ့ပြီ"

ခေါင်းထဲမှာ ဒိုင်းခနဲ ပေါက်ကွဲသွားသလိုပင်။ သစ္စာဖောက်ဖို့ မပြောနဲ့ မသက်သာစရာတောင် မလုပ်ဝံ့ကြဘူးတဲ့၊ အသက်ကို ဖက်နဲ့ထုပ်နေရတာတဲ့ ..။

ဘာအလုပ်လို့ မပြောဖူးပေမယ့် ကိုယ့်ကို ဂရုမစိုက်တာတွေ ပြချင်သည့်အခါ သူ ဒီလိုပြောခဲ့ဖူးသည်။ ဤသို့ဆိုလျှင် ...

ဆွေသင်း မမေးရသေးဘဲ သူကပဲ ဆက်၍ ...

"စိတ်တော့ မကောင်းဘူး၊ သူတို့ ငါ့နောက်လိုက်ပြီး ဒုက္ခမပေးနိုင်အောင် ငါ့နည်းငါ့ဟန်နဲ့ သူတို့ကို ဒုက္ခပြန်ပေးဖို့ စီစဉ်ထားခဲ့တယ်"

"ဘာ!... ဘာလုပ်ခဲ့တာလဲဟင်"

ဆွေသင်း အသံလေး မေးရိုက်သံလို တုန်ယင်လျက် ...

"သူတို့ .. သူတို့ကို ကိုကြီးက အလွယ်တကူ ဒုက္ခပေးနိုင်တယ် ဟုတ်လား .."

"လွယ်တော့ ဘယ်လွယ်မလဲ၊ ဒါပေမယ့် တစ်ဖွဲ့လုံး ရဲလက်ထဲ ရောက်သွားရင် ပြီးပြီလေ"





ပြောပြီး ဘယ်လိုအဓိပ္ပာယ်မှန်းမသိသည့် မျက်လုံးနှင့် လှည့်ကြည့်ကာ ကားထဲမီးရောင်ဖျော့ဖျော့အောက်မှာ ဆွေသင်း ချောက်ချားနေတာကို သက်ပြင်းချ၏။

"ကမ္ဘာမီးလောင် သားကောင်ချနင်း တဲ့ ဆွေ၊ ငါလည်း မတတ်နိုင်ဘူး၊ မင်းကို သူတို့လက်ထဲ ထည့်ပေးလိုက်ရတဲ့အကြောင်း လိပ်စာနဲ့တကွ သေချာရေးပြီး မင်းအဖေကို စာပေးခိုင်းခဲ့တယ်"

"ဘာ!... ဘယ်လို .."

ဆွေသင်း ကိုယ်လေး ကြွခနဲ ဖြစ်သွား၏။

"မင်းအဖေ ဘာလုပ်ရမယ်ဆိုတာ သိမှာပါ၊ သူ ရဲကိုတိုင်လိုက်ရင် ပြီးပြီ"

ဘုရား!...ဘုရား ...။

ဆွေသင်း မျက်လုံးတွေမှိတ်ချလိုက်ပြီး ဘုရားတမိသည်။

သွေးအေးလိုက်တာ ..၊ ပြောရက်လိုက်တာ ကိုကြီးရယ် ..။

ဘာမှမတတ်နိုင်သည့်အချိန်ကျလာမှ အဖေ ဆိုသည့်သံယောဇဉ်က ရင်ကို အရည်ပျော်မတတ် ပူလောင်လာစေခဲ့၏။

အဖေ .. ငါ့ကို သံယောဇဉ်ကုန်ခန်းနေပါစေ ..၊ နေ့စိမ့်တဲ့သမီးဆိုပြီး မုန်းနေပါစေ၊ ငါ့အကြောင်းတွေ ဘာကြားကြား စိတ်မပူဘဲ သွေးအေးနိုင်ပါစေ ..။

သူမ တိုးတိတ်စွာ ဆုတောင်းနေမိပေမယ့် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၅၃ ]

"ဘာလဲ ချစ်ဖူး .. ပြစမ်း"

"အဖေ ..."

"ပြစမ်း ဆိုကွာ .."

ဦးခင်မောင် ဖွင့်ထားလက်စစာရွက်ကို ဆွဲယူဖတ်လိုက်လျှင် ...

အန်ကယ်လ် ..

မိုက်ခဲ့တာက ကျွန်တော်ပါ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် လူကောင်းမဟုတ်မှန်း သိပေမယ့် ဆွေသင်း ကို မေတ္တာရှိမိတဲ့ အတွက် လက်ထပ်ယူခဲ့မိတာပါ။

ခုတော့ သူတို့ကို မလွန်ဆန်နိုင်တဲ့အတွက် သူတို့တွေ ဆွေ သင်း ကို ခေါ်သွားတာကို ကျွန်တော် ဒီတိုင်းပဲ ကြည့်နေခဲ့ရတယ်၊ ဒါပေမယ့် အခု အရဲစွန့်ပြီး သတင်းပေးလိုက်ပါတယ်၊ အဲဒီအတွက် ကျွန်တော်လည်း အသက်တိုဖတ်နဲ့ထုပ်ပြီး ပြေးနေရပါပြီ။

သူတို့အဖွဲ့နေရာကို အောက်မှာ ကျွန်တော် သဲလွန်စ ရေးခဲ့ တယ်၊ အန်ကယ်လ် ရဲကိုတိုင်ပြီး ဆွေသင်း ကို ပြန်ကယ်လိုက်ပါ။





ဒါက ပြန်ပေးဆွဲတာ မဟုတ်တဲ့အတွက် ရဲကိုတိုင်ရင်တော့ မိရိပါ လို့ သတိပေးချင်ပါတယ်။

သမက်

"တောက် .. ဘာ သမက်လဲ .."

"ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ အဖေ၊ ဦးမျိုးဆက် က အဲဒီလို လူကြီးမှန်း သိကိုမသိခဲ့ဘူး"

ချစ်ဖူး စကားကြောင့် စာမျက်နှာ ၏ သွေးစတို့စွန်းထင်းနေသော မျက်နှာကို ကွက်ခနဲ မြင်၏။

"ဒီလူက လူကောင်းမဟုတ်ဘူး အဖေ"

"အဖေ စိတ်ဆင်းရဲရမှာစိုးလို့ပါ"

"ဆွေသင်း က သားညီမလေးပါ အဖေရယ် .."

"တောက် .."

နောက်ထပ်တစ်ခါ တက်ခေါက်ခြင်းက ဘယ်အရပ်မျက်နှာကို ရည်ရွယ်မှန်း မသိ ...။

ဦးခင်မောင် ညကသောက်ထားသည့် အိပ်မှုန်စုံမွှား မူးနေတာတွေ ပါ ပျောက်ရှကုန်လျက် စာကိုပဲ နောက်တစ်ခါ ထပ်ဖတ်မိပြန်သည်။

"ကျွန်တော် ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်လိုက်မယ် အဖေ"

"ဟာ!... မင်း ဦးနှောက်နည်းလှချည်လား ချစ်ဖူး"

"ဦးနှောက်ကြီးတဲ့သူရော ဘာတတ်နိုင်မှာလဲ အဖေ၊ ဒီလိုလူတွေ က အဖွဲ့အစည်းကြီးတယ်၊ လူသတ်ရဲတယ်"

"အေး .. သတ်ရဲလို့ စိုးရိမ်နေတာ၊ ရဲကိုတိုင်ဖို့က ..."

"အဖေ ..."

ဦးခင်မောင် စကားမဆုံးခင် လက်ထဲမှာ အထုပ်တစ်ထုပ်နှင့် စာမျက်နှာ သည် သူတို့နဲ့မလှမ်းမကမ်းမှာ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ သတိပေးခဲ့တာကို ကိုယ်က ထိုးကြိတ်တုံ့ပြန်ခဲ့သေးသည်။ အခု ဒီပြဿနာပဲတက်နေရတာမို့ အချိန်ကိုက်ရောက်လာတာကို ဦးခင်မောင် ရှက်စိတ်နှင့် မွန်းသွား၏။

ဒေါသကို ငြိမ်ဝပ်ပိပြားအောင် ထိန်းလို့မရတော့ဘဲ ...

"မင်းက စောစောစီးစီး ဘာလာလုပ်တာလဲ"

"မမက သူ့မွေးနေ့မို့လို့ အဖေ့ကို ကန်တော့မလို့ လာကြတာ၊ နောက်မှာ မမ ပါလာပါတယ်"

သူသာ အဖေ့ကို ကိုယ်ပိုင်ဆိုင်တဲ့ငွေတွေ ပုံအပ်ပြီး ကန်တော့ခွင့်ရတော့မှာကို အပျော်လွန်ကာ မိုးမလင်းခင်ကတည်းက ဒီကိုလာဖို့ပဲ တက်ကြွနေခဲ့တာ ဖြစ်၏။

ထို့ကြောင့် သူ့ကိုလာခေါ်ပါလို့ တရရပြောထားခဲ့သည့် ဆု ကိုတောင် သူကိုယ်တိုင် မခေါ်ဖြစ်တော့ဘဲ မမ က သွားခေါ်ပေးရတဲ့အထိ...။ ဒါပေမယ့် အဖေ့ဆီကို တစ်ယောက်တည်း ဝင်မသွားရဘူးလို့ မမ တောင်းတဲ့ကတိအတိုင်း အိမ်ရှေ့မှာပဲ ထိုင်စောင့်နေခဲ့ရ၏။

သူ လှမ်းကြည့်နေတုန်း ချစ်ဖူး ခြံထဲကနေ စာတစ်စောင် ကောက်ယူဖတ်ကာ အိမ်ထဲ ပြန်ပြေးဝင်သွားတာ မြင်လိုက်ရသောကြောင့် ...

"အေး .. ငါ့သမီးက ကန်တော့မှာဆိုရင် သူပါမှ ဝင်ခဲ့၊ မင်း သွားတော့"

"ဟုတ်ကဲ့ပါ၊ သားဝင်လာခဲ့တာ အခု အဖေတို့ဖြစ်နေတဲ့ ဆွေသင်း ရဲ့ ..."

"မင်းနဲ့မဆိုင်ဘူး ဟောကောင်၊ ပြန်ဆိုပြန်လိုက်"

"အဖေကလည်းဗျာ .. ဒီအချိန်မှာ ရန်သူလို သဘောထားမနေပါနဲ့၊ ကျွန်တော်တို့မှာ သားအဖနှစ်ယောက်တည်းရှိတာ၊ ခေါင်းတစ်လုံးပိုလာတော့ အကြံဉာဏ်တစ်ခု တိုးတာပေါ့"

ချစ်ဖူး က အရေးကြီးတော့ သွေးနီးစကားမျိုး ပြောလာ၏။





စာမျက်နှာ ကိုလည်း ပြန်ထွက်မသွားဖို့ လက်ရိပ်ပြထားကာ ...

"ဒီလူ့အကြောင်း ကျွန်တော်တို့ထက် ကိုစာ က အရင်သိထားခဲ့တာ၊ သူ အကြံပေးနိုင်တာ ရှိမှာပေါ့"

ပြောပြီး စာမျက်နှာ ကို မေးဆတ်ကာ အကြံဉာဏ်တောင်းသလို ကြည့်၏။

"သူ့အကြောင်း ငါလည်း သေချာမသိပါဘူး၊ ဒါပေမယ့် နယ်စပ်အဖွဲ့အစည်းတွေနဲ့ အဆက်အသွယ်ရှိနေသလိုလို ဘာလိုလို ငါ့ကို ပြောပြတဲ့လူနှစ်ယောက်လောက် ရှိတယ်၊ ငါလည်း မသင်္ကာစရာပုံစံနဲ့ သူ့ကို တစ်ခါ တွေ့ဖူးလိုက်တယ်"

စာမျက်နှာ က ရှင်းပြနေပေမယ့် ဦးခင်မောင် ရဲ့ မျက်နှာရိပ်မျက်နှာကဲကိုလည်း ကြည့်သည်။

"သိတိုင်း မပြောရဘူး မောင်လေး၊ စေတနာဆိုတာလည်း သူ့နေရာနဲ့သူ ထားတတ်ရတယ်" တဲ့။

ဟိုတစ်ခါ ဒီပြဿနာတက်ရတုန်းက မျက်နှာကဒဏ်ရာတွေကို ကြပ်ပူထိုးပေးနေရင်း မမ ကရုဏာဒေါသနှင့် ဆူခဲ့သည်။ ဆူနေရှင်းနှင့် ဆုံးမသည်။ ပြီးတော့လည်း ငိုလို့ပါ။

သူ ဒီလို နောက်တစ်ခါ ဝင်ပြောမိသည့်အတွက် အထိုးကြိတ်ခံရမှာကို ကြောက်သော်လည်း အဖေ့ရဲ့ဒေါသအမုန်းတွေ ပိုလာမှာကို အားလုံးထက် ပိုကြောက်သည်။

"အခု ဆွေသင်း ဘာတွေဖြစ်နေတာလဲ၊ ကိုစာ သိလား .."

ချစ်ဖူး က မေးတော့ သူ ခေါင်းခါလိုက်သည်။ ကြားလိုက်ရတဲ့ တစ်စွန်းတစ်စအရ ဆွေသင်း ဒုက္ခရောက်နေတာ သိသည်။ သူ့ယောကျ်ားကြောင့်ဆိုတာလည်း သိ၏။ ဘာဖြစ်မှန်းတော့ မသိပေ။

"သူ့ယောကျ်ားက မိန်းကလေးတွေကို ခွေးဆောင်ဖြားယောင်းနေတဲ့ လူကြီး၊ သူက မဆွေ ကို ဟိုအုပ်စုလက်ထဲအပ်ပြီး ပြေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

စာမျက်နှာ တအံ့တသြဖြစ်သွား၏။ ဦးမျိုးဆက် ကို ကြောက်စရာကောင်းတဲ့လူတစ်ယောက်ပုံစံမျိုး တစ်ယောက်က သတိပေးတုန်းကလည်း ခေါင်းညိတ်ခဲ့ပေမယ့် ဒီလောက်ထိတော့ မထင်ခဲ့ပေ။

လူဆိုးတစ်ယောက်ဖြစ်နေရင်တောင် တခြားမကောင်းမှုများစွာ ကျူးလွန်ခြင်းနှင့် လူဆိုးဖြစ်နေတာဆို တော်သေးသည်။

ခုတော့ ဒီလို ယုတ်ယုတ်မာမာနည်းနှင့် ..!

"ဒါဆို ဆွေသင်း က အခု ဟိုလူတွေဆီမှာလား၊ ဟိုဘက်ကို အပို့ခံလိုက်ရပြီလား"

"မသိဘူး၊ သွားကယ်လိုက်ပါလို့ သူ့ကိုယ်သူ ဥပါဒ်လွတ်အောင်တော့ ရေးထားတာပဲ"

ချစ်ဖူး က လွှင့်ကျနေသည့်စာကို ပြန်ကောက်၍ စာမျက်နှာ လက်ထဲ ထည့်သည်။ စာမျက်နှာ ဖတ်ကြည့်လိုက်ပြီး ...

"ဒါက ..."

အဖေ ဘယ်ရောက်သွားလဲ ..၊ မျက်နှာမော့လိုက်တော့ နေရာမှာ အဖေ့ကို မတွေ့ရတော့ပေ။ စာမျက်နှာ ဟိုဒီလိုက်ရှာနေတုန်း ဦးခင်မောင် က ရုပ်အင်္ကျီတစ်ထည်ကိုဝတ်နေရင်း အပြင်ပြန်ထွက်လာကာ—

"လိပ်စာအတိုင်း ငါ အရင်စုံစမ်းကြည့်ဦးမယ်၊ မင်း ငါ ဘာမှ အကြောင်းမကြားဘဲနဲ့ ရဲကို လုံးဝ မတိုင်နဲ့နော်"

"အဖေ ..."

စာမျက်နှာ အဖေ့ရှေ့ကနေ ပိတ်ကာထားကာ ...

"အဖေ တစ်ယောက်တည်းနဲ့ သူတို့ကို ဘာမှလုပ်လို့ရမှာမဟုတ်ဘူး၊ ဆွေသင်း ကို မကယ်နိုင်သေးဘဲ အဖေပဲ ..."

"ဟေ့ .. ဖယ်စမ်း"

ဒေါသအရှိန်က ရှိပြီးသားမို့ ဦးခင်မောင် က စာမျက်နှာ ကို





တွန်းပစ်လိုက်၏။

"မင်းက ဘာမို့လို့ လာတားနေတာလဲ၊ ဒါ ငါ့မိသားစုကိစ္စ၊ ငါ့သမီးအတွက် ဘာဖြစ်ဖြစ် ငါ လုပ်မယ်"

"မဟုတ်သေးဘူး အဖေ၊ ကိုယ့်မှာ အလင်းရောင်ထဲက အမှန်တရား ရှိနေပေမယ့် ရေများ ရေနိုင်၊ မီးများ မီးနိုင် အဖွဲ့အစည်းကြီး တစ်ခုလုံးကို အမှန်တရားတစ်ခုတည်းနဲ့ .. အဖေတစ်ယောက်တည်း ရင်ဆိုင်ဖို့ မဖြစ်နိုင်ဘူး၊ သားတို့ ဥပဒေနဲ့လက်တွဲပြီး ..."

"မတွဲဘူး .. တွဲလို့မဖြစ်ဘူး .."

ဦးခင်မောင် မျက်နှာကြီးက အသိစိတ်ပျောက်နေသူလို နီရဲ တုန်ယင်လျက် ...

"ငါ့သမီး ဘယ်မှာရှိတယ်ဆိုတာ အရင်သိရရင် ဘာလုပ်ရမယ်ဆိုတာ ငါ သိတယ်"

"ဘယ်မှာရှိတယ်ဆိုတာ သူ ပြောထားတာပဲ အဖေရယ်"

"ရဲကိုတိုင်ရင် ဘာဖြစ်နိုင်တယ်ဆိုတာရော မင်း မတွေးဘူးလား၊ ဒီမှာ စာမျက်နှာ .."

ဦးခင်မောင် က မျက်နှာကို ရှေ့တိုးလိုက်ကာ ...

"မင်း ငါ့ကို တရားချသလိုလို ဆရာလုပ်သယောင်လို လာမပြောနဲ့၊ ငါ့သားသမီးတွေ တစ်ယောက်တစ်မျိုး လေလွင့်ပျက်စီးကုန်ကြလို့ မင်းကို လူတော်လူကောင်းလေးဆိုပြီး ငါက အထင်တကြီး ရှိလာမယ် ထင်သလား"

မထင်မှတ်ဘဲ ကြားဖြတ်ဝင်လာသည့် ရှုပ်သီးသော မေးခွန်းနှင့် အကြည့်တွေကြောင့် စာမျက်နှာ ပြောမည့်စကားတွေ လျှာဖျားမှာပဲ ပျောက်ဆုံးကုန်၏။ အဖေ့မျက်နှာကို မျက်တောင်မခတ် ငေးနေမိရင်း ဘာတစ်ခွန်းမှ ပြန်မပြောဖြစ် ...။

"ငါ့ရဲ့ သားဆိုးသမီးဆိုးတွေကို မင်းသို့ကောင် ဆယ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် မလဲနိုင်ဘူး ..''

ထပ်ပြောလာသည့်စကားလုံးက မြားတစ်စင်းလို နင့်ခနဲ စူးသွားသည်။ ဦးခင်မောင် သည် ပြောနေရင်း ရှေ့ကို တိုးကပ်ရင်းနှင့် စာမျက်နှာ နဲ့ ရင်ဘတ်ချင်း နီးကပ်နေကာမှ ကိုယ်ရှိန်သတ်၍ ...

''ဆွေသင်း က ငါ့ရဲ့ရင်သွေး .. ငါ့သမီး၊ မင်းက တစိမ်းပီပီ မင်းနှမ မဟုတ်လို့ ဒီစကားတွေ ..''

''မဟုတ်ပါဘူး အဖေ .. သားရင်ထဲမှာ ဟိုတုန်းတည်းက ခုချိန်ထိ ဆွေသင်း တို့ ချစ်ဦး တို့တွေက သားရဲ့ ညီအရင်း ညီမအရင်းတွေပါ''

ဦးခင်မောင် မဲ့ပစ်လိုက်ခြင်းက စကားလုံးတွေ တန်းစီပစ်ဝင်သွားသလို ရင်ထဲမှာနာကျင်လာ၏။ သူ တစ်သက်လုံး ဝတ်မွတ်စွာတောင်းခံလာခဲ့ရသည့် မေတ္တာတရားက ခုချိန်ထိ သူနဲ့ အဝေးကြီးမှာပါလား..။

ပြောလိုက်သမျှ တလွဲတွေ ထင်ခံရသည်။ ဘာပဲလုပ်လုပ် မုန်းဖို့တွေသာ ဖြစ်ခဲ့သည်။ ဒါပေမယ့် ရင်ထဲမှာ တသမတ်တည်း နိုင်မြဲလာခဲ့သည့် အမေ့အလျော့ မျှော်လင့်ဆဲ ချစ်ခြင်းတရားတို့က နာကျင်ခဲ့ရတိုင်း ယုတ်လျော့မသွားနိုင်ဘဲ ရှိခဲ့၏။

တယုတယ ပြုစုပျိုးထောင်ခဲ့ကြသည့် အဖိုးထိုက်အဖိုးတန် ပန်းမျိုးတွေဟာ ရာသီအချိန်အခါအလိုက်မှာ ထိခိုက် ပျက်စီးလွယ်ပေမယ့် အလေ့ကျ ပေါင်းမြက်နွယ်ပင်တွေကတော့ ရာသီလည်း ဂရုမစိုက်၊ ဖျက်ဆီးပစ်တာတောင် ပြန်းတီးသွားခဲ့တာ မရှိ ..။

စာမျက်နှာ ဆိုတဲ့ကောင်က အလေ့ကျ ပေါင်းမြက်တွေလိုလား..၊ သူ့ဘဝဟာ ဂရုစိုက်ယုယမည့်သူ မရှိခဲ့ဘဲ မျောချင်ရာမျောနေရင်း ဗေဒါလို အမြဲတမ်း ပုန်းပန်နေခဲ့သည်။

'ရိုးသားလှ ကြိုးစားလှချေရဲ့'လို့ လူတချို့ ချီးမွမ်းကြ၊ ခင်မင်ကြတာတွေအားလုံးသည် အဖေ့ရဲ့ ထင်မြင်သေးစွာ ရှုံ့ချလိုက်သည့် အကြည့်တစ်ချက် .. စကားတစ်ခွန်းမှာပဲ အညွန့်ကျိုး၏။





ဘဝကို စစ်မျက်နှာတစ်ခုလို ရင်ဆိုင်ရင်း အောင်လံတလူလူလွှင့်နိုင်ခဲ့ရာလည်း အဖေ့ရှေ့မှာတော့ ကစားစရာစက္ကူအလံတစ်ခုလို ..။

''အဖေ .. အဖေ နေပါဦး''

မျက်ရည်ဝေလာသဖြင့် မှုန်ဝါးသွားသည့် မြင်လွှာထဲမှာ အဖေထွက်သွားသည့်အရိပ်ကို မြင်လိုက်ကာ ခံစားရသမျှတွေ အားလုံးပျောက်ဆုံးသွား၏။ သူ အဖေ့ကို အတင်းလိုက်ဆွဲထားလျက် ...

''အဖေ .. အဖေက သားလိုကောင် ဆယ်ယောက်လောက်နဲ့ လဲနိုင်ဘူးဆိုပေမယ့် သားက အဖေတစ်ယောက်ကို သားတစ်ဘဝလုံးနဲ့ လဲယူရမယ်ဆိုရင်တောင် လိုချင်တာပါ အဖေ ..''

ပေါက်ခနဲ ကြွေဆင်းလာသည့် မျက်ရည်ကို အဖေ့နှုတ်ခမ်းတွေ ...မသွားခင် လက်မောင်းနဲ့ ပင့်သုတ်ပစ်လိုက်ကာ ချစ်ဖူး ဘက် လှည့်...ိုက်၏။

''ရှော့ ..''

သူ ကိုင်ထားဆဲ အိတ်ကို ချစ်ဖူး လက်ထဲထည့်ပေးလိုက်ပြီး ဦးခင်...ောင် ဘက် ပြန်ငဲ့ကြည့်ကာ ...

''အဲဒါတွေက မမ ကန်တော့မယ့်ပစ္စည်းတွေပါ''

ပြောပြီးမှ မျက်နှာငုံ့၍ ...

''ဆွေသင်း ဘယ်မှာရှိတယ်ဆိုတာ သား သွားရှာမယ်၊ အဖေ ...တ်ချမ်းသာမယ့်သတင်းနဲ့ သား ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်''

... ဦးခင်မောင် မျက်လုံးတွေ စူးရဲသွား၏။ ဘာမှမပြောရသေးဘဲ ...ိမ်ပေါ်က ဆင်းထွက်သွားသည့် စာမျက်နှာ ကျောပြင်ကို ကြည့်ကာ ...စ ကျဉ်းမြောင်းသွားသည့် မျက်ဝန်းတွေမှာ ရှုပ်ထွေးမှုများစွာဖြင့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၄ ]

"မနေ့က ဝယ်ခဲ့တာတွေရော .."
"မောင်လေး ယူသွားတယ်လေ"

ကားက လမ်းလယ်ခေါင်က ချိုင့်ကြီးကိုရှောင်၍ ကပ်သီးကပ်သ
မောင်းနေရတာမို့ ဆု က စကားလှည့်ပြောလိုက်၊ ရှေ့ပြန်လှည့်လို
နှင့် ...

"မနေ့က အနီကယ့်လ်အတွက် ပစ္စည်းတွေ လျှောက်ဝယ်ပြီး
ဝယ်ကာမှ ငါးထောင်လိုနေလို့ ဆု က စိုက်ပေးတာလေးကို
မောင်လေး ဘာဖြစ်သွားလဲ သိလား .."

"သိတယ် .. သိတယ် ပြောသားပဲ၊ အဲဒါကို ပြန်ပေးချင်နေ
လေ၊ ညီမလေးကို တစ်မ်းဆန်ချင်တာ မဟုတ်ဘူး၊ အဖေ့အတွက်
ငွေနဲ့ သူ့ခြေသူ့လက် အားလုံး ဝယ်ချင်တာ"

ပြောနေကြသည့် နှစ်ယောက်ထဲမှာ တိုင်တဲ့သူကလည်း မခံ
နိုင်လို့ တိုင်တာမဟုတ်သလို ရှင်းပြနေတဲ့သူကလည်း အနားမှာ
လူကို မှန်းဆပြီး ချစ်စနိုးမျက်ဝန်းများနှင့် ရယ်နေရင်း ဖြစ်သည်။





"မောင်လေးကလေ 'အဖေ့ကို သူ့ဘဝထက်ပိုပြီး တန်ဖိုးထားတယ်၊ သူ့ကိုယ်သူ ချစ်တာထက်လည်း ပိုသေးတယ်၊ သူ့ရင်ထဲမှာ နူးညံ့ကြင်နာမှုတွေအပြည့်ရှိပေမယ့် အားလုံးက ငုပ်လျှိုးပြီး အဖေ့ကို တမ်းတနေတဲ့စိတ်တစ်ခုပေါ်မှာပဲ ရှိတော့တာမျိုး .."

မခ မျက်ဝန်းလေးတွေက ဆွေးရိပ်သမ်းနေ၏။

'မမနဲ့ ကပ်လိုက်ပြီး ကန်တော့ရမယ့်အဖြစ်ပါလား' လို့ နည်းနည်းမှ တွေးမိပုံမပေါ်ဘဲ တစ်ညလုံး ဒီအိတ်တစ်လုံးနဲ့ပဲ ထိုင်လိုက်ထလိုက်နှင့် မအိပ်နိုင် ,,။

အဖေ အတ္တကြီးလွန်းတာကို ခွင့်မလွှတ်ချင်ပေမယ့် မောင်လေးကို သနားလွန်းလို့ သူမ ကြည့်နေခဲ့ရသည်။ ဒီနေ့တော့ အဖေ့ရှေ့မှာပဲ မောင်လေးက ကန်တော့ချင်တာတွေ၊ မောင်လေးရဲ့ မေတ္တာတွေကို အဖေ အသိအမှတ်ပြု နားလည်သွားအောင် မရမနေ ကြိုးစားဖို့ ဆုံးဖြတ်ထားခဲ့သည်။

ပြီးတော့ မောင်လေးကို နားလည် သည်းခံလွန်းသည့် ဆု ကိုယ်တိုင် နောက်ထပ် ပိုပြီး နားလည်သွားစေချင်သည်။ ဒါကြောင့်လည်း ဆု က လိုက်ချင်သည်ဆိုတာကို မောင်လေးက သိပ်မခေါ်ချင်ဘဲ သူမ ကိုယ်တိုင် သွားခေါ်ခဲ့တာ ဖြစ်၏။

"ပြီးတော့ ပြောသေးတယ် သိလား .."

ဆု က ကားမောင်းနေရင်း လှည့်ပြောပြန်သည်။

"ဆု ကို လာခေါ်နော်လို့ တောင်းပန်နေတာကို ဘာဆိုင်လို့လဲတဲ့..၊ ဒါက မိသားစု ကန်တော့ပွဲ နင် ကြောင်တောင်တောင် ဖြစ်နေမှာပေါ့တဲ့"

ထပ်တိုင်ပြောတော့ မခ ရယ်လိုက်မိသည်။ အိမ်မှာလည်း ဒီအတိုင်း ပြောပြီး မခေါ်ပါနဲ့လို့ တားနေသေးသည်။

"ဆု ကလေ သူ အရှမ်းပျော်နေတာကို ခဏလေး မြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အားမရလို့ပါ၊ သူ့ ကန်တော့တိုင်း အန်ကယ်လ်က ကြည်ဖြူခဲ့တာ မရှိဘူးတဲ့"

"ဟုတ်တယ် .. ညီမလေးရယ် .."

"အခု မမပါမှာဆိုတော့ အဆင်ပြေမှာ သေချာတယ်လေ၊ သူ ပျော်နေမှာပဲ၊ အဲဒါကြောင့် ဆု က ထိုင်ကြည့်နေချင်တာ၊ ပြီးတော့.."

သူမဘာသာ ပြောနေပြီး ရယ်လိုက်သေးသည်။ ပြီးမှ ...

"သူချစ်တဲ့လူအားလုံးကို ဆု က စိတ်ဝင်စားတာ မမရဲ့ ..၊ သူနဲ့ ပတ်သက်သမျှ အားလုံးပါပဲ၊ ဆု လေ သူ့ကို အရမ်းချစ်တာ သိလား.. သူက စိမ်းကားသလောက် .."

"စိမ်းတာ မဟုတ်ပါဘူး ညီမလေးရယ် .. မမ ခုနက ပြောသလိုပေါ့၊ အဖေနဲ့သာ အဆင်ပြေသွားကြရင် သူ့ရဲ့ တစ်ခုတည်း စူးစိုက်မှုက အားလုံးအပေါ် မျှဝေလာမှာပါ၊ မောင်လေးကို နားလည်ပေးပါ ညီမရယ်..နော် ..၊ မမလည်း ဆု ကို ချစ်တယ်၊ မောင်လေးကို သိပ်ချစ်မှန်းသိလို့ ပိုချစ်တာ ..၊ မောင်လေးနဲ့ ရွယ်တူဆိုပေမယ့် ညီမလေးရင်ထဲမှာ မောင်လေးအပေါ် ဘယ်လောက် လေးနက်တယ်၊ နိုင်မာတယ်ဆိုတာ မမ နားလည်တာပေါ့"

"မမလိုသာ သူ ပြန်နားလည်ရင် ကောင်းမှာနော်၊ ဆု ကလေ မမနဲ့ ကိုကိုရယ် .. သူနဲ့ ဆု ရယ် တစုတဝေးတည်း ပျော်ပျော်ရွှင်ရွှင် တစ်သက်လုံး နေသွားချင်တာ"

ကိုကိုဆိုတာ ပါလာသည်နှင့် မခ ပင့်သက်လေး ရှိုက်မိသည်။ မောင်လေးအတွက် ဆု လိုမိန်းကလေးမျိုးကို လက်လွှတ် မဆုံးရှုံးစေချင်ပေမယ့် သူမအတွက်က ဘယ်လိုအရည်အချင်းကောင်းနဲ့ ယောကျ်ား မျိုးမှ မလိုအပ် ...၊

"ဟင်!... မောင်လေး .."

"ဟယ်!... ဟိုမှာ စာမျက်နှာ မမ .."





တက္ကစီပေါ်မှာ စာမျက်နှာ ပါသွားသည်။

သူမတို့ မြင်လိုက်သည့်အချိန်မှာ စာမျက်နှာ လည်း မြင်ကာ ထိတ်ထိတ်ပျာပျာ မျက်လွှာချလိုက်တာကြောင့် မခ စိတ်ထဲမှာ ထင့်သွား၏။

"ရပ် .. ခဏရပ်ဦး

"ဟုတ် .."

ရပ်လိုက်ပေမယ့် ကားက လမ်းထဲကို ကွေ့ချိုးလိုက်ပြီမို့ ဘက်ခ်ပြန်ဆုတ်ရဦးမည်။ ကြည့်လိုက်တော့ တက္ကစီက မရှိတော့ပေ ..။

မခ တံခါးဖွင့်ကာ ကားပေါ်ကနေ ဒရောသောပါး ဆင်း၏။

"မမ ကားပြန်လှည့်ဦးမယ်လေ .. ပြန်တက်"

မခ ရုတ်တရက်ကြားလျက်နှင့် မသိသလိုကြီး ဖြစ်သွားသည်။ မောင်လေး ဘယ်သွားတာလဲ ..၊ ဘာအရေးကြီးသွားတာလဲ ..။

ခေါင်းထဲမှာ ရထားခုတ်နေသလို တဂျုံးဂျုံးမြည်တော့မတတ် အပူတပြင်း စဉ်းစားပေမယ့် ဘာတစ်ခုမှ အဖြေမပေါ် ..။

ဆု က ကားကို နောက်ပြန်လှည့်နေပြီ ဖြစ်၏။ မခ ဆုံးဖြတ်ချက် တစ်ရပ် ချက်ချင်းချ၍ ...

"အဖေ့အိမ်ကိုပဲ သွားမယ် ဆု .. ရှေ့မှာ မြင်နေရပြီ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၅ ]

"ဘာ!... ဘာပြောတယ် ချစ်ဖူး .."

မခ ချစ်ဖူး ပြောနေတာ မဆုံးခင် အကျီရင်ဘတ်စကို လက်နှစ်ဖက်နှင့် အားရှိသလောက် ဆောင့်ခါပစ်ရင်း ...

"နင် .. နင်တို့ ငါ့မောင်လေးကို သေတွင်းထဲ ပို့လိုက်တယ် ဟုတ်လား .."

"မဟုတ်ဘူး .. အစ်မမောင်က သူ့ဟာသူ သွားတာ"

"မဖြစ်နိုင်ဘူး"

မခ လက်ကိုလွှတ်ကာ ဖျတ်ခနဲ ပြန်လှည့်၏။ နက်ပြာရောင်နှစ်ရင်စေ့လက်စကလေးနှင့် ဆံပင်တွေ ဖြန့်ချထားသဖြင့် မခ အလျင်စလိုလှည့်ပစ်လိုက်တော့ ဆံပင်တွေ ဝဲခါသွား၏။

မျက်နှာမူလိုက်တာက စိန်းစိန်းကြီးကြည့်၍ ဘာမှမပြောဘဲ ရပ်နေသည့် ဦးခင်မောင် ထံ ...

"အဖေ့ကြောင့် .. အဖေ တစ်ခုခုပြောလိုက်လို့ မောင်လေး ထွက်သွားတာ"

မခ တပ်အပ်စွပ်စွဲသည်။





ကြမ်းပေါ်မှာ ဒီတိုင်းရှိနေသေးသည့် အိတ်ဆီ မျက်လုံးရောက်သွားလျှင် ရင်ဘတ်တစ်ခုလုံးကို ဆောင့်ကန်ခံလိုက်ရသည့်နှယ်၊ အသက်ရှူတွေပါ ရပ်ကုန်သလား မသိ ..။

"မောင်လေး .."

နှုတ်ဖျားမှ ဖွဖွလေးကာ အိတ်ကို ကတုန်ကယင် ပြေးကောက်သည်။

အိတ်က ဦးခင်မောင် ခြေရင်းမှာမို့ မခ မတ်မတ်ပြန်ရပ်လိုက်တော့ မျက်နှာချင်းဆိုင်ပြီးသား ဖြစ်လျက် ...

"ဒီမှာ.. ဒီမှာကြည့်ပါဦး အဖေ.. ဒီထဲမှာ အမေ့အတွက် မောင်လေးရဲ့ပိုက်ဆံ သိန်းငါးဆယ် ပါတယ်၊ မောင်လေးကိုယ်တိုင် စိတ်ကူးတွေယဉ်ပြီး လိုက်ဝယ်ထားတဲ့ အမေ့အတွက် အကျီပုဆိုးတွေ၊ ဖိနပ်နဲ့ နာရီတွေ၊ အဲဒါတွေကို မမ ကန်တော့တာဆိုပြီး ပေးပေးပါဆိုလို့ မခ လိုက်ခဲ့ရတာ၊ ဒါတွေကို တပိုက်ပိုက်နဲ့ သူ တစ်ညဲလုံး ငုတ်တုတ် မိုးလင်းခဲ့တာ အဖေ သိလား .."

မခ အင့်ခနဲ ရှိုက်သည်။ တံခါးဝမှာပဲ ရပ်ကြည့်နေသည့် ဆုမျက်နှာလေးမှာလည်း မျက်ရည်တွေ စို့ရွှဲနေပါပြီ ..၊ ဒီမိန်းမကို မုန်းပါသည်ဆိုသော ချစ်ဖူး တောင် မျက်နှာ ငုံ့ကျသွားခဲ့သည်။

"အဖေ အရမ်းကို ရက်စက်တယ်၊ အမေ့ကို နာကြည်းနေတာနဲ့ပဲ မောင်လေးကို တစ်သက်လုံး ပစ်ပယ်ခဲ့တယ်၊ အမေ့အတ္တတွေကို မောင်လေးက မမြင်ပေမယ့် မခ ရင်နာတယ်၊ အဲဒါကြောင့် မောင်လေးကသာ တောင်းပန်ခဲ့တာ မဟုတ်ခဲ့ရင် မောင်လေးကို မချစ်နိုင်တဲ့ အဖေ့ရှေ့ကို မခ သေတာတောင် လာမှာမဟုတ်ဘူး"

"မလာနဲ့ .. သွား .. နင် ထွက်သွားပါ၊ ငါ့ဘဝမှာ .."

"အဖေ့ဘဝမှာ အဲဒီအတ္တအဆိပ်တွေနဲ့ပဲ ဘယ်တော့မှ အေးချမ်းသွားမှာ မဟုတ်ဘူး၊ ချောင်တစ်ရေသာခိုနေတဲ့ သားဆိုးသမီးဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပေးဆပ်ရင်း မေတ္တာစစ်နဲ့ ဝေးသထက်ဝေးမှာ.. အဖေ မောင်လေးကို ဒီနေ့ တွန်းချလိုက်တဲ့ချောက်ထဲက မောင်လေး ပြန်တက် မလာနိုင်တော့ဘူးဆိုရင် ...”

မခ သက်ပြင်းရှိုက်ရင်း တစ်ကိုယ်လုံး တောင့်မတ်သွားတော့ ဆု အပြေးအလွှား ဝင်လာ၏။

“မမ .. မမ သတိထားလေ .. ဆု တို့ လိုက်ရှာလို့ရတာပဲ”

မျက်ရည်တွေကျရင်း ရှိုက်ငိုလို့မရဘဲ မခ ဦးခင်မောင် မျက်နှာကို နာကြည်းစွာ ကြည့်၏။

“အဖေ့ကို မခ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ..”



အခန်း [ ၅၆ ]

“တောက် .. မျက်စိရှေ့မှာသာရှိရင် ဒီကောင် ခုလောက်ဆို တစ် ကိုယ်လုံး ဆန်ကွဲစေ့တွေ ဖြစ်နေပြီ”

ဒေါ်သက လူနဲ့မဆံ့အောင်ဖြစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက် နေတာ အနခေါက်တစ်ထောင်လောက် ရှိနေပြီထင်သည်။

ပြီးတော့ နာရီ ကြည့်ပြန်၏။ သူ နာရီငုံ့ကြည့်တိုင်း အခန်းဝ အတွင်းဘက်မှာ တန်းစီရပ်နေကြသော သုံးယောက် ရိုးတိုးရွတနှင့် နေစရာမရှိအောင် ဖြစ်နေကြသည်။

“တောက် .. ကွာ ..”

ဖုန်းနား လျှောက်သွားပြီး ကိုင်ပေါက်ပစ်ချင်နေသည့် တက် ခေါက်သံနှင့် ...

“ခုချိန်ထိ ဘာမှ သတင်းမပို့ဘူး .. ကန်းမသားတွေ ..”

“ဘာတွေ ဖြစ်နေတာလဲ”

“ဟာ!... ဆရာကြီး”

တစ်ယောက်တည်း မီးတောက်နေသည့် ဒေါ်သမျက်နှာက ချက် ချင်း ပျာယာခတ်သွား၏။ အခန်းဝမှာ မားမားကြီးရပ်မျက် မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကုတ်ကြည့်နေသည့် လူထွားကြီးထံ ပြေးသွား၍ အိတ်ထဲက စာရွက်အခေါက်ကို ဖြန့်ပြလိုက်သည်။

"ဟိုကောင်ကို တွေ့လား .. အဲဒါပဲ ပြော .."

"ရှာနိုင်းထားပါတယ် ဆရာကြီး၊ ဒီကောင် ဟိုဘက်နယ်ထဲ အလွတ်ပြေးနိုင်လည်း ခဏပါပဲ၊ အမိကက ဒီဘက်ကရန်ကို ရှင်းပြီးရင်..."

"ဘာ!..."

ဆရာကြီးဆိုသည့် ထိပ်ပြောင်ပြောင် ရုပ်အကျီပွပွ တောင်းဘီပွပွကြီးနှင့်ပုဂ္ဂိုလ်သည် ပြောလိုက်သည့်စကားကို ဒေါသတွေ အဆမတန် ဖြစ်သွားကာမှ ဖြန့်ပြထားဆဲ စာရွက်ကို ဖျန်းခနဲ ဆွဲယူလိုက်၏။

စာကိုဖတ်ရင်း မျက်လုံးတွေ သေးငယ်ကျဉ်းမြောင်းသွားခဲ့သည်။

ဆရာပုံ၊ ...

ကျွန်တော့်ရဲ့ ပေါ့လျော့မှုကို ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေ၊ သူ့ကို ဆရာပုံ၊ တို့လက်ထဲ အပ်မယ့်ကိစ္စ သူ သိသွားတယ်၊ သူ့အိမ်က ဖအေနဲ့ မောင်တွေပါ အဲဒီသတင်းနောက်ကို လိုက်နေကြလို့ သူ့ကို ကျွန်တော် ပြန်ပြီး အရှိုသတ်နေရတယ်၊ တန်နီးမွန်း ထွက်တဲ့သတင်းမျိုးနဲ့ ရှော့မော့ ဖော်ထုတ်သွားရင်း သူလည်း ပြန်ပြီး ယုံကြည်အောင် သူ့အဖေတို့ကိုပါ မျက်ခြည်ပြတ်ဖို့ ကြိုးစားနေရတယ်၊

အားလုံးအတွက်လို့ တွေးပြီး ကျွန်တော့်မှာလည်း အပြစ်ရှိလို့ မတိုင်ပင်ဘဲ ဆုံးဖြတ်လိုက်ရတာကို ခွင့်လွှတ်ပါ ဆရာ၊ သူ့အဖေက သူ့သမီးနောက်ကို လျှောက်လိုက်နေမှာပဲ ထင်တယ်၊ မောင်တွေကလည်း လူငယ်တွေဆိုတော့ လျှော့တွက်လို့ မရဘူး၊ အဲဒီကြောင့် အရှိန်မီ ရှောင်ထွက်သွားခဲ့တာပါ၊ ရဲကို တိုင်လားတန်းလားလုပ်ရင်





စုံထောက်တွေ လိုက်လာလိမ့်မယ် ဆရာ၊ ကျွန်တော့်အပြစ်ပါလို့ တောင်းပန်ရင်း သတိထားပါလို့ ပြောပါရစေ၊ ဆရာတို့နဲ့ ကျွန်တော် 'ကျိုင်း' စားတော်ဆက်မှာပဲ ဆိုဖို့ စောင့်နေပါ့မယ်၊ သူ့ကို အပ်ဖို့လည်း အဆင်သင့် ဖြစ်နေပါ့မယ်လို့ တာဝန်ယူပါတယ်။

"တောက် .."

စာကို ဖြဲခနဲ ဆွဲဆုတ်ပစ်ကာ ဆရာကြီးက တောက်ခေါက်၏။

"ငါတို့ 'ရိန်း' အဖွဲ့မှာ ဒီလို ပက်ချွဲနှပ်ချွဲ စာရေးတဲ့ကောင် မရှိဘူး၊ တောက် .. သက်သက် တစ်ကွက်ဝိုက်သွားတာ၊ မင်းတို့က ဒီစာကို အဟုတ်ကြီး ထင်နေကြတယ်ပေါ့"

"မထင်ပါဘူး ဆရာကြီး၊ ဒီကောင် အစကတည်းက မိန်းမကို ထုပ်ပိုးထားချင်နေတာ ကျွန်တော်တို့ ရိပ်မိနေပါတယ်၊ အခု သူ တမင် ရန်တိုက်ပေးသွားတာမှန်း သိနေပေမယ့် ဒီမီးစတွေကို မငြိမ်းလို့မရဘူး"

"ဟုတ်တယ် .. ငြိမ်းရမယ် .. အရင်ဆုံး လုပ်ရမှာက ငါတို့ ဆိုက်ဒ်တူးနဲ့ လက်ခွဲနှစ်ခုကို ချက်ချင်း ခြေရာဖျောက် .."

"ဖျောက်ပြီးပါပြီ"

ဆရာကြီး ကျေနပ်သွား၏။ ခေါင်းညိတ်နေရင်း ခါးထောက်လိုက်ကာ ...

"ဆက်ပြောစမ်း .. အခု ဘာလုပ်ထားလဲ"

"ဦးခင်မောင် ဆိုတဲ့လူကြီး တစ်မိသားစုလုံးကို အရင်ဆုံး .."

"ညံ့ပါ့ကွာ .. အရင်ဆုံးတွေ .. ပထမ၊ ဒုတိယတွေ မရှိဘူးကွ၊ ဘယ်ဟာမှ နောက်ကျလို့မဖြစ်ဘူး၊ အခုချက်ချင်း ဒီဆိုက်ဒ်ကို ဖျောက်..၊ ဟိုသားအဖတွေရဲ့ ပတ်ဝန်းကျင် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ် ဆယ့်နှစ်မျက်နှာ .. အိုကွာ .. ကြက်မတစ်ဝပ်စာတောင်နေရာ မကျန်အောင် ကင်းပုန်းချထား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့.. အဲဒါတွေ အားလုံးပြီးလို့ အခု သတင်းစောင့်နေတာပါ"

"အင်း .."

ဆရာကြီး နောက်ထပ် ကျေနပ်သွားသည်။ ပြီးမှ ...

"မျိုးဆက် ဆိုတဲ့ မနက်ဖြန်သဘက်ခါ မျိုးတုံးတော့မယ့်ကောင်ကိုရော .."

"ချက်ချင်း ခြေရာခံမိဖို့ လူဖြန့်ပြီး အင်အားသုံးထားပါတယ်"

"အေး .. မင်း တော်တယ်"

"ဆရာ .. ဆရာ .."

စကားပြောနေကြတုန်း ရေးကြီးသုတ်ပျာဝင်လာသည့် ဦးထုပ်ခဝ်ဒိုက်ဒိုက်နှင့်လူက ဦးထုပ်ကို ဆွဲချွတ်ပစ်လိုက်ပြီး ...

"ဟာ!... ဆရာကြီး"

ဆရာကြီးကို မြင်တော့ ပျာပျာသလဲ ရိုကျိုးဟန် ဖြစ်သွား၏။

"ဟိတ်ကောင် .. မင်း ခေါင်းငုံ့ဖို့ အရေးမကြီးဘူး၊ ပြောစမ်း မြန်မြန် .."

"သတင်းနှစ်ခု ပြောဖို့ ရှိပါတယ်"

"ပြော .."

"ကျွန်တော်တို့ရဲ့ လျှို့ဝှက်ဆိုက်ဒ်ကို ရဲတွေ ဝိုင်းခံလိုက်ရပြီ"

"ဘာ!..."

ဆရာကြီးဆိုသူ အော်လိုက်သံကြောင့် ပြောနေသူ တုန်ခနဲ ဖြစ်သွားသည်။

"ဟိတ်ကောင်.. မင်း ပြန်ပြင်ပြောစမ်း၊ ဒါ .. ဒါ လုံးဝ အခိပ္ပာယ်မရှိဘူး"

ဆရာပူး က ထပ်မေးတော့ ဆရာကြီးရဲ့ မျက်လုံးပြူးကြီးတွေ သူ့ဘက် လှည့်သွား၏။

"ဒီဆိုက်ဒ်ကို မျိုးတုံးကောင် သိမထားဘူးလို့ မင်း ထင်ပြန်ပြီ



လား ငပူး၊ ဒီကောင် .. ဒီကောင် သစ္စာဖောက် .. လောက်ကောင်"

ဆရာကြီး ဒေါသတွေကြောင့် ငပူး ကိုတောင် ဆက်၍ အပြစ်မတင်ဖြစ်တော့ဘဲ လက်သီးဆုပ်ကြီး တပြင်ပြင်နှင့် ရှိနေကာ ...

"ငါတို့ကို အပြုံလိုက် ပင်စင်ယူသွားအောင် အကွက်ချ လုပ်သွားတာ၊ ဟိုကောင်မရဲ့အုပ်စုတွေ ငါတို့ကိစ္စတွေကို အားလုံး သိကုန်ကြပြီပေါ့"

"နောက်တစ်ခု ရှိပါသေးတယ် ဆရာကြီး"

သတင်းပေးသည့်သူ ပြောလိုက်သည်နှင့် ဆရာကြီးရဲ့ လက်ဝါးကြီးတစ်ဖက် ထိုသူ၏ ဇက်ပိုးပေါ်ကို ဖြောင်းခနဲ ကျသွား၏။

"ပြော .. မြန်မြန်ပြော .. ကျက်သရေမရှိတဲ့ သတင်းတွေ .."

အဆမတန် နာကျင်သွားသူမှာ လဲကျမတတ် စိုက်ခနဲ ငိုက်ကာကျသွားရင်း ကမန်းကတန်း ပြန်လည် ထူမတ်၍...

"ဗလငါးတန်အုပ်စုက အဲဒီ တရားခံလို့ ထင်ရတဲ့ ကောင်တစ်ယောက်ကို ဖမ်းလာမိတယ်"

"ဘယ်သူလဲ .. ဘယ်အရွယ်လဲ ..၊ ဖအေလား လူငယ်ထဲကလား"

ဒီနာမည်တွေကို မကြားသေးခင်ကမှ အလွတ်ကျက်ထားသဖြင့် ငပူး က ဝင်မေးသည်။

"သူ့နာမည် စာမျက်နှာ လို့ ပြောတယ်"

"စာမျက်နှာ .. မဟုတ်ဘူး .. အဲဒီနာမည် ဒီကောင်မအုပ်စုထဲမှာ မပါဘူး၊ ဟိတ်ကောင်တွေ မင်းတို့ပြဿနာအသစ် ထပ်ရှာလိုက်တာလား .. မင်းတို့ .."

"ငပူး .."

ဆရာကြီးက ငပူး ပြောနေသမျှကို နားထောင်ပြီးမှ ...

"ပြဿနာရှာတဲ့ကောင်တွေကို မင်း ဒီကနေ ဖင်လှန်ဆဲနေလည်း အပိုပဲ၊ ငါတို့အလုပ်ကိစ္စတွေကို သိတဲ့လူတွေ ပိုပိုများလာတာကျတော့

www.burmeseclassic.com

www.burmeseclassic.com



မင်း တွေးရဲ့လား"

ငပူး ကိုယ့်ဒေါသနဲ့ကိုယ် ခေါင်းငုံ့သွား၏။

"သွားပြီ .. အားလုံး သွားပြီ၊ ဆိုက်ဒ်တွေကို ဖျောက်မနေနဲ့တော့၊ အားလုံး လူလုံးဖျောက်ဖို့သာ စဉ်းစားကြ .."

ဆရာကြီးက အမိန့်ပေးလိုက်ရင်း ပြန်လှည့်လာကာ ...

"ဗလငါးတန်က ဒီကောင့်ကို ဘာသေချာလို့ ဖမ်းလိုက်တာလဲ၊ ဘာတွေရော မေးလို့ရသလဲ"

"သူ့ကိုယ်သူ ဆွေဆွေသင်း က သူ့ညီမလို့ ပြောတယ် .."

ဆရာကြီး မျက်လုံးက ငပူး ဆီ ရောက်သွား၏။ ငပူး က ပိုင်နိုင်သည့်ပုံစံနှင့် ခေါင်းခါ၍ ...

"သေချာပါတယ် ဆရာကြီး .. အဲဒီကောင်က ဆွေဆွေသင်း နဲ့ ဘာမှမတော်နိုင်ပါဘူး၊ သူ့မှာ မောင်နှစ်ယောက်ပဲ ရှိတယ်၊ အစ်ကို မရှိဘူး"

ဆရာကြီးက ဒီဘက်ပြန်ကြည့်ပြန်သည်။ သတင်းပို့သူက ခေါင်းငုံ့ပစ်လိုက်ပြီး ...

"ဘာမှ သေချာအောင် မသိရသေးဘဲ အဲဒီကောင်က ဆိုက်ဒ်ထဲကို မီးလန့်အောင်လုပ်ပြီး ထွက်ပြေးသွားတယ် ဆရာကြီး၊ လိုက်ဖမ်းတဲ့လူတွေလည်း ဒေါသမထိန်းနိုင်ကြတာနဲ့ အဲဒီကောင်ကို .."

"ဘာလုပ်လိုက်လဲ .. ဘာလုပ်လိုက်ကြသလဲ .. မြန်မြန်ပြောစမ်း.."

"သတ်ပစ်ခဲ့ကြတယ်"

"ဒါဆို အပြင်မှာပေါ့"

"ဟုတ်ပါတယ်"

"အလောင်းက ဒီတိုင်းပဲပေါ့ .. ကောင်းကွာ .."

ဆိုလူ ဘာမှပြန်မပြောရဲတော့ဘဲ ခေါင်းသာ တွင်တွင်ငုံ့ထားလေသည်။





"တော်ပြီ .. အခု လျှို့ဝှက်ဆိုက်ဒ်မှာ လူတွေ လွတ်တယ်မို့လား"

ဒါမျိုးတွေ ကြုံရတာ ရိုးနေပြီမို့ ဥပဒေဆိုသည့် အလင်းရောင်ကို ရင်မဆိုင်ရဲတာပဲ ရှိသည်။ အဆုံးစွန်ထိ အဖြစ်မဆိုးနိုင်ဘူးဆိုတာ အပိုင်တွက်ထားပြီးသည့်လေသံနှင့်..၊ သို့သော် ...

"ခေါင်းဆောင်တွေနဲ့ အားလုံးကို မိသွားတယ် ဆရာကြီး၊ ဗလငါးတန် တစ်ယောက်ပဲ လွတ်တယ်"

"ဘာ!..."

"ခရီးထွက်ကြဖို့အတွက် အားလုံး စုစည်းပြင်ဆင်နေကြတာဆိုတော့ အလစ်ငိုက်ဖြစ်သွား .."

"ဟော် .."

မဖြစ်ခဲ့ဘူးသည့် စိုးရိမ်ထိတ်လန့်ဟန်များနှင့် ဆရာကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ...

"ဘာမှ လုပ်လို့ မရတော့ဘူး၊ ဟော့ .. ခုပဲ ဆိုက်ဒ်ဖျက်၊ အားလုံး ခွဲထွက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၇ ]

"ကျွန်တော်တို့ နည်းနည်းနောက်ကျသွားတယ်ဗျာ .. သူ ဒီအခြေအနေထိ ဖြစ်သွားရတဲ့အတွက် အနူးအညွတ် တောင်းပန်ပါတယ်၊ သူ့ရဲ့ တာဝန်သိတတ်မှုကြောင့် ပြည်ပအပို့ခံရမယ့် မိန်းကလေးတွေနဲ့ အဲဒီ ဂိုဏ်းက ခေါင်းဆောင်တချို့ကိုပါ ဖမ်းဆီးနိုင်ခဲ့တဲ့အတွက်လည်း ကျေးဇူးတင် ဂုဏ်ယူပါတယ်၊ ဒီလူတွေကိုလည်း ခြေရာခံမိနေပြီ၊ မကြာခင် အားလုံးကို ဖမ်းဆီး အရေးယူနိုင်မှာပါ"

စကား ပြောနေတာကို သူ အားလုံး ကြားသည်။ သို့သော် သူ့ဘေးမှာ ရဲဝန်ထမ်းတွေ ရှိနေမှန်း သိနေ၏။ ပြီးတော့ ငိုရှိုက်သံ နှစ်သံ။

မမအသံကို သူ သိပေမယ့် နောက်ထပ် ဘယ်သူ့အသံလဲ ...၊ မျက်လုံးတွေကို ဖွင့်ဖို့ ကြိုးစားနေရင်း မရနိုင်။ ဒါမှမဟုတ် မျက်လုံးတွေ ပွင့်နေလျက်နှင့် သူ မမြင်ရတာလား ...။ ကိုယ့်မျက်လုံးတွေကို ပြန်စမ်းကြည့်ချင်စိတ်တွေ ဖြစ်လာလျက် လက်တွေ လှုပ်ကြည့်တာလည်း မရ...။

"ကျွန်မမောင်လေး အသက်အန္တရာယ် မရှိလောက်ဘူးမို့လား ဒေါက်တာ၊ ဘယ်တော့ သတိရလာမှာလဲဟင်၊ ဟိုလေ .. မောင်လေး သတိရတဲ့အထိ ကျွန်မတို့ စောင့်နေပါရစေနော်"





မမ ရှိုက်ငိုနေရင်း ပြောနေသံကို ဗလုံးဗထွေး ထပ်ကြားရ၏။ ဘေးမှာ ငိုရှိုက်နေဆဲက ဘယ်သူလဲ .. ဆွေသင်း လား ...။

ဆွေသင်း က လွတ်မြောက်လာပြီလား ...၊ သူ့ဘေးမှာ ရှိနေသားနဲ့ ဘာလို့ စကားမပြောတာလဲ ...၊ စာမျက်နှာ ဒါကိုပဲ မရမက တွေးယူနေမိကာ ခေါင်းသာမက တစ်ကိုယ်လုံး ဖျိုးဖျိုးဖျစ်ဖျစ် မြည်နေသလားထင်ရလောက်အောင် ကိုက်ခဲ ဆူပွက်လာ၏။

သူ့ကို စားနဲ့ လှမ်းပစ်လိုက်သည်။ ပြီးတော့ တုတ်ရှည်နဲ့ ဖြတ်ရိုက်ချလိုက်တာ နှစ်ချက်က ကျောနဲ့ရင်မှာ ကျကျနန ထိ၏။

နောက်ထပ် တုတ်ချက်တွေ .. လက်သီးချက်တွေမှာ သူ့ကိုယ်သူ ဘာဖြစ်မှန်း မသိတော့ပေ ...။

"ဆွေသင်း ဟုတ်လား .. မင်းက ဘာတော်တာလဲ"

"ကျွန်တော်က သူ့အစ်ကို .."

"ဩော် .. မင်းကိုး .."

ဒေါသမျက်နှာကြီးတွေက ဘီလူးသဘက်စီးသလို နီရဲ အဲဆီပြန်လာကြသည်။ ခပ်ကျဲကျဲ ရှိနေသည့် ခြေထောက်တွေက သူ့ဘေးကို ဝိုင်းပက် တိုးကပ်လာကြ၏။

"လက်စသတ်တော့ မင်းတို့က ဆွေသင်း ပါသွားပြီထင်ပြီး မီးညှိလိုက်တာကိုး၊ ထင်သားပဲ .. ဒီကောင် ရန်တိုက်ပေးပြီဆိုတာ .. တောက်.."

လက်သီးတစ်ချက် ဝီခေါ်ပြီး ပြေးဝင်လာသည်။ သူ နောက်ဆုတ်ရှောင်လိုက်တော့ လက်သီးချက်က လွတ်သွားပေမယ့် နောက်က ကန်ချက်ကြောင့် လူက ယိုင်သွား၏။

"တော်တော် သတ္တိကောင်းတဲ့ ကောင် .. ငါတို့ လျှို့ဝှက်ချက်ကို ဖော်ပြီးတာတောင် သူ့ညီမကို မတွေ့လို့ ပတ်ချောင်းနေသေးတယ်"

"အဲဒီတော့ ဆုချလိုက်ပေါ့ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



ထိုးနှက် ရိုက်ချက်တွေမှာ လွတ်မြောက်တာထက် ထိချက်တွေပဲ များကာ သူ ဘယ်လိုမှ မဟန်နိုင်တော့သဖြင့် စားပွဲပေါ်က မီးခိုးလွန့်နေဆဲ စီးကရက်တိုကို ကောက်ယူ၍ ဓာတ်ဆီပုံးတွေကြားထဲ လှမ်းပစ်လိုက်သည်။ မီးတောက်တွေက ဝုန်းခနဲ ပေါက်ကွဲ စင်ထွက်လာကြ၏။

အားလုံး ဖရိုဖရဲဖြစ်သွားတုန်း ထွက်ပြေးလာခဲ့၏။ ထိုစဉ်မှာ ရှူးခနဲ ကျောမှာ အောင့်တက်သွားသည်။ ဒယိမ်းဒယိုင်နှင့် ဆက်ပြေးပေမယ့် လေးငါးလှမ်းလောက်မှာပဲ မှောက်လျက် လဲသွားခဲ့၏။

ပြန်ကျုံးထပြီး ပြေးဖို့ကြိုးစားစဉ် ရိုက်ချက်တွေ တစ်ကိုယ်လုံးအနှံ့ ...၊ နာကျင်မှုများစွာထဲကနေ အဖေ့ကို သတိရလိုက်သည်။ မှောင်ခိုအဖွဲ့အစည်းတစ်ခုကို သူ ဖော်ထုတ်နိုင်ခဲ့ပေမယ့် ဆွေသင်း ကို ပြန်မရခဲ့ပေ ...။

အဖေ့ကို ဘယ်လိုပြန်ပြောရမလဲ .. အဖေက ဘာပြောမလဲ ...။ အမှန်းပြေဖို့ ကြိုးစားသော်လည်း မျက်နှာမရ ခြေကျောက်ရ ဖြစ်ခဲ့ပြီ။ ခုတော့ သူကိုယ်တိုင်လည်း မလှုပ်ရှားနိုင် ...၊ စကားမပြောနိုင်...။

နှုတ်ခမ်းတွေ လှုပ်ခတ်လာရင်း မျက်တောင်ဖျားတွေ ဆိုးဆိုးဆတ်ဆတ် ခါလာ၏။ ခဏအတွင်းမှာ မျက်ဝန်းထောင့်မှာ မျက်ရည်စက်တစ်စက် လိမ့်ခနဲ ဆင်းကျသွား၏။

"ဟင်!... မောင်လေး .. မောင်လေး ငိုနေတယ်၊ သူ သတိရနေပြီ၊ ဒေါက်တာ ဒေါက်တာ မောင်လေးကို ကြည့်ပါဦး၊ မောင်လေး သတိရနေပြီ"

မမရဲ့ ကိုယ်သင်းနံ့နှင့်အတူ ဘေးမှာ နွေးနေသည့် ရင်ခွင့်နွေးနွေးကို ခံစားမိလိုက်၏။ ပြီးတော့ သူ့ရဲ့မေးဖျားကို ဖေးကပ် ယုယစွာ ကိုင်လိုက်သည့် လက်ဖဝါးနုနုတွေ ...။

"မောင်လေး .. မောင်လေး .. သတိရနေပြီလားဟင်၊ မမ အသံကို ကြားရလား၊ မောင်လေး စကားပြောချင်နေတာမို့လား၊ မျက်လုံးတွေ





ဖွင့်လေ မောင်လေးရဲ့ .."

ပြောနေရင်း မမ တအင့်အင့် ရှိုက်ငိုနေသည်။ ထို့ပြင် ဘယ်ဘက်နားနားမှာ ရင်းနှီးနေသည့် ရေမွှေးနံ့တစ်ချက်နှင့် ရှိုက်သံလေး တစ်ခု...၊

"စာမျက်နှာ .. ငါရယ်လေ .. ဆု ပါ စာမျက်နှာ ရယ် .. မျက်လုံးတွေ ဖွင့်ပါဟာ .."

အားလုံးကို ထိတွေ့မိနေသည်။ ပြောသံမျှ ကြားနေရ၏။ ဒါပေမယ့် သူ ဘာမှ ပြန်ပြောနိုင်ခဲ့တာ ...၊ မျက်လုံးတွေဖွင့်ဖို့ ကြိုးစားနေတာလည်း မအောင်မြင်ခဲ့ဘဲ ...

"ဟော .. မမ .. သူ မျက်လုံးဖွင့်လာပြီ"

"မောင်လေး .. မောင်လေး .. မမ ပြောတာ ကြားလား၊ မမ ဒီမှာလေ .. မမကို ကြည့်ပါဦး"

စာမျက်နှာ ရင်ထဲမှာ ဖျင်းခနဲ ပူလောင်သွား၏။ သူ့မျက်လုံးတွေ ဖွင့်နေလျက်နှင့် မမြင်ရတော့ ...။

"ခဏလေးဗျာ .. ခဏလောက်"

ဒေါက်တာ တစ်ခုခု လှုပ်ရှားနေသည်။ သူ့ကို ကိုင်တွယ်နေတာကို သိသလို ရွေ့လျားသံများနှင့်အတူ တစ်ကိုယ်လုံးက ပို၍နာကျင်လာ၏။

မကိုင်ပါနဲ့ .. မကိုင်ပါနဲ့တော့ ဒေါက်တာ ...၊

အသားကို မထိကိုင်ပါနဲ့လို့ အော်ဟစ်ပြောနေပေမယ့် အသံက မထွက် ...။

"မောင်လေးရေ .. မောင်လေး သတိထားပါဦး၊ မမအသံကို နားစိုက်ထောင်နေနော် ...၊ စိတ်ကိုတင်းထား"

တတွတ်တွတ် သတိပေးသံကြောင့် နာကျင်မှုနောက် လွင့်မျောပါချင်နေသည့် အသိတရားတွေက ပျောက်သွားသလိုဖြစ်လိုက်၊ ပြန်ပေါ်လာလိုက် ...။

သူ့ရဲ့ရှင်သန်ခွင့်ဟာ ဒီ မိနစ်စက္ကန့်တွေမှာပဲ အဆုံးသတ်တော့မည်



www.burmeseclassic.com

www.burmeseclassic.com



ကို. သူ နားလည်လိုက်၏။ ထို့ပြင် သက်ပြင်းချသံရှည်ကြီးက သူ နားလည်လိုက်တဲ့အတိုင်း အမှန်ပဲလို့ ဆုံးဖြတ်ပေးလိုက်သကဲ့သို့ ...

"ဒေါက်တာ .."

မမရဲ့ သွေးပျက်ချောက်ချားစွာ ခေါ်သံ ...၊

"စိတ်မကောင်းပါဘူးကွယ်"

"ဟင့်အင်း .. မလုပ်ပါနဲ့၊ အဲဒီစကားတွေ မပြောပါနဲ့ .. မောင်လေး ဘာမှမဖြစ်နိုင်ပါဘူး၊ ဒေါက်တာပဲ ကြိုးစားကယ်ပါ့မယ်လို့ ပြောတာလေ .."

မမ အသံက ရှုးသွပ်သွားသူကဲ့သို့ သူ့နားထဲမှာ ကြမ်းရှစွာဝင်နေသည်။ မမ မငိုပါနဲ့ ...၊ မောင်လေးကို သနားရင် တစ်ခုပဲလုပ်ပေးပါ၊ အဖေ့ကို ခေါ်ပေးပါ မမ ...။

သူ စကားပြောဖို့ကြိုးစားတိုင်း ခေါင်းတွေကိုက်လာသည်၊ ရင်ဘတ်ထဲမှာ တောင့်ခဲသွား၏။ မသေဆုံးမီ အဖေ့ကို မြင်ချင်သည်။ မြင်ခွင့်မရတော့ပေမယ့် စကားသံလေးဖြစ်ဖြစ် ကြားချင်မိ၏။

ဆွေသင်း ကို မကယ်နိုင်ခဲ့တဲ့အတွက် အဖေ ဒေါသထွက်နေသည်လား၊ ဒါမှမဟုတ် သေတော့မယ့်ကောင်ပဲဆိုပြီး နောက်ဆုံးမေတ္တာစိတ်လေးနဲ့ ရောက်လာပေးဦးမလား ...။

နားစွင့်ကြည့်တိုင်း အဖေ့အသံ မပါ၊ မမကလည်း အဖေလို့ မခေါ်ခဲ့ပေ။ ဒီအချိန်ထိ အဖေ ရောက်မလာဘူးဆိုတော့ သား နားလည်ပါပြီ အဖေ ...။

လှုပ်ရှားမှုကင်းမဲ့နေသည့် မျက်ဝန်းတွေကနေ မျက်ရည်တွေ တလိမ့်လိမ့် စီးကျနေသဖြင့် တဆတ်ဆတ်တုန်အောင် ရှိုက်ငိုနေသည့် မမရဲ့ရှိုက်သံတွေ တိခနဲ ပြတ်ကျသွားသည်။

မောင်လေး ဘာဖြစ်ချင်နေတာလဲ၊ ဟုတ်သည် ...၊ အဖေ့ကို တွေ့ချင်နေတာ .. မောင်လေး အဖေ့ကို တမ်းတနေတာပဲ ...။





"မောင်လေး .. မောင်လေး အဖေ့ကို တွေ့ချင်နေတာမို့လား၊ အဖေ့ကိုတော့ စကားတွေ ပြောမယ်မို့လားဟင် .. စိတ်ကို တင်းထားနော်၊ မမ သွားခေါ်လိုက်မယ်"

မခ မောင်လေးရဲ့မေးဖျားလေးကို ငုံ့နမ်းကာ ...

"မောင်လေး မအိပ်ရဘူးနော်၊ မျက်လုံးတွေ မှိတ်မပစ်ရဘူး သိလား၊ မမ ခု ခေါ်လာခဲ့မယ် .. နော် .. မောင်လေး"

မခ ဆတ်ခနဲ ထရပ်လိုက်သည်။ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသဖြင့် ကိုယ့်ကိုယ်ကိုယ် ယိုင်မသွားအောင် ခဏလေး ရပ်နေလိုက်ရ၏။ ပြီးတော့ မျက်ရည်တွေ တာတမံကျိုးသလို ပေါများစွာသွန်ကျလာသည်။

"မမ .."

ဆု အားပေးဖို့ခေါ်လိုက်ပေမယ့် နောက်ထပ် စကားပြောလို့ မရလောက်အောင် လည်ချောင်းဝမှာ ဆို့ကျပ်သွားခဲ့၏။

မောင်နှမနှစ်ယောက်အဖြစ်ကို မကြည့်ရက်နိုင်သလို အပျော်ဆုံးနေ့လို့ ထင်ခဲ့သော စာမျက်နှာ ၏ မျက်နှာပေါ်မှာ ခုတော့ သွေးစတွေ.. မျက်ရည်တွေ စိုလူးလျက် ...၊

"ဆု .. ဆု .. မောင်လေးကို စကားတွေပြောနေပေးနော် .. မမ..."

"ဟုတ် .. ဟုတ် .. သွားပါ မမရယ် .."

မခ ရင်ထဲမှာ နာနေသည်။ မောင်လေးရဲ့နောက်ဆုံးထွက်သက်မှာ သူမ ရှိနေချင်၏။ မောင်လေးကတော့ အဖေ့ကို ရှိနေစေချင်သည့်ဆန္ဒတွေ ပြင်းထန်နေရှာမည်။

ထို့ကြောင့် အပြင်ဘက်ကို ခြေလှမ်းပြင်လိုက်လျှင် —

"အန်ကယ်လ် .."

ဆု ရဲ့ ကတုန်ကယင်ခေါ်သံလေးနှင့်အတူ အဖေ ဝင်လာတာကို မခ မြင်လိုက်ရ၏။

"အဖေ .."



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကို စိုးရိမ်တကြီး ပြန်ငုံ့ကြည့်လိုက်တော့ သူမ ခေါ်လိုက်သည့်အသံကို ကြားသွားပုံရကာ မျက်ဝန်းတွေ အနည်းငယ် လှုပ်ရှားသွားတာ မြင်လိုက်ရသည်။

"မောင်လေး အဖေ ရောက်နေပြီ သိလား၊ ဒီမှာ ..."

မခ မောင်လေးကို ပွေ့ဖက်မလို့ ထိုင်လိုက်ပြီးမှ ပြန်ထရပ်ကာ အဖေ့လက်ကို လှမ်းဆွဲ၍ သူမ ရပ်နေသည့်နေရာမှာ အစားထိုး ရပ်စေသည်။

"အဖေ မောင်လေးကို အသံပေးလိုက်ပါဦး .. အဖေ့ကို မောင်လေးက အရမ်းပြောချင်နေတာ .."

မခ ပျာယာခတ်လျက် ပိုက်တွေရှုပ်နေသည့် မောင်လေးကိုယ်ကို ထိကိုင်လို့ရအောင် ခုတင် ဟိုဘက်ကို ပြန်ပတ်သွားသည်။

ဆုံ နေရာဖယ်ပေးလိုက်သဖြင့် မောင်လေးရဲ့မျက်နှာလေးနားမှာပဲ ကိုယ်ကို ထိကပ်မတတ် နိမ့်ချထိုင်လိုက်ပြီး ...

"မောင်လေး .. အဖေက မောင်လေးရဲ့ညာဘက်မှာလေ .. မောင်လေးကို စိုးရိမ်ပြီး ငုံ့ကြည့်နေတယ် မောင်လေးရဲ့ ..၊ အဖေ့ရဲ့အချစ်တွေကို မရသေးဘဲ မောင်လေး ကိုယ့်ကိုယ်ကိုယ် လူဖြစ်ပြီလို့ ထင်မှာ မဟုတ်ဘူးဆို .. အဖေ့အချစ်ကိုရမှ ဘဝစရမှာ ဆို .. အခု မောင်လေးဘဝကို ပျော်စရာတွေနဲ့ စရတော့မှာ၊ အဖေ့ကို ကြည့်ပါဦး၊ စကားတွေ ပြောလိုက်လေ .."

မခ စကားသံတွေ တိုးကျသွားကာ ရှိုက်သံတွေနဲ့ ရောထွေးသွားခဲ့၏။ ပြီးတော့ အဖေ့ကို တအံ့တသြ မော့ကြည့်လိုက်မိသည်။ အဖေ့ မျက်ဝန်းတွေက စိမ်းသက်နေဆဲ ...၊

ဒီလောက်ဖြစ်နေသည့်လူနာတစ်ယောက်ကို ဘာမှမဆိုင်တဲ့လူတွေတောင် ဘဝကူးကောင်းအောင် စိတ်ချမ်းသာမှုပေးဖို့ သဒ္ဓါတရားရှိကြသည်။ အဖေက ခုချိန်ထိ မုန်းနေတုန်းလား ..၊ မုန်းရအောင် မောင်လေးမှာ ဘယ်လိုအပြစ်တွေ ကြီးနေလို့လဲ ...၊ နှုတ်ခမ်းကို ပြတ်လုမတတ်





ကိုက်ထားမိရင်း မောင်လေးမျက်ဝန်းထောင့်က အဆက်မပြတ် ကျလာနေသည့် မျက်ရည်တွေကို နိုင်အောင် သုတ်ပေးသည်။

မရသည့်အဆုံးမှာ နားသယ်စပ်ကနေ လက်ဖဝါးနဲ့ပိတ်၍ ထိကပ်ထားလိုက်မိ၏။

ပြောနေတာတွေကို မောင်လေး ကြားနေရမှန်း မခ သိသည်။ အဖေ့ထံမှ နှုတ်ဆိတ်နေခဲ့တာကိုလည်း နားလည်နေလိမ့်မည်။

ဒီအချိန်မှာ မောင်လေးအတွက် 'စကားပြန်ပြောလိုက်ပါ၊ ချစ်တယ်လို့ပြောပေးပါ' စသည့်စကားတွေနဲ့ အဖေ့ကိုတိုက်တွန်းခြင်းသည် အဖေ့ရဲ့ရက်စက်မှုတွေကို ထပ်မံဖော်ပြပေးလိုက်သလိုသာ ရှိတော့မှာမို့...

"မောင်လေးရယ် .."

မခ မောင်လေးမျက်နှာလေးကို ကိုင်ထားရင်း တအိအိ ခွေကျသွားခဲ့၏။

"မမ .."

ဆုံ ပြေးပွေ့လိုက်သည်။ ဆောမှာရှိသည့်လူတွေပါ လှုပ်ရှားကုန်ကြသည်။ ဦးခင်မောင် နှုတ်ခမ်းတွေ တလှုပ်လှုပ်ဖြစ်နေပေမယ့် ဘယ်သူ့အတွက် ဘာစကားမှ သူ မပြောဖြစ်။ စာမျက်နှာ ရဲ့မျက်ဝန်းအိမ်တွေ မသိမသာ လှုပ်ခတ်သွားတာ၊ မျက်တောင်ဖျားတွေ တစ်ချက်တစ်ချက် လှုပ်ရှားသွားတတ်တာ ...၊

အားလုံးကို စီးမိုးမြင်နေရကာ တသွင်သွင်စီးကျနေသည့် မျက်ရည်တွေကိုလည်း မြင်၏။ ရင်ထဲမှာ တစ်ဆို့ ခံခဲ့တင်နေသည့် တစ်စုံတစ်ရာဟာ အမုန်းနဲ့အတ္တတွေ မဟုတ်တော့ပေမယ့် ထို့ထက်ဆိုးရွားစွာ ခံရခက်နေသည်။

စာမျက်နှာ ကို ဒီလမ်းသွားဖြစ်အောင် တွန်းပို့သလို ပြောခဲ့ကြမိတာ သူပဲ ဖြစ်၏။ မခ ရောက်လာပြီး ပြောဆိုသွားသည့်အချိန်မှာ သူ့...သွားပြီဆိုတာ သိခဲ့သည်။ အမြဲတမ်း မဆိုင်သလိုနေခဲ့ပြီး သေစား



www.burmeseclassic.com

www.burmeseclassic.com



သေခွင့်ကျမှ ခွင့်ပြုခဲ့သလို ဖြစ်ခဲ့ရသည်။ အမှန်နဲ့အမှား နောင်တတွေ.. ရှုပ်ထွေးမှုတွေကြားမှာ အဖြစ်အပျက်တွေ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားခဲ့တာ ဘယ်သူ့အတွက် ဝဋ်ကြွေးလဲ..။

လောကကိုစွန့်ခွာသွားတော့မယ့်လူအတွက် ဂဠ်ကြွေးလား ..၊ ဒီနောင်တတွေနဲ့ မွေ့ပိုက်ကျန်ရစ်မယ့် သူ့အတွက်လား ..၊

ဝိုင်းဝန်းကြည့်နေကြသည့် မျက်လုံးတွေထဲမှာ သူက စာမျက်နှာရဲ့ အဖေအဖြစ် ရှိနေသည်လား ..၊ သတင်းမေးသူအဖြစ်နဲ့လား..၊ သူ ဒီအထိ ရောက်လာခဲ့တာရော ဘာအတွက်လဲ ..၊ အားလုံးက ရှင်းနေပါပြီ။ အရှေ့ကိုတိုးကပ်လိုက်ရင်း မျက်လွှာတစ်ဝက်ဖွင့်လျက် မျက်ရည်တွေ ပြည့်နေသည့်မျက်ဝန်းတွေကို ငုံ့ကြည့်မိသည်။

စိတ်ထဲမှာ ထင့်သွားပြီး ကမန်းကတန်း ထိုင်ပြီးကြည့်လျှင် ရင်ထဲမှာ ဒိုင်းခနဲ မြည်ဟီးသွားလေသည်။

စာမျက်နှာ ရဲ့မျက်ဝန်းတွေ လုံးဝ ငြိမ်သက်နေခဲ့ပြီဖြစ်၏။

"ဒေါက်တာ .."

ခေါ်လိုက်မိသည့် ကိုယ့်အသံကို ပြန်ပြီး အံ့ဩမိသည်။ ရင်ထဲမှာ ဒီလောက်ထိ ပြင်းရှစွာ ထိခိုက်နေခဲ့၏။ ပြီးတော့ စမ်းသပ်နေသည့် ဒေါက်တာ၏ ပြန်လည်ဖြေကြားသံသည် သူ့အတွက် သေမိန့်ကျခံရတော့မည့် စီရင်ချက်တစ်ခုလို ..။

"သူ .. အသက်မရှိတော့ပါဘူး"

"ဗျာ!..."

ဦးခင်မောင် 'ဗျာ..'သံကိုတောင် ပီပြင်အောင် မထွက်နိုင်တော့..။

စာမျက်နှာ ..၊ မင်းက မျက်ရည်တွေကျပြီး အရှုံးပေးသွားရတယ် ထင်နေသလား ..၊ ဘကယ်ရှုံးခဲ့တဲ့ကောင်က ငါပါ..။

ရင်ထဲမှာ လောင်ကျွမ်းကုန်ပြီထင်၏။ သေဆုံးသူအတွက် ဆုံးရှုံးမခံနိုင်သော ပူဆွေးမှုသက်သက်မဟုတ်ဘဲ 'ငါ့ကြောင့်'ဆိုသည့်နောင်တက





တစ်ဘဝစာအတွက် မီးကွန်ချာနဲ့ ဝိုင်းပတ် အုပ်မိုးသွားသကဲ့သို့ ...၊

အားလုံးသော အခြေအနေအရပ်ရပ်ကို မခ ကြားလိုက်သည်။ အသိတရားတွေ ကိုယ်မှာ စုစည်းမိသည်နှင့် မောင်လေးနားကို ပြေးသွားမိကာ ...

"မောင်လေး .. မောင်လေး မသွားရဘူးလေ၊ ဟင့်အင်း .. မမကို ခွဲမသွားရဘူး၊ ထပါ .. ဘာစကားတစ်ခွန်းမှလည်း မပြောခဲ့ဘဲနဲ့ ဒီလိုကြီး ထွက်မသွားပါနဲ့ .."

"မမရယ် .. စိတ်ကိုဖြေပါ၊ သူ .. သူက အရမ်းကို မြင့်မြတ်တဲ့သူ.."

ဆု ရဲ့ အားပေးသံကလေးလည်း အဆုံးမသတ်နိုင်ရှာ..၊ မခ ရဲ့ မျက်လုံးတွေက ထရပ်လိုက်သည့် ဦးခင်မောင် ထံ စူးစူးရဲရဲ ရောက်သွားသည်။

မျက်ဝန်းအိမ်မှာ ပြည့်နေသည့်မျက်ရည်တွေကို လက်ဖဝါးနှစ်ဖက်နဲ့ ဘယ်ညာ ပွတ်ဖျက်ရင်း ...

"ကျေနပ်သွားပြီမို့လား အဖေ .. အဖေ့ကို မျက်နှာပြောင်ပြောင်နဲ့ တကောက်ကောက်လိုက်ပြီး 'အဖေ'ခေါ်မယ့်သူ မရှိတော့ဘူးလေ .."

ဦးခင်မောင် တစ်စုံတစ်ရာပြန်ပြောဖို့ ပါးစပ်ပြင်သည်။ မခ က မျက်ရည်စက်တွေ လွင့်စဉ်ကုန်အောင် ခေါင်းခါပစ်လိုက်၏။

"မောင်လေး မရှိတော့ဘူး၊ သမီးမောင်လေး သမီးကို ထားသွားပြီ"

မခ မကြားချင်သည့် နားနှစ်ဖက်ကို ဖိကပ်ပိတ်ကာ စကားတွေ ပြောရင်း အသက်ရှူရပ်မတတ် ဖြစ်နေခဲ့၏။

"ရှုံးတယ် .. မင်း သိပ်ရှုံးတယ် သိလား .. အမေက ကြိမ်းဝါးထားခဲ့လို့ အဖေက 'သားလို့' မခေါ်မိအောင် ထိန်းနေတာပါတဲ့၊ အဖေက မောင်လေးကို ချစ်ပါတယ်တဲ့၊ ဟွန်း .. ဒီလောက်ထိ နင့်အောင်ချစ်ပြလိုက်လို့ မင်းက ကျေနပ်သွားတာလား .."

မေးခွန်းသည် ဖြေမယ့်သူ မဲ့နေပေမယ့် မခ ဖြည်းဖြည်းချင်းနဲ့စွာ ထရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်၊ အကြည့်တွေက ငူငူငေးငေးကြီး ရပ်နေဆဲ ဦးခင်မောင် ဆီမှာ စူးနစ်လျက် ...

"အဖေနဲ့ပတ်သက်သမျှ မောင်လေးက လူမမယ်ကလေးလေးပါ အဖေ၊ 'အဖေ'ဆိုတဲ့ အသိတစ်ခုနဲ့ သူ့ဘဝမှာ မိုးမလင်းခဲ့ဘူး၊ အဲဒါ အခု သေဆုံးခဲ့တဲ့အထိ ..."

စကားတွေက မှုမမှန်ချင်တော့ဘဲ အသားဆိုင်တွေပေါ် ပျှပ်လီလှုပ်လှဲ့ တုန်ခါလာသလို ရှိ၏။ ခုတင် တစ်ဖက်ခြမ်းစီမှာ ရပ်နေခဲ့ကြပြီး ပင်လယ်ပြင်ကြီးတစ်ခုလုံး ကာဆီးထားသလို မျက်လုံးတွေမှာ မျက်ရည်တွေပိတ်လျက် ကြည့်နေကြပြီး မခြင် ...။

"အခု .. အခု မောင်လေးက ပြီးသွားပြီ"

လက်ညှိုးထိုးထားသည့် လက်တစ်ဖက်သည် ဦးခင်မောင် ရဲ့ ရင်ဘတ်ဆီကို တန်းမတ်စွာ ထိုးညွှန်လိုက်ပြီး မငြိမ်မသက် တုန်ယင်နေကာ ...

"လိုချင်တာကိုတမ်းတပြီး အသက်ပေးသွားတာတောင် မရခဲ့ရှာတဲ့ မောင်လေးရဲ့အဖြစ်အတိုင်း အဖေ .. အဖေ့အလှည့်မှာ အဖေ လိုချင်သမျှ ကောင်းခြင်းအရာရာကို ဘယ်တော့မှ အဖေ မရနိုင်တော့ဘူး"

ဆို့ကျပ်နေသည့်ရင်ဘတ်က သက်ပြင်းရှိုက်၍ ခြေချနေရင်း ပိုပိုပြီး မွန်းကျပ်လာ၏။ လက်ညှိုးထိုးနေရင်း လက်က မခိုင့်ချင်၊ မျက်လုံးတွေ ပြာကာ မတ်တတ်ကနေ ပြိုလဲချင်၏။

သို့သော် မောင်လေးအတွက် သူမ ရင်ထဲမှာ မျိုသိပ်ခံစားခဲ့ရသမျှ သည် ...

"အဖေ့ကို မခ ကျိန်တာမဟုတ်ဘူး၊ တူသောအကျိုးပေးခြင်းဆိုတာ အဲဒါပဲ၊ အဖေ့ကို .. အဖေ့ကို မခ တစ်သက်လုံး ဘယ်တော့မှ ခွင့်မလွှတ်ဘူး .. အရမ်း ..."

မခ ပျော့ခွေပုံကျသွားလေသည်။ 'အရမ်းမုန်းဘယ်'ဆိုတဲ့စကား





ကို ဆုံးအောင်မပြောခဲ့ပေမယ့် ဦးခင်မောင် သိနေသည်။ အားလုံးက သူ့ကြောင့်သာမို့ ...၊

"သူ့ကို နောက်ထပ်ကြည့်ခိုင်းလိုက်ရင် ဟတ်ထ်ထိသွားနိုင်တယ်၊ အပြင်ခန်းကို ခေါ်သွားတော့"

ဒေါက်တာနဲ့ သူနာပြုတွေ သူတို့အစီအစဉ်အတိုင်း လှုပ်ရှားသွားကြသည်။

မခ ကို ပွေ့ချီသွားကြကာ ဦးခင်မောင် မျက်နှာကို ငုံ့ထားလျက် တရွေ့ရွေ့ ထွက်သွားလေသည်။ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည့် စာမျက်နှာ ရဲ့အလောင်းဘေးမှာ ဆု တစ်ယောက်သာ ကျန်ရစ်ခဲ့ပြီး...

"စာမျက်နှာ ရယ် ..."

တိုးသဲ့စွာ ခေါ်မိရင်း သူမ သွားလေရာမှာ အမြဲပါနေတတ်သည့် စာမျက်နှာ ရဲ့ အသည်းပုံစုဘူးလေးကို ပြန်ကောက်ယူသည်။

မကြာခင် စာမျက်နှာ ၏ရုပ်အလောင်းကို သယ်ထုတ်သွားကြတော့မည်။ ထာဝရအတွက် နှုတ်ဆက်နေသည့် ရင်ခုန်သံကင်းမဲ့နေခဲ့သော ရင်ဘတ်ပြေပြေမှာ ဆု ပါးလေးတစ်ဖက် ဖေးတင်လိုက်ရင်း ဖက်တွယ်ထားမိ၏။ ဆု ရဲ့လက်တစ်ဖက်သည် စာမျက်နှာ ကို ဖက်ထားလျက် လက်တစ်ဖက်မှာ စုဘူးကိုကိုင်၍ ...

"ထာဝရအတွက် နားထောင်သွားပါ စာမျက်နှာ ရယ် .. ငါ နင့်ကို သိပ်ချစ်တယ် သိလား၊ နင့်ရဲ့ရင်ခုန်သံတွေကို ငါ ဘယ်တော့မှ ကြားခွင့်မရှိတော့ပေမယ့်လေ .. နင်ကလည်း ဘယ်တုန်းကမှ မျှော်လင့်ခွင့် မပေးခဲ့ပေမယ့် ဟိုတုန်းကနေ ခုချိန်ထိ ငါ နင့်ကို သိပ်ချစ်တယ် သိလား .."

စာမျက်နှာ ၏ရင်ဘတ်ပေါ်မှာ ဆု ရဲ့ မျက်ရည်စပေါင်းများစွာ စီးသွယ်စိုစွတ်လျက် ဖက်ထားခဲ့သည့်စုဘူးလေးလည်း လက်ထဲက လွတ်၍ ခုတင်အောက်ကို စုန်ဆင်းသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆု သည် တအားရှိုက်ငိုပစ်လိုက်ရင်း စာမျက်နှာ ရင်ဘတ်ပေါ်မှာ မျက်နှာတစ်ပြင်လုံး ဖိနှစ်ပွတ်ကပ်ထား၍ ...

"နှင် မပြည့်စေချင်တဲ့ စုဘူးလေးကိုလည်း ငါ ဒီတိုင်းထားပြီး မပြီးဆုံးနိုင်တဲ့ချစ်ခြင်းတွေနဲ့လေ ..."

သေးမှာ လူရိပ်တွေထင်လာသည်။ အလောင်းကို သယ်ယူသွားတော့မှာဖြစ်ကာ ဆု ငိုနေတာကို စောင့်ဆိုင်းနေကြတာ ဖြစ်၏။

မျက်ဝန်းတွေကို မှိတ်ချပစ်လိုက်ပြီး ပစ်ရက်ဖွယ်မရှိအောင် နုသစ်ချောမွေ့နေသည့်မျက်နှာကို ထာဝရစွန့်လွှတ်နိုင်ဖို့ ကြိုးစားမိသည်။

မြင်လွှာထက် ထင်ရှားနေသည့်စိတ်အာရုံမှာ စာမျက်နှာ ၏ ရီဝေသည့်မျက်ဝန်းလေးတွေက ဒီတိုင်းထင်နေဆဲ ...။

နူးညံ့ဖွာပြုံးတတ်သည့်နှုတ်ခမ်းအစုံက ဆု လို့ပဲ ခေါ်နေသလိုလို..။

"ညီမ .. အလောင်းကိုသယ်ရမှာမို့လို့ ကျေးဇူးပြုပြီး ခွင့်ပြုပါနော်"

ဟင့်အင်း .. စာမျက်နှာ ..၊ မမ ရှိနေရင်လည်း နှင့်ကို အတင်းဆွဲထားမှာပဲ၊ ငါ မခံစားနိုင်လို့ပါ၊ ငါ နှုတ်ဆက်နေတာကို နှင် သိသွားတယ်မို့လားဟင်..။

အတင်းကျုံးဖက်ထားသည့် ဆု ရဲ့လက်တွေကို သူတို့ပဲ ချော့မော့ခွာချထားခဲ့၏။ တလှုပ်လှုပ် ရွေ့နေသော စုဘူးလေးကို ပြန်ကောက်၍ ရင်ခွင်ထဲမှာ ပိုက်ထားလိုက်မိသည်။

စာမျက်နှာ စွန့်ခွာခဲ့သော ခုတင်ခြေရင်းမှာ အဝတ်စတစ်စလို ပုံချထိုင်လိုက်ရင်း ဖက်ထားခဲ့သည့်စုဘူးလေးကို ပို၍တင်းကျပ်အောင် ဖက်ထားမိ၏။

ရင်ခွင်တစ်ခုမှာ မဟုတ်ပေမယ့် ဆု ရဲ့မျက်ရည်စက်တွေက စုဘူးလေးပေါ်မှာ ဆက်လက် စီးမျောလျက် ...။





အခန်း [ ၅၈ ]

"ဦးလေး .. ဦးလေး .."

"ဟင် .. ဘာလဲ"

"ဦးလေး ကြာလှပြီဗျာ .. ကျေးဇူးပြုပြီး ဟိုဘက်ထောင့်က စားပွဲကို ပြောင်းထိုင်ပေးပါလား"

"ဘာ!..."

ဦးခင်မောင် မူးဝေလေးလံနေသည့်ခေါင်းကို အနိုင်နိုင် ထူမတ်၍ ဟိုဒီလှည့်ကြည့်သည်။ သူ ဒီလိုမူးနေချင်လို့ ဘီယာဆိုင်သေးသေးလေးမှာ ထိုင်ပြီး နောက်ခံ့မှာ နေရာယူထားခဲ့တာပါ ..။

"ငါ .. ငါက ဒီ့ထက် ဘယ်မီးဖိုချောင်မှာ သွားကပ်ပေးရဦးမှာလဲကွ၊ ထွီ .. မင်းတို့ဥစ္စာ ပိုက်ဆံပေး သောက်တာ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဦးလေး ထိုင်နေတာ နေ့လယ်ကတည်းက အခု မိုးချုပ်တော့မယ်လေ၊ ဒီအချိန် ဆိုင်မှာ လူစည်တယ်ဗျ၊ ပိုက်ဆံပေးတာလည်း လူမှုရေးဆိုတာကိုတော့ ထည့်စဉ်းစားပေးပေါ့ဗျာ၊ လူများစီးပွားရေး ထိခိုက်အောင် ..."

"ဟေ့ .. နေဦး .. အဲဒါ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးသံနှင့်အတူ လူကြီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြ၏။ ခေါင်းစိုက်လူ့လု ယိုင်နဲ့နေသည့်မျက်နှာကို နှစ်ယောက်စလုံး ငုံ့ကြည့်လိုက်ကြပြီး ...

"ဟာ!... ခင်မောင် ကွ"

"ဟုတ်တယ်၊ ဟော့ .. ရပြီ .. ငါတို့ ဒီဝိုင်းမှာ ထိုင်တော့မယ်၊ မှာထားတာတွေပဲ အမြန်ချ"

"ဟုတ်ကဲ့"

စိတ်တာ ထွက်သွားတော့မှ သူ့မျက်နှာရှေ့မှာ ယှဉ်တွဲထိုင်လိုက်ကြသည့် လူရိပ်နှစ်ရိပ်ကို ဦးခင်မောင် မျက်လွှာပင့်ကြည့်သည်။

"ဟောကောင် ကြည့်ပါဦး .. ဒီမျက်နှာတွေ ဘယ်သူတွေလဲလို့"

"ဟင့် .. မင်း .. မင်းတို့ ... ခန့်ဝင်း .."

"ဟုတ်ပဗျာ"

"ကောင်းမြတ်"

"သိသွားပြီ .. သိသွားပြီ၊ ဒီကောင် မလွန်သေးဘူး"

"ဟား .. မင်းတို့ .. ငါ ဝမ်းသာလိုက်တာကွာ"

သုံးယောက် ဆုံမိသွားကြကာ တစ်ယောက်လက်ကို တစ်ယောက် ဆွဲလှုပ်ခါ၍ အားပါးတရ ရယ်လိုက်ကြသည်။ သို့သော် ...

ဦးခင်မောင်၏ ရယ်နေသည့်မျက်နှာကြီး ငိုမဲ့မဲ့ဖြစ်သွားလျက်...

"ငါ .. ငါကတော့ကွာ ..."

ပြောလို့မဆုံးသေးခင် မျက်ရည်တွေ စီးကျလာခဲ့၏။

"ဘာဖြစ်တာလဲ ခင်မောင်၊ မင်းမှာ ဘာတွေ အခက်အခဲဖြစ်နေလို့လဲ၊ ငါ အခု အရှမ်းအဆင်ပြေနေပြီကွ၊ ဘာဖြစ်ဖြစ် မင်းကို ကူညီမယ်ကွာ"

"နေဦး ကောင်းမြတ် .. ငါ သူ့သားတစ်ယောက် ဆုံးသွားတယ်လို့ ကြားထားတယ်၊ အဲဒါ ဟုတ်လား မသိဘူး"





ဦးခန့်ဝင်း က ဇဝေဇဝါပြောရင်း ဦးခင်မောင် ကို ကြည့်၍ ...

"ဟုတ်လား ခင်မောင် .. ဘယ်သူ ဆုံးသွားတာလဲ၊ မင်း ငိုလိုက်တာကို ရင်ထဲမကောင်းလို့ မေးတာပါ၊ မဟုတ်ဘဲနဲ့ မဦးမချွတ်ပြောမိတာဆိုရင်တော့ ဆောရီးကွာ .."

ဦးခင်မောင် သည် ခေါင်းတဲဆတ်ဆတ်ညိတ်ရင်း သူ့ဘဝကို အတ္တအဆိပ်တွေသင့်ခဲ့ရသော မိုးမလင်းသည့်ညတွေအကြောင်း ပြောပြခဲ့ပြီး...

"ငါ့ကိုယ်ငါ မသိဘူး၊ ခုလည်း မသိဘူးကွာ၊ ဒါပေမယ့် .. ဒါပေမယ့် .. ငါ ဒီကောင်လေးကို တစ်ခုခုပြောဆိုပြီးတိုင်း ငါပစ်တဲ့မြားက ငါ့ကိုပဲ လာလာထိနေသလိုမျိုး၊ ပြောလိုက်တာနဲ့အမျှ ငါလည်း ခံစားခဲ့ရတယ်"

"အဲဒါ မင်း သူ့ကို ဘာကယ်မုန်းနေတာ မဟုတ်လို့ပေါ့ ခင်မောင်ရာ၊ ဟောကောင် တော်ပြီ၊ စကားပဲပြောတော့ .. မသောက်နဲ့တော့"

ဦးခန့်ဝင်း က စကားပြောရင်း ဖန်ခွက်ကိုင်လိုက်သည့် ဦးခင်မောင်ရဲ့လက်ကို ဖမ်းဆွဲထားလိုက်၏။ ပြောလာသမျှကို နားထောင်နေသည့် ဦးကောင်းမြတ် က မျက်မှောင်ကုတ် စဉ်းစားရင်း ...

"မင်းတို့က အဲဒီလောက်ထိ ဖြစ်သွားကြတာလား ..၊ သံဝေဂ ရစရာပဲကွာ၊ ထူးသစ် ဆိုတဲ့ကောင်ကတော့ ဟိုမှာ သားမယား မိသားစုနဲ့ ပျော်လို့မော်လို့ .."

"ဟိတ်ကောင် .."

ဦးခန့်ဝင်း က ဦးကောင်းမြတ် ကို 'ဒါလေးတောင် မသိဘူးလား' ဆိုသည့်လေသံနှင့် ကြိတ်အော်၍ ...

"မင်းက အပေါင်းအသင်းပီသစွာ အရပ်ရှစ်မျက်နှာ ခြေဆန့်ပြီး ထင်သလိုလိမ့်နေတိုင်း ဘာမှကို မသိတာပါလား၊ ဘာတွေ ပြောနေတာလဲ"

"ဟင်!... ဘာမသိတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ် ကလည်း သူသိနေတာကို မဟုတ်ဘူးပြောလိုက်တာနဲ့ မကျေမနပ်ဖြစ်သွားပုံနှင့် ...

"မိမိ နဲ့တွဲခဲ့တာ ထူးသစ် နဲ့ ရာဇဝင် နှစ်ယောက်ပဲရှိတာ၊ ဒီကောင် ဒီလောက်ဖြစ်နေတာ ထူးသစ် နဲ့ရှုပ်ခဲ့နေတာ မဟုတ်ဘူးလား၊ ဘယ်ကောင်ရှိသေးလို့လဲ"

သူတို့တွေက သူငယ်ချင်းကောင်းတွေပီပီ မိမိ နဲ့ ခင်မောင် ဆိုသော မာနအိုးကွဲနှင့် အချစ်လွန် သဝန်ကြောင်လေးအကြောင်း မသိခဲ့တာ ဘာမှမရှိ ...။

အိမ်ထောင်တွေကျကုန်သည့်နောက်ပိုင်းမှာ မသိခဲ့ရင်တောင် ဒီပြဿနာ ဟိုတုန်းတည်းကရှိခဲ့တာကို သိကြပြီးသားမို့ ကျားကျားလျားလျားနှင့် ချောမောတည်ငြိမ်သော ထူးသစ် ကို ဦးကောင်းမြတ် တန်းခနဲမြင်လိုက်တာ ဖြစ်သည်။

ထူးသစ် တို့က ခင်မောင် ထက်အရင် မိမိ ကို ကြိုးစားနေကြတာဖြစ်ကာ အလိုက်ဖက်ဆုံး အတွဲများဆုံးကလည်း ထူးသစ် နဲ့ပဲမို့ သူတို့အတွဲက ပေါ်လွင်၏။ သူပြောတာ ဘာမှားသွားလို့လဲ၊ ဦးခန့်ဝင်း က ဦးကောင်းမြတ် ရဲ့ စိတ်ကူးတွေဖြစ်သွားတာကို နားလည်လိုက်ကာ ...

"မင်းက ရာဇဝင် ကို ဖြူဖြူနွဲ့နွဲ့ မိန်းမလျာပုံပေါက်နေတဲ့ကောင်ဆိုပြီး ထည့်မတွေးလိုက်တာမို့လား"

"မဟုတ်ဘူးလေ .. သူက ..."

"သူ့ကိုပဲ မိမိ က ထာဝရ လက်တွဲခဲ့တာ"

"ဟာ!... မဟုတ်တာ"

ဦးကောင်းမြတ် မဆီလျော်တာကို ကြားလိုက်ရသလိုမျိုး ခေါင်းပဲခါနေ၏။ ဦးခန့်ဝင်း က ဆက်ရှင်းပြသည်။

"ဟုတ်တယ်၊ ငါတို့ ဟိုတုန်းက ထူးသစ် ကို မိမိ က ပြန်ချစ်သွားမှာပဲလို့ ထင်ပြီး ခင်မောင့် ကို ကြိုးစားမနေနဲ့တော့လို့တောင် ပြောခဲ့





သေးတယ်၊ ဒါပေမယ့် မိမိ က ခင်မောင့် ကို အဖြေပေးခဲ့တယ်လေ"

"ဟုတ်တယ်လေ"

"ဒါပေမယ့် သူက ရာဇဝင် နဲ့ တကယ်ငြိခဲ့တာ"

"လွဲနေပြီ .. အဲဒါတော့"

"မလွဲဘူး"

ဦးခင်မောင် က ဝင်ပြောလိုက်တာဖြစ်ကာ ဖန်ခွက်ကိုထပ်ကိုင်၏။ ဦးခန့်ဝင်း ကလည်း ထပ်ဆွဲထားပြန်၏။

ထိုအခါကျမှ ဖန်ခွက်ကိုပြန်လွှတ်လိုက်ပြီး ဦးခင်မောင် မျက်နှာတစ်ပြင်လုံးကို လက်ဝါးနဲ့ ဖိပွတ်ပစ်လိုက်သည်။ ပြီးမှ ...

"သူကိုယ်တိုင် ဝန်ခံတာ၊ ရာဇဝင် နဲ့ သူ တကယ်ချစ်ခဲ့တာတဲ့၊ အဲဒီကိုယ်ဝန်က သူ့ကိုယ်ဝန်တဲ့၊ ရာဇဝင် က လက်မထပ်နိုင်သေးခင် အရှက်ကွဲမှာစိုးလို့ ငါ့ဆီ ပြန်လာတာတဲ့"

"မဟုတ်သေးပါဘူးကွာ၊ မင်းတို့ လွဲတော့လွဲနေပြီ၊ မိမိ က မာနကြီးတဲ့မိန်းမပဲ၊ မင်း သူ့ကို မဟုတ်ကဟုတ်ကတွေ ဖိနှင်းရှုပ်ချွဲနေလို့ ပြန်ရွဲ့တာပဲ ဖြစ်မယ်၊ ဒါ မဖြစ်နိုင်ဘူး .."

"မင်းက ဘာဖြစ်လို့ မဖြစ်နိုင်ဘူးလို့ပြောနေတာလဲ ကောင်းမြတ်၊ မင်းက ဘာသိလို့လဲ၊ သူရွဲ့တတ်ရင်တောင် ဒီကောင်လေး တစ်ဘဝလုံး အဖေ ခေါ်စရာမရှိအောင် အိမ်ထောင်ရေး တကယ်ကွဲပြသွားတဲ့အထိ ရွဲ့စရာလား၊ ခုဆို သူလည်း မရှိတော့ဘူး၊ သေတဲ့အထိ ဒါကို အရွဲ့တိုက်သွားတာလို့ မင်း ပြောဦးမလား"

"အဲဒါ ငါ မသိဘူး၊ ဒါပေမယ့် ငါ အခု ပြီးခဲ့တဲ့နှစ်နှစ်လုံး ရာဇဝင် နဲ့ အကူအညီနဲ့ စင်ကာပူမှာ နေခဲ့တာ"

"ဪ .. ဒါကြောင့် မင်းက သူ့ကို ကောင်းတယ် ဖြစ်သွားတာလား"

သူငယ်ချင်း အလူးအလိမ့်ခံစားနေရတာကို ဦးခန့်ဝင်း က မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရက်နိုင်ဖြစ်နေသည်မို့ ဦးကောင်းမြတ် မရေမရာယောက်ခံနေတာကို ဒေါသထွက်စပြုနေပြီ ..။

"မဟုတ်ပါဘူးကွာ .. ဒီမှာ ခင်မောင် လည်း ငါပြောတာကို နားထောင်ပါဦး၊ ပြီးမှ ငါ့ကို ဆဲဆဲရိုက်ရိုက် .. ကြိုက်သလို လုပ်ကြကွာ"

ဦးကောင်းမြတ် တောင်းပန်လိုက်မှ နားစွင့်ရင်း ငြိမ်သက်သွားခဲ့ကြ၏။

"ငါ မဖြစ်နိုင်ဘူးလို့ ပြောနေတာက ရာဇဝင်မှာ ယောကျ်ား မဖြစ်တဲ့ရောဂါ ရှိနေတယ်ကွ၊ အဲဒါ မွေးရာပါတော့ မဟုတ်ပေမယ့် သူ စုနစ်တန်းကျောင်းသားအရွယ်မှာ စဖြစ်ခဲ့တာတဲ့"

"ဟင်!..."

ဦးခင်မောင် ကိုယ်ကြီး ဆတ်ခနဲ ခါသွား၏။

"မင်း .. မင်း .. သေချာရဲ့လား ကောင်းမြတ် ..၊ ဒါ နောက်စရာ မဟုတ်ဘူးနော်"

ဦးခန့်ဝင်း ကိုယ်တိုင် ထိတ်လန့်ကာ သူငယ်ချင်းဖြစ်သူကို စိုးရိမ်စိတ်နှင့် ငုံ့ကြည့်မိ၏။ ဖြစ်ပျက်ခဲ့တာတွေက ဘဝများစွာနှင့် ရင်းနှီးပေးဆပ်၍ ဖြစ်သည်။ ဒါဟာ အမှားတစ်ခု ဘယ်လိုမှမဖြစ်သင့် ...။

"ငါ့ကို မင်းတို့သူငယ်ချင်းမှန်း သိနေလို့ ငါ ဟိုနိုင်ငံမှာ ပတ်စပို့ပျောက်ပြီး မပြန်နိုင်ဖြစ်နေတဲ့ပြဿနာကို သူ ကူညီခဲ့တယ်၊ အလုပ်အကိုင်ပြန်ရဖို့အထိ သူပဲ အစအဆုံး ပြန်လုပ်ပေးတာ၊ ဒါတွေကို သူ ရှင်းပြချင်နေတာ ထင်တယ်၊ တစ်ခုရှိတာက သူ ဒီက အိမ်ထောင်ရေးကိစ္စတွေကို လုံးဝ မသိဘူး၊ မိမိ ကို သူ တစ်ဖက်သတ် ချစ်ခဲ့တဲ့အကြောင်း၊ ဒါပေမယ့် သူ့ဘဝက လူဖြစ်ရှုံးနေတော့ မြင်သာမြင် မကြင်ရဖြစ်ခဲ့ရတာတွေ၊ ပြီးတော့ မိမိ က သူ့ကို ဒီအားနည်းချက်ကြောင့် အများကြီး ဖေးမကူညီတယ်တဲ့၊ သူ့ဘက်က အာရုံတွေ တစ်ဖက်သတ် များခဲ့ရလို့ သူပဲ နိုင်ငံခြားကို ရှောင်ထွက်ခဲ့တာတဲ့"





ကြားနေသည့်စကားတွေက နားထဲကို ပုလင်းကွဲစတွေ အတင်းထိုးထည့်ခံနေရသည်နှင့် တူလာ၏။ မဖြစ်နိုင်ဘူး ..၊ သူ တစ်ဘဝလုံးပျက်စီးခဲ့တဲ့အထိ စွဲလမ်းလာခဲ့တဲ့အမုန်းတွေဟာ မှားယွင်းမှု ဘယ်လိုမှ မဖြစ်နိုင် ..။ ဘစ်စတစ်စ မြင့်တက်လာသည့် ချောက်ချားစိတ်တို့ကြောင့် ဦးခင်မောင် ခေါင်းတွင်တွင်ခါရင်း ဘာမှုလည်း မပြော ..၊

အဆီပြန်နေသည့်မျက်နှာထက်မှာ ချွေးသီးတွေပါ သီးထလာ၏။ အားလုံးသောအပြစ်တို့ဟာ ကိုယ့်ကြောင့်လို့ ပုံချပြီး ခါးစည်းခံနိုင်သည်၊ နောင်တတွေနဲ့ ပူလောင်စွာရစ်ပတ်ရင်း သူ့ကိုယ်သူ ဘယ်လို အဖြစ်ဆိုးမျိုးနဲ့ပဲ အဆုံးသတ်သွားပါစေ ..၊ ဒီအပြစ်ဒဏ်နဲ့ သေဆုံးရမယ့်အချိန်ထိ သူ ကျေနပ်သွားနိုင်သည်။ သို့သော် ...

"ဒါဆို စာမျက်နှာ က မင်းရဲ့သားအရင်းပဲ"

မေးလိုက်သလိုလို .. အတည်ပြုသလို၊ ဘာမှန်းမသိဘဲ ထပ်ပြောလိုက်သည့် ဦးခန့်ဝင်း စကားကြောင့် ဦးခင်မောင် နှုတ်ခမ်းတွေ ဖိစေ့ရင်း အံကြိတ်ထားမိသည်။ ဦးခန့်ဝင်း ကလည်း အံ့ဩလွန်းလို့ လွှတ်ခနဲ ပြောမိပြီးမှ အကြီးအကျယ်မှားသွားပြီကို သိလိုက်သည်။

ဒါပေမယ့် စကားဆိုတာ ကျွံပြီးသွားလျှင် ပြန်နုတ်လို့ မရ ..။

"ငါကလည်း တကယ်ပါကွာ၊ ဟိုတုန်းကအကြောင်းတွေလောက်ပဲ ခေါင်းထဲမှာစွဲပြီး နောက်ပိုင်းမှာလည်း ငါတို့တွေ တကွဲတပြားစီဖြစ်ခဲ့ကြတော့ မင်းရဲ့အိမ်ထောင်ရေး ဒီလောက်ဖြစ်နေမှန်း မသိဘူး၊ ဖြစ်ရတဲ့အကြောင်းရင်းကလည်း ထွေးသစ် နဲ့ပတ်သက်တယ်လို့ပဲ ထင်ခဲ့တာပေါ့"

ဦးကောင်းမြတ် က အရေးထဲမှာ သံဝေဂတရားတွေ ထွက်လှိုင့်နေပြန်၏။ ထို့ပြင် ...

"မင်းနဲ့ မင့်သားက ကောင်လေး သေတဲ့အထိ သားအဖမှန်း မသိခဲ့ကြတာကိုး .. ဖြစ်ရလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင် နေရာမှ ထရပ်လိုက်၏။ ဒါပေမယ့် စိုက်ခနဲ ယိုင်သွားသဖြင့် စားပွဲစွန်းကို ထိန်းကိုင်ထားလိုက်ရသည်။

"ခင်မောင် .. ဘာဖြစ်တာလဲ .. ထိုင်လေကွာ၊ ငါတို့တောင် ဘာမှ မစရသေးဘူး"

ဦးခင်မောင် ခေါင်းခါ၍ ဘာမှမပြောနိုင်သေးဘဲ လက်ကာပြလိုက်သည်။

"ဟား!... မင်းကလည်း မဟုတ်သေးပါဘူးကွာ"

ဦးကောင်းမြတ် တို့နှစ်ယောက်စလုံး ပြိုင်တူထရပ်လိုက်ပြီး ဦးခင်မောင် ကို တွဲဖို့ လက်ပြင်၏။

"နေပါစေ .. မင်းတို့ ထိုင်နေကြပါ .. ငါ မရတော့ဘူး"

"ဘာမရတာလဲ ..၊ မင်း ပြန်ကိုပြန်မှာဆိုရင်လည်း ငါ့မှာ ကားပါတယ်လေကွာ .. လိုက်ပို့မှာပေါ့"

ဦးခင်မောင် ခေါင်းပဲခါနေကာ ဦးကောင်းမြတ် ရဲ့လက်ကို ဆုပ်ကိုင်ပြီး မျက်လုံးချင်းဆုံကြတော့ မျက်ရည်တွေ ဝေ့နေလျက် ...

"ငါ သွားပါရစေ၊ မဟုတ်ရင် ငါ့ .. ငါ့ရဲ့တစ်ကိုယ်လုံး ဖုံးကွဲသလို တစ်စစီ တွဲထွက်ကုန်တော့မယ်၊ ငါ့ကို လွှတ်ပေးကြပါ"

"ဟာကွာ ..."

"ခင်မောင် ရာ .. မင်း .. ကျွတ် ..၊"

သူတို့ ဘာမှမတတ်နိုင်တော့ဘဲ ဆွဲကိုင်ထားသည့်လက်တွေကို လွှတ်ပေးခဲ့ကြသည်။ ဦးခင်မောင် ခြေလှမ်းနေရင်း ခြေထောက်က မြေပြင်မှာ ထိနေသလား .. မထိဘူးလား မသိ။ အာရုံထဲမှာ ထင်ဟပ်နေသည့်မျက်နှာတွေက မိမိ ရယ် .. မခ ရယ် .. စာမျက်နှာ ...၊

သူ အချစ်ကြီးချစ်ခဲ့ရသော မိမိ နဲ့ မခ တို့၏ မျက်နှာတွေက ရှုးရဲတင်းမာနေကြကာ သူ မုန်းခဲ့သော စာမျက်နှာ ကတော့ မျက်ရည်လူးသည့်မျက်နှာနှင့် ခယ တောင်းပန်လျက်နှင့် ...၊





ပြီးတော့ အချစ်အမုန်းတွေနှင့် ရှုပ်ထွေးနေခဲ့သည့် စကားသံတွေ..၊

"သားကို အသိအမှတ်မပြုရင် နေပါ၊ အဖေ့နားမှာ နေခွင့်တော့ပေးပါ အဖေ"

"အဖေက သားရဲ့အဖေပါ"

"အဖေက သားလိုကောင် ဆယ်ယောက်နဲ့ လဲနိုင်ပေမယ့် သားက အဖေ့ကို သားတစ်ဘဝလုံးနဲ့ လဲယူရမယ်ဆိုရင်တောင် ယူချင်တာပါ"

"အဖေ့ကို အရမ်းမုန်းတယ် .."

"အဖေ တွန်းပို့လိုက်တဲ့ ချောက်ထဲကနေ မောင်လေး ပြန်တက်မလာနိုင်ခဲ့ရင် .. အဖေ့ကို မခ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"မောင်လေး ခံစားခဲ့ရတဲ့အတိုင်း အဖေ့ရဲ့ဘဝတစ်လျှောက်လုံး အဖေ လိုချင်သမျှ ကောင်းသောအရာအားလုံး ဘယ်တော့မှရမှာ မဟုတ်ဘူး"

"ကျိန်စာ မဟုတ်ဘူး .. အဲဒါ တူသောအကျိုးပေးခြင်းပဲ"

"တီ .. တီ .."

ဟွန်းသံတွေ နားထဲမှာ အစုလိုက်အပြုံလိုက် ဝင်လာမှ ခြေစုံရပ်လိုက်တော့ သူ့ကိုယ်သူ လမ်းလယ်ခေါင်မှာရပ်နေမိမှန်း သတိရသွားသည်။ ကားတွေ သူ့ရဲ့ဘယ်ညာမှာ အတန်းလိုက်ကြီး ရပ်နေကြတာကို ဟိုဘက်ဒီဘက် လှမ်းကြည့်မိပြီး သူ ဘာလုပ်ရမည်မှန်း ရုတ်တရက် မသိ ..။

"တီ .."

နောက်ထပ် ဟွန်းသံနှင့်အတူ လူငယ်တစ်ယောက် ပြေးလွှားရောက်လာပြီး သူ့ကို လမ်းလယ်ခေါင်ကနေ ဆွဲခေါ်သွားခဲ့၏။

"ဦးလေး.. ရေချိန်လွန်နေတယ် ထင်တယ်၊ လမ်းဘေးမှာပဲ လျှောက်ပါဗျာ၊ တော်ကြာ မနက်မိုးလင်းတာကို မမြင်လိုက်ရဘဲ နေဦးမယ်"

စေတနာလား .. ရှုပ်နေတာကို အမြိုက်တစ်စလို ရှင်းသွားတာ



www.burmeseclassic.com

www.burmeseclassic.com



လား မသိပေမယ့် လမ်းဆေားထိ ဆွဲခေါ်လာပြီး ပြောချင်တိုင်း ပြောသွားသည်။ ဦးခင်မောင် ကတော့ ဘယ်သူ ဘာတွေပြောပြော ပတ်ဝန်းကျင်မှာ ဘာသံတွေပဲ ပွဲတင်ထပ်နေပစေ သူ အထပ်ထပ်ကြားနေတာက ဒီအသံတွေ မဟုတ် ...၊

"ကျွန်မ အခု သိသွားပြီ ကိုခင်မောင်၊ အဲဒါကြောင့် ပြောလိုက်မယ်၊ ကျွန်မသားကို သား .. လို့ ဘယ်တော့မှ မခေါ်မိစေနဲ့"

"ခေါ်မိတာနဲ့ ရှင် အများကြီး ပေးဆပ်ရလိမ့်မယ်"

"အဲဒါ ကျိန်တာမဟုတ်ဘူးနော် .. မေတ္တာစူးတာ၊ ဖြစ်ကိုဖြစ်လာမှာကို ပြောတာ"

ဦးခင်မောင် တနဲ့နဲ့သွားနေရင်း ခေါင်းခါတာမဟုတ်ဘဲ သူ့အလိုလို တလှုပ်လှုပ်ဖြစ်လာရင်း ခေါင်းခါနေတာနှင့် တူသွားသည်။

"မဖြစ်ဘူး .. ဘာဖြစ်လာမှာလဲ .. ဘာမှမဖြစ်ဘူး၊ မင်း ကျိန်စာတိုက်ခဲ့သလို ငါ ဘာလို့ဖြစ်ရမှာလဲ၊ မင့်သမီး ငါ့ကို ကျိန်ခဲ့တာရော၊ မင်းတို့သားအမိ ငါ့ကို ဝိုင်းကျိန်ခဲ့ကြတာ"

ဦးခင်မောင် အသံမထွက်ဘဲ နှုတ်ခမ်းတွေ တလှုပ်လှုပ်ဖြစ်နေ၏။

သားတစ်ယောက်လုံးကို အရှင်လတ်လတ် ရင်ခွဲဆားပက်ခဲ့ပြီးမှ ရင်နှစ်ခြမ်းကို ဆွဲစေ့ချင်သည်၊ ဆားတွေကို ရေဆေးချလိုက်ချင်၏။

နောက်ပြီးတော့ စာမျက်နှာ အသက်ပြန်ရှင်စေလို့ ဉုံဖွ မန်းလို့ရလျှင် ပြန်ရှင်လာအောင် ကြိုးစားချင်သေးသည်။

ဒါတွေကို သူ ပြန်ရနိုင်မလား ..၊ ရနိုင်ချေ ဘယ်လောက်ရှိသလဲ၊

သား ...၊ စာမျက်နှာ .. မင်းက ငါ့သားလေး ...။

မခွဲခြားနိုင်သော တစ်စုံတစ်ရာက ထိန်းချုပ်ထားသကဲ့သို့ သားလို့ရင်ထဲမှာပဲ ခေါ်နေခဲ့ပြီး ပါးစပ်က မထွက်။ အကြိမ်ကြိမ်အခါခါ ခေါ်ရင်းခြေလှမ်းတွေသာ သွက်သွက်လက်လက်ကြီး ဖြစ်လာကာ သားလို့ခေါ်သံက ရင်ဘတ်ထဲမှာပဲ လှည့်ပတ်ပြေးနေခဲ့၏။





သား ... မင်းအမေရဲ့ကျိန်စာ ငါ သင့်နေပြီ၊ မင်းအစ်မ ပြောတဲ့အတိုင်း ငါ တကယ် ဘာမှမရတော့ဘူး၊ အဖေကို မင်း ကြည့်နေတယ်ဆိုရင် ပြန်လာပါ ...၊

အားလုံးက မင်း ပြန်ရှင်လာမှဖြစ်မှာ၊ မင်းရှိမှဖြစ်မယ် သားရယ်...၊

အဖေ တောင်းပန်ပါရစေ .. သားလို့လည်း ခေါ်ခွင့်ပြုပါ၊ အဖေလူမိုက်ကြီးကိုလည်း မင်း ခွင့်လွှတ်ပေးပါ ...၊

မင်းအစ်မ ပြောသလိုပါပဲ .. အဖေဟာ .. သားဆိုးသားမိုက်တွေကိုနစ်နာခံ ရှာဖွေကျွေးနေပြီး သစ္စာတရားကို မီးရှို့ခဲ့တဲ့ကောင် ...၊

ဦးခင်မောင် မျက်လုံးတွေ ပြာဝေလာကာ ညီအစ်ကို မသိတသိအချိန်မှာ ပို၍ မှောင်မိုက်နေခဲ့သည်။ ထို့ပြင် ...

ရေပြင်ကို မြေပြင်ထင်ပြီး မည်းမည်းရှောင် ပြောင်ပြောင်နင်းမိတာမျိုး ...၊ စိတ်မှာ လှုပ်ရှားနေတဲ့အတိုင်း မျက်နှာမှုမိသည့် အရပ်မျက်နှာအတိုင်း ရဲတင်းစွာ ဖြတ်ဝင်လိုက်မိ၏။

"ဟာ!..."

"ကျွီ"

"ဒုန်း .."

ကားတိုက်ခံလိုက်ရပြီဆိုသည့် နာကျင်မှုတစ်ချက်နှင့် အသိတရားတွေက နောက်ဆုံး ...၊

ကမ္ဘာရဲ့ ဟိုတစ်ဖက်မှာ သူ စာမျက်နှာ ကို ရှာနေတုန်းဖြစ်ကာ ခေါ်နေမိတာက စာမျက်နှာ လို့ မဟုတ်ဘဲ လှိုက်ခါတုန်ယင်နေသော 'သား ..' ဆိုတာ တစ်လုံးတည်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၉ ]

"ဟိုတယ်ကို အရင်မသွားဘူးလား ကို .."

"ညကျမှပဲသွားလို့ရမှာကွ၊ ကိုယ်တို့က လေယာဉ်နောက်ကျသွားတော့ တို့ရောက်တဲ့ရက်က ဒီမှာဆွေးနွေးပွဲ စီစဉ်ထားတဲ့ရက်ကြီး ဖြစ်နေတယ်"

ရလဒ်ကောင်း က မခ မျက်နှာလေးကို တကြည့်ကြည့်နှင့်ရှိကာ လက်ခုံနုနုလေးကို ဆုပ်ကိုင်လိုက်ပြီး ...

"ပင်ပန်းနေပြီလား ..၊ ဒီတစ်ရက်တော့ သည်းခံလိုက်ပါဦး မိန်းမရယ်..နော် ..၊ အထူးအရေးကြီးတဲ့ညှိသည်တွေနဲ့ ဆုံကြမှာမို့လို့ပါ"

"ရပါတယ် ကိုရဲ့ .. မခ ဘာမှလည်း လုပ်နေရတာ မဟုတ်ဘူး၊ ကို့ကိုပဲ နားစေချင်တာ"

ဟုတ်ရဲ့လားဆိုသည့် မျက်ဝန်းတွေနှင့် ရလဒ်ကောင်း က အကြာကြီး စိုက်ကြည့်နေ၏။

ပြီးတော့မှ ပြုံးလိုက်ကာ ...

"ဟိုရောက်ရင် ခဏတစ်ဖြုတ် နားပြီးတာနဲ့ ဆွေးနွေးပွဲတက်ရမှာဆိုတော့ ကိုယ်က မင်း စိတ်ရှုပ်နေမှာစိုးလို့"





ခေါင်းလေးခါပြပြီး မခ ပြုံးလိုက်တော့ သူ့ရင်ထဲမှာ လင်းလက်သွားခဲ့သည်။ သူမကို ပိုင်ဆိုင်နိုင်ခဲ့တာ နှစ်တွေကြာခဲ့လည်း ချစ်နေရတဲ့စိတ်က အမြဲတမ်း မနေ့တစ်နေ့ကလိုပါပဲ ..၊

သူမရဲ့အချစ်ကို မရသေးသရွေ့ မကျေနပ်၊ မရောင့်ရဲနိုင်တာမျိုးလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ကြာလေ ပိုလှလေနှင့် တစ်နေကုန်ထိုင်ကြည့်လည်း ငြီးငွေ့ဖွယ်မရှိသည့် အလှမ်းမခ ဆိုသော သူမသည် ရွှေသားရွှေနှစ်ဖြင့် သွန်းသော ရုပ်တုလေးတစ်ရုပ်လို မလျှော့သော တန်ဖိုးတွေဖြင့် မပြောင်း လဲသောဂုဏ်သတ္တိတွေ ပြည့်ဝနေခဲ့သလား..၊

သူကပဲ ချစ်နေရလို့ ထင်ပါသည်၊ ရင်ထဲမှာ သူမရဲ့တန်ဖိုးက ဘယ်အချိန်အခါမှာမှ ယုတ်လျော့သွားခဲ့တာ မရှိ ..၊

ကားက ရန်ကုန်မြို့၏ကန်တော်ကြီးအဝင်ဂိတ်တစ်ခုမှာ ဂိတ်ကြေးပေးနေသည့် ရှေ့ကားတွေနောက်မှာပဲ စီနီယာအတိုင်း ရပ်တန့်သွားခဲ့၏။ သုံးနှစ်ဆိုသည့်ကာလအတွင်းမှာ ပြည့်စုံဆေဆာနေပြီဖြစ်သည့် ကန်တော်ကြီးဥယျာဉ်ကို မခ ကားပေါ်ကနေ လှမ်းကြည့်နေမိသည်။

ရလဒ်ကောင်း နဲ့ သူမ ဂျပန်ကိုမသွားသေးခင်က ဒီဥယျာဉ်ကြီးက ပြင်ဆင်နေဆဲ မပြီးတပြီး အချိန်..၊

"ကို .."

"ဟင် .. ပြောလေ ..."

"နိုင်ငံခြားဧည့်သည်တွေဖြစ်ပြီး ဟိုတယ်လ်ကြီးတွေမှာ မဆုံကြဘဲ ဘာဖြစ်လို့ ဒီထဲက ရုပ်စထရန့်မှာ စုရုံးကြတာလဲ"

"ဟိုတယ်လ်ကြီးတွေကို တစ်ခုလုံး နာရီပိုင်းနဲ့ချုပ်ထားလို့မရဘူးလေ၊ ဒီ ရုပ်စထရန့်က ရတယ်၊ ကိုယ်တို့ပါတနာတွေ စုဝေးကြတိုင်း ဟိုတယ်လ်မှာ မဖြစ်ခဲ့တာ များတယ်ကွ၊ အခု ဒီနေ့လည်း တစ်ချိန်လုံး ရုပ်စထရန့်တစ်ခုလုံးကို ကိုယ်တို့ ပိုင်တယ်လေ"

"သြော် .."



www.burmeseclassic.com

www.burmeseclassic.com



မခ ခေါင်းညိတ်၍ နားသယ်စပ်ကနေ နောက်မှာ စည်းထားသည့် ဆံပင်တွေထိ လက်နဲ့ တစ်ချက်သပ်လိုက်၏။ ဆင်းရဲတော့မှာမို့ ပြေပြစ်အောင် ပြင်ဆင်တာမျိုး ...။

ထိုစဉ် မျက်လုံးတွေက မလှမ်းမကမ်းက ကြားရသည့်အသံတွေဆီ ရောက်သွားခဲ့၏။

"အဲမှာ .. ကျိန်တော့ ဘာဖြစ်လဲ"

"မကျိန်ရဘူး .. တကယ် ဖြစ်တတ်တယ်"

"ဘာမှ ဖြစ်စရာမလိုဘူး၊ ကျွန်မပစ္စည်း လတ်လတ်ဆတ်ဆတ်မို့ ကျိန်တွယ် ရောင်းရဲတာ၊ ကိုယ့်ဘက်ကမှန်လို့ ကျိန်တာ ..၊ အရှုံးကိုက အရှုံးလို မနေဘူး"

"ဟဲ့ .. ငါက မရှုံးဘူး၊ နင်သာ အရှုံးမို့လို့ ကျိန်တာ၊ ကျိန်စာသင့်ရင် ရှုံးတယ်၊ ငါတောင် ငါ့သားကို သား .. လို့ မခေါ်ဘူး"

"ဟာ!... ဘာတွေ လာပြောနေမှန်း မသိဘူး၊ ဟဲ့ .. အောင်ကြီး ဒီအရှုံးကို တစ်နေရာ သွားပို့လိုက်စမ်းပါဟာ"

"မကိုင်ပါနဲ့ ...ငါ သွားတတ်တယ်"

ဆံပင်တွေ ပခုံးအောက်ထိရှည်ကာ ပိတ်စမည်းတွေကို အနားစဖွာ၍ ခေါင်းပေါ်မှာ အုပ်ထားသလိုပင် ..။ ရှေ့ဆံပင်တွေကလည်း နှာခေါင်း တစ်ဝက်လောက်ထိ ဖရိုဖရဲကျနေသဖြင့် မျက်နှာကို တစ်ဝက်လောက်ပဲ မြင်ရ၏။

"ဘာတွေလဲ .. ဘာဖြစ်လဲ .. ကျိန်ပေါ့၊ ငါလည်း လူတွေမရှိမှ တိတ်တိတ်လေး ခေါ်တာ .. သားရေ ..လို့ ဟီးဟီး .. သား .. သားရေ"

ပုဆိုးတိုတိုစုတ်စုတ် ကုတ်အင်္ကျီရှည်အစုတ်ကြီးနှင့် ပါးစပ်အုပ်ရယ်ရင်း 'သား..'လို့ခေါ်ရင်း ကုတ်ချောင်းချောင်း ထွက်သွားသည့် လူကြီး..။

"ဆရာ အကြွေနှစ်ရာလောက် ရှိလား .. ကားနဲ့လူနဲ့ ထောင့်နှစ်ရာ ကျတယ်တဲ့"





ဒရိုင်ဘာ ပြောလိုက်သဖြင့် ရလဒ်ကောင်း က ကိုယ့်အိတ်ထဲကို ဖွင့်ကြည့်သည်။ မရှိတော့ မခ ရဲ့လက်ကိုင်အိတ်လေးကို လှမ်းကြည့်ပြီး ...

"မင်းမှာ ရှိ .."

သူ့ စကားမဆုံးလိုက်ဘဲ သူမ စူးစိုက်ကြည့်နေသည့် မျက်လုံးတွေ ပါသွားရာအတိုင်း လိုက်ကြည့်မိသည်။

ပြီးတော့ တောင်းမနေတော့ဘဲ တစ်ထောင်တန်ပဲ ထုတ်ပေးလိုက်ကာ မခ နားကို ကပ်၍ ...

"ဘာတွေ စဉ်းစားနေတာလဲ .. ဟိုလူကြီး ဘာလို့ ရှုံးနေတာလဲလို့ စိတ်ဝင်စားသွားလို့လား"

နှုတ်ခမ်းတွေ စေ့ထားရင်း မခ ပြုံးမဲ့မဲ့လေး ဖြစ်သွားသည်။

ရလဒ်ကောင်း က အရှုံးလို့ပဲ မြင်လိုက်ပေမယ့် သူမကတော့ သိနေပြီ ဖြစ်၏။

လေဆိပ်ကနေ တခြားမသွားဘဲ ဒီထဲ တည့်တည့်ဝင်လာတာတောင် ခုနကပဲ မြန်မာပြည်ထဲ ပြန်ရောက်လာသည်။ ချက်ချင်း ထကြွလာသည့် သောကတွေက ဒီလှိုင်းတွေကဲ့သို့ ..။

အဖေ ဒီလိုဖြစ်သွားခဲ့မှန်း သူမ မသိခဲ့ပါလား ..၊

နောက်ထပ် မဲ့ပြုံးမှာ မျက်ရည်တွေ ဝေ့ခနဲ ပါလာကြသည်။ ကား က အထဲကို ဆက်ဝင်လာသဖြင့် အဖေ့နားက နီးကပ်စွာ ဖြတ်ကျော်လာခဲ့ပြီး ...

"သား .. အဲဒါ ငါ့သားအစစ်"

သား .. လို့ ထပ်ခေါ်ကာ ပါးစပ်ကို လက်ဖဝါးနှစ်ဖက်နဲ့ အုပ်ပစ်လိုက်ပြီး ဟိုဒီ မလုံမလဲ ပြန်လှည့်ကြည့်၏။

"ဟီး .. ဟီး .. မကြားဘူး .. မကြားကြဘူး၊ ထပ်ခေါ်ဦးမယ် .. ငါ့သားရေ .. အဟီ ..."



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကို ဖျတ်ခနဲ မော့ကြည့်လိုက်သည့် မျက်လုံးအစုံက ဆံပင်တွေ ရှုပ်ပွနေသည့်ကြားထဲကနေ လက်ခနဲ ..၊

မခ ကူရှင်မှာ မှီပစ်လိုက်ပြီး အံကြိတ်ထားမိ၏။ ကော့နက်သည့် မျက်တောင်တို့ကြားမှာ မျက်ရည်ဥတွေ စိုစိုစွတ်စွတ် ဖြစ်လာကြသည်။

"မခ ဘာဖြစ်လို့လဲ.. ခေါင်းကိုက်လို့လား .. ရောက်ပြီလေ ရှေ့မှာပဲ"

ပြောနေရင်း မျက်ရည်စတို့ကို မြင်သွားသဖြင့် ...

"ဩော် .. ခုနက လူကြီးကိုမြင်ပြီး သနားသွားလို့လား"

မခ မျက်လုံးတွေ ပွင့်လာပြီး ခေါင်းခါသည်။

"မသနားဘူး .. သနားတတ်သမျှ စိတ်တွေကို မောင်လေးနဲ့အတူ သင်္ဂြိုဟ်ပစ်ခဲ့တာ ကြာပြီ"





## အခန်း [ ၆၀ ]

"ပြီးပြီလား မခ .."

"ဟုတ် .. ပြီးပြီ ကို"

"မင်း ပြီးရင် ကိုယ့်ကို လည်စည်းတပ်ပေးပါလား"

ပန်းရောင်နုနု လည်ဟိုက်ကိုယ်ကျပ်လေးနှင့် ပဝါခြုံထားသလိုမျိုး ရင်ထိုးနှစ်ဆင့်ပါသည့် အပေါ်ထပ်အင်္ကျီပျော့ပျော့က အနားမြိတ်ပုံစံ အဖျားမှာ ဆန်းပြားစွာ လှနေသည်။

ထို့ပြင် ဆံပင်ကို နောက်တွဲပုံစံ ဆံထုံးပွပွလေး ထုံးဖွဲ့ကာ ပန်းခရမ်းရောင် လက်နေသော ကျောက်တွဲပန်းခိုင်လေး အခွေလိုက်ကပ်ထားသေးသည်။ လည်စည်းချည်နေသည့် လက်ခုံလေးတွေကို ဖွဖွလေး ထိကိုင်ထားရင်း ကိုယ့်မိန်းမကို သူ တမေ့တမော ငေးမိ၏။

ပြီးတော့ ပန်းရင့်ရောင် စိုလက်နေသည့် နှုတ်ခမ်းသားတွေကို ငုံ့မိုးကြည့်ရင်း ရင်ခုန်သံတွေ မြန်လာသည်။

လက်ထပ်ပြီးကတည်းက ဒီလောက်လှအောင် ပြင်ဆင်တာမျိုး ဘယ်နှစ်ကြိမ်လောက် ရှိသလဲဆိုတာ လက်ချိုးရေလို့ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မပြင်ဆင်ဘဲနဲ့တောင် ကြည့်တိုင်း မရိုးအောင် လှတဲ့သူမို့ ဒီမျက်နှာလေးကို ဥပေက္ခာထားပြီး မျက်နှာလွှဲဖို့က မလွယ် ..။

"မခ .."

သူမလက်ကလေးကို တင်းကျပ်စွာ ဖိဆုပ်လိုက်မိကာ ...

"အရမ်းလှတာပဲ"

လှတယ်ပြောတိုင်း မျက်နှာပျက်တတ်မှန်း သိသော်လည်း ဒီတိုင်းပဲ သူပြောမိတာ ခဏခဏ ..။ သူမကလည်း မျက်လုံးလေးတွေ မသိမသာ တွန့်ကော့သွားလျက် ...

"သွားမယ်လေ .."

"ခဏလေး .."

လှည့်ထွက်သွားသည့် ပခုံးလေးတစ်ဖက်ကို ဆွဲလှည့်ယူလိုက်ကာ ပါးပြင်နုနုလေးတွေကို မြတ်နိုးမဝစွာ နမ်းမိသည်။ နှုတ်ခမ်းလေးကိုကျတော့ မခ က အထိမခံ ..။

"အခန်းထဲ ပြန်ဝင်နေရလိမ့်မယ် ကို .. နောက်မှနော် .."

"နေပါဦးကွာ .. ခဏလေးပဲ"

ရလဒ်ကောင်း မခ ကိုယ်လေးကို အတင်းအကျပ် ဖက်ထားမိကာ...

"ညီမလေးက ပြောတယ် သိလား .. သူနဲ့ ပြင်ဦးလွင်မှာဆုံတဲ့နေ့ မမအချစ်ကို ကိုကို ရပြီးပြီလို့ မင်္ဂလာရှိစွာ ကြားချင်တယ်တဲ့"

မခ မျက်နှာလေး တည်သွားတော့ သူပဲ အပြုံးအရယ်တွေနဲ့ ရောချလိုက်ရကာ ...

"မတရားဘူးနော် .. သူ့ကျတော့ အိမ်ထောင်ချပေးဖို့ ကိုယ် ပြောလိုက်တိုင်း ခေါင်းခါတယ်"

"သူ လွတ်လွတ်လပ်လပ် နေချင်သေးလို့ ဖြစ်မှာပါ ကိုရယ် .."

"ဒါပေမယ့် သူလည်း နိုင်ငံတကာ သွားတတ်နေပြီလေ၊ ကိုယ် ဘယ်လိုလုပ် စိတ်ချမလဲ ..၊ ညီမလေးကို မခ နားချပေးပါလား၊ မင်းရဲ့





စကားဆို သူ နားထောင်မှာ"

"ဟင့်အင်း .."

မခ က ချက်ချင်း ခေါင်းခါသည်။

"အိမ်ထောင်ပြုလိုက်တာဟာ အပူရှာလိုက်တာပဲ ကို .. ကိုတို့မှာ ကျောထောက်နောက်ခံ ဘာမှပူစရာလည်း မလိုဘဲနဲ့ သူဟာသူ အေးဆေး နေချင်တာကို ဘာဖြစ်လို့ ဒုက္ခရောက်အောင် ဖန်တီးချင်ရတာလဲ"

"မခ ရယ် .. ကိုယ်က မင်းယောကျ်ားပါ၊ အိမ်ထောင်ပြုတာကို ဘာဖြစ်လို့ ဒီလောက်ထိ ရွံ့ချနေရတာလဲ၊ အိမ်ထောင်ပြုကြတာဟာ ကာကယ်တော့ အချစ် .."

"အချစ်ကိုက ပူလောင်နေတာ ကိုရဲ့ .."

မခ မျက်နှာလေးမှာ အထင်မကြီးနိုင်သော ရွံ့ချခြင်းတွေအပြည့်..။

"မခ အချစ်ကို ဘယ်တော့မှ မကိုးကွယ်ဘူး၊ ကိုးကွယ်ထိုက်တဲ့ အရာလို့လည်း မမြင်ဘူး၊ လူတိုင်းမှာ နိုင်မြဲအမွှတာက သစ္စာတရား"

"မင်းရဲ့အချစ်ကို ရေငတ်သလို တဖွဖွ တောင်းခံနေတဲ့ ကိုယ့် အတွက်ရော မင်း ဘာမှမပေးတော့ဘူးလား"

"အချစ်ဆိုတာကြီးကလွဲရင် အားလုံး ပေးထားတာပါ ကို..၊ မခ ကို့ရဲ့ဘေးမှာ အိမ်ရှင်မကောင်းပီသပြီး ထာဝရသစ္စာရှိသွားမယ်၊ အဲဒါ ဘယ်သောအခါမှ မပျက်တဲ့ ကတိပဲ"

မခ ရယ် ..၊

"ကိုယ် မင်းကို မျှော်လင့်နေရတာ အချိန်ကာလ မပါပါဘူး၊ အဲဒီလို တော့ ကန့်လန့်ကာချတဲ့အထိ တစတဆုံး မပြောပါနဲ့"

"ကို စိတ်ဆင်းရဲသွားတယ်ဆိုရင် မခ တောင်းပန်ပါတယ်"

မျက်လွှာလေးချပြီး ရှန်းထွက်သွားတော့လည်း သူ ပခုံးလေးကို ဖက်ထားမိပြန်ကာ ...

"ကိုယ်ကတော့ မင်းကို အရမ်းချစ်တယ်၊ မြတ်နိုးပြီးရင် မြတ်နိုးနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ အဲဒါ ပဲ့တုန်းတည်းကနေ နောင်လာမယ့် အနာဂတ်အဆုံးထိ"

ဘာတွေပြောပြော အမြဲတမ်း ကျေနပ်နေခဲ့သူမို့ မခ စိတ်မကောင်းတော့ ဖြစ်သွားမိသည်။ ထို့ကြောင့် သူ့ရင်ခွင်မှာ မှီကာ ခါးကို ပြန်ဖက်ထားမိရင်း ...

"မခ ဘဝမှာ ကို့တစ်ယောက်ကပဲ ကိုးကွယ်ရာပါ၊ ကိုကလွဲပြီး မခ အတွက် အရေးကြီးတာ ဘာမှမရှိဘူး၊ နားလည်ပေးပါနော်"

"နားလည်တာပေါ့ မခ ရယ် .. မင်း ချစ်တတ်နေသာနဲ့ အချစ်ကိုပဲ နာကြည်းစွာ ကွေ့ရှောင်သွားနေတာပါ၊ ကိုယ် ကျေနပ်တယ်၊ အဲဒီ အတွက် .."

နှစ်ယောက်တွဲ၍ ပြင်ဆင်ထားသည့် စားသောက်ခန်းထဲကို ဝင်လာခဲ့ကြသည်၊ စားပွဲရှည်ကြီးရဲ့ တစ်ဝက်လောက်မှာပဲ လူရှိနေကာ တစ်ဝက်က မရောက်သေး ...။

"ကိုကောင်း တို့ လာဗျာ .."

"ဘယ်လိုလဲ ကိုကောင်း .. ဒီမှာ နားရတာ အဆင်ပြေရဲ့လား၊ လူစုံတုန်း ဖြစ်အောင်စီစဉ်ရတာမို့ပါရှင်၊ သည်းခံပါနော်"

ထိုင်နေသူတွေက အားလုံးထရပ်ပြီး ဖော်ရွေစွာ နှုတ်ဆက်ကြသည်။ လူမစုံသေးတော့ ပွဲက မစသေးပေ။ ထို့ကြောင့် ...

မခ လက်လေးပိုက်၍ အဝင်အထွက်လှေကားဆီသို့နှစ်ဖက်က သူမ စိတ်ဝင်စားနေခဲ့သော ထူးဆန်းသည့် ရွက်လှပိန်းပင်တွေဆီ ခပ်မှန်မှန် လျှောက်ထွက်လာခဲ့၏။

"ဟာ!... ဦးလေးကြီး .. သွား .. သွား .. ဒီနေ့ ဆိုင်လည်း မဖွင့်ဘူး"

"တွေ့လား .. မင်း အကျင့်လုပ်ထားလို့ လာ .. လာ .. တောင်းနေတာ"

"အံမာ .. ငါ့ကို သူတောင်းစား မှတ်နေလို့လား"

"မဟုတ်ရင်လည်း သွားဗျာ .. အထဲမှာ နိုင်ငံခြားဧည့်သည်တွေ





ရောက်နေတယ်၊ အနှောင့်အယှက်ဖြစ်လို့ မရဘူး"

"ဟာ!... ဖယ် .. ဖယ် .. ငါ့ကို မကိုင်နဲ့"

"အဖေ .. အဖေ ဘာလုပ်နေတာလဲ၊ မရမက ဆွဲခေါ်သွားဗျာ"

"ဟော .. အဖေ ဟုတ်လား .. ငါ့ကို ခေါ်တာလား၊ ဟော .. ဟော.. ကဲ .. ငါ ထူးတယ်နော်၊ ပြီးမှ မကျိန်နဲ့ .."

"ဟား!... အဖေ"

"ဟော .."

"တောက် .. လူပါးဝလို့"

ခပ်လှမ်းလှမ်းမှာ ပန်းအလှပင်တွေကို ရေလောင်းနေသည့်လူငယ်က ပိုက်ကို ပစ်ချခဲ့ပြီး ဒေါနဲ့မောနှင့် လျှောက်လာ၏။

"သား .."

"ခင်ဗျားကြီးနော် .."

"မင်းပဲ အဖေဆို ပြန်ထူးပေးပါဆိုလို့ ငါ ထူးနေတာ၊ အဖေ .. ဟော .. အဖေ .. ဟော .."

"ဟာ !... ဒီလူကြီး"

"မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ဗျာ .."

ရုတ်ရုတ်သဲသဲ မြင်ကွင်းကို အပေါ်ဆုံးထစ်လှေကားကနေ စီးမိုးကြည့်နေရင်း မခ တုတ်တုတ်မှမလှုပ်၊ မျက်တောင် မခတ် ...။

ဝိတ်တာဝတ်စုံနှင့် သားအဖနှစ်ယောက်ကြားထဲမှာ ဆွဲချုပ်ခံထားရသည့် အဖေ့အဖြစ်ကို မခ ဒီတိုင်း ရပ်ကြည့်နေခဲ့သည်။

နောက်ထပ် တားဆီး ပြေးဝင်လာတာက ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်နှင့် ချစ်ဖူး ...။

အမျိုးသမီးက သူ့ထက် အသက်ကြီးပုံရကာ မြင်လိုက်ရသည်နှင့် ဓနီးမောင်နှံမှန်း သိသာ၏။ အိမ်ထောင်ပြုသင့်သည့် အသက်အရွယ် အခြေအနေမဟုတ်သေးဘဲ ရေသာခိုချင်စိတ်နှင့် အသက်ကြီးကြီး ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝသည့် မိန်းမတစ်ယောက်ကို လက်ထပ်ယူထားတာမှန်းလည်း သိသာနေပြန်၏။

သူသည် ဦးခင်မောင် ကိုယ်ကြီးကို ပြေးဆွဲ၍ သူ့ဘက်ကို ခေါ်လိုက်ရင်း ...

"ဦးလေးကလည်းဗျာ .. ကောင်းကောင်းမွန်မွန် ကျွေးမွေးထားရင် ငြိမ်ငြိမ်နေတာ မဟုတ်ဘူး၊ ဒီထဲကို ဘာဝင်လုပ်တာလဲ"

"သူက ဒီထဲကို ဝင်လာတိုင်း ပေါက်စီ တောင်းစားနေကျ၊ မပေးခဲ့ချင်းလည်း မပြန်ဘူး၊ မင်းနဲ့ ဘာတော်တာလဲ .. အိမ်နီးချင်း အသိလား"

"ဟုတ်ပါတယ် .. သူ ဒီလိုရူးသွားမှ ပြောဆိုမရတာပါဗျာ ..၊ ကျွန်တော် တောင်းပန်ပါတယ်၊ လာ .. ဦးလေး .. လာ .."

"ဘာလဲကွ .. မဆွဲပါနဲ့ ..၊ ဟိုကောင်က ငါ့ကို အဖေလို့ ခေါ်နေတာ၊ ငါ ထူးမှ ဖြစ်မှာပေါ့"

"ဟား!... ကွိုင်ပဲကွာ"

"ကဲပါ မောင်ရယ် .. မောင်ပဲ အဖေလို့ ခေါ်ပြီး ချော့ခေါ်ခဲ့ပေါ့၊ သူ လိုက်လာမှာပါ"

"ဟာဗျာ .. မခေါ်ချင်ပါဘူး"

"မခေါ်နဲ့လေ .. ငါကလည်း မခံချင်ပါဘူး၊ ဟိုကောင်မ ငါ့ကို ကျိန်မှာ စိုးလို့"

ငိုသံပါကြီး ချက်ချင်းဖြစ်သွားကာ ဦးခင်မောင် လက်ညှိုးက ဟိုထိုးဒီထိုးနှင့် ...

"ဟင်!..."

လက်ညှိုးနောက်ကို အမှတ်တမဲ့ ပါလာသည့် ချစ်ဖူး မျက်လုံးတွေ ပြူးကျယ်သွားပြီးမှ ပြန်လည် ကျဉ်းမြောင်းသွား၏။

"အစ်မ မခ .."

"ဟွန်း .."





မခ လက်ပိုက်မပျက်ဘဲ သွားကြားနေ့ အံကြိတ်ရင်း ခပ်မဲ့မဲ့ ပြုံးသည်။ လှပစိုလက်နေသည့် မျက်ဝန်းအိမ်တို့မှာ မျက်ရည်တွေ ပြည့်နေတော့ ပိုလှပေမယ့် ...

"အစ်မ .."

ချစ်ဖူး ထပ်ခေါ်ရင်း မျက်နှာပျက်သွားကာ ဦးခင်မောင် ကို ဆွဲကိုင်ထားသည့်လက်တို့ လျော့ရိလျော့ရဲဖြစ်ကုန်သည်။ ပြီးတော့ အပြစ်ရှိနေသူလို မလုံမလဲ မျက်လွှာချ၏။

"ဟိုကောင်မလေး ငါ့ကို ပေါက်စီပေးမလို့ ထွက်လာတာလား"

မခ ရဲ့ အေးစက်ဆွေးမြည့်နေသည့်မျက်ဝန်းတွေ သားအဖ နှစ်ယောက်ဆီ စူးစိုက်ငေးဝဲလျက် ...

"ဆောရီးပဲ ချစ်ဖူး .. နင် အဖေလို့ခေါ်တဲ့နေ့ကျမှ သူ့ကို ပေါက်စီကျွေးဖို့ပါ စဉ်းစားမယ်"

တမင်တကာ ရက်ရက်စက်စက် ကြည့်ပစ်လိုက်ပြီး တည်ငြိမ်စွာ ပြန်လှည့်ဝင်လာခဲ့သည်။ ရလဒ်ကောင်း က ထွက်လာခေါ်တာနှင့်ဆိုကာ မခ ရဲ့ ပြောင်းလဲသွားသည့် အဆင့်အတန်းကို ချစ်ဖူး မျက်ဝါးထင်ထင် ဖြစ်သွား၏။

ဒါပေမယ့် မပြောင်းလဲနိုင်သေးသည့် မခ ရဲ့ အံ့ဖွဲ့ခဲ့သော နာကြည်းစိတ်တွေက ပေါက်ကွဲလုဆဲဆဲ မီးတောက်ကြီးလို ဖြစ်လာသည်။

အဖေ့ရဲ့ကယောင်ချောက်ချား စကားတွေထဲမှာ ကျိန်ဆိုခြင်းတွေပါသည်။ သား ဆိုတာရယ် .. အဖေရယ် .. သို့သော် ..။

ခုချိန်မှာတော့ ဦးခင်မောင် ဆိုသည့် ညစ်ပေစုတ်ပြတ်နေသော အရူးတစ်ယောက်ဟာ အဖေ ဖြစ်ခွင့်လည်း မရှိ၊ သားလို့လည်း ဘယ်သူကမှ ခေါ်တာ မကြိုက်ကြပေ ..။

သူ ပန်းဖက်ထားသည့်အတိုင်း တစ်လှမ်းချင်း လျှောက်ခဲ့ရင်း မခ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ မျက်ရည်စက်တွေ ဖြိုင်ဖြိုင်



www.burmeseclassic.com

ကျ၏။ မခ တို့ ကျိန်ခဲ့တာ မဟုတ်ဘူး အဖေ .. အဲဒါ အဖေ ပြုခဲ့တဲ့ အကြောင်းတွေကြောင့် အကျိုးဖြစ်လာတာပါ ..။

တူသောအကျိုးပေးတယ်ဆိုတာ ခုချိန်မှာ အဖေ သိနိုင်မှာ မဟုတ်တော့ပေ ..၊ မခ မျက်လုံးတွေ မျက်ရည်ကြောင့် ခြေလှမ်းနေရင်း ဝေဝါး လာ၏။

သံယောဇဉ်ဆိုတာ ရှိခဲ့ဖူးရင်တောင် မောင်လေးအတွက် ခံစားခဲ့ရ သည့် နာကျင်မှုတွေကို ဘယ်တော့မှ တိုးပေါက်နိုင်မည် မထင် ..။

အဖေဆိုသည့် အသိတစ်ခုမှလွဲ၍ သွက်သွက်ခါ ရူးနေတာကို တောင် ကြည့်နေနိုင်ခဲ့၏။ စိတ်မကောင်းစရာပေမယ့် မောင်လေးအဖြစ် က ပိုပါတယ် အဖေ ..။

တစ်လောကလုံးမှာ မခ အချစ်ရဆုံး တစ်ဦးတည်းသော မောင်လေး ကို အဖြစ်ဆိုးနဲ့ သေစေခဲ့တဲ့ အဖေ့အတွက် မခ ရင်ထဲမှာ သနားညှာတာ စိတ်ဆိုတာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ..။

အဲဒါက အမြဲတမ်းအတွက် သေချာနေမယ့် နှလုံးသားသစ္စာ..။

တကယ်တမ်းကျတော့ အမုန်းရဲ့နယ်လွန်မှာ အချစ်ရှိတယ်ဆိုတာ လည်း စိတ်ကူးတွေပါပဲ၊ လူတိုင်းရဲ့ ဘဝသံသရာက အချစ်နဲ့ အမုန်း နှစ်ရပ်ပေါ်မှာပဲ လည်ပတ်နေတာ မဟုတ်မှန်သည့် အမှန်တရား အတိုင်း..။

**ပရိသတ်အတွ**

**ထာဝ**